www.burmeseclassic.com



ဂျာနယ်ကျော်မမလေး

# သွေး

BURMESE CLASSIC .com

www.burmeseclassic.com

THIHAYADANAR

သီဟရတနာစာပေ
အမှတ် ၁၀၀ (D) အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassic.com

**သိဟရတနာစာပေ**

**အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊**

**ကမာရွတ်မြို့နယ်၊ ရန်ကုန်။**

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရက်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

သီဟရတနာစာအုပ် - (၄၅)

# သွေး

## ဂျာနယ်ကျော်မမလေး

၂၀၀၃ ခုနှစ်၊ မေလ

**စာမူစိစစ်ခွင့်ပြုချက်အမှတ်** ၁၀၄/၂၀၀၃ (၁)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၄၁၃/၂၀၀၃ (၄)

**ပုံနှိပ်မှတ်တမ်း** ■ **ပထမ** (ဂျာနယ်ကျော်မမလေးစာပေ)
(၁၉၇၃ခု၊ ဇူလိုင်လ)
**ဒုတိယအကြိမ်** (ဂျာနယ်ကျော်မမလေးစာပေ)
(၁၉၇၃ခု၊ စက်တင်ဘာလ)
**တတိယအကြိမ်** (စေတနာစာပေ)
(၁၉၉၅ခု၊ ဩဂုတ်လ)
**စတုတ္ထအကြိမ်** (ရာပြည့်စာအုပ်တိုက်)
(၂၀၀၀ခု၊ ဖေဖော်ဝါရီလ)
**ပဥ္စမအကြိမ်** (သီဟရတနာစာပေ)
(၂၀၀၃ခု၊ မေလ)

**အုပ်ရေ** ■ (၁၀၀၀)

**ထုတ်ဝေသူ** ■ ဦးသိမ်းစိုး
(ယာယီ-၇၅၇)
(သီဟရတနာစာပေ)
အမှတ် (၁၀၀-D)၊ အင်းယားလမ်း
ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** ■ ဒေါ်ခင်အေးမြင့်
(ရာပြည့်အော့ဖက်ဆက်)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

**ကွန်ပျူတာစာစီ** ■ **သီဟရတနာ**

**မျက်နှာဖုံးပန်းချီ** ■ ဦးသောင်းဟန်

**စာအုပ်ချုပ်** ■ ကိုမြင့်

**တန်ဖိုး** ■ **(၁၀၀၀)ကျပ်**


BURMESE CLASSIC .com

www.burmeseclassic.com

## သိဟာရတနာစာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတရှိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး၏(ဦးလှဝင်း)၏ သေခြင်းနှင့် အားမာန်
၁၃။ ပါရဂူ၏ ဘုရားကျောင်း တံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဒါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဂ္ဂလပညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နင့်
၂၁။ ဦးလှမို၏ ရဟန္တာအစ ကောဏ္ဍည
၂၂။ လူထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခင်မှတ်တမ်း
၂၄။ မင်းခိုင်ဦး၏ ပန်းတို့သည်လည်း ရနံ့ချင်းပြိုင်မည်နိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကို ကြည့်ရှုခြင်း
၂၆။ ဟိန်းလတ်၏ သိစိတ်စီးကြောင်းဖြစ်တည်မှုသစ် ပဋ္ဌလက်သရုပ်မှန်နှင့် စာပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု

www.burmeseclassic.com

၂၈။ ရွှေဥဒေါင်း၏ အေဗရာဟင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုရေးဗီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အဖြူ
၃၃။ ချစ်ဦးညို၏ လင်္ကာဒီပချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစိမ့်စိမ့်
၃၅။ မဆုံဖြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဒဂုန်တာရာ၏ မြိုင်
၃၈။ ရွှေဥဒေါင်း၏ ရှိတ်စပီးယား ဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ပင်လယ်
၄၀။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ ကံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်
၄၄။ မုန်း၍မဟူ

**သွေး**

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၄၆။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၄၇။ အောင်ဝေး၏ အေးမြမြမီးလျှံ
၄၈။ မင်းဆွေ၏ မနိုင်ငံ
၄၉။ မြသန်းတင့်၏ အညတရရုပ်ပုံလွှာ
၅၀။ ဟိန်းလတ်၏ ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၅၁။ ရွှေဘိုမိမိကြီး၏ သာသနာပြုပုဂ္ဂိုလ်ကျော် ဓမ္မပါလ
၅၂။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၅၃။ ဒဂုန်တာရာ၏ စိမ်းမြရော
၅၄။ ကျော်ဝင်း၏ လူများ၊ ဖြစ်ရပ်များ၊ တူရှုချက်များ
၅၅။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး မြင်ကွင်းကျယ်လေ့လာချက်
၅၆။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၇။ လူထုဒေါ်အမာ၏ သက်တန့်ရောင်
၅၈။ ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ

www.burmeseclassic.com

# ဂျာနယ်ကျော် မမလေး [၁၉၁၇-၁၉၈၂]

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် ဘိုကလေးမြို့ ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘဏ် မန်နေဂျာ ဦးပျားချို၊ အမိ ဒေါ်ကွီတို့က ၁၉၁၇ခု ဧပြီလ ၁၃ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက်ဖြစ်သည်။ အမည်ရင်း မတင်လှိုင်ဖြစ်သည်။
၁၉၂၂ ခုတွင် ဖျာပုံအေဘီအမ်ကျောင်း၌ ကျောင်းစနေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်းအောင်သည်။ ထို့နောက် ရန်ကုန်မြို့ မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၉ ခု မေလ ၁၄ ရက်တွင် ဦးအောင်ဇေယျနှင့် အိမ်ထောင်ပြုသည်။
ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် တက်ခေတ် အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ(၁၉၃၆-၃၇)၊ ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည့်သူ့ဟစ်တိုင် သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ(၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈-၄၉)၊ မြန်မာနိုင်ငံ စာရေး ဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၁-၆၂) တာဝန်များကို ထမ်းထောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင် (၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် [နယူးဒေလီ](၁၉၅၅)၊ အဏုမြူဆန့်ကျင်ရေး ကွန်ဖရင့် [ဂျပန်] (၁၉၅၈)၊ ဂျပန်ဘာသာပြန်“သွေး” ဝတ္ထုအတွက် ဂုဏ်ပြုဖိတ်ကြားခြင်း[ဂျပန်](၁၉၈၀) စသည့်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။ ပုဂ္ဂိုလ်ရေး ‘ပစ်စာ’တစ်စောင်ကို တုံ့ပြန်ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည်ဆို၏။ “အမျိုးသမီးများ‘ဏကြီးသတ်’ ဉာဏ်ရှိကြရန်” (မြန်မာ့ အလင်း၊၁၉၃၆-၃၇)သည် ပထမ ပုံနှိပ်ဆောင်းပါးဖြစ်သည်။ ပထမ ပုံနှိပ်ဝတ္ထုမှာ “မသိရလေခြင်း” [ဂျာနယ်ကျော်၊ ၃၁-၅-၁၉၄၁]ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **သူမ**(၁၉၄၅)၊ **သူလိုလူ** (၁၉၄၇)၊ **သူလိုမိန်းမ**(၁၉၄၈)၊ **ရှုမငြီး** (၁၉၄၈)၊ **စိတ်**(၁၉၅၁)၊ **ကမ္ဘာမြေဝယ်** (၁၉၅၂)၊ **မုန်း၍မဟူ** (၁၉၅၅)၊ **တွေးတစိမ့်စိမ့်** (၁၉၃၆)၊ (**လှတစ်မျက်နှာ-**(၁၉၆၅)၊ **ရင်နင့်အောင်မွေး** (၁၉၆၇)၊ **ရင်မှတရှိုက်**(၁၉၇၀)၊ **သွေး**(၁၉၇၃)၊ တို့ဖြစ်ကြ၏။ **မုန်း၍မဟူ**ဖြင့် ၁၉၅၅ ခုစာပေဗိမာန်ဆု၊ **တွေးတစိမ့်စိမ့်**ဖြင့် ၁၉၆၃ ခု အနုပညာစာပေဆု ဝတ္ထုတိုပေါင်းချုပ်-တတိယဆု ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ**မြက်ကလေးတစ်ပင်**(ဂျာမန်-၁၉၆၈)၊ **တွေးတစိမ့်စိမ့်**(ရုရှ-၁၉၈၄)၊ **သွေး**(ဂျပန်-၁၉၇၇)၊ **မုဆိုးမ**(အင်္ဂလိပ်)၊ **မုန်း၍မဟူ** (ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ တရုတ်၊ အင်္ဂလိပ်)တို့ ဖြစ်ကြသည်။ ဂျာ်နယ်ကျော် မမလေး၏ ကလောင်ခွဲများမှာ ရဝေလှိုင်၊ လှတခိုင်၊ ဘိုကလေး မတင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်း ဆေးပညာရှင် အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာဆောင်းပါးများ**(၁၉၆၂)၊ [**မြန်မာ့ဆေးပညာ-**၁၉၆၇]ကို ပြုစုခဲ့သည်။ ၁၉၈၂ ခု ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**သီတာရတနာ စာပေ**

www.burmeseclassic.com

## စာရေးသူ၏အမှာ

စစ်ပြီးစ ဂျပန်ပြည်သို့ ကျွန်ုပ် ရောက်သွားသည်။ စစ်ပြီး၍ ၁၀ နှစ် ကြာသောအခါ၌ ဂျပန်ပြည်သို့ ဒုတိယတစ်ခေါက် ထပ်ရောက်ပြန်သည်။ ဂျပန်မှ ပြန်ကတည်းက စစ်နှင့် ပတ်သက်သော ဂျပန်ဝတ္ထုတစ်ပုဒ်ရေးရန် စိတ်ကူးမိသည် မှာ ကြာခဲ့ပေပြီ။ **ရင်နင့်အောင်မွှေး** စာအုပ် ထုတ်ပြီးနောက် ဤဝတ္ထုကို ဆက်ရေးရန် ကြော်ငြာထားသော်လည်း မရေးဖြစ်ပေ။

ဤ **သွေး**ဝတ္ထုကို အချိန်ယူ၍ ရေးရန် အာသီသ ရှိခြင်းကြောင့် အချိန်အားကို စောင့်လာခဲ့သည်။ အချိန်ပို၊ အချိန်အား ကျွန်ုပ်မှာ မရှိချေ။ ဝတ္ထုကို စာမျက်နှာ ၅၀ ခန့် စ ရေးထားပြီးနောက် ပစ်ထားခဲ့ရာ တစ်လပြီး တစ်လ ကုန်သာသွားသော်လည်း ဆက်မရေးနိုင်ပေ။

ဝတ္ထုပြီးမြောက်ရေးအတွက် မဂ္ဂဇင်းတစ်စောင်တွင် အခန်းဆက် ရေးပါမှ မပြီးမနေ ရေးရတော့မည်ဖြစ်၍ ရေးဖြစ်စေရန် ဘယ့်နှယ်ရှိရှိုဟု ရှုမဝမဂ္ဂဇင်းတိုက်သို့ စာမျက်နှာ ၅၀ ခန့် စရေးထားသော စာမူလေးကို သွားပို့ လိုက်သည်။

**သိပ္ပံမောင်ဝ မဟုတ် — သီတာရဟာနာ စာပေ**

ရှုမဝ၌ တစ်ပတ်ပါပြီးနောက် လစဉ်ပါရန် ကျွန်မ ရေးရပုံမှာ စိတ်အေးလက်အေး အချိန်အားယူ၍ ကိုယ်တိုင် ရေးရပုံမျိုး မဟုတ်ဘဲ လစဉ်လတိုင်း အချိန်နီးလာလျှင် ကျွန်မအနား၌ လူတစ်ယောက်ထား၍ ကျွန်မ နှုတ်က ဆီမန်း မန်းသလို နှုတ်တိုက်ရွတ်သမျှ လိုက်ရေးပေးထားသော စာမူများကို မဂ္ဂဇင်းတိုက်သို့ အချိန်မီ ပို့ခဲ့ရသည်ချည်း ဖြစ်သည်။

ယခု စာအုပ် ပြန်ရိုက်တော့မှပင် မဂ္ဂဇင်း၌ လစဉ် ပါအောင် ဖုတ်ပူမီးတိုက် ရေးခဲ့သမျှကို ပြန်၍ ဖတ်ရှု စစ်ဆေးရလျက် ပြန်လည်၍ တည်းဖြတ်ရိုက်နှိပ်လိုက်ရ ပေသည်။

**ဂျာနယ်ကျော် မမလေး**

၃-၃-၃၃



BURMESE CLASSIC .com

www.burmeseclassic.com

# ၁

၁၉၆၇ မေလ ၉ ရက်နေ့ ဖြစ်သည်။

ရန်ကုန်လေဆိပ် ဆင်းရန် ခါးပတ်ပတ်ရပြီ ဆိုကတည်းက ယုမိစံ ရင်ခုန်နေသည်။ လေယာဉ်မှန်ပေါက်မှ မြင်သမျှ၊ တွေ့သမျှ အရာတွေကို ငုံ့ကဲ၍ ကြည့်သည်။ နိမ့်၍နိမ့်၍ ကျသွားတိုင်း မြေပြင်နှင့် နီးတော့မည့် အသိဖြင့် ဖိုလိုက် လှိုက်လိုက်သည်မှာ ရင်ထဲ၌ မငြိမ်သက်နိုင်အောင် လှုပ်ခါလျက် ရှိသည်။ လေယာဉ်ဘီးနှင့် မြေကြီးနှင့် ပွတ်ထိသွားသော အခါ၌ "ဘိရုမာ"ဟု ရင်မှ တ ဆို ခေါ်လိုက်မိသည်။ တစ်ညလုံး၊ တစ်နေ့လုံး စီးခဲ့ရသော လေယာဉ်ခရီး၏ ပင်ပန်းနွမ်းနယ်မှုများမှာ ဘယ်လို ပျောက်ပျက်သွားမှန်းပင် မသိလိုက်လျက်။ ဘယ်က ဘယ်လို ဝင်ရောက်လာကြမှန်း မသိနိုင်သည့် အားအင်အပြည့်ဖြင့် "ဘိရုမာ"ဟု အားရှိပါးရှိ တခေါ်မိခြင်း ဖြစ်သည်။

လေယာဉ် ရပ်လိုက်သောအခါ ယုမိစံ၏ ဖြူစင်ဝင်းပလျက်ရှိသော မျက်နှာကလေးသည် ခရီးသည်အားလုံးထက် ရွှင်လန်း ချိုမြလှသည်။

ယုမိစံမှာ အသက် ၃၀ ခန့်ရှိမည်။ ဦးထုပ်အဖြူ၊ ဂါဝန်အဖြူ၊ လက်အိတ်အဖြူ၊ ဖိနပ်အဖြူ ဆင်မြန်းထား၍ တစ်ကိုယ်လုံး ဖြူဆွတ်နေသည်။ ပန်းရည်ဖျော့ ဖျန်းပက်ထားသော မျက်နှာပေါ်၌ ဖြောင့်တန်းသည့် နှာတံနှင့် မျက်ခုံးသွယ်သွယ်တို့သည် ထင်းခနဲ မြင်မိအောင် လှပပေါ်လွင်လျက် ရှိသည်။

သီတာရတနာစာပေ

www.burmeseclassic.com



ဂျပန်အမျိုးသမီးဆို၍ အရပ်ပုသည့် အချိုးအစား မဟုတ်။ မနိမ့် မမြင့်၊ မဆူ မကြုံ၊ ကိုယ်လုံးကိုယ်ဖန် တင့်တယ် ပြေပြစ်ခြင်း ရှိသည်။ အရောင်အဆင်းထွက်၍ ရွှန်းစို တောက်လဲ့နေသော မျက်လုံးအစုံတို့သည် ထူးခြားစွာ ထင်ပေါ်သည်။

ခရီးသည်တွေ နောက်ဆုံးမှ ဆင်းလာရသည်။ လေယာဉ် အပေါက်ဝမှ ဆီး၍ တိုက်လာသော လေညင်းကလေးသည် လတ်ဆတ်ချိမ့်မွှေးနေသည်။ လေချိမ့်မွှေးကို ရှိုက်၍ရှူလျက် ဟိုဟိုသည်သည် ရှုမျှော်ကြည့်ရင်း လေယာဉ်ပေါ်မှ ဆင်းလာခဲ့သည်။

ဘိရုမာ။ ယုမိစံ ရောက်ချင်လှသော မြန်မာပြည်သို့ ရောက်လာရပေပြီ။ ယနေ့ညနေ နေကလေးကလည်း ချိုသာသည်။ ကောင်းကင်မှာလည်း တိမ်စင် ကင်းပလျက် ဝင်းလှနေသည်၊

ယုမိစံ ခြေနှင့် ထိလိုက်သော မြန်မာ့မြေပြင်ကြီးသည် ယုမိစံကို လှိုက်လှဲစွာ လက်ခံလျက်၊ ဆီး၍ ပွေ့ကြိုလိုက်သည့်နှယ် ရင်ဝယ် နွေးထွေး ချမ်းမြေ့သွားသည်။

လေဆိပ် အဆောက်အအုံ ရှိရာသို့ သူလျှောက်လာပုံမှာ သွက်လက် ဖျတ်လတ်ကာ မျက်လုံးအစုံသည် အထူး တောက်ပနေသည်။

နဖူးပေါ်သို့ ဖရိုဖရဲ ကျလာသော ဆံစများကို ခေါင်းပင့်၍ ဖယ်ရှားပစ်လိုက်ကာ လေဆိပ်အဆောက်အအုံပေါ်မှ လူအုပ်ကြီးကို လှမ်းမျှော်ကြည့်လိုက်သည်။ ယောကျ်ား မိန်းမ၊ လူကြီး လူငယ် ပါဝင်သော လူအုပ်ကြီးသည် သူ့ကို ဆီး၍ပဲ ကြိုနေကြသယောင်ယောင်။ သူနှင့် အလွန်နီးစပ်သော ဆွေများ မျိုးများသဖွယ် အောက်မေ့ ထင်မှတ်မိကာ၊ ခင်မင်တွယ်တာ စိတ်ထားနှင့် တစ်ခါမှ မသိ မမြင်ဖူးသူတို့ကို လှမ်း၍ ပြုံးလိုက်၊ ကြည့်လိုက်ဖြင့် လေဆိပ် အဆောက်အအုံထဲသို့ ရောက်လာခဲ့သည်။

မြန်မာပြည်သို့ ရောက်လာပေပြီ။ မြန်မာပြည်သို့ လာခဲ့လေသော သူ၏ ရည်မှန်းချက်များ အောင်မြင်ခြင်း ရှိမှသာ လာခဲ့ရကျိုး နပ်မည်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ကြောင်း တွေးမိ၍ ရင်တအေးအေး ဖြစ်မိသည်။ တစ်နေ့နေ့တော့ မြန်မာပြည်ကို ရောက်အောင်သွားမည်၊ ဒီနိုင်ငံကို ရောက်ရမည်ဆိုသော ယုံကြည်ချက်သည် ၁၅ နှစ်သမီးအရွယ်က စခဲ့လေသည်။ မြန်မာပြည်မှ ရွှေတိဂုံဘုရားပုံတော်ကို စတွေ့ဖူးသည့်နေ့က မြန်မာပြည်သို့ ရောက်နိုင်အောင် ရွှေတိဂုံစေတီတော်၏ တန်ခိုးတော်ဖြင့် ခေါ်ယူပါရန် စိတ်၌ ဦးညွှတ်၍ ဆုတောင်းခဲ့မိဖူးသည်။

ရည်ရွယ်ချက် ကြီးမားခဲ့သည့်လျောက် တက္ကသိုလ်ဒီဂရီများ ရရှိပြီးနောက်၊ ဂျပန်ပြည် အိုစကာမြို့ နိုင်ငံရပ်ခြား လေ့လာရေး တက္ကသိုလ်ကျောင်းကြီး၌ မြန်မာစာကို အဓိကထား၍ ဆက်လက် သင်ကြားခဲ့သည်။ လေးနှစ် သင်ခဲ့ရလျက် ဘီအေ အဆင့်မျိုးရှိသော ဒီဂရီကို ရရှိအောင် ကြိုးစားခဲ့လေသည်။ ထိုတက္ကသိုလ်မှ ဒီဂရီရရှိပြီး ဘာသာဗေဒ ပညာရပ်ကို အမ်(မ်)အေ အဆင့်မျိုး အောင်သည်အထိ သင်ကြားပြီးသည့်နောက် ကျောင်းဆရာမ ခေတ္တလုပ်ရင်း ရန်ကုန်တက္ကသိုလ်၌ မြန်မာစာ ဘွဲ့လွန်သင်တန်း တက်နိုင်ရန် တစ်နည်းတစ်လမ်း ကြံစည် ကြိုးစားနေဆဲတွင်၊ ကံကောင်းထောက်မစွာဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းမှ ဂျပန်စာပြရန် ကထိက ဆရာအလုပ်ကို ရရှိခြင်းကြောင့်၊ မြန်မာပြည်သို့ ဝမ်းမြောက်ဝမ်းသာ လာခဲ့ခြင်း ဖြစ်သည်။

ဂျပန်ပြည်မှ မထွက်မီ မြန်မာပြည်သို့ သွားရမည့် အရေးကား ယုမိစံအတွက် မျှော်လင့်ချက်ကြီးစွာဖြင့် ရင်တဖိုဖို ဖြစ်လျက်ရှိတော့သည်။ ၁၅ နှစ်သမီး အရွယ်ကစပြီး မြန်မာပြည်သို့ ရောက်ချင်လှသော ဆန္ဒမှာ ကြီးမားလှသည့်အလျောက်၊ တစ်နေ့နေ့ကို ရောက်အောင်သွားမည်ဟု ကြိမ်းဝါးလျက်သာ နေရသည်။ ထိုတစ်နေ့နေ့သည် ယခုလောက် အဆင်ပြေလွယ်ကူလိမ့်မည်ဟု မထင်မိခဲ့ပေ။

အင်္ဂလိပ်စကားဖြင့် လေဆိပ်အရာရှိ မေးသော မေးခွန်းကို ယုမိစံက မြန်မာစကားဖြင့် ဖြေကြားပြောဆိုသဖြင့် နိုင်ငံကူးလက်မှတ် စစ်ဆေးနေ

www.burmeseclassic.com



သော အကောက်အရာရှိသည် ယုမိစံ၏ မျက်နှာကို ခေါင်းမော့၍ ကြည့်မိသည်။

ယုမိစံ၏ ပစ္စည်းများ စစ်ဆေးနေခိုက် ယုမိစံကို လာ၍ကြိုသော ဂျပန်သံရုံးမှ အရာရှိတစ်ဦး အခန်းထဲသို့ ရောက်လာသည်။ ယုမိစံသည် တစ်ခါမျှ မမြင်ဖူးသော ဂျပန်သံရုံး အရာရှိအား တစ်နိုင်ငံ၌ လာ၍တွေ့ရသော ကိုယ့်လူမျိုးချင်းဖြစ်၍ အားရဝမ်းသာ ခါးကလေးကို ကုန်း၍ ချိုပြုံးစွာ နှုတ်ဆက်လိုက်သည်။

သံရုံးအရာရှိက ယုမိစံကို ကြိုဆိုပြီး ယုမိစံ ရောက်လာပြီဖြစ်ကြောင်း နောက်တစ်နေ့မှ မြန်မာအစိုးရ ပညာရေးဌာနသို့ အကြောင်းကြားပေးမည် ပြောဆိုကာ ၎င်းတို့ နေထိုင်ရာ အိမ်သို့ ခေါ်ဆောင်သွားသည်။

လေယာဉ်ကွင်းမှ ကားထွက်လာသည့်အခါ၌ ယုမိစံသည် သူ့ဖခင် မသေမီက ပြောသွား၍ မှတ်သားထားသော စကားလုံးများကို စိတ်ထဲက ရွတ်ဆိုကြည့်သည်။ မင်္ဂလာဒုံ၊ ပဲခူး၊ ဘုရားလေး။

ယုမိစံက မင်္ဂလာဒုံနေရာကို မေးသဖြင့် သံရုံးအရာရှိက မင်္ဂလာဒုံဘက်သို့ ပတ်မောင်းသွားကာ စစ်တပ် အဆောက်အအုံများကို ပြမောင်းသွားသည်။

ယုမိစံသည် မင်္ဂလာဒုံမှအပြန် တပ်အဆောက်အအုံတွေကို ငေးမော ကြည့်လာသည်။ စစ်ကာလအတွင်း သူ့ဖခင် နေထိုင်သွားသော ဤတပ်မြေ၌ ဘယ်နေရာ ဘယ်အဆောက်အအုံများတွင် နေထိုင်သွားပါလိမ့်ဟု မျှော်ရမ်း ကြည့်ရှု လိုက်ပါလာသည်။

ယုမိစံ၏ ဖခင် မေဂျာယူရှီးဒါးမှာ သံချပ်ကာ ကားတပ်မှ ဗိုလ်မှူးဖြစ်သည်။ မြန်မာပြည် စစ်ကာလအတွင်း မင်္ဂလာဒုံ၌ တပ်စွဲထားခိုက်၊ ဂျပန်ပြည်ရှိသူ၏ တစ်ဦးတည်းသော သမီးကလေး ယုမိစံ ၅ နှစ်ပြည့်မြောက် အထိမ်းအမှတ်အတွက် သူ့ဓာတ်ပုံကို မင်္ဂလာဒုံ၌ ရိုက်၍ ပေးပို့လိုက်သည်။ ဓာတ်ပုံနှင့် ပူးတွဲလျက် “မင်္ဂလာဒုံမှ”အမည်ရှိ စပ်ဆိုရေးသား ပေးပို့

www.burmeseclassic.com



လိုက်သော ကဗျာကလေးတစ်ပုဒ်သည် ယုမိစံ ယခု အသက်အရွယ်အထိ အသည်းစွဲအောင် အလွတ်ရတုန်းပင် ရှိသည်။

ယုမိစံသည် ဖခင် ရေးစပ်ပေးသော ကဗျာကို စိတ်ထဲက ပြန်၍ ရွတ်ဆိုကြည့်သည်။ မသိမသာ ခါးကလေး ညွှတ်ကိုင်းလျက် ဖခင် နေထိုင်သွားခဲ့ဖူးသော အရပ်ဒေသကို အရိုအသေ ပြုလိုခြင်းကြောင့် မျက်လုံးကလေး များ မှိတ်လိုက်သည်။

ယုမိစံ၏ ရှည်လျား ကော့ပျံနေသော မျက်တောင်များသည် ဖောင်းမို့ နေသော မျက်ခွံများကို မိုးယှက်သွားကာ ငြိမ်သက်စွာ တိုင်တည်ဆုတောင်း လျက် ရှိသည်။

ယုမိစံ၏ဖခင် မေဂျာယူရှီးဒါးမှာ ကဗျာစာပေနှင့် ပန်းချီအနုပညာဘက်တွင် ထူးချွန်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ဂျပန်ပြည် အိုစကာမြို့၌ ယုမိစံကို ဖွားမြင် ပြီးပြီးချင်း ဆေးရုံပေါ်၌ပင် ယုမိစံ၏မိခင် အသက်ပျောက်သွားရခြင်းကြောင့် မိတဆိုးဖြစ်သူ ယုမိစံကို အခါလည်အရွယ်တွင် ယုမိစံ၏ အဘိုး အဘွားများထံ၌ အပ်နှံခဲ့ကာ မြန်မာပြည်သို့ စစ်ထွက်လာရသူဖြစ်သည်။ ရောက်လေရာ အရပ်တိုင်းမှ သမီးကလေးကို တမ်းတလွမ်းဆွတ်မိတိုင်း ကဗျာစပ်ကာ အလွမ်းဖြေတတ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။

မင်္ဂလာဒုံမှ ရိုက်ကူးပို့ဖူးသော မေဂျာယူရှီးဒါး၏ ဓာတ်ပုံမှာ ယုမိစံ၏ လက်ကိုင်အိတ်ထဲ၌ ပါရှိသည်။ အိတ်ထဲမှ ဓာတ်ပုံကို ထုတ်ယူ၍ ကြည့်ပြီး သံရုံးအရာရှိကို ထိုးပြလိုက်သည်။

'ကျွန်မ ၅နှစ်သမီးတုန်းက ကျွန်မအဖေ ဒီမင်္ဂလာဒုံက ဓာတ်ပုံရိုက်ပြီး ပို့လိုက်တဲ့ ဓာတ်ပုံ'

သံရုံးအရာရှိသည် တအံ့တသြ ခေါင်းတညိတ်ညိတ်လုပ်၍ ဓာတ်ပုံကို ယူကြည့်သည်။ ဓာတ်ပုံမှာ နှစ်ပေါင်းများစွာကြာမြင့်၍ ဆေးရောင်များ မှိန်လျက် ရှိသည်။ ဟန်ပါပါ ခါးလွယ်ကိုချိတ်လျက် ဂျပန်စစ်ဝတ်စုံ အပြည့်ဖြင့် မလိုက်ဖက်လှအောင် သိမ်မွေ့နူးညံ့ထားသော အင်္ဂါရုပ်သည် ထင်ရှားပေါ်လွင်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အား. . . ခင်ဗျားအဖေက စစ်ဘက်က ပါလားနော်'

'ဟုတ်ပါတယ်'

'အခု ဂျပန်မှာပဲလား'

ယုမိစံ ဝမ်းနည်းရိပ် သမ်းနေသော မပြုံးတပြုံးလေး ပြုံး၍ 'မရှိပါဘူး၊ သေသွားပါပြီ' ဟု ပြောလိုက်သည်။

'မြန်မာပြည်မှာ သေတာလား'

'မဟုတ်ပါဘူး၊ ဂျပန်မှာဘဲ သေပါတယ်'

'သြော်. . . သြော်'

သံရုံးအရာရှိသည် ဓာတ်ပုံကို ပြန်၍ စိုက်ကြည့်ပြီးမှ ယုမိစံအား ပြန်ပေးလိုက်သည်။

ယုမိစံသည် ဓာတ်ပုံကို အိတ်ထဲသို့ ပြန်၍မထည့်မီ သူ့ဖခင် နေထိုင်သွားသော အရပ်သို့ သူ ရောက်လာပြီဖြစ်ကြောင်းကို တိုင်တည်သော အကြည့်တစ်မျိုးဖြင့် စိုက်၍ကြည့်ပြီးမှ ပြန်ထည့်ထားလိုက်သည်။

အနောက်ဘက်ကောင်းကင်မှ ဝါရွှေသော နေခြည်တို့သည် မင်္ဂလာဒုံလမ်းမပေါ်သို့ ပြေလျော ကျဆင်းနေသည်။

ကုန်းမြင့်ပေါ်၌ သစ်ပင်များ အုံ့ဆိုင်းနေသော ရွှေတဝင်းဝင်းဖြင့် ကျိုက်ကလို့ စေတီတော်ကို ရှေ့မှ တွေ့မြင်ရသည်။ ကျိုက်ကလို့တည်ရာ ကုန်းမြင့်သည် ဆိတ်ငြိမ်လျက် လွမ်းဆွတ်ဖွယ်ကောင်းသော ရှုခင်းဖြစ်သည်။ ယုမိစံသည် စကားမပြောဘဲ တိတ်ဆိတ်စွာ လိုက်ပါလာရင်း ဆန်းကြယ်သော သူ့ဘဝ အကြောင်းကို တွေးကြည့်မိသည်။

မြန်မာပြည်၌ ရှိနေသော သူ့သွေးက သူ့ကို ဒီနေ့ဒီရက် အရောက်လာဖို့ရန် ခေါ်နေ၊ စောင့်နေသကဲ့သို့ပင် သူ့စိတ်၌ ထင်မိသည်။ မြန်မာပြည်ကို ရောက်လာရလို့မှ သူ့သွေးနှင့် သူ မတွေ့ရဘူးဆိုလျှင် ခံပြင်းစရာ အလွန်ကောင်းတော့မှာပဲဟု အောက်မေ့မိပြန်သည်။ မြန်မာပြည်၌ ရှိနေသည် ဆိုသော သူ့သွေးကို သူတွေ့အောင် ဘယ်ပုံဘယ်နည်း ရှာဖွေရပါမည်နည်း။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် မြန်မာပြည်သို့ မရောက်ရောက်အောင် ကြိုးစား၍ လာခဲ့ရလေသောကြောင့် သူ့အား စီမံမည့် ကံကြမ္မာကို တဝေ့ဝေ့ တွေးရင်း၊ စဉ်းစားရင်း လိုက်ပါလာသည်။

သံရုံးအရာရှိသည် အဆောက်အအုံ တစ်ခုဘက်သို့ ကွေ့ချိုးမောင်းသွားကာ ကားကို ထိုးရပ်လိုက်သည်။

"ဒါ. . . ခင်ဗျား စာသင်ရမယ့် နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းပဲ၊ အခုတော့ ကျောင်းပိတ်ထားသေးတယ်"

ယုမိစံသည် ကားပေါ်မှ ဆင်းသက်လိုက်သည်။ သူ စာပြရမည့် ကျောင်းကို အပြင်မှရပ်၍ ကြည့်သည်။ ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ် အေးချမ်းနေသည်။ စိမ်းမြသော မြက်ခင်းကို မျက်နှာစာပြုလျက် ရှည်လျားစွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အအုံ ဖြစ်သည်။

ဤကျောင်း အဆောက်အအုံထဲ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ တရုတ်၊ ရုရှနှင့် အင်္ဂလိပ်စာပေ ဘာသာစကားများ ပို့ချပေးခြင်းကြောင့်၊ နိုင်ငံပေါင်းစုံ ယဉ်ကျေးမှုအမြုတေ ဗိမာန်သဖွယ် တင့်တယ်သော ဂုဏ်ကျက်သရေတို့ဖြင့် ပြည့်စုံနေသောကျောင်း ဖြစ်သည်။

ယုမိစံသည် ကျောင်းဝင်း အနေအထားနှင့်တကွ ကျောင်း အဆောက် အအုံ ပုံသဏ္ဌာန်ကို မြင်ရုံဖြင့် နှစ်သက်သွားသည်။ ထုထည် ကြီးမားစွာဖြင့် ရှေးကျသော ဧရာမ အဆောက်အအုံကြီးကို တွေ့ရလျှင် တစ်မျိုး ဖြစ်ဦးမည်။ ယခုသော် ကျောင်းအဆောက်အအုံမှာ သပ်ရပ်ခန့်ညားလှပလျက် ခေတ်ဆန် သည့် အသွင်လည်းပေါ်ကာ ငြိမ်းချမ်းသော ရိပ်သာ အဆောက်အအုံကဲ့သို့ စိတ်၌ ထင်မှတ် နှစ်ခြိုက်သွားခြင်း ဖြစ်သည်။

ဤသိပ္ပံကျောင်း၌ ဂျပန်စာပေ၊ ဂျပန်စကား သင်ကြားကြမည့် မြန်မာ ကျောင်းသူကျောင်းသားများကို ယခုပင် တွေ့ချင်မြင်ချင်စိတ်များ ပြင်းပြသွားသည်။

ယုမိစံသည် သံရုံးအရာရှိကို ရွှေတိဂုံစေတီတော်သို့ ယနေ့ပင်



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ပို့ ပေးပါရန် ပြောလိုက်သည်။ မြန်မာပြည်ကို စိတ်ဝင်စားရသည့် ၁၅ နှစ်သမီး အရွယ်၌ ရွှေတိဂုံစေတီတော်၏ ပုံတော်ကားကို ရှေးဦးစွာ တွေ့မြင်ခဲ့ဖူး ခြင်းကြောင့် မြန်မာပြည်သို့ သူရောက်သည့်နေ့၌ပင် ရွှေတိဂုံစေတီတော် သို့ သွားရန် အားခဲလာခဲ့သည်။ သံရုံးအရာရှိက တစ်ဆက်တည်း ခေါ်ဆောင် သွား၍ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်ပေါ်သို့ ရောက်သွားသည်။

စေတီတော် ရင်ပြင်၌ ဘုရားဖူးများ ထူထပ် စည်ကားနေသည်။ ပြာလဲ့လဲ့ကောင်းကင်ကို နောက်ခံထားလျက် ရွှေတိဂုံစေတီတော်ကြီးကို ထက်ကောင်းကင် အလယ်၌ မားမားကြီး ဖူးတွေ့ရသည်မှာ မည်မျှ ကြည်ညို ဖွယ်ရာ ကောင်းကြောင်းကို ယုမိစံ သိရလေပြီ။ ရွှေတွေပုံ၍ ထပ်ထားသော ရွှေတောင်ကြီးအသွင်၊ လွန်စွာမှ သပ္ပာယ်တင့်တယ်ခြင်းရှိသဖြင့် စကားမပြော နိုင်လောက်အောင် ကြက်သေသေကာ ငြိမ်သက်ရှုမော ဖူးမြှော်မိသည်။

“ယုမိစံကို ခေါ်ယူသော ရွှေတိဂုံစေတီတော်ဘုရား၊ ယုမိစံ ယနေ့ ရောက်လာပါပြီ၊ ကန်တော့ပါပြီ၊ ယုမိစံ အလိုဆန္ဒအားလုံး အောင်မြင်ရန် ဆက်လက် စောင့်ရှောက် ကူညီပါဘုရား”

ယုမိစံသည် ငြိမ်သက်စွာရပ်နေရာမှ သူ့ခေါင်းထဲ၌ ဖြစ်ပေါ်လာသော ထိုဆုတောင်းကို မြန်မာစကားလုံးဖြင့် စီကာစဉ်ကာ စိတ်ဖြင့် ရွတ်ဆိုကြည့် သည်။ မြန်မာပြည်သို့ သူ ရောက်လာသောနေ့၌ ရွှေတိဂုံစေတီတော်ကြီး ကို လက်ယှက်မိုး၍ ပထမဦးဆုံး မြန်မာစကားဖြင့် လေ့ကျင့်ရှိခိုး ဆုတောင်း ကြည့်ခြင်းလည်း ဖြစ်သည်။

စေတီရင်ပြင်တော်ကို တစ်ပတ်ပတ်၍ ကြည့်ကြသည်။ မြန်မာတို့၏ အနုပညာ ပန်းပုလက်ရာတို့သည် ယုမိစံ အံ့သြ၍ မကုန်နိုင်အောင် ကြည့်စရာ၊ ရှုစရာများ တစ်ကုန်းတော်လုံး ပြည့်နှက်နေတော့သည်။ ပန်းပုလက်ရာတို့ကို ပြောင်မြောက်လှပါဘိဟု အထူးနှစ်သက်မိသည်။ မြင်မြင်သရွေ့ မြန်မာ့အနု ပန်းပုလက်ရာများကို လျှောက်ကြည့်လေသည်။ ကြွကြွရွရွ ရှိလှသော ကနုတ်ပန်း ရုပ်လုံးကြွများကို လည်းကောင်း၊ စုလစ်မွမ်းချွန်

www.burmeseclassic.com



တန်ဆောင်း ပြာသာဒ်ကြီးများပေါ်ရှိ အနုပန်းပု လက်ရာမွန်များကို ကြည့်၍ မြန်မာတို့၏ ယဉ်ကျေးမှု မည်မျှကြွယ်ဝကြောင်း ခန့်မှန်းသိရှိသွားသည်။

တန်ဆောင်းကြီးများ အတွင်းရှိ ရုပ်ပွားတော်ကြီးများ၏ ပုံတော် တို့မှာ တစ်ဆူနှင့်တစ်ဆူ မတူစေဘဲ၊ ပီပြင် ခြားနားထားသော မြန်မာ့ဗိသုကာ လက်ရာများသည် ယုမိစံ မျက်လုံးဖြင့် မခွာချင်အောင်ဖြစ်၍ တစိမ့်စိမ့် ငေးစိုက်ကြည့်မိသည်။

အစ အဆုံး မသတ်ထားသော ကနုတ်ပန်းများ၊ ခြူးပန်းခြူးနွယ် များကို တွေ့ရသည်။ ခြူးပန်းခြူးနွယ်တို့မှာ အကိုင်အထိမှ ခံပါ့မလားဟု ထင်ရအောင် လှုပ်ကြွရွနေကြသည်။ ကုန်းတော်ပတ်လည်ရှိ မြန်မာ့ပန်းပု ရှေးဟောင်း လက်ရာများဖြစ်သော ရုပ်တုရုပ်ကြွ၊ ပန်းနွယ်ပန်းခက်များသည် ယုမိစံ၏ ပန်းချီမျက်စိဖြင့် ကြည့်မဝ၊ ရှုမဝ၊ စွဲမက်စရာ ဖြစ်နေတော့သည်။ ဗုဒ္ဓဝင်ဖြစ်စဉ်ကို သရုပ်ဖော်ထားသော ရှေးဟောင်းပန်းချီ စွမ်းပကား လက်ရာ များကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။

ယုမိစံမှာ ကောလိပ်ပညာ သင်ကြားနေဆဲ၌ပင် ပန်းချီပညာ ဘာသာ ရပ်ကို တစ်ဖက်မှ သင်ကြား တတ်မြောက်ခဲ့သည်။ ယုမိစံ၏ ဖခင် မေဂျာ ယူရှီးဒါး၏ လက်ရာကို မီထားသူဖြစ်သည်။ ဂျပန်ပြည်၌ နာမည် ကျော်ကြား သော နာကာကာဝါးကီးဂင် ပန်းချီဆရာကြီးထံ၌ တပည့်ခံ၍ အထူး သင်ကြားခဲ့သူဖြစ်သည်။ ယုမိစံ ဆွဲသော ကားကို ဆရာကြီး စိတ်ကြိုက် တွေ့သွားလျှင် ယုမိစံအတွက် အထူးစပယ်ရှယ် တစ်ကိုယ်တော် ပြပွဲကလေး များ ပြုလုပ် ပြသ ကျင်းပပေးလျက် တပည့်အတွက် ဂုဏ်ယူလေ့ရှိသည်။

ရွှေတိဂုံ ကုန်းတော်ပေါ်သို့ အချိန်ရတိုင်းသာ လာရောက်၍ ရှာဖွေ လေ့လာမည်ဆိုလျှင်၊ မြန်မာ့ အနုပညာရပ်ဖြစ်သော ပန်းချီ၊ ပန်းပု ပညာရပ် တို့သည် ဤကုန်းတော်ပေါ်၌ မကုန်နိုင်၊ မခန်းနိုင်အောင် ရှိပါကလားဟု သိမြင်သွားသည်။ ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်ကားကို ဆီဆေးဖြင့် လက်စွမ်းကုန် ဆွဲမည်ဟု အားခဲလိုက်သည်။ ဤတွင်မက ကုန်းတော်ပေါ်မှ



BURMESE CLASSIC .com

www.burmeseclassic.com



မဆင်းမီ မြန်မာ့အနုပညာ စာတစ်အုပ်ကို ဂျပန်ဘာသာဖြင့် ရေးသားနိုင်ရန် အားထုတ် ကြိုးပမ်းရေးအတွက်ပါ သူ့ကိုယ်သူ တိုက်တွန်း၍ နေမိလေသည်။

## ၂

ဂျပန်ပြည်မှ သင်္ဘောဖြင့် နောက်ထပ် ရောက်ရှိလာသော ပန်းကန် ခွက်ယောက် ဂျပန် အသုံးအဆောင် ပစ္စည်းများ ပြည့်စုံသွားမှ မြန်မာပြည်၌ ယုမိစံ နေသားထိုင်သား ကျသွားသည်။

မြန်မာအစိုးရက နေထိုင်ရန် အိမ်ပေးသည်။ အိပ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများမှာ သူ့တစ်ယောက်တည်း နေထိုင်ရန်အတွက် ကျယ်ကျယ် ဝန်းဝန်း ရှိလှသည်။ ကျောင်းတက်ကျောင်းဆင်း အသုံးပြုရန် ဆလွန်းကား တစ်စီးနှင့် ကားမောင်းသူပါ ပေးထားသည်။

အိမ်အစောင့်အရှောက် အိမ်ဖော်အတွက် သံရုံးက ကုလားလူမျိုး ငှားလျှင် အလွယ်တကူ ရနိုင်သည်ဆိုသော်လည်း ယုမိစံက မြန်မာအမျိုးသမီးကိုမှ အလိုရှိသည်။ မြန်မာအမျိုးသမီးနှင့် တစ်အိမ်တည်း အတူနေနိုင်မှ မြန်မာ့ဓလေ့စရိုက်၊ မြန်မာစကား သူတတ်ထားသည်ထက် ပိုမို၍ ကျွမ်းကျင်နားလည် လွယ်ကူမည်ဟု သူ ထင်သည်။ အသက် ၅၀ ခန့်ရှိသော ဒေါ်အောင်မေကို အိမ်ဖော်အဖြစ် ရရှိသည်။

ဒေါ်အောင်မေသည် ယုမိစံ အလိုရှိသော မြန်မာအမျိုးသမီးကြီး ဖြစ်သည်။ အသက်ကြီး၍လည်း သဘောကျသည်။ အနေအထိုင် သန့်ရှင်းခြင်းအတွက် သူ့အကြိုက် တွေ့သွားသည်။ စနစ်တကျရှိ၍ စည်းကမ်းကြီးခြင်းကိုကား အသက်ကြီးသူတို့၏ အလေ့အထဟု သဘောထားလိုက်သည်။ ယုမိစံသည် မွေးကတည်းက မိခင်နှင့် မနေဖူးခဲ့ချေ။ အဘိုးအဘွားလက်ပေါ် ၌ ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ ဒေါ်အောင်မေကို သူ့အိမ်ဖော်အဖြစ် သဘော မထားဘဲ၊ မိကြီး မိထွေးသဖွယ် ခင်တွယ်စိတ်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ပေါ်မိကာ ရင်းနှီးစိတ်ဖြင့် ဂျပန်လို "ဩဘားစံ" (အဒေါ်)ဟု ခေါ်လိုက်သည်။

မိုးလင်းလျှင် ဒေါ်အောင်မေ၏ ခေါင်းပေါ်၌ ဘီးဆံပတ်ကလေး ထုံးပြီးရှိ၏။ အကျီဖြူဖြူ လုံချည်သန့်သန့် သနပ်ခါးဖုန်ဖုန်ဖြင့် မိုးလင်းတိုင်း နှစ်သက်စရာ တွေ့ရသည်။ အလုပ်နှင့် လက်နှင့် မပြတ်အောင် လုပ်ကိုင်နေချင်သူ ဖြစ်သည်။ အမူအရာက အေးဆေးပြီး ပြောရာဆိုရာ၌ သွက်လက်သည်။ မန္တလေးဇာတိ၊ မန္တလေးကြီးဖြစ်၍ စကားပြောရာ၌ ယဉ်ကျေးသည်။ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းချောင်၊ အဘွား သီလရှင်နှင့် အနေများခဲ့ခြင်းကြောင့် မြန်မာစာပေ တတ်မြောက်သူဖြစ်သည်။ အမေ မသေမီ ပြင်ဦးလွင် ကွန်ဗင့် မယ်သီလရှင် မျက်နှာဖြူကျောင်းဆရာမကြီး၏ လက်ဝယ်သို့ အပိုင်အပ်နှံလိုက်ပြီးနောက် ဘဝတစ်လျှောက်လုံး အထက်လွှာ အောက်လွှာ ဘဝထွေထွေ စုန်ဆန်မျောခဲ့သူ ဖြစ်သည်။ အင်္ဂလိပ်စကား ပြောဆိုနိုင်သည့်အတွက် လခကောင်းကောင်းရသော နိုင်ငံခြားသံရုံး အိမ်ထောင်များအဖို့ အိမ်ဖော်ကောင်းကြီး တစ်ယောက်အဖြစ် နာမည်ကောင်းလက်မှတ် ရရှိထားသူ ဖြစ်သည်။

အရှေ့တိုင်းနှင့် နီးစပ်သော ဂျပန်ဆရာမလေးအိမ်၌ အလုပ်ရရှိသည်မှာ၊ အခြား နိုင်ငံခြားသား အိမ်များ၌ အလုပ်လုပ်ခဲ့ရသည်ထက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိလှသည်။ မာန်မာနမရှိဘဲ မြန်မာစကား ပြောတတ်သည့်ပြင်၊ ရင်းနှီးခင်မင်စွာ ဆက်ဆံသော ယုမိစံကို ကိုယ်သွေးကိုယ့်သားပမာ ချစ်ခင် စောင့်ရှောက်လေသည်။ ဂျပန်ကြိုက်၊ တရုတ်ကြိုက်၊ အနောက်တိုင်းကြိုက်၊ မြန်မာကြိုက် ဟင်းလျာ အမျိုးမျိုး အဖုံဖုံကို နေ့စဉ် စေတနာဗရပွဖြင့် ချက်ပြုတ်ကျွေးမွေးသည်။ ဒေါ်အောင်မေကို 'ဩဘားစံနှင့် နေရတာ ဘုရား မတာပဲ'ဟု ယုမိစံက မကြာခဏ ပြောတတ်သည်။

ယုမိစံ သင်ကြားသော ဂျပန်စာဌာနမှ ဂျပန်ပါမောက္ခကလည်း ယုမိစံ၏ အရည်အချင်း အသင်အပြကို သဘောကျကာ၊ မျက်နှာလွှဲနိုင်သည့် လက်ထောက်ဖြစ်၍ အထူးမြှောက်စား အရေးပေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းဖွင့်သည့်နေ့က ကျောင်းအုပ်ကြီးနှင့် ဂျပန်ပါမောက္ခတို့က ယုမိစံကို ဂျပန်စာသင်ခန်းမဆောင်သို့ လိုက်ပို့ပေးသည်။ ကျောင်းအဆောက်အအုံ အနောက်ဘက်ရှိ လူသွားလမ်းစင်္ကြံမှ ပြင်သစ်စာသင်ခန်း၊ ဂျာမန်စာသင်ခန်းများကို ဖြတ်ကျော်လျက် ဂျပန်စာသင်ခန်းထဲသို့ ရောက်သွားရသည်။

စာသင်ခန်းမှာ မှန်များဖြင့် ပြတင်းပေါက်များ တပ်ဆင်ထား၍ အလင်းရောင် များများဝင်လျက်ရှိသည်။ အခန်းထဲ၌ ကျောင်းသူကျောင်းသား ၄၀ ခန့် ဆံ့မည်။ ဂျပန်စာသင်ခန်းထိပ်၌ ဂျပန်မြေပုံကြီး ချိတ်ဆွဲထားသည်။ ဂျပန်ပြည် တိုကျိုမြို့တော်၊ ဂျပန်တို့ ယဉ်ကျေးမှု လက်ဖက်ရည်ပွဲ စသော ဂျပန်နှင့် စပ်ဆိုင်သည့် ဂျပန့်ယဉ်ကျေးမှု၊ စက်မှုလက်မှု ပုံကားကြီးများကို စာသင်ခန်းထဲ၌ ခမ်းနားလှပစွာ ဆွဲချိတ်ထားခြင်းကြောင့် ဂျပန့် အငွေ့ အသက်ဝင်နေသည်။

ဂျပန်စာသင်ခန်း၌ ရှိနေသော ကျောင်းသူကျောင်းသားများဆို၍ ကလေးသူငယ် ကျောင်းသူကျောင်းသားအရွယ်များ မဟုတ်ကြပေ။ လူကြီးလူရွယ် လူလတ်ပိုင်းများသာမက အချို့မှာ အရာထမ်း အမှုထမ်း အလုပ်အကိုင် ရှိကြသူများ ဖြစ်ကြသည်။ ယုမိစံမှာ သူ့စာသင်ခန်းထဲရှိ ကျောင်းသူကျောင်းသားများကို ဂျပန်စာ တတ်မြောက်အောင် သင်ပေးရန် စိတ်အားထက်သန်နေသည်။ သူ့ထက်ကြီးသူ၊ သူနှင့်ရွယ်တူ သက်တူတွေက များပြားလျက် သူ့အသက်ထက်ငယ်သော အမျိုးသမီး၊ အမျိုးသားက နည်းပါးသည့်အတွက် သင်ကြားရန် ခင်ရှိန်းရှိန်း ဖြစ်ရသည်။

ဂျပန် စာသင်ခန်းထဲ၌ ရှိနေကြသော သူများသည် ဂျပန်စကားနှင့် ဂျပန်စာပေကို လိုလိုလားလား တတ်မြောက်ချင်၍ ကျောင်းတက် သင်ကြားနေကြသူများဖြစ်ကြောင်း စာသင်ကြည့်တော့မှ ကောင်းကောင်းကြီး သိရှိမိသည်။

ဂျပန်စာသင်ခန်းထဲ၌ ယုမိစံ စ၍ သင်ပြသည့်နေ့က သူသင်သော



BURMESE CLASSIC .com

www.burmeseclassic.com



အသံကို အလိုက်ညီညီ လိုက်၍ ရွတ်ဆိုကြသော ကျောင်းသားများထဲတွင်၊ မျှော်လင့်ချက်ကြီးစွာဖြင့် မတွေ့တွေ့အောင် စုံစမ်းရှာဖွေရမည်ဖြစ်သော သူ့သွေးသား တစ်ယောက်ယောက်၏ အသံလည်း ဤအသံထဲ၌ ပါသ ယောင်ယောင် အောက်မေ့မိရှာသည်။ သူ့သွေးသားဆိုသူမှာသူနှင့်အဖေတူ အမေကွဲသည့် သူ့မောင်လေးတစ်ယောက် ဖြစ်သည်။

မြန်မာပြည်၌ မောင်ကလေးတစ်ယောက်ရှိသည် ဆိုခြင်းသည် ယုမိစံ ၏ ရင်ထဲ၌ ကွယ်ဝှက်လျက် ရှိသော စိတ်အာရုံတစ်ခု ဖြစ်သည်။ မောင်ကလေးဆို၍ ဘယ်သူဘယ်ဝါမှန်းလည်း သူ မသိ။ ဘယ်နေမှန်း ဘယ်မှာ ရှိမှန်းလည်း မသိ။ အသက်ထင်ရှား ရှိ မရှိ ဆိုသည်ကိုလည်း သူ သိရသေးသည် မဟုတ်။

စစ်ကြီးအပြီး ၅ နှစ်ကြာမှ သူ့ဖခင် ယူရှီးဒါး ပြောပြ၍ သိရသည်။ ၁၅ နှစ်အရွယ် ဖခင်ကို ပြန်တွေ့ရချိန်၌ ဖခင်မှာ ကျန်းမာရေး မပြည့်စုံ ရှာဘဲ အိပ်ရာထက်၌ လဲကာ နာတာရှည် လူမမာကြီး ဖြစ်ခဲ့ရသည်။ ယူရှီးဒါး မကွယ်လွန်မီက သူ မရှိခဲ့သော လောကအလယ်၌ ယုမိစံ တစ်ကိုယ်တည်း တစ်ကောင်ကြွက် ကျန်ရစ်ခဲ့မည် မဟုတ်ဘဲ၊ မြန်မာပြည်၌ မြန်မာအမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ကျခဲ့ခြင်းကြောင့် သားကလေးတစ်ဦး ဖွားမြင်ထား ကြောင်း ဖော်ထုတ် ပြောကြားသွား၍သာ၊ မြန်မာပြည်၌ မောင်ကလေး တစ်ယောက်ရှိမှန်း သိရှိရသူ ဖြစ်သည်။

ယုမိစံ၌ ညီအစ်ကို မောင်နှမဆို၍ မရှိ။ ညီအစ်ကို မောင်နှမ မရှိဘဲ တစ်ယောက်တည်း ဘဝအသိက၊ မောင်တစ်ယောက် တိုးလာလျက် မောင် နှမ နှစ်ယောက် ရှိကြောင်း အသိရှိလာသူ ဖြစ်သည်။

ယုမိစံသည် သူ သိရသည် အချိန်ကစ၍ မြန်မာပြည်ကို အစွဲအလမ်း ကြီးကြီးဖြင့် စိတ်ဝင်စားသူ ဖြစ်သည်။ ဖခင် ပြောကြားသည့်နေ့က သူ့မောင်ကလေး၏ အသက်ကို ဘယ်လောက်ရှိလိမ့်မည်ဟု တွက်ချက် ကြည့်မိသည်။ သူ့ဖခင်သည် သူ့သားကို ချစ်ရှာမှန်းလည်း သူသိရလေသည်။

www.burmeseclassic.com



မောင်တစ်ယောက်ဆိုသော မောင်၏ရုပ်သွင်သည် ဘယ်ရုပ်သွင်မျိုး ဖြစ်မည်နည်းဟု အကြိမ်ကြိမ်အခါခါ ရမ်းဆ၍လည်း ကြည့်မိသည်။ မောင်လေး၏အသံ၊ မောင်လေး၏ ကိုယ်အမူအရာ၊ စိတ်အမူအရာ၊ မောင်လေး ပုံပန်းဟန်ပန်တို့သည် ယုမိစံ၏ စိတ်အာရုံ၌ ဝိုးတိုးဝါးတား ဝင်ရောက် စွဲထင်နေသည်။ မှန်း၍ရမ်း၍ ကြည့်သော်လည်း ဘယ်အခါမှ ပုံကြမ်းလောင်း၍မရဘဲ၊ ပုံဖမ်းမမိသည့် အရိပ်သဏ္ဍာန် အသွင်တစ်ခုသာ ဖြစ်သည်။ ထိုသို့စိတ်အာရုံ၌ စူးစိုက်စရာ ရှိလာသော ထိုအရိပ်သဏ္ဍာန် တစ်ခုသည် ယုမိစံအသက်တစ်နှစ် ကြီးသွားတိုင်း ယုမိစံနှင့် ဝေးကွာမသွားစေသည့်အပြင်၊ တစ်နှစ်ထက်ကြီးလာသော အရိပ်သဏ္ဍာန်အဖြစ် ထက်ကြပ်မကွာ ပူးတွဲယှဉ်လိုက်လျက်သာ ရှိနေတတ်ကာ အမြတ်တနိုး စွဲလမ်းခင်တွယ် နေမိသည်။

လူဖြစ်စ အခါမလည်မီ အရွယ်က ဖခင်ဖြစ်သူနှင့် ကွဲကွာခဲ့ရသည့်နည်းတူ၊ သူ့မောင်လေးသည်လည်း လူဖြစ်စ အခါမလည်မီ၌ ဖခင်နှင့်ကွဲကွာခဲ့ရခြင်းဖြစ်၍ သူကမှ သူ့ဖခင်ကို ပြန်၍တွေ့ခဲ့ရသေးသည်။ သူ့မောင်ကလေးသည် သူ၏ဖခင်ကို ဘယ်တော့မှ ပြန်၍ တွေ့ဖူးမြင်ဖူးမည်မဟုတ်ခြင်းကို စာနာစိတ်ဖြင့် သနားကြင်နာမိသည်။

ယုမိစံသည် ဘဝနှစ်ခု၏ တူညီသော ကံတူ အကျိုးပေး အဖြစ်ဆိုးကိုတွေးမိသည့် အခါတိုင်း၊ မတွေ့မမြင်ဖူးသော မောင်တစ်ယောက်အား သူ့တစ်သက်တာ၌ တွေ့ချင်စိတ်၊ မြင်ချင်စိတ်တွေ ပိုမိုထက်သန် ပြင်းပြ တိုးပွား၍သာ လာခဲ့သည်။ မစ္စတာယူရှိုးဒါး မသေမီက ပြောကြားသွားသော မထွေးထွေး၏ နေရပ်လိပ်စာမှာ မပြည့်မစုံ ဖြစ်နေသည်။ ပဲခူးမြို့အနီး ဘုရားလေးရွာမှ ရွာသူကြီးသမီး။ ပဲခူးဆေးရုံမှ သူနာပြုအလုပ်သင် ဆရာမလေး မထွေးထွေး။ ဤလိပ်စာကိုသာ သူ မှတ်သားထားရသည်။ ယင်းလိပ်စာသည် စုံစမ်းရှာဖွေရေးအတွက် အားထားရာကြီးတစ်ခု ဖြစ်သည်။

မေဂျာယူရှိုးဒါး အဆိုအရ ပဲခူးဆေးရုံ၌ မထွေးထွေးနှင့် သူ တွေ့ဆုံပြီး၊ ဘုရားလေးရွာ မထွေးထွေးအဖေ ရွာသူကြီးထံ၌ တရားဝင် တောင်းယူ



BURMESE CLASSIC .com

www.burmeseclassic.com



လက်ထပ်ကြောင်း ပြောပြသွားသည်။ စစ်ရှုံးနိမ့်၍ မြန်မာပြည်မှ သူ ဆုတ်ခွာပြေးရမည့် အချိန်၌ မထွေးထွေးထံတွင် သူ့သားလေး ၁ဝ လသား အရွယ်ရှိခဲ့ကြောင်း။ ဤမျှလောက်သာ ယုမိစံကို ပြောပြသွားနိုင်သည။ ယုမိစံကြားသိရသည့် အချိန်ကစ၍ မောင်လေး၏ အသက်ကို တစ်နှစ် တိုး၍တိုး၍မှတ်သားလာခဲ့သည့်အတွက် မြန်မာပြည်သို့ ရောက်လာချိန်တွင် သူ့မောင်လေးသည် အသက်နှင့် ရှိမည်ဆိုလျှင် အသက် ၂၂ နှစ် ရှိနေပြီဟု တွက်ချက်ပြီး ဖြစ်သည်။ ပဲခူးနှင့် ဘုရားလေးရွာကို မြန်မာပြည်သို့ ယုမိစံ ရောက်ရှိပြီးသုံးလပိုင်းလောက်မှ စတင် စုံစမ်းကြည့်နိုင်သည်။

ယုမိစံသည် ဤကိစ္စအတွက် အချိန်ယူ၍ ဖြည်းဖြည်းဆေးဆေးစုံစမ်းရန် လိုလားသည်။ သူတွေ့လိုသော မောင်အစစ် မဟုတ်ဘဲ၊ သူ့သွေးမဟုတ်သော မောင်အတု ဖြစ်နေမည်ကို စိုးရိမ်စိတ် ရှိနေသည်။

ကျောင်းတွင် ယုမိစံ၏ လက်အောက်၌ လုပ်ကိုင်သော ဂျပန်စာနည်းပြဆရာမလေး ဒေါ်ခင်ဝင်းမူကို၊ ပဲခူး အနီးအနား၌ ဘုရားလေးရွာရှိ မရှိ စုံစမ်းပေးရန် ပထမ စတင်၍ အကူအညီ တောင်းကြည့်သည်။ ယုမိစံ စုံစမ်းပြီး တစ်ပတ်အတွင်း၌ပင် ဒေါ်ခင်ဝင်းမူက ပဲခူးနား၌ဘုရားလေး ရွာ ရှိကြောင်း ပြောပြသည်။ ဘာကြောင့် ယုမိစံ မေးသည်ကိုသိချင်စိတ် ပေါက်၍ ဒေါ်ခင်ဝင်းမူက မေးကြည့်သည်။

'ဘုရားလေးရွာကို ဘာကိစ္စရှိလို့ သိချင်တာလဲ ဆရာမ'

ယုမိစံသည် ထိုမေးခွန်းကို မဆိုင်းမတွ မဖြေကြားနိုင်ဘဲ တစ်ခဏစဉ်းစား၍ အဖြေပေးရသည်။

'တိုကျိုမှာရှိတဲ့ ဆရာမမိတ်ဆွေက မှာလိုက်တယ်၊ သူ့မိန်းမနာမည်က မထွေးထွေး၊ ဘုရားလေးရွာမှာ နေတယ်၊ ရှိလား မရှိလား စုံစမ်းပေးပါလို့မှာလိုက်တယ်'

'ဆရာမ မိတ်ဆွေက စစ်အတွင်းတုန်းက မထွေးထွေးနဲ့ ညားသွားတာ စစ်သားလား၊ စစ်ဗိုလ်လား'

www.burmeseclassic.com



မခင်ဝင်းမူသည် မေးမည့်သာ မေးနေသည်။ သူ့စိတ်၌ ဘုရားလေးရွာမှ မထွေးထွေးဟု အမည်နာမ ပြောကတည်းက ဂျပန်စစ်ဗိုလ် ဟုတ်မည် မဟုတ်၊ ဂျပန်စစ်သားပဲ ထင်လိုက်သည်။

ယုမိစံ ခပ်ပြုံးပြုံး ပြန်၍ပြောသည်။

'စစ်သား မဟုတ်ပါဘူး၊ စစ်ဗိုလ်ပါ။ မထွေးထွေးဟာ ဘုရားလေးရွာက ရွာသူကြီးရဲ့ သမီးလို့ ပြောတယ်'

ယုမိစံ စစ်ဗိုလ်ပဲဆိုဆို၊ စစ်သားပဲပြောပြော တကယ်တော့ မခင်ဝင်းမူက ဂျပန်ခေတ်၊ ဂျပန်စစ်ဗိုလ် စစ်သားများနှင့် ညားသွားကြသော ဂျပန်မယားများ အပေါ်၌ အထင်အမြင်သေးသည့် မူလစိတ် အခံ ရှိထားခြင်းကြောင့်၊ စိတ်မဝင်စားလေဟန် ပေ့ါပျက်ပျက် ပြန်ပြောလိုက်သည်။

'စစ်ကြီးပြီးတာပဲ နှစ်ပေါင်း ၂၀ ကျော်ပြီ ဆရာမရဲ့၊ မထွေးထွေး ရှိတယ် မရှိဘူး ဘယ်လာ သိနိုင်တော့မလဲ'

ယုမိစံအား ပြီးလွယ်စေကြောင်း ခပ်ပေ့ါပေ့ါ ဟန်ပန် လေသံဖြင့် မခင်ဝင်းမူ ပြန်ပြောနေကြောင်းကို ယုမိစံက ရပ်မိသည်။ မခင်ဝင်းမူ စိတ်ဝင်စား၍ ကူညီချင်စိတ် ရှိလာအောင် ထပ်၍ ကြိုးစားကြည့်ပြန်သည်။

'မြန်မာပြည်မှာ ဆရာမ ရှိနေတဲ့ အချိန်မှာတော့ မထွေးထွေး ရှိမရှိ သိအောင် စုံစမ်းရမှာပဲ၊ မထွေးထွေးယောကျ်ားလည်း ဆရာမ မြန်မာပြည်ကို မလာခင်ကပဲ သေသွားတယ်'

'ဟင် . . . ဘာပစ္စည်းတွေလဲ'

ယုမိစံ ဤသို့ ပြောတော့မှ မခင်ဝင်းမူသည် မျက်တောင်လေးများ တဖျပ်ဖျပ် ခတ်လျက် သိချင်စိတ် ပေါ်ပေါက်လာသည်။

'အဝတ်အထည်တွေ ပေးလိုက်တယ်။ ဆရာမကို သေတဲ့လူက ပေးလိုက်တာ။ မတွေ့တွေ့အောင် ရှာပြီးပေးမှ ကောင်းမယ် မဟုတ်လား မခင်ဝင်းမူ'

www.burmeseclassic.com



ယုမိစံသည် ခင်ဝင်းမူ၏ မျက်နှာကို စိုက်ကြည့်လျက် မျက်နှာ ညှိုးညှိုးဖြင့် ပြောဆိုနေသည်။

'ဩော်. . . ဒီလိုလား၊ ဒီလိုဆိုရင်တော့ ဟုတ်တာပေါ့၊ ဆရာမရယ်။ မထွေးထွေးက ဘုရားလေးရှာမှာပဲ ရှိမယ်၊ ဆင်းရဲလည်း ဆင်းရဲနေမယ်ဆိုရင် သူ့အတွက် အဝတ်အထည်ဟာ သိပ်တန်ဖိုး ရှိတာပေါ့'

မခင်ဝင်းမူသည် မထွေးထွေးမှာ ဂျပန်မယားပဲဖြစ်ဖြစ် ခုလို ကြားရ ပြန်တော့လည်း မြန်မာအချင်းချင်း စာနာငဲ့ညှာစိတ်ကလေး ဝင်လာသည်။စစ်အတွင်း မြန်မာအမျိုးသမီးကို ယူသွားသော ဂျပန်တစ်ဦးက မယား မှတ်မှတ် သားမှတ်မှတ် အောက်မေ့ရခြင်းအတွက် မထွေးထွေးဘက်မှနေ၍ ဝမ်းသာမိရပြန်သည်။

'ကျွန်မ တဖြည်းဖြည်း စုံစမ်း မေးမြန်းပေးမယ် ဆရာမ။ ကျွန်မတို့ မြန်မာမှာ စကားပုံရှိပါတယ်၊ သေသောသူ ကြာရင်မေ့တယ်တဲ့၊ ပျောက်သော သူ ရှာရင်တွေ့တယ်တဲ့၊ တစ်နေ့နေ့တော့ တွေ့ရမှာပဲ။ ကျွန်မ တတ်နိုင်သမျှ ကြိုးစားပြီး ကူညီမယ် ဆရာမ၊ မပူနဲ့'

ယုမိစံသည် ကျောင်းသို့လာတိုင်း မခင်ဝင်းမူထံမှ မထွေးထွေး၏ သတင်းကို ကြားရနိုးနိုးဖြင့် စိတ်စောလျက်သာ ရှိသည်။ မောင်လေးနှင့် မတွေ့ရမီစပ်ကြား မထွေးထွေးအား အပူတပြင်း တွေ့ချင်နေမှန်းကို ဖော် ထုတ် မပြဝံ့သေးသော အခြေအနေ၌ ရောက်နေသည့်အတွက် မေးချင်လျက် မမေးသေးဘဲ ဆိုင်းငံ့ရသည်။ ဤသတင်း ပေါက်ကြား ပြန့်ပွားသွား၍ တစ်ဦးတစ်ယောက်က မထွေးထွေး မဟုတ်သူကို မထွေးထွေး လုပ်လာ ပါလျှင် မထွေးထွေးအစစ် ဟုတ် မဟုတ်ကို မထွေးထွေး၌ သားသမီး ရှိ မရှိ မေးမြန်းကြည့်ရန် အထောက်အထား အချက်အလက်ကို ထိမ်ဝှက်ထား သည်။ သူ့ဖခင်နှင့် ကွဲသွားစဉ်က မထွေးထွေးထံ၌ သားကလေးတစ်ယောက် ၁၀ လသားအရွယ် ကျန်ရစ်ခဲ့သည် ဆိုခဲ့လျှင် ယုံကြည်ရမည့် အားထားစရာ အချက်ဖြစ်၍ မထွေးထွေး၌ ကလေးရှိကြောင်းကို ကြိုတင်၍ မပြောနှင့်ဘဲ မျိုသိပ်၍ ထားသည်။

www.burmeseclassic.com



နံနက်ပိုင်းတစ်ချိန်၊ ညပိုင်းတစ်ချိန် ကျောင်းသို့လာတိုင်း ဂျပန်စာနည်းပြဆရာမလေး မခင်ဝင်းမူနှင့် တွေ့ဆုံကြသော်လည်း ထိုသတင်းကို မေးချင်ပါလျက်၊ သူက စ မမေးဘဲ မခင်ဝင်းမူ အပြောကိုသာ စောင့်နေရသည်။ ထိုသို့ မေးချင်ပါလျက် နေ့တွေရက်တွေ ရွှေ့ခဲ့သည်မှာ နောက်ထပ်နှစ်လ ကြာသွားသည်။ ယုမိစံမှာ ဤအတွင်း အလုပ်များနေသည်။ စာမေးပွဲကိစ္စ၊ မေးခွန်းထုတ်ရန် ကိစ္စ၊ အဖြေလွှာ စစ်ဆေးသည့်ကိစ္စ အလုပ်တာဝန်များ ဝိုင်းဝိုင်းလည် ရှိနေခြင်းကြောင့် ဤကိစ္စကို စကားမစပ်နိုင်အောင်လည်း ဖြစ်နေကြသည်။

တနင်္ဂနွေနေ့ တစ်နေ့တွင် ဆရာမလေး မခင်ဝင်းမူနှင့် အမျိုးသမီးကလေးတစ်ယောက် ယုမိစံအိမ်သို့ မမျှော်လင့်ဘဲ ရောက်လာကြသည်။ ယုမိစံသည် ဂျပန်ထုံးစံအတိုင်း ခါးကလေးကို ကုန်းညွှတ်လျက် ဝမ်းသာအားရ ဆီးကြိုကာ ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။

'ဩဘားစံရေ. . . ကျောင်းက ကျွန်မ ဆရာမများ လာပါတယ်၊ စားစရာများ ယူလာပါ'

ယုမိစံသည် အတွင်းခန်းထဲ၌ ရှိနေသော ဒေါ်အောင်မေကို ကြားလောက်အောင် လှမ်းပြောလိုက်သည်။

ယုမိစံ စကားထဲ၌ "ကျွန်မ"ဆိုသော စကားတစ်လုံးကို ကြားလိုက်ရသဖြင့် ၄-၅လအတွင်း မြန်မာစကား အတော် ပီသသလာရုံမက တိုးတက်လာခြင်းကို မခင်ဝင်းမူက သတိပြုမိသည်။

'ဆရာမရေ ဆရာမ ပြောတဲ့ ပဲခူးကိစ္စပြောဖို့ လာခဲ့တယ်' မခင်ဝင်းမူ ဧည့်ခန်းထဲ၌ မထိုင်မီ ထိုအကြောင်းကို အရင်ပြောပြီးမှ ထိုင်ချလိုက်သည်။

'အို. . . ဟုတ်လား. . . ဘယ်လို သတင်းထူးသလဲ၊ ပြောပါ၊ ကြားချင်ပါတယ်'

ယုမိစံသည် စိတ်လှုပ်ရှားစွာဖြင့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဆရာမ. . . သူက ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေတဲ့ ကျောင်းသူပါ။ ကျွန်မအိမ်နားမှာ နေပါတယ်၊ သူ့မိဘများက ပဲခူးမှာ ရှိပါတယ်။ သူ့အဖေဆီကို ဆရာမ လိုက်သွားနိုင်ရင် သူ့အဖေက ဆရာမကို ဘုရားလေးရွာကို လိုက်ပို့ပေးနိုင်တယ်လို့ ပြောပါတယ်။ အဲဒီရွာမှာ သူ့အဖေက မထွေးထွေးကို စုံစမ်းပေးနိုင်ပါလိမ့်မယ်'

ဧည့်ခန်းထဲသို့ လက်ဖက်ရည်ပွဲများ သယ်ဆောင်ကာ ဒေါ်အောင်မေ ရောက်လာသဖြင့် ဒေါ်အောင်မေ ကြားသိသွားမည်ကို စိုးရိမ်စိတ်ဖြင့် ဒေါ်အောင်မေ မသိစေရန်၊ ယုမိစံက မခင်ဝင်းမူကို ဂျပန်စကားဖြင့် ပြန်ပြော လိုက်ရသည်။

'ဝါ -အူရေရှိဝ ဝါတာကူရှိမော့၊ အိကေး မာစ်စကား၊ ဘုရားလေးမူရ ဒေ့၊ တိုမာရု နော်ဒေးစကား (ဝမ်းသာလိုက်တာ၊ ဆရာမ သွားလို့ ရပ့ါမလား၊ ဘုရားလေးရွာမှာ ညအိပ်ရမှာလား. . . )'

မခင်ဝင်းမူက နံနက်စောစောသွားလျှင် ညမအိပ်ရဘဲ နေ့ချင်း ပြန်နိုင် ကြောင်းကို မြန်မာစကားဖြင့် မပြောဘဲ ယုမိစံကဲ့သို့ပင် ဂျပန်စကားဖြင့် ပြန်ပြောလိုက်သည်။

'ဟိုက် - ဟိုက်၊ ဒါဖြင့် နောက် စနေနေ့မှာ ဆရာမ သွားမယ်၊ မခင်ဝင်းမူ လိုက်နိုင်သလား'

မြန်မာလိုတစ်လှည့်၊ ဂျပန်လိုတစ်လှည့် ပြောဆိုနေသော ယုမိစံကို မခင်ဝင်းမူနှင့် ပါလာသော နုနုက ပြုံးလျက် ငေးစိုက် ကြည့်နေသည်။

'ကြည့်သေးတာပေါ့ ဆရာမ၊ လိုက်နိုင်ရင် လိုက်ပါမယ်'

ခေါင်းပေါ်၌ ဆံထုံးနှင့် ဆံမြိတ်ရှည်လေး ချထားသော နုနုကို ယုမိစံက 'နာမည် ဘယ်လိုခေါ်ပါသလဲ'ဟု လှမ်းမေးလိုက်သည်။

ယုမိစံ မျက်စိထဲ၌ နုနုကို မြင်မြင်ချင်း သဘောကျနေသည်။ နုနု ဆင်ယင် ဝတ်စားထားခြင်းတို့သည် အနောက်တိုင်း ခေတ်ဆန်သူ မခင်ဝင်းမူ နှင့် ကွဲလွဲခြားနားခြင်း ရှိသည်ကို သတိပြုမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



နုနုသည် ရှေ့က ဆံပင်များကို မကောက်မတွန့်၊ မြင့်မောက်အောင် ပုံမသွင်းဘဲ ထိပ်၌ ရှင်းရှင်းပိပိ ဖြီးထားလျက် တစ်ပတ်လျှိုဆံထုံးတွင် ဆံမြိတ်ရှည်ကလေး ချထားကာ ခါး၌ ဝတ်ထားသော ချိတ်ထဘီနှင့် လွန်စွာ လိုက်ဖက်နေလျက် ဒါမှ မြန်မာ့အမူအရာ အစစ်ဟု နှစ်သက်သဘောကျခြင်း ဖြစ်သည်။

မြန်မာပြည်ရောက်မှ မြန်မာအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုကို အထူးသတိပြု၍ ကြည့်လေ့ကြည့်ထ ရှိလာခဲ့ရာတွင် နုနုကဲ့သို့ မြန်မာ့အမူ အရာ၊ မြန်မာ့ဟန်ပန် ဝင်နေသော မြန်မာ့အလှကို ရံဖန်ရံခါများမှ တွေ့ရ တတ်သည်။

မြန်မာစကားကို ဂျပန်စကားကဲ့သို့ မြန်မြန် ပြောဆိုတတ်မှုကြောင့် ယုမိစံ၏ မြန်မာစကားကို နေ့စဉ်ကြားနေကျ မခင်ဝင်းမူသာလျှင် လုံးစေ့ ပတ်စေ့ နားလည်လိုက်သည်။

နုနုကား ရုတ်တရက် ယုမိစံ မေးခွန်းကို နားမလည်သေးသလို ဖြစ်နေသည်။

ယုမိစံသည် နုနု ကောင်းကောင်း နားမလည်လိုက်မှန်းသိ၍ ပြန်၍ ဖြည်းဖြည်းမေးတော့မှ နားလည်သွားသည်။

'နုနုလို့ ခေါ်ပါတယ်'

'ဪ. . . နုနု တက္ကသိုလ်မှာ ဘယ်ဘာသာ ယူပါသလဲ'

'ဘီအေ နောက်ဆုံးနှစ်ပါ၊ သမိုင်း ယူပါတယ်'

'တက္ကသိုလ်မှာ နိုင်ငံခြားသားတွေ မြန်မာစာ ဘွဲ့လွန်သင်တန်း လာယူကြတာ ရှိတယ်နော်'

'ရှိကြပါတယ်'

'ဆရာမလည်း မြန်မာစာ ဘွဲ့လွန်သင်တန်း ယူချင်လိုက်တာ'

'ဂျပန်မှာ မြန်မာစကားနဲ့ မြန်မာစာကို ဘယ်လောက်ကြာအောင် သင်ခဲ့ရပါသလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



နုနုသည် ယုမိစံကို စိတ်ဝင်စားစွာဖြင့် မေးကြည့်သည်။

'အိုစကာမြို့မှာ နိုင်ငံရပ်ခြား လေ့လာရေးတက္ကသိုလ်ကျောင်း ရှိပါတယ်၊ တိုကျိုမှာလည်း ရှိပါတယ်၊ ဒီကျောင်းမှာ ဘီအေလို ဒီဂရီအောင်ဖို့ လေးနှစ် သင်ရပါတယ်၊ ဘာသာရပ်ခြား ၁၅ မျိုးရှိတဲ့အနက်က စိတ်ကြိုက် ဘာသာ ယူရပါတယ်။ အိုစကာတက္ကသိုလ်မှာ ဆရာမ မြန်မာစာအဓိက ယူပါတယ်၊ စပိန်နဲ့ ပြင်သစ်ဘာသာလည်း တွဲယူခဲ့ပါတယ်။ ဒီနှစ်ဘာသာ ကတော့ အဓိက ယူထားတဲ့ မြန်မာစာလောက် မများပါဘူး'

'မြန်မာစာက ဘာစာတွေ သင်ပါသလဲ'

မခင်ဝင်းမူက အသေးစိတ် သိချင်၍ ဝင်မေးသည်။

'ဘာသာစကား သင်ရုံသာမကဘဲ သမိုင်းနဲ့ ယဉ်ကျေးမှုတို့ကိုပါ ယူရပါတယ်။ သမိုင်းမှာ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းဘုရား၊ ဘုရင့်နောင်တို့အကြောင်း အကုန်သင်ရပါတယ်၊ တက္ကသိုလ်မှာ လေးနှစ် နေပြီး ဒီဂရီရရင် မြန်မာသတင်းစာ၊ မဂ္ဂဇင်းတွေ ကောင်းကောင်းကြီး ဖတ်နိုင် ပါပြီ။ ဆရာမ အိုစကာတက္ကသိုလ်မှာ ဒီဂရီရပြီး ဘာသာဗေဒ (အမ်အေ) ဆက်တက်ပြီး ဆရာဖြစ်တော့ မြန်မာပြည်ကို လာနိုင်ဖို့ လျှောက်လွှာတင်ပြီး ကြိုးစားရပါတယ်။ ကိုယ်သင်ထားတဲ့ ဘာသာကြောင့် မြန်မာပြည်ကို သိပ်လာချင်ပါတယ်'

ယုမိစံစကားမှာ အဆုံးသတ်သွားပြီဟု ထင်မှတ်ရသော်လည်း အမှန် စင်စစ် ယုမိစံ ဆက်ပြောရမည့် "မောင်လေးတစ်ယောက်ကလည်း မြန်မာ ပြည်မှာ ရှိနေလို့ တွေ့ချင်ပါတယ်"ဆိုသော စကားကို စကားဖြင့် ထုတ်ဖော် ပြောဆိုနိုင်ခြင်း မရှိသေးသည့်အတွက် အိုးတိုးအမ်းတမ်း မျက်နှာကလေးဖြင့် ရပ်သွားသည်။

နုနုသည် ရွှင်လန်း တောက်ပသော မျက်လုံးကလေးဖြင့် ယုမိစံ၏ မျက်နှာကလေးကို ငေးစိုက်လျက် ကြည့်သည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါး အမျိုးသမီးတစ်ဦး၏ နှုတ်မှ ပြောလိုက်သော အနော်ရထာ၊ ကျန်စစ်သား၊



BURMESE CLASSIC .com

www.burmeseclassic.com



ဘုရင့်နောင် စကားလုံးများကို ကြားရခြင်းဖြင့်ပင် ပီတိဖြစ်မိသည်။ အိုစကာ ကောလိပ်ကျောင်း၌ မြန်မာစာကို အဓိကဘာသာအဖြစ် သင်ယူခဲ့သည် ဆိုခြင်းကြောင့် နုနု၏ မျက်စိထဲတွင် ယုမိစံအား ဂျပန်မလေးအသွင်မှ မြန်မာမလေး အသွင်သို့ပင် ပြောင်းကြည့်မိသည်။

ယုမိစံ ကိုယ်၌ ဝတ်ဆင်ထားသော ပိုးဂါဝန်တို အပြာကလေးသည် ယုမိစံ၏ သေးသွယ်သော ခါး၊ ပြည့်ဖြိုးသော တင်ပါးနှင့် ဖြူဝင်းချောမွတ်သော ခြေသလုံးသားတို့ကို အရှင်းသား ဖော်ပြထားသည်။ ဂါဝန်အပြာသည် ဖြူဆွတ်သော ယုမိစံ၏ အသားနှင့် ပနံစားလှသည်။ ဂျပန်အိမ်ပေါ်စီး လွှာချင်းဖိနပ်ကလေး စီးထားလျက် မတွန့်မကောက် နက်မှောင်သော ဆံပင်ကို ကုပ်၌ သားရေကွင်းဖြင့် စုချည်ထားသည်။ ရုတ်တရက် မြင်လိုက်သူတိုင်း ထင်းခနဲ မြင်မိနိုင်သည့် တောက်ပြောင် နက်မှောင်သော မျက်လုံးပေါ်တွင် ဖြောင့်တန်းသော နှာတံကြောင့် ပို၍ လှပလှသည်။ ထာဝစဉ် ရွှင်ပျသော မျက်နှာထား ရှိခြင်းကြောင့် လှပသော မျက်နှာကလေးတွင် ကျက်သရေ ထပ်ဆောင်းထားသည့်အတွက် ဘယ်သူမဆို မြင်မြင်ချင်း ခင်မင်ကြပေလိမ့်မည်။

'ပဲခူးကို ဆရာမ တစ်ခါမှ မရောက်ဖူးသေးပါဘူး၊ နုနု ပဲခူးကို နေ့စဉ်ပဲ ပြန်သွားသလား'

နုနုက ရယ်လိုက်သည်။

'ပဲခူးကို နေ့စဉ်ပြန်လို့ မဖြစ်ပါဘူး၊ တစ်ပတ်မှာ တစ်ခါ ပြန်ပါတယ်'

'ပဲခူးနားက ဘုရားလေးရွာကို နုနု ရောက်သလား'

'မရောက်ဖူးပါဘူး၊ နုနု ဖေဖေ့ဆီကိုလာတဲ့ ဖေဖေ့အသိတစ်ယောက် ဘုရားလေးရွာမှာ နေပါတယ်၊ သူ့ကို ဆရာမ သိချင်တဲ့ မထွေးထွေး အကြောင်း မေးကြည့်ရင် ရနိုင်မယ်လို့ ထင်ပါတယ်'

'နောက်စနေနေ့မှာ ပဲခူးကို ဆရာမ ဘယ်အချိန် သွားမလဲ၊ နုနုတို့ အိမ်ကို သွားဖို့ နုနုပါ အတူတူ လိုက်ခဲ့ပါ့မယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'အို. . . ဒီလိုဆိုရင် နံနက် ခြောက်နာရီမှာ သွားချင်ပါတယ်'

ဆရာမ မခင်ဝင်းမူနှင့် နုနုတို့ ပြိုင်တူ ရယ်မောလိုက်ကြသည်။ ယုမိစံသည် သူပြောသည့် စကားကို ဘာကြောင့် ပြိုင်တူ ရယ်ကြသလဲဟု တွေးလိုက်သည်။ ဆရာမ မခင်ဝင်းမူက ရယ်မောပြီးမှ ပြန်ပြောသည်။

'ခြောက်နာရီက စောအားကြီးပါတယ် ဆရာမရယ်၊ ဒီလို လုပ်ပါ။ နံနက် ခုနစ်နာရီမှာ နုနုနဲ့ ကျွန်မ ကျောင်းကပဲ စောင့်နေမယ်၊ ကျောင်းကို ဆရာမ ခုနစ်နာရီ လာခဲ့ပေါ့၊ အဲ့ဒီမှာ ဆုံပေါ့'

ယုမိစံသည် မဖျောက်နိုင်သော သူ့စရိုက်အတိုင်း 'ဟိုက် ဟိုက်' ပြောမိပြီးမှ "ဆုံပေါ့"ဆိုတာ ဘာအဓိပ္ပာယ် ရှိသလဲ' ဟုမေးလိုက်သည်။

အဓိပ္ပာယ် မကွဲပြားသော စကားလုံးတစ်လုံးကို ကြားသိရလျှင် မှတ်သားထားရန် ချက်ချင်း ပြန်မေးလေ့ရှိသည်။

'ဆုံပေါ့ဆိုတာ အတူတူစုပြီး သွားဖို့အတွက် သုံးတဲ့စကားပါ'

ဆရာမလေး မခင်ဝင်းမူက ယုမိစံ သဘောပေါက်အောင် ရှင်းပြောပြသည်။

'မြန်မာစကားမှာ ဆင်တူတဲ့ အသံတွေ အများကြီးရှိတယ်၊ ဆရာမ မသိသေးတာတွေ အများကြီး ရှိသေးတယ်'

နုနုသည် ယုမိစံ၏ မပီတပီ ကြည်လင်ချိုမြသော အသံကလေးဖြင့် ပြောဆိုသော မြန်မာစကားကို နားထောင်၍ ကောင်းလိုက်တာဟု ထင်မိသည်။

မခင်ဝင်းမူက ဝင်၍ ပြောသည်။

'ဆရာမ ဂျပန်က ရောက်လာစထက် အခု၄-၅လမှာ မြန်မာစကား ပြောတာ ပိုပြီး ပီလည်းလာတယ်၊ သွက်လာတယ်။ စကားလုံး အသစ်တွေလည်း အများကြီး ပြောတတ်နေတယ်၊ ဒီမှာကော မြန်မာဆရာနဲ့ စာဆက်သင်နေသေးလား'

'စကားကောင်းကောင်း ပြောတတ်ဖို့အတွက်တော့ ဆရာ ခေါ်စရာ



BURMESE CLASSIC .com

www.burmeseclassic.com



မလိုပါဘူး မခင်ဝင်းမူ၊ ဆရာမမှာ ဩဘားစံ ရှိပါတယ်။ ဆရာမကို စကားပီပီ ပြောတတ်အောင် နေ့တိုင်း သူ စောင့်ပြောပေးပါတယ်၊ မပီရင် ထပ်ကာ ထပ်ကာ ပီအောင် ပြောပြခိုင်းတယ်'

ယုမိစံသည် ပြောပြီး ချိုမြသော အသံကလေးနှင့် ရယ်မောလိုက်သည်။

'ဟန်ကျတာပေါ့ ဆရာမ၊ ဒီမိန်းမကြီးက သူ့ကြည့်ရတာ ချစ်စရာကြီးပဲ၊ ဘယ်သူ ငှားပေးတာလဲ'

'သံရုံး အကူအညီနဲ့ ရပါတယ်၊ ဩဘားစံကိုရတာ ဆရာမကံကောင်းတာပဲ။ အိမ်အလုပ်လည်း ဘာတစ်ခုမှ ပြန်မကြည့်ရဘူး၊ သိပ်လုပ်တတ်တာပဲ၊ သန့်ရှင်းတာကို ဆရာမ သိပ်ကြိုက်တယ်'

'လခ ဘယ်လောက်ပေးရသလဲ'

နုနုက မေးကြည့်လိုက်သည်။

'တစ်လ ၁၅၀ ကျပ် ပေးရပါတယ်'

'လခ ကောင်းသားပဲ၊ ဟုတ်ပါရဲ့၊ အိမ်လည်း သန့်ပြောင်နေတာပဲ၊ သူတစ်ယောက်တည်း အိမ်အလုပ်တွေ အားလုံး လုပ်သလား ဆရာမ'

'အဝတ်လျှော်တာ၊ အမှိုက်လှည်းတာ ကုလားမလေး ငှားထားပါတယ်။ ဈေးသွားတဲ့အလုပ်၊ ထမင်းချက်တဲ့အလုပ်၊ အိမ်အလှအပပြင်တဲ့ အလုပ်တွေကို ဩဘားစံ လုပ်ပါတယ်။ ဆရာမ ဘာမှ မလုပ်ရပါဘူး၊ အဝတ်ချုပ်လည်း ကောင်းကောင်းတတ်တယ်'

'ဟန်ပဲကျသေးတော့'ဟု မခင်ဝင်းမူက နုနုကို လှမ်းပြောပြီးမှ ဆက်ပြောသည်။

'ဆရာမ မြန်မာပြည်မှာ လာနေတုန်း မြန်မာအဒေါ်တစ်ယောက်လည်း ရတာပေါ့နော်'

'သူ ရောက်စက ဆရာမကို အိမ်ရှင်လိုပဲ ဆက်ဆံတယ်၊ ဆရာမက သူ့ကို ဩဘာစံခေါ်ပြီး သူက ပြန်ပြီး ဆရာမကြီး ခေါ်နေတာ မကြိုက်လို့

www.burmeseclassic.com



ဆရာမနာမည် ခေါ်ပါ ပြောရတယ်။ ဒါကြောင့် အခု ဆရာမကို မယုလို့ ခေါ်တယ်၊ မြန်မာနာမည် မကောင်းဘူးလား၊ ကောင်းတယ်နော်၊ တစ်ခါ တစ်ခါလည်း မယ်မင်းကြီးမလေး ခေါ်တယ်'

နုနုနှင့် မခင်ဝင်းမူတို့သည် ယုမိစံ၏ နားထောင်ချင့်စဖွယ် ပြောပုံ ဆိုပုံ အမူအရာလေးနှင့်တကွ၊ စိတ်နေစိတ်ထား ယဉ်ကျေးမှုကို သဘောကျ နေကြကာ ယုမိစံနှင့်ရော၍ တပျော်တပါးကြီး ရယ်မောနေကြသည်။

'ရွှေတိဂုံတော်ကားကြီးက သပ္ပာယ်လိုက်တာ၊ ဒါ ဘယ်က ဝယ်တာလဲ၊ ဘယ်သူ့လက်ရာလဲဟင်'

မခင်ဝင်းမူက ယုမိစံ၏ ဧည့်ခန်း အဆင်အပြင်နှင့်တကွ၊ ဧည့်ခန်း ထိပ်မှ ဘုရားပုံတော် ကားကြီးကို ကြည့်ကာ ကျက်သရေရှိလိုက်တာဟု စိတ်၌ ချီးကျူးလျက် ရှိသည်။

'ဆရာမ ဆွဲတာပါ၊ ဩဘားစံနဲ့ ဘုရားကို နေ့တိုင်းသွားကြပြီး ဆွဲနေတာ။ ပြီးတာ မကြာသေးဘူး'

'အို. . . ဆရာမ ပန်းချီတတ်သကိုး၊ ပန်းချီ သိပ်တော်ပါလား'

မခင်ဝင်းမူက ထိုင်ရာမှ ထ၍ ပန်းချီကားကို ရပ်ကြည့်နေသည်။ နုနုလည်း ထ၍ကြည့်သည်။ နုနုစိတ်ထဲ၌ ယုမိစံကို ခင်မင်ရာမှ လေးစားခြင်း ရှိလာသည်။ ဂျပန်လူမျိုး၌ အထူးသဖြင့် ဂျပန်အမျိုးသမီးများ၌ အတုယူချင် ဖွယ်ရာ လေးစားအပ်သည့် အမျိုးသမီး အတတ်ပညာ အရပ်ရပ် ပြည့်စုံ ကြွယ်ဝ တတ်မြောက်ကြသူတွေ များခြင်းမို့ အားကျမိသည်။

'မြန်မာပြည်မှာ နေတဲ့အခိုက် ဆရာမ ပုံတွေ အများကြီး ဆွဲစရာ ရှိတယ်၊ ပုဂံ မန္တလေး ဆရာမ သွားရမယ်၊ မြန်မာ့ အနုပညာရပ်တွေကို အများကြီး စိတ်ဝင်စားပါတယ်'

သမိုင်းဘာသာ သင်ယူနေသော နုနုက သူ့ကိုယ်သူ ဆန်းစစ်ကြည့် မိသည်။ ကိုယ့်နိုင်ငံ၌ရှိသော အမွေအနှစ် အရပ်ရပ်ကို ယုမိစံလောက် စိတ်ဝင် စားမှု ရှိ မရှိ၊ တန်ဖိုးထားမှု ရှိ မရှိ၊ လေ့လာတတ်မြောက်လိုမှု ရှိ မရှိ

www.burmeseclassic.com



ဆန်းစစ်ကြည့်သည်။ ပေါ့ဆ လျော့ပါးလျက်ရှိသော သူ့စိတ်ကို ယုမိစံနှင့် တွေ့ရမှ ဆန်းစစ်ကြည့်မိ တွေ့ရှိလျက်၊ သူ့ကိုယ်သူပင် ပြန်၍ အားမရ သလိုလို ဖြစ်မိသည်။ မရောက်ဖူးသေးသော ပုဂံသို့ ရောက်ဖူးမှ ဖြစ်မည်ဟု အသိဝင်လာသည်။

မခင်ဝင်းမူတို့ ပြန်သွားကြသည့် အခါ၌ ယုမိစံသည် ဧည့်ခန်းထဲ၌ ငြိမ်သက်စွာ ထိုင်လျက်ရှိသည်။ ယုမိစံ၏ မျက်နှာကလေးတွင် မျက်ခုံးရှုံ့၍ ရင်တဖိုဖိုဖြင့် စဉ်းစားနေဟန်လည်း ပေါ်၏။ မျက်ခုံးကိုချီ၍ ရွှင်လန်း ပြုံးချိုသည့် အသွင်သို့လည်း ပြောင်းသွား၏။

ယုမိစံသည် မောင်လေးသတင်းကို ထောက်လှမ်းနိုင်ရန် လမ်းစ ရလာခြင်းကြောင့် ပဲခူးသွားရမည့် အရေးကိုတွေးကာ ဝမ်းသာ ဖိုလှိုက် နေသည်။ မောင်လေးများ သူ့ကို အစ်မမှန်းသိလျှင် ဘယ်လိုနေမည်လဲ။

မောင်လေးနဲ့များ တွေ့ရလျှင် ဘယ်လိုနေမည်လဲ ဆိုသော အချက် သည် သူ့ခေါင်းထဲသို့ ဝင်လာတတ်စမြဲ ဖြစ်သည်။ သူက အစ်မဖြစ်ကြောင်း ဖွင့်ပြောလိုက်သောအခါ၌ ဝမ်းသာလွန်း၍ ငိုလေမည်လား၊ စိတ်ထိခိုက်သွား မည်လား ဟူသော အတွေးတို့လည်း ပါဝင်၏။ တစ်မိ ဝမ်းတွင်းက ဆင်း သက်ကြသော မောင်နှမမဟုတ်ကြသော်လည်း ဖခင်မှာ တစ်ဖခင်တည်း ဖြစ်ကြခြင်းကြောင့် သူ့ဘက်က အစ်မအနေဖြင့် ချစ်ခင်တွယ်တာမှု ရှိ သကဲ့သို့၊ သူ့ကို တွေ့လျှင်လည်း သူကဲ့သို့ အလေးအနက် သံယောဇဉ် ရှိမည် မရှိမည် ဤအချက်ကိုလည်း တွေးကြည့်၏။

ယုမိစံသည် မောင်လေးအကြောင်းကို ဘယ်ဘက်က လှည့်တွေးတွေး သူနှင့် တစ်ဖအေတည်းဖြစ်သော သူ့မောင်မှ သူ့မောင်ပဲ ဖြစ်သည်။ သူနှင့် သူ့မောင်လေး စပ်ကြား၌ရှိနေသော မထွေးထွေးမှာ၊ သူနှင့် သွေးစပ်၍ မရသော သူစိမ်းတစ်ရံဆံ တစ်ယောက်ကဲ့သို့ပင် အောက်မေ့မှတ်ထင်သည်။ မောင်လေး အိမ်ထောင်များ ကျနေပြီလား၊ အလုပ်လုပ်နေပြီလား စသော



BURMESE CLASSIC .com

www.burmeseclassic.com



အတွေးများမှာ ညနေစောင်း၍ မှောင်သွားပြီဖြစ်သော်လည်း ဧည့်ခန်းထဲ၌ ထိုင်တွေးလျက်ပင် ရှိလေသည်။

'ရေချိုးပါတော့လား မယုလေး'

ဧည့်ခန်းထဲ၌ တစ်ယောက်တည်း ငုတ်တုတ်ထိုင်ကာ ငြိမ်သက်တိတ်ဆိတ်နေသော ယုမိစံအား အဝေးက တရစ်ဝဲဝဲလုပ်ရင်း၊ အကဲခတ်ရင်း ရေချိုးရန် ဒေါ်အောင်မေက လှမ်းသတိပေးလိုက်သည်။

ယုမိစံသည် ဒေါ်အောင်မေ၏ အသံကြားရတော့မှ ဒေါ်အောင်မေကို လှည့်ကြည့်လိုက်သည်။ လှည့်ကြည့်လိုက်မှ မောင်လေး၏မိခင် မထွေးထွေး ကို ဖျတ်ခနဲ ပိုးတဝါး မြင်လိုက်သလိုပင် စိတ်ထဲက ဖြစ်မိသည်။ ခုလောက် ဆိုရင် ဒေါ်အောင်မေ အသက်အရွယ်လောက် ရှိနေမလားဟု စဉ်းစားရင်း ဒေါ်အောင်မေကို စိုက်ကြည့်နေမိသည်။

ယုမိစံ အကြည့်သည် ခါတိုင်းနေ့များနှင့် မတူ၊ ထူးခြားမှု တစ်ခုခု ရှိသယောင်ယောင် စိတ်ထဲ၌ ထင်မိ၍ ဒေါ်အောင်မေက မေးလိုက်သည်။

'မယု အကြာကြီးထိုင်ပြီး ဘာတွေများ စဉ်းစားနေသလဲရှင်'

'ဩဘားစံကို မေးပါရစေ၊ မြန်မာပြည်မှာ အဖေတူတယ် အမေကွဲတယ်၊ သူတို့သားသမီးတွေဟာ အဖေအတူ အမေအတူက သားသမီးတွေလိုပဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြရဲ့လား။ ယုမိ သိချင်တယ်'

ဒေါ်အောင်မေသည် ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ပြုံးပြုံးကြီး နားထောင်လျက် နေသည်။

'မြန်မာမှာက ဒီလိုရှိတယ် မယု၊ မအေတူ ဖအေတူက မွေးတဲ့သား သမီး ညီအစ်ကို မောင်နှမရင်းတွေ ချစ်တဲ့အချစ်နဲ့ ဖအေကွဲ မအေကွဲက မွေးတဲ့ ညီအစ်ကို မောင်နှမတွေ ချစ်တဲ့အချစ်က အချစ်ချင်း မတူဘူး၊ နည်းနည်းတော့ ကွာတယ်၊ သွေးခြားသွားတာကြောင့်ပဲ။ ဒါလည်း ဒီပုံစံ အတိုင်းကြီးပဲ ပြောလို့မရဘူး၊ ညီအစ်ကိုမောင်နှမ များတာနဲ့ နည်းတာအပေါ် မှာ ကွာသွားသေးတယ်။ တကယ်လို့ ဖအေတူ မအေကွဲပေမယ့် ညီအစ်မ



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်ယောက်တည်း ဖြစ်နေရင် ဒါမှမဟုတ် မောင်နှမနှစ်ယောက်တည်း ဖြစ်နေရင် တစ်ဖအေ တစ်မအေတည်းက မွေးသလို ချစ်ကြတာပဲ၊ ဂျပန်မှာကော ဘယ်လိုလဲ'

ယုမိစံက အားတက်သရော အသံကလေးဖြင့် ပြန်ပြောသည်။

'ဂျပန်မှာ သေသွားပြီးမှ အိမ်ထောင်ထပ်ပြုလို့ရတဲ့ သားသမီးနဲ့ အရင်ရှိတဲ့ သားသမီးနဲ့ဟာ မောင်နှမအရင်းတိုင်းပဲ ချစ်ကြတာပဲ ဩဘားစံ'

'မြန်မာမှာလည်း ဂျပန်အတိုင်းပဲ မယုရဲ့၊ သေသွားပြီးမှ နောက်အိမ်ထောင်ကရတဲ့ သားသမီးနဲ့ အရင်အိမ်ထောင်ကရတဲ့ သားသမီးနဲ့ဟာ အရင်းလိုပဲ သဘောထားတတ်ပြီး ချစ်ကြတယ်။ သေတာ မဟုတ်ဘဲ မယားကြီး မယားငယ် ပြိုင်တူက မွေးကြတာဆိုရင်တော့ ဘယ်လိုပဲ အဖေတူတူ အချစ်အခင်ပေါ့တာ၊ စိမ်းတာများတယ်'

ယုမိစံက နှစ်ခြိုက်သော အပြုံးဖြင့်၊ တောက်ပသော မျက်လုံးဖြင့် ပြန်မေးလိုက်သည်။

'ဥပမာပြောမယ်၊ ဩဘားစံအမေ သေသွားပြီးမှ ဩဘားစံအဖေက နောက်အိမ်ထောင်ပြုတယ် ဆိုပါတော့။ သူကမွေးတဲ့ သားသမီးဆိုရင် ဩဘားစံ မချစ်ဘူးလား'

'အမေသေပြီးမှ နောက်အိမ်ထောင်က မွေးတာဆိုရင် ချစ်ရမှာပေါ့ မယုရဲ့။ တကယ်လို့များ ဩဘားစံက သမီးတစ်ယောက်တည်း ဆိုပါတော့၊ နောက်အိမ်ထောင်က သားတစ်ယောက်မွေးတယ်ဆိုရင် မောင်နဲ့အစ်မ ဖြစ်လို့ မောင်နှမအဖြစ်က ပိုပြီး ချစ်လိမ့်ဦးမယ်'

ဒေါ်အောင်မေ၏ အဖြေသည် ဂွမ်းကို ဆီနှစ်လိုက်သလို ယုမိစံ၏ တစ်ကိုယ်လုံး ပီတိတွေ စိမ့်ဖြာသွားသော အဖြေဖြစ်သည်။

'ဩဘားစံ၊ ဒီမောင်နှမမှာ မောင်က အစ်မကို ပိုချစ်မလား၊ အစ်မက မောင့်ကို ပိုချစ်မလား ပြောစမ်းပါ'

ဒေါ်အောင်မေ၏ နှုတ်မှအဖြေကို ကြာကြာ မဆိုင်းနိုင်အောင်



BURMESE CLASSIC .com

www.burmeseclassic.com



ကြားသိချင်စိတ်ဖြင့် ထိုင်ရာမှ ငေါက်ခနဲထ၍ ဒေါ်အောင်မေ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်မေးကြည့်သည်။

ဒေါ်အောင်မေမှာ သူ့အား တရင်းတနှီး ဖက်လှဲတကင်းလုပ်ကာ မေးပုံကလေးကို သဘောကျလှကာ၊ ကလေးလေးနဲ့ တူလိုက်တာဟု ပို၍ ချစ်မိ ခင်မိသည်။ ဒေါ်အောင်မေကလည်း လေအေးအေးကလေးဖြင့် ပြန်ဖြေ သည်။

'အစ်မဆိုတာ မောင်ထက်အကြီး မဟုတ်လား၊ အကြီးဆိုတော့ အမေနဲ့ တူတူပဲ၊ အစ်မက မောင်ထက် ပိုချစ်ရမှာပေါ့ မယုရဲ့'

ယုမိစံသည် ထိုအဖြေကြောင့် နားချမ်းသာရုံမက စိတ်ပါချမ်းသာ သွားကာ 'မှန်တယ်. . . မှန်တယ်'ဆိုလိုက်သည်။

ထို့နောက် ယုမိစံက ဆက်၍ပြောသည်။

'ဂျပန်နဲ့ မြန်မာနဲ့ အရှေ့တိုင်းသားချင်း ထုံးစံဓလေ့ တူတာတွေ အများကြီး ရှိတယ်နော်၊ ယုမိတို့ ဂျပန်မှာ အစ်ကိုကြီးဆိုရင် အဖေနေရာမှာ ရှိတယ်၊ အစ်မကြီးဆိုရင်လည်း အမေနေရာမှာ ရှိတယ်၊ ဂျပန်နဲ့ မြန်မာနဲ့ တူလိုက်တာနော်'

ဒေါ်အောင်မေသည် ယနေ့ညနေ ယုမိစံ မေမြန်းစူးစမ်းသော မေးခွန်းတိုင်းကို ထူးထွေသည် မထင်မိ။ မြန်မာစရိုက် ဓလေ့ထုံးစံ မှန်သမျှ နေ့စဉ်နေ့တိုင်း တစ်မျိုးမဟုတ်တစ်မျိုး မေးမြန်းစူးစမ်းနေကျ ဖြစ်သည်။ ယုမိစံ နားလည်အောင် ဒေါ်အောင်မေက အဓိပ္ပာယ်အနက် ရှင်းပြစမြဲ ဖြစ်သည်။

'ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ အရှေ့တိုင်းသားတွေဟာ ဗုဒ္ဓဘာသာ နွယ်ပြီး၊ ထုံးစံဓလေ့တွေလည်း ဆင်တူတာတွေ များတာပေါ့။ မယုက အဖေ ချစ်လား. . . အမေချစ်လား'

'ယုမိ အမေက ယုမိကို မွေးပြီးပြီးချင်း သေသွားတယ်၊ ယုမိမှာ အမေ မရှိပါဘူး၊ ယုမိက အဖေချစ်ပဲ၊ ဩဘားစံကော'

www.burmeseclassic.com



ဒေါ်အောင်မေက ပြုံးပြီးမှ မဲ့၍ပြောသည်။

'ဩဘားစံကတော့ အမေချစ်ပဲ၊ ဩဘာစံငယ်ငယ်မှာ အဖေက မယားငယ် ယူသွားတော့ ဩဘားစံ အဖေကို သိပ်မုန်းတာပဲ။ နောက်မယား ငယ်က မွေးတာတွေကိုလည်း မျက်နှာချင်းတောင် ဆိုင်လို့မရဘူး'

ဒေါ်အောင်မေသည် ရယ်လိုက်သည်။ ရယ်မောပြီးမှ မျက်နှာပိုး သတ်ကာ ပြောလိုက်သည်။

'ကိုင်း မယ်မင်းကြီးမလေး ရေချိုးပါတော့၊ အချိန် ၇ နာရီ ရှိပြီလေ'

ဒေါ်အောင်မေက ထုံးစံအတိုင်း အချိန်နှင့် ဇယားနှင့် စနစ်နှင့် ပြ၍ ဩဇာပေးလာလျှင် ယုမိစံက နာခံသည့်သဘော ပြသည်။

အမှန်စင်စစ် ဒေါ်အောင်မေသည် ယုမိစံ၏ အိမ်ဖော်လည်း ဟုတ်၏။ ယုမိစံ၏ အဒေါ်လည်း ဆိုနိုင်၏။ ပို၍ မှန်ကန်မည်မှာက ကလေးလေး တစ်ယောက်ကို ထိန်းကျောင်းကြည့်ရှု မွေးမြူသော အထိန်းတော်ကြီး၊ နာနီ ကြီးနှင့် တူလေသည်။

## ၃

တန်ဆောင်းမုန်း လရာသီသို့ ဝင်ခဲ့ပေပြီ။ နံနက်စောစောက ကတ္တရာလမ်းမကြီး ပေါ်၌ နှင်းငွေနှင်းစက်ကလေးများ ဖျန်းစိုပက်ထားသည်။ မြောက်ပြန်လေ သည် မြူနှင်းမှုန်ပါးပါးကြားမှ ဝေ့၍လာရာ အေးမြ လန်းဆန်းသွားသည်။ တရိပ်ရိပ် ပြေးနေသော ကားပေါ်မှ အဝေးသို့ လှမ်းမျှော်ကြည့်လျှင် အဝေး တစ်နေရာ၌ သစ်ရိပ်တို့ဖြင့် ဆိုင်းကာ အုပ်အုပ်မှိုင်းနေကြသည်။ မကြာမီ ရော်ဘာပင်ရိပ်တို့ကြားမှ နေဝန်းသည် တရိပ်ရိပ် ပြူလာကာ လမ်းပေါ်သို့ နေရောင်များ ထိုးဖောက်ကျလာသည်။

ပဲခူးသို့ ထွက်လာသော ယုမိစံသည် တစ်ခါမှ မမြင်စဖူးသော ချမ်းမြေ့ပျော်မွေ့ခြင်းမျိုးကို တစိမ့်စိမ့် ခံစားလိုက်ပါလာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အတွေးများသည် ကောင်းကင်မှ တိမ်ဆုပ်တိမ်အုပ်တို့နှင့်အတူ လွင့်လိုလေရာ လွင့်မျောလျက် ရှိသည်။

ထိုအတွေးများထဲ၌ ထူးခြားသော ခံစားချက်ဖြင့် တသိမ့်သိမ့် ဖြစ်ရ သည်။ ယုမိစံသည် သူ မမြင်ဖူး၊ မသိဖူးသော မိထွေးနှင့် မောင်လေးကို သွားရောက်တွေ့ဆုံရန် လာခဲ့ရခြင်းဖြစ်သည်။

သူနှင့် မတွေ့ဖူး၊ မမြင်ဖူးပါလျက် ကိုယ့်မိသားစု၊ ကိုယ့်အရပ်၊ ကိုယ့်အိမ်ဆီသို့ သွားနေရသကဲ့သို့ ထူးခြားသော ခံစားချက်ကို ခံစားနေရခြင်း ဖြစ်သည်။

လမ်းတွင် ဖြတ်ကျော်ခဲ့သော မြရောင်လျှမ်းနေသည့် လယ်ကွင်းပြင်ကြီးများ။ ဟိုနေရာတစ်ပင်၊ ဒီနေရာတစ်ပင် ပေါက်နေကြသော သစ်ပင်ကြီးများ။ မကြာခဏ ဖြတ်ကျော်သွားရသော ရေမြောင်းတံတားများ၊ ရွာဦး၌ ထုံးဖွေးဖွေးရှိသော စေတီပုထိုးတို့နှင့် ကျေးရွာအားလုံးသည် လမ်းခရီး တစ်လျှောက်လုံး မကြာခဏ တွေ့ရှိလိုက်ရသော ပတ်ဝန်းကျင်ဖြစ်၍ ယုမိစံ မျက်စိယဉ်လာသည်။

ယုမိစံဘေး၌ ထိုင်နေသော နုနုမှာ သူ့အိမ်သို့ နိုင်ငံခြားသူ တစ်ဦးကို ခေါ်ဆောင်သွားသူအဖြစ် စိတ်ကူးယဉ်ကောင်း ယဉ်နေသည်လား မသိ၊ စကား မပြောလှဘဲ၊ တိတ်နေသည်။ မခင်ဝင်းမူမှာ ဤခရီး၌ အဖော်မပါ လာနိုင်တော့ဘဲ ကိစ္စရေးပေါ်၍ နေရစ်ခဲ့ရခြင်းကြောင့် နုနုမှာ စကားများများ မပြောနိုင်ဘဲ ခပ်မဆိတ်ပင် ထိုင်လိုက်လာသည်။

ကားသည် အင်းတကော်မှ ကျော်လွန်လာသောအခါ တစ်ဖြောင့် တည်းတည်း သွားသော ကတ္တရာလမ်းပေါ်၌ သူတစ်စီးတည်း မင်းမူကာ လျင်မြန်စွာ မောင်းနှင်နေသည်။

"မောင်လေးရေ့ . . မောင်လေးဆီကို မမ လာခဲ့ပြီ၊ မင်းဖေဖေရဲ့ ဓာတ်ပုံကို မောင်လေးအတွက် မမ ယူလာခဲ့တယ်၊ ရောက်ခါနီးပါတော့မယ် မောင်လေးရယ်" ယုမိစံသည် စိတ်ထဲ၌ ဤသို့ ပြောကြားလာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အဝေးမှ ရွှေမော်ဓော စေတီကြီးကို ခါးလယ်မှဖြတ်၍ ပျပျကလေး မြင်လိုက်ရသည့် အခါ၌ နုနုထံမှ အသံထွက်လာသည်။

'ပဲခူး ရောက်တော့မယ် နီးပြီ'

ယုမိစံက 'ဟိုက် ဟိုက်'ဆိုကာ ရင်ထဲ၌ မြူးသွားသည်။

'ရန်ကုန်မှာ ရွှေတိဂုံ၊ ပဲခူးမှာ ရွှေမော်ဓော၊ သမိုင်းဝင် တန်ခိုးကြီး ဘုရားတွေပဲ ဆရာမ'

နုနုသည် ရွာတစ်ရွာဖြတ်လျှင် ရွာနာမည် ပြောပြသည်။ မိုင်တိုင် တွေ့လျှင် မိုင်တွက်ပြသည်။ ယုမိစံ စကားပြောချင်ပုံ ပေါ်လျှင် သူက လိုက်ပြောသည်။ ယုမိစံ စကားမပြောချင်ပုံပေါ်လျှင် အလိုက်သိစွာ သူလည်း သူ့စိတ်ကူးနှင့် သူ၊ သူ့အတွေးနှင့် သူ။

ပဲခူးအဝင် "ကြိုဆိုပါသည်"ဆိုသော ဆိုင်းဘုတ်ကြီးကို ယုမိစံ ဖတ်လိုက်ရသည်။ မကြာမီ ရွှေရောင်တို့ဖြင့် ဖိတ်ဖိတ်ဝင်းနေသော ရွှေမော်ဓေါ စေတီတော်ကြီးသည် တစ်ဆူလုံး မြင်သာအောင်ကိုယ်ထင်ပြလာသည်။ ယုမိစံသည် နုနု အတုယူ၍ နုနု လုပ်သလို နဖူးပေါ်တွင် လက်ကလေး ယှက်မိုးလိုက်သည်။

ဤအပြုအမူသည် ကားပေါ်မှနေ၍ ရှိခိုးခြင်း၊ ဆုတောင်းခြင်း ဖြစ်သည်ကို သူ နားလည်သည်။ ပဲခူးမြို့ထဲ ဝင်လာပြီးနောက် တံတားကြီး အကျော် လမ်းတစ်ဖက်သို့ ချိုးကွေ့ ဝင်လိုက်ကြသည်။ လမ်းတွင် ဆိုက်ကား များ၊ မြင်းလှည်းများကို ရှောင်ရှား၍ ဘီးလှိမ့်ရုံ မောင်းသွားရသည်။

ခြံဝင်းနှင့် နှစ်ထပ်တိုက်ခံအိမ် တစ်လုံးရှေ့၌ ကားကို ရပ်စေပြီး နုနုက ခြံထဲ ဝင်ခိုင်းသည်။

နုနုဖခင် ဦးသောင်းနှင့် မိခင် ဒေါ်လှရွှေက အိမ်ဝမှ လှိုက်လှဲစွာ ခရီးဦးကြိုပြုကြသည်။ နုနုက တင်ကြိုအကြောင်းကြားထားခြင်းကြောင့် အိမ်ကို သန့်ရှင်း ပြင်ဆင်ကာ ဖွယ်ဖွယ်ရာရာ မြန်မာစားစရာများပါ စီစဉ် ထားကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ကိုယ်တိုင် ကိုင်းညွတ်ကုန်းလျက် ဂါရဝပြုကာ နှုတ်ဆက်လိုက်သည်။ ဒေါ်လှရွှေက ယုမိစံ ပြုံးလိုက်သော အပြုံးကလေးကို ချစ်ဖို့ကောင်းလိုက်ပါဘိဟု သူ့ဟာသူ ပြောမိသည်။

'မြန်မာစကား ကောင်းကောင်းပြောနိုင်ပါတယ် ဖေဖေ'

နုနုက ပြောပြီး ယုမိစံကို မိဘများနှင့် မိတ်ဆက်ပေးသည်။

'ဆရာမ လာမယ့်အကြောင်း နုနုဆီက စာရတော့ ကျွန်တော်တို့ တစ်အိမ်သားလုံး ဝမ်းသာနေကြတယ်၊ ကျွန်တော်တို့ကို မိတ်ဆွေရင်းချာလိုပဲ အမှတ်ထားပါ ဆရာမ'

ဦးသောင်း၏ ဖော်ရွေမှုကြောင့် ယုမိစံမှာ ခရီးရောက်မဆိုက် ကြည်နူး သွားသည်။ ကျေးဇူးတင်ရှိကြောင်းကို ကိုယ်ရောစိတ်ပါ ပြော၍မဝနိုင်တိုင်း အကြိမ်ကြိမ် ထပ်ပြောမိသည်။

ယုမိစံကို ဧည့်ခန်းသို့ ခေါ်ဆောင်သွားကြသည်။

'ထိုင်ပါဦး ဆရာမ၊ ကော်ဖီသောက်ပြီးမှ ကျွန်မတို့ ဘုရားလေးရှာကို သွားကြမယ်'

ယုမိစံသည် ကုလားထိုင်၌ ဝင်ထိုင်မည် လုပ်ပြီးမှ ဧည့်ခန်းထောင့်တစ်နေရာ၌ သူ တွေ့လိုက်သော ပစ္စည်းနှစ်ခုဆီသို့ မျက်စိရောက်သွားသည်။ ယုမိစံသည် လက်ညှိုးကလေး ညွှန်လျက် နုနုကို. . .

'ဒါ ဘာခေါ်သလဲ' မေးကြည့်သည်။

'ပတ္တလား ခေါ်တယ် ဆရာမ၊ ဟိုဟာက စောင်း'

မှန်စီရွှေချများနှင့် ပြုလုပ်ထားသော ဝါးပတ္တလားနှင့် စောင်းကောက် ကြီးရှိရာသို့ ယုမိစံ သွားကြည့်သည်။

'ဆရာမ စောင်းတော့ မြင်ဖူးပါတယ်၊ ဂျပန်မှာ မြန်မာ့စောင်း ပြဇာတ် ကြည့်ဖူးတယ်၊ စောင်းကို အခုလို နီးနီးကပ်ကပ် မကြည့်ဖူးသေးပါဘူး'

ယုမိစံသည် စောင်းကြိုးများကို လက်ညှိုးဖြင့် တို့ခတ်ကြည့်သည်။ နုနုက တစ်ဖက်မှ ပတ္တလားကို ခေါက်ပြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'နုနု တီးတတ်သလား'

'အတီး သင်နေပါတယ် ဆရာမ'

နားပါး၍ အနုပညာ အရသာ ခံစားတတ်သော ယုမိစံသည် ဤ တူရိယာမှ ထွက်ပေါ်မည့် ဂီတသံကို ကြားလိုစိတ် ရှိလာသည်။

'ဆရာမလည်း ဂီတဝါသနာ ပါပါတယ်၊ စန္ဒရား တီးပါတယ်၊ ဒီအသံကို မကြားဖူးသေးလို့ နည်းနည်းလောက် တီးပြပါ'

နုနုသည် ပတ္တလားကို ကျွမ်းကျင်လှပစွာ ခေါက်သွားသည်။ ယုမိစံ မှာ တူရိယာမှ တစ်သံပြီးတစ်သံ ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသော မြန်မာ့ ဂီတသံများကို အရသာခံလျက် နားစိုက်ထားခိုက် လာရင်းကိစ္စပင် တဒင်္ဂ မေ့ပျောက်သွားသည်။

'သိပ်ကောင်းတာပါပဲလား၊ ဆရာမ တီးတတ်ချင်တယ်၊ ဆရာမ သင်ရင် ဖြစ်နိုင်ပါ့မလား'

အနီး၌ ဝိုင်းအုံရပ်ကြည့်နေသော နုနုတို့ အိမ်သားများသည် မြန်မာ စကား ပြောသော ဂျပန်မလေးကို ကြည့်၍မဝ၊ နားထောင်၍မငြီး၊ ထူးထူး ဆန်းဆန်းကြီး ဖြစ်နေကြသည်။

'ရန်ကုန်မှာ ဆရာ ငှားသင်ရင် ဆရာမ တတ်ပါလိမ့်မယ် ခင်ဗျာ၊ စန္ဒရားတတ်ရင် ဒါ လွယ်ပါတယ်၊ အလွန်ဆုံး သင်ရလှ တစ်နှစ်ပေါ့'

ဦးသောင်းက ကူညီရိုင်းပင်းချင်စိတ်ဖြင့် ပြောလိုက်သည်။

ဤနံနက်ခင်း၌ နုနုတို့ မိသားစုက ကော်ဖီ၊ ရေနွေးကြမ်း၊ မြန်မာ မုန့်မျိုးစုံတို့ဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးကြသည်။ ဦးသောင်းက ဘုရား လေးရွာ၌ သူ့တပည့်ရှိကြောင်း၊ တပည့်ကို စုံစမ်းလျှင် ဆရာမ တွေ့လိုသော မထွေးထွေးကို ရှာနိုင်မည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသဖြင့် ယုမိစံမှာ စိတ်ဆန္ဒ ပြည့်ဝရုံမက မစားဖူးသော မြန်မာမုန့်များကို အရသာ တွေ့၍ ဝမ်းပါ ပြည့်သွားသည်။ တစ်မျိုးပြီး တစ်မျိုး စားကြည့်ရန် ဝိုင်း၍ တိုက်တွန်းကြသည်ကြောင့် မိသားစု လက်ဖက်ရည်ဝိုင်းမှာ သာယာစိုပြည်

www.burmeseclassic.com



လှသည်။ နံနက်စာ စားပြီးကြမှ ဘုရားလေးရွာသို့ ကားဖြင့် ဆက်ထွက်လာကြသည်။

ဖုန်ထူထပ်သော လမ်းကြီးပေါ်၌ ချိုင့်များ ပြည့်နှက်နေ၍ ကားမှာ ဆောင့်ခုန်လျက်နေသည်။ နေလည်း မြင်လာကာ အပူရှိန်သည် ယုမိစံထံသို့ တအားထိုး လာပူနေသည်။ လမ်း၌ ကျေးရွာများကို တွေ့ရသည်။ (အိမ်ကုပ်ကလေးနှင့် တဲအိမ်ကလေးများမှာ လမ်းဘေးနှစ်ဖက်၌ ကျေးရွာတို့၏ နွမ်းပါးသော သရုပ်ကို ဖော်လှစ်ပြထားသည်။) ဘုရားလေးရွာသို့ နံနက် ၁၀ နာရီ မထိုးမီ ရောက်သွားကြသည်။

ဦးသောင်းက လမ်းဘေးတစ်နေရာ၌ ကားရပ်ခိုင်းလိုက်သည်။ အားလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်။ ကတ္တရာစေး လမ်းပေါ်မှ လှည်းလမ်းကြောင်းကို ဆင်းသွားကြသည်။ ကျိုးပေါက်နေသော ဝင်းထရံရှေ့မှ ဝါးလုံးတန်းကိုဖြုတ်ကာ “ဝင်ပါ ဆရာမ. . .”ဟု ယုမိစံကို ဦးသောင်းက အရင်ဝင်စေသည်။

‘ဖိုးသိုက်ရေ. . .’ ဦးသောင်းက ခြံဝင်းရှေ့မှ အတွင်းသို့ ပေါက်အောင် အသံပြုလိုက်သည်။ အသက် ၄၀ ခန့်ရှိ အင်္ကျီမရှိ ပုဆိုးခါးဆီး၊ တဘက် ပေါင်းလျက် လူပိန်ပိန်တစ်ယောက် အိမ်ဝမှာ ပေါ်လာသည်။

‘ဟာ. . . ဆရာပါလား၊ လာပါ. . . လာပါ’

ကိုဖိုးသိုက်မှာ နုနုနှင့် ယှဉ်တွဲဝင်လာသော ယုမိစံကို တအံ့တသြ ကြည့်နေသည်။ ဘောင်းဘီနက်ပြာ၊ စပို့ရှပ်အဖြူ၊ နေကာမျက်မှန် တပ်ထား သော ယုမိစံကို တရုတ်မလေးလား. . . ထင်မိသည်။

အိမ်ကလေးမှာ သုံးပင်အိမ်၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ အိမ်ဟောင်း ကလေး ဖြစ်သည်။ အိမ်ရှေ့ကပြင်၌ သခွားသီး၊ ဘူးသီး၊ ဘူးရွက်၊ ကန်စွန်း ရွက်များ ပုံဖြန့်ခင်းလျက် ချိန်ခွင်တစ်လက် ဆွဲထားသည်။ ချိန်ခွင်နား၌ အဘွားအိုတစ်ဦး ထိုင်နေသည်။ ကြမ်းခင်းများမှာ ချေးတက်လျက် ရွှံ့ခြေရာ များ ကွက်ခြောက်ပေကျံနေသည်။ အားလုံးနည်းတူ ယုမိစံသည် အိမ်ပေါ်



BURMESE CLASSIC .com

www.burmeseclassic.com



မတက်ခင် အိမ်ကပြင်၌ ဖိနပ်ချွတ်ခဲ့သည်။ အဘွားအိုက နေရာမှထ၍ သင်ဖြူးဖျာတစ်ချပ် ခင်းပေးသည်။ ယုမိစံသည် ဒူးကလေးခေါက်၍ ဖျာပေါ်၌ ခပ်ပိပိ ထိုင်ချလိုက်သည်။

ကိုဖိုးသိုက်သည် ရုတ်တရက် ဘာလုပ်ရကိုင်ရမှန်း မသိအောင် ပျာလောင်ခတ်ကာ မွှန်နေသည်။ ထိုင်မလိုလို လုပ်ရာက 'ဆရာကလည်းဗျာ၊ လာမယ်ဆို ကြိုတင်ပြီး ပြောရောပေါ့'ဆိုလိုက်သည်။

အဘွားအိုသည် ဧည့်သည်များကို စိမ်းနေသည်။ ကိုဖိုးသိုက်က 'သူက ဆရာကြီးသမီး နုနုတဲ့'ဆိုပြီး ယုမိစံကို ခပ်အမ်းအမ်း ပြန်ကြည့်သည်။

'ရန်ကုန်က ဂျပန်ဆရာမလေးတွေ၊ ဒီရွာမှာ စုံစမ်းချင်တာ တစ်ခုရှိလို့ တို့က လိုက်ပို့ရတာ'

'ဗျာ'

ကိုဖိုးသိုက်သည် ဒီတော့မှပင် ကြမ်းပေါ်၌ ဆောင့်ကြောင့်ထိုင် ဖြစ်သွားသည်။

ယုမိစံသည် ပတ်ဝန်းကျင် အခြေအနေကိုကြည့်ကာ သူ့ဖခင် ဤရွာ ၌ လာ၍ မင်္ဂလာဆောင်ခဲ့စဉ်က ဘယ်လိုအိမ်၊ ဘယ်လိုနေရာ၌ ဖြစ်ပါလိမ့် တွေးဆနေဟန်ဖြင့် ခပ်ငေးငေး ဖြစ်နေသည်။ စိတ်ထဲ၌ ဖခင်ကို သတိတရရ ဖြင့် လွမ်းရမလို တလှိုက်လှိုက် ဖြစ်လာသည်။

'ဒီလိုကွ ဖိုးသိုက်ရ၊ ဂျပန်ခေတ်တုန်းက ဒီရွာက သူကြီးသမီးကို ဆရာမလေးက တွေ့ချင်လို့ တို့က လာပို့တာကွ'

ကိုဖိုးသိုက်ထံမှ ရုတ်တရက် အသံထွက်မလာခင် အဘွားအိုအသံက အရင် ထွက်လာသည်။

'ဂျပန်ခေတ်က ဟုတ်လား၊ စစ်အတွင်းကဆိုရင် ကြာပဲ ကြာလှပါပကော၊ နှစ်ပေါင်း နှစ်ဆယ်ကျော်နေပြီ။ ဒီရွာမှာ လူဟောင်းတွေက မရှိကြဘူးကွယ့်၊ လူသစ်တွေသာ ရှိကြတာ၊ ကျုပ်တို့တောင် ဒီရောက်တာ ငါးနှစ်ရှိပြီ'



BURMESE CLASSIC .com

www.burmeseclassic.com



'အမေရေ ဦးစံအေးကြီးများ မေးကြည့်ရင် မကောင်းဘူးလား၊ ဒီအဘိုးကြီးက ဒီရွာခံကြီးပဲ'

ကိုဖိုးသိုက် အာသွက်လျှာသွက် ဖြစ်လာတော့မှ ယုမိစံမှာ အဘွားအို စကားကြောင့် အားလျှော့ရမလိုရှိစဉ် ကိုဖိုးသိုက်၏ စကားကြောင့် ပြန် အားတက်လာသည်။

'ဒီအဘိုးကြီးက ဘယ်မှာနေလဲကွ၊ သွားခေါ်ရမလား'

ဦးသောင်းက တက်ကြွသောအသံဖြင့် မေးလိုက်သည်။

'အဘိုးကြီးက အသက် ၇၀ ရှိပြီဗျ၊ လမ်းကောင်းကောင်း မလျှောက် နိုင်ဘူး၊ ဟိုရွာဖျားက တဲမှာနေတယ်'

'ဒီရွာက သူကြီးသမီးကို ဘာကိစ္စ တွေ့ချင်တာလဲတော်'

အဘွားအိုက အသံတုန်တုန်ဖြင့် မေးသည်။

'ဂျပန်ခေတ် ဒီရွာက သူကြီးသမီးက ဂျပန်နဲ့ အိမ်ထောင်ကျတယ် တဲ့။ ဂျပန်ပြည်မှရှိတဲ့ သူကြီးသမီးယောကျ်ားက ဆရာမလေးကို တွေ့ခဲ့ပါ မှာလိုက်လို့ လာရှာရတာပါ အဘွား'

နုနုက အဘွားအိုကို အကျိုးအကြောင်း ရှင်းပြောပြသည်။

ယုမိစံသည် တစ်ချိန်လုံး ငြိမ်နေရာမှ နုနုကို ပြောလိုက်သည်။

'ဆရာမတို့ အဘိုးကြီးအိမ်ကို လိုက်သွားရင် မဖြစ်ဘူးလား'

'ဖြစ်ပါတယ် ဆရာမ၊ သွားမယ်လေ လိုက်ခဲ့ဟေ့. . . ဖိုးသိုက်'

ဦးသောင်းက ပြောပြောဆိုဆို ရှေ့ဦးစွာ ထသည်။ နုနုမှာ ဂျပန် ဆရာမလေးကို အားနာသွားသည်။ ကျေးရွာသူ ကျေးရွာသားများ၏ ညစ်ပေ မွဲတေသော ဘဝကို လိုက်ပြရန် အားနာသယောင်ယောင်ဖြင့် လေးကွေးစွာ ထ လိုက်သည်။

တဲကြို အိမ်ကြားဖြတ်လျက် နောက်ဖေးလမ်း ရောက်အောင် လမ်းကျဉ်းကလေးအတိုင်း ကွေ့ကွေ့ကောက်ကောက် ထွက်သွားရသည်။ ယုမိစံသည် ဖုန်တထောင်းထောင်းထလျက် ဝက်ချေးနံ့ နွားချေးနံ့ မကောင်း



BURMESE CLASSIC .com

www.burmeseclassic.com



သော အနံ့အသက်များဖြင့် စိတ်ပျက်ဖွယ်ကောင်းလှသော ပတ်ဝန်းကျင် တစ်ခုလုံး၏ အနိဋ္ဌာရုံအပေါင်းကို လျစ်လျူရှုထားလိုက်သည်။ ဘာမျှမမူ သလိုပင် ခပ်သွက်သွက် လှမ်းလျှောက်လာသည်။ လမ်းကြားလမ်းဘေးရှိ တဲအိမ်များမှ မိန်းမများသည် ကလေးငယ်များကို ချီပိုး၍ ယုမိစံတို့ကို အပြေးအလွှား ထွက်ကြည့်ကြသည်။

ရွာစွန်ရွာဖျား၌ နွားတင်းကုပ်နှင့်တွဲလျက် တဲအိမ်ကလေးတစ်လုံး တွေ့ရသည်။ တဲအိမ်ကလေးပေါ်သို့ ကိုဖိုးသိုက်က ရှေ့က လှမ်းတက် လိုက်သည်။

'ဗျို့ . . . အဘ'

တဲအပြင်၌ အနားစုတ်ပြတ်နေသော ဖျာတစ်ချပ်၊ ခုံသေးတစ်ခု။

ခုံပေါ်၌ မြေကရားအိုးတစ်လုံး တွေ့ရသည်။ အတွင်းခန်းမှ ချောင်းသံ နှင့်အတူ အဘိုးကြီးတစ်ယောက် ထွက်လာပုံမှာ လန့်စရာပင် ကောင်း သည်။ တစ်ကိုယ်လုံး နံရိုးပြိုင်းပြိုင်း၊ အရိုးငေါငေါ၊ အရေတွန့်တွန့် ရှိရာတွင် တစ်ကိုယ်လုံး နန္ဒမ်းဆိုးထားသလို အသားတွေ ထိန်ဝါနေကာ၊ လက်ခုံနှင့် ခြေဖမိုးတို့၌ ဖေါင်းမို့ ရောင်အန်းနေခြင်းကြောင့် မကြည့်ရက်စရာ ဖြစ်သည်။ကိုဖိုးသိုက်မှတစ်ပါး မည်သူမျှ တဲပေါ်သို့ မတက်ကြသေးဘဲ တဲရှေ့၌ စုရပ်နေကြသည်။

'ဖိုးသိုက်လား . . . ဟိုက ဘယ်သူတွေတုံး'

အဘိုးအိုသည် သူ့မျက်လုံးကို လက်ဝါးဖြင့်ကာလျက် တဲရှေ့သို့ ကြည့်လိုက်သည်။

'နေသာရဲ့လား အဘ၊ အဘမြေးတွေကော'

အဘိုးအိုသည် သူ့မျက်လုံးကို လက်ဝါးဖြင့်ကာလျက် တဲရှေ့သို့ ကြည့်လိုက်သည်။

'နေသာရဲ့ အဘ . . . အဘမြေးတွေကော'

'ဒီနေ့မှ အဖျားနည်းနည်းလျော့လို့ ထနိုင်တာကွ၊ ငမဲတို့နွားကျောင်း သွားကြတယ်။ ဘယ်ကလူတွေတုံး ခေါ်လေကွာ'

အဘိုးအိုသည် ပြောပြီး မျက်လုံးကို လက်ဝါးဖြင့်ကာလျက် တဲရှေ့သို့ ငိုက်ကြည့်ပြန်သည်။

www.burmeseclassic.com



'လာပါ. . . ဆရာကြီးတို့ တက်ကြပါ'

ကိုဖိုးသိုက်က ဦးသောင်းတို့ကို တဲပေါ်တက်ရန် လှမ်းခေါ်လိုက်သည်။

'အဘဆီ မေးစရာလေးရှိလို့ ရန်ကုန်က လာကြတဲ့ ဧည့်သည်တွေဗျ'

'ဟေ. . .'

အဘိုးအိုသည် ထိုင်ရန် တဲတိုင်ကို ကိုင်တွယ်၍ အားပြုလိုက်သဖြင့် ကိုဖိုးသိုက်က ကူညီကိုင်တွဲ၍ ထိုင်ပေးလိုက်သည်။ အဘိုးအိုသည် တဲပေါ် ရောက်လာသောသူများကို မျက်ပေါက်မှေးလျက် ကြည့်ကာ အံ့သြနေရှာသည်။

ယုမိစံမှာ ဂျိုးဂျိုးဂွတ်ဂွတ် အသံထွက်လာသော ဝါးခင်းများကြောင့် ထိုင်လိုက်လျှင် ကျိုးကျသွားမလားဟု စိုးရိမ်ပူပန်သွားသည်။

'ရန်ကုန်က ဧည့်သည်တွေက ငါ့ဆီကို ဘာကိစ္စ လာတာလဲကွ'

'ဂျပန်ခေတ်က ဒီရွာက သူကြီးကို အဘများ သိသလားလို့ လာမေး တာပါ'

ကိုဖိုးသိုက်က စတင်၍ပြောပြီး ဦးသောင်းတို့ဘက်သို့ လှည့်ကာ. . . 'သူကြီးနာမည် ဘယ်သူလဲဗျ' မေးလိုက်သည်။

'သူကြီးနာမည် ကျွန်မ မသိပါဘူး၊ သူ့သမီးနာမည်ပဲ ကျွန်မ သိပါတယ်' ယုမိစံက ဝင်၍ပြောသည်။

'ဂျပန်ခေတ်က သူကြီးက ဦးဆိုင်ကွ၊ ဘာအကြောင်းရှိလို့လဲ'

အဘိုးအိုသည် ယုမိစံဘက်သို့ လှည့်လာကာ မျက်မှောင်ကြုတ်၍ အားယူစိုက်ကြည့်နေသည်။

'ကိစ္စကဒီလိုပါ အဘရယ်၊ ဂျပန်ဆရာမလေးက ဂျပန်ခေတ်က သူကြီးသမီးကို တွေ့ချင်လို့ ဒီရွာမှာ လာရှာတာပါ၊ သူကြီးသမီးက ဂျပန်ခေတ်မှာ ဂျပန်နဲ့ အိမ်ထောင်ကျပါတယ်၊ သူ့မိန်းမကို ဒီရွာမှာ ရှာကြည့်ပါမှာလိုက်လို့ လာစုံစမ်းတာပါ'



BURMESE CLASSIC .com

www.burmeseclassic.com



'ဩော်. . . ဩော်. . . အေးအေး၊ ဦးဆိုင်သမီး. . . ထွေးထွေးလေ'

အဘိုးအိုသည် အမှတ်တရ သူ့နှုတ်မှ တစ်လုံးချင်း၊ တစ်လုံးချင်း ခေါ်ဆို ရွတ်ဆိုနေသည်။

'ဟုတ်ပါတယ်. . . ဟုတ်ပါတယ်'

မထွေးထွေးနာမည်ကို အဘိုးအိုအား ဖွင့်မပြောရသေးမီပင် အဘိုးအို နှုတ်မှ မထွေးထွေးအမည် တန်းထွက်ပေါ်လာခြင်းကြောင့် ယုမိစံမှာ သေချာ ပြီဟု အတိုင်းမသိ ဝမ်းမြောက်သွားသည်။

'သူတို့ ဘယ်မှာရှိလဲ အဘ၊ ဒီရွာမှာ ရှိသလား'

ဤမေးခွန်းကို ဦးသောင်းက အားတက်သရော မေးကြည့်သည်။

နုနုမှာ ယုမိစံ၏ ရွှင်လန်းသော မျက်နှာကလေးကို မြင်မိ၍ သူလည်း အကူအညီ ပေးသူတစ်ဦးအနေဖြင့် သူပါ အားတက်ရွှင်လန်းလာသည်။

အဘိုးအိုသည် ယုမိစံကို စူးစူးရဲရဲကြည့်ကာ သူ့နှုတ်ခမ်းများက တဆတ်ဆတ် လှုပ်နေသည်။

'ဒီကလေးမက ဂျပန်မလား'

'ဟုတ်ပါတယ်ဗျ'

'ကွာ. . . ဦးဆိုင်တို့ သေပါပကောကွ၊ မရှိကြတော့ဘူး'

'နို့. . . မထွေးထွေးကော' ဦးသောင်းက ထပ်ဆင့် မေးလိုက်သည်။

ယုမိစံသည် ကြားလိုက်ရသော စကားကြောင့် ရင်ခုန်လာသည်။ အသက်မရှူနိုင်ဘဲ အဘိုးအို၏ အဖြေကို စောင့်စားနေသည်။

'သူ့သမီး ထွေးထွေးလည်း မရှိဘူး၊ စစ်ပြီးခါနီး ပဲခူးပြန်သွားတယ်၊ ပဲခူးက ရန်ကုန်သွားရင်း ဗုံးထိပါသွားတယ်၊ သူ့သားကလေးတော့ ရွာက သူကြီးဆီမှာ ကျန်ရစ်ခဲ့တယ်'

'ကလေး ရှိသလား၊ ခု ဒီမှာရှိသလား၊ ဘယ်မှာတွေ့နိုင်ပါသလဲ'

ယုမိစံမှာ မျက်လုံးများ တောက်သွားလျက် ဣန္ဒြေမဆည်နိုင်လောက်အောင် ဒရောသောပါး ပြောမိသည်။ ယုမိစံ၏ အသံကို အဘိုးအိုက သဲကွဲအောင် မဖမ်းနိုင်ခြင်းကြောင့် ဦးသောင်းက ထပ်ပြောပြရသည်။

www.burmeseclassic.com



'ကလေးက အခု ဒီမှာ မရှိဘူး၊ ဂျပန်အဆုတ်မှာ ရွာပျက်တော့ သူကြီးက ကတုတ်ရွာကို ပြေးတယ်၊ ကလေးပါ ခေါ်သွားတယ်၊ စစ်ကြီးပြီးတော့ အဲဟိုရွာမှာ သူကြီးသေပြီး ဒီကလေးကို သူကြီးယောက်ဖ ထွန်းမောင်က ကျိုက်စကော ဘုန်းကြီးကျောင်း သွားပို့တယ်'

'ကလေးနာမည်က ဘယ်သူတုံးဗျ၊ အဲဒီကျောင်းမှာ ခု ရှိပဲ့မလား'

'ငယ်ငယ်က သွားပို့တာ၊ ခု ရှိ မရှိတော့ မသိဘူး၊ ဒီကလေး နာမည်က "ဂျပန်"လို့ ခေါ်တယ်၊ တစ်ရွာလုံးက သူ့ကို "ဂျပန်"ပဲခေါ်တော့ မြန်မာနာမည် မရှိဘူး'

အဘိုးအိုသည် ရှေးဖြစ်ဟောင်းကို ပြန်၍ မြင်ယောင်မိကာ တအောင့် တနား ဆိုင်းငံ့နေပြီးမှ ဆက်ပြောသည်။

'ဦးဆိုင်က ဒီရွာက သူကြီးဆိုပေမယ့် ပဲခူးမှာ အနေများတယ်၊ ပဲခူးမှာပဲ အိမ်နဲ့ရာနဲ့ အခြေချတယ်ကွ။ ထွေးထွေးက ပဲခူးမှာ အင်္ဂလိပ်ကျောင်းလေး ဘာလေးနေပြီး ဂျပန်ခေတ်က ဆေးရုံမှာ လက်ထောက်သူနာပြုဆရာမဆိုလား လုပ်တယ်။ အဲဒီမှာ ဂျပန့်အဖေ၊ ဂျပန်စစ်ဗိုလ်နဲ့ မထွေးထွေးနဲ့ တွေ့ကြတာပေါ့၊ ဒီရွာမှာပဲ သူကြီးဆီလာပြီး မင်္ဂလာဆောင်ကြတယ်၊ မှတ်မိသေးတယ်။ ဒီတုန်းက သကြားက ခပ်ရှားရှား၊ တစ်ရွာလုံး ကော်ဖီတိုက်တယ်ကွ၊ တို့လည်း အဲဒီ မင်္ဂလာဆောင်ပွဲ ရောက်တာပေါ့။ နောက် ဂျပန်တွေ မပြေးခင်ဘဲ ထွေးထွေးသားလေး ဂျပန် ၁၀ လသား လောက်မှာ ဂျပန့်ကို ထွေးထွေး ရွာခေါ်လာပြီး သူ့အဖေသူကြီးနဲ့ ထွေးထွေး လာနေသေးတယ်။ နောက်. . . ဂျပန်တွေ ပြေးကုန်တော့ ထွေးထွေး ရန်ကုန် လိုက်သွားတာ ရန်ကုန်မှာ ဗုံးကျတော့ ထွေးထွေး ဗုံးထဲ ပါသွားတယ်'

ယုမိစံသည် တစ်ချိန်လုံး ငြိမ်သက်လျက် ရှိသည်။ မထွေးထွေး၌ ကလေးရှိသည် ဆိုခြင်းမှာ သူက မမေးမစမ်းရဘဲ အဘိုးအို အပြောဖြင့် ကြားသိရသည့် ပုံပမာ တစ်ချိန်လုံး ဟန်ဆည်၍ ထားနေရသည်။

ဤကလေးမှာ သူ့အဖေ၏ သားအရင်း ဖြစ်ကြောင်း ခိုင်လုံခြင်း

www.burmeseclassic.com



ကြောင့် ယုံကြည် စိတ်ချသွားသည်။ ယုမိစံသည် သူ့မောင်ကို တွေ့ချင်လွန်းသဖြင့် သူ့မောင်ရှိရာ နောက်သို့ တစ်ဆက်တည်း လိုက်ရှာရန် အာသီသပြင်းထန်လာသည်။

'ကျိုက်စကောရွာဆိုတာ အဝေးကြီးပဲလား'

ယုမိစံက ဦးသောင်းကို လှမ်းမေးသည်။

'ဒီရွာကဆိုရင် မဝေးပါဘူး၊ နောက်တစ်နာရီလောက် သွားရင်ရောက်ပါတယ်၊ ဆရာမ သွားမလား. . . သွားချင်ရင် လိုက်ပို့မယ်'

'ဖေဖေရယ်. . . တစ်ခါတည်း လိုက်ပို့ပါ'

နုနုက ဆိုလိုက်သည်။

ယုမိစံသည် အဘိုးအိုအား ဘယ်လိုကျေးဇူးတင်မှန်း မသိတော့ပေ။ အဘိုးအိုသည် သူ့ကို ပြောစရာရှိနေ၍ အသက်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေလေရော့သလားဟု တွေးမိလေသည်။ အဘိုးအို အပေါ်၌ ကျေးဇူးတင်ရုံမကကြင်နာတရားပါ တဖွားဖွား ဖြစ်ပေါ်လာသည်။

ယုမိစံသည် အိတ်ထဲမှ ငွေ ၅၀ ထုတ်၍ ကိုဖိုးသိုက်ကို ကမ်းလိုက်သည်။ ကျေးဇူးတင်ကြောင်း၊ ကျန်းမာစေရန် ဆုတောင်းမည့်အကြောင်းပြောလေသည်။

'ရော့. . . အဘ၊ အဘ ဆေးဝယ်စားဖို့ ဆရာမလေးက ငွေ ၅၀ လှူတယ်ဗျ၊ ရော့. . . ရော့'

အဘိုးအို၏ ဝေသီနေသော မျက်လုံးအစုံသည် အရောင်လက်လာသည်။ သူ့၌ ရှိသမျှ အင်အားကိုထုတ်၍ ရင်ခေါင်းထဲကအက်အက်ကွဲကွဲ ပေါက်ထွက်လာသော အသံကြောင့် အားလုံးပင်နားဆို့မတတ် ဖြစ်သွား ကြသည်။

'များလှချေလား. . . ဖိုးသိုက်ရ ၅၀ ကြီးများတောင်၊ အေးကွာ. . . အေး၊ မြို့လွတ်ပြီး ဆေးဝယ်ခိုင်းရတာပေ့ါကွာ. . . သာဓု. . . သာဓု. . . သာဓု၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆု ပြည့်ပါစေကွယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံတို့သည် ဘုရားလေးရွာမှ ကျိုက်စကောရွာသို့ တစ်ခရီး ဆက်ကြရပြန်လေသည်။ ကျိုက်စကောရွာသို့ မရောက်မီ ပျဉ်ပုံကြီးရွာ၌ ခေါက်ဆွဲထုပ်များ ဝင်ဝယ်ကြသည်။ ပဲခူး၌ ထမင်းပြန်စားရန် အချိန်လင့်နေ ၍ ဝင်ဝယ်ခြင်းကြောင့် ယုမိစံမှာ အမြန်ရောက်ချင်ဇောကို ဖိနှိပ် မျိုသိပ်၍ စောင့်ဆိုင်းရသည်။

ကျိုက်စကောရွာ ကတ္တရာလမ်းလေးရှိ ရှေးဟောင်းစေတီပျက်ကြီး တစ်ဆူရှေ့၌ ကားရပ်ခိုင်းသည်။ ဦးသောင်းသည် ကားပေါ်မှဆင်းကာ ဟိုဟိုသည်သည် ကြည့်ရှုပြီးနောက် ကားပေါ်ပြန်တက်လျက်၊ ကားကို ကတ္တ ရာ လမ်းမကြီးပေါ်မှ လှည်းလမ်းကြောင်းသို့ ဆင်းကွေ့ မောင်းခိုင်းလိုက် သည်။ ကားသည် စေတီပျက်ကြီးရှိရာ ကုန်းပေါ်သို့ အရှိန်ဖြင့် ထိုးတက် လိုက်ကာ ကျောင်းဝင်းရှေ့၌ ရပ်လိုက်သည်။

ကျိုက်စကော ကျေးရွာ၌ အသိအကျွမ်း မရှိ၍ စေတီတော်ကြီး ရှိရာသို့သာ ဦးတိုက်လာခဲ့သည်။ စေတီတော် တောင်ဘက်နှင့် မြောက် ဘက်တို့၌ ရှေးဟောင်း ဘုန်းကြီးကျောင်း နှစ်ကျောင်း ရှိနေခြင်းကြောင့် တောင်ကျောင်း သွားရမလား. . . မြောက်ကျောင်း သွားရမလား. . . ရုတ်တရက် ဝေခွဲမရအောင် ဖြစ်သွားသည်။

'ဆရာမတို့ ခဏနေကြဦး'ဆိုကာ ဦးသောင်းသည် ကားပေါ်မှ ဆင်းသွားပြီး တောင်ကျောင်းဘက်သို့ လျှောက်သွားသည်။ စေတီကြီး အကွေ့၌ ကိုရင်တစ်ပါးနှင့်တွေ့၍ဦးသောင်းက ကိုရင့်ကို စုံစမ်းမေးမြန်းပြီး ကားရှိရာသို့ ပြန်လာသည်။

ဦးသောင်းက နှုတ်က ထွက်လာမည့်စကားကို ယုမိစံ ကြားလိုစိတ် ပြင်းပြနေသည်။ ဦးသောင်း ကားပေါ်မှ ဆင်းသွားကတည်းက ကားထဲ၌ တလှုပ်လှုပ် တကြွကြွနှင့် အငြိမ်မနေနိုင်ပေ။

'ဟိုဘက်ကျောင်းက ကျောင်းထိုင်ဆရာတော်က မြို့တက်သွား သတဲ့. . . မရှိဘူး၊ ဒီဘက်ကျောင်းက ကျောင်းထိုင်ဆရာတော်ကတော့

www.burmeseclassic.com



အထက်က ပြန်ကြွလာတာ မကြာသေးဘူးတဲ့။ ဒီဆရာတော်ဆီမှာပဲ စုံစမ်းကြည့်မယ်၊ ကဲ. . . ဆင်းကြလေ’

ချစ်ချစ်တောက် ပူပြင်းလှသော နေရောင်အောက်၌ အုတ်ခဲကျိုးလမ်းပေါ်တွင် ဖိနပ်မပါ လျှောက်လာရသဖြင့် နေကပူ၊ ခဲကစူး၍ ယုမိစံသည် စုတ်တသပ်သပ်ဖြင့် ခုန်ဆွခုန်ဆွ လျှောက်လာသည်။ အထက်ကပူ အောက်က စူးလှ၍ နုနုက ‘ဆရာမ. . . ပြေး. . . ပြေး’ဟု နောက်မှ လှမ်းပြောသည်။ ယုမိစံသည် အထက်အောက် ကြွပ်ပူနေခြင်းကို မခံရပ်နိုင်သည့်အတွက် ကျောင်းလှေကားရင်းသို့ အရောက် ပြေးသွားလေသည်။

နေ့လယ် မွန်းတည့်ပြီဖြစ်၍ ဝါးပင်တို့ဖြင့် အုပ်မိုး ရိပ်ငြိမ်နေသော ကျောင်းကြီး၌ တစ်ဦးတစ်ယောက်မျှ မရှိသကဲ့သို့ တိတ်ဆိတ်ခြောက်သွေ့နေသည်။ ကျွန်းတိုင်ကြီးများဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားသော နှစ်ထပ် ကျောင်းကြီး ဖြစ်သည်။ ကျောင်း၏ အနီးအနားတွင် အခြားဇရပ် အဆောက် အအုံများလည်း ဝန်းရံလျက် ရှိသည်။

ယုမိစံသည် မြန်မာဘုန်းကြီးကျောင်းသို့ တစ်ခါမှ မရောက်ဖူးသေးပေ။ သူ မရောက်ဖူးသော နေရာသို့ ရောက်လာခဲ့ခြင်းကြောင့် သူကိုယ်သူ ဘဝသစ်တစ်ခု ရောက်နေသည့်၊ သူ မသိသော သူတစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။ ကျောင်းပေါ်သို့ ရောက်ကြသည့်အခါ ကျောင်းခန်းမကြီး ထိပ်၌ လွန်စွာ သပ္ပာယ်သော ဘုရားဆင်းတုတော်ကြီးကို ပလ္လင်ပေါ်၌ တွေ့ရှိရသည်။ ကြမ်းခင်းများမှာ အကြိမ်ကြိမ် အဖန်ဖန် ပွတ်တိုက်ထား၍ ပြောင်လက်နေသည်။

ဘုရားဆောင်တစ်ဖက်၌ အခန်းရှိသည်။ အခန်းရှေ့၌ သင်ဖြူးများ ခင်းထားသည်။ အခန်းနံရံနှင့်ကပ်၍ ပိဋကတ် ကျမ်းစာအုပ်များ ထည့်ထားသော စာအုပ်ဗီရိုများ တစ်တန်းကြီး ရှိသည်။

အားလုံး လှေကားထိပ်၌ ရပ်ကြလျက် ကျောင်းမပေါ်သို့ လှမ်းမတက်ကြသေးဘဲ အသံပေးသင့် မပေးသင့် ချိန်ဆနေကြသည်။ အခန်းထဲမှ

www.burmeseclassic.com



လှုပ်ရှားသံ ကြားလိုက်ကြသည်။ ထိုအသံကို ကြား၍ စောင့်ရပ် ကြည့်ကြသည်။ သက်တော် ၇၀ ခန့်ရှိမည့် ဘုန်းတော်ကြီးတစ်ပါး အဝတ်လိုက်ကာကို ကိုင်ဖယ်လျက် အခန်းဝ၌ ပေါ်လာသည်။ ကျန်းမာခြင်းနှင့် ပြည့်စုံ၍ တောင့်တင်းခိုင်မာသော ကိုယ်ခန္ဓာရှိကာ အရပ်မြင့်မြင့်၊ ကော်ကိုင်းမျက်မှန်တပ်ထားသည်။ ကြည်ညိုဖွယ်ရာ ညင်သာ တည်ငြိမ်သော အသွင် ရှိနေသည်။ ဦးသောင်းတို့ ရပ်နေကြခြင်းကို လှမ်း၍ တစ်ချက်ကြည့်လိုက်ပြီးမှ ဖျာခင်းထားရာသို့ ဖြည်းညင်းစွာ လှမ်းလာသည်။

ယုမိစံသည် ဦးသောင်းနှင့် နုနုတို့ လုပ်သကဲ့သို့ ကျောင်းပေါ်သို့ အသံမထွက်အောင် ခြေဖော့တက်သွားသည်။ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လျက် ဘုန်းတော်ကြီးကို ဦးသုံးကြိမ် ချလိုက်သည်။

ဦးသုံးကြိမ် ချလိုက်ပြီးသည်အထိ တိတ်ဆိတ်နေခြင်းကြောင့် အရိပ်အခြည်ကို စောင့်ကြည့်လျက် ရှိသည်။ မြန်မာ ဘုန်းတော်ကြီးကျောင်းနှင့် မြန်မာ ဓလေ့စရိုက်ကို အာရုံဝင်စားကာ လေ့လာနေလေသည်။

'ဒကာကြီးတို့က ဘယ်ကလဲ'

ဘုန်းတော်ကြီးသည် သင်ဖြူးပေါ်၌ ထိုင်လျက် မိမိအား ဦးချပြီး တိတ်ဆိတ်စွာ ထိုင်နေကြသော သူတို့ကို လှမ်းမေးလိုက်သည်။

'တပည့်တော်တို့က ပဲခူးကပါ ဘုရား၊ ဘုရားလေးရွာက သူကြီးဦးဆိုင်သမီး မထွေးထွေး၊ ဂျပန်ဗိုလ်နဲ့ရတဲ့ သားကလေး ဒီကျောင်းမှာ နေဖူးတယ်လို့ သတင်းရလာလို့ လိုက်လာကြတာပါ ဘုရား။ ဂျပန်ပြည်က မထွေးထွေးယောကျ်ားက ဟောဒီ ဂျပန်ဆရာမလေးကို ဘုရားလေးရွာမှာ မထွေးထွေး ရှိ မရှိ စုံစမ်းပေးပါ မှာကြားလိုက်လို့ ဒီဂျပန်ဆရာမလေးက လာရှာတာပါ ဘုရား'

ကြွေနှင့်ကြီးရင့်စွာဖြင့် ငြိမ်သက်လျက်ရှိသော ဘုန်းတော်ကြီး၏ လှစ်ဖော်ထားသည့် ပခုံးနှစ်ဖက်သည် ဆတ်ခနဲ တစ်ချက်ခါသွားသည်။ ယုမိစံကို စူးစူးစိုက်စိုက် လှမ်း၍ကြည့်လျက် ဦးသောင်း လျှောက်တင်သမျှကို နားစိုက် ဆင်ခြင်တော်မူနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသောင်း စကားဆုံးသွားသော အခါ၌ သတိလက်လွတ် အံ့ဩ ငေးစိုက် ချီယွင်းနေသော အမူအရာများကို ပြန်၍ ရုပ်သိမ်းသွားပြီးနောက် စက္ခုကြေန္ဒြေချကာ မိန့်မြွက်လေသည်။

'အံ့ဩဖွယ်ပ. . . အံ့ဩဖွယ်ပ'

ဆရာတော်သည် ဤသို့ ကျူးရင့်ပြီး ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

'နှစ်ပေါင်းနှစ်ဆယ်ကျော်က ကိစ္စ၊ ပြီးပျောက် မြုပ်ကွယ်သွားပြီလို့ မှတ်ထင်ခဲ့တယ်၊ မမျှော်လင့်ဘဲ ခုလို ကြားသိရတာ ဆရာတော်တောင် တုန်လှုပ်သွားမိတယ်။ အခု ဒီလိုက်လာတဲ့ ဂျပန်ဆရာမလေးက မြန်မာစကား ပြောတတ်သလား'

'ပြောတတ်ပါတယ် ဘုရား' ဦးသောင်းက ဦးတင်၍ လျှောက်သည်။

'ဟေ ဟုတ်ကလား၊ အေး. . . အေး။ လူမှာအမျိုး ကြက်မှာအရိုးဆို မဟုတ်လား၊ အမျိုးအနွယ်ဆိုတာ လွယ်လင့်တကူ တိမ်ကော ပျောက်ကွယ် သွားတာမျိုးမှ မဟုတ်ဘဲ၊ အစဉ်အဆက် လိုက်စမြဲ ရှိစမြဲပေါ့'

ယုမိစံသည် ဘုန်းတော်ကြီး မိန့်မြွက်သမျှကို နားစိုက်လျက် ရှိသည်။ ဘုန်းတော်ကြီးနှုတ်မှ မောင်လေးအကြောင်း ထုတ်ဖော် မမိန့်ကြားသေးသည့် အတွက် အောင့်အည်းစောင့်ဆိုင်းလျက် ရှိနေရသည်။

'ဒီကျောင်းကို မယ်ထွေးသား ဂျပန့်ကို ထွန်းမောင် ခေါ်လာတုန်းက ဂျပန် ၁၀ နှစ်သားရှိပြီ၊ ရှင်မပြုရသေးဘူး၊ သူ့အဖေ ဂျပန်ဖြစ်မှန်း သူများ တကာတွေက ပြောလို့ဆိုလို့တော့ သူ သိတယ်၊ သူ့ဘာဝ သူ့အဖေအကြောင်း ကို သူ သိပုံက အကြောင်းသိပ်မလှဘူးကွယ့်။ ဆိုကြပါစို့ကွယ်၊ အဖေ ဂျပန် ဖြစ်တာကို ကလေးက နာကြည်းတယ်၊ ရှက်တယ်၊ သူ့အဖေ ဂျပန်လို့ ပြောရင် သိပ်စိတ်ဆိုးတယ်'

ဘုန်းတော်ကြီး၏ မိန့်ကြားချက်ကြောင့် ယုမိစံ၏ ရင်၌ မဖော်ပြ နိုင်အောင် နာကျင်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'သူ မမြင်ဖူးတဲ့ သူ့အဖေ ဂျပန်ကို ဘယ်သူဘယ်ဝါမှန်းမှ သူမသိဘဲ ဂျပန်အဖေကို မုန်းစိတ်ဝင်နေတယ်၊ မြန်မာတွေတောထဲမှာ အဖေ ဂျပန် အဖြစ်ကြောင့် အရှက်ရတယ်၊ စစ်ရဲ့ အမွေဆိုးကို သူ ခံရပုံဟာ သနားစရာ အဖြစ်ပဲ'

ယုမိစံသည် နာကျင်သောရင်ဖြင့် ခေါင်းငုံ့ထားသည်။ ဘုန်းတော်ကြီး ထံမှ အသံမထွက်တော့ဘဲ ပျောက်သွားသည်။ ဘုန်းတော်ကြီးနှင့်တကွ လူအားလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေကြပုံမှာ ချောက်ချားဖွယ်ရာ ကောင်းလောက်အောင် တိတ်ဆိတ်နေပုံမျိုး ဖြစ်သည်။

'အခု သူ ဘယ်မှာ ရှိပါသလဲ'

ယုမိစံက ခေါင်းပင့်၍ ဦးတင်ကာ လျှောက်လိုက်သည်။ ယုမိစံ ၏ အသံဖြင့် တိတ်ဆိတ်နေသော ဝန်းကျင်သည် ပြန်၍ အသက်ဝင်လာ သည်။

'အေး. . . ပြောမယ်ကွယ့်. . . ပြောမယ်'

ဘုန်းတော်ဘကြီးသည် ဆက်၍ မပြောမီ ချောင်းတစ်ချက်ဟန့်လျက် လည်ချောင်း ရှင်းလိုက်သည်။

'ဂျပန် ကျောင်းရောက်လာပြီး တစ်နှစ်လောက်ကြာတော့ ရန်ကုန် မှာရှိတဲ့ ဘုန်းကြီးကျောင်းဒကာရဲ့သား ကျောင်းဆရာ မောင်သက်လွင် ကျောင်းကို ရောက်လာတယ်၊ ရန်ကုန်တက္ကသိုလ်မှာ နည်းပြဆရာလေး လုပ်နေတယ်ကွယ့်။ သူက ပန်းချီဝါသနာ ပါတယ်၊ ကျောင်းပိတ်ရက် အေးအေးဆေးဆေး ဒီရွာမှာ ပန်းချီဆွဲဖို့ လာတာပဲ။ ကျောင်းမှာ ဂျပန်ကို မြင်တော့ သူက သနားတယ်၊ ဂျပန်က ကျောင်းမှာ ဘယ်သူနဲ့မှ မတည့်ဘူး၊ သူ့အဖေ ဂျပန်လို့ပြောရင် ရန်ဖြစ်တာပဲ၊ အားလုံးကလည်း သူ ရှက်မှန်း သိလို့ ဒါပဲ စကြတာပဲ။ တစ်နေ့ ရန်ပွဲဖြစ်ပြီး ဂျပန်က ဒီကျောင်းမှာ မနေချင်ကြောင်း မောင်သက်လွင်ကိုပြောလို့ မောင်သက်လွင်က သနားပြီး ခေါ်သွားတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'တင်ပ့ါဘုရား. . . ဒီကလေးနဲ့ကျောင်းဆရာ ရန်ကုန်မှာ ရှိပါသလား ဘုရား'

ဦးသောင်းက လျှောက်လိုက်သည်။

'ဂျပန့်ကို ခေါ်သွားတုန်းကတော့ မောင်သက်လွင်က မန္တလေး တက္ကသိုလ်မှာ နည်းပြဆရာလုပ်လို့ ရန်ကုန်မှာ ကျောင်းထားခဲ့မယ် ပြော တာပဲ။ ကျုပ်လည်း သူတို့သွားပြီး မကြာပါဘူး၊ ပခုက္ကူက ကျုပ်အစ်ကို ဘုန်းကြီး ပျံလွန်သွားလို့ ဟိုမှာသွားပြီး ကျောင်းထိုင်နေတာ။ ဒီကို ခဏ ပြန်လာတာ မကြာသေးဘူး၊ ကျုပ် မရှိတုန်း မောင်သက်လွင်နဲ့ ဂျပန်နဲ့ တစ်ခါ လာကြသေးတယ် ပြောတယ်၊ ကျုပ်လည်း နောက်ထပ် တစ်ခါမှ သူတို့နဲ့ မတွေ့ရသေးဘူး။ မောင်သက်လွင်လည်း မန္တလေးက ရန်ကုန် တက္ကသိုလ် ကျောင်းပြောင်းရတယ်လို့ သတင်းကြားတယ်'

ယုမိစံသည် သူ့မောင်ကလေးကို ကယ်တင်သွားသော ကျောင်းဆရာ အား ကျေးဇူးတင်လွန်း၍ "ကျေးဇူးတင်ပါတယ် ဆရာ"ဟု စိတ်ထဲက ပြောဆိုမိသည်။ ကျောင်းဆရာက ခေါ်သွားသည်ဆိုလျှင် ပညာတတ်မှာပဲ ဟု တွေးလျက် ကျေနပ်ဝမ်းသာသွားသည်။

'ဖေဖေ. . . ကိုသက်လွင်ဆိုရင် တက္ကသိုလ် မြန်မာစာဌာနမှာရှိတဲ့ လက်ထောက်ကထိက ဆရာဦးသက်လွင်လားမှ မသိဘဲ၊ ဟုတ်ပါတယ်၊ သူပဲ ဖြစ်မှာပါပဲ'

ဆရာတော် မိန့်ကြားချက်အရ နုနုက ရွှန်လန်းအားရ ဝင်ရောက် ပြောလိုက်သည်။

ယုမိစံမှာ နုနုနှင့်ထပ်တူ ဝမ်းသာမှုကို မဖုံးနိုင်ဘဲ 'အမယ်လေး. . . ဝမ်းသာလိုက်တာ'ဟု ပြောလိုက်လေသည်။

'ဂျပန့်အဖေက ဂျပန်ပြည် ဘယ်မြို့မှာ နေသလဲ၊ အခု ဘာလုပ်ကိုင် နေသလဲ'

ဆရာတော်က ဂျပန့်ဖခင် ဇာစ်မြစ်ကို စုံစမ်း မေးမြန်းကြည့်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



မြန်မာဘုန်းကြီးနှင့် ရေရေလည်လည် စကားမပြောဖူးသေး၍ စကားမမှား စေရန် သတိထားပြီး လျှောက်ရသည်။ လေယူ၊ လေသိမ်း၊ သံတက်၊ သံကျတို့ မြန်လွန်း၍ မမြန်အောင် ဖြည်းဖြည်းကျင့်ပြောသည်။

'သူ့အဖေ မရှိတော့ပါဘူး၊ သေပါပြီ၊ ယုမိ မြန်မာပြည်ကို မလာခင် ကပဲ သေသွားပါတယ်'

'နို့ . . . သူ့မှာ သူ့သား ရှိတယ်လို့ကော မသေခင်က ပြောမသွားဘူး လား'

ဘုန်းတော်ကြီးက အချက်ကျကျ မေးခွန်းကို မေးမြန်းနေလေပြီ။ ယုမိစံသည် အများရှေ့တွင် အဖြေပေးရန် ကျပ်သွားသည်။ မောင်လေးနှင့် မတွေ့ရမီ သူ့မောင်ရှိကြောင်း မည်သူ့ကိုမျှ အသိမပေးဘဲ ထားခြင်းကြောင့် ဖုံးကွယ်ထားသော စိတ်က မလုံမလဲ ဖြစ်သွားသည်။

'သားရှိတယ်လို့တော့ ပြောပါတယ်၊ မထွေးထွေးကို တွေ့အောင် ရှာဖို့ ပြောပါတယ်'

'သူတို့ သားအမိအတွက် ဂျပန့်အဖေက သူ မသေခင် ဘာများ မှာသွားသေးသလဲ'

'ယုမိစံ မြန်မာပြည်ရောက်ရင် မထွေးထွေးနဲ့ သူ့သားကို စောင့် ရှောက်ဖို့ မှာပါတယ်၊ မထွေးထွေးအတွက် အဝတ်အထည် ပစ္စည်း ယူလာ ပါတယ်'

ယုမိစံမှာ သူနှင့် သွေးသားမတော်၊ ထောက်လှမ်းရှာဖွေပေးသူ တစ်ယောက် အနေဖြင့် လာရောက် ရှာဖွေသည် ပြောထား၍၊ ပြောထားသည့် စကားနှင့် ဆီလျော်အောင် ဖြေကြားလိုက်ရသည်။

'ရန်ကုန်တက္ကသိုလ်ကျောင်းမှာ စုံစမ်းရင် ရမှာပေါ့၊ ဂျပန်က အခု မောင်သက်လွင်နဲ့ အတူ ရှိမယ် မရှိဘူးဆိုတာတော့ ဘုန်းကြီး မသိဘူး၊ မောင်သက်လွင်ကို စုံစမ်းရင် သိရမှာပေါ့'

'တင်ပ့ါဘုရား . . . တပည့်တော်သမီးက စုံစမ်းပေးရင် လွယ်ပါတယ် ဘုရား'

www.burmeseclassic.com



ယုမိစံသည် ဦးသောင်း လျှောက်ထားပုံကို နမူနာ အတုယူကာ ဘုန်းတော်ကြီးကို ရှိခိုးဦးတင် လျှောက်လိုက်သည်။

'တပည့်တော် အထူး ကျေးဇူးတင်ပါတယ် ဘုရား'

ဘုန်းတော်ကြီးသည် ဂျပန်မလေး ယဉ်ကျေးသိမ်မွေ့ခြင်း ရှိပုံ၊ အတု ယူလွယ်၊ တတ်လွယ်ပုံကို နှစ်ခြိုက် သဘောကျသွား၍ ပြုံးတော်မူပြီးမှ 'သာဓု. . . သာဓု'ဟု ဆိုလိုက်သည်။

ညနေ သုံးနာရီထိုးပြီးမှကျိုက်စကော ဘုန်းကြီးကျောင်းမှ ပြန်ထွက် လာကြသည်။ လမ်းက ယူဆောင်လာသော ခေါက်ဆွဲထုပ်များကို ကားထဲ၌ ဖြေ၍ နံနက်စာ စားကြရသည်။ ပဲခူးအဝင် နေကျနေပြီဖြစ်၍ ဦးသောင်းနှင့် နုနုကို အိမ်၌ ချပေးခဲ့ကာ နုနုတို့ တစ်အိမ်သားလုံးအား ကျေးဇူးတင်ကြောင်း ထပ်တလဲလဲ ပြောပြီးမှ ရန်ကုန်သို့ ပြန်ထွက်လာခဲ့သည်။

ယုမိစံ၏ ပဲခူး အပြန်ခရီးသည် အလာခရီးနှင့် စာလိုက်လျှင် ကွာခြား ချင်တိုင်း ကွာခြားနေသည်။ ရန်ကုန်က ထွက်ခဲ့သော အလာခရီးမှာ သူ့ အတွက် အိပ်မက်ဆန်ဆန် ဖြစ်နေသည်။ အပြန်ခရီးကား သူကိုယ်တိုင် ပါဝင်သော ဇာတ်ကားတစ်ကားကို သူက ဘေးမှထိုင်၍ ကြည့်နေရသကဲ့သို့ စိတ်ဝင်စားဖွယ်ရာ ဖြစ်လာသည်။

ဘုရားလေးရွာမှ အဘိုးအိုသည် သူ့မောင်ကလေးအကြောင်း သူ့ကို ပြောပြနိုင်ရန်အတွက် မသေသေးဘဲ စောင့်ဆိုင်းနေခြင်းကို တွေးမိတိုင်း အံ့သြမိသည်။ သူ့အား အကြီးအကျယ် အကျိုးပြုလိုသော ဘုန်းတော်ကြီး ကိုလည်း ကျေးဇူးတင်၍ မဆုံးတော့ပေ။ မြန်မာပြည်၌ရှိသော သူ့မောင် ကလေးကို ရှာဖွေရာတွင် အစ်မတော်မှန်း မသိအောင် ဖုံးကွယ်၍ ရှာဖွေရသူ အဖြစ်၊ သူ၏ စွန်စားခန်းများကို ဇာတ်လမ်းထဲ၌ အံ့သြလောက်အောင် သူ ပြန်၍ မြင်နေရခြင်း ဖြစ်သည်။

မြန်မာလူမျိုး အလယ်တွင် အရှက်ရကာ၊ မိမရှိ ဖမရှိ တစ်ကောင် ကြွက် သိမ်ငယ်ဆင်းရဲနေသော မောင်လေးအား ကယ်တင်၍ သွားလေသော



BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းဆရာ၏ စေတနာနှင့် ကြင်နာမှုတရား ရှိခြင်းကို တွေး၍ သူ မမြင်ရခင်ကပင် ကျောင်းဆရာကို လေးစားကြည်ညို အားထားလိုက်မိသည်။

မောင်လေးနှင့်တွေ့ရန် သူ၏ ရည်မှန်းချက် အောင်မြင်မှု ပန်းတိုင်သည် သူ့ရှေ့၌ လက်တစ်ကမ်းသာ လိုတော့သည့်အတွက် ဘာမျှ ကြောင့်ကြစရာ မရှိတော့ပြီ။ ယုမိစံသည် အပြန်ခရီး၌ စိတ်ပေါ့လက်ပေါ့ ကြည်နူးရွှင်လန်းခြင်းဖြင့် အားမာန်ပြည့်တက်လာသည်။

'ဆာမိ မြန်မြန်မောင်းပါ'

ကားသည် ကားပိုင်ရှင်နည်းတူ ပေါ့ပါးသော အဟုန်ဖြင့် မိုင် ၅၀ နှုန်း ဖြင့် ပြေးလျက်ရှိသည်။

## ၄

စနေနေ့ နေ့လယ်၌ တက္ကသိုလ်ကျောင်း မြန်မာစာဌာန လက်ထောက်ကထိက ရုံးခန်းဝသို့ ယုမိစံ ရောက်ရှိသွားသည်။ နုနုသည် ယုမိစံ ပြောခိုင်းထားသည့်အတိုင်း၊ တွေ့လိုရင်းကိစ္စ အကြောင်းကို ကထိက ဆရာဦးသက်လွင်အား ကြိုတင်၍ မပြောသေးဘဲ ဂျပန် ကထိက ဆရာမလေး မေးမြန်း စုံစမ်းစရာရှိက တွေ့ခွင့်ပြုရန် အချိန် တောင်းပေးထားသည်။

မြန်မာစာ လက်ထောက်ကထိက ဦးသက်လွင်သည် တက္ကသိုလ်၌ နိုင်ငံခြားသားများကို မြန်မာစာ ပို့ချပေးနေရသူဖြစ်၍ မြန်မာစာ သင်ကြားရေး ကိစ္စအတွက် သူ့ထံသို့ နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းမှ ဂျပန် ကထိကဆရာမ လာရောက်မေးမြန်း စုံစမ်းခြင်း ဖြစ်လိမ့်မည်ဟု မှတ်ထင်ကာ စနေနေ့လာရန် ရက်ချိန်းပေးထားသည်။

ရုံးခန်းထဲသို့ ဝင်လာသော ယုမိစံကို မြင်မြင်ချင်း ဦးသက်လွင်က ပြုံးပြလိုက်သည်။ ဦးသက်လွင်၏ အပြုံးမှာ စိတ်ချမ်းမြေ့ဖွယ်ရာ ဖြစ်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ထိုင်ပါ ဆရာမ၊ မြန်မာစကား ကောင်းကောင်း ပြောနိုင်တယ်လို့ မနုနုဆီက ကြိုတင် သိထားရပါတယ်၊ ဆရာမအတွက် ဘယ်လို အကူအညီ များ ပေးစေချင်ပါသလဲ'

ဦးသက်လွင်မှာ အလွန် ဖော်ရွေလှသည်။ ချိုပြုံးထားသော သူ့ မျက်နှာနှင့် သူ့ဖော်ရွေမှုသည် တစ်သားတည်း ဖြစ်နေသည်။ အသက် ၄၀ ပတ်ဝန်းကျင်၌ ရှိရမည်ဟု ယုမိစံက ခန့်မှန်းကြည့်သည်။ ထောင်ထောင် မောင်းမောင်း၊ ကိုယ်လုံးကိုယ်ဖန် တောင့်တောင့်နှင့် ဝတ်ပုံစားပုံ သပ်ရပ် သည်။ သူ့တစ်ထူးကို ကူညီတတ်သော အသွင်အပြင်မျိုးပေါ်သည်။ ယုမိစံ သည် နှစ်လိုဖွယ်ရာကောင်းသော အပြုံးကလေးဖြင့် ပြုံးပြကာ ဂျပန် ထုံးစံ အတိုင်း ခါးကိုကုန်းညွှတ်လျက် လေးလေးစားစား ဂါရဝပြုပြီးမှ ကုလား ထိုင်၌ ဝင်ထိုင်လိုက်သည်။

'ယုမိစံကို တွေ့ခွင့်ပြုတာ ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာနဲ့ တွေ့တွေ့ချင်း ကျေးဇူးတင်တဲ့ စကားကို ပထမဆုံး ပြောပါရစေ၊ အထူး ကျေးဇူးတင်ပါတယ် ဆရာ'

ယုမိစံ မြန်မာစကား ပြောလိုက်ပုံ အသံကလေးသည် ဦးသက်လွင် ၏ နားထဲ၌ ထူးထူးခြားခြား ဖြစ်သွားသည်။ မြန်မာစကားသံမှ တူရိယာသံ တစ်မျိုးကဲ့သို့ သူ့နားထဲတွင် အသံလှိုင်း ဝဲကလေးတစ်ခု စွဲငြိ၍ ကျန်ရစ် နေသည်။ အသံကစ၍ ယုမိစံကို စိတ်ဝင်စားသွားသဖြင့် သတိပြု ကြည့်မိ သည်။

အရှေ့တိုင်းသူတို့၏ လှရာရာ အလှမျိုးစုံထဲ၌ သူ့အလှက တစ်ဖုံ ထူးခြားသော အလှဟု အနုပညာအာရုံဖြင့် ကောက်ချက်ချသည်။ ယုမိစံ ဝတ်ဆင်လာသော ပိုးဂါဝန်ကို ဖယ်ရှားလျက် ဂျပန်ကီမိုနိုဝတ်စုံ အပြည့်ဖြင့် မြင်ယောင်ကြည့်သည်။ သူ့ရှေ့မှ အခုမြင်ရသည့် အလှထက် ပို၍ နွဲ့နှောင်း နူးညံ့လျက် ချောလှလာမည့် အလှကို ပုံလောင်း ကြည့်မိသည်။

ယုမိစံက ရှေးဦးစွာ ပြောကြားလိုလှသော ကျေးဇူးတင်စကားကို



BURMESE CLASSIC .com

www.burmeseclassic.com



ပြောကြားပြီးနောက် ရင်းရင်းနှီးနှီး ပြုံးလိုက်သည်။ ယုမိစံ၏ နှစ်သိမ့်စွာ ပြုံးလိုက်သော အပြုံးကြောင့် ဦးသက်လွင်က ယုမိစံ ကျေနပ်နှစ်သိမ့်သွားစေလို၍ ထပ်ပြောလိုက်သည်။

'ကျွန်တော် ဘာအကူအညီ ပေးရမလဲ ဆရာမ၊ မြန်မာစာဘွဲ့လွန် သင်တန်း တက်ချင်ပါသလား'

'မြန်မာကို ဂျပန်မှာ လေးနှစ်သင်ခဲ့ပါတယ်၊ မြန်မာပြည်မှာ ရောက်နေတုန်း အချိန်ရနိုင်မယ်ဆိုရင် မြန်မာစာကို ဆက်ပြီး သင်ချင်ပါသေးတယ်။ ကျွန်မ လာတဲ့ကိစ္စက မြန်မာစာကိစ္စအတွက် မဟုတ်ပါဘူး၊ ကျွန်မ ကိုယ်ရေး ကိုယ်တာ ကိစ္စကြောင့် လာရပါတယ် ဆရာ'

'ဘယ်လို ကိစ္စပါလဲ ခင်ဗျာ၊ မြန်မာပြည်နဲ့ ပတ်သက်ပြီး စာအုပ်များ ရေးချင်လို့ပါလား'

ဦးသက်လွင်သည် ပြောပြီး ပြုံးနေသည်။

ယုမိစံမှာ စိတ်ကို ငြိမ်အောင်ထားလျက် လာရင်းကိစ္စကို ပြောမည့်ဆဲဆဲ လက်ထောက်ကထိက၏ မေးခွန်းကို ပြန်၍ ဖြေရပြန်သည်။

'မြန်မာပြည်ရဲ့ မြန်မာ့ယဉ်ကျေးမှု အကြောင်းကို စာတစ်အုပ်ရေးမယ်လို့တော့ အားခဲထားပါတယ်၊ အခု လောလောဆယ်တော့ မအားလပ်သေးပါဘူး ဆရာ။ ဆရာနဲ့တွေ့ချင်တဲ့ကိစ္စက ကျိုက်စကော ဘုန်းကြီးကျောင်းက ဆရာခေါ်သွားတဲ့ ဂျပန်ကလေး အခု ဘယ်မှာရှိပါသလဲ ဆရာ၊ သိပါရစေ'

ယုမိစံသည် သူ သိချင်သောအကြောင်းကို တဲ့တိုး မေးချလိုက်သည်။ ယုမိစံ၏ အသံသည် ညင်ညင်ကလေး ဖြစ်သည်။ သို့ရာတွင် ဦးသက်လွင်မှာ နားကွဲမတတ် ဖြစ်သွားလေသည်။ သူ့အား ကျဉ်စက်ဖြင့် တို့လိုက်သလို တစ်ကိုယ်လုံး ထုံကျဉ်သွားကာ ကြောင်ကြောင်တက်တက် မျက်လုံးဖြင့် ယုမိစံကို ပြန်၍ ကြည့်မိသည်။ ဦးသက်လွင်သည် အမူအရာများ ပျက်လျက်မှ သူ့စိတ်ကို အနိုင်နိုင် ထိန်း၍ ပြန်ပြောရသည်။

www.burmeseclassic.com



'ကျွန်တော် အံ့ဩလိုက်တာ ဆရာမ၊ ကျိုက်စကော ဘုန်းကြီးကျောင်းက ဂျပန့်ကို ကျွန်တော် ခေါ်ခဲ့တယ်လို့ ဆရာမ ဘယ်လိုများ သိလာ ခဲ့ရသလဲ ခင်ဗျာ'

ဦးသက်လွင်သည် ယုမိစံကို ပြူးစိုက်လျက် ကြည့်နေ၏။

'ကျွန်မ ဘုရားလေးရွာမှာ စုံစမ်းတော့ ဘုရားလေးရွာက အဘိုးကြီး က ကျိုက်စကော ဘုန်းကြီးကျောင်းကို ညွှန်ပြလိုက်ပါတယ်။ ဘုန်းကြီးက ဆရာ့ဆီမှာ စုံစမ်းရင် သိနိုင်ပါတယ်လို့ ပြောလိုက်ပါတယ်'

'နေပါဦး ဆရာမ. . . နေပါဦး၊ ဒီကလေးနဲ့ ဆရာမနဲ့က ဘယ်လို ပတ်သက်ပါသလဲ'

ဦးသက်လွင်သည် ယုမိစံ စကားမဆုံးခင် လက်ကာဝင်တားလျက် ကမူးရှူးထိုး မေးလိုက်သောမိသော မေးခွန်း ဖြစ်သည်။

'ဆရာ၊ ဒီကလေးဟာ ကျွန်မ မောင်လေးပါ၊ အဖေ အတူတူ ပါပဲ'

ယုမိစံသည် ရင်ထဲ၌ မျိုသိပ်ထားရသော လျှို့ဝှက်ချက်"ကီး"ကို အန်ထုတ်လိုက်ရ၍ လွတ်ကျွတ်ပေါ့ပါး သက်သာသွားသည်။

'အို. . . ဆရာမ မောင်၊ ဟုတ်လား ဆရာမ'

ဦးသက်လွင်သည် ရှေ့ဆက်၍ မပြောနိုင်တော့ဘဲ နှုတ်ခမ်းများသာ တရွရွ လှုပ်နေလေသည်။

ဂျပန်ကို ၁၀ နှစ်သားက ဘုန်းကြီးကျောင်းမှ သူ ခေါ်လာခဲ့သည်။ သူ ခေါ်လာခဲ့သော ဂျပန်သည် ယခု သူ့ညီငယ် မောင်မောင်အဖြစ်နှင့် သူနှင့် မကွဲမကွာ အတူတကွ နေခဲ့ကြသည်မှာ မောင်မောင့်အသက်ပင် ၂၂ နှစ် ရှိပြီ။ သူနှင့်နေသော ၁၂ နှစ်အတွင်း မောင်မောင်နှင့် ပတ်သက်၍ နောက်ကြောင်းအဆက်အစပ် ဘာသတင်းမှ မပေါ်ပေါက်ခဲ့ဘဲ၊ ပြည်ဖုံးကား ချလျက် ဖုံးအုပ်ထားလိုက်သော မောင်မောင်၏ အတိတ် ကန့်လန့်ကာကြီးသည် ယခုတော့ မမျှော်လင့်ဘဲ ယုမိစံက လာ၍ ဆွဲလိပ်တင်ပြလိုက်သည့်



BURMESE CLASSIC .com

www.burmeseclassic.com



အတွက်၊ သူ့မျက်စိရှေ့၌ ပွင့်သွားခြင်းကြောင့် များစွာ တုန်လှုပ်အံ့သြသွားရခြင်း ဖြစ်သည်။

ယုမိစံက သူ့မောင်ပါဆို၍ သူ့ကိုယ်တွင်းမှ "မောင်နှမ" "မောင်နှမ"ဆိုသော အသံတို့သည် သူ့နား၌ နားကွဲမတတ် ပဲ့တင်ထပ်ညံနေသည်။ ဦးသက်လွင်သည် စိတ်ကိုငြိမ်အောင် ကြိုးစား၍ နှိမ်ပြီးမှ အသံထွက်လာ နိုင်သည်။

'အံ့သြတယ် ဆရာမ၊ ကျွန်တော် ဝမ်းသာပါတယ်။ ဘုန်းကြီးကျောင်းက သူ့ကို ခေါ်လာတော့ ၁၀ နှစ်သားပဲ ရှိသေးတယ်၊ အခုအသက် ၂၂ နှစ် ရှိပြီ။ သူ့နာမည်က မောင်မောင်လို့ ခေါ်ပါတယ်'

မောင်လေး၏ အမည်မှာ မောင်မောင် ဆို၍ ယုမိစံသည် 'မောင်မောင်'ဟု နှုတ်မှ အသံထွက်ကာ ခေါ်ကြည့်လိုက်သည်။ 'ဝမ်းသာလိုက်တာ ဆရာ'ဟု ဆိုလိုက်သည်။

'မောင်မောင့်အဖေ ဂျပန်မှာ ရှိသလား'

'မရှိပါဘူး ဆရာ၊ သေပါပြီ။ စစ်ပြီးတော့ အဖေနဲ့ကျွန်မ ချက်ချင်းပြန်မတွေ့ရပါဘူး၊ မြန်မာပြည် ထောင်ထဲမှာ စစ်တရားခံအဖြစ် သုံးနှစ်နေသွားရပါတယ်။ နောက် စင်္ကာပူပို့ပြီး စင်္ကာပူမှာ နှစ်နှစ်နေပြီးမှ ဂျပန်ပြန်ရောက်လို့ ကျွန်မနဲ့ ပြန်တွေ့ရပါတယ်။ အဖေ ပြန်လာတော့ အဖေကမကျန်းမာပါဘူး၊ မြန်မာပြည်မှာ ကျွန်မမောင်လေး ရှိတဲ့အကြောင်း ပြောပြပါတယ်။ သူ့သားကို သူ သိပ်ချစ်ပါတယ်၊ သူ့သားအကြောင်းကို ခဏခဏပြောပြပါတယ်၊ သူ သိပ်မမာတော့ သူ့သားကို သူ ပြန်တွေ့ဖို့ မရှိတော့စိတ်လျှော့သွားပါတယ်။ ကျွန်မအဖေ့ မိန်းမက သူနာပြုဆရာမ မထွေးထွေးပါ၊ မောင်လေး ၁၀ လသားမှာ ကလေးကိုခေါ်ပြီး ပဲခူးနားက ဘုရားလေးရွာကို ခဏ ပြန်သွားတာ၊ အဖေနဲ့ နောက်ထပ် မတွေ့ရတော့ဘူး ပြောပါတယ်'

'မောင်မောင့်အဖေ နာမည်က ဘယ်လိုခေါ်ပါသလဲ'

'မစ္စတာယူရှီးဒါးလို့ ခေါ်ပါတယ် ဆရာ၊ မထွေးထွေးနဲ့ လက်ထပ်



BURMESE CLASSIC .com

www.burmeseclassic.com



တုန်းက စစ်တပ်မှာ မေဂျာပါ။ နောက်တော့ စစ်မပြီးခင်ဘဲ လက်ဖတင်နင် ကာနယ် ရာထူးတက်ပါတယ်'

'ဒါဖြင့် မောင့်မောင့်အဖေက စစ်ပြီးတော့လည်း ရန်ကုန်ထောင်ထဲမှာ ရှိသေးတာကိုး။ မောင်မောင်ဟာ သူ့အဖေနာမည်တောင် သူ မသိဘူး၊ သူ့အဖေ ဓာတ်ပုံတော့ သူ ငယ်ငယ်က မြင်ဖူးတယ်'

'ဟုတ်လား ဆရာ၊ သူ မြင်ဖူးသလား'

'သူတင်မကဘူး ဆရာမ၊ ဒီဓာတ်ပုံကို ကျွန်တော်လည်း မြင်ဖူးတယ်'

'ကျွန်မအဖေ ဓာတ်ပုံ ကျွန်မ ယူလာပါတယ် ဆရာ၊ မင်္ဂလာဒုံမှာ နေတုန်းက ရိုက်ပြီးပို့တဲ့ ပုံပါ'

ယုမိစံသည် သူ့အိတ်ထဲမှ ဓာတ်ပုံကို ထုတ်ယူ၍ ဦးသက်လွင်ကို လှမ်းပေးလိုက်သည်။ ဦးသက်လွင်က ဓာတ်ပုံကို စိုက်လျက်ကြည့်သည်။ ယခင်က ဘုန်းကြီးကျောင်း၌ သူ ပုံတူဆွဲယူခဲ့သော မောင်မောင့် အဖေ ပုံပင်ဖြစ်၍ မောင်မောင့်အဖေမှ မောင်မောင့်အဖေ အစစ်။

ဓာတ်ပုံကို ယူကြည့်သော ဦးသက်လွင်၏ မျက်နှာသည် သိသိသာသာကြီး ဖြူဖတ်ဖြူရော်ကြီး ဖြစ်သွားသည်။

ဦးသက်လွင် ရုတ်ခြည်း အမူအရာ ပြောင်းသွားခြင်းကို ယုမိစံ မြင်လိုက်ရသည်။

'ဟုတ်ပါတယ် ဆရာမ၊ ဒီပုံမျိုးပါပဲ၊ သူ့အဖေ ဓာတ်ပုံကို ငယ်ငယ်က သူ ဆုတ်ပစ်လို့ ကျွန်တော် ပြန်သိမ်းထားရတယ်၊ ပုံတူလည်း ဆွဲထားပါ တယ်'

'ဘာဖြစ်လို့ ဆုတ်ပစ်တာလဲ ဆရာ၊ သူ့အဖေ ဓာတ်ပုံမှန်း သူ သိတယ် မဟုတ်လား ဘာကြောင့်လဲ'

ယုမိစံ နှုတ်က အဆက်မပြတ် တတွတ်တွတ် မေးလေလေ ဦးသက်လွင် ရင်၌ အဆက်မပြတ် တဖျပ်ဖျပ် ဖြစ်လေလေ။ ဦးသက်လွင်မှာ ယုမိစံကို ပွင့်ပွင့်လင်းလင်း ပြောပြရန် နှေးကွေးနေသည်။ ဖွင့်ပြောရန်

www.burmeseclassic.com



အားနာဟန်လည်း ပေါက်၏။ ရိုင်းရာ ကျနေမလားလည်း စိုး၏။ မပြော ချင် ပြောချင်ဖြင့် ပြောရတော့၏။

'သူ့အဖေ ဓာတ်ပုံမှန်းတော့ သူသိတယ် ဆရာမ၊ သူ့ကို ဘုန်းကြီး ကျောင်းက ကျောင်းသားတွေနဲ့ ကိုရင်တွေက ပြောင်လှောင်နေကြတော့ ရှက်ပြီး ဆုတ်ပစ်လိုက်တာပါပဲ'

'ဪ. . .'

ဪ. . . ဆိုသော အသံကလေးမှာ သဲ့သဲ့ကလေး ဝဲလျက် ရှည်လျား တိုးမျှင်းနေသည်။ အသံ ပျောက်သွားပြီးနောက် ယုမိစံ၏ မျက်နှာပေါ်မှ သွေးရောင်များပါ ပျောက်ကွယ်သွားသည်။ မျက်မှောင်ကလေး ကြုတ်လျက် မျက်လုံးစင်းစင်းနှင့် ငေးငိုင် ငြိမ်သက်လျက် နေပုံကလေးသည် သနားစဖွယ် ဖြစ်သည်။

ပြီးခဲ့သော စစ်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုကြီးသည် ကြောက်မက် ဖွယ်ရာ ကောင်းလှဘိသည်။ နည်းအမျိုးမျိုးဖြင့် ကမ်းကုန်အောင် ကျူးလွန်၍ ကမ်းကုန်အောင် ဖျက်ဆီးသွားပြီးနောက် စစ်လှိုင်းတံပိုးကြီး လျှောကျ သက်ဆင်းသွားသော အခါ၌၊ သူတို့ မောင်နှမမှာ ကမ်းစပ်၌ ကျန်ရစ်ခဲ့ ကြသော အမှိုက်သရိုက်များပမာ၊ စစ်ဒဏ် စစ်မွေဆိုးကို တစ်ယောက်တစ်မျိုး စီ ခွဲဝေခဲ့ကြရပါကလားဟု ယုမိစံ တွေးမိလျက် ရှိသည်။

ဦးသက်လွင်သည် သက်ပြင်းချ၍ ဆက်ပြောလိုက်သည်။ သူ့အသံ မှာလည်း လေးလံလှသည်။

'မောင်မောင်က သူ့အဖေ ဂျပန်ဖြစ်တာ သိပ်ရှက်နေတော့ ကျွန်တော် အင်မတန် သနားတာနဲ့ သူ့ကို ကျောင်းက ခေါ်ခဲ့ရတာပဲ ဆရာမ'

'အခု မောင်မောင် ဆရာနဲ့ အတူတူ နေပါသလား'

ယုမိစံ၏ အသံမှာ ပျော့လွန်းနေသည်။ သူ့တစ်ကိုယ်လုံးလည်း အေးစက်နေသည်။

'သူ့ကို ခေါ်လာခဲ့တဲ့ နေ့ကစပြီး ကျွန်တော်နဲ့ အတူတူပါပဲ ဆရာမ၊



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့် သူ့ကို ကျောင်းထားလာတာ အခု. . . တက္ကသိုလ် ရောက်နေပါပြီ။ သူက ကျွန်တော့်ကို သူ့အစ်ကိုကြီးပဲ သဘောထားပါတယ်၊ သူဟာ ကျွန်တော့်ညီလေး ဖြစ်နေပါပြီ'

ယုမိစံသည် ဝေ့လာသော မျက်ရည်စဖြင့်ပင် ဦးသက်လွင်၏ မျက်နှာကို မျက်လုံးကလေးပင့်၍ ကြည့်နေလေသည်။

'ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ကို ကျွန်မ မမြင်ရခင်ကပဲ ကျေးဇူးတင်နေပါတယ်။ ဒါကြောင့် ဆရာ့ကို မြင်မြင်ချင်း ကျေးဇူးတင်ကြောင်း စကားကို အရင်ပြောရပါတယ်။ ဆရာသာ မခေါ်ခဲ့ရင် သူ့ဘဝ ဘယ်လိုဖြစ်မယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ သူ ရှိတယ်လို့ သိရတဲ့နေ့ကစပြီး ကျွန်မ သူ့ကို တွေ့ချင်မြင်ချင်လွန်းလို့ မြန်မာပြည်လာနိုင်အောင် မြန်မာစာ သင်ခဲ့ပါတယ် ဆရာ။ ကျွန်မ မောင်မောင့်ကို တွေ့ပါရစေ ဆရာ'

ဦးသက်လွင်မှာ လေးလံသောရင်ဖြင့် ပင့်သက်တစ်ချက် ရှိုက်လိုက် သည်။

'မောင့်မောင့်ကို တွေ့ရပါတယ် ဆရာမ၊ ဒါပေမဲ့ သူနဲ့ ဆရာမနဲ့ မောင်နှမဆိုတာ ဖြုန်းစားကြီး ဖွင့်ပြောပြလို့ မဖြစ်သေးဘူးလို့ ကျွန်တော် ထင်တယ်။ သူနဲ့ ဆရာမနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ပြီးမှ တဖြည်းဖြည်း ပြောပြရင် ပိုကောင်းလိမ့်မယ်လို ကျွန်တော် ထင်တယ်ဆရာမ။ သူ့မှာ သူ့အဖေ ဂျပန်ဖြစ်ရမလားဆိုတဲ့ မကျေနပ်တဲ့စိတ်၊ နာကြည်းတဲ့စိတ်က ရှိနေတယ်။ သူ့ကို ခေါ်လာတုန်းက သူ့အဖေ ဂျပန်ဖြစ်တာ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ သူ့ကို ကျွန်တော် ကတိပေးမှ လိုက်လာတာပါ။ ကျွန်တော် ကနေ့အထိ ပေးထားတဲ့ ကတိအတိုင်းပဲ ဘယ်သူ့ ကိုမှ မပြောပြခဲ့ပါဘူး၊ ကျွန်တော်နဲ့ အတူနေတဲ့ နေ့ကစပြီး သူ့ဘဝကို သူ လုံးလုံးမေ့ထားတယ်။ ဒီလိုပြောရတာ အားနာပါတယ် ဆရာမ'

ဦးသက်လွင်သည် အမှန်ပင် မျက်နှာမထားတတ်လောက်အောင်



BURMESE CLASSIC .com

www.burmeseclassic.com



အားနာသွားသည်။ ယုမိစံ လျှော့ရဲရဲကလေး ပြုံးလျက် ဝမ်းနည်းစိတ်ကို မျိုသိပ်ပစ်လိုက်သည်။

'ကျွန်မ နားလည်ပါပြီ ဆရာ၊ ကျွန်မကို သူ ခင်အောင် ချစ်အောင် လုပ်ပြီးမှ အစ်မဖြစ်မှန်း သိစေရင် ပိုကောင်းပါတယ် ဆရာ။ ကျွန်မကို ချစ်အောင် ခင်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်။ ဒီလို ကြိုးစားဖို့ အတွက် သူနဲ့ ကျွန်မ ခဏခဏတွေ့ဖို့ လိုအပ်ပါလိမ့်မယ်'

'ဒါကတော့ ဖြစ်နိုင်ပါတယ် ဆရာမ၊ ဆရာမ ကျွန်တော့်အိမ်ကို လာပါ။ ဆရာမ ခဏခဏလာဖို့အတွက် ကျွန်တော့်ဆီမှာ မြန်မာ့ယဉ်ကျေးမှု စာအုပ်ရေးဖို့ ဝင်တယ် ထွက်တယ်၊ အကူအညီ တောင်းတယ်ဆိုရင် ဖြစ်နိုင်တာပဲ။ မောင်မောင်နဲ့ ခဏခဏ တွေ့ရတာပေါ့'

နွမ်းနေသော ယုမိစံ၏ မျက်နှာကလေးမှာ သိသိသာသာ လန်း၍ လာသည်။ သူ့ရင်၌ ပြောင်းဆန်နေသော ခံစားချက်များသည် ရင်နှင့် မဆံ့ အောင် ပြောင်းဆန်လျက်ပင်ဖြစ်သည်။

'ဆရာ့အကြံ ကောင်းပါတယ် ဆရာ၊ ကျွန်မ ဘယ်နေ့ကစပြီး လာရမလဲ၊ ကျွန်မကို ရက်ချိန်းပေးပါ။ ဆရာ့အိမ် လိပ်စာလည်း ပေးပါ'

ယုမိစံ သွက်လက် လန်းဆန်းလာခြင်းကို တွေ့ရသည့်အခါမှ ဆရာ ဦးသက်လွင် စိတ်သက်သာရာ ရသွားသည်။ စာရွက်ပေါ်၌ အိမ်လိပ်စာကို ရေးပေးလိုက်ကာ မောင်မောင် အိမ်မှာရှိမည့် နောက်စနေနေ့ ညနေလေးနာရီ လာတွေ့ရန် ရက်ချိန်းပေးလိုက်သည်။

အခန်းထဲမှ ထွက်သွားသော ယုမိစံ၏စိတ်များ ပေါ့ပါးသွားလေသလောက် ဦးသက်လွင်မှာ ရင်လေး၍ ကျန်ရစ်ခဲ့သည်။ တစ်ချိန်လုံး မောင်မောင့်ကိုသာ မြင်ယောင်၍ နေမိသည်။ ဦးသက်လွင်သည် ကျောင်းက ပြန်နေကျ အချိန်ထက်စော၍ အိမ်သို့ ပြန်သွားသည်။ အိမ်ရောက်၍ တံခါး ဖွင့်ပေးသူမှာ မောင်မောင်ဖြစ်သည်။

မောင်မောင်သည် ညနေဘက် ကျောင်းအဆင်း၊ ကရာတေး

www.burmeseclassic.com



လေ့ကျင့်သည့်အခါ ဝတ်လေ့ရှိသော ကရာတေးအဝတ်နှင့် တံခါးပြေးဖွင့်လိုက်သည်။ ယုမိစံနှင့် တွေ့ခဲ့ရပြီးမှ ယနေ့ မောင်မောင် ဝတ်ထားသော ကရာတေး အဝတ်အစားကို ကြည့်၍ ဦးသက်လွင်၏ ရင်သည် သိမ့်ခါသွားလေသည်။ ညနေတိုင်း ကရာတေးအဝတ်အစားဖြင့် မြင်နေကျ မောင်မောင် မဟုတ်တော့ပေ။ ဂျပန်ဆရာမလေး၏ မောင်အဖြစ် ဂျပန်ရုပ် ပြောင်း၍ မြင်လိုက်မိသည်။ မောင်မောင့်ကို ဂျပန်ကလေးဖြစ်မှန်း အမြင်သစ်ဖြင့် ယနေ့မှ သူနှင့် ခွာ၍ မြင်ရခြင်း ဖြစ်သည်။

'ဟင်. . . အစ်ကိုကြီး စောလှချည်လား၊ နေမကောင်းလို့လား အစ်ကိုကြီး'

ဦးသက်လွင်၏ မျက်နှာညှိုးညှိုးကို မြင်လိုက်၍ မောင်မောင် ပျာပျာ သလဲ ဖြစ်သွားသည်။ မောင်မောင်က ပျာပျာသလဲ ဖြစ်လေလေ၊ ဦးသက်လွင် မှာ ဟန်ဆောင်၍ မရလေ ဖြစ်ရသည်။ "ဂျပန်ပြည်က မင့်အစ်မ ရောက်လာ တယ်"ဟု ပြောလိုက်ချင်သည်မှာ နှုတ်ယားနေသည်။ အောင့်အည်း၍ ထားရသော မအီမလည် မျက်နှာကြီးဖြင့် သံယောင်လိုက်ကာ ရောချလိုက် သည်။

'ဖိန်းတိန်းတိန်းနဲ့ ဖျားချင်သလိုလို ဖြစ်လို့ကွာ၊ စောစော အစ်ကိုကြီး ပြန်ခဲ့တယ်'

ဦးသက်လွင်သည် ပြောပြီး အပေါ်အင်္ကျီကို မသက်မသာ ချွတ်နေ၍ မောင်မောင် ကူညီ၍ ချွတ်ပေးသည်။ အင်္ကျီချိတ်၌ အင်္ကျီကို ပြေးချိတ်လိုက်သည်။ အိပ်ခန်းထဲသို့ တန်းဝင်သွားသော သူ့အစ်ကိုကြီး နောက်သို့ ပြေးလိုက်သွားသည်။

'အစ်ကိုကြီး ခဏ လှဲနေပါလား၊ ကိုမြဖေ ခုပဲ ဈေးထွက်သွားတယ်။ မောင်မောင် ကွမ်းရွက်ပြုတ်လိုက်ဦးမယ်၊ ချွေးထုတ်လိုက်မှ ဖြစ်မယ် အစ်ကိုကြီး'

ခုတင်ပေါ်၌ ပစ်လှဲဆန့်လိုက်သော ဦးသက်လွင် ကိုယ်ပေါ်သို့ စောင်

www.burmeseclassic.com



လွှမ်းခြုံပေးပြီးနောက် အခန်းထဲမှ မောင်မောင် ပြန်ပြေးထွက်သွားသည်။ ဘေးတိုက် မြင်လိုက်ရသော မောင်မောင်၏ မျက်နှာကလေးကို တစေ့တစောင်း ကြည့်လိုက်ပြီးနောက် ဦးသက်လွင်သည် မျက်လုံးများကို မှိတ်၍ မှိန်းနေသည်။

မောင်မောင်မှာ အရပ်ပုပု၊ အသားညိုညို၊ နှာတံပေါ်ပေါ်၊ ပါးလွှာတင်းစေ့သည့် နှုတ်ခမ်းရှိလျက် ထိုနှုတ်ခမ်းကလေးမှ ပြုံးလိုက်ပြီဆိုလျှင် ကလေးတစ်ယောက်၏ ဖြူစင်သော အပြုံးကလေး ပွင့်လာတတ်ကာ၊ မျက်လုံးများပါ တောက်ပြုံးရယ်၍ သွားသည်။

ဦးသက်လွင်သည် ရင်ထဲ၌ လှုပ်ရှားလွန်း၍ အကယ်ပင် အဖျားဝင် လာမတတ် ကျောထဲ၌ တစိမ့်စိမ့်ဖြစ်လာကာ သက်ပြင်း ပြင်းပြင်းချလိုက် သည်။

မီးဖိုခန်းထဲ၌ ကွမ်းရွက်ပြုတ်ပြီး မကြာမီ မောင်မောင် အခန်းထဲသို့ ပြန်ရောက်လာသည်။

'အစ်ကိုကြီး. . . ပူပူလေး သောက်လိုက်ပါ'

ဦးသက်လွင်မှာ ထ ထိုင်ပြီး ကွမ်းရွက်ပြုတ်ရည်ကို တစ်စက်မျှ သောက်ချင်စိတ် မရှိဘဲနှင့် မောင်မောင် မှုတ်ပြီး ကမ်းပေးနေသော ကွမ်းရွက်ပြုတ်ရည်ကို မျက်စိမှိတ်၍ ကျိုက်ချနေရသည်။

'အစ်ကိုကြီး၊ ကျွန်တော် အရန်တပ်ရင်းက အဝတ်တွေ ရလာပြီ။ ပြီးတော့ အစ်ကိုကြီးကို ဝတ်ပြမယ်နော်'

မောင်မောင်က ကွမ်းရွက်ပြုတ်ရည်ကို တိုက်နေရင်းအားတက်သရော ပြောဆိုနေသည်။ ဦးသက်လွင်သည် မောင်မောင် ယုယုယယ မှုတ်ပေးနေသော ကွမ်းရွက်ရည်ကို ကျိုက်ချရင်း ယုမိစံ၏ မျက်နှာကို ဖျောက်မရအောင် မြင်နေမိသည်။

ဘဝတစ်လျှောက်လုံး သူ့ကို မှီခိုလျက် ချစ်ခင်တွယ်တာနေသော မောင်မောင်၏ သံယောဇဉ်နှောင်ကြိုးသည်၊ ကြားဝင်၍ ဘယ်သူမှ ဖြေမရ

www.burmeseclassic.com



အောင် ချည်နှောင်ထားမှန်းသိ၍ မောင်မောင့်ကို တုံ့ပြန်၍ သူ ချစ်ခဲ့ရသည်။ ကြင်နာခဲ့ရသည်။ ဤလောကကြီး၌ သူ တစ်ဦးတည်း ချစ်ခဲ့၊ ကြင်နာခဲ့သော မောင်မောင်အား သူတစ်ဦးတည်း မဟုတ်တော့ဘဲ နောက်တစ်ဦး တိုးလာခြင်းကြောင့် မောင်မောင့်အတွက် ကျိတ်၍လည်း ဝမ်းသာ၏။ မောင်မောင့်အား တစ်ကောင်ကြွက် တစ်မျက်နှာ မဟုတ်တော့ကြောင်းကို ဖွင့်ပြောနိုင်မည့် အချိန်သို့ မြန်မြန် ရောက်စေချင်လှသည်။

မောင်မောင်သည် ဦးသက်လွင်ကို ကွမ်းရွက်ပြုတ်ရည်တိုက်ပြီး အလှဲခိုင်းကာ စောင်ပြန်လွှမ်းပေးသည်။ နဖူးကိုစမ်းကာ. . . 'ကိုယ် မပူပါဘူး အစ်ကိုကြီးရာ'ဟုလည်း ဆို၏။ ထို့နောက် ပြုံးပြုံးပြုံးပြုံးဖြင့် အပါးမှခွာသွားကာ ဗီရိုကို ဆွဲဖွင့်လိုက်သည်။ ဗီရိုထဲမှ စစ်ဝတ်စုံကို ထုတ်လာကာ သူ့ကိုယ်၌ ဝတ်ထားသည့် ကရာတေး အဝတ်ကို ချွတ်လိုက်သည်။

ဦးသက်လွင်သည် မောင်မောင် အဝတ်လဲနေခြင်းကို ငေးစိုက်ကာ ကြည့်နေသည်။ မောင်မောင်သည် စစ်ဝတ်စုံကို အကျ ဝတ်ဆင်နေသည်။ သံပရာခွံ စစ်ဦးထုပ်ကို နောက်ဆုံးမှ ခေါင်းစွပ်လိုက်သည်။

'အစ်ကိုကြီး ကြည့်ပါဦး၊ ကျွန်တော်နဲ့ စစ်ဝတ်စစ်စားနဲ့ လိုက်တယ် မဟုတ်လား အစ်ကိုကြီး'

ဦးသက်လွင်သည် နေ့လယ်က ယုမိစံပြသော မေဂျာယူရှီးဒါ ရုပ်ပုံနှင့်၊ စစ်ဝတ်စစ်သား ဝတ်ထားသော မောင်မောင့်ပုံကို ယှဉ်၍မြင်မိကာ ရင်ထဲ၌ လှိုင်းတံပိုး ထန်သွားလေသည်။

စစ်ဝတ်စုံ ဆင်ယင်ပြီး မောင်မောင်သည် ခြေထောက်ကို ရိုက်ခတ်လျက် ဦးသက်လွင်အား အလေးပြုလိုက်သည်။ သူ့အပြုအမူကို သူ့ဟာသူ သဘောကျလျက် အသံထွက်၍ ရယ်လေသည်။ ဦးသက်လွင်သည် ရီဝေသော မျက်လုံးအစုံဖြင့် မောင်မောင့်ကို ပြုံးရုံမျှ ပြုံးပြနိုင်ရှာသည်။

'ကျွန်တော်တို့ ဆရာ ဗိုလ်ကြီးက ပြောတယ် အစ်ကိုကြီး၊ အရန်တပ်ထဲမှာ လေးနှစ်ဝင်ပြီး ဗိုလ်လောင်းသင်တန်းကို တန်းသွားနိုင်တယ်



BURMESE CLASSIC .com

www.burmeseclassic.com



တဲ့။ ကျွန်တော် လေးနှစ်ပြည့်ရင် ဗိုလ်လောင်းသင်တန်း သွားချင်တယ် အစ်ကိုကြီးရယ်၊ သွားရမလား'

'စစ်ထဲ ဘာဖြစ်လို့ ဝင်ချင်ရတာလဲ ငါ့ညီရယ်၊ အစ်ကိုကြီးလို ကျောင်းဆရာ မလုပ်ချင်ဘူးလား'

'ကိုယ့်တိုင်းပြည်နဲ့ လူမျိုးအတွက် ကာကွယ်ဖို့ ဝင်ရမှာပေါ့ အစ်ကိုကြီးရ။ ဒီတစ်ခါ မြန်မာပြည်ကို နယ်ချဲ့ဖက်ဆစ်ကောင်တွေ လာရဲရင် လာစမ်းပါစေ အစ်ကိုကြီးရာ၊ ကျွန်တော် ဒင်းတို့နဲ့ ချချင်ပါတယ်'

အားပါးတရ ကြုံးဝါးလိုက်သည့် မောင်မောင်၏ ဖက်ဆစ်စကားလုံး နောက်ကွယ်၌ရှိသော အဓိပ္ပာယ်မှာ ဂျပန်ကို ရည်ညွှန်းဆိုလိုသော အဓိပ္ပာယ် ပေါက်၍ ဦးသက်လွင် မျက်နှာပျက်သွားသည်။

ဦးသက်လွင် မျက်နှာပျက်သွားခြင်းကို မြင်မှ မောင်မောင့်မှာ သူ့စကားနှင့်သူ မလုံမလဲ စိတ်တစ်မျိုး ပေါ်ကာ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။ သူ့ရင်တွင်း၌ ဖုံးကွယ်ထားသော နာလုံးကို ဖွင့်ဖော်မိလျက်သား ဖြစ်ရသည်။ မောင်မောင်၏ အိုးတိုအမ်းတမ်း အမူအရာသည် သူ့ဘဝ နာခဲ့ခြင်းကို ဒီအသက်အရွယ် ရောက်သည်အထိ မေ့လျော့ ပြေပျောက်ခြင်း မရှိသေးမှန်း သိရှိလိုက်ရသည့်အတွက် ယုမိစံနှင့် တွေ့ရေးကိစ္စ ထပ်၍ တိုး ရင်ပူသွားသည်။

ဦးသက်လွင်မှာ ယခု သူမြင်ရသော မောင်မောင်၏စစ်သားအသွင် နှင့် မောင်မောင်၏ စကားလုံးများကို မောင်မောင့်ဖခင် ကာနယ် ယူရှီးဒါး မြင်စေ ကြားစေချင်တော့သည်။ ကာနယ်ယူရှီးဒါးကိုယ်တိုင် ဤမြင်ကွင်းကို မြင်ရ ကြားရမည်ဆိုပါက မည်သို့ရှိမည်နည်း။

ဤအတွေးတို့သည် ဦးသက်လွင်အား ပတ်ချာဝိုင်းလျက် ရှိလေသည်။

ဦးသက်လွင်သည် ထိုနေ့ည တစ်ညလုံး အိပ်၍မပျော်တော့ချေ။ ယောက်ယက်ခတ်မျှဖြစ်သည့် အတွေးများ၊ ခံစားမှုများဖြင့် သူ့စိတ်ကို လွှမ်းမိုးထားသော ပြဿနာကြီးကို စဉ်းစားလျက် ရှိလေသည်။ မျက်လုံး

www.burmeseclassic.com



အကြောင်းသားဖြင့် အမှောင်ထဲသို့ စူးစိုက်လျက်ရှိရာမှ တစ်ဖက်ခုတင်၌ အိပ်ပျော်လျက်ရှိသည့် မောင်မောင်၏ တရှူးရှူး အသက်ရှူသံကို ကြားနေရသည်။ မောင်မောင်၏ အတိတ်သည် တရိပ်ရိပ် ပေါ်လျက်ရှိသည်။

## ၅

ညနေပိုင်း နေကျလာသဖြင့် မြေကြီးသည် ပူရှိန်ကာ မြေသင်းနံ့များ မွှေးပျံ့နေသည်။ ဘုန်းကြီးကျောင်းဝင်း တစ်ဝင်းလုံး ဝါးရွက်ချင်းထိပွတ်သံတို့သည် တရှဲရှဲ မြည်နေလေသည်။ ကျိုက်စကောရွှေးဟောင်းစေတီပျက်ကြီးမှာ ကုန်းမြင့်ပေါ်၌ တည်ရှိ၍ အနောက်ဘက်မှ မီးရထားဘူတာရုံကလေးနှင့် သံလမ်းကို ဆီး၍ မြင်နေရသည်။ ကိုသက်လွင်သည် ဘုရားကုန်းပေါ်မှ မီးရထားသံလမ်းရှိရာသို့ မြေညီလမ်းအတိုင်း ဆင်းလျှောက်လာခဲ့သည်။

သံလမ်းတစ်ဖက်၊ ရွာ့နောက်ဖေးဘက်မှ ထွက်လာကြသော ဘုန်းတော်ကြီးကျောင်းသားလေး တစ်စုကို လှမ်းမြင်ရသည်။ ရှေ့မှ နှစ်ယောက်က ဆွမ်းဟင်းအိုးကို ဆိုင်းထမ်းနှင့် ထမ်းပိုးတပ်၍ ထမ်းလာကြသည်။ ၎င်းတို့ နောက်ဘက် ခပ်လှမ်းလှမ်းမှ ကျောင်းသား သုံးလေးယောက်သည် သံကုန်ဟစ်၍ ညီညာဖျဖျ သီဆိုလာကြသည်။

‘စိန်ကြည်နော်. . . စိန်ကြည်
လင်ယူ ပက်စက်သည်၊
မာစတာကြီး တိုက်ပြုပြန်
ဗိုက်တစ်လုံးနဲ့ ကျန်။
ကျန်တဲ့ဗိုက်က ဂျပန့်မွေး
ကျောင်းကပ်နေတဲ့ ငပုလေး
ဝေး. . . ဟေး. . . ဟေး’

သီတာရတနာစာပေ

www.burmeseclassic.com



သုံးကြိမ်မြောက် သီဆိုအောင်ဟစ်၍အပြီး ဟင်းအိုးဆိုင်းထမ်းကို လျှိုထမ်းလာသော ကျောင်းသားကလေးသည် ဟင်းအိုးကို မြေ၌ ရုတ်တရက် ချလျက် ထမ်းပိုးကို ဖြုတ်လွှတ် ချခဲ့ပြီးနောက် သူ့နောက်က ကျောင်းသား များ ရှိရာသို့ တစ်ဟုန်ထိုး ပြန်လှည့်ပြေးသွားသည်။

'ဟေ့. . . လာပြီဟေ့. . . ဂျပန်ပုပ်ကလေး လာပြီဟေ့'

ကျောင်းသားတို့သည် ပြေးလာသော ဂျပန်ကို ဆီးထိုးရန် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် အသင့်ပြင်ထားကြသည်။ ဂျပန်သည် ပြေးလာရင်း အနားသို့ ရောက်သွားသော ကျောင်းသားကလေး၏ မျက်နှာကို သူက ဦးအောင် လက်သီးဖြင့် စွတ်ထိုးလိုက်သည်။

တစ်ယောက်နှင့် လေးယောက် ဖြစ်သော်လည်း ဂျပန်က နောက်မဆုတ်၊ ရှယ်တူနှစ်ယောက်၏ မျက်နှာကို ညိုမည်းသွားအောင် တအားထိုးပစ်သည်။ နှစ်ယောက်က သူ့မျက်နှာနှင့် သူ့ကျောကို ဝိုင်းထိုးကြသည့်အခါ၌ အံတကြိတ်ကြိတ်နှင့် ကုန်းခံလိုက်ပြီးနောက် တစ်ယောက်ကို ဝင်လုံး ၍ ပူးကာ မြေ၌ တွန်းလှဲချလိုက်သည်။ အပေါ်မှ ခွ၍ ဘယ်ပြန်ညာပြန် တအားထိုးပြီးမှ ပြန်လှည့်ပြေးလာသည်။

အထိုးခံရသော ကျောင်းသားကလေးများသည် ဂျပန်နောက်သို့ ပြေးမလိုက်ဝံ့ကြတော့ဘဲ အဝေးမှပင် သံသေးသံကြောင်တို့ဖြင့် ပြောင်လိုက်လာကြသည်။

'ဟေ့ မူတူး. . . ဟေ့ ငပု. . . ဟေ့ ဂျပန်စုတ်၊ မင်း အဖ ဂျပန် ဘယ်မတုံးကွ'

ကိုသက်လွင်သည် ဤမြင်ကွင်းကို ဤကျောင်းကို စရောက်သော နေ့၌ ကျောင်းနောက်ဖေး သံလမ်းနားတွင် ပထမဆုံး ကြုံတွေ့ရခြင်း ဖြစ်သည်။

သူ့နားမှဖြတ်၍ ဘုရားကုန်းပေါ်သို့ တက်သွားသော ဂျပန့်မျက်နှာကို ဂရုပြု၍ စိတ်ဝင်စားစွာ ကြည့်လိုက်သည်။ မျက်နှာ၌ အထစ်အရာတွေနှင့်



BURMESE CLASSIC .com

www.burmeseclassic.com



ညိုမည်းနေသည်။ ခံပြင်း၍ တင်းမာနေပုံ ရှိသော်လည်း ဝမ်းနည်းလှိုက်ဖို လာသော အတွင်းစိတ်သည် ဂျပန်၏ မျက်လုံး၌ ဖော်ပြနေကြသည်။ သူ့ အနားက ဂျပန်ကို လွှန်သွားမှ သံလမ်းဘက်သို့ ဆင်းလျက် လမ်းလျှောက် ထွက်သွားသည်။ နေဝင်လုနီးမှ ဘုရားကုန်းပေါ်သို့ ပြန်ရောက်လာသည်။

နွေကျောင်းပိတ်ရက် အားလပ်ခိုက် နွေပန်းချီဆွဲချင်၍ ဖခင်ရှိစဉ်က ထာဝရ ကိုးကွယ်ကာ သူ ကိုရင်ဝတ်ခဲ့သော ကျိုက်စကော ဆရာဘုန်းကြီး ကျောင်းသို့ ကိုသက်လွင် လာရောက်ခဲ့ခြင်း ဖြစ်သည်။ ကျောင်းရောက်ပြီး တစ်အောင့်တစ်နား ဆရာတော်နှင့် စကားပြောပြီးလျှင် အညောင်းပြေ လမ်းလျှောက်ရန် စေတီကုန်းပေါ်မှ ဆင်းအလာ ဂျပန်နှင့် ရန်ပွဲကို စတွေ့ ဖူးခြင်း ဖြစ်သည်။

ဘုန်းကြီးကျောင်းသား အချင်းချင်း ရန်ဖြစ်ကြရိုး ထုံးစံ ရန်ပွဲကလေး များကို နောက်နောင်က ကြုံဖူးပေါင်း များခဲ့သော်လည်း သာမန် အဖြစ် အပျက်ကဲ့သို့ ပြီးပြီးပျောက်ပျောက် ဖြစ်သွားသည်။ ယခု သူ တွေ့လိုက်ရ သော ရန်ပွဲကလေးသည် ပြီးပြီးပျောက်ပျောက် ဖြစ်မသွားချေ။ ကျောင်းသား များ သီဆိုသော ခေတ်ဟောင်းက ဂျပန်သံချပ်မှာ သူ့နား၌ မထွက်အောင် စွဲနေခြင်းကြောင့် ဤသံချပ်နှင့် ပတ်သက်၍ စူးစမ်းချင်စိတ်များ ပေါ်ပေါက် လာသည်။

လမ်းလျှောက်ကအပြန် ကျောင်းထဲသို့ ရောက်လျှင် ဂျပန်ကို ကျောင်းဝင်းထဲ၌ တွေ့နိုးနိုးဖြင့် ဟိုကြည့်သည်ကြည့် ရှာကြည့်မိသည်။ ကိုသက်လွင်သည် ကျောင်းပေါ်သို့ မတက်သေးဘဲ ဆွမ်းစားကျောင်းပေါ်သို့ တက်သွားသည်။

ချွေးသီး ချွေးပေါက်များဖြင့် သောက်ရေအိုးမှ ရေခပ်သောက် နေသော ဂျပန်ကို ပက်ပင်း တွေ့လိုက်ရသည်။ ကိုသက်လွင်ကို မြင်၍ ဂျပန်သည် ရေသောက်ရင်းမှ မျက်လုံးပြူးကြည့်လိုက်သည်။ ရေခွက်ကို ပြန်ချလိုက် ရှက်ကိုးရှက်ကန်းဖြင့် ကျောင်းနောက်ဘက် လှေကားမှ ပြန် ပြေးဆင်းသွားသည်။

www.burmeseclassic.com



ဆွမ်းစားကျောင်းပေါ်၌ ကပ္ပိယကြီး ဦးစမှာ နံနက်အရုဏ်ဆွမ်း အတွက် ခုံများခင်းလျက် ကြိုတင်ပြင်ဆင်နေခိုက်၊ ကိုသက်လွင် တက်လာ ခြင်းကို ရုတ်တရက် မမြင်မိဘဲ ဂျပန် ပြေးဆင်းသွားသံကြားမှ ကျောင်းဝသို့ လှည့်ကြည့်၍ ကိုသက်လွင်ကို မြင်လိုက်သည်။

'လာ. . . ဆရာလေး. . . ထိုင်'

နံနက် အရုဏ်အတွက် ခုံခင်းထားသော စားပွဲဝိုင်းမှ ဖျာတိုကလေး တစ်ချပ်ကို ဦးစက ဆွဲယူခင်းပေးသည်။

'ဦးစ ရာ. . . ခုနက ရေသောက်ပြီး ဆင်းသွားတဲ့ ကလေးဟာ မြန်မာ ဟုတ်ကဲ့လားဗျာ'

ဦးစသည် ရှေ့သွားများ မရှိသော နှုတ်ခမ်းကိုဖြဲ၍ ဟက်ခနဲ ရယ် လိုက်သည်။

'ဂျပန် ဆရာလေးရဲ့. . . ဂျပန်၊ မြန်မာအစစ် မဟုတ်ဘူး၊ အဖေ ဂျပန်. . . အမေ မြန်မာ'

ကိုသက်လွင်မှာ သူ့အထင်နှင့် မလွဲ၍ ပိုမို စိတ်ဝင်စားလာသည်။

'နို့. . . သူက ဒီကျောင်းကို ဘယ်ကဘယ်လို ရောက်လာတာတုံး'

'ဒီကောင်လေးက ဒီရွာက မဟုတ်ဘူး ဆရာလေးရဲ့၊ ဟိုဘုရားလေး ရွာက။ သူ့အမေ မြန်မာ၊ ဂျပန်ခေတ်တုန်းက သူကြီးသမီးပေါ့။ ဂျပန်ခေတ် မှာ ဂျပန်စစ်သားနဲ့ ညားပြီး ဂျပန်ပြေးတော့ သားတစ်ကောင် တိုးလိုး တွဲလောင်း ပေါ့ဗျာ'

ဦးစက ပြောပြီး ရယ်ကျဲကျဲ လုပ်နေသည်။

'ဖြစ်မှဖြစ်ရလေ ဦးစရယ်၊ သူ့ကို သူ့အမေက လာပို့ထားသလား'

'သူ့မှာ အမေ မရှိတော့ဘူး ဆရာလေးရဲ့၊ အမေက သေပြီ၊ မွေးချင်း ပေါက်ဖော် မရှိဘူး။ သူ့ဦးလေးဝမ်းကွဲက ကလေးတွေ တစ်ပြုံကြီးနဲ့ အတော် ဆင်းရဲတော့ သူ့ကို မကျွေးနိုင် မမွေးနိုင်လို့ ဒီကျောင်းမှာ လာပစ်ထားတာပဲ ဆိုပါတော့ဗျာ'



BURMESE CLASSIC .com

www.burmeseclassic.com



'သူ့အဖေ ဂျပန်မှန်း သူ သိသလား ဦးစ'

'သိတာပေါ့ ဆရာလေးရဲ့၊ ဒါပေမဲ့ ဂျပန်ဆိုတာ ဘာလူမျိုးမှန်း သူ မြင်ဖူးတာမှ မဟုတ်ဘဲ။ သူ့နာမည်က ဂျပန်ဆိုတော့ တစ်ရွာလုံးက သူ့ကို ဇာတ်ထုပ် သိကြတယ်၊ တော်တော်ဆိုးတဲ့ ကောင်ကလေး။ ကျောင်းမှာ ဘယ်သူနဲ့မှ မတည့်ဘူးဗျ၊ ခဏခဏ ရန်ဖြစ်တယ်။ ထစ်ခနဲဆို သူက ထိုးတာပဲ၊ ဂျပန်ခေတ်က ဂျပန်လက်သံ ပြောင်ခဲ့တဲ့ အတိုင်းပါပဲ'

ဦးစသည် ဂျပန့်အပေါ်၌ အဆိုးချ၍ ဖိမဲပြီး အပြစ်တင်စကားပဲ ပြောနေသည်။

ဦးစ ပြောပြသည့်နေ့မှစ၍ ကိုသက်လွင်သည် ဂျပန့်ကို မျက်ခြည် မပြတ် အကဲခတ်၍ ကြည့်မိသည်။ ကျောင်းထိုင် ဆရာတော်မှ တစ်ပါး ဂျပန့်ကို တစ်ကျောင်းလုံးက ဆေးဖော်ကြောဖက် မလုပ်ကြဘဲ ဝိုင်းပ ထားကြခြင်းကို တွေ့ရှိလာသည်။

ဘယ်သူကမှ မကြင်နာကြပါ ကလားဟု ဂျပန့်အပေါ်၌ ကရုဏာ စိတ်ကလေး ရှိလာသည်။

တစ်နေ့တွင် ဆရာတော်ဘုရား နေ့လယ်ဘက် ကျိန်းစက်နေခိုက် ကျောင်းအောက်၌ ကိုသက်လွင်သည် ပန်းချီထိုင်ဆွဲနေသည်။ သူ့အနား၌ ကိုရင်ကလေး နှစ်ပါးနှင့် ကျောင်းသားလေးများ ဝိုင်းအုံ ရပ်ကြည့်လျက် ရှိကြသည်။

ဂျပန်မှာ သူတို့နားသို့ မကပ်သော်လည်း ခပ်လှမ်းလှမ်းမှ ကျောင်း တိုင်ကို မှီကာ သူတို့ရှိရာသို့ ငေးကြည့်နေသည်။

'ဟေ့ သူငယ် လာပါဦးကွ'

ကိုသက်လွင်က လှမ်းခေါ်လိုက်သည်။ ဂျပန်သည် ရှက်ကိုးရှက်ကန်း ပြုံးလျက် တိုင်မှီထားသော ကိုယ်ကို လိမ်ပတ်လှည့်သွားကာ ကိုသက်လွင် တို့ ဘက်သို့ ကျောခိုင်းထားလိုက်သည်။

'ဟေ့ ဂျပန်. . . ခေါ်နေတယ်ကွ လာလေ'

www.burmeseclassic.com



ကိုရင်လေးက လှမ်းခေါ်လိုက်သည်။ ဂျပန်က ခေါင်းကိုလိမ်၍ လှည့်ကြည့်ကာ ခေါ်ရာသို့ မလာဘဲ ကျောင်းပေါ်သို့ တက်ပြေးသွားသည်။

'ဒီကောင်လေးက ရိုင်းတယ် ဒကာကြီးရ၊ အဖေ မစစ်တော့ လူနားကို မကပ်ရဲဘူး၊ သူ့အဖေက ဂျပန်ကြီး'

ကိုရင်လေး၏နှုတ်မှ ရစရာမရှိအောင် မှိုချိုးမျှစ်ချိုး အသံများထွက်လာသည်။ ကျောင်းသားကလေးများသည် ကျောင်းပေါ်သို့ တက်သွားသော ဂျပန်ကို မော့ကြည့်ကြကာ လှောင်ပြောင်သရော်ကြသော အသံဖြင့် သံပြိုင် ရယ်လိုက်ကြသည်။

ပန်းချီဆွဲကောင်းနေခိုက် ကိုသက်လွင်မှာ စိတ်အနှောင့်အယှက်ဖြစ်လာကာ လက်က စုတ်တံကို ချလိုက်သည်။ သူ့ရင်ထဲ၌ နာ၍လာသည်။ သူ့မျက်နှာမှာ နီရဲသွားသည်။ သူ့နားတွင် ဝိုင်းအုံနေကြသော ကလေးများကို မျက်လုံးစိမ်းစိမ်းဖြင့် ကြည့်လျက် ကြိမ်းမောင်း မာန်မဲပစ်သည်။

'မင်းတို့ ဒီလိုမပြောကြနဲ့ကွ၊ သူ့မှာ အဖေ အမေ မရှိတဲ့ဘဝ။ သူ့အဖေ ဂျပန်ဖြစ်လည်း ဘာဖြစ်သလဲ၊ သူ့အဖေ ဂျပန်ဖြစ်တာ သူ့မှာ အပြစ်ရှိသလားကွ၊ ဒါ ရှက်စရာလား။ သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ ရှက်စရာလည်း မရှိဘူး။ သူက ရိုင်းတာ မဟုတ်ဘူး၊ တကယ့်တော့ မင်းတို့ကသာ ရိုင်းတာ'

ကိုသက်လွင် မာန်မဲပြောဆိုနေခိုက် ကိုရင်လေးနှစ်ပါးသည် ရှက်ကိုးရှက်ကန်းဖြင့် ကိုသက်လွင် အပါးမှ လစ်သွားကြသည်။ ကျောင်းသားကလေးများမှာ ကိုသက်လွင်၏ မျက်နှာကို မဆိုင်ရဲကြ၍ ခေါင်းငုံ့သူကငုံ့၊ မျက်နှာလွှဲသူက လွှဲဖြင့် အမူအရာပျက်လျက် ရှိကြသည်။ စကားကို ဆုံးအောင် နားမထောင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် အလျှိုလျှို ထွက်သွားကြသည်။

သူ့အနား၌ ဘယ်သူမျှ မရှိကြတော့မှ ကိုသက်လွင်သည် စုတ်တံကို ပြန်ကောက်ကိုင်ကာ ပန်းချီကားကို ဆက်လက် ရေးဆွဲနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထိုအခိုက် ကျောင်းပေါ်မှ နပန်းလုံးနေကြသော အသံများကို ခပ်အုပ်အုပ်၊ ခပ်ကျိတ်ကျိတ် ကြားရလေသည်။ ကိုသက်လွင်သည် ခြေသံမကြားရအောင် ကျောင်းပေါ်သို့ ခြေဖော့လျက် နင်းတက်သွားသည်။

လုံးလားထွေးလား အသံများထွက်နေသော အခန်းတစ်ခန်းကို ခြေဖျားထောက်၍ လှမ်းသွားကာ ခန်းဆီးကို အသာ ဆွဲလှစ်ကြည့်လိုက်သည်။

ဂျပန်သည် ကိုရင်လေးနှင့် ဖက်လုံးနေလျက် ကိုရင်လေး၏ လက်ထဲ မှ ဓာတ်ပုံကို မရ အရ ဆွဲလုနေသည်။ ကိုရင်လေးတစ်ပါးနှင့် အခြား ကျောင်းသားနှစ်ယောက်က ပူးလုံးနေသော ကိုရင်နှင့် ကွာသွားအောင် ဂျပန်ကို ဆွဲလွဲတွန်းဖယ် နေကြသည်။

'လွှတ်ကွ. . . လွှတ်'

ဓာတ်ပုံကိုင်ထားသော ကိုရင်လေးသည် ဂျပန့်လက်မှ ရုန်းရင်းတိုးတိုးကျိတ်ပြောလျက်၊ သူ့လက်မှ ဓာတ်ပုံ လွတ်မသွားအောင် အစွမ်းကုန်ခုခံကာကွယ်နေသည်။ ဂျပန်သည် ကိုရင့်လက်ထဲမှ ဓာတ်ပုံကို အရလုယူ၍ ရလျှင်ရချင်း ဆွဲဆုတ်ပစ်လိုက်သည်။

'ဟော့. . . ဟော့'

ကိုသက်လွင်သည် အခန်းထဲသို့ ရောက်သွားသည်။ ဂျပန် ဆုတ်ပစ်လိုက်သော အပိုင်းကို လိုက်လု ကောက်ယူနေကြသည့် ကျောင်းသားကလေးများမှာ ကိုသက်လွင် အသံကြား၍ ကိုယ်ရှိန်သတ်ကာ ရပ်သွားကြသည်။ ကိုသက်လွင်သည် ဓာတ်ပုံ အပြတ်နှစ်ပိုင်းကို ကောက်ယူလျက် ဆက်ကြည့်လိုက်သည်။

'ဘာဖြစ်ကြတာလဲ၊ ငါ့ကို ပြောကြစမ်း'

ဂျပန်သည် သူ့နှုတ်ခမ်းကို တင်းနေအောင်စေ့လျက် မျက်နှာပေါက်ဆိုးဆိုးဖြင့် မျက်နှာကို ရှစ်ခေါက်ချိုးထားသည်။ မျက်လုံးများမှာ အရောင်တဖျပ်ဖျပ် တောက်လျက် သူ့နှာခေါင်းမှ ရှုးရှုးရှဲရှဲ ဖြစ်နေသော အသံများမှာ အပြင်ပေါက်အောင် ရှုးရှုးရှဲရှဲ မြည်နေဆဲပင် ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'သူ့အဖေ ဂျပန်ပါဆိုတာကို သူက ဂျပန် မဟုတ်ဘူး ပြောလို့ ကိုရင်က ဘုန်းကြီးသေတ္တာထဲက သိမ်းထားတဲ့ ဓာတ်ပုံကို တိတ်တိတ် ယူထုတ်ပြတာ။ အဲဒါ သူ လုပြီး ဆုတ်ပစ်တယ်ဗျ'

ကိုသက်လွင်သည် အပေါ်တစ်ပိုင်း၊ အောက်တစ်ပိုင်း ဖြစ်နေသော ဓာတ်ပုံအပြတ်ကို ဆက်စပ်လျက် စူးစိုက်စွာ ကြည့်လိုက်ပြန်သည်။ စစ်ဝတ်စုံဖြင့် ဂျပန်စစ်ဗိုလ်၏ ခံ့ညားသော ရုပ်သွင်သည် ကိုသက်လွင်၏ မျက်လုံးထဲ၌ ရာသက်ပန် မပျောက်နိုင်အောင် စွဲထင်သွားလေသည်။

'ဘာဖြစ်လို့ မင့်အဖေ ဓာတ်ပုံကို ဆုတ်ပစ်လိုက်တာလဲကွယ်

ဂျပန်ကို စိတ်မကောင်းစွာဖြင့် ကြည့်လျက် ကိုသက်လွင်က ဖျောင်း ဖျောင်းဖျဖျ အသံမျိုးဖြင့် ပြောလိုက်သည်။

'ကျွန်တော့်အဖေ မဟုတ်ဘူးဗျ၊ အလကား သူတို့ ကျွန်တော့်ကို ဒီပုံပြပြီး ရန်စနေတာ'

ဂျပန်က မျက်မှောင်ကုတ်၍ အသံပျက်ပျက်ဖြင့် ပြန်၍ပြောသည်။ ကိုသက်လွင်၏ ရင်ထဲ၌ မကောင်းပုံသည် အသည်းထဲ အူထဲ၌ပါ ခံစားမိသည်။

'ဘာလို့ မဟုတ်ရမှာလဲ၊ ဘုန်းကြီး သိမ်းထားတာ။ အဲဒါ မင်းအဖေ ဂျပန်ပုံမှ ဂျပန်ပုံ အစစ်ကွ၊ မင်းအဖေ ဂျပန် မဟုတ်ဘူးပြောလို့ ငါ ယူပြတာ သိလား'

ကိုရင်လေး စကားမဆုံးမီ ဂျပန်က ဒေါသတကြီးဖြင့် လုပြောသည်။

'မဟုတ်ဘူးဗျ မယုံနဲ့၊ အဲဒါ ကျွန်တော့အဖေ ဓာတ်ပုံ မဟုတ်ဘူး။ ကျွန်တော့်ကို သက်သက် အရှက်ခွဲတာ'

ကိုရင်လေးနှင့် ကျောင်းသားနှစ်ယောက်က ဂျပန့်စကားကို ရယ်စရာ ပြက်လုံးတစ်ခုကဲ့သို့ ဝါးခနဲ ပြိုင်တူ ရယ်လိုက်ကြသည်။ ဂျပန်သည် ကိုရင်လေးကို လက်သီးနှင့်ထိုးရန် ရွယ်လိုက်ရာ ကိုသက်လွင်က ဟန့်ပြီး ဂျပန့်လက်ကို အမြန် ဖမ်းချုပ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မထိုးပါနဲ့ ငါ့ညီလေးရာ. . . မင်းအဖေ ဓာတ်ပုံဆိုကော ဘာဖြစ်သလဲကွ၊ ကိုယ့်မှာ အဖေရှိတာပဲ၊ အဖေ မရှိတဲ့ ကလေးမှ မဟုတ်ဘဲ၊ ရှက်စရာ မဟုတ်ပါဘူးကွာ၊ မင်းအဖေက စစ်ဗိုလ်ကြီးကွ'

ဂျပန်သည် ဆတ်ဆတ်ခါ နာကြည်းသွားဟန်ဖြင့် သူ့လက်ကို အတင်း ဆောင့်ရုန်းလျက် ကိုသက်လွင်ကို ဒေါနှင့်မောနှင့် ပြန်ပြောသည်။

'ကျွန်တော့်အဖေ ဂျပန်မှ မဟုတ်ဘဲ၊ ကျွန်တော့်အဖေက ဦးဆိုင်. . . ကတုတ်ရွာမှာ သေသွားပြီဗျ'

'ဟော့. . . ဦးဆိုင်က မင်းအဘိုးကွ၊ မင်း အဖေ မဟုတ်ဘူး. . . ဟား. . . ဟား. . . ဟား'

ကျောင်းသားကလေးက ဝင်သရော်လိုက်သည်။

'ဦးဆိုင် ငါ့အဖေ မဟုတ်ဘူးလို့ မင်းကို ဘယ်သူက ပြောသလဲ'

ဂျပန်က ပြောပြီး လက်သီးကလေးဆုပ်၍ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားသည်။

'ကပ္ပိယကြီး ဘကြီးစ ပြောတယ်၊ ဦးဆိုင်က မင်း အဘိုး။ မယုံရင် ဘကြီးစကို သွားမေးချေ'

'ဟော့. . . ဟော့. . . တော်ကြတော့၊ မင်းတို့ ဘာမှ ဆက်မပြောကြနဲ့တော့၊ သွားကြ၊ သူ့ဘာသာသူ နေပစေ'

ကိုသက်လွင်သည် အခန်းထဲမှ ကိုရင်ကလေးနှင့် ကျောင်းသားတို့ကို မောင်းထုတ်လိုက်သည်။ အခန်းထဲ၌ လူရှင်းသွားမှ ဂျပန့်ကို ကြည့်လိုက်သည်။ ဂျပန်၏ မျက်နှာလေးမှာ တင်းမာ၍ နေသေးသည့်အတွက် ဂျပန့်အနီးသို့ တိုးကပ်သွားသည်။

'ရော့လေ ဒီဓာတ်ပုံကို မင်း သိမ်းထားပါ'

'မလိုချင်ဘူး၊ ကျွန်တော့် လာမပေးနဲ့'

ကိုသက်လွင်သည် ဂျပန်ကို ကြင်နာစွာ စိုက်ကြည့်လျက်နေသည်။ ဂျပန်က ခပ်ပြတ်ပြတ်ပြောပြီး မျက်နှာ နီမြန်းစွာဖြင့် အခန်းထဲမှ ထွက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော် ကျိန်းရာမှ နိုး၍ အခန်းအပြင်ဘက်သို့ ထွက်လာသည့်အခါ၌ ကိုသက်လွင်က စောစောက အဖြစ်အပျက်ကို လျှောက်ထားလျက် ဂျပန့်အဖေ ဓာတ်ပုံနှစ်ပိုင်းပြတ်ကို ဆရာတော်အား ပြလိုက်သည်။

'ဒါ. . . သူ့အဖေ ဓာတ်ပုံကွ၊ သူ့ကို သူ့ဘကြီး ထွန်းမောင် ကျောင်းလာပို့တုန်းက ငါ့ကို ဒီဓာတ်ပုံ ပေးသွားတယ်။ ဒီတုန်းက ကိုရင်လေး က မြင်သွားတယ်'

'ဆရာတော် သူ့ကို တစ်ခါမှ ထုတ်မပြဘူးလား ဘုရား'

'ပြဖူးတယ်ကွ၊ ကောင်းကောင်းတောင် မကြည့်ပါဘူး၊ ပတ်ဝန်းကျင် က သူ့ကို သူ့အဖေ ဂျပန်ဆိုပြီး လှောင်ပြောင်သရော်နေကြတော့ ရှက်ရှာ တယ်၊ သနားစရာပဲကွယ်'

ကိုသက်လွင်သည် ဓာတ်ပုံနှစ်ပိုင်းပြတ်ကို ပြန်ဆက်ပေးချင်၍ ဆရာတော့်ကို လျှောက်ကာ ယူထားလိုက်သည်။ ဓာတ်ပုံပြတ် နှစ်ပိုင်းကို စက္ကူခံ၍ ဆက်ပြီးနောက် ပုံတူတစ်ပုံကို ကူးရေးဆွဲလေသည်။

သူ ရေးဆွဲသော ဂျပန့်အဖေပုံကို မည်သူမှ မမြင်စေအောင် လူရှင်း သော နေရာ၌ ရေးရသည်။ တစ်နေ့ ဓာတ်ပုံ ပျက်မှိန်ခဲ့သော် ပုံတူရှိဖို့ သင့်သည်ဟု သူ့စိတ်ကူးနှင့်သူ တိတ်တခိုး ရေးဆွဲခြင်း ဖြစ်သည်။

တစ်ညနေတွင် ကိုသက်လွင်သည် သူ့ပန်းချီကားများ အပြီးသတ်ရန် နှင့် ဂျပန့်အဖေ ပုံတူကားလေးပါ အချောကိုင်ရန်အတွက်၊ ရွာစွန်ရွာဖျား တောရိပ်တစ်ခု၌ စိတ်တိုင်းကျ သွား၍ ရေးဆွဲနေသည်။

ရွှေဝါနုရောင် နေခြည်များအောက်၌ တစ်ပင်လုံး ဖွေးဖွေးလှုပ်အောင် ပွင့်နေသော ငုဝါပန်းများ အပင်ပေါ်မှ ငိုက်ယွန်းကျနေခြင်းကို ကြည့်၍ ဆွဲနေလျက် သူ့လက်ရာကို သူ ပြန်၍ အားရကျေနပ်နေဆဲ၊ တောစပ်မှ ကျွဲကျောင်း ပြန်လာကြသော ကျွဲကျောင်းသားလေး တစ်အုပ်၏ သံချပ် များကို ကြားလိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'စိန်ကြည်နော်. . . စိန်ကြည်
လင်ယူပက်စက်သည်၊
မာစတာကြီး တိုက်ပြုပြန်
ဗိုက်တစ်လုံးနဲ့ကျန်။
ကျန်တဲ့ဗိုက်က ဂျပန့်မွေး
ကျောင်းကပ်နေတဲ့ ငပုလေး

ဤသံချပ်ကို ကြားလျှင်ကြားချင်း ဤတောရိပ်၌ ဂျပန်ရှိမည်ဟု ကိုသက်လွင် အတပ် သိလိုက်သည်။ ကိုသက်လွင်သည် သစ်ပင်ခြေရင်းမှ ထရပ်၍ ကျွဲကျောင်းသားအုပ်ကို လှမ်းကြည့်လိုက်သည်။ ကျွဲအုပ်နှင့် မလှမ်း မကမ်း ချောင်းထဲ၌ ရေကူးနေသော ဂျပန်ကို တွေ့လိုက်ရသည်။ ဂျပန်သည် ရေထဲမှ ပြေးတက်လာသည်။ သူ့နားသို့ ရောက်လာသော ကျွဲကျောင်းသား တစ်ဦး၏ မျက်ခွက်ကို လက်သီးနှင့် စွတ်ထိုးလိုက်သည်။

ဤအကြိမ်၌ ကျွဲကျောင်းသားများမှာ ဘုန်းကြီးကျောင်းသားလေးများ အရွယ် ငယ်ငယ် မဟုတ်ကြဘဲ ဂျပန့်ထက်ကြီးသူ၊ ဗလကောင်းသူများ ဖြစ်ကြသည်။ ၎င်းတို့အထဲ ကျောင်းက ကပ္ပိယကြီးဦးစ၏ မြေး ထွန်းရှိန် လည်း ပါသည်။ ဂျပန်မှာ တစ်ယောက်နှင့် လေးယောက် ဖြစ်နေသည်။

အဝေး၌ ဂျပန့်အား ဝိုင်း၍ သူတစ်ချက် ငါတစ်ချက် ထိုးကြိတ်နေကြသော မြင်ကွင်းကို ကိုသက်လွင်သည် ရင်တဖိုဖိုဖြင့် လှမ်း၍ ကြည့်နေရာမှ ရန်ပွဲရှိရာသို့ ပြေးသွားလေသည်။ အပြေးသွားရင်း နှုတ်ကလည်း အောင်ဟစ်သွားသည်။

'ဟေ့ကောင်လေးတွေ တော်ကွ. . . တော်'

ကျွဲကျောင်းသားများသည် ကိုသက်လွင်ကိုမြင်မှ လူစုခွဲကြသည်။ သူတို့နှုတ်မှ ဂျပန့်ကို မကြားဝံ့မနာသာ တိုင်းထွာ ဆဲဆိုလျက် ဝေးရာသို့ ထွက်ပြေးသွားကြသည်။ ဤအချိန်၌ သူတို့ အနိုင်ထိုးခဲ့နိုင်သဖြင့် အားရလွန်း၍ မကြားဝံ့ မနာသာ တိုင်းထွာဆဲဆိုသွားသော အသံတွေထဲတွင် ထွန်းရှိန်၏ အသံမှာ အကျယ်ဆုံး ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဂျပန်မှာ မျက်ခွံတစ်ဖက် ဖူးရောင်လျက် ကျန်ရစ်ခဲ့သည်။ အံကြိတ်ထားသော နှုတ်ခမ်းမှ သွေးများ ယိုစီးလျက် ကျနေသည်။ နာကျင်ခြင်းမပြ၊ မျက်ရည်လည်း တစ်စက်မှ မကျ။ အံကိုသာ ဖိကြိတ်ထားသည်။

'ကြည့်စမ်း၊ ပါးစပ်ကလည်း သွေးတွေ ကျလို့ပါလား၊ မင်း ဘယ်အချိန်က ရေလာကူးနေတာလဲကွာ'

ကိုသက်လွင်က ဂျပန့်အနားသို့ ရောက်ရောက်ချင်း မောကြီးပန်းကြီး ဖြင့် မေးလိုက်သည်။

'မကြာသေးဘူးဗျ၊ သူတို့ ကျွန်တော့်ကိုမြင်လို့ သက်သက် ရန်စကြတာ'

'အေးကွာ မင်းအဖြစ်က ပြောပဲ မပြောချင်ဘူး၊ ငါသာ မရှိရင် မင်း ဒီထက် နာမှာ၊ သွား မင်းပါးစပ်ထဲက သွေးတွေ ရေနဲ့ ပလုတ်ကျင်းပစ်လိုက်'

ဂျပန်သည် မထုံတက်သေး အမူအရာဖြင့် ချောင်းစပ်သို့ လျှောက်သွားသည်။ သူ့လက်ခုပ်ဖြင့်ချောင်းရေကို ခပ်ယူ၍ ပလုတ်ကျင်း ထွေးသည်။ သူ့ပါးစပ်ထဲမှ ကျလာသော သွေးတို့သည် ချောင်းရေနှင့်ရောကာ ရဲရဲနီသွားလေသည်။

ကိုသက်လွင်မှာ ကိုယ်တွေ့မျက်မြင် ကြုံနေရသော ဂျပန့်ဒုက္ခ၊ ဂျပန့်ဘဝကို စာနာထောက်ထားမိကာ လွန်မင်းစွာ သနားလာသည်။ ဂျပန်သည် နှုတ်ကျင်းပြီး သစ်ကိုင်း၌ ချိတ်ထားသော သူ့ပုဆိုး အခြောက်ကို ရေစိုလုံချည်နှင့် လဲလှယ်ပြီးနောက် ရွာဘက်သို့ ပြန်ရန် ဟန်ပြင်လိုက်သည်။

'လာလာ. . . မင်း ငါနဲ့လိုက်ခဲ့'

ကိုသက်လွင်သည် ဂျပန့်ကို သူ ပန်းချီဆွဲရာနေရာ တောရိပ်သို့ ခေါ်လာခဲ့သည်။ ဂျပန်ရှေ့မှ သုတ်သုတ် လျှောက်လာကာ သူ ဆွဲထားသော ဂျပန့်အဖေ ပုံတူရုပ်ပုံကို ဂျပန် မမြင်စေအောင် နွေပန်းချီကားချပ်ဖြင့် အလျင်အမြန် ဖုံးအုပ်ပစ်လိုက်သည်။ ဂျပန့်ကို ထိုင်ခိုင်းပြီး သူ့အိတ်ထဲမှ

www.burmeseclassic.com



ပဝါဖြူကိုထုတ်၍ အငွေ့မှုတ်ကာ ဖူးဖူးရောင်နေသော ဂျပန့်မျက်လုံးကို ကြပ်ပူ ထိုးပေးလေသည်။

ကြပ်ပူထိုးခံနေသော ဂျပန်မှာ ဤအပြုအမူမျိုး တစ်ခါဖူးမှ မခံရစဖူး၍ သူ့အဖို့ စိတ်ဝမ်းကြည်နူးစရာကြီး ဖြစ်နေသည်။ ငြိမ်၍ ခံနေရင်း စိတ်ထဲ၌ ချမ်းမြေ့ကြည်နူးလာသည်။ သူ့တစ်သက်တွင် သူ့ကို ယုယကြင်နာ သူဆို၍ ကိုသက်လွင် တစ်ယောက်သာ တွေ့ဖူးသေးသည်။ ကိုသက်လွင်၏ ပူနွေးသော အာငွေ့များကို ခံကောင်းကောင်းဖြင့် ငြိမ်သက်စွာ ခံယူလျက် ရှိနေသည်။

'နာသလား. . . ဂျပန်'

'သိပ်မနာတော့ပါဘူး ခင်ဗျ'

'အေး. . . မင်းတော့ ငါများ ပြန်သွားရင် ခုလိုသာဆို အခက်ပဲ'

'ကျွန်တော် ဒီရွာမှာ မနေချင်ဘူး ခင်ဗျ'

'ဒီရွာမနေလို့ ငါ့ညီရာ. . . မင်း ဘယ်သွားနေမှာလဲ'

'ကျွန်တော် ဒီရွာက ထွက်ပြေးချင်တယ်၊ ကျွန်တော့်ကို ဂျပန့်သားဆိုပြီး ရွာထဲက လူတွေက ဆွမ်းခံသွားတိုင်း ဝိုင်းပြောင်ကြတယ်၊ ကျောင်းမှာလည်း နေ့တိုင်းပဲ ကျောင်းသားတွေနဲ့ ရန်ဖြစ်ရတာပဲ။ ကျောင်းမှာ ကျွန်တော့်ကို ထွန်းရှိန်က ရန်စလို့ ကျွန်တော်ကထိုးရင်၊ ထိုးရမလားဆိုပြီး ဘကြီးစကြီးက တံမြက်စည်းနဲ့ ဆွဲရိုက်တာပဲ၊ ကျွန်တော့်ကို ရန်စတဲ့ သူမြေးထွန်းရှိန်ကိုတော့ ဘကြီးစကြီးက မဆုံးမဘူးဗျ၊ ကျွန်တော့်ကိုပဲ ဆုံးမတယ်။ ဘကြီးစကြီးက ထွန်းရှိန်နဲ့ ကျောင်းသားအားလုံးကို စိန်ကြည်သီချင်း သင်ပေးထားတာဗျ၊ ကျွန်တော် ဒီသီချင်းကို သိပ်မုန်းတာပဲ၊ ဒီသီချင်းကို မကြားချင်ဘူး။ ဒီသီချင်းကို မကြားချင်လို့ ဒီရွာမှာကို မနေချင်ဘူး'

ကိုသက်လွင်မှာ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်လျက် ဂျပန့်ကို ကြင်နာစွာ စိုက်ကြည့်မိသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် ဂျပန်မှာ လူဆိုးကလေးလို ထင်မှတ်ဖွယ်ရာ ရှိသော်လည်း အတွင်းစိတ်က လူကောင်းကလေး ဖြစ်မှန်းကို ကိုသက်လွင် အကဲခတ်မိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မင်းအရွယ်ကလေးနဲ့ ခြေဦးတည့်ရာ ထွက်ပြေးလို့ ဘယ်ဖြစ်မလဲကွ၊ မင်း ဒီရွာမှာ မနေချင်ဘူးဆိုရင်တော့ ငါ မြို့ပြန်ရင် ငါနဲ့ လိုက်ခဲ့မလား'

'ခင်ဗျာ'

ဂျပန်က အလန့်တကြား ပြောသည်။ ပြောပြီး. . . ဂျပန်၏ မျက်လုံး များသည် တဖြည်းဖြည်း တောက်ပလာလျက် တစ်မျက်နှာလုံး ဝင်းထိန်၍ သွားသည်။ ဂျပန်မှာ သူ့အား လိုက်မလား ခေါ်ခြင်းကို တအားတက်ကာ. . . ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာသွားသော်လည်း လိုက်မည်၊ မလိုက်မည်ကို အဖြေပေးရန်ကိုမူ တွေဝေနေကာ၊ သူ့စိတ်၌ ချီတုံချတုံ ဖြစ်နေပုံပေါက် သည်။

'ဘယ့်နှယ်လဲကွ လိုက်မလား'

'အစ်ကိုကြီးနဲ့ ကျွန်တော် လိုက်ခဲ့ရင် ဟိုရောက်တော့ ကျွန်တော့်ကို ဂျပန့်သားမှန်း သိသွားကြရင် ဘယ့်နှယ်လုပ်မလဲ၊ အရှက်ကွဲမှာပေ့ါ။ ကျွန်တော် သိပ်ရှက်တယ်ဗျ၊ ကျွန်တော့်ကို ဂျပန့်သားမှန်း ဘယ်သူမှ မသိတဲ့ နေရာကို ပြေးချင်တယ်'

ဂျပန်သည် ပြောပြီး ကိုသက်လွင်မျက်နှာကို ငေးကြည့်နေရှာသည်။ ကိုသက်လွင်၏ ပါးစပ်မှ ဘယ်လိုစကား ထွက်လာလိမ့်မလဲဟု စောင့်နေပုံ ရသည်။

ကိုသက်လွင် စိတ်ထိခိုက်စွာ ပြန်၍ပြောသည်။

'မင်းကို ဂျပန့်သားမှန်း ငါ မပြောရင် ဘယ်သူသိမလဲကွ၊ မင်း ဂျပန့်သားမှန်း ဘယ်သူမှ မသိစေချင်ရင် ငါ့ဝမ်းထဲမှာ ထားမှာပေါ့၊ ငါ ဘယ်သူ့ကိုမှ မပြောပါဘူးကွာ၊ စိတ်ချ။ မင်းကို ငါနဲ့သွေးစပ်တဲ့ ငါ့ညီလေးလို့ ပြောမှာပေါ့၊ မင်းနာမည် ဂျပန်ကိုလည်း နာမည်ပြောင်းလိုက်မှာပေ့ါ။ မင်း နာမည် ဂျပန် မဟုတ်ဘူးကွာ၊ ဟိုကွာ. . . အဲ. . . မောင်မောင်လို့ နာမည် ပြောင်းခေါ်မှာပေ့ါကွ။ ကိုင်း. . . ဘယ့်နှယ်လဲ ညီလေး၊ ငါနဲ့ လိုက်ခဲ့မလား'

ဂျပန်သည် ကိုသက်လွင် အနားသို့ တိုးကပ်လာသည်။ ကိုသက်လွင်



BURMESE CLASSIC .com

www.burmeseclassic.com



၏ အသံသည် ကြင်နာခြင်း၊ သနားခြင်း စသည့် သတ္တိဂုဏ်တို့ဖြင့် ပြည့်လျှမ်းလျက် ရှိသောကြောင့်၊ ကိုသက်လွင်၏ ဒူးကိုဖက်လျက် နှုတ်ခမ်းတွေ တုန်လာကာ မျက်ရည်တွေ ဝဲလာသည်။ ဂျပန်သည် မျက်ရည်လည်ရွဲဖြင့် ပြန်၍ပြောသည်။

'ဒီလိုဆိုရင် ကျွန်တော် လိုက်ခဲ့မယ် အစ်ကိုကြီး၊ ကျွန်တော်ဟာ အစ်ကိုကြီးညီလေး မောင်မောင်ပေါ့နော်၊ အစ်ကိုကြီးက ကျွန်တော့်အစ်ကိုကြီးပေါ့နော်၊ ကျွန်တော် ဂျပန့်သား မဟုတ်တော့ဘူးပေါ့နော်'

ဂျပန်၏ အသံမှာ တုန်တုန်ချည့်ချည့်ဖြင့် ပြောရင်းဆိုရင်း တိမ်ဝင်သွားလျက် ငိုသံများ ပါလာသည်။ သူ့စိတ်ကို သူထိန်းနိုင်ခြင်း မရှိတော့ဘဲ မျက်ရည်ပေါက်များသည် သူ့ပါးပြင်ပေါ်၌ တစ်ပေါက်ပြီးတစ်ပေါက် စီးကျလာကာ တရှိုက်ရှိုက် ရှိုက်ငိုလျက်နေသည်။

ကိုသက်လွင်သည် စိတ်ထဲ နင့်ခနဲ ဖြစ်သွားလျက် ဂျပန်၏ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ညှစ်လိုက်မိသည်။

ဦးသက်လွင်၏ မျက်လုံးများသည် သူ့ခုတင် တစ်ဖက်၌ အိပ်မောကျနေသော မောင်မောင့်ကို မျက်တောင်မခတ် တစိမ့်စိမ့် စိုက်ကြည့်ရင်း၊ ကျိုက်စကောက ခေါ်ခဲ့ပုံများကို ပြန်၍ မြင်ယောင် တွေးတောမိလျက် အတွေးသံသရာလည်၍ နေသည်။

ရွာမှ သူခေါ်ခဲ့သော ဂျပန်သည် သူ့ညီငယ် မောင်မောင်အဖြစ် သူ့လက်ထဲ၌ ကြီးပြင်းလာခဲ့ရပုံ၊ မောင်မောင်၌ ပြီးခဲ့သော အတိတ်က ဘဝဟောင်းကို လုံးလုံးကြီး မေ့ပျောက်လျက် သူ့အား အစ်ကိုကြီး အရင်းအချာကဲ့သို့ အမှတ်ထားကာ ချစ်ခင်အားကိုး၍ တွယ်တာနေပုံ။

ရွာမှ ခေါ်လာစဉ်က မောင်မောင့်ကို ကမာရွတ် မိဘမဲ့ကျောင်း၌ ကျောင်းထားပေးရန် စိတ်ကူးဖြင့် ခေါ်လာခဲ့သည်။ ရွာက ခေါ်လာကတည်းက မောင်မောင်သည် သူအနားမှ ခွာ၍မရ။ သူ့ကို မျက်ခြည်ပြတ် မခံဘဲ နောက်မှ တကောက်ကောက် ပါနေသည်။ ကမာရွတ် မိဘမဲ့ကျောင်း၌

www.burmeseclassic.com



နေခဲ့ရန် ဘယ်လိုမှ ပြောမရ၊ ချော့မရ။ တကပ်တည်း ကပ်နေခြင်းကြောင့် နောက်ဆုံးတွင် သူ မရှိလျှင် အခြားသို့ ထွက်ပြေးမည်ကို စိုးရိမ်ရ၍ သူ့ အလုပ်ရှိရာ မန္တလေးသို့ သူနှင့် တစ်ပါတည်း ခေါ်သွားရသည်။ မန္တလေး၌ ကျောင်းအပ်ရသည်။ မောင်မောင့် ဘဝတစ်လျှောက် သူပင် အစ်ကို သူပင် အဖေဖြစ်၍ နေသည်။ ညီလေးတစ်ယောက်ကဲ့သို့ စောင့်ရှောက် မွေးမြူ၍ သူ့လက်ပေါ်၌ ကြီးပြင်းလာခဲ့လျက် ဒီအရွယ် ရောက်တော့မှ မမျှော်လင့်ဘဲ သူ့သွေး သူ့အစ်မ ပေါ်ပေါက်လာရသည်။ ယုမိစံ သူ့အစ်မဖြစ်ကြောင်း သူ သိအောင်၊ သူ လက်ခံအောင် လုပ်ရမည့် ပြဿနာကို စဉ်းစားရသည်မှာ ခေါင်းကို ချာချာလည်၍ နောက်နေသည်။

ဦးသက်လွင်မှာ အိပ်၍ မပျော်နိုင်တော့ဘဲ စဉ်းစားရကျပ်ကာ မော၍ သာ လာသည်။ ဖြစ်နိုင်မည်ဆိုလျှင် မောင်မောင့်ကိုနှိုး၍ သူ့အစ်မ ရောက်ရှိလာကြောင်း သတင်းကောင်းကို ဖွင့်အန် ပြောပြလိုက်ချင်သည်။ ပြောပြ၍ လက်ခံလျှင် တော်ရဲ့၊ ကောင်းကျိုးပြုလျှင် တော်ရဲ့၊ လက်မခံဘဲ ရှက်ရမ်း ရမ်းသွားခဲ့သော်. . . ဦးသက်လွင်သည် ဤအတွေးကို ဆက်၍ မတွေးဝံ့အောင် ရှိလှသည်။ မောင်မောင့်ရင်၌ ကိန်းအောင်းလျက်ရှိသော နာကြည်းစိတ်တို့ကို ပြေပျောက်အောင် အရင်ပြုလုပ်ပြီးမှ အသိပေးရေးသည် လွယ်ကူ ချောမော ပေလိမ့်မည်ဟု တွေးမိပြန်သည်။ အိပ်ရာထဲ၌ ဘယ်စောင်းညာပြန် တလွန့် လွန့် လူးလွန့်လျက်၊ နည်းလမ်း အသွယ်သွယ်တို့ကို အချိန်ကုန်မှန်း မသိ အောင် နည်းမျိုးစုံ လှည့်ပတ် တွေးတောစဉ်းစားလျက် ရှိတော့သည်။

## ၆

ယုမိစံ ဆန္ဒပြည့်ဝမည့် စနေနေ့ ညနေပိုင်းသို့ ဆိုက်ရောက်လာသည်။ ယုမိစံ ၏ မျက်နှာကလေးမှာ တစ်နေ့လုံး အပြုံးတွေ ဝေနေကာ နုပျိုစိုလန်းလျက်



BURMESE CLASSIC .com

www.burmeseclassic.com



ရှိသည်။ အနေ့နေ့ အရက်ရက် လတွေ နှစ်တွေချီ၍ သူ တောင့်တလာခဲ့ရသော သူ့မောင်လေးကို ယနေ့ညနေ သူ တွေ့ရပေတော့မည်။ ရင်၌ ပြည့်၍နေသော ဝမ်းမြောက်ကြည်နူးမှုတို့ဖြင့် သူ့အသွင်မှာ နေ့တိုင်းထက် နုပျို့ရွှင်လန်း ပေါ့ပါးနေသည်။

ညနေပိုင်း အချိန်နီးလာ၍ မှန်ခုံရှေ့၌ အလှပြင်ရန် ထိုင်လိုက်သည်။ မှန်ထဲ၌ သူတွေ့ရသော သူ့မျက်နှာကို မျက်နှာကဲ့သို့ အမှတ်မထားဘဲ၊ သူ ပန်းချီဆွဲသည့်အခါ၌ ပန်းချီဆွဲရန် အသုံးပြုသော ပိတ်ကားကဲ့သို့ အမှတ်ထားလိုက်သည်။ ဗလာကျင်းထားသော မျက်နှာပိတ်ကားပေါ်၌ ဆေးရောင် အမျိုးမျိုးတို့ကို အသုံးပြုလျက် မျက်ခုံးကို ဖော်သည်။ မျက်တောင်ကို ဖော်သည်။ နှာတံကို ထင်ရှားအောင် တင်သည်။ နှုတ်ခမ်းကို နှင်းဆီသွေး ဖျော့ဖျော့ကလေး ဆိုးလိုက်သည်။ ပါးနှစ်ဖက်ကတော့ ပန်းနုရောင်။ စိတ်ရှည်ရှည်ဖြင့် ပန်းချီဆွဲ၍နေသော မျက်နှာသည် မှန်ထဲ၌ ကြေးရုပ်ကလေးလို လှပ ပေါ်ထင်လာသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတို့ကို သူလိုရာ ပုံအတိုင်း ရှုန်းစိုနေသော ခြယ်မှုန်းပြီးမှ စိတ်တိုင်းကျသွားသည်။

သူ့မောင်လေးနှင့် တွေ့လျှင် သူ့အစ်မ အချောအလှ ဖြစ်ကြောင်းကို သူပြချင်သည်။

ချောလေ လှလေမှ မောင်လေးက ခင်တွယ်စိတ် ရှိမည်ဟု သူ့စိတ်က ထင်နေသည်။ အလှကို လူအသီးသီးတိုင်း နှစ်သက်ကြသည်။

ချစ်ရာကောင်းလျှင် ချစ်ကြမည်ဟု သူ့စိတ်က ယုံကြည်သည်။ ချစ်စရာကောင်းအောင် နဂိုရှိရင်းအလှထက် လှသထက် လှစေရန် ဖန်တီးခြယ်မှုန်း ပြီးသွားပြီးနောက်၊ ချစ်စရာကောင်းသော မျက်နှာ၏ အလှနှင့် မပြီးပြည့်စုံသေးပေ။ ဝတ်ကောင်းစားလှ ဝတ်ဆင်သွားရန်လည်း လိုအပ်သေးသည်။

ရောင်စုံ ထပ်ပုံထားသော ဂါဝန်ပုံထဲမှ ပန်းရောင်ဖျော့ဖျော့ ပိုးဂါဝန်ဝတ်စုံကို ရွေးချယ်ဝတ်သည်။ ညနေခင်း နေခြည်ထဲ၌ ပန်းရောင်အလှသည်



BURMESE CLASSIC .com

www.burmeseclassic.com



နုစို၍ နေသည်။ ဖက်ရှင်ကျကျ ပုံစံလှလှ ချုပ်လုပ်ထားသော ပန်းရောင် ဂါဝန်ကလေးသည် ကိုယ်ပေါ်၌ လတ်ဆတ် စိုဖပ်နေသည်။ ပြည့်ဖြိုးသော ရင်နှင့် သိမ်သိမ်လေး ဖြစ်နေသော ခါးကလေး အောက်ဘက်မှ၊ လုံးကျစ် နေသော တင်ပါးကလေးကို အချိုးကျကျ ပေါ်လွင်အောင် ချုပ်လုပ်ထား သည်။

ပန်းရောင်ဂါဝတ်ကို ဝတ်ဆင်ပြီးနောက် ခေါင်းကို သပ်ရပ်အောင် ဖြီးသည်။ ဆံပင်အတိုကို ခေါင်းနောက်၌ စု၍ခွေ၍ ရစ်ပြီးလျှင်၊ ၎င်းအပေါ်မှ ဖဲပွင့်အနက်ကလေးကို အုပ်၍ တင်ထားလိုက်သည်။

ရတနာတစ်ခုခု ဝတ်ဆင်သွားရန်လည်း လိုအပ်သည်ထင်၍ ပုလဲ သွယ်ကို လည်၌ကပ်သည်။ ဆည်းဆာရောင်၊ ပုလဲရောင်၊ အသားရောင်၊ ပန်းနုရောင်တို့သည် အပြန်အပြန်အလှန်လှန် ဝင်းဟပ်နေကြလျက် လွန်ကဲ အောင် လှသထက် လှလာသည်။

နောက်ပိတ်ဆုံး သင်းပျံ့ပျံ့ရေမွှေးကို ကိုယ်ပေါ်၌ ဝေ့ဆွတ်ဖျန်း ရင်းမှ အခန်းပြင်သို့ အသံပြုလိုက်သည်။

'ဩဘားစံ သုံးနာရီခွဲပြီးပြီ၊ ဆာမိ ရောက်ပြီလား'

'မယုရေ ရောက်နေပြီ'

ဒေါ်အောင်မေသည် အခန်းဝသို့ ရောက်လာသည်။ နှာခေါင်းထဲသို့ ဝေ့ကြိုင်လာသော မွှေးရနံ့ကို ရှူကာ ယုမိစံ၏ ရုပ်ပုံလွှာကိုကြည့်လျက် "ဒီနေ့လောက် ဘယ်တုန်းကမှ မလှခဲ့"ဟု ထင်မိသည်။ ယုမိစံသည် ပြုံး လျက် ဒေါ်လေးကို မေးနေကျအတိုင်း မေးလိုက်သည်။

'လှရဲ့လား ဩဘားစံ'

ယုမိစံ ပြုံးလိုက်၍ ညီညာဖြူဖွေးသော သွားကလေးများမှာ လက်ခနဲ ပြိုးပြက်သွားကြသည်။

'လှပါ့ရှင်၊ ဒီနေ့ အလှဆုံးပဲ၊ ပြက္ခဒိန်ပေါ်က ဂျပန်မလေးလို ကီမိုနို ဝတ်လိုက်ရရင် ဒီထက်ကို လှလိမ့်ဦးမယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'ယုမိ ကီမိုနိုကို ကောင်းကောင်း မဝတ်တတ်ဘူး၊ ဂျပန်မှာ အခုခေတ် မိန်းကလေးတွေ ကီမိုနိုကို ကောင်းကောင်း မဝတ်တတ်ကြတော့ဘူး၊ ဂါဝန်ပဲ အဝတ်များတယ်၊ မဝတ်မဖြစ်တဲ့ ပွဲကြီးတွေကျမှ ယုမိ ကီမိုနိုဝတ်တယ်'

မြန်မာ အမျိုးသမီး၏ ယဉ်ကျေးမှုဝတ်စုံမှာ ထိုင်မသိမ်း၊ ဂျပန် အမျိုးသမီး၏ ယဉ်ကျေးမှုဝတ်စုံမှာ ကီမိုနိုဟု နားလည်ထားသော ဒေါ်အောင် မေက အနောက်တိုင်း ယဉ်ကျေးမှုအဝတ်ကို အရှေ့တိုင်းသူ ဘယ်လူမျိုးပဲ ဝတ်ဝတ် လှသည်မထင်ပေ။

ယုမိစံသည် နိုင်လွန်ခြေအိတ်ကို စွပ်လိုက်သည်။ ဒေါက်ဖိနပ် အဖြူ ကို စီးလျက် အခန်းတွင်းမှ ပြေးထွက်သွားလေသည်။ ဘာကြောင့်များ ဒါလောက် ရွှင်မြူးသွားရပါလိမ့်ဟု ဒေါ်အောင်မေက စဉ်းစားကာ တံခါး ပြန်ပိတ်လိုက်သည်။

ယုမိစံသည် ကားထွက်လာမှ လှုပ်ရှားလျက်ရှိသော ရင်ကို ငြိမ်သက် အောင် နှိမ်နင်းထားရသည်။ ထာဝရ မှုန်မွှားလျက်ရှိသော မောင်လေး၏ ရုပ်သဏ္ဌာန်ကို ကိုယ်ရောင် ထင်ရှား ပီပီပြင်ပြင် မြင်ရတော့မည်၊ တွေ့ရ တော့မည်။ တွေ့ရမြင်ရတော့မည့် အသိသည် ယုမိစံ၏စိတ်ကို ဖိုလှိုက်စေ လျက် ယောက်ယက်ခတ်မျှ ဖြစ်အောင် ဆွဲလှုပ်လျက် ရှိသည်။

ဦးသက်လွင် ပေးထားသော လိပ်စာအတိုင်း ဂွတ္တလစ် လမ်းဘေးရှိ တစ်ထပ် လှချင်းအိမ်ကလေးရှိသော ခြံဝင်းထဲသို့ ကားဝင်လာခဲ့သည်။

ဦးသက်လွင်သည် ခြံထဲသို့ ကားဝင်လာတာမြင်၍ အိမ်တံခါး ပြေးဖွင့်ကာ အိမ်ဝ၌ အသင့် ရပ်ကြိုလျက် ရှိသည်။

'လာပါ ဆရာမ၊ ကျွန်တော် စောင့်နေပါတယ်၊ ကျွန်တော်လည်း ကျောင်းက ပြန်ရောက်တာ မကြာသေးပါဘူး၊ မောင်မောင်တော့ နောက် နာရီဝက်လောက်ကြာမှ ကျောင်းက ပြန်လာပါလိမ့်မယ်'

ယုမိစံသည် ရင်ထဲ၌ များစွာလှုပ်ရှားနေလျက်မှ အတတ်နိုင်ဆုံး ငြိမ်း၍ ခါးညွတ်ကာ နှုတ်ဆက်လိုက်သည်။ ဦးသက်လွင်က ယုမိစံကို



BURMESE CLASSIC .com

www.burmeseclassic.com



ဧည့်ခန်းထဲသို့ခေါ်သွားသည်။ ဧည့်ခန်း၌ တောင်တစ်လုံး မြောက်တစ်လုံး ရောက်နေသော ကုလားထိုင်များကို ဧည့်သည်လာမှ ဆွဲရွှေ့ပေးရသည်။ စားပွဲပေါ်၌ သတင်းစာတွေ ပြန့်ကျဲလျက်ရှိသည်။ စာအုပ်စင်နှင့် စာရေးစားပွဲ ခုံပေါ်၌လည်း စာအုပ်တွေ အပုံလိုက် ဖရိုဖရဲ ပွနေသည်။ မသပ်မရပ် ရှုပ်ပွေ ပွနေသော ဧည့်ခန်းတွင် ကျက်သရေ ရှိလှစွာ ချိတ်ဆွဲထားသော ပန်းချီကား မှာ ရှုမြင်မကောင်းသော ဧည့်ခန်း၏ အသရေကို ဆည်ပေးထားသည်။ ပန်းချီကားမှာ မန္တလေးနန်းတော် မြို့ရိုးနှင့် ကျုံးကို ရေးဆွဲထားသောပုံ ဖြစ်သည်။

ယုမိစံသည် ဧည့်ခန်းအရောက် ပန်းချီကားကို မြင်လိုက်သည်။ ပန်းချီကားနားသို့ သွား၍ ရပ်ကြည့်ပြီးမှ ထိုင်ချလိုက်သည်။

'ဒီပုံ ဘယ်သူဆွဲပါသလဲ'

'ကြာပါပြီ ဆရာမ၊ ကျွန်တော် ဆွဲပါတယ်'

ယုမိစံသည် ဦးသက်လွင်၏ လက်ရာကို ဆန်းစစ်ကြည့်သည်။ ဧည့်ခန်းတွင် ထိုင်လိုက်မှ ဦးသက်လွင်အိမ်၌ ဘယ်နေရာမှ သပ်ရပ်ခြင်း မရှိ၍ မိန်းမ မရှိ ယောကျ်ားတွေသာ နေထိုင်သော အိမ်များလားဟု တွေးမိသည်။

'ကျွန်မလည်း ပန်းချီဆွဲပါတယ်၊ မြန်မာပြည်ရောက်မှ ကျွန်မ ဆွဲတဲ့ ကားတွေကို ဆရာ့ကို ပြပါဦးမယ်'

ယုမိစံမှာ မောင်မောင်အိမ်၌ မရှိသေးဆို၍ လှုပ်ရှားလာသော ရင်မှာ အတန်ငယ် ငြိမ်သက်သွားလျက် ကွန္ဒြေမပျက် ပြောဆိုနိုင်သည်။

'ဘာကားတွေ ဆွဲသလဲ. . . ဆရာမ'

'ရွှေတိဂုံ ဘုရားကားကို ဆွဲပြီးပါပြီ၊ ပဲခူးဘက်က ရှုမျှော်ခင်းတစ်ခုနဲ့ ဘုန်းကြီးကျောင်း ဆွဲပါတယ်၊ ပေလီကမ်းခြေ ကားလည်း ဆွဲပါတယ်'

'မြန်မာပြည်က မြန်မာပန်းချီနဲ့ ပတ်သက်ပြီး ဆရာမ ဘယ်လို ထင်မြင်ချက်ရှိသလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံက ပွင်းလင်းစွာ ပြုံးလိုက်သည်။

'မြန်မာပြည်ရောက်စက မြန်မာပန်းချီကို မြင်ရတော့ ကျွန်မ လန့်သွားပါတယ်။ အစိမ်း၊ အနီ၊ အပြာ၊ အဝါ အရောင်အများကြီး သုံးပါတယ်။ တရုတ်ပန်းချီ၊ ကုလားပန်းချီ၊ မြန်မာပန်းချီ ခပ်ဆင်ဆင်ပဲ ဆရာ။ ကျွန်မ တွေ့သမျှ များသောအားဖြင့် မြန်မာပန်းချီကားတွေဟာ Realistic ဓာတ်ပုံ ဆန်တယ် ဆရာ။ အရှိအတိုင်း ပင်ပန်းခံပြီး အကုန်စုံပါအောင် ရေးထား တယ်၊ လျှော့မထားဘူး'

ပွင့်လင်းစွာ ပြောချသော ယုမိစံ၏ ပွင့်လင်းမှုကို နှစ်သက်၍ ဦးသက် လွင်က သဘောကျမိသည်။

'ဂျပန်ပန်းချီနဲ့တော့ မတူဘူး ဆရာမ။ ဂျပန်က ရှင်းတယ်၊ ရိုးတယ်၊ တင်စားတယ်၊ အေးတယ်၊ နူးညံ့သိမ်မွေ့တယ်၊ ပြုန်းခနဲကြည့်ရင် ရိုးရိုးကလေးပဲ၊ ဒါပေမဲ့ တဖြည်းဖြည်း တစိမ့်စိမ့်မှအရသာပေါ်လာပြီး အဓိပ္ပာယ်က နက်ရှိုင်းတယ်'

'ဟုတ်ပါတယ် ဆရာ၊ ဂျပန်ပန်းချီ သဘောက ရေနွေးပူပူထဲမှာ ငရုတ်ကောင်း ထည့်လိုက်ရင် ငရုတ်ကောင်းမှုန်း ချက်ချင်း သိနိုင်ပါတယ် ဆရာ။ ငရုတ်သီးရော၊ ချင်းရော၊ ကြက်သွန်ရော၊ ဟိုဟာ ဒီဟာတွေရော ရောမွှေထားရင် ငရုတ်ကောင်းပါတာ ပျောက်သွားနိုင်ပါတယ်။ ကျွန်မ ပြောချင်တာက ဘေးက မြင်ရတာတွေ ပေါ်လွန်းတော့ ဘယ်ဟာကို ပြောချင်တာလဲ၊ ဘယ်ဟာကို အသားပေးချင်တာလဲ၊ ရုတ်တရက် နားမလည်ဘူး ဆရာ'

ဦးသက်လွင် သည် ယုမိစံ ပြောပုံဆိုပုံ အမူအရာကလေးတွေကို ကြည့်လျက် ချစ်ခင်ဖွယ်ရာ ကောင်းသဖြင့် တွေ့စထက် စိတ်ထဲ၌ ရင်းနှီးလာမိသည်။ အချက်ကျကျ ပြောတတ်ပုံကြောင့် နားထောင်၍ မငြီးနိုင်အောင်လည်း ရှိပေသည်။

'ကျွန်မ ရောက်စက သံရုံးက ခေါ်သွားလို့ ပေလီကို ရောက်သွား

www.burmeseclassic.com



ပါတယ်။ ကမ်းစပ်မှာ အုန်းပင်ငါးပင် ရှိတယ်၊ ကျွန်မ ကားထဲမှာ အုန်းပင်သုံးပင်လျှော့ပြီး နှစ်ပင်ပဲ ဆွဲတယ်၊ ကျွန်မက လှိုင်းကို အသားပေးချင်တယ်မဟုတ်လား။ အဲဒါ ကျွန်မ မိတ်ဆွေက အုန်းပင်ငါးပင်ရှိတာ ဘာဖြစ်လို့နှစ်ပင်ပဲ ဆွဲသလဲ မေးတယ်'

ယုမိစံက စကားမဆုံးမီ ဦးသက်လွင်က ရယ်မောလိုက်သည်။

'ဆရာမ ပုဂံက ရှေးခေတ်ပန်းချီတွေကို ဘယ်လို သဘောရသလဲ၊ ပုဂံ ရောက်ပြီးပြီလား'

'ပုဂံ မရောက်သေးပါဘူး ဆရာ၊ ကျောင်းပိတ်ရင် သွားပါမယ်။ ပုဂံခေတ်ပန်းချီကို ကျွန်မ သိပ်ကြိုက်ပါတယ်၊ ယွန်းမှာဆွဲတာ ကျွန်မ မြင်ဖူးပါတယ်၊ "လိုင်းပိန့်"ကောက်ကြောင်း ပန်းချီ ဒိုင်မင်းရှင်းနှစ်ဖက်ရှိတယ်။ ဂျပန်အေဒိုခေတ်မှာ ဒီပန်းချီမျိုး ရှိပါတယ်၊ ဦးကီယိုးအေ့ ပန်းချီခေါ်ပါတယ်'

'မြန်မာပြည်မှာ ပန်းချီဆွဲစရာတွေ အများကြီးရှိတာ မြင်တယ်မဟုတ်လား ဆရာမ'

ယုမိစံ 'ဟိုက်. . . ဟိုက်'ဟု ခေါင်းကလေးညိတ်၍ ဖြေသည်

'အများကြီးပဲ မြင်ပါတယ် ဆရာ၊ ကျွန်မ ဆွဲထားတာတွေ ဆရာ့ကိုတစ်နေ့ အိမ်မှာ ဖိတ်ပြီး ပြပါ့မယ်'

'ဆရာမအိမ်က ဘယ်မှာလဲ'

'အင်းလျားမြိုင်ဘက်မှာပါ၊ အိမ်ကောင်းပါတယ်၊ ကျွန်မ တစ်ယောက်တည်း အကျယ်ကြီးပဲ။ ဒီအိမ်က ဆရာ့အိမ်ပိုင်ပါလား'

'ကျွန်တော့်အိမ်ပိုင် မဟုတ်ဘူး ဆရာမ၊ ငှားနေတာပါ။ အိမ်မှာက ကျွန်တော်ရယ်၊ မောင်မောင်ရယ်၊ ကျွန်တော့်အိမ်ဖော် တပည့်တစ်ယောက်ရယ် သုံးယောက်ပဲ နေကြပါတယ်'

ယုမိစံသည် ခေါင်းကလေးညိတ်၍ နားထောင်ရင်း လက်မှနာရီကို ငုံ့ကြည့်မိသည်။

www.burmeseclassic.com



'မောင်မောင် လာခါနီးပြီ ဆရာမ၊ ဆရာမနဲ့ တွေ့တဲ့အကြောင်း သူ့ကို ပြောပြချင်လိုက်တာ စိတ်ကို ချုပ်ထားရတယ်။ သူလာတော့ သူ့အကဲ ကို ကြည့်တာပေါ့ ဆရာမ'

ဦးသက်လွင်သည် ယုမိစံ ကြည်လင်ရွှင်ပြုံးလျက် ရှိခြင်းကို တွေ့ရသော်လည်း ထိုအမူအရာကို ကြည့်၍ စိတ်မကောင်း ဖြစ်မိသည်။ မောင်မောင်ကို အစ်မတစ်ယောက်အနေဖြင့် တွေ့ဆုံရမည့်ပုံ မဟုတ်ဘဲ၊ သာမန်ဧည့်သည်အဖြစ် ဖုံးဝှက်ထားရမှုကို တွေးမိကာ စိတ်မကောင်း ဖြစ်ရသည်။

'စောင့်ပါမယ် ဆရာ၊ သူ့ကို တွေ့ရမှ ကျွန်မ ဘယ်လောက် ဝမ်းသာရသလဲ၊ သူ့အစ်မဖြစ်မှန်း ပြောနိုင်တဲ့ တစ်နေ့ကျရင် ဒီထက်ပိုပြီး ဝမ်းသာရဦးမှာပေါ့၊ မဟုတ်လား ဆရာ'

ကန့်ကလျ ပြောဆိုလိုက်သော အသံကလေးသည် ဦးသက်လွင်၏ ရင်ထဲ၌ ကြင်နာမှုများ ဆင့်ကဲလာလေအောင် စွမ်းအားရှိလေသည်။ ဦးသက်လွင်မှာ ရင်ထဲမကောင်းလှ၍ နှုတ်ကမဖြေဘဲ ခေါင်းကိုသာ ညိတ်လိုက်နိုင်သည်။

ခြံဝမှ လေချွန်သံကို ကြားလိုက်ရသည်။

ထိုအသံကား မောင်မောင် အမြဲ လေချွန်နေကျ စစ်ချီတက်သံ ဖြစ်သည်။

မောင်မောင်သည် သူ့နှုတ်မှ ထွက်လာသော လေချွန်သံအလိုက် သူ့ခြေထောက်ကို ဘယ်ညာချီ၍ လှမ်းလျှောက်လာသည်။ သူ့ကိုယ်၌ ဝတ်ဆင်ထားသော အရန်တပ်ရင်း စစ်ဝတ်စုံသည် ချွေးများ စို့ရွှဲလျက်ရှိသည်။

မောင်မောင်၏ စစ်ချီလေချွန်သံသည် ဦးသက်လွင်၏ နားထဲသို့ စူးဝင်သွားသည်။ ထိုအသံကြောင့် တစ်ပြိုင်တည်း သူ့ခေါင်းပါ ကြီးသွားလေသည်။

'လာပြီ ဆရာမ'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်က ပြောပြီး ဧည့်ခန်းမှထ၍ တံခါးသွားဖွင့် ပေးလိုက်သည်။

'ဟော. . . အစ်ကိုကြီး ရောက်နေပြီလား'

ယုမိစံသည် ရင်တဖျပ်ဖျပ်ဖြင့် မောင်မောင့်ကို လှမ်းကြည့်လိုက်သည်။

အရန်တပ်ရင်း စစ်ဝတ်စုံဖြင့် သူ တွေ့လိုက်ရသော သူ့မောင်လေးသည် သူ့ မျက်စိထဲ၌ မြန်မာစစ်သား၊ မြန်မာရုပ် မပေါက်ဘဲ ဂျပန်စစ်သား၊ ဂျပန်ရုပ်မှ ဂျပန်အစစ်ကလေး ဖြစ်သည်။

ယုမိစံ ရင်ထဲက ပွက်ဆူ၍လာသော သွေးတို့သည် ရင်မှပေါက်လျှံကျတော့မည့်အတိုင်း တစ်ရှိန်ထိုး ဆူတက်လာသည်။ ယုမိစံမှာ ဣန္ဒြေဆည်၍ မရနိုင်။ ဟန်လုပ်၍လည်း မရနိုင်။ သူ့မျက်လုံးအစုံမှာ ဝင်းဝင်းတောက်လျက် ရှိသည်။ မျက်နှာကလေးသည် ဝင်းထိန်လျက် မျက်နှာ၌ ဝမ်းနည်းခြင်းဖြင့် ဝမ်းသာခြင်းတို့ကို တစ်ပြိုင်နက် ဖော်ပြလျက် ရှိသည်။

ဖြစ်နိုင်လျှင် နေရာမှထ၍ မောင်မောင့်ကို ဖက်၍ထားလိုက်ချင်သလိုလို၊ နဖူးပြင်ကလေးကို နမ်းလိုက်ချင်သလိုလို စိတ်တွင် ဖြစ်မိသည်။

အနေ့နေ့ အရက်ရက် စိတ်အာရုံ၌ အရိပ်ထင်လျက်ရှိသော အရိပ်သဏ္ဍာန်သည် အသက်ဝင်လျက် ကိုယ်တိုင်ထင်ရှား မြင်ရလေပြီ။ ကိုယ်တိုင်ထင်ရှား မြင်ရငြားလည်း သူသည် အစ်မ၊ သူက မောင်ဟု ဖွင့်ဟဖော်ထုတ်၍ နှုတ်မှ မပြောကြားနိုင်သဖြင့်၊ သူ့မျက်လုံးက ထုတ်ဖော်၍ ပြောကြားနေသယောင်ပင် သူ့အကြည့်မှာ စိုက်နေသည်။

သူ့အကြည့်၌ ပထမ မောင်မောင့် မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်။ ထို့နောက်မှ မောင်မောင့် အင်္ဂါရုပ်ကို ဆန်းစစ်လျက်၊ စိုက်နေသောအကြည့်၊ မောင်မောင့်ဆံပင်၊ မောင်မောင့်နဖူး၊ မောင်မောင့်နှာတံ၊ မောင်မောင့်မျက်လုံး၊ မောင်မောင့်နှုတ်ခမ်း၊ မောင်မောင့်ပါးနှစ်ဖက်၊ မေးစေ့၊ မေးစေ့မှလည်ပင်း။

သူ့ဖခင် မေဂျာ ယူရှီးဒါ မျက်နှာနှင့် ဘယ်နေရာက ဆင်မှန်းမသိ



BURMESE CLASSIC .com

www.burmeseclassic.com



ဆင်နေသဖြင့် တစ်ချိန်တည်းမှာပင် ဖခင်ကို သတိရမိသော စိတ်ကလည်း ရင်ထဲ၌ အလိပ်လိပ် တက်ဆို့လျက်။ စစ်သားအသွင် ဖြစ်နေသော သူ့သားကို သူ့ဖခင်ကိုယ်တိုင် မြင်စမ်းစေချင်သည့် စိတ်ကလည်း တစ်ဖက်မှ ယိုဖိတ်လျက်။ ဖခင်နှင့် ဆင်သည့်နေရာကို မျက်တောင်မခတ် ကြည့်နေသော အကြည့်ကလည်း စိုက်လျက်။

မောင်မောင်သည် ဧည့်ခန်း၌ သူတစိမ်းဧည့်သည်ကို တွေ့လိုက်ရ၍ ပြုန်းခနဲ ကိုယ်ရှိန်သတ်သွားသည်။ ယုမိစံ၏ စိုက်နေသော အကြည့်သည် တီကို ဆားနှင့်တို့သကဲ့သို့ အိမ်ထဲဝင်ရန် မောင်မောင် တွန့်သွားမိသည်။

ဦးသက်လွင်က တံခါးဖွင့်ပေးပြီး ဣန္ဒြေမပျက် ပြောလိုက်သည်။

'လာ လာ. . . ဧည့်သည် ရောက်နေတယ်'ဆိုကာ ယုမိစံနားသို့ ပြန်လှည့်လာခဲ့သည်။ ယုမိစံအနားသို့ မရောက်ခင် လမ်းခုလတ်မှပင် အသံ ကိုထိန်း၍ ပြောပြန်သည်။

'ဆရာမ သူက ကျွန်တော့်ညီလေး မောင်မောင်ပါ၊ တက္ကသိုလ် ရောက်နေပါပြီ'

မောင်မောင်သည် တံ့၍ ရပ်နေရာက ကျွန်တော့်ညီလေး မောင်မောင် ပါ ဆိုလိုက်မှ ဖြည်းလေးစွာ လှမ်းဝင်လာနိုင်သည်။

'တွေ့ရတာ ဝမ်းသာပါတယ် ဆရာ'

ယုမိစံသည် ထိုင်ရာမှ ထရပ်ကာ မောင်မောင့်တစ်ကိုယ်လုံးကို သိမ်းကျုံး၍ အားပါးတရ ကြည့်လျက်ကပင် ပြောလိုက်သည်။

'ဒီမှာ မောင်မောင်၊ ဧည့်သည်က နိုင်ငံခြား ဘာသာသင်သိပ္ပံကျောင်း က ကထိက ဂျပန်ဆရာမလေး ယုမိစံတဲ့၊ အစ်ကိုကြီးဆီမှာ မြန်မာစာ ဆက်သင်ချင်လို့ အကူအညီ လာတောင်းတာလေ'

ဦးသက်လွင်သည် မောင်မောင့်ပခုံးကို ဖက်လျက် မောင်မောင့်ကို ယုမိစံနှင့် မိတ်ဆက်ပေးသည်။

ယုမိစံသည် မောင်မောင့်ကို တည့်တည့်ကြီး စိုက်ကြည့်လျက်၊ မျက်လုံး၌ မျက်ရည်စများ စို့လျက် ပြုံးချိုထားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်သည် ဂျပန်ဆိုသော အသံကို သူ့နားမှ ကြားရရုံဖြင့် သူ့ကျောပြင်တစ်လျှောက်လုံး စိမ့်ခနဲ ဖြစ်သွားသည်။ ရင်ထဲ၌ ပြင်းပြစွာသော နာကျင်မှုကို ခံစားလျက်၊ တစ်သက်လုံး ဖုံးထား၍မလုံသော ရှက်စိတ်က ခေါင်းပြူ၍ ထလာသည်။ တစ်ခဏ ဘာမျှ မမြင်လိုက်ရသော မျက်လုံးများ ပြာသွားသည်။ မျက်စိမျက်နှာ မထားတတ်လောက်အောင် ရှက်ပြီးမှ အစ်ကိုကြီး ဧည့်သည်ဖြစ်၍ အနိုင်နိုင် အားထုတ်လျက် ပြန်ပြုံးလိုက်ရသည်။ သူ့အပြုံးမှာ ဖျစ်ညှစ်ပြီး ပြုံးထားရသည့်အလား အတုအယောင်ပြုံးမှုန်း ထင်ရှားလှသည်။ ယုမိစံသည် မောင်မောင်၏ အမူအရာအားလုံး တစ်စ မကျန် ကြည့်လျက် ရှိသည်။

'ထိုင်ပါဦးကွ'

ဦးသက်လွင်က မိတ်ဖွဲ့ပေးပြီး မောင်မောင့်ကို ထိုင်စေသည်။ မောင် မောင်သည် ယုမိစံ၏ စိုက်ကြည့်နေသော အကြည့် ပျားရည် ဆမ်းထားသော မျက်နှာမျိုးဖြင့် သူ့အား ဖက်လှဲတကင်းပင် လုပ်တော့ မယောင်ယောင် ရင်းနှီးလွန်းသော ယုမိစံ၏ ဟန်အမူအရာ အားလုံးကို မြင်မြင်ချင်းပင် ကြည့်မရအောင် ဖြစ်မိသည်။

ယုမိစံက ပြန်မထိုင်မီ မောင်မောင်ထိုင်ရန် ကုလားထိုင်ကို သူနှင့် နီးအောင် ဆွဲရွှေ့ပေးလိုက်သည်။

'ထိုင်ပါ. . . ထိုင်ပါ'

ယုမိစံ၏ ဖော်ရွေလွန်းသော အပြုအမူကို "ဒီဂျပန်ဆရာမကလည်း ရဲတင်းလိုက်တာ၊ သူ့အိမ် ကျနေတာပဲ"ဟု မောင်မောင် ထင်မိသည်။

'ဆရာမက မြန်မာစကား တတ်တယ်ကွယ့်၊ ဂျပန်မှာ မြန်မာစာ သင်ခဲ့တယ်'

ဦးသက်လွင်က လေအေးဖြင့် ခပ်ဖြည်းဖြည်း ပြောသည်။ မောင်မောင်သည် ယုမိစံနှင့် မျက်လုံးချင်း မဆိုင်ရအောင် မျက်နှာလွှဲထား သည်။ ယုမိစံ၏ မျက်နှာသည် ဆရာမနှင့် မလိုက်သည့် မျက်နှာ၊ ဖော်ရွေ

www.burmeseclassic.com



လွန်းသည့် မျက်နှာ၊ မျက်နှာချိုသွေးလွန်းသည့် မျက်နှာ၊ ဣန္ဒြေမရှိသည့် မျက်နှာဟု သူ့မှတ်ချက်နှင့်သူ အထင်မကြီးချေ။

မျက်လုံးချင်း မဆိုင်ရအောင် သူ့မျက်နှာကို ငုံ့လျက် ယုမိစံ၏ ဂါဝန်အောက်မှ ပေါ်နေသော ပေါင်သားများဆီသို့ မျက်စိ ရောက်သွားသည်။ သူ့တစ်သက်တွင် ဒူးပေါ်ပေါင်ပေါ်သော ဂျပန် အမျိုးသမီးတစ်ဦးကို ဤ တစ်ကြိမ်သာ အနီးကပ် တွေ့ဖူးသဖြင့် မျက်စိရှက်သလို သူ့မျက်လုံးများမှာ ကုလားထိုင်ခြေထောက်သို့ ရွေ့သွားပြန်သည်။

မောင်မောင့်မျက်နှာ မရွှင်လန်း၍ ဦးသက်လွင်က စိုးရိမ်စိတ်ဖြင့် တောင်ထင်မြောက်ထင် မထင်စေအောင် စကားဖာပြန်သည်။

'ကျွန်တော်တို့မှာ ညီအစ်ကိုနှစ်ယောက်ပဲ ရှိတယ် ဆရာမ၊ မိဘ များလည်း မရှိဘူး၊ ကျွန်တော့်မိဘများဆုံးသွားတာကြာပြီ ဆရာမ'

'ဟုတ်လား ဆရာ၊ ဆရာ့မှာ ညီအစ်ကိုမောင်နှမ နည်းတော့ ညီလေး တစ်ယောက်ပဲ ရှိတယ်ဆိုရင် ဒီညီလေးကို သိပ်ချစ်ရမှာပေါ့'

ယုမိစံ၏ မျက်လုံးများသည် မောင်မောင့်ထံသို့ ရောက်သွားပြန် သည်။ မောင်မောင်က မျက်လုံးလွှဲထား၍ ဦးသက်လွင်ဘက်သို့ မျက်နှာ ပြန်လှည့်လာသည်။

'ဟုတ်ကဲ့ ဆရာမ၊ ကျွန်တော့်မှာ ချစ်ဖို့ သူတစ်ယောက်ပဲ ရှိပါတယ်'

'ဆရာ့ညီလေးကလည်း ချစ်စရာလေးပဲ၊ သိပ်ချစ်ဖို့ ကောင်းတာပဲ ဆရာ

ယုမိစံ၏ မျက်လုံးများသည် မောင်မောင့်ထံသို့ ပြန်ရောက်သွားကာ တော်တော်နှင့် မခွာတော့ဘဲ စိုက်နေသည်။ သူ့မောင်လေး၊ သူ့သွေးဆိုသော အသိစိတ်ဖြင့် သံယောဇဉ်ကြိုးတို့သည် ယုမိစံရင်၌ အထပ်ထပ် နွယ်ပတ် လျက် ရှိလာသည်။

ဦးသက်လွင်မှာ ရင်ဖိုလျက် ရှိသည်။ မောင်မောင်သည် မျက်နှာ ရဲသွားသည်။ လူပျိုပေါက် အသက် ၂၀ ကျော်ပြီဖြစ်သော သူ့အား လူလား

www.burmeseclassic.com



မပြောက်သေးသော လူမမည်ကလေး သူငယ်လေးသဖွယ် ပြောဆိုဆက်ဆံ မှုကို မနှစ်သက်ဘဲ ရှက်လာသည်။

'တက္ကသိုလ်မှာ မောင်မောင် ဘယ်အတန်း ရောက်နေပါပြီလဲ'

ယုမိစံက ချိုသာသော အသံကလေးဖြင့် မေးသည်။ ချိုသာသော အသံထဲ၌ နှိမ့်ချသံကလေးပါ စွက်နေသဖြင့် ဦးသက်လွင်၏ ပြုံးနေသော မျက်နှာ၌ ဝမ်းနည်းရိပ်သန်းလျက် ရှိသည်။

'ပထမနှစ်ပါ'

တိုတောင်းသော အသံဖြင့် မောင်မောင်က ပြန်ကြား၏။ အသံနှင့် လိုက်လျောစွာ မျက်နှာကလည်း တင်းသည်။

'ဘယ်ဘာသာကို မောင်မောင် ယူသလဲ'

ယုမိစံက အချိုသာဆုံး၊ အပြုံးဆုံး မျက်နှာဖြင့် ဆက်၍ မေးပြန်လေသည်။

'အီကို ယူပါတယ်'

မောင်မောင်၏ စကား၊ မောင်မောင်၏ အသံ၊ စိမ်းကားသော မောင်မောင်၏ အကြည့်ကို မြင်ရ၍ ယုမိစံ၏ရင်၌ နင့်ခနဲ နင့်ခနဲ ဖြစ်ရသည်။

'ဂျပန်စာကော မသင်ချင်ဘူးလား မောင်မောင်၊ မမတို့ ဘာသာခြား သိပ္ပံကျောင်းမှာ အချိန်ပိုင်းသင်ရင်း ညကျောင်းတက်ရင်း သင်နိုင်တယ်၊ မောင်မောင် ဂျပန်စကား ပြောတတ်မယ်'

ဝင်းနေသော မောင်မောင်၏ မျက်နှာသည် မှုန်မှောင်၍ သွားလေသည်။ ယုမိစံ၏ စကားထဲ၌ သူ့ကိုယ်သူ "မမ"ဟု ထည့်၍ ယဉ်ယဉ်ကျေးကျေး ပြောဆို သုံးနှုန်းလိုက်မှန်း သိသော်လည်း သူ့နား၌ ခံပြင်းသွားသည်။ သူ့မှာ မတွေ့ချင်သော ဂျပန်လူမျိုးကိုမှ လာ၍ တွေ့ရသည့်နှယ်၊ သူမကြားချင်သော စကားကိုမှ လာ၍ ကြားရသည့်နှယ် သူ့စိတ်နှင့် မတွေ့လွန်းသည့်အတွက် ယုမိစံအနားမှ ထသွားချင်မိသည်။ အစ်ကိုကြီးဧည့်သည် ဖြစ်၍သာ ရိုင်းရာမကျအောင် ထိုင်နေရသည်။ ပြန်ပြောရသည့် စကားကိုမူ ရိုင်းရာကျချင်လည်းကျ။



BURMESE CLASSIC .com

www.burmeseclassic.com



'ကျွန်တော်က မြန်မာပါ ဆရာမ၊ ဂျပန်စကားတတ်ဖို့ မလိုပါဘူး၊ ဂျပန်စကားကို ကျွန်တော် မပြောတတ်ချင်ဘူး'

ဦးသက်လွင်မှာ မောင်မောင့် အဖြေကြောင့် ယုမိစံရှေ့တွင်နေရ ထိုင်ရ အတော်ခက်သွားကာ အားတုံ့အားနာ ဖြစ်သွားမိသည်။ မောင်မောင့် ပင်ကိုစိတ်ထားကို ယုမိစံသိရန် လိုအပ်လှသည့်အတွက် အခြေအနေကို ဝင်မထိန်းဘဲ ပြောပစေဟု လွှတ်ပေးထားရသည်။

ယုမိစံသည် အစွမ်းကုန် စိတ်အားထက်သန်သော အသံကလေးဖြင့် ပြန်၍ ပြောပြန်သည်။ သူ၏ မျက်လုံးကလေးမှာ တဖျပ်ဖျပ် တောက်လျက် ရှိသည်။

'မမတို့ကျောင်းမှာ ဂျပန်အတန်း လာတက်နေကြတာ မြန်မာတွေ ချည်းပဲ မောင်မောင်၊ ဂျပန်စာ တတ်ချင်လို့ လာသင်နေကြတာပေါ့။ မမလည်း ဂျပန်ပါပဲ၊ ဒါပေမဲ့ မမ မြန်မာစာ တတ်ချင်လွန်းလို့ ဂျပန်ပြည်မှာ သင်ခဲ့ရတယ်။ ဆရာ့ဆီမှာလည်း လာပြီး မြန်မာစာ ဆက်သင်ရဦးမယ်၊ နိုင်ငံခြားဘာသာဟာ ဘယ်ဘာသာပဲဖြစ်ဖြစ် တတ်ထားရင် ကောင်းတယ် မဟုတ်လား'

မောင်မောင်၏ အသည်းနှလုံးထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ကြည့်လျက်ရှိသည့် ယုမိစံ၏ ရွှန်းမြသော မျက်လုံးလက်လက်ကို ကြည့်ရင်း မောင်မောင်က ပြုံး၍ ပြန်ပြောသည်။ မောင်မောင့် အပြုံးမှာ မာန်ဝင့်သော အပြုံး၊ အညံ့မခံလိုသော အပြုံးမျိုး ဖြစ်သည်။

'ကျွန်တော်က တခြားဘာသာ သင်ချင်ပါတယ်၊ ဂျပန်စာတော့ မသင်ချင်ဘူး ဆရာမ'

ယုမိစံက သူ့ကို "မမ"ခေါ်စေရန် ရှေ့ကကြောင်းပြီး ပြောနှင့်ပါလျက်၊ သူ့အား "မမ"မခေါ်ဘဲ "ဆရာမ"ဟု ခေါ်ဝေါ်ခြင်းကို သတိထားမိသည်။

'ဘာကြောင့်လဲ ဂျပန်စာက ခက်တယ် ထင်လို့လား'



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင့်အား သွေးစမ်းသော သဘောဖြင့် လှည့်ပတ်မေးလျက် ရှိခြင်းကို ဦးသက်လွင်က ရိပ်မိသည့်အတိုင်း၊ ဟန်ဆည်လျက် ပြုံးနေကာ ရင်တထိတ်ထိတ်ဖြင့် အသာငြိမ်နေလေသည်။

'ကျွန်တော်တို့က ဂျပန်စာကို စိတ်မဝင်စားလို့၊ မသင်ချင်လို့ပါ ဆရာမ'

မောင်မောင်က နောက်မဆက်ရန် အပိတ်ပြောလိုက်သည်။ သူ့ကို ဤအကြောင်းနှင့် ပတ်သက်၍ ဆက်ပြောနေမည်ကို အလိုမရှိချေ။ မရိုင်းပျရန် ရှေ့ဆက်၍ ဟန်မလုပ်နိုင်သည့်အတွက် သူ့အစ်ကိုကြီးဘက်သို့ ဆတ် ခနဲ လှည့်၍ ပြောလိုက်သည်။

'အစ်ကိုကြီး ကျွန်တော် အဝတ်လဲလိုက်ဦးမယ်'

ဦးသက်လွင်မှာ မောင်မောင့် အကဲကြည့်လျက် မကြိုက်မှန်းသိ၍ ဤနေရာတွင် ဖြတ်မှ တော်လောက်မည်ဟု တွေးလိုက်သည်။

'အေး. . . အေး. . . သွားလဲချေ၊ သူက စာကျက်ပျင်းတယ် ဆရာမ၊ သူ့ကျောင်းစာတောင် အနိုင်နိုင်ပါ'

ယုမိစံသည် မောင်မောင့်ကို အလျှော့မပေးဘဲ၊ မလျှော့သော ဖွဲ့ဖြင့် ဆက်မိအောင် ဆက်ပြေလိုက်သည်။

'စိတ်ဝင်စားတဲ့ အချိန်မှာ သင်ကြားပါ မောင်မောင်၊ မမတောင် စိတ်ဝင်စားလို့ မြန်မာစာတတ်အောင် သင်ခဲ့သေးတာပဲ၊ တစ်နေ့ စိတ်ဝင်စားမယ် မဝင်စားဘူး ဘယ်သူပြောနိုင်မလဲ၊ မဟုတ်ဘူးလား မောင်မောင်'

မောင်မောင်သည် လှောင်ရှည်ရန်ကောဟု ယုမိစံပြောသော စကားကို သူ့နား၌ ဆုံးအောင်မဝင်၊ ပေါ့ပါးသော အသွင်ဖြင့် ထသွားလေသည်။

မောင်မောင် ကွယ်သွားတော့မှ ယုမိစံ၏ မျက်နှာလေးမှာ ဖြူရောင် ညိုးကျသွားသည်။ နှုတ်ခမ်းများမှာ တုန်လျက်ရှိ၏။ သန့်စင်သော မျက်နှာ ကလေး၌ ထင်ဟပ်လျက်ရှိသည့် ဝမ်းနည်း ကြေကွဲဟန်တို့သည် ဦးသက်လွင်



BURMESE CLASSIC .com

www.burmeseclassic.com



ကို အတိုင်းမသိ လှုပ်ရှားစေကာ၊ ကြင်နာ သနားစိတ်များ ဆထက်တိုးရန် နှိုးဆွပေးလျက် ရှိသည်။

'ကျွန်တော် ပြောတဲ့အတိုင်းပဲ မဟုတ်လား ဆရာမ'

ဦးသက်လွင်မှာ စိတ်လှုပ်ရှား ထိခိုက်လျက် တိုးညင်းသော လေသံဖြင့် ပြောလိုက်သည်။

ယုမိစံသည် ခေါင်းကိုညိတ်ပြလျက် အသံမထွက်နိုင်အောင် ဖြစ်နေသည်။ ဖြေဆည်၍ မရနိုင် ဖြစ်မိသည်။ တစ်တိုင်းတစ်ပြည်၌ သွေးသားတော်စပ်သည့် မောင်ကလေးကို တွေ့ရ၍ အားတက် ကြည်နူးဝမ်းမြောက်ရမည့် အစား၊ အားလျော့ကြေကွဲ ဝမ်းနည်းရသည်။ သူစိမ်းပြင်ပြင် တွေ့ရဆုံရပုံမျိုးထက် ဆိုးသေးသော၊ မုန်းတီးစိတ် ဝင်လျက်ရှိသည် မောင်ကိုမှလာတွေ့ရလေသည်။ ရင်ထဲ၌ တနှံ့နှံ့ နာနေသော ဝေဒနာကြောင့် ယုမိစံသည် မျက်လုံးကလေး အောက်ချလျက် ခေါင်းကို ငုံ့ထားလိုက်သည်။ ဦးသက်လွင် ရှေ့၌ ယုမိစံမှာ သနားစရာကလေး ဖြစ်နေသကဲ့သို့ ခေါင်းငုံ့နေပုံကလေးသည်လည်း သနားစရာကလေး ဖြစ်နေသည်။

မိမိတို့ တိတ်တဆိတ် ငြိမ်သက်လျက် ရှိနေကြလျှင်၊ မောင်မောင်သံသယ ဖြစ်မည်ကို စိုးရိမ်လာ၍ ဦးသက်လွင် စကားစသည်။

'ဆရာမ မြန်မာစာသင်ခဲ့တုန်းက မြန်မာကဗျာကော သင်ခဲ့ရသေးသလား'

ယုမိစံ ငုံ့ထားသော မျက်နှာကိုမော့၍ မျက်လုံးကလေး ပင့်ကြည့်လိုက်သည်။ ယုမိစံ၏ မျက်နှာအမူအရာ၌ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ မှော်လင့်ခြင်း စသည်တို့သည် စုပေါင်းလျက် ရှိကြသည်။ မျက်ရည်များမှာ မျက်လုံး၌ ရစ်ဝဲ၍ နေသည်။ ဦးသက်လွင် အခြေအနေ ထိန်းလိုက်မှန်း ရိပ်မိသိရှိသဖြင့် ကြိုးစား၍ ပြန်ပြောရသည်။

'ကဗျာကို သင်ပါတယ် ဆရာ၊ ခေတ်စမ်းကဗျာ အနည်းအပါး သင်ပါတယ်'

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး အမေးအဖြေ လုပ်နေကြပုံမှာ နှစ်ဦးစလုံး စကား မရှိ စကားရှာ ပြောနေကြသကဲ့သို့ ပြတ်တောင်းပြတ်တောင်း ပြောနေကြသည်။ ပြောနေသည်က တခြား၊ စိတ်က တခြား။

မောင်မောင်သည် အခန်းထဲဝင်၍ အကျီများ လဲလိုက်သည်။ အိမ်ရှေ့ ကို ပြန်မထွက်ချင်၍ မီးဖိုဘက်သို့ ထွက်သွားသည်။

'အတော်ပဲ ကိုယ်တော်လေး၊ ညေ့သည်အတွက် လက်ဖက်ရည် ပြီးပြီ၊ သွားပို့ပေးစမ်းပါ၊ ထမင်းအိုး ဆူတော့မယ်'

ကိုမြဖေက သူ ပြင်ဆင်ပြီးသော လက်ဖက်ရည်ဗန်းကို မောင်မောင့် လက်သို့ လှမ်းပေးလိုက်သည်။

'ဟာ. . . ကျွန်တော်မ သွားချင်ဘူး၊ ခင်ဗျားဘာသာ သွားပေး'

'အို. . . ဘာဖြစ်လို့လဲကွ'

ကိုမြဖေသည် မောင်မောင်၏ အောက်သိုးသိုး မျက်နှာကိုကြည့်လျက် အံ့သြဟန်ဖြင့် ပြန်မေးလိုက်သည်။

'ဘာဖြစ်ရမလဲဗျ၊ ဂျပန်မ မြန်မာစကား ပြောတာက အထက်စီးနင်းကြီးနဲ့ပြောတယ်၊ ကျွန်တော် နားထောင်လို့ကို မရဘူး၊ သူ့ကိုယ်သူ မမတဲ့'

မောင်မောင်ကပြောပြီး ပခုံးတွန့်း၍ မျက်နှာရှုံ့ပြလိုက်သည်။

'အမယ်. . . မင်းနှယ်ကွာ၊ ဒါများ နာစရာလားကွာ။ သူက မမဆို မမ ခေါ်လိုက်ပေါ့၊ ကိုယ့်မှာ အစ်ကိုတစ်ယောက်လုံးလည်း ငုတ်တုတ်ကြီး ရှိနေတာပဲဟာ'

ကိုမြဖေက ပြောပြီး ရယ်လေသည်။

'ခင်ဗျားကြီးနော် ဒီစကားမျိုး မပြောနဲ့၊ ကျွန်တော့် အစ်ကိုကြီးကို ဒါနဲ့ မစနဲ့'

'ဩော်. . . လာလာသေးတယ်'

'ဟုတ်တယ်လေ၊ အစ်ကိုကြီးက မြန်မာ၊ သူက ဂျပန်။ ခင်ဗျား ဒီစကားမျိုး စ စရာလားဗျ၊ ဒီစကားမျိုးနဲ့တော့ မနောက်နဲ့. . .'



BURMESE CLASSIC .com

www.burmeseclassic.com



'နောက်တာ မဟုတ်ဘူးကွ၊ ငါက တကယ် ပြောနေတာ။ စောစောက ငါ မြင်လိုက်တယ်၊ ဂျပန်မလေးက ချောလိုက်တာကွာ၊ မှုန်နေတာပဲ။ အေး မင်းကြည့်နေ၊ မင်း အစ်ကိုကြီးက မိန်းမယူရေးကိစ္စမှာ ချေးထူပြီး ဟိုရွေး သည်ရွေး လုပ်လွန်းလို့ လူပျိုသိုးကြီး ဖြစ်နေတာ။ ဒီတစ်ခါတော့ စွံသွားပါစေဗျာ'

ကိုမြဖေမှာ အိမ်သို့ မိန်းကလေးလာတိုင်း မောင်မောင့်ကို စ နေကျ ဖြစ်သည်။ မောင်မောင့်ကို မခံချင်အောင် စလို၍ တမင် စလိုက်ခြင်း ဖြစ်သည်။ မောင်မောင်က ဒေါသဖြစ်သည့် မျက်လုံးကြီးများဖြင့် ဝင့်ကြည့်လိုက်မှ ပြုံးဖြဲဖြဲဖြင့် လက်ဖက်ရည်ဗန်းကို ယူထွက်သွားသည်။

ကိုမြဖေ မီးဖိုထဲသို့ ပြန်ဝင်လာသောအခါ မောင်မောင်သည် ကုလား ထိုင်၌ ထိုင်လျက် မီးဖိုထဲရှိ စားပွဲကို သားလှီးဓားဖြင့် ထစ်၍ ဆော့ကစား နေသည်။

'ဟေ့. . . မင်းကို ဆရာက မေးနေတယ်၊ သွားလေ'

'မသွားချင်ပါဘူးဗျာ'

'နေစမ်းပါဦးကွ၊ ဒီဂျပန်ဆရာမလေးက ဘယ်ကလဲ၊ တစ်ခါမှလည်း တို့အိမ်ကို မလာဖူးပါဘူး၊ မြန်မာစကားလည်း ပြောတတ်တယ်'

ကိုမြဖေက သိချင်သော မျက်နှာဖြင့် မောင်မောင့်အပါးသို့ ကပ်၍ မေးသည်။

'နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းက ဂျပန်စာပြတဲ့ ဆရာမတဲ့၊ အစ်ကိုကြီးဆီမှာ မြန်မာစာ လာသင်မှာတဲ့'

'ဟေ. . . ဒီလိုဆို တို့အိမ်ကို ဆရာမလေး ဂဒီးဂဒီး လာတော့မှာပေါ့။ မင်းက ဘာပြုလို့များ သဝန်တိုနေရတာလဲ၊ စာသင်တဲ့ဟာပဲ'

'သဝန်တိုလို့ မဟုတ်ဘူးဗျ၊ ဒီဂျပန်ဆရာမ ပုံစံကို ကြိုက်ကို မကြိုက် ဘူး၊ အစ်ကိုကြီးဆိုရင် ဘယ့်နှယ်နေမလဲ မသိဘူး၊ ကျွန်တော့်ကို ကြည့်တာ တောင် ဣန္ဒြေရရ ကြည့်ပုံမျိုး မဟုတ်ဘူးခင်ဗျ၊ တကထဲမှပဲ ငမ်းနေတာပဲ၊ စိုက်နေတာပဲ'

www.burmeseclassic.com



ကိုမြဖေ၏ ရင်ထဲ၌ တလှိုက်လှိုက် ဖြစ်လာသဖြင့် မအောင့်နိုင်၍ အားရပါးရ ရယ်ပစ်လိုက်သည်။

'သူ့ကြည့်တာ ပွဲကျတာလိုက်လို့ကွာ၊ ဆရာ့ကို ဒီအကြည့်မျိုး ကြည့်လည်း ကြည့်ပေ့စေပေါ့၊ ဒါမှ ရာဇဝင်ကြွေး ကျေမယ်'

'ဘာရာဇဝင်ကြွေးလဲဗျ'

မောင်မောင်က မျက်လုံးပြူး၍ မေးလိုက်သည်။

'ဂျပန်ခေတ်တုန်းက တို့မြန်မာအမျိုးသမီးတွေကို ဂျပန်စစ်သား တွေက ယူလိုက်ကြတာ သောက်သောက်လဲပဲ။ တချို့ အပျိုလေးတွေလည်း မဟားတရား အတင်း နသားပါးယား ခံရတာပဲ မဟုတ်လား၊ ဒီအကြွေး ရှိတယ်ကွ'

ကိုမြဖေ ပြုံးစိပြုံးစိဖြင့် ပြောလျက်ရှိသည်။

မောင်မောင်သည် နားထောင်ရင်း ရင်ထဲ၌ နုံးချည့်ချည့်ကြီး ဖြစ် လာသည်။ စားပွဲခုံကို ခေါ်ဖြင့် ထစ်နေရင်းပင် ဖျတ်ခနဲ သူ့မိခင်ကို သတိရ စိတ် ပေါ်ပေါက်လာသည်။ မမြင်ဖူးလိုက်သော မိခင်ကို မြင်ဖူးချင်လာ သည်။ ကိုမြဖေ ပြောတဲ့အတိုင်း သူ့မိခင်လည်း မဟားတရား ခံခဲ့ရ၍ သူ့ကို မွေးဖွားခဲ့ရလေသလား ဆိုသော အသိသည် ဦးနှောက်ထဲသို့ ဝင်ရောက် လာသည်။

ထိုအသိသည် သူရှက်လွန်း၍ သူ မသိချင်သော အသိ၊ မစဉ်းစားချင် သော အသိဖြစ်သည်။ သူ့ရင်ထဲ၌ ပုန်းအောင်းနေသော သူ့ဘဝအကြောင်း ကိုပင် လုံးဝ မသိချင်သော သူ့အဖြစ်ကြောင့်၊ ရှက်စရာကောင်းသော ဇာတ်အသိကို တွေးကြည့်ခြင်းမျိုး တစ်ခါဖူးမျှ မပြုလုပ်ခဲ့ပေ။

ဦးနှောက်ထဲသို့ ယခု ဝင်ရောက်လာသော ရှက်စရာအသိသည်၊ မောင်မောင်၏ ရင်တွင်းသို့ ဖောက်ဆင်းသွားသော အသည်းနှလုံးကို မွှန်းမွပစ်လိုက်သကဲ့သို့ ထင်မှတ်ရသည်။

ထမင်းအိုး ငဲ့နေသော ကိုမြဖေက စားပွဲခုံစွန်း တစ်ခုလုံး မောင်မောင်

www.burmeseclassic.com



ခားဖြင့် ထစ်လှီးထားသော သစ်သားစများ မွပုံနေခြင်းကြောင့် အလန့်တကြား ပြောလိုက်သည်။

‘ဟေ့. . . ဟေ့. . . ဘယ့်နှယ့် ငါ့ခုံက သစ်သားတွေ လှီးပစ်နေသလဲ ကွ’

ကိုမြဖေသည် မောင်မောင်၏ ရင်ထဲ၌ ကြေမွ၍သွားသော ဒဏ်ရာကို မမြင်ရ၊ သား ငါး ကြက်သွန်လှီးသော သူ့စားပွဲခုံအစွန်း တစ်ခုလုံး ပုံပျက် ပန်းပျက် ပဲ့ထွက်နေသော ဒဏ်ရာသာ မြင်ရလေသည်။

‘ဆောရီး. . . ဆောရီးဗျာ၊ ကျွန်တော် လှီးကောင်းကောင်းနဲ့ လှီးထစ် လိုက်ပစ်တာ၊ လက်လွန်သွားတယ်’

မောင်မောင်က အေးစက်၍ တမင်လုပ်ပြောသော အသံဖြင့် ပြန်ပြော သည်။

‘မောင်မောင်’

အိမ်ရှေ့မှ အသံပြုလိုက်သော ဦးသက်လွင်၏ အသံသည် မီးဖိုထဲသို့ ထုတ်ချင်းပေါက်လာသည်။

မောင်မောင်မှာ ကျောတွန့်သွားကာ ထရန် ဝန်လေးလျက်ရှိသည်။ ကိုမြဖေက. . . ‘ခေါ်နေတယ်ကွ၊ မကြားဘူးလား’လုပ်လိုက်မှ နေရာမှ ထလာသည်။

‘ဆရာမ ပြန်တော့မယ်၊ မင်းကို နှုတ်ဆက်မလို့ စောင့်နေတယ်’

ယုမိစံသည် စိတ်လှုပ်ရှား ထိခိုက်လျက်မှ အားတင်း၍ နူးညံ့သော အပြုံးကလေးဖြင့် မောင်မောင့်ကို နှုတ်ဆက်ရန် စောင့်နေရှာသည်။ ယုမိစံသည် မျက်ရည်များ ဝဲမလာရန် တားဆီးထားခြင်းကြောင့် မျက်လုံးများတွင် အရောင်မရှိ၊ မှိုင်းမှုန်လျက် ရှိသည်။

‘ဟုတ်ကဲ့. . . ကောင်းပါပြီ ဆရာမ’

မောင်မောင်က မပြုံးမချို တုံးတိတိကြီး ပြောလိုက်ခြင်းကြောင့် ဦးသက်လွင်မှာ မောင်မောင့်ကို စိတ်များပင် ခုသွားသည်။ အားတုံ့အားနာကြီး



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်မိလျက် ဖာထေး၍ ပြုံးလိုက်ရသည်။ မောင်မောင့်အတွက်ပါ ရောပေါင်း၍ ပြုံးလေရော့သလား မသိ။ ဦးသက်လွင်၏ အပြုံးသည် အသက်အစိတ်ခန့် နုပျို့သွားသည်။

ယုမိစံနှင့်ယှဉ်၍ အိမ်ပေါ်မှ အတူဆင်းသွားကြသည်။ ကားအထိ လိုက်ပို့ကာ ကားတံခါးကို သူကိုယ်တိုင် ဖွင့်ပေးလျက် ပြန်၍လည်း ပိတ်ပေး လိုက်သေးသည်။

ကားမထွက်မီ ယုမိစံအပေါ်၌ အားနာကြောင်း၊ ဝမ်းနည်းကြောင်း ယုမိစံ ခံစားရသည့်အတိုင်း သူပါအတူ ခံစားရကြောင်းကို စကားဖြင့် ပြောမ ဖြစ်၍ မျက်လုံးအစုံဖြင့် ပြောဖြစ်အောင် ပြောပြလိုက်သည်။

ကားထွက်ခါနီး ဦးသက်လွင်၏ အပြုအမူအားလုံးသည် အိမ်ထဲမှ လှမ်း၍ ရပ်ကြည့်နေသော မောင်မောင့်မျက်စိထဲ၌ အလွန် ထူးခြားနေသည်။ သူနှင့် အတူတကွ နေခဲ့သည့် ဘဝတစ်လျှောက်လုံး ဘယ်မိန်းမမျိုးကိုမှ ယခုလောက် ဖော်ရွေပုံ ဖော်ရွေနည်းမျိုးဖြင့် ဆက်ဆံပုံကို မတွေ့ဖူးခဲ့၍ အလွန် ထူးခြားလျက်ရှိသည်။

သူ မနှစ်မြို့နိုင်သော ဂျပန်လူမျိုးကိုမှ အိမ်ကို အလာခံရလေသလား၊ သူတို့အချင်းချင်း ဖုံးဝှက်ထားခဲ့ကြသော အတိတ်ကိုမှ သတိမရ၊ အားမနာ လေရော့သလား၊ သူ့မျက်နှာကိုမှ မထောက်လေစွ။ မောင်မောင်သည် စိတ်ကောက်လျက် ဦးသက်လွင်အပေါ်၌ စိတ်မခုစဖူး စိတ်ခုသွားသည်။

ကားထွက်လာမှ ယုမိစံသည် ကြိမ်ဒဏ်ခံရသည့်ကဲ့သို့ တစ်ကိုယ်လုံး နာကျင်လျက် ရှိလေသည်။ ဝမ်းနည်းမှု၊ ကြေကွဲမှု၊ နာကျင်ပြင်းပြမှု တို့ကြောင့် ငိုချင်လာသည်။ ရစ်ဝဲလာသော မျက်ရည်စများကို ခါချလိုက်ကာ နာကျင်မှု အပေါင်းတို့ကို ကြိတ်မှိတ်၍ တိတ်ဆိတ်စွာ ပြန်လာခဲ့သည်။

အိမ်သို့ရောက်လျှင် ပြင်းထန်စွာ ရင်နာလာသဖြင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိကာ အသက်ကိုပင် မှန်မှန်ရှူ၍ မရနိုင်ဘဲ အဝတ်အစား များ အမြန်လဲ၍ အိပ်ရာပေါ်၌ လှဲချွေချလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ဩဘားစံကို ခေါင်းကိုက်သည်ဟု အကြောင်းပြထားသည်။

ဒေါ်အောင်မေက နှိပ်ပေးမည် ဆိုလာလျှင်လည်း နှုတ်ဖြင့် စကားမပြန်ဘဲ လက်ကလေးမြှောက်၍ ခါပြလိုက်သည်။

ယုမိစံအတွက် တယ်လီဖုန်းလာကြောင်း ပြောလာလျှင် လက်ကလေး မြှောက်၍ ခါပြလိုက်သည်။

ယုမိစံသည် ပျော့ခွေလျက် မျက်လုံးများကို စုံမှိတ်ထားသည်။ လိုအိပ်သည်ထက် ပို၍ ဆို့လျက်ရှိနေသည်။ မောင်မောင့်ကို တွေ့ဆုံရသည့် အခါ၌ မောင်မောင့်အပေါ်၌ မိမိ၏ တွယ်တာချစ်ခင်မှုသည် ရုန်းထွက်၍ မရနိုင်သော မိမိအား ဖွဲ့နှောင်ထားမှုကို တွေ့ရှိရလေသည်။

မောင်မောင့်ကို အဖန်ဖန် မြင်ယောင်လျက်ရှိသည်။ မောင်မောင့်ကွယ်ရာတွင် မောင်မောင့်ကို စိတ်ရှိလက်ရှိ ချစ်နေရလေသည်။ မောင်မောင် နှင့် ခွန်းတုံ့ခွန်းပြန် စကားပြောဆို နေရလေသည်။ ယုမိစံအတွေးထဲတွင် တစ်ဦးနှင့်တစ်ဦး မောင်မှန်း၊ အစ်မမှန်း သိကြလျက် ကြည်နူးချမ်းမြေ့လျက် ရှိကြလေသည်။

## ၉

ယုမိစံသည် တစ်ညလုံး ထိုအတွေးဖြင့် အိပ်ရေးပင် မဝဘဲ မိုးမလင်းမီ အိပ်ရာမှ ထလိုက်သည်။ ယနေ့နံနက် သူ့အကြံအစည်နှင့်သူ စိတ်သွားတိုင်း ကိုယ်ပါလျက် ရှိသည်။ သေတ္တာ ဗီရိုများဖွင့်၍ သူလိုချင်သော ဘူးတွေ၊ အထုပ်တွေကို သပ်ရပ်လှပစွာ ထုပ်ပိုး ပြင်ဆင်သည်။ နံနက်အစောကြီး ရေအေးချိုးပြီး အလှပြင်သည်။ အဝတ်လဲသည်။ ဒေါ်အောင်မေ မထမီ

www.burmeseclassic.com



အိမ်ပြတင်းတံခါးတွေ အားလုံး ဖွင့်ထားလိုက်သည်။ ရေနွေး ကိုယ်တိုင် တည်လျက် ကော်ဖီကို ကိုယ်တိုင်ပင် ဖျော်၍ သောက်လေသည်။

'ဟင်. . . မယု၊ အစောကြီး ထသလား၊ နေကောင်းသွားပြီလား'

ဒေါ်အောင်မေသည် အိပ်ရာထ အိပ်မှုန်စုံမွှားဖြင့် သတင်းမေးလိုက် သည်။

"အမယ်. . . ကော်ဖီတွေများတောင် ကိုယ်တိုင် ဖျော်သောက်လို့ ပါလား၊ ဩဘားစံကို နှိုးပါတော့လား မယုရယ်"

လက်ဖက်ရည်စားပွဲ၌ စောစောစီးစီး ကော်ဖီထိုင်သောက်နေသော ယုမိစံကို တအံ့တဩ ဖြစ်နေသည်။ အဝတ်လဲ၍ ဖြီးလိမ်းပြင်ဆင်ထားသဖြင့် အပြင်သွားမလို့များ ထင်လိုက်သည်။ သူ ထင်သည့်အတိုင်းပင် ယုမိစံက ပြောသည်။

'ခုနစ်နာရီထိုးဖို့ စောင့်နေပါတယ်၊ ခုနစ်နာရီထိုးရင် မယု အပြင် သွားမယ်။ မယုအတွက် နံနက်စာ ထမင်းမချက်ပါနဲ့၊ သံရုံးက မိတ်ဆွေ အိမ်မှာ စားပါမယ်'

တနင်္ဂနွေနေ့ဖြစ်၍ မယု လျှောက်လည်တော့မည်ဖြစ်ကြောင်း ဒေါ်အောင်မေက ရိုးရိုးပင် အောက်မေ့ မှတ်ထင်လိုက်သည်။

'ဘယ်အချိန် ပြန်ရောက်မလဲ မယု'

ယုမိစံသည် ဒေါ်အောင်မေ၏ မေးခွန်းကို မကြားမိချေ။ သူ့ရှေ့၌ ပေါ်နေသော စစ်ဝတ်စစ်စားဖြင့် ကြည့်၍ ကောင်းလှသည့် မောင်မောင့်ကို သာလျှင် တမ်းတမ်းစွဲ ငေးစိုက်လျက်ရှိ၏။

'မယု ဘယ်အချိန် ပြန်ရောက်မလဲ'

ယုမိစံကို နှစ်ခါထပ်မေး၍ ယနေ့ ယုမိစံ၏ အပြုအမူလေးတွေ သည် ဆန်းကြယ်နေသယောင်ယောင် စိတ်က ထင်လာသည်။

'ဩဘားစံ မေးသလား၊ ညနေ လေးနာရီမှ မယု ပြန်ရောက်မယ် ထင်တယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'ဩော်. . . ဩော်'

ယုမိစံသည် စားပွဲပေါ်၌ တင်ထားသော အထုပ်အပိုးများကို ပိုက်၍ ထလိုက်သည်။ တနင်္ဂနွေနေ့ ကားမောင်းသမား ဆာမိ မလာ၍ ကားကို ယုမိစံ ကိုယ်တိုင် မောင်းထွက်လာသည်။ ဂွတ္တလစ်လမ်းဘက် မောင်မောင့် အိမ်သို့ တန်းမောင်းသွားသည်။

မောင်မောင့်ကို မနေ့က မြင်လိုက်ရရုံလောက်နှင့် အားမရ တင်းမတိမ်နိုင်။ မောင်မောင့်ကို ထပ်၍ တွေ့ချင်သည်။ မောင်မောင့်ကို ထပ်၍ မြင်ချင်သည်။ သူ့မှာ စနေ၊ တနင်္ဂနွေသာလျှင် ရက်အား ရှိလေသည်။ ကြားရက်များမှာ ကျောင်းအချိန်ကြောင့် ရက်အားမရှိပေ။ ရသည့်ရက်အားကို မောင်မောင်နှင့် တွေ့ဆုံရန် အချိန်များများပေးချင်သည်။

နံနက် ၇ နာရီ မထိုးသေး၍ အိပ်ရာက နိုးကြပါမလား တွေးမိသည်။ ကိစ္စမရှိ အိမ်တံခါး မဖွင့်သေးလျှင် ကားလျှောက်မောင်းနေမည်။ အိမ်တံခါး ဖွင့်လျှင်လည်း ဝင်လိုက်မည်။ အိပ်ရာမှ မနိုးကြသေးက ထိုင်၍ စောင့်နေမည်။ မောင်မောင်တို့စားရန် ဂျပန်ပြည်မှလုပ်သော စားစရာမုန့်ဘူးများ ယူဆောင်လာရသည့်အတွက် စိတ်ထဲ ရွှင်လန်းဝမ်းမြောက်လာသည်။

မောင်မောင့်အတွက် ရှပ်အင်္ကျီများ၊ ဘောင်းဘီများ လူကြုံဖြင့် ဂျပန်ပြည်ကို မှာလိုက်ရန်လည်း တွေးတောလာသည်။ ဂျပန်ပြည်ရှိ အဘိုးအဘွား များထံသို့ မောင်ကလေးကို တွေ့ရှိပြီ ဖြစ်ကြောင်း သတင်းကောင်းပါးရန် အိမ်ပြန်မှ စာရေးရဦးမည်။ စာထဲတွင် သဘောဖြူ အူစင်း၊ ကြင်နာမှု ရှိလေသော ဦးသက်လွင် အကြောင်းကို စုံစုံလင်လင် ထည့်ရေးရန် စဉ်းစားမိသည်။ အဘိုးတို့ အဘွားတို့ ဘယ်လောက်များ ဝမ်းသာလိုက်ကြမည်လဲ။

စောစောစီးစီး ထွက်လာ၍ ဦးသက်လွင်အား နှောင့်ယှက်ရာ ကျ မကျ စဉ်းပင် မစဉ်းစားမိတော့။ ဦးသက်လွင်သည် သဘောထားပြည့်ဝ သည်။ သူ့ခံစားမှုကို ကောင်းကောင်း သိမြင်သောသူ ဖြစ်သည်။ မောင်မောင့် အိမ်သည် သူ အချိန်မရွေး ဝင်နိုင်ထွက်နိုင်သော သူ့ မောင်လေးအိမ်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ကြောင်း ဦးသက်လွင် နားလည်ပြီးသား ဖြစ်သည်။ ယုမိစံ၏ အတွေးများ၌ ဦးသက်လွင်သည် သူနှင့် ရင်းရင်းနှီးနှီးကြီး ဖြစ်နေသည်။

မောင်မောင်တို့ ခြံရှေ့ရောက်၍ ခြံဝမှ အိမ်ဆီသို့ မျှော်ကြည့်လိုက်သည်။ အိမ်ရှေ့ တံခါးမကြီးသာမက မျက်နှာစာဘက်ကျသော ပြတင်းတံခါးများပင် မဖွင့်သေးခြင်းကြောင့်၊ ယုမိစံမှာ ကားကို ပြန်ဆုတ်ကာ အင်းလျားဘက်သို့ မောင်းထွက်လာသည်။

ကားကိုရပ်ကာ နှင်းမှုန်များဆိုင်းလျက်ရှိသော အင်းလျားကန်ပေါင်ပေါ်သို့ တက်ရပ်လိုက်သည်။ ငြိမ်သက်နေသော ရေပြင်ကြီးကို ကြည့်၍ လှုပ်ရှားလာသော ရင်မှာ တစ်စစ ငြိမ်သက်သွားလေသည်။ တဖြူးဖြူးသုတ်ဝေ့လျက်ရှိသော လေအေးကလည်း သူ့ရင်ကို အေးမြစေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး အေးချမ်းတိတ်ဆိတ်စွာ ရှိခြင်းသည်လည်း သူ့စိတ်ကို အထူးတည်ငြိမ်စေသည်။ ပတ်ဝန်းကျင်၏ တည်ငြိမ်အေးချမ်းမှုကို လေးစားမြတ်နိုးသော စိတ်ဓာတ်ရှိခြင်းကြောင့်၊ ယုမိစံသည် အတန်ကြာအောင် ငြိမ်သက်စွာ ရပ်နေပြီးမှ ကန်ပေါင်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။

မောင်မောင်တို့ အိမ်ရှေ့၌ ကားရပ်လိုက်သောအခါ ကိုမြဖေ ဈေးမှ ပြန်ရောက်၍ ခြံတံခါးနှစ်ဖက် ပွင့်နေသည်ကို တွေ့ရသည်။ အိမ်ရှေ့မျက်နှာစာဘက်ရှိ ပြတင်းတံခါးများ ဖွင့်လှစ်ထားခြင်းကိုလည်း မြင်လိုက်ရသည်။

ယုမိစံသည် ကားကို အရှိန်ဖြည်းဖြည်းကလေးဖြင့် ခြံထဲသို့ လှိမ့်ဝင်လာသည်။ လက်ဆောင်ထုပ်များကို ပိုက်၍ ကားထဲမှအဆင်း၊ အိမ်ကို တစ်ချက် လှမ်းကြည့်လိုက်ပြန်သည်။ တစ်ထပ်အိမ်ကလေးသည် ပြူထွက်စနေရောင်ခြည်အောက်၌ ငြိမ်ဝပ်လျက် နေပူဆာ လှုံနေလေသည်။

ယုမိစံ အိမ်ဝသို့ မရောက်မီ အပြင်မှလာသူကို အထဲကမြင်ရ၍ ကြိုတင်ကာ တံခါးဖွင့်ပေးသည့်နှယ် တံခါးနှစ်ဖက် ဟလာသည်။ တံခါးရွက်များကို လုံးဝမဖွင့်လိုက်ဘဲ တံခါးအပြင်ဘက်သို့ ခေါင်းထွက်နိုင်ရုံလောက်သာ ဟကာ မောင်မောင်၏ ခေါင်းသည် ဆန့်ထွက်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လျက် လျှောက်လာသည်။ မောင်မောင့်ကို လှမ်း၍ ပြုံးပြလိုက်သည်။ မောင်မောင်က ပြန်မပြုံး။

မောင်မောင်၏ မျက်နှာကလေးကို အနီးကပ် မြင်လိုက်ရပြီး၊ မောင်မောင်နှင့် မျက်လုံးချင်း ဆုံမိကြသည့်အခါ၌ ယုမိစံ၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်သွားကြသည်။ အေးစက်သော မျက်လုံးဖြင့် မိမိအား ဖြည်းညင်းစွာ ကြည့်လျက်ရှိသော မောင်မောင်၏ အကြည့်ကြောင့်၊ ယုမိစံ ရင်ထဲက အလုံးကြီးသည် လည်ချောင်း၌ လာ၍ တစ်ဆို့သွားသည်။

'အစ်ကိုကြီးနဲ့ တွေ့ဖို့လာသလား'

မောင်မောင်က သံပြတ်နှင့်ပြောပြီး အေးစက်သော မျက်လုံးဖြင့် ယုမိစံအား ဖြည်းညင်းစွာ ကြည့်လျက်ပင် ရှိသည်။

မောင်မောင်၏ အကြည့်သည် အတွင်းသဏ္ဌာန်ကို ထိုးဖောက်ကြည့်လျက် ရှိသည်ထင်ရကာ၊ ထိုအကြည့်၌ မုန်းတီးဝန်တိုသော အမူအရာများ အထင်းသား ပေါ်လွင်လျက် ရှိသည်။

'မောင်မောင်ရော၊ ဆရာ့ကိုရော တွေ့ချင်လို့ မမ လာပါတယ်'

တုန်ယင်သော အသံဖြင့် ယုမိစံက ပြန်ပြောသည်။

ယုမိစံ၏ ပါးစပ်က ထိုစကားများမှာ အလိုလို ထွက်သွားသည်။ ဤသို့ ထွက်သွားခြင်းကို သူ့ဘာသာသူပင် မသိလိုက်အောင် ဖြစ်သည်။

'အစ်ကိုကြီး မရှိဘူး၊ မနက်က အစောကြီးပဲ ထပြီး အပြင်ထွက်သွားတယ်'

'မမ ထိုင်စောင့်နေမယ်လေ'

မောင်မောင်က သိသိသာသာကြီး ပြုံးလိုက်သည်။ ထိုအပြုံးသည် အိမ်ထဲဝင်ချင်သူကို မဝင်စေရအောင် ဟန့်တားပစ်သည့် လှောင်ပြုံးဖြစ်သည်။

'ထိုင်စောင့်လို့ မဖြစ်ဘူးခင်ဗျ၊ အစ်ကိုကြီးက ဒီနေ့ ဆန်းဒေး. . . လျှောက်လည်မှာ။ ဘယ်အချိန် ပြန်လာမယ် မသိဘူး၊ ကျွန်တော်လည်း အခုပဲ အိမ်တံခါးပိတ်ပြီး ထွက်တော့မှာ'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် မောင်မောင့်ကို စူးစိုက်လျက် ကြည့်နေလေသည်။ ရှေ့ဆက်၍ စကားပြောရန် မဖြစ်တော့ဘူး။ အိမ်ထဲသို့ မဝင်စေလိုသော သူ့အား စကားဆက်ပြောရန် အဓိပ္ပာယ် မရှိတော့ပြီ။ မောင်မောင့်စကားနှင့် မောင်မောင့် အမူအရာမှာ သူ့ကို နှင်နေကြောင်း ပြသည့် သာဓက ဖြစ်သည်။

ယုမိစံမှာ ဘယ့်နှယ်ရှိရှိ အိမ်ထဲဝင်နိုင်ရန် နောက်ဆုံးတစ်ကြိမ် ထပ်၍ ကြိုးစားချင်စိတ် ဖြစ်ပေါ်မိသေးသည်။ သို့ရာတွင် သူ၏ ကြိုးစားချင်စိတ်မှာ ပြန်၍ ယိမ်းယိုင်အားနည်းသွားသည်။ မိမိ ထပ်၍ ကြိုးပမ်းအားထုတ် လျှင်လည်း အချည်းနှီးသာ ဖြစ်မည်ကို တွေးမိတော့သည်။

မိမိအား မောင်မောင်က နှင်နေကြောင်း၊ မဝင်စေချင်ကြောင်း ထင်ရှားပြနေပါလျက် ယုမိစံမှာ မောင်မောင့်အပေါ် စိတ်ကွက်ရမှန်း၊ နာကြည်းရမှန်းပင် မသိ။ မောင်မောင့်အပေါ်၌ သူချစ်နေသော အချစ်သည် သူ၏နှလုံးသည်းပွတ်ထဲ၌ အစိုင်အခဲကြီး ဖွဲ့ထားသည်။ ထိုအစိုင်အခဲကြီးမှာ ဝမ်းနည်းမှု လှိုင်းမုန်တိုင်းတို့က အရှိန်ပြင်းစွာ တအားရိုက်ပုတ်ခြင်းကို ရင်ဆိုင်နေငြားလည်း မရွေ့လျားဘဲ မယိမ်းမယိုင် သက်ဆုံးတိုင်တည်နေမည့် မိခင်တို့၏ ချစ်ခြင်းမေတ္တာ အစိုင်အခဲကြီးမျိုးကဲ့သို့ ဖြစ်သည်။ ယုမိစံထံမှ နူးညံ့သိမ်မွေ့စွာ ထိန်းချုပ်၍ပြောသော အသံကလေး ထွက်လာသည်။

'မမ မောင်မောင်တို့အတွက် လက်ဆောင် ယူခဲ့ပါတယ်၊ မမ ထားခဲ့မယ်။ ဆရာ ပြန်လာရင် မမ လာတဲ့အကြောင်း ပြောပါနော်'

ယုမိစံသည် အထုပ်ကြီးကို လှမ်း၍ပေးလိုက်သည်။ မောင်မောင်က လက်ထုတ်၍ အထုပ်ကြီးကို လျှင်မြန်စွာ လှမ်းယူလိုက်ပြီးလျှင်၊ တံခါးကို လျှင်မြန်စွာ ပြန်ပိတ်လျက် အတွင်းမှ မင်းတုပ်ချလိုက်သည်။

သူ့လက်က အထုပ်ကို စားပွဲပေါ်၌ တင်လိုက်ပြီး အိပ်ရာမှ မထသေးသော ဦးသက်လွင် မနိုးစေရန်၊ အသံမထွက်အောင် ခြေဖျားထောက်၍ မီးဖိုဘက်သို့ သုတ်သုတ် ထွက်သွားသည်။

www.burmeseclassic.com



ယုမိစံမှာ ရပ်နေရာမှ ရုတ်တရက် သူ့ကိုယ်ကို ရွေ့လျား၍ မရနိုင်အောင် ဖြစ်နေသည်။ ပိတ်သွားသော တံခါးမင်းတုပ်ချသံသည် သူ့နားထဲ၌ မိုးခြိမ်းသံကြီးပမာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကျယ်လောင်လှသည်။ ရှိရှိသမျှ ခွန်အားသတ္တိများကို ပြန်၍ စုစည်းရလျက် သူ့ခြေထောက်များကို ပြန်၍ ရွေ့ရှားနိုင်ရန် ကြိုးစားရသည်။ အိမ်ဝ လှေကားထစ်မှ ပြန်ဆင်းလာရသည့် အခါဝယ် သူ မည်သို့ မည်ပုံ ပြန်လျှောက်လာပုံ ကားပေါ် သို့ မည်သို့မည်ပုံ ရောက်သွားပုံ ယုမိစံမှာ မမှတ်မိတော့ပေ။

ယုမိစံ၏ ခံစားနိုင်စွမ်းရှိသမျှ အာရုံတို့သည် ထုံထိုင်းလျက်ရှိသည်။ အမှတ်သညာကင်းလျက် ရှိသည်။ မိမိ မောင်းလာသော ကားသည် မည်သည့် လမ်း မည်သည့်ရပ်ကွက် ရောက်နေသည်မျှ သတိပြုမိနိုင်ခြင်း မရှိဘဲ၊ ကားဦးတည့်ရာ မောင်း၍သာ နေလေသည်။ ကားမောင်းနေခိုက် ယုမိစံ သည် တစ်ခုတည်းသော အတွေးကိုသာလျှင် ထပ်တလဲလဲ တွေးမိလျက် ရှိသည်။ ထိုအတွေးကား ဘာကြောင့် မောင်မောင် သူ့ကို ဒါလောက် မုန်းတီး ရသနည်းဆိုသည့် အတွေးဖြစ်သည်။

လူသား မောင်နှမနှစ်ယောက် အသက်ရှင်ကာ၊ နီးကပ်စွာ တွေ့ဆုံ နေကြပါလျက် တစ်ဦးနှင့်တစ်ဦး မည်မျှ ဝေးကွာ၍ နေကြရသနည်း။ မည်မျှ ရင်နာစရာ ကောင်းသနည်း။ ဤအဖြစ်မျိုး ခံရ ကြုံရခြင်းသည် မည်သူ့ ပယောဂကြောင့်နည်း။ သူ့ဖခင်လော. . . မောင်လေးလော. . . တကယ်တော့ မည်သူ့ကြောင့်မှ မဟုတ်ကြောင်း ယုမိစံ တွေးမိသည်။

ပြီးခဲ့သော စစ်ကြီးသာလျှင် တရားခံအစစ် ဖြစ်သည်။ ပြီးခဲ့သော စစ်ကြီးသည် စစ်၏ ဆိုးမွေဖြစ်သော လူမျိုးရေး မုန်းတီးမှုကို ဖန်တီး၍ သွားသည်။ မိမိအား ဤအဖြစ်ဆိုးမျိုး ကြုံတွေ့ခံရစေရန် ပြုလုပ်ခဲ့သည်။ စစ်ကြီးသည် ပြီးဆုံးတိုင်သွားပြီ မှန်သော်လည်း၊ မိမိ၏ နှလုံးသည်းပွတ်ကို နာကျင်အောင် ချေမှုန်းဖျက်ဆီးနိုင်ဆဲပင် ရှိချေသေးပါတကား။

သူ့လက်မှ အထုပ်ကို မောင်မောင် လက်ခံယူလိုက်ပုံသည် ရင်နာဖွယ်

www.burmeseclassic.com



ရာ ဖြစ်ရသည်။ သူ ပေးအပ်သော လက်ဆောင်ကို အမွန်အမြတ် မထား၊ ကျေးဇူးတင်စကားကိုပင်လျှင် ဆိုရကောင်းမှန်းပင် မသိ။ သူ့အိမ်သို့လာ၍ အမွန်အမြတ် လက်ဆောင် လာပေးသူမှ အသိအမှတ် မပြုဘဲ၊ စောစောစီးစီး သူ့အိမ်သို့လာသော သရဲသဘက်ပမာ ထင်မှတ်ချက်က ထင်မှတ်ချေဦးမည်။ သွေးသားတော်စပ်သော အစ်မမှန်းမှ မသိလေစွ။

ယုမိစံသည် တွေးရင်းတွေးရင်း ရင်ထဲ၌ နင့်နင့်နဲနဲ ဆွေးဆွေး မြည့်မြည့်ကြီး ဖြစ်လာသည်။

ယုမိစံ တွေးသည့်အတိုင်းပင် နံနက် စောစောစီးစီး ပေါက်လာသော ယုမိစံကို မောင်မောင် ဒေါပွနေသည်။ စောစောစီးစီးကြီးတောင် ပြန်လာ ပြန်တယ်ဟု မကျေမနပ်စိတ်ဖြင့် ထပ်ဆင့်၍ မျက်မှန်းကျိုးသွားသည်။

မကြာမီ ကိုမြဖေ ဈေးက ပြန်ရောက်လာသည်။

'ဆရာ. . . နိုးပလား'

ကိုမြဖေက ဈေးလွယ်အိတ်ချပြီး မေးသည်။

'မနိုးသေးဘူးဗျ၊ စောစောက ဟိုမအတူ လာသေးတယ်လေ'

'ဘယ်သူလဲကွ'

'မနေ့ကလာတဲ့ ဂျပန်ဆရာမပေါ့၊ လက်ဆောင် အထုပ်တစ်ထုပ်နဲ့ ပေါက်လာလေရဲ့။ အစ်ကိုကြီး မရှိဘူး၊ အပြင်သွားတယ်လို့ ဆီးပြောပစ် လိုက်ရတယ်'

'မင်းကတော့ လုပ်ရှော့မယ်'

မောင်မောင်သည် သူ့အပြုအမူကို သူ့ဘာသာသူ သဘောကျလျက် ရယ်မောလေသည်။

'စောစောစီးစီးဗျာ မနေ့ကလည်း လာပြီးပြီဥစ္စာ၊ မိုးမလင်းခင် ပေါက်လာပြန်တယ်၊ အိမ်ထဲမှာ ထိုင်စောင့်နေပါရစေတဲ့'

'အလဲ့. . . မင်းက ဘာပြန်ပြောလိုက်သတုံး'

'ကျွန်တော် အခု အပြင်သွားမလို့၊ အိမ်တံခါး ပိတ်သွားမယ် ပြောလိုက်တာပေါ့ဗျ၊ ဘယ်ရမလဲ'

www.burmeseclassic.com



'သူ့ခမျာ ဟိုက်သွားရှာမှာပဲကွာ'

'အောင်မယ်. . . ဟိုက်. . . ဟိုက်၊ ခင်ဗျား အပူလား'

'ငါ့အပူ မဟုတ်ဘူးကွ၊ မင်းအစ်ကိုကြီး အပူကွ၊ ဟား. . . ဟား. . . ဟား'

ကိုမြဖေသည် အတောမသတ် ရယ်မောလျက် ရှိသည်။ သူ့ရှေ့တွင် အတောမသတ် ရယ်မောနေခြင်းကြောင့် ယခုတစ်ကြိမ်လောက် ဂျပန်ဆရာမ လေးပေါ်၌ မေတ္တာတရား ခေါင်းပါးခန်းခြောက်ခြင်းမျိုး မကြုံဖူးသေးချေ။ ကိုမြဖေက ရယ်လေလေ. . . ဆရာမကို မြင်ပြင်းကတ်၍ မုန်းလေလေ။ ဒါလောက် ကြွန်ေမင့်၊ ရဲတင်းလာလျှင် ကိုမြဖေ နောက်သလို မတော်တဆ များ အစ်ကိုကြီးနဲ့များ ငြိစွန်း၍သွားမှဖြင့်ဟု မဆီမဆိုင် ပူပန်လိုက်မိသည်။

အိပ်ရာမှ ထလာသော ဦးသက်လွင်သည် ရေချိုးခန်းသို့ ဖြတ်သွားရင်း ကိုမြဖေ ရယ်သံကြား၍ မီးဖိုထဲသို့ ခေါင်းငဲ့ကြည့်လိုက်သည်။ ဦးသက်လွင်ကို မြင်ကြမှ နှစ်ယောက်စလုံး မျက်နှာပိုးသတ်သွားကြသည်။

'အစ်ကိုကြီး၊ စောစောက ဂျပန်ဆရာမ လာတယ်'

'ဟေ. . . ဟုတ်လား'

ဦးသက်လွင်သည် ရှည်လျားသော "ဟေ. . . "အသံကိုပြုကာ မျက်လုံးများ လက်သွား၏။ တစ်မျက်နှာလုံးလည်း လန်းချင်တိုင်း လန်း၍ သွား၏။ ဦးသက်လွင်၏ အမူအရာကို မောင်မောင်က စိုက်ကြည့်လျက် ရှေ့ဆက်၍ မပြောတော့ဘဲ ထားလိုက်ခြင်းကြောင့် 'ဘာတဲ့လဲကွ'ဟု ဆက်မေးရသည်။

'အထုပ်တစ်ထုပ် လက်ဆောင်လာပေးတယ်'

မောင်မောင် မပြောချင် ပြောချင် ပြောဆိုသော အသံပျက်တက်တက် ဖြင့် ပြန်၍ပြောသည်။

'ဟုတ်လား. . . ဘယ်မတုံးကွ၊ အစ်ကိုကြီးကော သူ မမေးဘူးလား ဟင်'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်၏ ပျာပျာသလဲအဖြစ်ကို မောင်မောင်က မနှစ်သက်ချေ။

'သူ့အထုပ် ဟိုအိမ်ရှေ့က စားပွဲပေါ်မှာ၊ အစ်ကိုကြီး အိပ်နေတာ မနှိုးချင်လို့ အစ်ကိုကြီး မရှိဘူး၊ အပြင်သွားတယ်လို့ ကျွန်တော် ပြောလိုက် တယ်'

လန်းဆန်းချင်တိုင်း လန်းဆန်းလျက်ရှိသော ဦးသက်လွင်၏ မျက်နှာမှာ မောင်မောင့်စကားများဖြင့် တစ်မုဟုတ်ချင်း အုံ့သွားသည်။ ဦးသက်လွင်မှာ မိမိကို မနှိုးချင်မှုန်း မဟုတ်ဘဲ၊ ယုမိစံကို မနှစ်သက်မှုန်း သိသည့်အတွက် တစ်မျက်နှာလုံး အုံ့၍သွားလေခြင်း ဖြစ်သည်။

ရေချိုးခန်းမှ ထွက်ခဲ့ပြီးနောက် စားပွဲပေါ်က အထုပ်ကိုယူ၍ ဖြေကြည့်၏။ ဦးသက်လွင် ကျောခိုင်းသွားမှ ကိုမြဖေက မျက်လုံးမျက်ခုံးများကို တွန့်ရှုံ့ပြီး ပါးစပ်ထဲမှ သွားတွေကို အကုန်ပေါ်အောင် ဖြဲ၍ ခေါင်းတစ်ချက် ပုပြလိုက်သည်။ မောင်မောင်က ပြန်၍ နှုတ်ခမ်းစူလိုက်သည်။

ဦးသက်လွင်သည် အထုတ်ကြီးကို ပိုက်လာကာ မီးဖိုစားပွဲပေါ်၌ ချလျက်၊ မျက်နှာထားချိုချိုဖြင့် ဖဲကြိုးများ ဖြေနေသည်။

'ဂျပန်ကလုပ်တဲ့ ချိ(စ်)ကွ၊ ဒါက ဂျပန်ချောကလက်၊ ဟောဒါ မုန့်ဘူးတွေ မှတ်တယ်'

ဦးသက်လွင်သည် ပြောပြောဆိုဆို မုန့်ဘူးတစ်ဘူးကို ဖွင့်လိုက်သည်။ လှပစွာ ပြုလုပ်ထားသော စက္ကူဘူးထဲမှ ဆပ်ပြာတောင့်သဏ္ဍာန် ရှိသော မုန့်တောင့်ကို အထပ်ထပ် ဖြေကြည့်ရသည်။ ငွေစက္ကူဖြင့်ပတ်၍ တစ်ထပ်၊ ငွေစက္ကူပတ်ပေါ်မှ ပိုးဇာစက္ကူဖြင့် ပတ်၍တစ်ထပ်၊ ထိုအထပ်ပေါ်မှ သပ်ရပ်လှပစွာ ပြုလုပ်ထားသော ဝါးပပ်ဖြင့် တစ်ထပ်။

ဦးသက်လွင်သည် မုန့်ကိုဖွဲ့၍ မြည်းကြည့်သည်။ ချိုဆိမ့်သော အရသာပေါ်လာသည်။

'ထုပ်ထားပုံကြည့်ရတာ အထပ်ထပ်ပဲ၊ ကြာရှည်ခံအောင် လုပ်တဲ့ မုန့်နဲ့ တူတယ်ကွ၊ ချိုဆိမ့်ကလေး ဟေ့'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင် ပြောနေသည့်ကြားထဲ ကိုမြဖေ ဝင်၍ ပြင်းထန်စွာ တောက်တစ်ချက် ခေါက်လိုက်သည်။

'တောက်. . . ထုပ်ပိုးထားပုံက လှလိုက်တာ ဆရာရယ်၊ ချစ်စရာ လေးတွေ၊ တကယ့် ချစ်စရာလေး။ မစားရက်စရာပါပဲ၊ ဟဲဟဲ. . . ဟဲဟဲ'

'ဂျပန်တွေဟာ စစ်ပြီးခေတ်မှာ သိပ်တိုးတက်လာတာပဲကွ၊ ကုန် ကြမ်း မထွက်တဲ့ သူတို့တိုင်းပြည်က တီထွင်ကြိုးစား လုပ်ဆောင်ချက်တွေ ဟာ ကမ္ဘာနဲ့ယှဉ်ပြီး ထိပ်တန်းမှာ ရောက်နေပြီ။ သူတို့ရဲ့ လုံ့လဝီရိယ စွမ်းရည်တော့ တကယ့်ကို အားကျစရာ၊ အတုယူစရာပဲကွာ'

ဦးသက်လွင်၏ ချီးကျူးချက်ကို ကိုမြဖေက ရယ်ကျဲကျဲဖြင့် ခေါင်း တညိတ်ညိတ် လုပ်၍ ထောက်ခံသည်။

အနား၌တစ်ချိန်လုံး ရပ်ကြည့်နေသော မောင်မောင်သည် ကိုမြဖေ၏ မချိုမချဉ် မျက်နှာပေးကိုမြင်၍ စိတ်ထဲ ချဉ်သထက် ချဉ်လာသည်။ ဦးသက် လွင် ချီးကျူးချက်ကိုလည်း နားခါးသည်။ အနား၌ ကြည့်နေရာက မကြည့် ချင်သလို ဖြစ်လာ၍ မယောင်မလည် အပြင်ဘက်သို့ ထွက်သွားသည်။

မောင်မောင် ထွက်သွားသည်ကို မြင်လိုက်သော်လည်း ဦးသက်လွင် သည် မသိကျိုးကျွန်ပြု၍ မုန့်ဘူးများကို တစ်ဘူးပြီးတစ်ဘူး ဖွင့်ကြည့်ရင်းက ယုမိစံ၏ ဝမ်းနည်းဆွေးလျှသွားမည့် မျက်နှာလေးကို တဝဲလည်လည် မြင်ယောင်လျက် ရှိမိသည်။

ယုမိစံသည် ကားကို မရပ်မနား လျှောက်မောင်းပြီး နံနက် ၉ နာရီ ထိုးမှ သူ့အိမ်ရှေ့၌ ကားထိုးရပ်လိုက်သည်။

ဒေါ်အောင်မေသည် မျက်လုံးပြူးလျက် ညနေမှ ပြန်လာခဲ့မည် ဆိုသော ယုမိစံကို လှမ်းကြည့်လိုက်သည်။ ယုမိစံ မျက်နှာပျက်လာခြင်းမှာ မဖုံးနိုင်အောင် ပေါ်နေသည်။ မျက်နှာပျက်ပျက်ဖြင့် အိမ်ထဲသို့ ရောက်လာ သည်။

www.burmeseclassic.com



'မယု ဒီနေ့နံနက် ထမင်းမစားဘူးဆို၊ သံရုံးအိမ်မှာ စားမယ်ဆို၊ ညနေမှ ပြန်မယ်ဆို'

ယုမိစံ၏ နားထဲ၌ ဆို. . . ဆို. . . ဆိုသော အသံတွေသည် နားမှ လျှံထွက်သွားသည်။ ပြန်ကြားပြောဆိုရန် အားမထုတ်နိုင်ဘဲ အားကုန်ခန်း လာခဲ့သောသူပမာ ကုလားထိုင်အရှည်ပေါ်၌ ပစ်ဆန့်လှဲချလိုက်သည်။

ဒေါ်အောင်မေသည် မျက်လုံးကြီး အကြောင်သားဖြင့် ရပ်ကြည့်နေ သည်။ ယုမိစံ၏ အပြုအမူအားလုံးကို နားလည်ခြင်း မရှိတော့ပေ။ အနား၌ ဆက်လက် ရပ်နေရကောင်းနိုးနိုး၊ ထွက်သွားရကောင်းနိုးနိုးဖြင့် မဝေခွဲ တတ်အောင် ဖြစ်နေခိုက်၊ ယုမိစံသည် ဒေါ်အောင်မေကို အားယူ၍ လှမ်း ကြည့်လိုက်သည်။

'မယု ဘာဖြစ်လာသလဲ၊ နေမကောင်းဘူးလား'

ဒေါ်အောင်မေသည် ယုမိစံ အနားသို့ ကပ်သွားသည်။ မျက်ရည်များ ရစ်ဝဲလျက်ရှိသော ယုမိစံကို တွေ့ရ၍ ထိတ်လန့် တုန်လှုပ်သွားမိသည်။

ယုမိစံမှာ သူ့ရင်ထဲ၌ မခံရပ်နိုင်အောင် တင်းကျပ်လျက် ရှိသည်။ လည်ချောင်း၌ တစ်ဆို့နေသော အလုံးကြီးကို ဖြစ်နိုင်လျှင် အန်ထုတ်လိုက် ချင်သည်။ သူ့၌ ရင်နင့်လာသော ပြောစကားတွေ အများကြီး ရှိသည်။ ရင်ပေါ့သွားအောင် ပြောချလိုက်ချင်သည်။ သူ့အကြောင်းကို ပြောပြရန် မည်သူ့ကို ပြောရမည်နည်း။ ဩဘားစံကိုမှ ပြောမပြလျှင် မည်သူ့ကို ပြောပြရမည်နည်း။

'ဩဘားစံ'ဟု ယုမိစံသည် တုန်ယင်သော အသံလေးဖြင့် လှမ်းခေါ် လိုက်ကာ၊ လှဲဆန့်ထားသော ကိုယ်ကို ထူထိုင်လိုက်သည်။

'ဘာလဲ မယု၊ ဩဘားစံကို ပြောပြစမ်းပါ၊ မယု ဘာဖြစ်သလဲ'

ဒေါ်အောင်မေ၏ ကတုန်ကယင် ဖြစ်နေသော ဟန်ပန်မူရာကို တွေ့ရ၍ ဒေါ်အောင်မေ၏ လက်ကိုဆွဲယူကာ ဒေါ်အောင်မေနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဩဘားစံ၊ မယု မြန်မာထဘီ ဝတ်ချင်တယ်၊ ထဘီဝတ်တတ်အောင် သင်ပေးစမ်းပါ'

ဒေါ်အောင်မေသည် အထိတ်တလန့်ရှိရာမှ ပြန်၍ တအံ့တဩကြီး ဖြစ်သွားရသည်။

'ထဘီဝတ်ချင်တယ် ဟုတ်လား၊ ဝတ်ချင်ရင် သင်ပေးမှာပေါ့။ ဘာဖြစ်လို့ မြန်မာလို ဝတ်ချင်လာတာလဲ၊ ဩဘားစံကို ပြောပြစမ်းပါဦး'

ယုမိစံသည် ရစ်ဝဲလာသော မျက်ရည်စကို လက်ဖျားလေးဖြင့် ဖယ်ရှားပစ်လိုက်သည်။ ရင်ထဲတွင် တဒိုင်းဒိုင်း ဆောင့်ခုန်နေခြင်းကြောင့် တော်တော်နှင့် အသံထွက်ပေါ်မလာနိုင်။

'ယုမိစံမှာ မြန်မာမောင်ကလေးရှိတယ် ဩဘားစံ'

ဒေါ်အောင်မေသည် ရုတ်တရက် စကားပြန်မပြောနိုင်အောင် ဖြစ်ပြီး မှ အသံထွက်လာသည်။

'အလိုလေးရှင့် . . . မြန်မာမောင်ကလေး ဟုတ်စ၊ ဘယ်က မြန်မာ မောင်ကလေးတုံး'

ဒေါ်အောင်မေသည် လွန်စွာ လှုပ်ရှားသွားပြီးမှ တစ်ဖန် ပြန်၍ ကြက်သေ သေနေပြန်သည်။

'မောင်လေးက စစ်အတွင်းမှာ ယုမိအဖေ စစ်ဗိုလ်ရဲ့ မြန်မာမိန်းမက မွေးတဲ့ မောင်လေးပါ'

ဒေါ်အောင်မေသည် သူ့ရင်ဘတ်ကို သူ့လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်ပြီးမှ ပြောလိုက်သည်။

'ဘုရားရေ့ . . . အခု သူ ရှိတယ်လား၊ သူ ဘယ်မှာလဲ၊ သူနဲ့ မယုနဲ့ တွေ့ခဲ့သလား'

'သူ့ကို လိုက်ရှာလို့ အခု တွေ့ရပါပြီ၊ တွေ့ပေမယ့် ယုမိကသာ သူ့ကို သိပ်ချစ်ရတယ်၊ သူကတော့ ယုမိကို ဟောဒီလို'

ယုမိစံက ပြောပြီးသူ့လက်ကိုမြှောက်၍ လက်ညှိုးတစ်ချောင်းတည်း ထောင်ကွေးပြထားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်အောင်မေသည် ပြုံးကြောင်စွာကြည့်လျက် ကွေးထားသော လက်ညှိုး၏ အမိပ္ပာယ်ကို မိမိဘာသာ အဖြေရှာ၍ တွေးကြည့်ရသည်။

'သူက ယုမိကို ကောက်နေတယ်လို့ ပြောချင်တာလား. . . သူက ယုမိကို မချစ်ဘူးလို့ ဆိုချင်တာလား'

'ယုမိကို နည်းနည်းမှ သူ မချစ်ဘူး'

ယုမိစံက ခပ်သွက်သွက် ပြန်၍ပြောသည်။

ဒေါ်အောင်မေသည် ပို၍ နားမလည်အောင် ရှုပ်ထွေးသွားကာ၊ အံ့ဩကြီးစွာဖြင့် ပြန်၍မေးပြန်သည်။

'နို့. . . သူက မယုကို မချစ်ရအောင်၊ မယုက သူ့အစ်မမှန်း သူ မသိဘူးလား'

'မသိဘူး. . . '

'အို. . . ဘာကြောင့် မယု ပြောမပြသတုံး'

'ပြောလို့ မဖြစ်သေးလို့ပေါ့'

'ဘာဖြစ်လို့ မဖြစ်ရသေးတာလဲ. . . မယုရယ်'

ဒေါ်အောင်မေ၏ ခေါင်းမှာ တညိတ်ညိတ် ညိတ်လာသည်။ ယခင် က သူ့အား မြန်မာပြည်၌ အဖေတူ မအေကွဲလျှင် ချစ် မချစ်၊ ခင် မခင် မေးခွန်းပေါင်း စုံလင်အောင် မေးခဲ့ဖူးပုံတွေ ယခုမှပဲ အဖြစ်မှန်ပေါ်တော့ ကြောင်းကို ပြန်၍ စဉ်းစားမိလာသည်။

'သူက ဂျပန်ကို မုန်းတဲ့စိတ် ရှိနေတယ် ဩဘားစံ၊ ပြောလိုက်ရင် ယုမိစံနဲ့ ပိုပြီး ဝေးသွားမှာ ကြောက်လွန်းလို့ မပြောဝံ့သေးဘူး'

'ဖြစ်မှ ဖြစ်ရလေရှင်၊ သူက ဘယ်မှာတုံး၊ ဒုက္ခပါပဲ မယုရယ်'

'ဩဘားစံ မသိချင်ပါနဲ့ဦး၊ စောင့်ပါဦး၊ နောက်တော့ သိမယ်။ ဒီအကြောင်းကို ဩဘားစံ ဘယ်သူ့ကိုမှ မပြောပါနဲ့'

'ဘယ်သူ့ကိုမှ မပြောပါဘူး မယုရဲ့၊ ဩဘားစံ ကြားရတာ စိတ် မကောင်းလိုက်တာ။ သူက ဘယ်အရွယ်ရှိပြီလဲ၊ မြန်မာနဲ့ တူရဲ့လား'



BURMESE CLASSIC .com

www.burmeseclassic.com



'အသက် ၂၀ ကျော်ပြီ၊ ကျောင်းသားပဲ၊ တက္ကသိုလ်မှာနေတယ်။ သူ မြန်မာလို ဝတ်ထားရင် မြန်မာနဲ့ တူတယ်၊ ဘောင်းဘီဝတ်ထားရင် ဂျပန်လူမျိုးပဲ'

'သူ့နာမည်က ဘယ်သူတုံး၊ မယုလိုပဲ အသားဖြူသလား'

'သူ့နာမည်က မောင်မောင်တဲ့၊ အသား သိပ်မဖြူဘူး၊ ယုမိ အဖေနဲ့ နဖူးချင်း ပါးစပ်ချင်း သိပ်တူတယ်၊ ချစ်စရာ သိပ်ကောင်းတာပဲ ဩဘားစံရယ်၊ ဘယ်လောက် ချစ်ဖို့ကောင်းသလဲဆိုတာ ယုမိ မပြောပြတတ်ပါဘူး'

'သူ့ကြောင့် ယုမိက ထဘီ ဝတ်ချင်လာတာလား၊ ပြောစမ်းပါဦး'

'သူ့ဆီကို ခဏခဏ သွားရလိမ့်မယ်၊ သွားတဲ့အခါမှာ ဂါဝန်နဲ့ မသွားချင်တော့ဘူး၊ မြန်မာအဝတ်အစား ဝတ်ပြီး သွားချင်တယ်၊ သူ့ကို မြန်မာမပဲ ပြချင်တယ်၊ ယုမိ မြန်မာကို ချစ်တဲ့အကြောင်း သူ သိစေချင်တယ် ဩဘားစံရယ်'

'ဩော် လက်စသတ်တော့ ဒီလိုလား၊ ဒီလိုဆိုရင် ဩဘားစံ သင်ပေးပါ့မယ်ရှင်၊ နေဦး . . . ခဏနေဦး'

ဒေါ်အောင်မေသည် သူ့အခန်းသို့ ဝင်သွားကာ ပါတိတ်လုံချည် အသစ်တစ်ထည် ထုတ်ယူလာသည်။ လုံချည်ခေါက်ကို ဖြေဖြန့်လျက် တစ်ချက် ခါလိုက်ပြီးနောက် 'ကဲ . . . ဝတ်ကြည့်' ဟု ဆိုသည်။

ယုမိစံက ထ၍ ဒေါ်အောင်မေ ကွင်းလုပ်ပေးထားသော လုံချည်ထဲသို့ သူ့ခြေထောက်ကို လျှိုသွင်းလျက် ဆွဲယူပင့်ပြီး ခါး၌ ပတ်ချိတ်လိုက်သည်။ ချိတ်ပြီး အလှုပ်လိုက်တွင် သူ့ကိုယ်မှ ထဘီမှ အောက်သို့ ကွင်းလုံးကျွတ် ပုံကျသွားသည်။

'ဒီလို မယုရဲ့၊ ဒီမှာ ကြည့် ဟောသလို ဖြန့်ပြီးတော့ ဒီနေရာလောက်က ချိုး၊ အောက်စ မထွက်အောင် ညီအောင် ဆွဲချိုး၊ တင်းတင်း ဆွဲပြီးမှ ဒီနားမှာ ထိုးထည့်လိုက်၊ ဟော ကြည့် . . . မကျွတ်တော့ဘူး'

www.burmeseclassic.com



ဒေါ်အောင်မေသည် ထဘီအောက်စ တညီတည်းဖြစ်အောင် ဝတ်ပုံ ဝတ်နည်းနှင့်တကွ သူ့ကိုယ်၌ ဝတ်၍ပြသည်။

ဒေါ်အောင်မေ ပြသသည့်အတိုင်း ယုမိစံ လိုက်ဝတ်သော်လည်း ဒေါ်အောင်မေနှင့် မတူ။ ရွဲ့သွားလိုက်၊ အစ ထွက်လာလိုက်၊ ပြုတ်ကျလိုက် ဖြင့် မဝတ်တတ်အောင် ဖြစ်နေသည်။

ဒေါ်အောင်မေက သူကိုယ်တိုင် ကူညီ၍ ဝတ်ပေးလိုက်သည်။

'ထဘီလေး ဝတ်လိုက်တော့ မယုဟာ မြန်မာမလေးနဲ့ သိပ်တူတာ ပဲရှင်၊ လမ်းလျှောက်ကြည့်ပါဦး'

ယုမိစံသည် ကိုယ်၌ တုပ်နေသော ထဘီကြောင့် အသက်မရှူတတ်၍ အသက်အောင့်ပြီး လမ်းလျှောက်ရသည်။ လေးငါးလှမ်းမျှ လှမ်းလျှောက် ရသေး၊ ထဘီက ကိုယ်မှ လျှော၍ ကွင်းလုံးကျွတ် ပုံကျသွားပြန်သည်။

ဒေါ်အောင်မေမှာ ခွေးကျလျက် ငိုအားထက် ရယ်အားသန်နေသည်။ ယုမိစံမှာ ခဏခဏ ထဘီကျွတ်ကျ၍လည်း စိတ်ဓာတ်မပျက်၊ ပုံကျသွား လျှင် ကောက်ယူ၍ ဝတ်သည်။ အခေါက်ခေါက် လျှောက်၊ ခါခါ ကျွတ်၊ ပြန်ဝတ်၊ ပြန်လျှောက်။

ထဘီနား၌ တစ်ထွာလောက် လျှာထွက်နေကာ တရွတ်တိုက် ဆွဲလျက် ဧည့်ခန်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေသော ယုမိစံကို ကြည့်လျက် ဒေါ်အောင်မေသည် အူတက်မတက် ရယ်လိုက်ချင်သည်။ မရယ် မိအောင် ကျိတ်အောင့်ထားရသည်။ ယုမိစံ၌ မလျှော့သော စိတ်မျိုးရှိမှန်း သိ၏။ မဖြစ်မနေ မရမနေ ကြိုးပမ်းရမည်ဆိုလျှင် သူမတူအောင် ကြိုးပမ်း နိုင်ကြောင်း သိထားသည်။

'ဩဘားစံ၊ ခါးပတ်ပတ်ပြီး ဝတ်ရင်ကော မဖြစ်ဘူးလား'

'ဖြစ်တာပေါ့ မယုရဲ့၊ ခါးမှာ မမြဲသေးခင်တော့ ခါးပတ်ပတ်ပေါ့။ နောက်တော့ မြဲသွားရင် ပတ်စရာ မလိုပါဘူး၊ မယုမှာ ခါးပတ်ရှိသလား'

ယုမိစံသည် ပုံကျသွားသော ထဘီကို ကောက်ယူ၍ ရင်၌ပွေ့ကာ

www.burmeseclassic.com



အခန်းထဲသို့ ဝင်သွားသည်။ အခန်းထဲမှ ယုမိစ် တော်တော်နှင့် ထွက်မလာ၍ ဒေါ်အောင်မေက အခန်းထဲသို့ လိုက်ဝင်သွားသည်။

ယုမိစ်သည် ကိုယ်လုံးပေါ်မှန်ရှေ့၌ ထဘီဝတ် ကျင့်နေသည်။ မဖြစ်မချင်း အကြိမ်ကြိမ် အခါခါ ပြန်ဝတ်သည်။ အောက်စညီ၍ ခါး၌ တင်းပြီဆိုတော့မှ ခါးပတ်ပတ်လျက် မှန်ရှေ့၌ လျှောက်ကြည့်နေသည်။

မှန်ထဲ၌ ဂျပန်ပြည်က ရောက်လာသော ယုမိစ်ကို သူ မတွေ့ရ တော့ပေ။ သူ တွေ့ရသော သူ့ရုပ်ပုံမှာ မြန်မာပြည်က မောင်မောင်၏ အစ်မ မယု၏ ရုပ်ပုံကို ပြောင်းတွေ့လိုက်ရသည်။ ထဘီဝတ်ထားသော သူ့ရုပ်မှာ အကြည့်ရမဆိုးဘဲ တစ်မျိုးပင် ကြည့်၍ ကောင်းနေသဖြင့် သဘောကျသွားသည်။

'အင်္ကျီလိုသေးတယ် ဩဘားစံ၊ ဒီနေ့ ဈေးမှာ ပိတ်စဝယ်ပြီး တစ်ပတ်အတွင်း ပြီးအောင် ချုပ်ချင်တယ်၊ ရနိုင်မလား'

'ရပါတယ် မယုရဲ့၊ နေ့ချင်းကျတော့ သွားဝယ်ကြတာပေါ့။ မောင်ခိုင် လမ်းမှာ စက်ချုပ်ဆိုင်ရှိတယ်၊ ပုံသိပ်ကောင်းတယ်။ အမြန်အော်ဒါပေးရင် ချက်ချင်းရတယ်၊ စိတ်ချပါ'

'မယု မြန်မာနဲ့ တူရဲ့လား၊ မြန်မာအင်္ကျီ ထဘီ ဝတ်ရင် မယုနဲ့ လိုက်ကဲ့လား၊ အမှန်ပြောပါ'

'ကြည့်လို့ကောင်းပါဘိလားရှင်၊ လိုက်တာမှ တကယ့် မြန်မာမ ကလေးပဲ။ အရှေ့တိုင်းသူတွေဟာ ဘယ်သူပဲဖြစ်ဖြစ် မျက်လုံးက မပြာတော့ ဆံပင်က နက်တော့ မြန်မာလို ဝတ်လိုက်ရင် မြန်မာရုပ် ထွက်လာတာပဲ။ မျက်နှာဖြူမတွေ မြန်မာလိုဝတ်လိုက်ရင် သူတို့အသား၊ သူတို့ဆံပင်၊ သူတို့ မျက်နှာပေါက်ကျနဲ့ မြန်မာအဝတ်အစားနဲ့ နည်းနည်းမှ မလိုက်တာ'

ဒေါ်အောင်မေ အားပေးချက်ကြောင့် ယုမိစ်မှာ အားတက်ကာ ဝတ်ရဲ သွားသည်။ မြန်မာ အဝတ်အစားနှင့် ကြိမ်ဖန်များစွာ မောင်မောင် သူ့ကို မြင်ရမည်ဆိုလျှင်၊ မောင်မောင် စိတ်ပြောင်းသွားလိမ့်မည်ဟု မျှော်လင့်လိုက်



BURMESE CLASSIC .com

www.burmeseclassic.com



မိသည်။ မြန်မာလို ဝတ်ရုံဖြင့် မပြီးသေး။ မြန်မာဓလေ့၊ မြန်မာထုံးစံ၊ ဟန်ပန် အမူအကျင့်တွေပါ မြန်မာဆန်အောင် လေ့ကျင့်ရန် အားခဲလိုက်သည်။

'မယု တစ်ပတ်လုံးလုံး လုံချည်ဝတ် ကျင့်မယ်၊ ခါးပတ်ပတ်ရမှာ မကြိုက်ပါဘူး။ ခါးပတ် မပတ်ဘဲ လုံချည်ဝတ်နိုင်မှ မြန်မာနဲ့ တူမှာပေါ့။ နောက် စနေနေ့ မောင်မောင့်ဆီကို မယု မြန်မာလို ဝတ်သွားမယ်။'

ဒေါ်အောင်မေသည် ယုမိစံကို ကြင်နာမှုကြီးစွာဖြင့် ကြည့်နေသည်။ ယုမိစံ၏ မျှော်လင့်တကြီးဖြင့် အားတင်းထားသည့် ဖြူနုနု မျက်နှာကလေး သည် သွေးရောင်များ လျှမ်းလျက် ရွှင်မြူးကြည်ဝင်း၍ နေလေသည်။

၈

နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းကြီး၌ နိုင်ငံအသီးသီး ခွဲ၍ထားသော စာသင်ခန်းများအပြင်၊ ကျောင်းအဆောက်အအုံ၏ နောက်ဘက်၌ မြက်ခင်း ကွက်လပ်ခြားလျက် ပထမနှစ်၊ ဒုတိယနှစ် အတန်းခွဲ သင်သေးသော တစ်ထပ်တိုက်ပု စာသင်ခန်း အဆောက်အအုံများလည်း အစီအရီ ရှိကြသည်။

ယုမိစံသည် ကျောင်းလွှတ်၍ ဂျပန်စာပြသော ဂျပန်ပထမနှစ် စာသင်ခန်း တိုက်ကလေးမှ ထွက်လာခဲ့သည်။ ခေတ္တအားလပ်ချိန် နားခိုက် နိုင်ငံအသီးသီး ဘာသာရပ်များကို သင်ကြားပို့ချပေးသော နိုင်ငံခြား ပါမောက္ခ များ၊ ကထိက ဆရာ ဆရာမများကို အနားယူ၍ လက်ဖက်ရည်သောက်ကြ သော ခန်းမကြီးထဲသို့ ဝင်လာသည်။

စားပွဲထိပ်၌ လက်ဖက်ရည် ထိုင်သောက်နေသော ဆရာမ မခင်ဝင်းမူ က ယုမိစံနားသို့ ထလာသည်။ သူ့လက်မှ စက္ကူအိတ်ကို ကမ်းပေးလိုက် သည်။

'နောက်ထပ် ငွေလိုသေးသလား. . . မခင်ဝင်းမူ'



BURMESE CLASSIC .com

www.burmeseclassic.com



အများရှေ့၌ဖြစ်၍ ယုမိစံက ဂျပန်စကားနှင့် မေးသည်။ မေးရင်း စာအိတ်ကလေးကို ဟကြည့်လိုက်သည်။

စာအိတ်ထဲ၌ စကားဝါရောင် အသွေးရင့်ရင့် မန္တလေးချိတ်ကို တွေ့ရ၍ 'လှလိုက်တာ. . .'ဟု ဆိုလိုက်သည်။ 'ငွေ မလိုဘူး ဆရာမ၊ ၇၅ ကျပ်ပဲ ပေးရပါတယ်။ ဘာလုပ်ဖို့လဲ ဆရာမ၊ ဂျပန်ကို လက်ဆောင် ပို့မလို့လား'

ယုမိစံက ပြုံး၍ 'ဝတ်ဖို့ပါ. . .'ဟု ပြောသည်။

မခင်ဝင်းမူသည် မျက်လုံးများ တောက်ပသွားလျက် ဝမ်းမြောက်ဟန်ဖြင့် လှိုက်လှိုက်လှဲလှဲ ပြန်ပြောလိုက်သည်။

'ဆရာမ မြန်မာလို ဝတ်မလို့လား၊ ဆရာမ ဝတ်ရင် သိပ်ကြည့်ကောင်းမှာပဲ၊ ကြည့်ချင်လိုက်တာ ဆရာမရယ်၊ ကျောင်းကိုလည်း တစ်ခါတလေ ဝတ်လာပါ'

ယုမိစံက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

မြန်မာအဝတ်အစား ဝတ်လျှင် မြန်မာလူမျိုး နှစ်သက်တတ်ကြောင်း ယုမိစံ သိရှိသွားသည်။ တစ်ဦးနှင့်တစ်ဦး ပို၍ ရင်းနှီးစေမည်၊ သွေးနီးစေမည်။ ဆက်ဆံမှုလည်း လွယ်ကူနိုင်စေမည်ဟု ယုံကြည်မိလေသည်။

ယုမိစံမှာ လာမည့် စနေနေ့ကို စောင့်ကြိုလျက် နေရ၏။ မောင်မောင်တို့ အိမ်မှပြန်လာပြီး တစ်ပတ်လုံးလုံး မသွားဘဲ နေလိုက်သေးသည်။ ဤတွင်း ဦးသက်လွင် ကျောင်းသို့ တယ်လီဖုန်း ဆက်ဖြစ်သည်။ မောင်မောင့်သတင်းကို မေးမြန်းကြည့်သည်။ တနင်္ဂနွေနေ့က ဦးသက်လွင် အိမ်၌ ရှိကြောင်း ဦးသက်လွင်ထံမှ သိရှိရသည်။ ယုမိစံသည် သူ့အား လိမ်၍ လွှတ်လိုက်သော မောင်မောင့်ကို လူဆိုးကလေးပဲဟု စိတ်ထဲ တနုံ့နုံ့ ဖြစ်နေသည်။

မောင်မောင်၏ ရိုင်းပျမှုကို ခွင့်လွှတ်ရန် ဦးသက်လွင်က တယ်လီဖုန်းမှ တောင်းပန်သည်။ မောင်မောင်၏ အပြုအမူများသည် ရိုင်းပျလွန်း၍ ခွင့်လွှတ်နိုင်စရာ မရှိသော်လည်း သွေးသားစိတ်က ခွင့်လွှတ်နိုင်ခြင်း ရှိသည်



BURMESE CLASSIC .com

www.burmeseclassic.com



ကို ယုမိစံ တွေ့ရှိရသည်။ ယုမိစံသည် ဤကိစ္စကို ဘယ်လိုမှ စိတ်ထဲ၌ အမှတ်မထားဘဲ မောင်မောင် တစ်နေ့ သူ့မေတ္တာကို သိလာရမည်ဟု စိတ်ထက်သန် ယုံကြည်ထားသည်။

ဆရာမ မခင်ဝင်းမူ ပေးသွားသေ မန္တလေး ချိတ်လုံချည်ထုပ်ကို သူ့ခြင်းတောင်းကလေးထဲ ထည့်လိုက်သည်။ လုံချည်ကိုဖြန့်လျက် သူ့ကိုယ်၌ ကပ်ကြည့်ချင်လှသော်လည်း အိမ်သို့ မပြန်နိုင်သေးပေ။ စာသင်ရန် တစ်ချိန်ကျန်ရှိသေး၍ ကျောင်းအပေါ်ထပ်သို့ တက်လာခဲ့သည်။

ဂျပန်သင်တန်း တက်နေသော ပထမနှစ် ကျောင်းသူကျောင်းသားများကို ဘာသာစကား လေ့ကျင့်ရေး အခန်းကြီး၌ သင်ကြားရန် အချိန်ပိုင်းကျန်သေးသည်။

ဘာသာစကား လေ့ကျင့်ရေး ခန်းမဆောင်မှာ ကျောင်းသားသုံးလေးဆယ်ခန့် ဆံ့သော ရက်ကော်ဒါ စက်ခန်းကြီးဖြစ်သည်၊ ဤ (ရက်ကော်ဒါ) စက်ကြီးတွင် ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ရုရှ တရုတ်၊ အင်္ဂလိပ်တို့၏ ဘာသာစကားများနှင့် စာပေကို အသံထွက် မှန်ကန်အောင် လေ့ကျင့် သင်ကြားပေးသော စက်ခန်းဖြစ်သည်။

လွတ်လပ်သော နိုင်ငံတိုင်း၌ ရှိကြသော နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းကြီးများတွင် လေ့ကျင့်သည့် စက်ခန်းကြီးများ ထားရှိကြသည့် အတိုင်း၊ သူလည်း တစ်ကျောင်း အပါအဝင်ဟု စက်ခန်းဆောင်ကြီးမှာ နိုင်ငံခြားဘာသာပင် သိပ္ပံကျောင်းကြီး၌ ဂုဏ်ဝင့်လျက် ရှိလေသည်။

ကျောင်းသူကျောင်းသားတို့သည် အလျှိုလျှို အခန်းကြီးထဲသို့ ဝင်လာကြကာ တစ်၊ နှစ်၊ သုံး၊ နံပါတ်စဉ်ထိုး၍ တစ်ကန့်စီခြားထားသော ကိုယ့်နံပါတ်ခုံ၌ ဝင်ထိုင်ကြသည်။

ကျောင်းသားများ ထိုင်ခုံရှေ့၌ တစ်ကန့်စီ ခြားထားသော ခုံတန်းရှည်ကြီးများတွင် ကျောင်းသားတစ်ယောက်လျှင် ရက်ကော်ဒါ စက်တစ်လုံးကျစီ အစီအရီ ထောင်ထားသည်။ ရှေ့ကကြည့်လျှင် ရက်ကော်ဒါစက်များကို

www.burmeseclassic.com



မှန်ကာထားသည်။ ဘေးနှစ်ဖက်တွင်လည်း ပျဉ်ပြားအချပ်လိုက် ထောင်၍ ဘေးပိတ် ကာရံကာ သူ့နံပါတ်၊ သူ့စက်ခန်းဖြင့် တစ်ဦးစီ ကန့်သတ် သီးခြားထားသည်။

ကျောင်းသားများရှေ့ရှိ ခုံမြင့်ပေါ်၌ အသံထိန်း အသံဖမ်း စက်ကိရိယာ၊ အသံဖမ်း ဓာတ်ခွက်ခလုတ်များ တပ်ဆင်ထားသော စားပွဲခုံကြီးတွင် ဆရာက ထိုင်၍ အသံလွှင့်ကာ၊ ကျောင်းသားများက ထိုအသံကို ဖမ်းယူ နားထောင်ခြင်းဖြင့် သင်ကြား လေ့ကျင့်ပေးခြင်း ဖြစ်သည်။

ယုမိစံ အခန်းထဲ ဝင်လာ၍ ကျောင်းသူကျောင်းသားများ ထ၍ ရပ်ကြကာ ဂျပန်ဘာသာဖြင့်နှုတ်ဆက်လိုက်ကြသည်။ စင်မြင့်ပေါ်မှ ယုမိစံက ချိုအေးသော အသံလေးဖြင့် ကျောင်းသားများကို ပြန်၍ နှုတ်ဆက်သည်။

ယုမိစံ စားပွဲ၌ ထိုင်လိုက်သည်တွင် တစ်ခန်းရှိ ကျောင်းသူ ကျောင်းသားများသည် နားကြပ်များကို ဆွဲယူ၍ နားနှစ်ဖက်၌ တပ်ဆင်ထား လိုက်ကြသည်။ ယုမိစံ သင်ကြားသော အသံကို ကျောင်းသားများက တိတ်ခွေ ဖြင့် ဖမ်းယူလျက် နားကြပ်ဖြင့် နားကပ်၍ နားထောင်ကြရမည် ဖြစ်သည်။

ယုမိစံ မေးသမျှ မေးခွန်းတိုင်းကို ပြန်၍ဖြေကြားကြမည့် ကျောင်း သားများ၏ အသံကိုလည်း၊ ယုမိစံက နားကြပ်တပ်ဆင် နားထောင်ထားကာ အမှားအမှန် စစ်ဆေး သင်ကြားပေးသည်။ တစ်ဦးစီ၏ အသံကို ကြားနာ စစ်ဆေး၍ လိုအပ်သည့်အခါ၌ ကျောင်းသား ထိုင်ခုံ၌ရှိသော ခုံနံပါတ်ကို ကြည့်၍၊ သူ့ခုံ၌ရှိသော ထိုင်ခုံ နံပါတ်ကို ဖွင့်လျက် သံနေသံထား ပီသမှု ရှိ မရှိ မှန် မမှန် နားထောင် စစ်ဆေးကြည့်သည်။

'အနတဝ နီဟွန်းနီအီတခိုတိုးc အာရိမတ်စက'

'ဂျပန် သွားဖူးကြသလား'

'အီရယ် ဝါတာကူရှိဝ နီဟွန်းနိအီတကို တိုးc အာရိမဆင့်'

ကျောင်းသူကျောင်းသားများသည် သူတို့နေရာက နေ၍ ဂျပန် ဘာသာဖြင့် ဂျပန် မသွားဖူးကြောင်း ဖြေကြားလျက် ရှိကြသည်။

www.burmeseclassic.com



'အနတ၀ နိဟွန်းနော့ကိတယ့် အောမော့တယ့် အိမတ်စက'
'ဂျပန် တံဆိပ်ခေါင်း ရှိသလား'
'အနတ၀ နမ်းမိုင်ကိတယ့် အော့မော့တယ့် အိမတ်စက'
'တံဆိပ်ခေါင်း ဘယ်နှစ်ခု ရှိသလဲ'
'အနတတ၀ နိဟွန်းနော့အဲ့ ငအော့မိတခေါ တောငအေရိမတ်စက'
'ဂျပန် ဘိုင်စကုတ် ကြည့်ဖူးသလား'
'အနတ၀ နိဟွန်းနော့ရီ ယောရီတပေတခိုတိုး ငအေရိ မတ်စက'
'ဂျပန်ဟင်း စားဖူးသလား'

သူ့မေးခွန်းကို ဂျပန်ဘာသာဖြင့် ကျောင်းသားများက ပြန်၍ ဖြေကြားပုံကို၊ အသံထွက် မှန် မမှန် သူ စစ်ဆေးလိုသော ကျောင်းသား ထိုင်ခုံနံပါတ် ခလုတ် တစ်ခုပြီးတစ်ခု ဖွင့်၍ နားထောင်ကြည့်ရင်းဖြင့်၊ သူ့မှာ နားကလည်း အာရုံစိုက်ထားရ၊ လက်ကလည်း မအားရ၊ နှုတ်ကလည်း မရပ်မနား မေးခွန်းထုတ်၍ သင်ကြားလျက် ရှိသည်။

ဘာသာစကား လေ့ကျင့်ရေး အခန်းကြီး၌ လေအေးစက်များ တပ်ဆင်ထား၍ တစ်ခန်းလုံး အေးမြလျက်ရှိသည်။ ကျောင်းသားများ နေရာမှ ဟိုမှဒီမှ ခလုတ် ပိတ်သံဖွင့်သံတို့၏ အကြား 'အနတ၀. . . နိဟွန်းနော့. . .' စသော ယုမိစံ၏ နှုတ်မှ အဆက်မပြတ် တရစပ် ထွက်ပေါ်နေသည့် သာယာလှသော အသံကလေးသည် အေးမြသော စမ်းရေများ စီးကျနေ သည့် စမ်းရေကျသံကဲ့သို့ တလွင်လွင် ပျံ့နှံ့လျက် ရှိသည်။

ကျောင်းသားများကို အမေးအဖြေ စကားပြော လေ့ကျင့်ခိုင်း ပြီးနောက် ဂျပန် ရှေးဟောင်းရိုးရာ ပုံပြင်လေးတစ်ပုဒ်ကို သင်ကြား ဖတ်ပြ သည်။

ထိုရိုးရာ ပုံပြင်ကလေးမှာ နွားကျောင်းသားလုလင်ငယ်နှင့် ရက်ကန်း ရက်သော လုံမပျိုနှစ်ဦးတို့၏ မေတ္တာဘွဲ့ ပုံပြင်ကလေး ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ချစ်နေကြ၍ နေ့ရှိသရွေ့ ချစ်မိုးစွေနေကာ သူတို့

www.burmeseclassic.com



အလုပ်မှ သူတို့မလုပ်နိုင်အောင် ပျက်ကွက်ခြင်း ရှိကြသဖြင့် ဘုရားက စိတ်ဆိုးလျက် အလုပ် မလုပ်သော၊ အလုပ်ပျက်ကွက်သော ချစ်သူနှစ်ဦးကို ခွဲပစ်လိုက်လေသည်။ တစ်နှစ်တစ်ခါမှသာလျှင် ချစ်သူနှစ်ဦးတို့ တွေ့ဆုံခွင့် ရကြပုံ၊ ထိုချစ်သူနှစ်ဦးကို အကြောင်းပြုလျက် တစ်နှစ်တစ်ခါ နဂါးငွေ့ လမ်း၌ ကြယ်ကလေးနှစ်ပွင့် လာ၍ ဆုံမိတိုင်း ဂျပန်ပြည်၌ "တနပတ မဆုရိ" ပွဲတော် ကျင်းပကြောင်း ဂျပန်ပုံပြင်ကလေး ဖြစ်သည်။

ယုမိစံသည် ထိုပုံပြင်ကို သင်နေရင်း သူ့အဖြစ်နှင့်ယှဉ်၍ စဉ်းစား မိသည်။ သူတို့ မောင်နှမနှစ်ယောက်ကို ကောင်းကင်ဘုံမှ ဘယ်တန်ခိုးတော် ရှိသော ဘယ်နတ်ဆိုးက တစ်ပြည်နှင့်တစ်ပြည် ခွဲ၍ လူဖြစ်စေခိုင်းရပါ သနည်း။ တစ်ဦးနှင့်တစ်ဦး ပြန်၍ တွေ့ဆုံခွင့် ပေးပါလျက် အဘယ်အပြစ် ဒဏ်ခတ်၍ မောင်နှမမှန်းမှ အသိမပေးနိုင်ရသေးသည့် အဖြစ်နှင့် ကြုံဆုံ ရစေသနည်း။ ဘယ်နေ့ ဘယ်ရက်ကျပါမှ မောင်နှမမှန်း သိခွင့်ပြုပါ မည်နည်း။

ဂျပန်ပြည်၌ "တနပတမဆုရိ" ပွဲတော် လုပ်ကြလျှင်၊ ဝါးကိုင်း တွင် စာတမ်းများ ချိတ်ဆွဲကာ ဆုတောင်း အထိမ်းအမှတ်ပွဲ ပြုလုပ်ကြ လေသည်။

သူတို့ချင်း မောင်နှမမှန်း သိခွင့်ပေးသောနေ့၌ အထိမ်းအမှတ် တစ်ရပ် စာတမ်းကလေး ချိတ်ဆွဲ၍ ကမ္ဘာက သိရှိစေရန် ပုံပြင်ကလေး တစ်ပုဒ်အဖြစ် တည်ရစ်စေချင်မိသည်။

'တနပတမဆုရိ'ပွဲတော် ဂျပန်ရိုးရာ ပုံပြင်အစား၊ သူတို့မောင်နှမ နှစ်ယောက်အကြောင်း ပုံပြင်ဖွဲ့ကာ ကျောင်းသားများကို အစားထိုး၍ သင်ကြားပေးချင်မိသည်။ မြန်မာ ကျောင်းသူကျောင်းသားများအဖို့ သူတို့ မောင်နှမ နှစ်ဦး၏ ပုံပြင်သည် ထို "တနပတမဆုရိ"ပုံပြင်ထက် ပို၍ စိတ်ဝင်စားမှု ရှိကြလိမ့်မည်ဟု ထင်မိသည်။

ပုံပြင်သင်ကြားပြီးနောက် ကျောင်းသားများကို စာလုံးပေါင်း စစ်ဆေး



BURMESE CLASSIC .com

www.burmeseclassic.com



ရန် ထိုပုံပြင်ကို ရေးဖြေ ပြုလုပ်ခိုင်းသည်။ ကျောင်းသားများသည် တိတ်ခွေမှ လာသော ယုမိစံ၏ အသံကို နားကြပ်ဖြင့် နားထောင်လျက်၊ စာရွက်ပေါ်၌ စာလုံးပေါင်း မှန်အောင် ရေးဖြေနေကြသည်။

ယုမိစံသည် ကျောင်းမတက်၍ လပ်နေသော နေရာတစ်ခု၌၊ မောင်မောင်ထိုင်လျက် ရေးဖြေနေဟန်ကို မှန်ပေါက်မှ ထွင်း၍ မြင်ယောင် ကြည့်မိသည်။ မြန်မာပြည်၌ မောင်နှမအတူ ရှိနေခိုက် မောင်မောင့်ကို ဂျပန်စာ သင်ပြခွင့်ရလျှင် သူ့၌ မည်မျှ ကြည်နူးချမ်းမြေ့ ရမည်နည်းဟု တွေးလိုက်မိသည်။

သူ့ရှေ့၌ရှိသော ကျောင်းသားများနည်းတူ မောင်လေးကိုလည်း ဂျပန်စာ တတ်စေချင်လှသည်။ ဂျပန်စကား ပြောတတ်စေချင်လှသည်။ သူကိုယ်တိုင် သင်ပြပေးလိုပါလျက် ဤအခွင့်အရေးကို၊ သူရော မောင်မောင်ပါ နှစ်ဦးစလုံး လက်လွှတ် ဆုံးရှုံးကြရသည်ဟု တွေးကာ တရိပ်ရိပ် ဝမ်းနည်း လာမိသည်။

ယုမိစံသည် ဝမ်းနည်းစိတ်ဖြင့် နေရာမှ ထလာသည်။ ရေးဖြေ နေသည့် ကျောင်းသူကျောင်းသားများအား လှည့်လည်ကြည့်ရှုသည်။ နောက် ဆုံးခုံ လက်ယာစွန်း၌ ထိုင်နေသော ကျောင်းသားနောက်မှ တအောင့်လောက် ရပ်ကြည့်နေလေသည်။ သူ့နောက်မှ ဆရာမ လာရပ်ကြည့်နေ၍ ထိုကျောင်း သားမှာ ခပ်ရွံ့ရွံ့ဖြင့် ရေးဖြေနေရသည်။ ယုမိစံမှာ ထိုကျောင်းသား ရေးဖြေ နေခြင်းကို ရပ်၍ ကြည့်နေခြင်း မဟုတ်ပေ။ နောက်ကကြည့်လျှင် ထိုကျောင်း သားမှာ မောင်မောင်နှင့် ဆင်သည်ဟု ထင်မိယောင်မှားဖြင့် ရပ်ကြည့်နေခြင်း ဖြစ်လေသည်။

နေ့လယ်ကျောင်းဆင်း နံနက်စာစားရန် ဒေါ်အောင်မေ ထမင်းစားပွဲ ပြင်နေခိုက် ယုမိစံ ကျောင်းမှ ပြန်ရောက်လာသည်။

'သြဘားစံ ကြည့်ပါဦး၊ မန္တလေးချိတ်ဆင် လှရဲ့လား'

ယုမိစံသည် ခြင်းထဲမှ အထုပ်ကို ဆွဲထုတ်၍ သူ့ကိုယ်၌ ဖြန့်ကာ ပြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'သိပ်လှတာပဲ၊ မနေ့က စက်က ယူလာတဲ့ စံကားဝါနုရောင် ဖော့အင်္ကျီလေးနဲ့များ ဝတ်လိုက်ရရင် သိပ်လိုက်ပေါ့'

ယုမိစံသည် ကျေနပ်သွားကာ သူ့အခန်းအတွင်းသို့ ဝင်သွားလျက် မှန်ရှေ့၌ ကပ်ကြည့်လိုက်ပြန်သည်။

ယုမိစံသည် ပြီးခဲ့သော တနင်္ဂနွေနေ့မှစ၍ သောကြာနေ့အထိ ခြောက်ရက်လုံးလုံး ကျောင်းသွားချိန်မှတစ်ပါး၊ အိမ်၌ ထဘီဝတ်ကာ ထဘီမြဲအောင် လေ့ကျင့်နေခြင်းဖြင့် ထဘီမြဲအောင် ဝတ်တတ်သွားသည်။

နက်ဖြန် စနေနေ့ မောင်မောင့်ထံသို့ မြန်မာအဝတ်အစားဖြင့် သွားရန်၊ ယုမိစံသည် ပွဲမဝင်ခင် ပြင်ပက ကျင်းပ၍ မပြီးနိုင်အောင် ဖြစ်နေ သည်။ လက်ပြတ် ဘလောက်စ်အင်္ကျီနှင့် ထဘီတစ်ထည် ဝတ်ထွက်လာ လျက်၊ စားပွဲ၌ ထမင်းစားရင် ဒေါ်အောင်မေအား သူ့အစီအစဉ်များကို တန်းစီ၍ ပြောပြလေသည်။

'အင်္ကျီနဲ့ လုံချည် မြန်မာဆန်ဆန်ဝတ်ပြီး၊ နုနု ဆံထုံးမျိုး ဆံမြိတ်ချ ဆံထုံးကလေး မယု ဆံပင်ဆိုင်မှာ သွားထုံးမယ်၊ ဘာပန်းစိုက်ရင် ကောင်းမလဲ ဩဘားစံ'

စိတ်ပါလက်ပါ ဖြစ်နေသော ယုမိစံကဲ့သို့ ဒေါ်အောင်မေမှာလည်း မြန်မာလို ပြင်ဆင်ပေးရန် စိတ်စောနေသည်။

'ပန်းစိုက်တယ် မပြောရဘူး၊ ခေါင်းမှာ ပန်းပန်တယ် ပြောလေ၊ အဝါနု နှင်းဆီပွင့်လေး ဩဘားစံ ဈေးက ဝယ်လာပေးမယ်၊ သိပ်လိုက်ပေါ့'

'မှန်တယ်. . . မှန်တယ်၊ ပန်းပန်တယ်၊ ယုမိ ယောင်သွားတယ်၊ ကင်မရာလည်း ယူသွားမယ်၊ မောင်မောင့်ကို ဓာတ်ပုံရိုက်ပြီး ဂျပန်ကို ပို့မယ်။ မယု အဘိုးအဘွားက မြင်ရင် သိပ်ကို ဝမ်းသာကြမှာဘဲ ဩဘားစံ'

'မယု ဓာတ်ပုံရိုက်တာ သူက ခံပါ့မလား'

ဤသည်မှာ စဉ်းစားစရာ ဖြစ်သည်။ ယုမိစံသည် မျက်နှာကလေး တွေသွားကာ ထမင်းကို ဇွန်းနှင့်မွှေနေလျက် အဖြေရ ခက်နေသည်။ သူ



BURMESE CLASSIC .com

www.burmeseclassic.com



ထင်သလောက် လွယ်ကူမည် မဟုတ်ခြင်းကို ပြန်၍ တွေးမိသည်။ အဖြေ ပေးရန် နှောင့်နှေး လေးကန်နေသော ယုမိစံ၏ အမူအရာကို ကြည့်၍ ဒေါ်အောင်မေက အားပေးစကား ပြောလိုက်သည်။

'ချော့မော့ပြီး ရိုက်ပေါ့ မယုရယ်'

ယုမိစံသည် ထမင်းကို ခပ်၍ ပါးစပ်ထဲသို့သွင်းရင်း၊ အေးစက်သော မျက်လုံးဖြင့် သူ့အား ဖြည်းညင်းစွာ ကြည့်လျက်ရှိသော မောင်မောင်၏ စိမ်းကားသော မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။

## ၉ (က)

ယုမိစံ၏ကား ခြံထဲသို့ ဝင်လာ၍ ကိုမြဖေက တံခါးဖွင့်ပေးလိုက်သည်။ ကိုမြဖေမှာ ယုမိစံကို လူမှားနေသည်။ စံကားဝါရောင် မန္တလေးချိတ်ထဘီ ဝတ်လျက်၊ ဆံမြိတ်ရှည်လေး ပခုံး၌ချကာ၊ ခေါင်းတွင် တစ်ပွင့်တည်းသော နှင်းဆီဝါနှင့် ကင်မရာ လွယ်ထားသော ယုမိစံကို ယုမိစံမှ ဟုတ်ရဲ့လားဟု ပြန်ကြည့်ရကာ အံ့အားသင့်သွားသည်။

'ဆရာ ရောက်ပါပြီလား'

ယုမိစံသည် အိမ်ဝမှ ပြုံးချိုရွှင်ပျစွာဖြင့် လှမ်းမေးလိုက်သည်။

ကိုမြဖေမှာ အံ့အားသင့်သော မျက်နှာဖြင့် ခေါင်းညိတ်ပြီးမှ သတိရ၍ ထပ်ပြုံးပြရသည်။

မြန်မာအမျိုးသမီး ရှုံးအောင် မြန်မာဆန်ဆန် ပြင်ဆင်ဝတ်စားလာ သော ယုမိစံ၏ အလှကို လက်ဖျားခါရလောက်အောင် လှလေခြင်းဟု သူ့စိတ်၌ ထင်မိသည်။

ယုမိစံ ကိုယ်ပေါ်၌ စံကားဝါနုရောင် ဖော့အင်္ကျီလက်ရှည်သည် ကိုယ်တိုင်းနှင့် တစ်တိုင်းတည်း တိချပ်ထား၍ ကိုယ်ပေါ်၌ ပုံကျလှသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပြည့်မို့သော ရင်နှင့် ဖြိုးလုံးသော လက်မောင်းနှစ်ဖက်မှာ ဆင်နှာမောင်း သဏ္ဌာန် သွယ်ဆင်းနေလျက်၊ ရှေ့နောက်ကျောရင် ကိုယ်အထက်ပိုင်းသည် ရှင်း၍ လှနေသည်။ ခါး၌ ဝတ်ထားသည့် မန္တလေးချိတ်ထဘီမှာ တော်ရုံ မြန်မာအမျိုးသမီး သူ့လောက် ချပ်ရပ် ညီညာအောင် ကြိုးပမ်းအားထုတ် ဝတ်လိမ့်မည် မဟုတ်ပါ။ ခါး နှင့်တင်ကို လှပပေါ်လွင်လာအောင် ပုံပန်းတကျ ဝတ်ပုံ ဝတ်နည်းမျိုး၊ မြန်မာအမျိုးသမီးက ပြန်၍ အတုခိုးရလောက်အောင် ဝတ်ထားသည်။

'ဆရာ ရေချိုးနေပါတယ်၊ ခဏ ထိုင်ပါ ဆရာမ'

ကိုမြဖေက ယုမိစံကို ဧည့်ခန်းထဲတွင် ထားခဲ့သည်။ ဦးသက်လွင်သည် အပြင်မှ ယုမိစံ အသံကြား၍ ချိန်းထားသည့်အချိန်ထက် စော၍ လာခြင်းကြောင့်၊ မောင်မောင် မရောက်ခင် ကြို၍လာခြင်း ဖြစ်ကြောင်း သိလိုက်သည်။

ဦးသက်လွင်သည် ရေချိုး၊ အဝတ်အစားလဲပြီးမှ သူ့အိပ်ခန်းထဲမှ ထွက်လာသည်။ ယုမိစံက ထိုင်ရာမှထ၍ ကိုယ်ကလေးကို ကုန်းညွှတ်လျက် လှိုက်လှိုက်လှဲလှဲ ဂါရဝပြုကာ ပြုံးနှုတ်ဆက်လိုက်သည်။

ဦးသက်လွင်သည် ယုမိစံကို ငေး၍ ကြည့်လေသည်။ ယုမိစံမှာ အသားဖြူဖြူ စကားဝါရောင်ကလေးဖြင့် ဖိတ်ဖိတ်တောက်လျက်၊ နတ်မိမယ် အသွင် သူ့မျက်စိ၌ ဟန်မူရာ ကြော့ရှင်းလျက် လှပယဉ်ကျေးနေပေသည်။ မြန်မာအဝတ်အစားနှင့် လိုက်ဖက်လွန်း၍ ဣန္ဒြေပင် မဆည်နိုင်တော့ချေ။

'ဟာ. . . ဆရာမ မြန်မာအဝတ်အစားနဲ့ သိပ်ကျက်သရေ ရှိတာပဲ၊ မြန်မာ အဝတ်အစားနဲ့ လှပုံချောပုံက ဆရာမ လှသမျှ ချောသမျှတွေ ကြွပေါ် လာတဲ့ အချောမျိုး အလှမျိုးချောတာ လှတာ။ အဟုတ်ကိုပဲ ဆရာမ'

ဦးသက်လွင်မှာ သူ့အမြင်ကို အမြင်အတိုင်း ဖော်ထုတ်၍ တအံ့ တသြ ချီးမွမ်းလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဆရာ'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် တစ်ကြိမ်နှင့် အားမရဘဲ နောက်တစ်ကြိမ်ထပ်၍ ပြောပြန်လေသည်။

'ကျွန်တော် မြန်မာအဝတ်အစားနဲ့ နိုင်ငံခြားသူတွေကို အများကြီး မြင်ဖူးပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မျက်စိထဲမှာ လူနဲ့ အဝတ်နဲ့ တခြားစီ ခွဲပြီး မြင်တာပဲ။ နိုင်ငံခြားသူ မြန်မာလို ဝတ်ထားတဲ့ အမြင်မျိုးပဲမြင်မိတယ်။ အခု ဆရာမကို နိုင်ငံခြားသူမှန်း ကျွန်တော်သိလျက်နဲ့ ကျွန်တော့် မျက်စိထဲက ခွဲပြီး မမြင်ဘူး ဆရာမ။ ကျွန်တော်တို့ မြန်မာအမျိုးသမီး အဝတ်အစားဟာ ဘယ်လောက် ကျက်သရေရှိတယ်၊ ယဉ်တယ်ဆိုတာ ဆရာမ ကိုယ်ပေါ်မှာ ပိုပြီး ပေါ်ထွက်လာတယ်၊ ဆရာမနဲ့ ဒီအဝတ်အစားနဲ့ သိပ်လိုက်တာပဲ'

ယုမိစံသည် ဣန္ဒြေလေးထိန်းလျက် ပြုံးမယောင်ပြုံးရုံမျှ ပြုံးနေသည်။ ယုမိစံ၏ ကိုယ်အမူအရာ၊ စိတ်အမူအရာတို့သည် ပထမခေါက်နှင့် မတူဘဲ မြန်မာအဝတ်အစား အထိန်းအကွပ်ဖြင့် သိမ်မွေ့၍ လာသယောင်ယောင်ပင် ထင်မှတ်ရသည်။

'မြန်မာ အဝတ်အစားကို ကိုယ်တိုင် ဝတ်ကြည့်မှ ဒီအဝတ်ကို သိပ်ပြီး ကြိုက်ပါတယ် ဆရာ၊ မှန်ထဲမှာ ကျွန်မကိုယ် ကျွန်မ မြင်ရတဲ့အချိန်မှာ ဂျပန်ဆိုတာ မေ့သွားပါတယ်။ ကျွန်မကိုယ်ပဲ ကျွန်မ မြန်မာမလေးလိုလို၊ ဘာလိုလို ဘယ်လိုဖြစ်တာလဲ မဆွန်နိုင်ဘူး ဆရာ'

ဦးသက်လွင်သည် ယုမိစံ "မဆွန်နိုင်ဘူး"စကားလုံး သုံးနှုန်းပြောပုံ အမူအရာကို သဘောကျ၍၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ရယ်မောလိုက်လေသည်။

'မောင်မောင်က မြန်မာပြည်မှာ မြန်မာပဲ မဟုတ်လား ဆရာ၊ ကျွန်မ က မြန်မာပြည်မှာ ဂျပန်လုပ်နေရင် ကျွန်မတို့နှစ်ယောက် ဘယ်မှာလာပြီး နီးစပ်တော့မလဲ ဆရာ၊ ဒါကြောင့် မြန်မာလို ဝတ်ပါတယ်'

ဤစကားကို သူတို့နှစ်ဦးမှအပ တခြားလူ မကြားစေရန် ခိုး၍ ပြောသော အသံမျိုးဖြင့် တိုးတိုးကလေး ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် ယုမိစံကို စိုက်၍ကြည့်လိုက်သည်။ ကြည့်ရင်း တစိမ့်စိမ့် သနားလာမိသည်။ တရုတ်လူမျိုးများ ဆွေမျိုးရှိရာ ဆွေမျိုးလိုက် တစိမ့်၍ ခင်တတ်ကြသကဲ့သို့ပင်၊ ဂျပန်လူမျိုး၌လည်း ဤသွေးမျိုး ရှိပါ ကလား ဟု တွေးမိလိုက်သည်။

'ကနေ့တော့ မောင်မောင် ပြန်လာရင် သူ့အကဲ ဘယ်လိုလဲဆိုတာ ကျွန်တော်တို့ ထပ်စောင့်ကြည့်ရမှာပဲ၊ ဆရာမအကြောင်းကို စပ်လို့တောင် သူ့ကို မပြောသေးဘူး၊ ဆရာမကို ကျွန်တော့်ဧည့်သည်တစ်ယောက်လိုပဲ ထားလိုက်တယ်။ ဆရာမ လက်ဆောင် လာပို့တုန်းက ရှိုင်းရှိုင်းစိုင်းစိုင်း သူလုပ်လိုက်တာ ဆရာမ ပြန်ပြောမှန်း မသိအောင် ကျွန်တော် မသိချင် ယောင် ဆောင်နေရတယ်။ ခက်တာက သူ့အသည်းမှာ ချိုးစွဲနေတဲ့ သူ့စိတ် ကို ပြေအောင် ဘယ်လိုဖြေရမယ်ဆိုတာ ကျွန်တော်လည်း အချိန်ရှိသရွေ့ စဉ်းစားနေတာပါပဲ ဆရာမ'

ဦးသက်လွင်က မျက်နှာညှိုးစွာဖြင့် ခပ်ဖြည်းဖြည်း ပြောနေသည်။

'ကျွန်မတို့အတွက် စိတ်မကောင်း ဖြစ်သလား ဆရာ၊ မဖြစ်ပါနဲ့။ သူ ဘယ်လိုဆိုးဆိုး ကျွန်မဘက်က စိတ်မလျှော့ပါဘူး၊ ကျွန်မတို့ သွေးပါ တယ် မဟုတ်လား ဆရာ။ ကျွန်မ မျှော်လင့်တဲ့အတိုင်း ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်'

ယုမိစံသည် သူ့ကိုယ်သူ ပြန်၍ အားပေးသော စိတ်ထားဖြင့် အားမလျှော့ကြောင်းကို ဖော်ပြပြောဆိုခြင်း ဖြစ်သည်။

'ဆရာမတို့ အမြန်ပြေလည်ပါစေလို့ ကျွန်တော်လည်း ဆုတောင်း ပါတယ် ဆရာမ။ မောင်မောင်က အမှန်တော့ သိပ်လိမ္မာတဲ့ ကလေးပါ၊ ကျွန်တော့်ကို ကနေ့အထိ စိတ်မချမ်းမသာဖြစ်အောင် ဘာမှ မလုပ်ခဲ့ဘူး ဆရာမ'

'ဟုတ်လား. . . ဆရာ'



BURMESE CLASSIC .com

www.burmeseclassic.com



မွေးစားထားသော ပုဂ္ဂိုလ်က သူ့မောင်ကို လိမ္မာကြောင်းပြော၍ ယုမိစံ ဂုဏ်ယူ ဝမ်းမြောက်မိလိုက်သည်။

'ကျွန်တော့် မျက်နှာမ ကောင်းရင် သူ့မှာ နေစရာမရှိဘူး၊ ပြောစကား လည်း အားလုံး နားထောင်တယ်။ ကျွန်တော်နဲ့ နေစက ကျွန်တော်ကမှ သူ့ကို ကျွန်တော် သနားလို့ ခေါ်ခဲ့တဲ့ ကလေးတစ်ယောက်လိုပဲ သဘော ထားမိသေးတယ်။ သူကတော့ ကျွန်တော့်လိုမဟုတ်ဘူး ဆရာမ၊ ကျွန်တော် ဟာ သူ့အစ်ကိုကြီး သူ့စိတ်ထဲက တစ်ထစ်ချပဲ။ ကျောင်းက ခေါ်လာ ကတည်းက ကျွန်တော့်ကို မျက်စိ အပျောက်မခံတော့ဘူး၊ သွားရာ တကောက်ကောက်နဲ့ ကပ်နေတာပဲ။ မန္တလေး ခေါ်သွားတော့ သူ့ကြောင့် ကျွန်တော် အခန်းငှားနေရတယ်၊ ကျွန်တော် အိမ်မပြန်မချင်း ဘယ်လောက် သူ ထမင်းဆာနေ ဆာနေ မစားဘူး ဆရာမ၊ အဆာခံပြီး စောင့်တာပဲ။ ကျွန်တော် ပြန်လာမှ စားတယ်၊ ကျွန်တော် အိပ်မှ အိပ်တယ်၊ ကျွန်တော် သူ့နားမှာရှိရင် သူ ပျော်နေတာပဲ'

ယုမိစံက မျက်ရည်စက်လက်ဖြင့် ဝင်၍ပြောသည်။

'သူ့ဘဝမှာ အားငယ်နေတယ် မဟုတ်လား ဆရာ၊ အဖေလည်း မရှိဘူး၊ အမေလည်း မရှိဘူး၊ ဆွေမျိုးလည်း မရှိဘူး၊ ဒီတော့ သိပ်အားငယ် နေပြီး ဆရာ့ကို တွယ်ဖက်ထားမှာပေါ့ ဆရာ'

'ဟုတ်ပါတယ် ဆရာမ၊ သူ့မှာ တွယ်ရာကင်းပြီး တွယ်မိတွယ်ရာ ချစ်မိချစ်ရာ ကျွန်တော့်ကို တအားတွယ်၊ တအား ချစ်တော့တာပါပဲ။ ဒါကြောင့် ကျွန်တော့်မှာ သံယောဇဉ်ဖြစ်လာပြီး သနားရာက ချစ်၊ ချစ်ရာက ကြာတော့ ကျွန်တော့်ညီကလေး ဖြစ်လာတော့တာပဲ ဆရာမ'

ယုမိစံ၏ မျက်လုံးထဲတွင် မျက်ရည်အဝဲသားဖြင့် နားထောင်နေ သည်။ ဦးသက်လွင် ပြောပြသည့် စကားများတွင် ဆရာ ဦးသက်လွင်၏ စိတ်သဘောထား မြင့်မြတ်ခြင်းကို ယုမိစံ မြင်ရ၏။ စာနာ ထောက်ထား တတ်သော စိတ်ကိုလည်း တွေ့ရ၏။ ချစ်ခင်ဖွယ်၊ ကြည်ညိုဖွယ်၊ အားကိုး



BURMESE CLASSIC .com

www.burmeseclassic.com



ဖွယ်ရာတို့ဖြင့် ပြည့်စုံသော ဦးသက်လွင်၏ အရည်အချင်း မွန်မြတ်မှု အပေါင်းကို လေးစားမြတ်နိုးလျက် ရှိမိသည်။ မောင်မောင်ကဲ့သို့ သူသည်လည်း ဦးသက်လွင်ကို အစ်ကိုကြီးလို မှတ်ရတော့မလိုလို၊ ချစ်ရတော့မလိုလို၊ တွယ်တာရတော့ မလိုလို. . .။

မောင်မောင်သည် ပြန်နေကျ အချိန်ထက် နောက်ကျ၍နေသည်။ ညနေဘက် အရန်တပ်ရင်း လေ့ကျင့်ရေး တန်းဖြုတ်သည်နှင့် ကျောင်းသားများ လူစုခွဲကာ ဒရောသောပါး ပြန်ကုန်ကြသည်။ ယနေ့ စနေနေ့ဖြစ်၍ အိမ်၌ သူ မလာစေချင်သော ဧည့်သည်များ ရောက်နေဦးမလားဟု တွေးမိ ကာ ပြန်ရန် ဖင့်နွှေးနေသည်။ ခြေးတွေ သံတွေဖြင့် တက္ကသိုလ် အရန် တပ်ရင်းရုံး အဆောက်အအုံဘက်သို့ ပြန်ဝင်လာသည်။ အခန်းထဲမှ ဗိုလ်ကြီး က သူ့ကို မြင်လိုက်သည်။

'ဟော့ မောင်မောင် မပြန်သေးဘူးလား'

'ပြန်မယ် ဗိုလ်ကြီး၊ ကျွန်တော့်လွယ်အိတ် လာယူတာ'

'ကားကလည်းကွာ ခုထက်ထိ မလာသေးပါလား'

ဗိုလ်ကြီးက ပြောပြောဆိုဆို မောင်မောင်နဲ့ယှဉ်လျက် ရုံးခန်းထဲမှ ပြန်ထွက်လာကြသည်။

'မင်း. . . ဗိုလ်လောင်းသင်တန်း တက်ချင်တယ်ဆိုတာ မင်းအိမ်က ခွင့်ပြုပြီလား'

ဗိုလ်ကြီးသည် အားလုံးထဲတွင် မောင်မောင့်ကို အထူးမျက်စိကျနေသည်။ ဖျတ်လတ် သွက်လက်မှု၊ ရိုကျိုးနာခံမှု၊ စည်းကမ်းရှိမှုတို့နှင့် လုံ့လဝီရိယ ဖွဲ့ရှိခြင်းသည် မောင်မောင်၏ အရည်အချင်းများဟု သတ်မှတ်ထားသည်။

'ကျွန်တော့် အစ်ကိုကြီးက သူ့လိုပဲကျောင်းဆရာ လုပ်စေချင်ပါတယ်၊ ခွင့်မပြုချင်လှဘူး။ ဒါပေမဲ့ ကျွန်တော် ထင်တယ်၊ ကျွန်တော် နားပူရင် ကန့်ကွက်မှာ မဟုတ်ပါဘူး'



BURMESE CLASSIC .com

www.burmeseclassic.com



ဗိုလ်ကြီးသည် ကားမလာသေး၍ ကားစောင့်ရန် သစ်ပင်၌ သူ့ကိုယ် ကို ကပ်မှီ၍ ရပ်လျက် ပြန်ပြောလိုက်သည်။

'အိမ်က ခွင့်ပြုချက် ရရင်တော့ ပိုကောင်းတာပေါ့ကွာ'

'ဗိုလ်ကြီး စစ်ထဲဝင်တုန်းက ဗိုလ်ကြီးတို့အိမ်က အလွယ်တကူ သဘောတူသလား'

'အိမ်ကလား'

ဗိုလ်ကြီးသည် စကားကို ဆက်မပြောသေးဘဲ ရပ်လျက် စီးကရက် တစ်လိပ်ထုတ်၍ မီးညှိလိုက်သည်။ စီးကရက်ကိုပါ ပါးစပ်၌ကိုက်ကာ ခပ်ပြုံးပြုံး ပြန်ပြောသည်။

'အိမ်က သဘောတူသလား၊ မတူလားတော့ မေးမနေနဲ့။ အိမ်က ကိုက စစ်ထဲဝင်ခိုင်းတာ'

'ဩော် . . . ဒီလိုလား'

ဗိုလ်ကြီးသည် ဟန်ပါပါ လက်ကိုပိုက်လျက် သူ့ခြေများကို ရှေ့ဆန့် ၍ သစ်ပင်ကို အားပြုကာ ပြန်မှီရင်း၊ သူ့အကြောင်းကို သူပြန်၍ ဆက်ပြော ပြသည်။

'ဒီလိုကွ၊ ကိုယ်တို့အဖေက ဂျပန်တော်လှန်ရေးမှာ ဖမ်းမိပြီး ဂျပန် တွေ နှိပ်စက်တာ မရှုမလှ ခံလိုက်ရတယ်၊ တိုက်ပွဲဖြစ်တော့ ဖမ်းထားရာက ထွက်အပြေး ဂျပန်စစ်သားက ရိုင်ဖယ်နဲ့ လှမ်းပစ်လိုက်တာ ခုထိ ခြေထောက် တစ်ဖက် မရှိဘူးကွ၊ ဒုက္ခိတကြီး ဖြစ်နေတယ်။ သူ့ဝါဒက ယောကျ်ားမှန်ရင် စစ်ပညာတတ်ရမယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စစ်သားကောင်း ဖြစ်ရမယ်၊ အဲဒါ သူ့ဝါဒပဲ။ သူ့ဝါဒကြောင့် ကိုယ်တို့ ညီအစ်ကိုတွေ စစ်ထဲ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြရတာပေါ့'

မောင်မောင်သည် မမျှော်လင့်ဘဲ သူ မကြားချင်သည့် စကားကိုမှ လာ၍ ကြားရလေသည်။ သူ့အကြောင်း ပြောပြနေသော ဗိုလ်ကြီး၏ အမူအရာထဲ၌ သူ့ဖခင်အား ဒုက္ခိတကြီးဖြစ်အောင် နှိပ်စက်သွားသော

www.burmeseclassic.com



ဂျပန်တွေအပေါ်၌ မုန်းတီး နာကြည်းလျက်ရှိဟန် အရိပ်အယောင်မျှ မတွေ့ရဘဲ၊ သူ့မှာသာ လေပင့်လိုက်သလို တငွေ့ငွေ့ လှိုက်လောင်နေသော နာကြည်း ရွံမုန်းစိတ်များမှာ မီးလျှံလို ရဲရဲထတောက်လာသည်။

သူ၌ ဂျပန့်သွေး မကင်းသဖြင့် ဗိုလ်ကြီးရှေ့၌ သူ့မျက်နှာ ဘယ်လိုထားရမှန်း မသိအောင် ရှက်စိတ် ဝင်ရောက်လာသည်။ ဗိုလ်ကြီးရှေ့၌ မလုံမလဲဖြစ်မိသော သူ့ကိုယ်ကိုယ် သူ ပြန်၍ ရှက်မိပြန်သည်။ ဂျပန်သွေး ပါသော သူ့ကိုယ်သူ ပြန်၍ ရွံမိသည်။ ဤသွေးကိုဖောက်ထုတ်၍ ရမည်ဆိုလျှင် ဗိုလ်ကြီးရှေ့၌ပင် ဖောက်ထုတ်ပစ်လိုက်ချင်မိသည်။

'စစ်ထဲဝင်ရင် ရည်ရွယ်ချက် ရှိရတယ်ကွ၊ စစ်ဗိုလ်ဖြစ်ချင်လို့ဝင်တာ မျိုးတော့ မနိပ်ဘူး။ တကယ့်ကို တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို ချစ်လို့ဝင်တာ မျိုးမှ အဝင်ကောင်း။ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ. . .'

ဗိုလ်ကြီးသည် စီးကရက်က ပြာကိုခါ၍ မောင်မောင့်ကို ခြေဆုံးခေါင်းဖျားကြည့်၍ မေးသည်။

'စစ်ဗိုလ်ဖြစ်ချင်လို့ မဟုတ်ပါဘူး ဗိုလ်ကြီးရာ၊ ကျွန်တော်တို့ရထားတဲ့ လွတ်လပ်ရေးကို ကာကွယ် ထိန်းသိမ်းချင်တဲ့စိတ် ရှိလို့ပါ'

မောင်မောင်က မျက်မှောင်ကလေး ကုတ်၍ စိတ်နှင့်မာန်နှင့်ပြန်ဖြေ သည်။ မောင်မောင်၏ မျက်နှာနှင့် မျက်လုံးက သူပြောသော စကားလုံးများ ထက် ပီပြင် လေးနက်စွာ ပြောပြလျက်ရှိသည်။

'ဒီလိုမှပေါ့ကွ၊ ဒီအတိုင်းဆိုရင် တပ်မတော်မှာ မင်း တစ်နေ့ မုချစစ်သားကောင်းတစ်ယောက် ဖြစ်မှာပဲ'

ထိုအခိုက် ဗိုလ်ကြီး၏ကား ထိုးဆိုက်လာ၍ ဗိုလ်ကြီးက မောင်မောင့်ကို အတင်းကားပေါ်တက်ကာ အိမ်အရောက် လိုက်ပို့ပေးသည်။

အိမ်ဝင်းထဲ၌ ယုမိစံ၏ ကားကို တွေ့လိုက်ရ၍၊ မောင်မောင်သည် စစ်ကားကို ခြံထဲသို့ မဝင်စေဘဲ ခြံဝ၌ ဆင်းလိုက်သည်။

ဦးသက်လွင်သည် ယုမိစံနှင့် စကားကောင်းနေခိုက် အိမ်ရှေ့၌



BURMESE CLASSIC .com

www.burmeseclassic.com



ကားသံကြား၍ ထရပ်ကြည့်လိုက်သည်။ စစ်ကားပေါ်မှ မောင်မောင် ဆင်းလာပြီးလျှင် အိမ်ရှေ့က မတက်ဘဲ အိမ်နောက်ဘက်သို့ ကွေ့သွားသော မောင်မောင့်အား လှမ်းမြင်လိုက်ရသည်။

'ကြည့်. . . ကြည့်. . . ဆရာမ၊ ဆရာမ ကားမြင်လို့ မောင်မောင် အိမ်ရှေ့က မတက်ဘူး၊ နောက်ဖေးက လှည့်သွားတယ်'

ဦးသက်လွင်သည် လေသံဖြင့် ပြောပြီး ပြန်၍ထိုင်ကာ ဟန်မပျက်စေ ရအောင် မြန်မာစာအကြောင်းကို ဆက်ပြောပြနေသည်။ မောင်မောင် ပြန်လာ ပြီဆို၍ ယုမိစံမှာ ရင်တသိမ့်သိမ့်နှင့် ဣန္ဒြေကလေးဆည်၍ သူ့စိတ်ကိုသူ တင်းလျက်ရှိသည်။

'ဟကောင်၊ ဘယ့်နှယ် နောက်ဖေးက လာသလဲ'

ကိုမြဖေက နောက်ဖေးပေါက်တွင် ရောက်လာသော မောင်မောင့်ကို လှမ်းပြောလိုက်သည်။

'မင်းနဲ့ကွာ. . . အိမ်ရှေ့က တက်ကရောပေါ့၊ အိမ်ရှေ့က တက်ရင် မင်းမမ လှခေါင်မိုးကို မင်း တွေ့ရမှာ'

ကိုမြဖေက မျက်ခုံး မျက်စဖြင့် လှမ်းပြောလိုက်သည်။

'ဘာ မမလဲဗျ၊ ဘာ လှခေါင်မိုးလဲ'

ကိုမြဖေကို မောင်မောင် ရှုသိုးသိုးကြည့်၍ မျက်နှာထားဖြင့် ပြန်ဟောက်သည်။

ကိုမြဖေက မျက်နှာပိုးသတ်၍ ပြန်ပြောသည်။

'. . . ဟိုကွာ. . . ညနေဆည်းဆာ၊ ကျွန်ုပ်မြင်သည်၊ နတ်သွင်သူဇာ၊ ပြန်ကျလာသို့၊ ရှုသာတင့်စနိုး၊ လှခေါင်မိုး. . . လေကွာ၊ သွားကြည့်စမ်း။ ဒီညနေ. . . မိုးပေါ်က ကျလာသလား မှတ်ရတယ်'

မောင်မောင်သည် သူ့ကို မခံချင်အောင် တမင်ပြောင်လှောင် စနေမှန်း သိ၍၊ ကိုမြဖေအား မုန်းမုန်းနှင့် တံတောင်နှင့် တွက်ခဲ့ပြီးလျှင် အဝတ်လဲရန် အခန်းထဲသို့ တန်းဝင်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်က အပြင်ဘက်မှ အသံပြုလိုက်သည်။

'မောင်မောင် ပြန်လာပြီလားဟေ့၊ ပြီးရင် ဒီထွက်ခဲ့ဦး၊ ဆရာမ ရောက်နေတယ်'

ဦးသက်လွင်သည် ရင်တအေးအေးဖြင့် အသံပြုလိုက်ပြီး ယုမိစံကို လက်ကလေးပြ၍ ပခုံးနှစ်ဖက် တွန့်လိုက်သည်။

မောင်မောင်သည် သူ မကြည့်ချင်သော မျက်နှာကို ထွက်ကြည့်ရဦး မည်မို့ အဝတ်လဲရင်း မျက်နှာပုပ်သွားသည်။ မထွက်ဘဲ နေရအောင် အစ်ကိုကြီးကို ဆန့်ကျင်၍ လုပ်မပြရဲ။ ဂျပန်ဆရာမကို မကြည့်ချင်သည့်တိုင် အစ်ကိုကြီး၏ ဧည့်သည်အဖြစ် အောင့်အည်း ထွက်တွေ့ရမည်ဖြစ်၍၊ မထွက်ချင် ထွက်ချင်ဖြင့် ထွက်လာရသည်။

ဧည့်ခန်းထဲ၌ ဆံမြိတ်ရှည်ကလေး ပခုံးရှေ့တွင်ချ၍ မခို့တရိုကကလေး ထိုင်နေကာ၊ ကြွေကလေးလုပ်၍ သူ့အား ပြုံးရုံမျှ ပြုံးကြည့်လျက်ရှိသော ယုမိစံအား မြန်မာ အဝတ်အစားနှင့် တွေ့ရသည့်အတွက် မောင်မောင်မှာ ရုတ်တရက် ကြောင်အမ်းသွားသည်။ ကိုမြဖေ ပြောသော လှခေါင်မိုးကို သူ တွေ့ရလေပြီ။

မြန်မာ အဝတ်အစားဖြင့် ယုမိစံ ရုပ်ပြောင်းသွားခြင်းကိုလည်း သတိ ပြုလိုက်မိသည်။ ဂါဝန်နှင့် ဒူးပေါ်ပေါင်ပေါ် မြင်ရခြင်းထက်၊ မြန်မာအဝတ် ဖြင့် ကြွန်ရရ တွေ့ရခြင်းသည် သူ့မျက်စိထဲ၌ တစ်မျိုးတော့ ထူးခြားသွား သည်။

'ထိုင်လေကွာ. . . ဆရာမက မြန်မာလို ဝတ်ထားတော့ လှမှားနေ သလား. . . ဟဲဟဲ'

ဦးသက်လွင်သည် မောင်မောင့်ကို ထိုင်ခိုင်းလိုက်သည်။ ယုမိစံသည် မောင်မောင့်ကို ပြုံးကြည့်နေသည်။ ပထမတစ်ခေါက်လောက် ကြွေမပျက်ဘဲ ကြွေရစွာဖြင့် ပြုံးမယောင်လေးမျှ ပြုံးထားသည်။ သူ့အား "အစ်ကိုကြီး မရှိဘူး"ဟု တစ်ပတ်ရိုက်လျက် ပြန်မောင်းထုတ်လိုက်သော ယခင်တစ်ပတ် က မောင်မောင်၏ ပုံပန်းကိုလည်း ပြန်၍ မြင်ယောင်လေလျက်။

www.burmeseclassic.com



'ဆရာမက တို့မြန်မာ အဝတ်အစားနဲ့ မလိုက်ဘူးလား၊ ဘယ်လောက် ကျက်သရေရှိသလဲ၊ ပိုပြီး ချောလာတယ် မဟုတ်လား'

ဦးသက်လွင်က သဘောရိုး စိတ်ရိုးဖြင့် ချီးမွမ်းထောမနာပြုလိုက်ခြင်းကို၊ သူ့အစ်ကိုကြီးနှုတ်မှ ကလေးကလား ဒီစကားမျိုးကို ပြောရလေမလားဟု မကြိုက်နိုင်ဘဲ၊ ထိုင်ထိုင်ချင်း ယုမိစံအပေါ်၌ သဝန်ကြောင်သွားသည်။ သဝန်ကြောင်သွားခြင်းကြောင့် မြန်မာအဝတ်အစား ဝတ်ထားသော ယုမိစံကို မျက်စမွေး စူးလာသည်။

မောင်မောင်က ဘာထင်မြင်ချက်မှ မပေးဘဲ ငုတ်တုတ်ကြီး လုပ်နေသည်။

'မောင်မောင်. . . မမ မြန်မာအဝတ်အစားနဲ့ ကြည့်မကောင်းဘူးလား'

ယုမိစံက အေးအေးဆေးဆေးပင် မေးလိုက်သည်။ မောင်မောင်က မလှုပ်၊ ဖြေရမှာ ခွကျပြဟန်ဖြင့် ယုမိစံနှင့် မျက်လုံးချင်း မဆိုင်ဘဲ စားပွဲခုံသာ မဲသဲကြည့်နေသည်။

'ဆရာမ မေးနေတာ ပြောလေကွာ'

ဦးသက်လွင်က ဝင်ထောက်လိုက်သည်။ ဦးသက်လွင်သည် ဝင်ထောက်ပြီး ရင်ထဲက တထိတ်ထိတ်ဖြင့် အသည်းတအေးအေး ကြည့်နေသည်။

'မြန်မာမှ မဟုတ်ဘဲ၊ မြန်မာလိုတော့ ဘယ်ကြည့်ကောင်းမလဲ။ ကျွန်တော်တို့ မြန်မာအမျိုးသမီး အဝတ်အစားက မြန်မာအမျိုးသမီး ဝတ်မှ ကြည့်လို့ကောင်းတယ် ဆရာမ'

မောင်မောင်က လျောင်ချင် ရွဲ့ချင်သည့်သဘောဖြင့် သူ့ထင်မြင်ချက်ကို တမင် ရွဲ့၍ ပြောပြလိုက်သည်။ ရွဲ့မှန်း ဦးသက်လွင် သိသကဲ့သို့ ယုမိစံလည်း သိရှိလိုက်သည်။ ယုမိစံသည် မျက်နှာကလေး ရဲသွားသည်။ စိတ်ကို ပြန်၍ ရဲဆေးတင်လိုက်လျက်၊ သူ့မျက်နှာကလေးကို ခါ၍ အရှက်ပြေပြန်၍ ဖြေပြောရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မမတော့ မြန်မာအဝတ်အစားကို သိပ်ကြိုက်တာပဲ မောင်မောင်၊ မမနဲ့ ကြည့်မကောင်းဘူးဆိုလည်း မမ ဝတ်ရမှာပဲ။ မမက မြန်မာလူမျိုးကို ချစ်တယ် မဟုတ်လား၊ မြန်မာပြည်ကိုလည်း မမ သိပ်ကြိုက်တယ် မဟုတ် လား။ ဒီတော့ မြန်မာ အဝတ်အစားကို ဝတ်ရမှာပေါ့'

ယုမိစံ၏ စကားသံမှာ မောင်မောင့်နား၌ ကြားရရာတွင် မြန်မာ စကားလုံး ဖြစ်ပင်ဖြစ်ငြား၊ သာယာနာပျော်ဖွယ်ရာ မဖြစ်ဘဲ သူ့အနား၌ ကန့်လန့်ကြီး ဖြစ်နေသည်။ မောင်မောင်၏ မဲ့ပြုံးကလေးကို မြင်လိုက်၍၊ ယုမိစံက ပြောလက်စဖြင့် အလျှော့မပေးဘဲ ဆက်ပြောပြန်သည်။

'စကားပုံတစ်ခု ရှိတယ်၊ မောင်မောင် သိမှာပေါ့။ ရေမပြည်ရောက် ရင် ရေမသားလို ကျင့်ရမယ်တဲ့၊ မမလည်း မြန်မာပြည် ရောက်နေပြီး မြန်မာလူမျိုးအတိုင်း ကျင့်ရ နေရမှာပေါ့။ ဟုတ်တယ် မဟုတ်လား. . . မောင်မောင်'

ကြီးကျယ်လိုက်တာဟု မောင်မောင့်စိတ်၌ ထင်လိုက်မိသည်။ မြန်မာ အဝတ်အစားဝတ်ပြီး သူ့ကိုယ်သူ မြန်မာမများ အောက်မေ့နေသလားဟု ကဲ့ရဲ့ ပြစ်တင်ခြင်းလည်း ပြု၏။ မြန်မာနှင့် မတူ တူအောင် တုလာသူဟု ယုမိစံအပေါ်၌ အထင်မကြီးသည့်ပြင် မြင်ပြင်းကတ်လာသည်။

ဦးသက်လွင်သည် သူ့ရှေ့၌ မောင်နှမနှစ်ယောက် အဆင်မပြေကြပုံ ကိုကြည့်၍၊ ရင်ထဲ၌ မကောင်းခြင်းဖြစ်လျက် အဆင်ပြေစေရန် ဝင်၍ ဖြေပြော ပြောရသည်။

'ဟုတ်တာပေါ့ ဆရာမ၊ သူ့နေရပ်ရောက်ရင် သူ့လိုကျင့်မှဆိုတာ ကျွန်တော် လက်ခံတယ်၊ ဒါဟာ ယဉ်ကျေးတဲ့ စိတ်ထားပါပဲ'

ယုမိစံက မျက်နှာကလေး ရဲရဲဖြင့်ပင် ပြုံးလိုက်သည်။ ပြုံးပြီး စကား ပြောင်းရန် စဉ်းစားလိုက်သည်။

'ဒါထက် ဆရာ။ ဂျပန်မုန့်စားလို့ ကြိုက်ကဲ့လား၊ အရသာ ရှိပါ ရဲ့လား'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံနှင့် မျက်လုံးချင်းဆိုင်၍ ဦးသက်လွင်က ပြန်ပြောလိုက်သည်။ ယုမိစံ စကားပြောင်းလိုက်၍ ဦးသက်လွင် မျက်နှာ၌ စိတ်သက်သာမှု ရရှိသွားကြောင်းမှာ သိသာ ထင်ရှားသည်။

'အရသာရှိပါတယ် ဆရာမ၊ ကြာရှည် စားရအောင် လုပ်ထားတယ် လို့ ထင်ပါတယ်'

'ကြာကြာထားကြီး စားလို့ရပါတယ်၊ ဂျပန်မှာ ဒီမုန့် နာမည်ကြီး ပါတယ်၊ လူကြိုက်များပါတယ်၊ ယိုးကန်လို့ ခေါ်ပါတယ်'

'မြန်မာမုန့်တွေရော ဆရာမ အစုံ စားဖူးပြီလား'

ဦးသက်လွင်သည် ငုတ်တုတ်ထိုင်နေသော မောင်မောင့်ကို၊ သူပါ ဝင်ရောက်၍ စကားပြောနိုင်ရန် စကားစ ရှာကြံလျက် ရှိသည်။

'ကျွန်မ စုံအောင် စားဖူးပါတယ်၊ မုန့်ဟင်းခါးကို မကြိုက်ပါဘူး၊ အုန်းနို့ခေါက်ဆွဲကို သိပ်ကြိုက်ပါတယ်၊ ရွှေကြည်၊ ကျောက်ကျော၊ ချင်းသုပ်၊ အားလုံး ကြိုက်ပါတယ်'

'ဒါထက် ဆရာမ၊ နက်ဖြန် တနင်္ဂနွေနေ့မှာ ဆရာမကို မြန်မာ ထမင်း ကျွေးချင်ပါတယ်။ မြန်မာထမင်း လာစားပါ ဆရာမ'

ဦးသက်လွင် ထမင်းစား ဖိတ်ခေါ်ခြင်းကို မောင်မောင် မကြိုက်ချေ။ ဦးသက်လွင် ဘာကြောင့် ဂျပန်ဆရာမ အပေါ်၌ လောကွတ် ကောင်းနေ ရသနည်းဟု အလိုလို သဝန်တို၍သာ နေသည်။

'မြန်မာ ထမင်းစားပါတယ် ဆရာ ယုမိစံနဲ့ အတူတူနေတဲ့ အိမ်ဖော် မြန်မာအမျိုးသမီးကြီး ရှိပါတယ်၊ မြန်မာ ထမင်းဟင်း ခဏခဏ ချက်ကျွေး လို့ အခု အစပ်နည်းနည်း စားနိုင်ပါပြီ'

မောင်မောင်က ပြုံးလေသည်။ သူ့အပြုံးမှာ လူမမြင်အောင် ခိုး၍ ပြုံးသော အပြုံးမျိုး။ လှစ်ခနဲ ပြုံးလိုက်ပြီးမှ ပြန်၍ တည်သွားလေသည်။

ယုမိစံက အစပ်စားနိုင်သည်ဆို၍ မောင်မောင် သဘောကျသွား



BURMESE CLASSIC .com

www.burmeseclassic.com



သလားဟု တွေးကာ၊ မောင်မောင့်ရှေ့၌ မြန်မာအစားအစာ နှစ်သက်ကြောင်း ပြောခွင့်ရ၍ ဝမ်းသာမိသည်။

လက်ဆောင်ပေးရန် ယုမိစံ ယူဆောင်လာသော ဂျပန်ပြက္ခဒိန်ကို ဦးသက်လွင်က ခုံပေါ်မှ ဆွဲယူ ဖြန့်ကြည့်လိုက်သည်။ ပြက္ခဒိန်ကို ဟိုလှန် သည်လှန် ကြည့်ရင်းမှ မောင်မောင် စကားဝင်ပြောအောင် လုပ်သည်။

'ဖူဂျီယားမား တောင်တော်ကြီးကတော့ သိပ်လှတာပဲ။ ဒီမှာ ကြည့်စမ်း မောင်မောင်၊ ဒီဓာတ်ပုံ မလှဘူးလားကွာ'

ဦးသက်လွင် ထိုးပြသော ဖူဂျီယားမားတောင်ပုံကို မောင်မောင်က တစ်ချက် လှမ်းကြည့်သည်။ နှုတ်ဖြင့် မပြောဘဲ ခေါင်းညိတ်၍ ပြလိုက်သည်။ မောင်မောင်မှာ ထိုင်ခိုင်းထားခြင်းကို ထမသွားဝံ့သေး၍ ငြိမ်ချက်သား ကောင်းစွာ ထိုင်နေရ၏။

'ဖူဂျီယားမား တောင်တော်ကြီးက ဂျပန်ရဲ့ အမှတ်အသား အလှ တံဆိပ်ပါပဲ။ ဖူဂျီယားမားတောင်နဲ့ ပတ်သက်ပြီး ရိုးရာပုံပြင်ကလေး တစ်ပုဒ် ရှိပါတယ်။ မကြာသေးဘူး၊ ကျောင်းသားများကို သင်ကြားပေးပါသေးတယ်'

ဦးသက်လွင်သည် မောင်မောင် ဖင်ကြွနေမှန်းသိ၍ ထ မသွားရန်၊ ပုံပြင်ကို နားထောင်ခိုင်းထားချင်သောကြောင့် 'ကျွန်တော်တို့ကော. . . ဒီပုံပြင် မကြားရဘူးလား ဆရာမ'ဟု ပြုံး၍ မေးသည်။

'ကြားချင်ရင် ကြားရပါတယ် ဆရာ၊ ကျွန်မ မြန်မာစကား အရှည်ကြီးပြောရင် အမှားပါတယ်၊ ခွင့်လွှတ်ပါ'

'ပြောပါ ဆရာမရယ်၊ ကိစ္စမရှိပါဘူး၊ မှားရင် ကျွန်တော်တို့ ပြင်ပေး မှာပေါ့'

ယုမိစံသည် ဘယ်ကစ၍ ပြောရမည်ကို စဉ်းစားဟန်ဖြင့် မျက်လုံး ကလေးဝင့်ကာ မောင်မောင့်ကို စိုက်၍ကြည့်လိုက်သည်။ မောင်မောင်နှင့် မျက်လုံးချင်းဆိုင်ခွင့် မရ။ ဖူဂျီယားမားတောင်ပုံသို့ မျက်လုံးလွှဲပစ်လိုက်သော မောင်မောင့်ကို ဝမ်းပန်းတနည်း စိုက်ကြည့်လျက် ပုံပြင်ကို စ၍ပြောသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟို. . . ရှေးတုန်းက ဝါးခုတ်တဲ့ အဘိုးကြီးတစ်ယောက် ရှိတယ်တဲ့၊ တောထဲမှာ ဝါးခုတ်ပြီး ဝါးကို ရက်လုပ်ရောင်းချ အသက်မွေးတယ်။ တစ်နေ့မှာ ဝါးရဲ့အမြစ်ကို ခုတ်လှဲလိုက်တော့ ဝါးမြစ်ထဲမှာ ကလေးလေးကို တွေ့ရရတယ်တဲ့၊ ကလေးလေးက မိန်းကလေးတဲ့၊ မြန်မာမှာကော ဒီလိုတူတဲ့ ပုံပြင်မျိုး ရှိတယ်မဟုတ်လား ဆရာ'

ဦးသက်လွင်က နှစ်လိုဖွယ်ရာကောင်းသော အပြုံးဖြင့် ပြုံး၍ ပြောလေသည်။

'မြန်မာပုံပြင်မှာလည်း ဝါးထဲမှာ သန္ဓေတည်တာ ရှိတာပေါ့ ဆရာမ။ ကြာဖူးထဲမှာ သန္ဓေတည်တာ၊ မန်ကျည်းပင်မှာ သန္ဓေတည်တာ၊ လမုသီးထဲမှာ သန္ဓေတည်တာ. . . ဒီလိုပုံပြင်မျိုးတွေ အများကြီးရှိပါတယ် ဆရာမ'

'သန္ဓေတည်တယ်ဆိုတာ လူဖြစ်တာကို ပြောတဲ့စကားနဲ့ အတူတူပဲ မဟုတ်လား ဆရာ'

'ဟုတ်ပါတယ်. . . ဆရာမ'

ဦးသက်လွင်သည် မောင်မောင် ထ မသွားဘဲ စိတ်ဝင်စားဟန်၊ နားထောင်လိုဟန် ရှိခြင်းကို တွေ့ရ၍ ဝမ်းမြောက်မိသည်။ ဒီလိုနှင့် တစ်စ တစ်စ မောင်နှမနှစ်ယောက် ရင်းနှီးလာကြပါစေရန် ဆုတောင်းမိသည်။

ယုမိစံသည် တစ်ချိန်လုံး ဣန္ဒြေလေးဆောင်လျက် ထားသည်။ မြန်မာအဝတ်အစားနှင့် ဣန္ဒြေလေးဆောင်၍ ထားပုံမှာ ယုမိစံ၌ ရှိသော အလှကျက်သရေတို့ အရည်အသွေး တက်လာသကဲ့သို့ပင် ဦးသက်လွင် တွေးထင်မိသည်။

'ဒီမိန်းကလေးကို အဘိုးကြီးနဲ့ အဘွားကြီးက ကြီးပြင်းအောင်မွေးပြီး သိပ်ချစ်ကြတယ်တဲ့၊ မိန်းကလေးက အပျိုဖြစ်တော့ သိပ်လှတယ်။ ချောလွန်းလှလွန်းလို့ ယောကျ်ားတွေ အားလုံးက သူ့ကို ဝိုင်းကြိုက်ကြတယ်။ ယောကျ်ားတွေအားလုံးက သူ့ကိုဝိုင်းပြီး ကြိုက်ကြတော့ ဒုက္ခရောက်တာပေါ့'

ယုမိစံ၏ မျက်နှာဟန်အမူအရာတို့သည် စာသင်ခန်းထဲ ကျောင်း



BURMESE CLASSIC .com

www.burmeseclassic.com



သားများကို ပုံပြောပြနေဘိသကဲ့သို့ သူ့စကားအသံကို အတိုအရှည် စီစဉ်၍ သံတိုသံရှည် အမျိုးမျိုးဖြင့် ဆွဲငင်လျက်၊ သာယာနာပျော်ဖွယ် ဖြစ်အောင် ပုံပြောပြနေခြင်း ဖြစ်သည်။

ဂျပန်ပုံပြင်ကို မြန်မာစကား အသံဝဲဝဲဖြင့် ပြောပြခြင်းကြောင့်၊ ဦးသက်လွင် သူ့နား၌ နားဝင်ချိုလျက် နားထောင်၍ ကောင်းလှသဖြင့် နားစိုက်ထားသည်။ မောင်မောင်ကား ယောက်ျားများက ဝိုင်း၍ ချစ်ကြ ကြိုက်ကြသည်ဆိုသော စကားလုံးများကို နားကြားပြင်းကတ်လျက် ရှိသည်။ သူ့အစ်ကိုကြီးများ ချိတ်စောင်း ပြောဆိုနေသလားဟု သဝန်ကြောင်ကာ၊ နားရှက်ရှက်ဖြင့် မျက်နှာမထားတတ်အောင် ဖြစ်လာသည်။

'ပုံပြင်ထဲမှာ မိန်းကလေးက လူ မဟုတ်ပါဘူး ဆရာ၊ မိုးပေါ်က နတ်သမီးလေးတဲ့၊ ဝါးထဲမှာ ခဏ လူလာဖြစ်တာပါ။ နတ်သမီးဆိုတော့ လူနဲ့ အိမ်ထောင်ပြုဖို့ ခက်နေတယ်၊ အခက်အခဲ ရှိတာပေါ့'

မောင်မောင်က တွေးလိုက်သည်။ ဤပုံပြင်သည် ဖူဂျီယားမားတောင်၏ ရှေးဟောင်းရိုးရာ ပုံပြင် ဟုတ်ချင်မှ ဟုတ်မည်။ ဂျပန်ဆရာ လုပ်ကြံလျက် သူ့ကိုယ်သူ နတ်သမီးလုပ်၍များ ပြော၍ နေရော့သလားဟု အထင်အမြင် လွဲသည်ထက် လွဲလျက်ရှိသည်။ ပုံပြောနေသော ယုမိစံ၏ မျက်လုံးမှာ မောင်မောင့်ဘက်သို့ ဝေ့ဝေ့လာ၍ မောင်မောင်က မျက်လုံး လွှဲလွှဲပစ်သည်။

'သူ့ကို ဝိုင်းပြီး ချစ်ကြိုက်ကြတဲ့ ယောက်ျားတွေကို သူက ပြန်ပြောတယ်၊ သူ့ကို တကယ်ချစ်ရင် ဟို. . . ပင်လယ်ရေနက်ထဲမှာရှိတဲ့ နဂါးပါးစပ်ထဲက အလုံးကို ယူပေးရင် လက်ထပ်ခွင့်ပြုမယ်တဲ့လို့ ပြောလိုက်တယ်'

'နဂါးပါးစပ်ထဲက ဘာအလုံးလဲ ဆရာမ'

ဦးသက်လွင်က ကြားဖြတ်မေးသည်။

ယုမိစံသည် မျက်ခုံးလေးရှုံ့လျက် မျက်တောင်ကလေး ခတ်၍ တွေဝေ စဉ်းစားနေသည်။ မြန်မာစကားများကို ရှာကြံ တွေးတောနေဟန် ရှိသည်။

www.burmeseclassic.com



'မြန်မာလို ဘယ်လိုပြောရမလဲ၊ ဘောလုံး ပြောရမလား၊ ဘောလုံးလို အလုံးပဲ'

ဦးသက်လွင်က ဣန္ဒြေမဆည်နိုင်၍ ရယ်မောလေသည်။ မောင်မောင်များ ရယ်မလားဟု လှမ်းကြည့်လိုက်သည်။ ဣန္ဒြေကြီး တစ်ခွဲသားနှင့် ထိုင်နေသော မောင်မောင့်ကို မြင်ရ၍၊ ရယ်ခြင်းကို ရပ်ကာ ပြန်ပြောလိုက်သည်။

'နဂါးပါးစပ်ထဲကဆိုရင် ဆရာမ ပတ္တမြားမျက်ရှင်လုံး ဖြစ်လိမ့်မယ်ထင်တယ်'

'ဟိုက် ဟိုက်၊ ပါတယ်များ မျက်ရှင် ခေါ်နိုင်ပါတယ်'

စကားမပီမှုဖြင့် တစ်ကြောင်း၊ ဘယ်လိုပင် မြန်မာစကားတတ်တတ်၊ ဂျပန့်ဝသီ "ဟိုက် ဟိုက်" ပေါ်လာ၍လည်း တစ်ကြောင်း မောင်မောင် ရယ်ချင်လာသည်။ ရယ်ချင်သည်မှာ သံကုန်ဟစ်၍ ဟားတိုက်ပြီး ရယ်လိုက်ချင်သည်။ သို့သော် အစ်ကိုကြီးဧည့်သည်ဖြစ်၍ ရယ်ချင်းကို အောင့်ထားသော်လည်း၊ စကားမပီမှုအတွက် သရော်ပြောင်လှောင်လိုသော မျက်နှာပေးမှာ အောင့်၍မရဘဲ အကွင်းသား ပေါ်လွင်နေသည်။

ယုမိစံက သာသာယာယာ အသံလေးဖြင့် ပြန်၍ ဆက်ပြောသည်။

'နောက်တစ်ယောက်ကလည်း သူ့ကို ချစ်တယ် ကြိုက်တယ်လို့ လာပြောပြန်တယ်တဲ့၊ နောက်တစ်ယောက်ကို သူက ပြန်ပြောတယ်။ သူ့ကို ချစ်ရင်တဲ့ ကုလားပြည်မှာရှိတဲ့ အမြင့်ဆုံးတောင်ထိပ်က ငှက်တိုင် ယူလာပါ၊ ဒီငှက်တိုင်ကို ယူလာရင် သူ လက်ခံမယ်လို့ ပြောလိုက်တယ်။ ကုလားပြည်မှာရှိတဲ့ဒီတောင်က လူ မတက်နိုင်တဲ့ တောင်ကြီးပဲ'

'ဟိမဝန္တာတောင်လား ဆရာမ၊ ဟိမဝန္တတောင် ဖြစ်လိမ့်မယ်၊ ငှက်တိုင်က ဘာငှက်တိုင်လဲ'

ဦးသက်လွင်က ဝင်၍ ထောက်ပေးပြီ၊ ငှက်တိုင်ကို အဓိပ္ပာယ်မရှင်းသဖြင့် မေးပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ပြုံးလိုက်သည်။ ပင်ပန်းကြီးစွာဖြင့် ငှက်တိုင်၏ အဓိပ္ပာယ်ကို မြန်မာစကားလုံး၌ ရှာကြံလျက် တွေးနေပြန်သည်။

'မြန်မာလို ဘယ်လိုပြောရမလဲ မသိဘူး ဆရာ၊ ဂျပန်လိုက "ဆူဘာမယ်နော်ဆု" ခေါ်ပါတယ်'

'ငှက်မြတ်နားတိုင်လား ဆရာမ၊ ကျွန်တော်တို့ မြန်မာပြည်မှာရှိတဲ့ စေတီတွေရဲ့ ထိပ်ဖျားမှာ ငှက်မြတ်နားတိုင် ရှိတယ်'

ယုမိစံသည် ဦးသက်လွင်ပြောသော ငှက်မြတ်နားတိုင်ကို ရုတ် တရက် နားမလည်ပေ။ သူ့မှာ ဂျပန်အခေါ်အဝေါ် "ဆူဘာမယ်နော်ဆု"ကို ငှက်တိုင်ကလွဲ၍ မပြောတတ်ရှာပေ။ သို့ဖြစ်၍ ဦးသက်လွင်တို့ အဓိပ္ပာယ် သိစေရန် ကြံဖန်အားထုတ် ကြိုးစားလျက် ပြောရသည်။

'ဘုရားမှာ ရှိတာမျိုး မဟုတ်ဘူး ဆရာ၊ ငှက်တိုင်က စားရပါတယ်'

ဦးသက်လွင်သည် ခေါင်းရှုပ်သွားသဖြင့် ခေါင်းအေးအေးထား၍ စဉ်းစားကြည့်သည်။ မောင်မောင့်စိတ်၌ ငှက်နားတဲ့တိုင်ကို ဘယ်လိုလုပ်ပြီး စားကြသလဲဟု ပုံပြင်ကို မယုံသင်္ကာဖြစ်ကာ ယုတ္တိမရှိဘူးဟု အသံမထွက်ဘဲ ဝေဖန် ကဲ့ရဲ့နေလေသည်။

'သိပြီ ဆရာမ၊ ငှက်တိုင် မဟုတ်ဘူး ထင်ပါတယ်။ တောင်ပေါ်မှာ ရှိတယ်၊ စားရတယ်ဆိုရင် ငှက်သိုက်ဖြစ်မယ် ဆရာမ။ တောင်အမြင့်ကြီးမှာ ငှက်ကလေးတွေ အသိုက်လာလုပ်ကြတဲ့ ငှက်သိုက်'

ဦးသက်လွင်သည် ယုမိစံ "တ"အက္ခရာနှင့် "သ"အက္ခရာ အသံ တို့ကို ရုတ်တရက်ပြောလျှင် အသံမပီသဘဲ၊ အသံဝဲကာ ဆင်နေကြောင်းကို သိလာသည်။ ယခုတစ်ကြိမ်၌ မောင်မောင်က မအောင့်နိုင်ဘဲ ပြုံးလေသည်။ စကားလုံး မပီသခြင်းကြောင့် အနက်အဓိပ္ပာယ် အကောက်လွဲကြပုံကို တွေးလျက် ရယ်ချင်လွန်း၍ ပြုံးလိုက်မိသည်။

ယုမိစံသည် မောင်မောင်၏ အပြုံးမျက်နှာကလေးကို အားမလို အားမရ နှစ်သက်စွာ စိုက်ကြည့်လျက် ရှိသည်။ ပြုံးလိုက်မှ ကလေး



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်၏ ဖြူစင်သော အပြုံးကလေး ပွင့်ပေါ်လာရုံမက၊ မျက်လုံးများပါ တောက်ပ ပြုံးရယ်သွားပုံကို နှစ်သက်လွန်း၍ ချစ်စရာကောင်းလိုက်တာဟု စိုက်ကြည့်လိုက်မိသည်။

'ငှက်တိုက်လား ဆရာ၊ ငှက်တိုက် ခေါ်သလား'

ယုမိစံသည် မှတ်မိအောင် သူ့နှုတ်မှ ငှက်တိုက်၊ ငှက်တိုက်ဟု မပီကလာ ပီကလာဖြင့် ရွတ်ဆိုကြည့်လျက် မှတ်ထားလိုက်သည်။

'တစ်ခါတစ်ခါ ကိုယ်က ပြောချင်တယ် ဆရာ၊ ပြောနေရင်း စကားလုံးက ပြောနေတုန်းက ရှာမရလို့ ဒုက္ခပါပဲ'

ယုမိစံသည် ရယ်လည်းရယ်၏။ မျက်လုံးကလေးများ မှေး၍ ညည်းလည်း ညည်းပြော၏။ သံရှည်ဆွဲ၍ ဒုက္ခပါပဲဆိုသော ညည်းသံကလေးသည် ပီသလွန်းသဖြင့်၊ ဦးသက်လွင်၏ နားထဲ၌ ကရုဏာရသ မြောက်၍ သွားသည်။

'ဆက်ပြောပါ ဆရာမ၊ ဒီလိုပေါ့ ဆရာမရယ်၊ ကိုယ့်ဘာသာ စကားမှမဟုတ်ဘဲ၊ အခက်အခဲ ရှိတာပေါ့။ ဒီလိုပြောမှလည်း မှားရင်ပြင်ပေးမယ့်သူ ရှိတော့ ပိုပြောတတ်လာမှာပေါ့။ ဆရာမ မြန်မာစကား အများကြီးပြောနိုင်ပါတယ်၊ ပြောပါ'

ဦးသက်လွင်က ဘာသာစကား အခက်အခဲအတွက် ယုမိစံ စိတ်မညစ်စေရန် အားပေးစကား ပြောလိုက်သည်။ ဦးသက်လွင် အားပေးချက်ဖြင့် ယုမိစံသည် တဖြည်းဖြည်း အားရှိလာလျက် ပုံပြင်ကို ဆက်၍ပြောသည်။

'နောက်တစ်ယောက်က ချစ်တယ် ကြိုက်တယ် လာပြောပြန်ရော။ ဒီတော့ သူက ပြန်ပြောတယ်တဲ့၊ တရုတ်ပြည် ပင်လယ်နက်ထဲကတဲ့၊ သစ်ပင် သစ်ပင်လေ၊ မြန်မာလို ဘယ်လိုခေါ်တယ် မဆွန်နိုင်ဘူး။ အဲဒီသစ်ပင်ကို ယူပြီး ရွှေနဲ့ လက်စွပ်လုပ်ပေးရင် သူ လက်ထပ်မယ်တဲ့'

ဦးသက်လွင်မှာ အမိပ္ပာယ် နားမလည်၍ ပင်လယ်ထဲက ဘာသစ်ပင်လဲဟု သိပ်ကို သိချင်မိ၏။ ပင်လယ်နက်ထဲကဆိုတော့ ရေညှိများလား၊

www.burmeseclassic.com



မှော်လား၊ သူ့အတွေးနှင့်သူ ရှိနေစဉ် 'ဂျပန်လို "ဆန်းဂေါ်"ကို မြန်မာစကား ဘယ်လိုပြောမလဲ မသိဘူး ဆရာ'ဟု ယုမိစံက ညည်းနေပြန်သည်။

ဦးသက်လွင်သည် ခေါင်းထဲ၌ အတွေးပေါ်လာ၍ ဝင်းလက်သွားသော မျက်လုံးများဖြင့် အဓိပ္ပာယ်အနက် ဖော်ပေးလိုက်သည်။

'ဆရာမ ရေညှိ၊ ပင်လယ်ရေညှိ'

'ရေညှိ မဟုတ်ဘူး ဆရာ'

ရေညှိ စကားလုံးတော့ ယုမိစံ သိသည်။ ဂျပန်အခေါ် "ဆန်းဂေါ်" ကို ဘာသာပြန်၍ ပြောရန် အခက်အခဲ ဖြစ်နေပြန်လေသည်။

'ပင်လယ်နက်ထဲက သစ်ပင်ဆိုတော့ ဆရာမရယ်၊ ရေညှိပဲ ဖြစ်နိုင်မယ်။ သူ့မှာ အရောင်ရှိသလား'

ယုမိစံက ခပ်သွက်သွက် ပြန်ပြောလိုက်သည်။

'ရှိတယ် ဆရာ၊ အစိမ်းရောင် အနီရောင် ရှိတယ်။ ရွှေနဲ့လုပ်ပြီး လက်စွပ်ဝတ်ဖို့ သိပ်လှတယ်'

'ဟာ. . . ဆရာမ၊ ကျောက်ပန်းကျောက်ခက် ဖြစ်လိမ့်မယ်'

ယုမိစံသည် တောက်ပသော မျက်လုံးအစုံဖြင့် ဆွေ့ဆွေ့ခုန်လျက် ဝမ်းသာသွားသည်။

'ဟုတ်ပါတယ် ဆရာ. . . ကျောက်ခက်ပါ၊ ကျွန်မ ကျောက်ခက် ပြောဖို့ ပါးစပ်က မြန်မြန်ထွက်လို့ မရပါဘူး'

သံပြိုင် ရယ်မောကြလေသည်။ ဦးသက်လွင်နှင့် ယုမိစံတို့သာ ပြိုင်တူ ရယ်မောလိုက်ကြသည်။ မောင်မောင်သည် ရယ်မောသံများကို နားကလော လျက်ရှိသည်။ ရယ်သံတို့သည် သူ့အား ပမာမထားဘဲ သူ့ရှေ့၌ အကြည် ဆိုက်၍ နေကြသယောင်ပင် စိတ်ထဲ၌ ပြုငြင်လျက်ရှိသည်။

'သူဟာ လူမဟုတ်ဘူး၊ မိုးပေါ်ကလာတဲ့ နတ်သမီးပါလို့ ပြောဖို့ ခက်တော့ သူ့ကို ချစ်တဲ့ကြိုက်တဲ့ လူတွေကို လူမသွားနိုင်တဲ့နေရာတွေကိုမှ ရွေးပြီး ပြောနေတာပဲ။ ဒီမိန်းကလေးက လူ့ပြည်မှာ သူ ကြာကြာနေရမှာ

www.burmeseclassic.com



မဟုတ်မှန်း သူ သိတယ်။ လပြည့်နေ့ည လသာလာပြီဆိုရင် ဖိုးလမင်းကြီးကို သူ ငေးကြည့်ပြီးတော့ ငိုနေတတ်တယ်'

ယုမိစံသည် ပြောရင်း အသံကလေး တိမ်ဝင်သွားလျက် မျက်နှာကလေး ညှိုးလာကာ၊ တကယ်ပင် ငိုတော့မည့် အသွင်ကဲ့သို့ ရှိလာသည်။ တစ်ချိန်လုံး သူကြိုးစား၍ ပြောပြနေပါလျက် မောင်မောင်က စိတ်ဝင်စားပုံမပြ၊ ရင်းနှီးမှု မပြဘဲ စိမ်းကားလှစွာ သူကြည့်လိုက်တိုင်း မျက်လုံးချင်း မဆိုင်ရအောင် မျက်နှာလွှဲလိုက်ခြင်းကို ငိုချင်မိသည်။

ပုံပြင်ကိုလည်း နားထောင်ရင်း မောင်နှမနှစ်ယောက်၏ အကဲကို ကြည့်လျက်၊ တစ်ချိန်မှ အလစ်မပေးသော ဦးသက်လွင်မှာ ယုမိစံ၏ ဝမ်းနည်းမှု အမူအရာလေးကို အဓိပ္ပာယ် ပေါက်မိသည်။ အဓိပ္ပာယ် မပေါက်သူမှာ မောင်မောင် ဖြစ်သည်။ ကျောင်းဆရာမ လုပ်နေပြီး စိတ်နုလိုက်တာ၊ ပုံပြင်ထဲက နတ်သမီးငိုတာနဲ့ သူကပါ ငိုချင်လာသလားဟု တွေး၍ စိတ်ထဲ၌ လှောင်၍နေသည်။

'သူ့အဖေ အမေ၊ အဘိုးကြီး အမယ်ကြီးက လသာတိုင်း ဖိုးလမင်းကြီးကို ကြည့်ပြီး ငိုတာ ဘာဖြစ်သလဲ မသိလို့ စိတ်ပူလာကြသည်။ သူ့ကို ချောင်းကြည့်ပြီး သူ ငိုတာတွေ့တော့ မေးကြတယ်တဲ့။ ဖိုးလမင်းက တစ်နေ့ သူ့ကို ပြန်ခေါ်လိမ့်မယ်၊ အဖေနဲ့ အမေကို မခွဲနိုင်တဲ့အတွက် ငိုပါတယ် ဆိုပြီး ငိုပါလေရော။ အဘိုးကြီးနဲ့ အမေကြီးကို သံယောဇဉ် အရမ်းဖြစ်နေတယ် ဆရာ'

'အောင်မယ်. . . ဂျပန်ဆရာမက သံယောဇဉ် စကားလုံးတွေ ဘာတွေများ ပြောလို့'

ယုမိစံ ပြောလိုက်သော သံယောဇဉ် စကားလုံးသည် မောင်မောင်၏ နားထဲ၌ စကားလုံး ထွားလွန်းလှသည်။ သံယောဇဉ် စကားလုံးများတောင် သုံးတတ်သလားဟု အံ့ဩသော်လည်း စိတ်ထဲက ခပ်ချဉ်ချဉ် ဖြစ်သွားသည်။

'တိုင်းပြည်မှာ သူ အလှဆုံးဖြစ်တာကို ရှင်ဘုရင်က သူ့အကြောင်း



BURMESE CLASSIC .com

www.burmeseclassic.com



သိတယ် ဆရာ၊ ဒါကြောင့် လပြည့်နေ့မှာ သူ့ကို ဘယ်သူမှ မခေါ်နိုင်အောင် လို့ လက်နက်ကိုင် စစ်သားတွေ ဝိုင်းစောင့်ခိုင်းထားတယ်။ အဘိုးကြီးနဲ့ အဘွားကြီးကလည်း သူ့ကို တစ်ညလုံး ဖက်ထားကြတယ်။ ဒါပေမဲ့ နတ်ပြည်က နတ်သားက သူ့ကို လာခေါ်တယ်။ နတ်သားလာတော့ စစ်သားတွေဟာ လေဖြတ်တဲ့ လူလိုပဲ၊ သေနတ်ပစ်ဖို့ နေနေသာသာ သူတို့ကိုယ်ဟာ လှုပ်လို့ကို မရဘူးတဲ့၊ နတ်က တန်ခိုးနဲ့လုပ်ထားတယ် ဆိုပါတော့။ ဒီနတ်သမီးလေးက နတ်သားနောက်ကို လိုက်မသွားခင် အရမ်းအရမ်း ငိုပြီးတော့ အဘိုးကြီးနဲ့ အမယ်ကြီးကို ဆေးဘူးကလေး ပေးခဲ့တယ်။ ဒီဆေးကို စားပါတဲ့၊ ဒီဆေး စားရင် အသက်ရှည်ပြီး ဘယ်တော့မှ မသေဘူးတဲ့၊ ပြောပြီး ပေးသွားပါတယ်၊ နတ်သမီးလေးကို ခေါ်သွားတော့မှ စစ်သားတွေက လှုပ်ရှားလို့ ရလာတယ်'

ယုမိစံသည် ဤနေရာ၌ စကားရပ်လိုက်သည်။ ဒူးအောက်မှ ထဘီအပေါ်ဖုံးသည် တစ်ဖက်သို့ ရွဲ့ဖယ်နေခြင်းကြောင့်၊ ကိုယ်ကလေးကို အလျင်အမြန် ကုန်းလျက် ထဘီအောက်သားကို အတွင်းသို့ လက်ဖြင့် ထိုးသွင်းပြီးမှ၊ အပေါ်ဖုံးကို အောက်နားနှင့် တစ်ညီတည်းဖြစ်ရန် အစချင်း ညီနေအောင် ဆွဲဖုံးလိုက်သည်။

ယုမိစံ ထဘီပြင်လိုက်သော အပြုအမူသည် မောင်မောင့်မျက်စိထဲ၌ စူးသွားသည်။

"ဟန်ကတော့ တကယ့် မြန်မာမ အတိုင်းပဲ"ဟု မရှုဆိတ်သည့် စိတ်ကြားထဲက မိန်းမပီသမှု၊ မြန်မာဆန်ခြင်းကိုတော့ ဝန်ခံမိလျက် ရှိသည်။

ဦးသက်လွင်သည် ယုမိစံ ထဘီပြင်လိုက်ပုံကို ငေးငေးလေးစိုက်ကာ ကြည့်လိုက်သည်။

ယုမိစံသည် အရေးတကြီးပြင်ပြီးမှ ဒူးပေါ်တွင် လက်ကလေးနှစ်ဖက်ကို ပတ္တာချိတ်ဆက်လျက် ချထားသော ပုံပြင်ကို ဆက်၍ပြောသည်။

'အဘိုးကြီးနဲ့ အမယ်ကြီးလည်း အရမ်းငိုပြီး သူမှမရှိဘဲ တို့အသက်



BURMESE CLASSIC .com

www.burmeseclassic.com



ရှင်နေလို့ တို့မှာသာ သူ့ကို အောက်မေ့လို့ ပိုပြီး ဒုက္ခရောက်နေဦးမယ်၊ ဒါကြောင့် သူမှ မရှိတော့ဘဲ အသက်ရှင်ဖို့ ဘာကိစ္စ ဒီဆေးကို စားရမှာလဲ ဆိုပြီး ဒီဆေးကို ဖူဂျီယားမားတောင်ကို လွှင့်ပစ်လိုက်တယ်။ ဒီအတွက်ကြောင့် ဖူဂျီယားမားတောင်ကြီးဟာ ဘယ်တော့မှ မသေပါဘူးတဲ့၊ ဘယ်ရာသီပဲ ဖြစ်ဖြစ်၊ ဘယ်လမှာပဲ ကြည့်ကြည့် သိပ်လှတယ်လို့ ရိုးရာပုံပြင်ကလေးက ဆိုပါတယ် ဆရာ'

ယုမိစံသည် ဤပုံပြင်ကို အပြီးသတ်လိုက်ရသည်ပင် စိတ်ထဲ၌ မချင့် မရဲ ဖြစ်နေမိသည်။ မောင်မောင် စိတ်ဝင်စားသည် ဖြစ်စေ၊ မဝင်စားသည် ဖြစ်စေ သူ့မောင်လေးနှင့် သူ အတူထိုင်၍ ဂျပန်ပုံပြင်များကို မဆုံးနိုင် အောင် တစ်ပုံပြီးတစ်ပုံ ထိုင်ပြောပြနေချင်မိသည်။

'ဒီပုံပြင်ကို မောင်မောင် ကြိုက်ကဲ့လား. . . ဟင်'ဟု မေးချင်လွန်း၍ မောင့်မောင့်ကို မေးမိအောင် မေးကြည့်လိုက်သည်။

မောင်မောင်သည် ဤမေးခွန်းကို ဖြစ်နိုင်လျှင် မကြားချင်ယောင်ဆောင်၍ နေလိုက်ချင်သည်။ ဦးသက်လွင် ရှိနေ၍ မကြားချင်ယောင်ဆောင် ၍လည်း မကောင်း။ ဦးသက်လွင်၏ နိုင်ငံခြား ဧည့်သည်အဖြစ် အစ်ကိုကြီး မျက်နှာကို ထောက်ထားရမည်မှန်းတော့ သူ သိသည်။ မကောင်းတတ်လွန်း သဖြင့် မဖြေချင့် ဖြေချင် ဖြေလိုက်သည်။

'ကြိုက်ပါတယ်'

ယုမိစံ ကျေနပ်သွားသည်။ အမှန်စင်စစ် ဖူဂျီးယားမားပုံပြင်ကို မောင်မောင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မောင်မောင့်နှုတ်မှ ကြိုက်ပါတယ်ဆိုသော စကားကလေး တစ်ခွန်းဖြင့် တုံ့ပြန်ဖော် ရရှိခြင်းအတွက် ဝမ်းမြောက်လှလွန်း၍ မျက်နှာကလေး ဝင်းချိုသွားလေသည်။

ဦးသက်လွင်သည် ယုမိစံကိုတစ်လှည့်၊ မောင်မောင့်ကိုတစ်လှည့် ကြည့်လျက်ရှိသည်။ မောင်မောင် အဖြေကို ကြားလိုက်ရမှ စိတ်သက်သာမှု ရရှာသည်။ ဝင်းချိုသွားသော ယုမိစံ၏ မျက်နှာလေးကို တွေ့လိုက်ရ၍

www.burmeseclassic.com



သူ့ရှေ့၌ မောင်နှမနှစ်ယောက် သူစိမ်းပြင်ပြင် ဆက်ဆံလျက် ရှိပုံကို ကြည့်လျက်၊ မကြည့်ရက်အောင် ဖြစ်လာသည်။

ဘယ်ဘဝ၊ ဘယ်ရေစက်၊ ဘယ်အကြောင်းကံကြောင့် သူတို့ မောင်နှမနှင့် သူ ကြုံရလေသနည်းဟု တွေးတောလိုက်မိသည်။

'ရိုးရာပုံပြင်လေးတွေဟာ နိုင်ငံတိုင်းမှာ ရှိကြတာပဲ ဆရာမ၊ အထူး သဖြင့် ကျွန်တော်တို့ အရှေ့တိုင်းက ရိုးရာ ပုံတိုပတ်စလေးတွေဟာ ယုတ္တိရှိရှိ မရှိရှိ အဓိပ္ပာယ် တစ်ခုခုကိုဆောင်ပြီး ဖွဲ့ထားတော့. . . ဆွဲဆောင်မှုရှိပြီး နှစ်သက်စရာကောင်းတဲ့ ပုံပြင်ကလေးတွေချည်းပဲ။ ဆရာမက မြန်မာစကား အပြောကောင်းတော့လည်း ပုံပြင်ကလေးတွေက ပိုပြီး ပီပြင်ပါတယ်'

'မြန်မာစကား ညံ့ပါသေးတယ်ဆရာ၊ ဒါပေမဲ့ အိုစကာတက္ကသိုလ် မှာတော့ ကျွန်မ မြန်မာစာအတော်ဆုံး၊ စာမေးပွဲမှာ ဂုဏ်ထူးနဲ့ချည်း အောင် တယ်'

'ဆရာမ မညံ့ပါဘူး၊ တော်ပါတယ်။ ဆရာမတို့ကို မြန်မာစာသင်တဲ့ ပါမောက္ခက မြန်မာစာ တော်တော်တတ်သလား'

'တတ်ပါတယ် ဆရာ၊ ပါမောက္ခ မြန်မာစကားပြောရင်. . . မြန်မာစာ သင်ရင် ဂျပန်အသံ လုံးလုံးမရှိဘူး၊ စစ်မဖြစ်ခင်က မြန်မာပြည်မှာ မွေးတယ်၊ မြန်မာပြည်မှာ ကျောင်းနေတယ်၊ ၁၆ နှစ်သား ရန်ကုန်တက္ကသိုလ် တစ်နှစ် နေပြီးမှ စစ်မဖြစ်ခင်ဘဲ ဂျပန် ပြန်ရောက်တာပါ'

'ဒီလိုဆို ပါမောက္ခ တတ်တာပေ့ါ ဆရာမ'

ယုမိစံက ပြုံးတုံးတုံး မျက်နှာလေးဖြင့် မောင်မောင့်ကို ဝေ့၍ ကြည့်ပြီး မှ ပြောလိုက်သည်။

'မြန်မာစာကို ကျွန်မ သိပ်တတ်ချင်တော့. . . ပါမောက္ခ မြန်မာစာ တတ်တဲ့အတိုင်း တတ်ချင်ပါတယ် ပြောမိပါတယ်။ ပါမောက္ခက မင်း ဒါလောက် တတ်ချင်နေရင် မြန်မာပြည်ကို သွားစမ်းပါ. . . ပြောပါတယ်။ ကျောင်းမှာ လေးနှစ်လုံးလုံး ပါမောက္ခက ကျွန်မကို ဂျပန်စကား တစ်ခွန်းမှ

www.burmeseclassic.com



မပြောပါဘူး၊ ကျွန်မ မြန်မာစကား သိပ်တတ်ချင်မှန်းသိလို့ ကျွန်မကို မြန်မာစကားပဲ ပြောပါတယ်'

ကိုမြဖေသည် လက်ဖက်ရည်ပွဲကို လာချပေးသွားပြီး၊ ယုမိစံပြော သောပုံပြင်ကို ထိုင်၍ နားထောင်နေကြသော ညီအစ်ကိုနှစ်ယောက်စလုံး အားငဲ့စောင်းကြည့်သွားလေသည်။ သူ့စိတ်ထဲ၌ ယုမိစံသည် နိုင်ငံခြား ဂျပန်သူမဟုတ်တော့ဘဲ ဤအိမ်၌ရှိသော အိမ်ရှင်မအသွင်၊ မိသားစု ဝိုင်းထိုင်လျက် ပုံပြောနေကြဟန်၊ သူ့ အတွေးဖြင့် သူပြုံး၍ ထွက်လာသည်။

ယုမိစံတို့ လက်ဖက်ရည် သောက်ကြလျှင် နေရာမှ ထလစ်သွားရန် မောင်မောင် ကြံစည်နေဆဲ၊ ယုမိစံက သတိရ၍ ကောက်ပြောလိုက်သည်။

'နေရောင် ကောင်းပါတယ် ဆရာ၊ ဆရာနဲ့ မောင်မောင့်ကို ဓာတ်ပုံရိုက်ပါရစေ၊ ကင်မရာ ယူလာပါတယ်'

မောင်မောင် မျက်နှာပျက်သွားသည်။ ဂျပန်လူမျိုး လက်ထဲ၌ သူ့ဓာတ်ပုံ မရှိစေချင်၍ ခါးခါးသီးသီးကြီး ငြင်းပစ်သည်။

'ကျွန်တော် မရိုက်ချင်ဘူး. . . အစ်ကိုကြီးရယ်၊ အစ်ကိုကြီးပဲ ရိုက်ပါ'

'နှစ်ယောက်အတူ ရိုက်ချင်ပါတယ် မောင်မောင်၊ မြန်မာပြည်မှာ မမနဲ့ ချစ်ခင်တဲ့သူများကို အမှတ်တရ ဓာတ်ပုံရိုက်ချင်ပါတယ်'

ယုမိစံက မောင်မောင် မငြင်းစေရန် ဝင်၍ တောင်းပန်သည်။ မျက်နှာပုပ်နေသော မောင်မောင်သည် သူ့ခေါင်းကို ယမ်းခါလျက်သာ နေသည်။

'မင်းကလည်းကွာ. . . ဒါလောက် ဆရာမ တောင်းပန်နေတာ ရှက်မနေပါနဲ့၊ အစ်ကိုကြီးနဲ့ အတူတူ ရိုက်တာပဲဟာ'

'မရိုက်ချင်ပါဘူး အစ်ကိုကြီးရယ်. . . အစ်ကိုကြီးပဲ ရိုက်ပါ'

ယုမိစံသည် မောင်မောင့်ကို တစိမ့်စိမ့်ကြည့်လျက် ငြင်းဆန်မှုကို ဝမ်းနည်းနေဟန် ရသည်။

'လာပါကွ၊ မင်းကလည်း ဒါလောက် ပြောနေတာများ'

မောင်မောင် ထပ်၍ မငြင်းစေရန် ဦးသက်လွင်က အသံမာမာဖြင့် ပြောလိုက်တော့မှ၊ အိမ်ရှေ့ဝရန်တာသို့ မောင်မောင် ထလိုက်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံ ချိန်ထားသော ပုံထဲ၌ ညီအစ်ကိုနှစ်ယောက် ယှဉ်လျက် ရပ်နေရာတွင်၊ ဦးသက်လွင်၏ မျက်နှာသာ ကောင်းမွန် ကြည်လင်နေသည်။ မောင်မောင်၏ မျက်နှာမှာ မှုန်းတီးခြင်း၊ ရွံ့ရှာခြင်း၊ ခက်ထန်ခြင်း၊ မကျေနပ်ခြင်းတို့ကို စုရုံး ဖော်ပြထားခြင်းဖြင့် ရုပ်ဆိုးလျက် ရှိသည်။

ယုမိစံသည် ဓာတ်ပုံရိုက်ခွင့်ရ၍ ဝမ်းမြောက် ကျေနပ်စွာဖြင့် အိမ်ပြန်လာခဲ့သည်။ ကားထွက်ခါနီး ဦးသက်လွင်က 'တဖြည်းဖြည်းပေါ့ ဆရာမ'ဟု အားပေး နှစ်သိမ့်လိုက်ရှာသည်။

မောင်မောင်တို့အိမ်မှ ပြန်ရောက်လာသော ယုမိစံကို ဒေါ်အောင်မေက တံခါးဝမှ ဆီး၍ကြိုသည်။

'မယု. . . တွေ့ခဲ့ရဲ့လား'

'တွေ့တယ်. . . ဩဘားစံ'

'မယု မြန်မာလိုဝတ်လာတာ သူ သဘောကျတယ် မဟုတ်လားဟင်'

ယုမိစံသည် ထိုမေးခွန်းကို နှုတ်ဖြင့်ပင် မဖြေဘဲ၊ လက်ကိုထောင်၍ လက်ညှိုးကလေး ကွေးပြလိုက်သည်။

ယုမိစံ၏ နွမ်းနယ်နေသော မျက်နှာကလေးနှင့် လက်ညှိုးကွေးကွေး ကလေးကို တစ်လှည့်စီကြည့်၍ ဒေါ်အောင်မေက မေးပြန်သည်။

'ဘာဖြစ်လို့လဲ. . . ပြောစမ်းပါဦး'

ယုမိစံသည် လက်ကိုချလျက် သက်ပြင်းကို ပြင်းစွာ ရှိုက်ချလိုက် သည်။

'သူနဲ့ အတူနေတဲ့၊ သူ့ကို မွေးစားထားတဲ့ ကျောင်းဆရာက မယု မြန်မာလို ဝတ်ထားတာ သိပ်လှတယ် ပြောတယ်။ သူကတော့ မြန်မာ အဝတ်အစားဟာ မြန်မာမ ဝတ်မှပဲ ကြည့်ကောင်းတယ်တဲ့၊ ပြောပြီး သူ့ မျက်နှာက ဩဘားစံ. . . ကြည့်ပါ. . . ဒီလို. . . ဒီလို'

ယုမိစံသည် မျက်ခုံးရှုံ့လျက်၊ နှုတ်ခမ်းကလေးစူကာ မျက်နှာအိုး၍ ပြလိုက်ပြီးမှ သူ့အိပ်ခန်းသို့ လျှောက်သွားသည်။

www.burmeseclassic.com



ယုမိစံ သရုပ်ဖော်ပြပုံကို တစိမ့်စိမ့်ကြည့်လျက် ဒေါ်အောင်မေမှာ ကြားထဲက စိတ်မကောင်းဖြစ်ကာ ယုမိစံနောက်မှ အခန်းထဲသို့ ဝင်လိုက်သွားသည်။

ယုမိစံသည် မှန်ရှေ့၌ရပ်လျက် သူ့ကိုယ်သူ ပြန်၍ ကြည့်သည်။

မှန်ထဲ၌ စိတ်ပျက်လာသော သူ့ရုပ်ကိုကြည့်လျက်၊ သူ့စိတ်ကို ထပ်ကာထပ်ကာ တင်း၍၊ အောက်နှုတ်ခမ်းကလေးကို ခပ်ဖိဖိကလေး ကိုက်လိုက်သည်။

'ဖြစ်မှဖြစ်ရလေ မယုရယ်၊ မယုကို မြန်မာအဝတ်နဲ့ ကြည့်မကောင်းဘူး ပြောတာ တမင် အရွဲ့တိုက် ပြောတာပါ'

'ဒါပေါ့၊ တမင် ပြောတာပေါ့၊ ဂျပန်ကို သူ သိပ်မုန်းနေတယ်'

ယုမိစံ၏ အသံသည် စူးစူးပေါက်ပေါက်ဖြင့် ကျယ်လောင်သွားသည်။

ယုမိစံသည် အဝတ်လဲရင်း မျက်နှာမကောင်း ဖြစ်လာပြန်သည်။ ဒေါ်အောင်မေ မျက်နှာကို ကြည့်၍ မျက်ရည်ကလေး လည်လည်ဖြင့် ပြောလိုက်ပြန်သည်။

'ယုမိ သူ့ကို ဓာတ်ပုံရိုက်ခဲ့တယ်၊ မျက်နှာက နဂိုမျက်နှာ မဟုတ်ဘူး၊ ဘယ်လို မျက်နှာမှန်းလဲ မဆိုနိုင်ဘူး၊ ဒီဓာတ်ပုံကို ဩဘားစံ မြင်ရင် ငိုမှာပဲ'

ယုမိစံသည် အဝတ်လဲပြီး ခုတင်ပေါ်၌ ထိုင်ချလိုက်သည်။ အနား၌ ရပ်နေသော ဒေါ်အောင်မေက မျက်နှာညှိုးငယ်ငယ်ဖြင့် မေးလိုက်သည်။

'သူ့ဆီကို နောက် မယု ဘယ်တော့သွားဦးမလဲ'

'မယုကို သူတို့အိမ်မှာ မနက်ဖြန် ထမင်းစား ဖိတ်ထားတယ်၊ မြန်မာလို လက်နဲ့စားမှ ကောင်းမယ် မဟုတ်လား၊ လက်နဲ့စားတာ သင်ပြပါဦး'

ဒေါ်အောင်မေသည် ညစာစားပွဲပြင်ကာ ယုမိစံကို လက်ဖြင့် စားစေသည်။ ထမင်းလုတ်ယူနည်း၊ စားနည်းတို့၌ ရှိအပ်သော ယဉ်ကျေးသိမ်မွေ့မှု သဘောကို ပေါ်လွင်ရန် သူကိုယ်တိုင် ထိုင်စားပြကာ သေသေသပ်သပ် ဖြစ်အောင် စားခိုင်းသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ဒေါ်အောင်မေနှင့် ထပ်တူထပ်မျှဖြစ်အောင် ဟင်းရည် ဆမ်းဟန်၊ ထမင်းလုတ်ယူဟန်၊ ထမင်းစေ့များ လက်၌ မကပ်စေရန် သိမ်သိမ်မွေ့မွေ့ ဖြစ်သထက်ဖြစ်အောင် အတုယူကာ ကြိုးစားလျက် စားကြည့်ရသည်။

## ၉ (ခ)

ဆရာဦးသက်လွင်သည် သူ့အိမ်၌ နိုင်ငံခြားဧည့်သည် ထမင်းကျွေးရန် တစ်နေ့လုံး စိတ်မောလျက် ရှိသည်။

အိမ်၌ ဧည့်ကောင်းစောင်ကောင်း ထမင်းကျွေးရန် ပန်းကန် ခွက်ယောက် လှလှပပ မရှိမှန်း၊ နိုင်ငံခြားဧည့်သည့်ကို ထမင်းကျွေးရမည် ဆိုတော့မှ သတိပြုမိသည်။ အိမ်နံရံက ပင့်ကူမျှင်တွေလည်း ယနေ့မှ မြင်မိသည်။ ကြမ်းပေါ်က ဖုန်တွေ၊ အမှိုက်တွေလည်း ယနေ့မှ မျက်စိ ရှုပ်သည်။ ဖုန်သုတ်ရ၊ ကြမ်းလှည်းရ၊ ဟိုပန်းကန် သည်ပန်းကန် ရွေးရ၊ ဟိုဖန်ခွက် သည်ဖန်ခွက် ပြောင်းရ။ အရေးထဲ လက်သုတ်ပဝါများကလည်း ဒိုဘီချ မရှိ။ လက်ဆောင် ရထားသော မုဒ့်အကွက် စားပွဲခင်းကို အရေးပေါ် လက်သုတ်ပဝါ အရွယ်ဖြတ်၍ ချုပ်ခိုင်းရသည်။

အိမ်၌ ဧည့်သည် ထမင်းကျွေးလျှင် မောင်မောင်က ကူညီ၍ လုပ်ပေး ရသည့်အတိုင်း၊ မီးဖိုထဲ၌ ကိုမြဖေကို ဝိုင်းကူပေးရသည်။

အုန်းထမင်း၊ ကြက်သားဟင်း၊ ပုစွန်ကြော်၊ ငါးကြော်၊ ငါးဖယ်သုပ်၊ ဟင်းချို စသည့် ဟင်းမည်များချက်ရန် ဦးသက်လွင်က စီစဉ်ပေးသည်။

ကိုမြဖေ အလစ်တွင် မောင်မောင်သည် ကြက်သားဟင်းအတွက် ငရုတ်သီးကို လိုအပ်သည်ထက် ပို၍ ထောင်းထည့်လိုက်သည်။ ငါးဖယ်သုပ် အတွက် ရှောက်ရွက်ရိတ်ရိတ်လှီးရာ၌လည်း၊ ငရုတ်သီး မိုးမျှော်အတောင့် ကလေးများကို ရိတ်ရိတ်ကလေး လှီးလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"မြန်မာအစာ ကြိုက်ပါတယ်၊ အစပ် စားနိုင်ပါတယ်ဆိုတာ စားပြစမ်းကွာ. . ."ဟု ငရုတ်သီးလှီးရင်း သူ့စိတ်ထဲကလည်း ကြိမ်းလိုက်သေး၏။

'ဟော့. . . ဟော့. . . မောင်မောင် ဘယ့်နှယ်လုပ်တာလဲ'

ကိုမြဖေသည် မောင်မောင် လှီးနေသော မိုးမျှော်ငရုတ်သီးစိမ်းများကို မြင်လိုက်၍ အလန့်တကြား မေးလိုက်သည်။

'ငရုတ်သီးစိမ်း လှီးတာလေ၊ ဘာဖြစ်တာလဲ။ မဟတ္တာက အစပ်စားနိုင်တယ်တဲ့ ခင်ဗျ'

မောင်မောင်က ကိုမြဖေအလစ် လှီးနေခိုက်၊ ကိုမြဖေ မြင်သွား၍ လူမိသွားသောကြောင့် မျက်နှာခပ်ရွဲ့ရွဲ့ဖြင့် ပြောလိုက်သည်။

'အစပ်စားနိုင်လည်း ဒီအစပ်တော့ မထည့်ပါနဲ့ကွာ၊ သူ့ခမျာ ဒီအစပ်မျိုး ဘယ်စားနိုင်မလဲကွ၊ သိပ် စပ်သွားရှာမှာပေါ့'

ကိုမြဖေသည် မောင်မောင် လှီးထားသော ငရုတ်သီးစိမ်းများကို ယူကျုံး၍ ဖယ်ပစ်လိုက်သည်။ မောင်မောင့်မှာ ဇွတ်လုပ်ရန် မတော်၍ ကြည့် နေလိုက်သည်။ ကြက်သားဟင်းထဲ အပိုထည့်ထားခြင်းကြောင့် ငရုတ်သီး စိမ်း မထည့်ရလည်း အရေးမကြီးပုံ နေပြလိုက်သည်။

ညနေပိုင်း ယုမိစံ ရောက်လာချိန်၌ မောင်မောင်၏ မျက်နှာသည် သုန်မှုန်မနေဘဲ ဣန္ဒြေရရကလေး ဖြစ်နေသည်။

ယုမိစံသည် ဦးသက်လွင်ကို လှိုက်လှိုက်လှဲလှဲ ကိုယ်ကလေး ကုန်းညွတ်၍ ဂါရဝပြုကာ ကြည်အေးသော အပြုံးလေးဖြင့် နှုတ်ဆက်သည်။

ယုမိစံကိုယ်၌ အကျႌအဖြူ ဇင်းမယ်အစိမ်းရင့်ရင့် လုံချည်ဖြင့် မြန်မာ ဝတ်စုံ ဝတ်ဆင်ထားပုံသည်။ ယမန်နေ့ကကဲ့သို့ပင် ကျက်သရေရှိလျက် လှပသိမ်မွေ့နေသည်။

ယုမိစံသည် ဧည့်ခန်း၌ ဝင်ထိုင်ပြီး မောင်မောင်ကို လှမ်း၍ ရှွန်းရှွန်းစားစား ကြည့်ကာ ပြုံးပြလိုက်သည်။ မောင်မောင်သည် အလုပ်များနေဟန်ဖြင့် ယုမိစံ၏ အပြုံးကို မမြင်ချင်ယောင်ပြု၍၊ မီးဖိုဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဒီနေ့တော့ မောင်မောင် အလုပ်များနေတယ် ဆရာမ၊ အိမ်မှာ ဧည့်သည် ထမင်းကျွေးရင် သူပဲ ဝိုင်းလုပ်ပေးရတာပဲ။ ထမင်းဟင်းလည်း ချက်တတ်တယ်၊ ကျွန်တော့်အိမ်မှာ တစ်ခါတစ်ရံ လူမရှိရင် သူပဲ ကျွန်တော့် ကို ချက်ကျွေးတယ်'

ဦးသက်လွင်သည် ကုလားထိုင်၌ ဝင်မထိုင်မီ ရှင်လန်းအားရ ပြောပြီး မှ ထိုင်ချသည်။

'ဟုတ်လား ဆရာ၊ လိမ္မာတာပေါ့။ ဆရာတို့အိမ်မှာ မိန်းမ မရှိတော့ မိန်းမအလုပ်တွေလည်း သူ တတ်ရမှာပေါ့'

ယုမိစံမှာ သူ့မောင်လေးကိုယ်တိုင် ဝိုင်းကူချက်ပြုတ်ပေးသည့် ထမင်း ဟင်းလျာများကို၊ သူ စားရတော့မည်ဟု စိတ်ထဲ၌ ကြည်နူးသွားသည်။

'ရှေ့အပတ်ဆိုရင် ဂျပန်ကို ဓာတ်ပုံတွေ ပို့နိုင်ပါမယ်၊ အိုဘားစံ (အဘွား)တော့ သူ့မြေးကိုမြင်ရင် သိပ်ချစ်မှာပဲ ဆရာ။ ကျွန်မစာမှာ သူ့ အကြောင်း ဖတ်ရရင်တော့ ဝမ်းနည်းမလား. . . '

ယုမိစံမှာ ဆုံးအောင်မပြောဘဲ စကားရပ်ထားလိုက်သည်။ ဦးသက် လွင်အိမ်၌ ထမင်းစားခန်းဟူ၍ သီးခြားအခန်း မရှိဘဲ၊ အိပ်ခန်း အပြင်ဘက် နေရာ၌ စားပွဲ ကုလားထိုင်များချ၍ ထမင်းစားခန်း လုပ်ထားသဖြင့်၊ ထမင်း စားခန်း နေရာကို ဧည့်ခန်းမှ အတိုင်းသားမြင်နေရသည်။

မောင်မောင်သည် ထမင်းစားခန်းနှင့် မီးဖိုကို ကူးချည်သန်းချည် လုပ်နေသည်။ ထမင်းစားပွဲခုံပေါ်သို့ ပန်းကန်များ လာတင်လိုက်၊ ဖန်ခွက်၊ များ လာချလိုက်နှင့် စားပွဲပြင်ပေးနေရခြင်းကြောင့်၊ ယုမိစံမှာ မောင်မောင် ထွက်လာ၍ စကား ရပ်ထားလိုက်ခြင်းဖြစ်သည်။

မောင်မောင် ပျောက်သွားမှ ဦးသက်လွင်က ပြန်၍ ဆက်ပြောသည်။

'ကျွန်တော်လည်း ညက စဉ်းစားပါတယ်၊ သူ့ကို ဖွင့်ပြောပြလိုက် ကြရင် ကောင်းမလား တွေးမိတယ်။ ဆရာမ ဘယ်လို သဘောရသလဲ'

'အခု မဖြစ်သေးပါဘူး ဆရာ၊ အခုဖွင့်ပြောရင် ကြိုက်မှာ မဟုတ်ဘူး၊

www.burmeseclassic.com



ဒါကို ကျွန်မ ကြောက်ပါတယ်။ အချိန်ကျမှ ဖွင့်ပြောတာ ကောင်းပါတယ်၊ ခဏ စောင့်ပါဦး ဆရာ'

ယုမိစံသည် စိုးရိမ်စိတ် တွေဝေမောသွားက ပျာပျာသလဲ ဝင်၍ ပိတ်ပင်လိုက်သည်။

'ဆရာမ အဘိုးအဘွားတွေက မောင်မောင်ရှိတာ သိကြတယ်နော်'

'ကျွန်မအဖေ မသေခင်ကပဲ အဖေက ပြောပြလို့ အားလုံး သိကြပါတယ်။ အိုဘားစံက သူ့မြေးကို သူ သိပ်တွေ့ချင်တယ်၊ သူ့မြေးကို သူ မမြင်ဖူးဘဲနဲ့ ယောကျ်ားလေးဆိုတော့ တွေ့ချင် မြင်ချင်ပြီး သိပ်ချစ်နေပါတယ်'

'မြန်မာမှာ စကားပုံရှိတယ် ဆရာမ၊ သားအချစ် မြေးအနှစ်တဲ့။ စာထဲမှာ ဆရာမ သူ့အကြောင်းတွေကို အစုံရေးလိုက်သလား'

ယုမိစံသည် တိတ်ဆိတ်သွားလေ၏။ တစ်စစ မျက်နှာကလေး ညှိုးမှိန်သွားကာ လှပ မှုန်မှိုင်းသွားသော မျက်လုံးကလေးဖြင့် ဦးသက်လွင်ကို ကြည့်၍ ခေါင်းညိတ်ပြလိုက်သည်။

မီးဖိုထဲ၌ မောင်မောင် ကောင်းကောင်းမွန်မွန် ကူညီလုပ်ကိုင်ပေးနေ ခြင်းကို ကြည့်၍ ဒီနေ့တော့ စိတ်ကောင်းဝင်နေတယ်ဟု ကိုမြဖေက အောက်မေ့မိ၏။ စိတ်ကောင်းဝင်နေခြင်းကို ကြည့်၍ မောင်မောင့်ကို မထိတထိ စလိုက်သည်။

'မင်း မမ လှခေါင်မိုးက မြန်မာလို ဝတ်လာသလား'

'အကျီအဖြူ ဇင်းမယ်လုံချည် အစိမ်းနဲ့ခင်ဗျ။ သူ့ကိုယ်သူ မြန်မာများ အောက်မေ့နေသလား မသိပါဘူး'

'မြန်မာလို ဝတ်ထားတဲ့ ရုပ်နဲ့ မင်း အစ်ကိုကြီးနဲ့တော့ ရှေ့သွားနောက်လိုက် သိပ်ညီ'

'တော်စမ်းပါဗျာ၊ ခင်ဗျား လုပ်မှာ လုပ်စမ်းပါ၊ ထမင်းပွဲပြင်ဖို့ အချိန်နီးနေပြီ'

www.burmeseclassic.com



ကိုမြဖေက ကြက်သားဟင်းအိုး မွှေနေရင်း တဟားဟား. . . ရယ်နေသည်။

'ခုပဲ မွှေပြီးပြီဗျ၊ မနူးတတ်သေးဘူး။ အပေါ့ အငန် ကျွန်တော် မြည်းပြီးပြီ'

'ပေါ့သေးလား'

'အတော်ပဲဗျ'

မောင်မောင်က မှင်သေသေ မျက်နှာပေးဖြင့် ဆိုလိုက်သည်။

ညစာထမင်းစားပွဲ ပြင်ဆင်ပြီးသွားသောအခါ ဦးသက်လွင်က ယုမိစံ ကို ထမင်းစားပွဲသို့ ခေါ်လာသည်။ ယုမိစံကို ကျွေးမည့် ထမင်းပွဲမှာ အထက်တန်းကျကျ ထည်ထည်ဝါဝါကြီး မဟုတ်စေကာမူ နေ့တိုင်းထက်တော့ ပြောင်သည်၊ သန့်သည်၊ ကြည့်ပျော်ရှုပျော် ရှိသည်ဟု ဦးသက်လွင် စိတ်ထဲ၌ မဲတင်းလိုက်ရသည်။

ထမင်းစားပွဲ၌ မထိုင်ကြခင် ယုမိစံက ထမင်းစားပွဲကို ကြည့်လိုက်သည်။ ခင်းကျင်းထားသော အသုံးအဆောင်များ ထည်ဝါမှု၊ မထည်ဝါမှု မကြည့်။ ရိုးရိုး သန့်သန့်ရှင်းရှင်းကလေး မြင်ရ၍ ဦးသက်လွင်ကို လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်မိသည်။

'မောင်မောင်ပါ ဝင်စားမယ် မဟုတ်လား'

'စားပါ ဆရာမ၊ ကျွန်တော် မစားသေးပါဘူး'

မောင်မောင်က ကြနွေ့ရရ ခပ်အေးအေး ပြန်ပြောသည်။ ဦးသက်လွင် က 'မင်းပါ ဝင်စားမှပေါ့. . .'ဟု ဆိုလိုက်သည်။

'မမတို့နဲ့ အတူတူစားပါ မောင်မောင်'

မောင်မောင့်ကို အတူတူစားရန် ယုမိစံက တစာစာထပ်၍ ခေါ်လိုက် သည်။

မောင်မောင်သည် ယုမိစံတို့နှင့် အတူတူထိုင်၍ မစားချင်ပေ။ ထမင်းလက်ဆုံစားရန်ဝေးစွ၊ မျက်နှာချင်းဆိုင်နေရသည်ပင် သူ့အတွက် လွန်လွန်းနေသည်ဟု သူ့စိတ်၌ ထင်နေသည်။

www.burmeseclassic.com



'အစ်ကိုကြီး ကျွန်တော် မစားသေးဘူး'

မောင်မောင်သည် ထပ်၍ ငြင်းသည်။

'မဆာပေမယ့် ဝင်စားလေ. . . ဧည့်သည်က အတူတူ စားစေချင်ရင် စားရတယ်ကွ'

ဦးသက်လွင်က မောင်မောင့်ကို ထပ်၍ တိုက်တွန်းခြင်းကြောင့် မောင်မောင် ဆက်၍ မငြင်းရဲတော့ပေ။

ထမင်းစားပွဲ၌ ဦးသက်လွင်နှင့် မောင်မောင်က တစ်ဖက်၊ ယုမိစံက တစ်ဖက် မျက်နှာချင်းဆိုင် စားကြရန် ဦးသက်လွင်က နေရာချပေးသည်။

မြန်မာပြည်၌ ကိုယ့်သွေးကိုယ့်သား ကိုယ့်မောင်လေးနှင့် တစ်စားပွဲတည်း ထမင်းလက်ဆုံ စားရသည့် ပထမဆုံးအကြိမ်ဖြစ်၍၊ ယုမိစံသည် မျက်နှာတစ်ပြင်လုံး တောက်ပသွားလေသော ရွှင်လန်းခြင်းဖြင့် သူ့နေရာ၌ အသာ ဝင်ထိုင်လိုက်သည်။

မောင်မောင်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ရမှ သူ့ရင်ထဲ၌ ဖုံးထားရသော ဖုံးကွယ်ထားချက်သည် အားလုံးရှေ့၌ ဘွားဘွားကြီးပေါ်လျက် ရှိသည်။

သူချစ်ရသော သူ့သွေး၊ သူ့မောင်လေးဟု ဘွားဘွားကြီးပေါ်လျက် ရှိသော သူ့မောင်လေးကို ချစ်ခင်သည့် ချစ်ခြင်းမေတ္တာ အဟုန်တို့သည် ယုမိစံ၏ ခန္ဓာကိုယ်အတွင်း၌ အဟုန်ပြင်းစွာ လည်ပတ်လျက် ရှိလေသည်။

ထမင်းစားပွဲ၌ သူ့အတွက် သတ်သတ် ဇွန်းနှင့်ခက်ရင်းများ ချထားခြင်းကို တွေ့ရ၍၊ ယုမိစံက လက်နှင့် စားလိုပါကြောင်း ပြောလိုက်သည်။

'ဇွန်းနဲ့ ခက်ရင်းနဲ့ပဲ စားပါ ဆရာမ၊ ကျွန်တော်တို့လည်း ဇွန်းနဲ့ ခက်ရင်းနဲ့ပဲ စားပါ့မယ်လေ'

ယုမိစံက 'လက်နဲ့ပဲ စားချင်ပါတယ် ဆရာ'ဟု ထပ်၍ ပြောရသည်။

ယုမိစံက လက်ဆေးရန် ကိုမြဖေက လက်ဆေးရည်ခွက်များ ပြင်ဆင် ချပေးရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကိုမြဖေသည် ယုမိစံ ပန်းကန်ထဲသို့ ရှေးဦးစွာ အုန်းထမင်းများ ခပ်ထည့်ပေးသည်။

ယုမိစံ ပန်းကန်၌ ထမင်း ထည့်ပေးပြီးသောအခါ၌၊ ယုမိစံသည် လက်ကလေးနှစ်ဖက် ရင်ညွှန့်ဆီသို့ချီကာ မျက်လုံးကလေး မှိတ်လျက် အသံမထွက်ဘဲ ထမင်းပန်းကန်ကို ရှိခိုးနေသည်။

ယုမိစံ၏ အပြုအမူကို အားလုံး ဝိုင်းကြည့်နေကြ၏။ ယုမိစံသည် တစ်ခဏ စူးစိုက် အာရုံပြုလျက် ရှိခိုးပြီးမှ ပြုံး၍ ပြောပြသည်။

'ကျွန်မ အဘွားက ကျွန်မ ငယ်ငယ်ကလေးကပဲ ထမင်းစားခါနီး ထမင်းကို ရှိခိုး၊ မေတ္တာပို့ပြီးမှ စားဖို့ သင်ကြားထားတဲ့အတွက် အကျင့် ဖြစ်နေပါတယ် ဆရာ'

ယုမိစံသည် ပြုံး၍ ပြောပြီးလျှင် အနီးရှိ ရေခွက်ထဲ၌ လက်နှစ်ဆေး လိုက်သည်။

'ဘယ်ပုံ ရှိခိုးနည်းလဲ ဆရာမ၊ သိပါရစေ'

ဦးသက်လွင်သည် မောင်နှမနှစ်ယောက် မျက်နှာချင်းဆိုင် ရှိကြပုံကို ပီတိဖြစ်လျက် စိတ်ရော၊ ကိုယ်ရော ကြည်နူးရွှင်လန်းနေသည်။ ဝင်းပသော အပြုံးကို မျက်နှာပေါ်မှ မချဘဲ ရှိ၏။

'ထမင်းစားနိုင်တဲ့ ဘဝကို ရောက်အောင် ပို့ပေးလို့ လူဖြစ်လာရတဲ့ အတွက် ဘုရားကို အရင်ရှိခိုးပါတယ်၊ နောက် မြေကြီးပေါ်မှ စပါးပင်များ ပေါက်အောင် နေပူပေးတဲ့ မိုးရွာပေးတဲ့အတွက် ကျေးဇူးကို မမေ့ဘဲ ရှိခိုး ပါတယ်။ နောက် ဆန်ဖြစ်အောင် စပါးစိုက်ပျိုးပေးတဲ့ လယ်သမားတွေရဲ့ ကျေးဇူးကို အရိုအသေပေးပြီး ရှိခိုးပါတယ်၊ စပါးကို စက်က ဆန်ကြိတ်ပေးတဲ့ အလုပ်သမားအထိ တစ်ဆင့်ပြီး တစ်ဆင့်ရှိတဲ့ အားလုံးရဲ့ ကျေးဇူးများကို ထမင်းစားခါနီးတိုင်း သတိရဖို့ ကျေးဇူးတင်ဖို့ ရှိခိုးဖို့ အဘွားက ဒီအတိုင်း သင်ထားပါတယ်'

ယုမိစံက ထမင်းပန်ကန် ရှိခိုးနည်းကို အဓိပ္ပာယ်ရှင်း၍ ပြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်မှာ တစ်ချိန်လုံး မျက်တောင်မခတ်ဘဲ အပြုံးဝင့်လျက် စိုက်ကြည့် နေရာက၊ ယုမိစံ စကားဆုံးသည်နှင့် တစ်ချက်တည်း စားပွဲကို သူ့လက်နှင့် ပုတ်၍ ရွှင်ရွှင်ပြုံးပြုံး ပြန်ပြောလိုက်သည်။

'ဆရာမ ရှိခိုးနည်းက ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ သိပ်ကိုက်တာပဲ။ ကျွန်တော်တို့နိုင်ငံက ကလေးတွေ ထမင်းစားခါနီးတိုင်း လယ်သမားတွေ၊ အလုပ်သမားတွေကို သတိရဖို့ ကျေးဇူးတင်ဖို့ သင်ပေးဖို့လိုတယ် ဆရာမ'

ယုမိစံသည် ဦးသက်လွင်၏ မျက်စိထဲသို့ စိုက်၍ ကြည့်ရင်းဖြင့် ပြန်ပြော၏။

'ထမင်းစားခါနီးတိုင်း အားလုံးရဲ့ကျေးဇူးကို သတိရဖို့ မောင့်မောင့်ကို ကျွန်မ သင်ပေးခဲ့မှပဲထင်တယ် ဆရာ'

ယုမိစံသည် ပြောပြီး ပြုံးရယ်ကာ ပန်းကန်ထဲမှ ထမင်းကို သူ့လက်ထိပ်ဖျားကလေးများနှင့် စုယူ၍ ခေါင်းငုံ့ကာ နှုတ်ခမ်းထဲသို့ အသာကလေး သွင်းလိုက်သည်။

'သင်ပေးပါ ဆရာမ'

ဦးသက်လွင်သည် ရယ်မောလျက် ရှိသည်။ မောင်မောင်သည် ထိုင်ကတည်းက သူ့မျက်လုံးကိုအောက်ချထားသည်။ သူ့အကြောင်း ပြောဆိုနေကြခြင်းကိုပင် လိုက်လျောမှု မပြုနိုင်ဘဲ၊ ထမင်းဝိုင်း၌ စိတ်ကျဉ်းကျပ်နေပုံရသည်။ အနေရ ကျို့သည်။

'မောင်မောင် မမ သင်ပေးတာ ကြားတယ်နော်. . . ထမင်းစားခါနီးမှာ အားလုံးကို ကျေးဇူးတင်ပြီးမှ စားပါနော်'

ယုမိစံသည် သူက ပြောသောအခါ၌ မောင်မောင်က သူ့ကို စကား ဖြင့် ပြန်၍မပြောသည့်တိုင်၊ မျက်လုံးကလေးလှန်၍ ပြုံးပြရုံမျှပင် ဖြစ်စေ တုံ့ပြန်စေလိုသော ဆန္ဒရှိသည်။ မောင်မောင်၏ တုံ့ပြန်မှုကို စောင့်ဆိုင်းလျက် ကြည့်နေလေသည်။

မောင်မောင်၏ ခေါင်းမှာ ပိုမို၍ ငုံ့သွားပြီး တုံဏှိဘာဝေလုပ်လျက်

www.burmeseclassic.com



ထမင်းကိုသာ တွင်တွင် နယ်ဖတ်နေသည်။ ဦးသက်လွင်သည် မောင်မောင့်ကို စားပွဲအောက်မှ ခြေထောက်ဖြင့် တို့ရင်း နှုတ်ကလည်း 'ဆရာမပြောနေ တယ်လေ၊ ငါ့ညီကလည်း ရှက်လိုက်ရတာကွာ'ဟု ဆိုလေသည်။

မောင်မောင်သည် ခေါင်းမော့လာကာ အားထုတ်၍ ပြုံးရလေသည်။ ပြုံးပြီး လူကို ကျောင်းက သူတပည့်များ အောက်မေ့နေသလားဟု တွေးကာ ခေါင်းပြန်ချလိုက်သည်။ ဦးသက်လွင်သည် မောင်မောင်၏ တုံ့ပြန်ချက်ကို မြင်ရမှ စိတ်ပေါ့သွားကာ၊ ကြက်သားဟင်းပန်းကန်ကို မ၍ ယုမိစံကို ကမ်းပေးလိုက်လျက် 'ထည့်ပါ ဆရာမ'ဟု ဆိုလိုက်သည်။

ယုမိစံသည် ကြက်သားဟင်းရည် တစ်ဇွန်းဆမ်းလျက်၊ အသား တစ်တုံး ခပ်ယူလိုက်သည်။ ဒေါ်အောင်မေ လက်ထပ် ပြသပေးထားသည့် အတိုင်း၊ ဟင်းရည်နှင့် ထမင်းကို ခပ်ဖွဖွလေး နယ်ပြီးမှ ထမင်းလုတ် ကလေးကို သာသာညင်ညင်လေး ယူ၍ ပါးစပ်ထဲ ထည့်ဝါးလိုက်သည်။

ယုမိစံ၏ မျက်နှာမှာ ချက်ချင်းပင် နီတွတ်သွားလျက်၊ လျှာတွင်မက ပါးရော နားရော ပူထူသွားအောင် ခံပြင်းစွာ စပ်ပူသွားသည်။ ဣန္ဒြေမျှ မဆည်နိုင်တော့ဘဲ ရှူးရှူးရှဲရှဲဖြစ်လျက် မျက်လုံး၌ မျက်ရည်တွေ ဝဲလာသည်။

'ဟာ. . . ဆရာမ စပ်သလား၊ ကျွတ်. . . ကျွတ်. . . ဖြစ်မှ ဖြစ်ရလေ။ ဆရာမ အစပ်စားနိုင်တယ်ဆိုလို့ ဆီပြန်ဟင်း ချက်ခိုင်းတာပါ၊ ရေသောက် လိုက်မလား ဆရာမ'

ယုမိစံ မချိမဆံ စပ်သွားပုံကို မြင်၍ ဦးသက်လွင် စိတ်မကောင်းဖြစ်ရကာ တဖွဖွ ပြောလျှက် ထိတ်ပူဗျာများ သွားလေသည်။ မောင်မောင်သည် ဣန္ဒြေကြီးစွာဖြင့် ငုံ့စားနေသည်။ ယုမိစံ စပ်လွန်း၍ ယုမိစံ မရှုနိုင် မကယ်နိုင် ဖြစ်မှုကို ကျိတ်၍ ဝမ်းသာအားရဖြစ်လျက် ကျေနပ်ခြင်းမက ကျေနပ်နေမိသည်။

အိမ်၌ မြန်မာဟင်းများကို အကြိမ်ကြိမ် စားဖူးပြီးဖြစ်သော်လည်း

www.burmeseclassic.com



ဤမျှ စပ်ခြင်းမျိုးကို ယုမိစံ တစ်ခါမျှ မစားဖူးသေးချေ။ ဦးသက်လွင်မှာ ကြက်သားဟင်း၊ မစားရသေးသဖြင့် ဘယ်လောက်စပ်မှန်း မသိသေးပေ။

'နည်းနည်း အစပ်စားနိုင်ပါတယ်၊ ဒီဟင်းက သိပ်စပ်ပါတယ်'

ယုမိစံသည် ပြောရင်း မျက်ရည်များ၊ နှာရည်များကို လက်ကိုင်ပဝါ နှင့် တို့သုတ်လိုက်သည်။ သူ့လျှာ၌ မခံမရပ်နိုင်အောင် ဖြစ်နေသော ပူစပ် ပူလောက်ကြီးမှာ ရုတ်တရက် မပြေနိုင်ဘဲရှိ၍ လျှာပြတ်မတတ် ခံစားနေရဆဲ ပင် ရှိ၏။

'ဆရာမ ပန်းကန် လဲလိုက်ပါ၊ ငရုတ်သီး မပါတဲ့ ပုဇွန်ကြော်နဲ့ အသစ်စားပါ'

ဦးသက်လွင်က ကိုမြဖေကို ပန်းကန်အသစ် ယူလာခိုင်းကာ ကိုယ်တိုင် ထပ်၍ ထမင်းများ ထည့်ပေးသည်။

ကိုမြဖေမှာ ယုမိစံ အစပ် မစားနိုင်၍သာ စပ်ရသည် ထင်သည်။ သူ့ကြက်သားဟင်း ဘယ်လောက်စပ်မှန်း သူ မသိသေးချေ။

ဂျပန်ပေါ်၌ ကျားနာခဲ ခဲသည့်စိတ်ဖြင့် ယုမိစံကို ဒုက္ခပေးလိုက်ရ၍၊ မောင်မောင့် ရင်ထဲ၌ ဖြစ်ပေါ်လျက်ရှိသည့် အားရ ကြည်နူးမှုကြီးသည် သူ့မျက်နှာ၌ အရိပ်ဟပ်လျက် ရှိသည်။

ဦးသက်လွင်သည် ထမင်းကို မစားနိုင်သေးဘဲ ယုမိစံ၏ အရိပ်အကဲ ကို စောင့်ကြည့်လျက် ရှိ၏။ နီမြန်းနေသည့် ယုမိစံ၏ မျက်နှာကလေးကို ကြည့်၍ အားနာလှစွာဖြင့် ကရုဏာမကင်း ဖြစ်ရသည်။

'ဆရာမ အစပ်မပြေသေးရင် ရေသောက်လိုက်ပါ'

ဦးသက်လွင်က ရေဖန်ခွက်ကို လှမ်းယူ၍ ကမ်းပေးသည်။ ယုမိစံ သည် လည်တိုင်ကလေးကို ဆန့်လျက် မျက်တောင်ကလေး တဖျပ်ဖျပ်ဖြင့် ရေကို ကျိုက်ချလိုက်သည်။

ထမင်းစားပွဲ၌ကို ဣန္ဒြေပျက်သွားရခြင်းအတွက် ရှက်အမ်းအမ်း ဖြစ်ကာ၊ မျက်ရည်လျှမ်းလျက်ရှိသော မျက်လုံးကလေးဖြင့်ပင် ပြုံး၍ ပြောလိုက်သည်။

www.burmeseclassic.com



'ကိစ္စမရှိပါဘူး ရပါတယ် ဆရာ၊ စပ်တာလည်း ကောင်းပါတယ်။ ဒီထမင်းပွဲက ကျွန်မကို အမြဲ အမှတ်ရစေမှာပဲ'

ဦးသက်လွင်သည် ယုမိစံပြုံး၍ ပြောနိုင်တော့မှ စိတ်သက်သာရာ ရရှိကာ ယုမိစံ ပန်းကန်ထဲသို့ ပုစွန်ကြော်များ ထည့်ပေးသည်။ ပြီးမှ သူ့ ပန်းကန်ထဲတွင် ကြက်သားဟင်းရည်ကို ဆမ်း၍ စားလိုက်သည်။ စားစား ချင်း ကြက်သားဟင်းသည် ခါတိုင်းချက်နေကျထက် ပို၍ စပ်ခြင်းကို သိရှိရ သည်။

'မင်းဟင်းက ငရုတ်သီး နည်းနည်းများသွားတယ် ထင်တယ်၊ ဆရာမ မပြောနဲ့၊ ငါတောင် စပ်တယ်'

ကိုမြဖေမှာ ခါတိုင်း ထည့်သလောက်ပင် ငရုတ်သီးများ ထည့်ချက် ထားပါလျက် သူ့အား ဘာကြောင့် အပြစ်ဆိုရသနည်းဟု နားမလည်အောင် ဖြစ်မိသည်။ ထို့ကြောင့် ငရုတ်သီး ထောင်းပေးသော မောင်မောင့်ကို မသင်္ကာ သော မျက်လုံးဖြင့် လှမ်း၍ တစ်ချက် ကြည့်လိုက်သည်။ မောင်မောင်က ဘယ်သူမှ မမြင်အောင် ကိုမြဖေကို မျက်လုံးတစ်ဖက် မှိတ်၍ ပြလိုက်မှ မောင့်မောင့် လက်ချက်မှန်း သိရှိတော့သည်။

နိုင်ငံခြားသူ ဖြစ်သော်လည်း ယုမိစံသည် မြန်မာအမျိုးသမီးတစ်ဦး ကဲ့သို့ ထမင်းကို လက်ဖြင့် သေသေသပ်သပ် သိမ်သိမ်မွေ့မွေ့ စားတတ်ခြင်း ကို ကြည့်၍ ဦးသက်လွင် စိတ်ထဲက ချီးကျူးမိသည်။ ဦးသက်လွင် မျက်စိ ထဲ၌ ထမင်းစားပုံက သိမ်မွေ့နူးညံ့သော အမူအရာကလေးတို့သည် တစ်မျိုး ကြည့်၍ကောင်းပြီး တည်ငြိမ်မှုက ထူးခြားလှပေသည်။

ငါးဖယ်သုပ် ပန်းကန်ကို ယူလျက် ဦးသက်လွင်က ယုမိစံ ပန်းကန် ထဲသို့ ထည့်ပေးမည် ရွယ်ပြီးမှ-

'ဒီအထဲမှာကော ငရုတ်သီးစိမ်း ပါသေးလား'ဟု ကိုမြဖေကို လှမ်းမေးလိုက်သည်။

မောင်မောင်က ဝင်၍ဖြေ၏။



BURMESE CLASSIC .com

www.burmeseclassic.com



'မပါဘူး'

ကိုမြဖေက မောင့်မောင့်ကို စိတ်မချဟန်ဖြင့် ပြောလိုက်သည်။

'နည်းနည်းတော့ပါတယ် ဆရာ'

ဦးသက်လွင်သည် ငါးဖယ်သုပ်ပန်းကန်ကို ပြန်၍ ချထားလိုက်ကာ ငါးကြော်ပန်းကန်ကို မယူလျက်-

'ငါးကြော်စားပါ ဆရာမ'ဟု လှမ်းပေးလိုက်သည်။

'ဆရာမ အုန်းထမင်း ကြိုက်ကဲ့လား. . . ဟင်'

'အုန်းထမင်း ကြိုက်ပါတယ် ဆရာ၊ ပုဇွန်ကြော်လည်း ကြိုက်ပါတယ်'

ယုမိစံသည် ငါးကြော်ပန်းကန်ကို လှမ်းယူကာ ဦးသက်လွင်နှင့် အချီအချ ပြောဆိုနေခိုက်၊ မောင်မောင်က ကိုမြဖေကို မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်သည်။ ငါးဖယ်သုပ်ထဲ၌ ငရုတ်သီး မထည့်ပါဘဲနှင့် ပါတယ် ပြောရမလားဟု၊ ကိုမြဖေကို တစ်ချက် မဲကြည့်လိုက်ခြင်း ဖြစ်သည်။

'မောင်မောင်. . . ငါးကြော် ယူပါဦး'

ယုမိစံက ငါးကြော်ပန်းကန်ကို မောင်မောင့်အား လှမ်းပေးသည်။

'မောင်မောင်. . . ထမင်းစားလို့ မြိန်ရဲ့လား'

ငါးကြော်ပန်းကန်ကို မောင်မောင် လှမ်းယူလိုက်ရ၍ ယုမိစံနှင့် မျက်လုံးချင်း ဆိုင်မိကြသဖြင့် ယုမိစံက စကား စပြောလိုက်သည်။

သူ့ကိုများ ငဲ့သည် မှတ်နေသလားဟု မောင်မောင်က တွေးပြန်ကာ မုန်းမုန်းဖြင့် ခပ်လျှောင်လျှောင် ပြန်ဖြေလိုက်သည်။

'မြိန်ပါတယ် ခင်ဗျာ'

'မောင်မောင် နံနက် ကျောင်းသွားတော့ အိမ်က ကျောင်းကို ထမင်း ယူသွားသလား'

'ယူမသွားပါဘူး၊ စားသွားတယ်'

'နေ့လယ်တော့ မောင်မောင် ဘာစားသလဲ'

www.burmeseclassic.com



'လက်ဖက်ရည်သောက်တယ်'

မောင်မောင် စကားပြောဖော် ရလာခြင်းကြောင့် ယုမိစံ၏ မျက်နှာကလေးသည် ပီတိလွှမ်းလျက် ဝင်းထိန်လာ၏။

'နံနက်မှာ ကျောင်းကို မောင်မောင် ဘယ်အချိန်သွားသလဲ'

'ရှစ်နာရီ'

'မမတို့ ကျောင်းက ခုနှစ်နာရီခွဲ အရောက်သွားရတယ်၊ သိပ်စောတာပဲ'

မောင်မောင် ပြန်၍ မျက်လွှာချထားလိုက်သည့်အတွက်၊ ယုမိစံသည် ရှေ့ဆက်၍ မပြောတော့ဘဲ ရပ်တန့်ထားလိုက်သည်။

ထမင်းပွဲ၌ ထမင်းတစ်လုတ်၊ မောင်မောင့် . . . တစ်ချက်ကြည့်လျက် စားရသည်ကြောင့်လည်း အရသာက ပြည့်စုံနေသည်။ မောင်မောင့်ခေါင်း၌ ဆံပင်ကလေး ခွဲထားပုံ၊ ရှပ်အကျႌ ကြယ်စေ့ တပ်ထားပုံ၊ မောင်မောင့် လက်ချောင်းကလေးများက အစ၊ မောင်မောင် စားပုံသောက်ပုံ အမူအရာ များ။ ယုမိစံ မျက်စိထဲ၌ တွေ့ထားသည့် မောင်မောင့်နှုတ်ခမ်း၊ မောင်မောင့် နဖူး၊ ချစ်စရာ မင်စရာများကို မြင်အောင် လိုက်၍ ကြည့်ရှုရလျက်၊ ထမင်း တစ်ပန်းကန် ကုန်အောင် အချိန်ကြာကြာ ဆွဲ၍ စားလိုက်သည်။ အားလုံး ထမင်းစားပြီးကြသည့်အခါ ကိုမြဖေက ထမင်းပွဲများ သိမ်း၍ သစ်သီးများ၊ ကော်ဖီများ ချပေးသည်။

'ဆရာမ အိမ်မှာနေတဲ့ အမျိုးသမီးအဖော်ကြီးက ဟင်းချက်ကောင်းသလား ဆရာမ'

ဦးသက်လွင်က ယုမိစံကို ငှက်ပျောသီးများ နွှာပေးရင်း ပြောလိုက်သည်။

'ကောင်းကောင်း ချက်တတ်ပါတယ် ဆရာ၊ ငါးရန့်ငါးထုပ် အချက်ကောင်းပါတယ်။ နောက်စနေနေ့ညမှာ ဆရာနဲ့ မောင်မောင့်ကို ထမင်းကျွေးဖိတ်ဖို့ စီစဉ်ထားပါတယ်၊ အဲဒီအခါမှာ သူ့လက်ရာကို စားကြည့်ပါ'

www.burmeseclassic.com



စနေနေ့ည ထမင်းကျွေးဖိတ်မည် ဆိုခြင်းကို ကြားကြားချင်း စိတ်ထဲ က မလိုက်ဘူးဟု မောင်မောင် ဆုံးဖြတ်ပြီး ဖြစ်သည်။

'သူက မြန်မာအမျိုးသမီးလား၊ ကရင် အမျိုးသမီးလား. . . ဆရာမ'

'မြန်မာအမျိုးသမီး ဗုဒ္ဓဘာသာပါ ဆရာ၊ ဘုရား သိပ်ကြည်ညို ပါတယ်။ ဘုရားရှိခိုးရင် အကြာကြီးပဲ ရှိခိုးပါတယ်၊ သူ့အသံ သူဆိုတာ နားထောင်လို့ သိပ်ကောင်းပါတယ်။ နံနက်တိုင်း အိမ်မှာ ဘုရားဆွမ်းတော် ကပ်ပါတယ်'

'ဆရာမတို့ ဂျပန်လူမျိုးက ဘုရားမှာ ဆွမ်းတော် ကပ်လေ့ကပ်ထ ရှိသလား'

ယုမိစံက ပြုံးရယ်လျက် ပြန်ပြောသည်။

'ဂျပန်မှာ ရှိပါတယ် ဆရာ၊ မွန်းမလွဲခင် ဆွမ်းကပ်တာမျိုး မဟုတ် ပါဘူး၊ တစ်နေ့ ထမင်းသုံးခါချက်ရင် သုံးခါကပ်တာလည်း ရှိပါတယ်။ ဗုဒ္ဓဘာသာမှာ ရှင်တို၊ ရှင်ရှူ ဇင်(န်)ဂိုဏ်းတွေ ရှိပါတယ်၊ ဩဘားစံက နံနက်စောစော ဆွမ်းကပ်ရှိခိုးတော့ ကျွန်မလည်း ရှိခိုးပါတယ်'

'ဆရာမ ရှိခိုးတော့ကော ဘယ်လို ရှိခိုးပါသလဲ၊ ပါးစပ်က ဘယ်လို ဆိုသလဲ၊ ဂျပန်လိုလား. . . မြန်မာလိုလား'

ဦးသက်လွင်က ယုမိစံ၏ မျက်နှာကလေးကို စူးစိုက်ကြည့်ပြီး မေးလိုက်သည်။

'ကျွန်မ ဩဘားစံလို ဘုရားရှိခိုး မဆိုတတ်ပါဘူး ဆရာ၊ ဒါကြောင့် မြန်မာလို ရှိခိုးတဲ့အခါမှာ ဒီလို ရှိခိုးပါတယ်'

ယုမိစံသည် လက်ကလေးနှစ်ဖက်ချီ၍ နဖူးနှင့် ထိထားပြီးလျှင် နှုတ်မှ ရွတ်ဆိုပြသည်။

'အရှင်ဘုရားကို ဘုရားတပည့်တော်မ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ရှိခိုးပါတယ် ဘုရား၊ မြန်မာပြည်မှာ အကောင်းအဆုံး ဘုရား ရှိခိုးတတ်တဲ့လူ ရှိခိုးတဲ့အတိုင်း အတူတူပဲ မှတ်ပါ ဘုရား. . .'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် ယုမိစံ ရှိခိုး၍ ပြပုံကလေးကို ကြည့်၍ တဟားဟား ရယ်မောလျက် ရှိသည်။

မောင်မောင်သည် ယုမိစံ သူ့ကို မကြည့်ဘူး ထင်ရသော အချိန်မျိုးမှ ယုမိစံကို ခိုးကြည့်တတ်သည်။ ယုမိစံ ပြုလုပ်ပြသော အမူအရာနှင့် ယုမိစံ၏ ရှိခိုးနည်း ရှိခိုးဟန်ကို ကြည့်၍ သူပါ မရယ်ဘဲ မနေနိုင်ခြင်းကြောင့် အသံ မထွက်ဘဲ ကျိတ်ရယ်မိသည်။

ယုမိစံသည် ရှိခိုးပြပြီး လက်ပြန်ချကာ ပြုံးရယ်လျက် မောင်မောင့်ကို ပြောလိုက်သည်။

'မောင်မောင်ကော. . . နေ့တိုင်း ဘုရားရှိခိုးသလား'

မောင်မောင်က မဲ့မဲ့ကလေး ပြုံးလျက် ခေါင်းခါပြလိုက်သည်။

'တစ်ခါမှ ဘုရား မရှိခိုးဘူးလား'

အံ့ဩသွားဟန်ဖြင့် ယုမိစံက မောင်မောင့်ကို ထပ်ဆင့်မေး၏။

'နေ့တိုင်းတော့ မဟုတ်ပါဘူး၊ တစ်ခါတစ်ခါတော့ ရှိခိုးတယ်'

'ဘုရားရှိခိုး ငါးပါးသီလ တတ်သလား. . . မောင်မောင်'

'ကျွန်တော် မြန်မာပဲ၊ ငါးပါးသီလ ဘုရားရှိခိုး တတ်တာပေါ့'

မောင်မောင်သည် ပြောပြီးမှ သူ့စကားကို သူ အဓိပ္ပာယ်ပေါက်ကာ၊ အားလုံးအနက် ဦးသက်လွင်ကိုကွက်၍ မလုံသလိုလို ရှက်စိတ်ကလေး ဖိုသွားသည်။

ဦးသက်လွင်သည် မောင်မောင်၏ ဖြေကြားချက် စကားလုံးများကို လည်းကောင်း၊ မောင်မောင်၏ အသံ၊ မောင်မောင်၏ မျက်နှာပြုံးမဲ့ပြလိုက် ခြင်းတို့ပါ မောင်မောင့် အမူအရာ အားလုံးကို အလွတ်မခံဘဲ ကြည့်၍ နားထောင်နေသည်။

'သူရဿတီမယ်တော်ကိုကော. . . မရှိခိုးဘူးလား မောင်မောင်'

ယုမိစံကို ဦးသက်လွင်ရော၊ မောင်မောင်ပါ ပြိုင်တူ တအံ့တဩ ကြည့်လိုက်မိကြသည်။ ဦးသက်လွင်၏ မျက်လုံးတို့မှာ တောက်ပ ပြုံး



BURMESE CLASSIC .com

www.burmeseclassic.com



ကျယ်လာကာ ယုမိစံ နှုတ်ဖျားမှ ထွက်လာသော သူရဿတီမယ်တော် စကားသံကို၊ ယုမိစံ ပြောတာမှ ဟုတ်ကဲ့လားဟု ထင်ရအောင် သူ့နားကို သူ မယုံနိုင်အောင် ဖြစ်လျက်၊ ခပ်အမ်းအမ်းဖြင့် ပြန်၍မေးလိုက်သည်။

'ဆရာမ သူရဿတီမယ်တော် အကြောင်းကို ဆရာမ ဘယ်လို သိလို့ ပြောရတာလဲ ခင်ဗျာ'

မောင်မောင် ရယ်ချင်လှလေသည်။ သို့ရာတွင် ရယ်ချင်ပက်ကျိ စိတ်ကို မျိုသိပ်၍ ထားရလျက်၊ ယုမိစံ အဖြေကို စောင့်လင့်နေ၏။

'ကျွန်မအိမ်က သြဘားစံမှာ သူရဿတီမယ်တော် ရုပ်တု ရှိပါတယ် ဆရာ၊ ဟသ်ာငှက်ပေါ်မှာ ထိုင်နေတဲ့ပုံ။ သြဘားစံက မယ်တော်အကြောင်း ကိုပြောပြပါတယ်၊ သူရဿတီမယ်တော် နတ်သမီးဟာတဲ့ ဘုရားရဲ့ တရား ကျမ်းစာအုပ် ပိဋကတ်ကိုစောင့်တဲ့ နတ်သမီး၊ သူ့ကို ရှိခိုးရင် ပညာဉာဏ် ကြီးတယ်၊ ကူညီစောင့်ရှောက် မစတယ် ပြောပြပါတယ်'

ဦးသက်လွင်သည် မအောင့်နိုင်တော့ဘဲ ခွက်ထိုးခွက်လန် ရယ် လျက်ရှိသည်။ မောင်မောင်မှာ ရယ်ချင်ပက်ကျိစိတ်များ ပျောက်သွားကာ "ဒီဂျပန် ဆရာမ မြန်မာပြည်မှာ ကြာကြာနေရင်တော့ ကမ္ဘဝါများ ဖတ် မလား. . ."ဟု ခပ်ချဉ်ချဉ် တွေး၍ ကြည့်နေသည်။

ဦးသက်လွင်သည် ခွက်ထိုးခွက်လန် ရယ်ပြီးမှ ယုမိစံကို ရွှန်းရွှန်း စားစား ကြည့်လျက် မေးလိုက်သည်။

'ဆရာမတို့ဂျပန်မှာရော. . . ဒီလို ကိုးကွယ်တဲ့ နတ်သမီး မယ်တော် မျိုး ရှိသလား'

ယုမိစံက မျက်လုံးကလေး ပင့်၍ ဖြေကြားသည်။

'ဂျပန်မှာ ရှိပါတယ်ဆရာ၊ ကွမ်ရင်မယ်တော် ရှိပါတယ်။ ကွမ်ရင် မယ်တော်ရဲ့ ပုံတော်ကားကို ဧည့်ခန်းမှာ ချိတ်ဆွဲပြီး ဆုတောင်းပါတယ်'

'ဆရာမတော့ မြန်မာအမျိုးသမီးနဲ့ အတူတူနေရတာ ဟန်ကျတာပဲ၊ မြန်မာ့အကြောင်းတွေ စုံအောင် သိနိုင်တာပေါ့'

www.burmeseclassic.com



'ဩဘားစံနဲ့ အတူတူနေရတာ ဟန့်ကိုကျပါတယ်၊ ဩဘားစံ လိုက်ပြလို့ ရန်ကုန်မှာ မရောက်ဖူးတဲ့ဘုရား မရှိသလောက်ပါပဲ။ ဗေဒင်ဆရာ၊ လက္ခဏာဆရာ စုံအောင် ရောက်ပါတယ်။ အငြိမ့်၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ကက်နက်စိန် ဇာတ်ပွဲ ဩဘားစံနဲ့ မိုးအလင်း ကြည့်ပါတယ်'

ဦးသက်လွင်သည် ပြုံးပြုံးကြီး ဖြစ်သွားပြန်သည်။ ဦးသက်လွင်၏ ရွှင်လန်းသော အမူအရာများနှင့် ထိုပြုံးဖြီးဖြီးကြီးသည် ကြည်နူးခြင်း၏ အရသာကို တွေ့နေရဟန် ရှိလေသည်။

ယုမိစံသည် ဦးသက်လွင်၏ မျက်စိထဲ၌ ချစ်ခင်နှစ်လိုဖွယ်ရာ ကောင်းခြင်းရှိသည့် လက္ခဏာအပေါင်းတို့နှင့် အဘက်ဘက်မှ ပြည့်စုံ၍ နေသော နိုင်ငံခြားသူကလေး ဖြစ်နေသည်။

မောင်မောင်၏ မျက်စိထဲ၌မူကား ယုမိစံမှာ မြန်မာရေလည်လွန်း သော ဂျပန်မဟု မြင်လျက် မနာလိုစိတ်များ၊ မုန်းတီးစိတ်များ လှိမ့်ဝင် နေကြသည်။

'ဘယ်ဗေဒင်ဆရာ၊ ဘယ်လက္ခဏာဆရာတွေဆီများ ဆရာမ ရောက်ခဲ့သလဲ'

ဦးသက်လွင်က မေးပြီး မျက်လုံးများကို ကျုံ့၍ထားသည်။

'ဆရာစန္ဒြဆီ ရောက်ပါတယ်၊ သူက ဟောလိုက်ပါတယ်။ ကျွန်မရဲ့ ရည်ရွယ်ချက်များဟာ လွယ်လွယ်ကူကူနဲ့ မအောင်မြင်နိုင်ဘူးတဲ့၊ အင်မတန် အခက်ရှိမယ်လို့ ပြောပါတယ်။ မှန်လိမ့်မယ် ထင်တယ် ဆရာ'

ယုမိစံသည် ပြောပြီး ဦးသက်လွင်ကို စိုက်၍ ကြည့်ထားလျက်၊ မျက်နှာပေါ်၌ အပြုံးရိပ်ကလေး သန်းလာကာ ယောင်ယောင်ကလေး ပြုံးထား သည်။ ယုမိစံ၏ အပြုံးသည် မချို၍ ပြုံးရသော အပြုံး၊ မချိဝမ်းနည်း ပြုံးထားသော အပြုံးမျိုး ဖြစ်သည်။

ဦးသက်လွင်သည် ယုမိစံ၏ အပြုံးယဲ့ယဲ့ကလေးကို အဓိပ္ပာယ် သိပုံ ရလေသည်။ အခက်အခဲများကို စကားဖြင့် ထုတ်ဖော် ပြောဆိုလိုလှသော်



BURMESE CLASSIC .com

www.burmeseclassic.com



လည်း စကားဖြင့် ထုတ်ဖော် ပြောဆိုနိုင်ခြင်း မရှိသော ယုမိစံ၏ ခံစားချက်ကို နားလည်ပုံရှိကာ၊ နားလည်မှုကြောင့် ဖော်ပြသော အကြည့်ဖြင့် တုံ့ပြန်၍ ကြည့်လိုက်ပြီးမှ စကားဖောက်လိုက်သည်။

'ဆရာမ မြန်မာပြည်မှာ ရောက်တုန်းရောက်ခိုက် တောင်ပြုန်းနတ်ပွဲကို သွားကြည့်ဖို့ ကောင်းတယ်၊ ဆရာမ သွားကြည့်ရင် စိတ်ဝင်စားမှာပဲ'

'ဩဘားစံက တောင်ပြုန်းကို ပို့ပေးမယ် ပြောပါတယ် ဆရာ။ အဲဒီမှာ မယ်တော် ပုပ္ပား၊ မင်းကြီး၊ မင်းကလေး၊ ဦးမင်းကျော် နတ်နာမည်တွေ ဩဘားစံ ပြောပြတာမှ အများကြီးပဲ၊ အားလုံး မမှတ်မိပါဘူး။ မှတ်စုထဲမှာပဲ အားလုံး ရေးမှတ်ထားပါတယ်'

မြန်မာပြည်သို့ ရောက်တာ မကြာသေးဘဲဖြင့် ယုမိစံ ဤမျှနှံ့စပ်သိရှိနိုင်မှုကို ဦးသက်လွင်က ချီးမွမ်း၍ မဆုံးနိုင်အောင် ရှိသည်။

'ဆရာမ မြန်မာဇာတ်ပွဲတွေကို ကြည့်လို့ရရဲ့လား၊ ကြိုက်ကဲ့လား'

'ဘာဖြစ်လို့ မရရမှာလဲ. . . ဆရာ'

ယုမိစံသည် ပြောပြီး နှင်းဆီငုံကလေးလို နှုတ်ခမ်းကလေးကို ပွင့်အာထား၍ ဦးသက်လွင်ကို ငေးငေးစိုက်စိုက်ကလေး ကြည့်လျက်၊ ဦးသက်လွင်၏ မေးခွန်းကို အံ့ဩနေဟန် ရှိလိုက်ပြီးမှ ထိုအမူအရာကလေးတွေကို ပြန်၍ အပြုံးဖြင့် ဖုံးလိုက်သည်။

'သိပ်ကြိုက်တာပေါ့ ဆရာ၊ ကျွန်မ ဇာတ်ပွဲကြည့်ရင် ဆိုင်းနားမှာ နေရာရရင် ပိုကြိုက်၊ ဆိုင်းတီးတာလည်း ကြည့်ရတယ်၊ မင်းသား မင်းသမီး အနီးကပ် မြင်ရပါတယ်။ တစ်ချိန်တည်းမှာ မျက်စိကလည်း ကြည့်စရာ အများကြီးပဲ၊ နားကလည်း ကြားစရာတွေ အများကြီးပဲ။ တစ်ခါတစ်ခါ ဩဘားစံက ကျွန်မ နားမှာကပ်ပြီး ပြောပြပေးတဲ့အသံနဲ့ ဇာတ်ခုံပေါ်က အသံနဲ့ အသံနှစ်ခုကို နားထဲမှာ ခွဲထားပြီး မျက်လုံးကလည်း အာရုံ သိပ်စိုက်ပြီးကြည့်ရင်း လက်ကလည်း ရေးရမှတ်ရတော့ အားမရပါဘူး ဆရာ'

ဦးသက်လွင်သည် ယုမိစံပြောသမျှ နားထောင်၍မဝ၊ ကြားလို့မငြီး



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်နေသည်။ ယုမိစံ စကားပြောတုန်း ပြောခိုက် နှုတ်ခမ်းကလေး တလှုပ်လှုပ် နေပုံ၊ မျက်လုံးကလေး ချီပုံပင့်ပုံ၊ ချစ်စရာ အပြုံးမြမြကလေးဖြင့် အသံကလေး ကလည်း ခပ်ဝဲဝဲ၊ ဝင်းဝင်းတောက်လျက် ရှိသည့် မျက်လုံးကလေးတို့နှင့် လှုပ်ရှားပေါင်းစပ်ထားသည့် ယုမိစံ၏ မျက်နှာ ဝင်းဝင်းလှလှကလေးကို မျက်တောင်မခတ် ငေးစိုက်လျက် ကြည့်နေမိသည်။

'ကကြိုး ကဟန်တွေကိုကော. . . ဆရာမ နှစ်သက်သလား'

ယုမိစံ ပြောစရာဆုံး၍ စကားရပ်သွားလျှင် ဦးသက်လွင်သည် နောက်ထပ် ဆက်၍ပြောရန်၊ တတမ်းတတ အာသီသဖြင့် နားဆင်လိုက် ပြန်သည်။ မောင်မောင်မှာ ထမင်းစားပွဲ၌ ထသွားနိုင်မည့် အချိန်ကိုသာ ချောင်းလျက် နေရသည်။ စကားပြောတုန်း ထသွားရန် မသင့်မှန်းလည်း သိ၍ မတင်မကျ စိတ်ဖြင့် ထသင့်၊ မထသင့် ထမင်းစားပွဲ၌ သူတစ်ယောက် တည်း စိတ်နှလုံး မကျဘဲ ဖြစ်နေ၏။

'မင်းသမီး ကတဲ့အခါ အောက်က ထဘီအနားကို ခတ်ပြီး ဇာတ်ခုံ ပေါ်မှာ ပတ်ပတ်လည် ပြေးက သွားရင် ဆရာ. . . ကျွန်မ ဘယ်လိုပြောရမလဲ ဆိုရင် ကျွန်မလည်း ဇာတ်ခုံပေါ် ရောက်သွားပါတယ်၊ ထဘီအနားကို ခတ်ခတ်ပြီး ကျွန်မပါ မင်းသမီးနဲ့ ပါသွားလိုက်တာ. . .'

ယုမိစံသည် မင်းသမီးနောက် ပါသွားဟန်ကို လက်ကလေး ဆန့်တန်းလျက် မြှောက်ချီ ဖြန့်ဝဲ၍ ပြလိုက်ရင်း သဘောတကျ အားပါးတရ ရယ်မောလိုက်လေသည်။ အားပါးတရ ရယ်မောလိုက်ပုံကလေးမှာ အဆီး အတားမရှိ၊ ရှုံးတိုး ရှုန့်တန့်မဖြစ်၊ ဖြောင့်စင်း ပွင့်လင်းလှခြင်းကြောင့် ယုမိစံအား ချစ်စရာ ကောင်းသူကလေးရယ်လို့ပင် ဦးသက်လွင် စိတ်ဝယ် စွဲမှတ်သွားသည်။

'နန်းတွင်း အပျိုတော်ယိမ်းကို ကျွန်မ သိပ်ကြိုက်ပါတယ် ဆရာ၊ အပျိုတော်တွေ ကတာ တကယ့် အနုပညာ၊ တကယ့် အလှပဲ။ သူတို့ ကတာကြည့်ပြီး. . . ဒါကြောင့် မင်းတုန်းရှင်ဘုရင်မှာ မိန်းမတွေ အများကြီး ရှိတာပဲ ကျွန်မ စဉ်းစားမိပါတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်မှာ မအောင့်နိုင်သဖြင့် ဟားတိုက်၍ ရယ်လိုက်သည်။ ဦးသက်လွင်က တဟားဟား။ မောင်မောင်မူကား ရွာတော့မည့်မိုးလို မျက်နှာက မှုန်မှုန်ညိုညို. . .။

'ဆရာမ အထက်မြန်မာပြည် သွားရင် ဆရာမ အခုထက်ပိုပြီး မြန်မာ့ အကြောင်း သိလာ မြင်လာမယ်'

'အခု ဒီဇင်ဘာ ကျောင်းပိတ်မှာ ပုဂံ-ပုပ္ပား-မန္တလေး သွားပါမယ်'

'ရှမ်းပြည်နယ် တောင်ကြီးကော ဆရာမ ရောက်ပြီးပြီလား'

ဦးသက်လွင်သည် တစ်ချိန်ထက်တစ်ချိန် ယုမိစံကို စိတ်ဝင်စားလျက် ရှိသည်။ ယုမိစံ၌ရှိသော အရည်အချင်းများသည် သူ တွေ့ရသည့် တစ်ချိန် ထက် တစ်ချိန် ပို၍ပို၍ထက်မြက် ပြည့်ဝမှုရှိမှန်းကို သတိပြုမိလေသည်။

'သီတင်းကျွတ် ကျောင်းပိတ်ရက်က တောင်ကြီးကို ရောက်ပါတယ်။ တောင်ကြီး-အင်းလေး-ပင်းဒယ-ကလောရောက်ပြီးပါပြီ'

'ဟိုမှာ ရာသီဥတုကောင်းတော့ ရှမ်းပြည်နယ်ကို ဆရာမ ကြိုက်မှာ ပေါ့'

'ကြိုက်ပါတယ်၊ နောက်တစ်ခေါက် သွားချင်ပါသေးတယ်။ မောင်မောင်ကော ရှမ်းပြည်နယ် ရောက်ဖူးသလား'

မောင်မောင် ငုတ်တုတ်ကြီးဖြစ်နေ၍ ယုမိစံက မောင့်မောင့်ကို စကား ပြောစေချင်ပြန်သည်။

'ရောက်ပါတယ်'

'မောင်မောင်. . . ရှမ်းပြည်နယ်ကို ကြိုက်သလား'

သူ့ဘက်သို့ လှည့်လာ၍ မောင်မောင်က စကားရှည်ရှည်ဝေးဝေး မပြောချင်သည့် စိတ်ဖြင့် ကြိုတင်၍ အပိတ်ပြောလိုက်သည်။

'ရန်ကုန်က လွဲပြီး ဘယ်မှ မကြိုက်ပါဘူး'

ယုမိစံက ရယ်မောလိုက်သည်။ ယုမိစံသည် အကင်းပါးလွန်းသဖြင့် မောင်မောင့်အဖြေ၏ နောက်ကွယ်၌ရှိသော အဓိပ္ပာယ်ကို ရိပ်စားမိ၍ ရယ်မောခြင်း ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဂျပန်ပြည်ကို ဆရာတို့ လာစေချင်ပါတယ်။ ဂျပန်ကို မရောက်ဖူးချင်ဘူးလား မောင်မောင်၊ ရောက်ဖူးချင်ရင် မမ ခေါ်သွားမယ်လေ'

ယုမိစံ၏ မေးခွန်းသည် လျှပ်စစ်ဓာတ်လိုက်သလို မောင်မောင့် တစ်ကိုယ်လုံး ကျဉ်စက်သွားသည်။ ဦးသက်လွင် ရှေ့၌ ဤမေးခွန်းမျိုး အမေးခံရသည့်အဖြစ်။ သူ့ နှလုံးသား၌ ပြင်းစွာ နာကျင်၍ သွားသည်။ နှုတ်ဖြင့် အဖြေမပေးဘဲ သူ့ခေါင်းကို အရမ်းခါပြလိုက်သည်။ ခေါင်းယမ်း ခါရင်း ရှက်လည်း ရှက်သွား၏။

ယုမိစံသည် သူ့အမှားကို ချက်ချင်း သတိရကာ သူ့စကားကို မြန်မြန် ဖြေ၍ ပြောလိုက်ရသည်။

'မောင်မောင်က ရန်ကုန်ကလွဲပြီး ဘယ်မှာမှ မကြိုက်ပါဘူးနော်'

ယုမိစံသည် ပြောပြီး ပြုံးရယ်လိုက်ရသည်။

'ဆရာမ မြန်မာပြည်မှာ ဘယ်နှနှစ် နေရမလဲ'

မောင်မောင် အမူအရာ ပျက်လျက်ရှိခြင်းကို တွေ့ရ၍ ဦးသက်လွင်က ရင်ခုန်လာလျက်၊ အခြေအနေ ပြောင်းလိုက်ချင်သော ဆန္ဒဖြင့် ကောက်မေး လိုက်သည်။

'နှစ်နှစ်စာချုပ် ရှိပါတယ် ဆရာ'

'မြန်မာပြည်အကြောင်း ဆရာမ စာအုပ်ရေးချင်တာနဲ့ ဆရာမရဲ့ စူးစမ်းလေ့လာတဲ့ စိတ်ရှိမှုဟာ အံကိုက်ပေါ့၊ လေ့လာစရာတွေ အများကြီး ရှိပါတယ်။ မြန်မာပြည်ရောက်စက မြန်မာလူမျိုးတွေ အပေါ်မှာ ဆရာမ ဘယ်လိုများ ထင်မြင်ချက် ရှိသလဲ'

ယုမိစံသည် တောက်ပသွားသော မျက်လုံးအစုံဖြင့် သူ့အဖြေကို ပွင့်လင်းစွာ ဖွင့်ပြောချင်မိသည်။

'ပြောရမလား ဆရာ'

'ပြောပါ ဆရာမ'

'မြန်မာလူမျိုးတွေဟာ များသောအားဖြင့် နောက်ကိုလှည့်ပြီး

www.burmeseclassic.com



ကြည့်တတ်တယ် ဆရာ။ ဥပမာ ဆိုပါတော့။ စစ်ကာလအတွင်းက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအရပ်ရပ်ကို ပြီးပြီလို့ အမှတ်မထားဘူး၊ ကျွန်မ သိရသလောက် ဂျပန်အပေါ်မှာ အမုန်းစိတ်ဓာတ် ရှိနေကြပါတယ်။ ကျွန်မတို့ ဂျပန်က နောက်ကိုလှည့်ပြီး မကြည့်တတ်ဘူး ဆရာ၊ ပြီးခဲ့တာဟာ ပြီးခဲ့ပြီ၊ အမှတ်မထားဘူး။ ဂျပန်မှာ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို အမေရိကန်ချတဲ့ အဏုမြူဗုံးဟာ ဘယ်လောက် ပြင်းထန်သလဲ ဆရာ။ ဒါပေမဲ့ ဂျပန်က နောက်ကိုလှည့်ပြီး မကြည့်တတ်ဘူး၊ စစ်မှာ ကိုယ်ရှုံးနိမ့်တာကို လက်ခံပြီး အနိုင်ရရှိတဲ့ နိုင်ငံနဲ့ ချစ်ကြည်ရေးလုပ်ပြီး လက်တွဲနိုင်တဲ့ စိတ်ထားရှိတယ်။ လက်တွဲနိုင်တဲ့ စိတ်မျိုးနဲ့ နိုင်ငံကို ပြန်ထူထောင်တယ်။ မြန်မာနဲ့ ဂျပန် ကွာခြားချက်ကို ကျွန်မ ဒီလို တွေ့ရပါတယ်'

ယုမိစံသည် ပြောပြီး မောင်မောင်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ယုမိစံ၏ အကြည့်သည် မောင်မောင့်အား တိုက်ရိုက်ပြောလိုက် သည့်နှယ် မောင်မောင့်ကို ရည်ညွှန်းပုံပေါက်သည်။

မောင်မောင်သည် မျက်နှာခပ်မှုန်မှုန်ဖြင့် မျက်နှာ လွှဲပစ်လိုက်သည်။

ယုမိစံ၏ စကားကို ဦးသက်လွင်သာလျှင် မောင်မောင့်ကို သွယ်ဝိုက်ကာ ပြောမှန်း သိခြင်းကြောင့် မောင်မောင် နားဝင်စေချင်မိသည်။ မောင်မောင့်ဘက်မှ ယုမိစံစကားကို လက်ခံနိုင်ခြင်း မရှိပေ။ ဂျပန်လူမျိုးပေါ်၌ သူ့ထက် နာကြည်းသူ မရှိနိုင်ဆိုသော သူ့ဘဝပေး အသိဉာဏ်၊ သူ့ခံစားချက်များဖြင့် မည်သူ၏ သွေးဆောင်မှုအောက်မှ ဝပ်စင်း အရှုံးပေး၍ စိတ်ပြောင်းမည် မဟုတ်ကြောင်း သူ့ကိုယ်သူ အသိဆုံး ဖြစ်သည်။

'ဂျပန်လူမျိုးဟာ ရိုင်းစိုင်းတဲ့လူမျိုးမှ မဟုတ်တာဘဲ ဆရာမရယ်၊ လူလူချင်း ဆက်ဆံတာတောင် ဘာသာရေး ကိုင်းရှိုင်းသလိုပဲ၊ နှိမ့်ချကိုင်းညွတ်လိုက်ကြရတာ၊ အမှန်တော့ ယဉ်ကျေးတဲ့ လူမျိုးပါ'

ဦးသက်လွင်က ယုမိစံ လိုရာသို့ ရောက်စေအောင် ဆက်ပို့ပေးလိုက်သည်။

www.burmeseclassic.com



'စစ်ဟာ တကယ် ရက်စက်ကြမ်းကြုတ်ပါတယ်။ ဂျပန်မှာ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို ကြည့်ပါ ဆရာ၊ လူသားတွေဟာ မိနစ်ပိုင်း အတွင်းမှာ ပြာမှုန့်တွေ ဖြစ်သွားတယ်၊ ဘယ်လောက် ဆိုးသလဲ၊ ကျွန်မတော့ စစ်ပွဲဆိုရင် လူသတ်ပွဲမို့ စစ်ကို အမုန်းဆုံး'

ယုမိစံက မျက်မှောင်ကလေး ကုတ်လျက်၊ သူ့စိတ်ထဲ၌ စစ်ကို ခါးခါးသီး ဖြစ်လှသည့်အတိုင်း ရှုံ့မဲ့လျက် ပြောဆိုပြသည်။

မောင်မောင်က ငြိမ်နေသည်။ ဂျပန်လူမျိုးအပေါ်တွင် ထားရှိကြသည့် အယူအဆ၌ ဦးသက်လွင်နှင့် သူနှင့် ကွဲပြားခြားနားခြင်း ရှိမှုကြောင့် ဦးသက်လွင် အပေါ်၌ စိတ်ပျက်နေသည်။

မောင်မောင်သည် ရှေ့ဆောင်လမ်းပြ ပြုနေသူတို့၏ အလိုသို့ လိုက်လျော ထောက်ခံသည့် အသွင်မျိုး မဆောင်ဘဲ၊ ရှေ့ဆောင်လမ်းပြ ပြုနေသူ၏ အလိုနှင့် ဖီလာဆန့်ကျင်လျက် ဘေးဖယ်နေသည့် အသွင်မျိုးသာ ပေါ်လေသည်။

'စစ်အကြောင်းပြောရင် ကျွန်မအဖေ ရေးတဲ့ ကဗျာတစ်ပုဒ် ကျွန်မ ခေါင်းထဲ ရောက်လာတာပဲ ဆရာ'

ယုမိစံသည် သူ့ဖခင် မင်္ဂလာဒုံ ရေးစပ်ပို့လိုက်သော "မင်္ဂလာဒုံမှ" ကဗျာလေးကို အမှတ်ရ၍ နှုတ်က ထွက်သွားသည်။

'ဆရာမ အဖေက ကဗျာဆရာလား'

ဦးသက်လွင်သည် ဤမေးခွန်းကို မေးမည့်သာ မေးရသည်။ ယုမိစံ နှုတ်ဖျားမှ ဘာတွေများ ထွက်လာမလဲဟု ပူပန်ကြောင့်ကြစိတ်က တထိတ်ထိတ် ဖြစ်လျက်ရှိသည်။

'အဖေက ကဗျာရေးပါတယ်၊ ပန်းချီဆွဲပါတယ်၊ အနုပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ စစ်အတွင်းက စစ်မှုထမ်း ရပါတယ်၊ မြန်မာပြည် မင်္ဂလာဒုံမှာ နေဖူးသွားပါသေးတယ်'

ဦးသက်လွင်၏ မျက်လုံးများသည် ပြူးကျယ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်က ယုမိစံ၏ မျက်နှာကို ဖျတ်ခနဲဝေ့၍ ကြည့်မိသည်။

မောင်မောင့်အကြည့်တွင် သူ့အဖက မြန်မာပြည် ရောက်ဖူးသကိုး ဆိုသည့် အမုန်းဝင်သော အကြည့်မျိုး ဖြစ်သော်လည်း၊ ဦးသက်လွင်၏ အကြည့်မှာ ယုမိစံ ဖွင့်ပြောမှာ မစောဘူးလားဆိုသည့် အဓိပ္ပာယ်ရောက်သည့် အကြည့်၊ စိုးရိမ်ကြည့်။

'ဆရာမ အဖေက မြန်မာပြည်ရောက်ဖူးတာကိုး၊ သူရေးတဲ့ ကဗျာက ဘယ်လို ကဗျာမျိုးလဲ ဆရာမ'

ဦးသက်လွင်သည် ဟန်ဆောင်၍ ပြောရပြီး သက်မကို ပင့်ကာ ချလျက် ရင်တမမ ဖြစ်နေရသည်။

'ကဗျာက ရိုးရိုးလေးပါပဲ ဆရာ၊ ကွန်မ ငါးနှစ်ပြည့်တဲ့ မွေးနေ့မှာ သူရေးပြီး မင်္ဂလာဒုံက ပို့လိုက်တာပါ'

ယုမိစံသည် မျက်နှာကလေးကို အောက်သို့ မချတချဖြင့် ချလျက် ဂျပန်ကဗျာကို မြန်မာဘာသာ ပြန်ပြရန် စဉ်းစားလိုက်သည်။

အိုစကာ နိုင်ငံရပ်ခြားဘာသာသင် သိပ္ပံကျောင်း၌ ယုမိစံ နေခဲ့စဉ်က "မင်္ဂလာဒုံမှ" အမည်ရှိသော ဖခင်၏ ကဗျာကို ဂျပန်ပါမောက္ခက ယုမိစံအား မြန်မာဘာသာ ပြန်ပြပေးဖူးသည်။ မြန်မာစကားပြေ ပြန်ပေးထားသည့် စကားလုံးများကို အလွတ်ရေးထားသည့်အတွက်၊ စိတ်ထဲ၌ အစီအစဉ် ချလျက် ရွတ်ကြည့်ပြီးမှ အသံထွက်၍ ခပ်ဖြည်းဖြည်း ရွတ်ဆိုပြသည်။

'ယနေ့
ငါးနှစ်ပြည့်သည့် ယုမိမွေးနေ့။
မွေးနေ့ပွဲတွင် ပျော်ရွှင်စွာ
ယပ်တောင် အကဖြင့်
ယိမ်းနွဲ့၍ ကပြနေဟန်
ယုမိစံ၏ ချစ်စရာ့သဏ္ဍာန်ကို
ပန်းချီဆွဲရန် ပြင်းထန်ပါဘိ ငါ့ဆန္ဒ။

သီတာရတနာစာပေ

www.burmeseclassic.com



လူ့ဘဝ လူ့သရုပ်ကို အသက်သွင်း၍
ဖော်ထုတ်ပြရန်
စုတ်တံက ငါ့လက်တွင် မရှိ
ငါ့လက်၌ ဆုပ်ကိုင်၍ ရှိရသည်ကား
သေနတ်။'

ယုမိစံ၏ အသံသည် ရပ်ဆိုင်းသွားသည်။ တစ်ခဏ ငြိမ်သက်လျက် ရှိနေပြီးမှ 'ကဗျာရဲ့ မြန်မာအဓိပ္ပာယ်က ဒီလို အဓိပ္ပာယ်ရှိပါတယ် ဆရာ'ဟု အသံထွက်လာသည်။

ယုမိစံ၏ ဘာသာပြန်ချက်သည် ဦးသက်လွင်၏ စိတ်နှလုံးကို ယူကျုံးမတတ် ရှိတော့သည်။

မြန်မာစကားပြေကို လေးလေးမှန်မှန် ရွတ်ဖတ်သွားသည့် အခါတွင်၊ စာသံပေသံဖြင့် ပီပီသသ တစ်လုံးချင်း ထွက်လာခြင်းကြောင့် ယုမိစံကို မချီးကျူးဘဲ မနေနိုင်။ အဓိပ္ပာယ် ပြန်ပြနေစဉ် မျက်လုံးမျက်ဖန်နှင့်တကွ၊ စုတ်တံကိုင်ပြ၊ သေနတ် ဆုပ်ပြသော လက်ဟန်လည်း ပါဝင်၍ ကူထားသဖြင့် ကဗျာ၏ အဓိပ္ပာယ်သည် ပိုမို၍ လေးနက်သည်။

'ကဗျာလေးရဲ့ အဓိပ္ပာယ်က ကောင်းလိုက်တာ ဆရာမရယ်၊ အဓိပ္ပာယ် လေးနက်ပါတယ်။ ဂျပန်ပန်းချီနဲ့ ဂျပန်ကဗျာလေးတွေဟာ ရိုးရိုး ရှင်းရှင်း ဒီအတိုင်းပါပဲ၊ ဒါပေမဲ့ စုတ်တံနဲ့ သေနတ်နောက်မှာ အဓိပ္ပာယ်က တထွေးကြီးပါပဲ ဆရာမ'

ယုမိစံသည် မောင်မောင့်ကို ဤကဗျာသည် မောင်မောင့်ဖခင် ရေးခဲ့သော ကဗျာဖြစ်ကြောင်း၊ တစ်လက်စတည်း ဖွင့်ပြောပြလိုက်ချင်သည်မှာ တစ်ပိုင်းသေနေလေသည်။ ဖွင့်ပြောရန် မတတ်နိုင်ရှာသော သူ့အဖြစ်ကို တနုံ့နုံ့ ခံစားဝမ်းနည်းလျက် ရှိသည်။

'ဘာသာပြန်ထားတာ. . . ဆရာမ လက်ရာလား'

'မဟုတ်ပါဘူး. . . ဆရာ၊ ဂျပန်ပြည်က ပါမောက္ခ လက်ရာပါ၊

www.burmeseclassic.com



ကျွန်မအတွက် စကားပြေ ပြန်ပေးပါတယ်။ မြန်မာပြည်က ပြန်လာရင် ဒီကဗျာကို မြန်မာကဗျာ ပြန်ရေးခဲ့လို့ မှာလိုက်ပါတယ်၊ ကျွန်မကို မြန်မာ ကဗျာ ပြန်ရေးတတ်ဖို့ ကဗျာသင်ပေးပါ ဆရာ'

မောင်မောင်သည် ငြိမ်လျက်နေရာမှ ဆတ်ခနဲ လှုပ်သွားသည်။ ယုမိစံ ကဗျာသင်ခိုင်းခြင်းကို သူ့စိတ်ထဲ၌ မကြည်ဖြူနိုင်သဖြင့် စိတ်လှုပ်ရှားသွားသည့်အတွက် လူပါ လှုပ်သွားသည်။ မျက်လုံးများကလည်း ရွေ့ရှားနေလျက် ခုံပေါ်က ပန်းကန် ကြည့်လိုက်၊ ထရံ ကြည့်လိုက်၊ ဟိုကြည့် ဒီကြည့်။

'ကျွန်တော် သင်ပေးပါ့မယ် ဆရာမ၊ ဆရာမနဲ့ ကျွန်တော် အားမယ့် အချိန်ကို ညှိကြတာပေါ့။ ဆရာမအဖေရဲ့ ကဗျာကို မြန်မာကဗျာတစ်ပုဒ် ဖြစ်အောင် ကျွန်တော် ကူညီပါ့မယ်'

မောင်မောင် မကြည်ဖြူမှုန်း၊ မောင်မောင့်စိတ်ကို ဦးသက်လွင် ရိပ်မိပုံ မရသော်လည်း ယုမိစံက ရိပ်မိ သိရှိသည်။ ဦးသက်လွင်၏ ကူညီချက်ကို ဝမ်းမြောက်ခြင်း မဖြစ်နိုင်ဘဲ ရင်ထဲ၌ ဆွေး၍သာ လာသည်။

'ဆရာမ အဖေက စစ်နဲ့ သူနဲ့ တခြားစီပါပဲလား'

ယုမိစံ ရင်ဆို့လျက်ပင် ရှိသည်။ မောင်မောင်သည် ယုမိစံ ငြိမ်ကျသွားခြင်းကို အကဲခတ်မိသည်။ ယုမိစံ တိတ်ဆိတ်နေမှ မောင်မောင့်၌ အတွေးတစ်ခု ပေါ်လာသည်။ သူ့အတွေးမှာ "ဂျပန်တွေ စစ်ရှုံးပြီး ပြေးရလို့သာ၊ နို့မို့ရင် တစ်နိုင်ငံလုံး ဒီထက် အဖြစ်ဆိုးမယ်. . ."ဆိုသော သူ့အတွေးအခေါ်နှင့်သူ တစ်မျှော်တစ်ခေါ်ကြီး တွေးလျက်။

ယုမိစံသည် ရင်ဆို့ဆို့ဖြင့် အနိုင်နိုင် ပြန်၍ ပြောရသည်။

'ဒီအချိန်က ဆရာ၊ ဂျပန်မှာ ယောကျ်ားအားလုံး ဘယ်သူမဆို စစ်ထဲ ရောက်နေပါတယ်။ ကျွန်မအဖေ စစ်ထွက်သွားတော့ ကျွန်မ ၁၀ လ သမီးပဲ ရှိသေးတယ်။ အမေက ကျွန်မကို မွေးတဲ့နေ့မှာ သေသွားတယ်။ ကျွန်မ အဘွားက ကျွန်မကို မွေးပါတယ်၊ ကျွန်မ အဖေကို မမြင်ဖူးပါဘူး၊



BURMESE CLASSIC .com

www.burmeseclassic.com



စစ်ပြီးတော့လည်း အဖေက စစ်သုံ့ပန်း ဖြစ်နေလို့ ချက်ချင်း မတွေ့ရဘူး။ ကျွန်မ ၁၅ နှစ်သမီး အရွယ်ရောက်မှ ကျွန်မ အဖေကို တွေ့ရတယ်၊ အဖေ့ကို ပြန်တွေ့တော့လည်း အဖေက ကြာကြာ မနေရပါဘူး။ မမာလို့ သေသွားပါ တယ်'

ယုမိစံမှာ သူ့အဖေအကြောင်းကို ဦးသက်လွင်အား ပြောပြနေသလိုဖြင့်၊ မောင်မောင် သိစေရန် မောင်မောင့်ကို ပြောပြနေခြင်းပင် ဖြစ်သည်။ သူများ အဖေအကြောင်း ကြားသိရသဖြင့် မောင်မောင့်မှာ သူ့အမေ အကြောင်းကို သူ သတိရရန် ဆွပေးနေသကဲ့သို့ ဖြစ်လာသည်။

မောင်မောင်သည် ဦးသက်လွင်တို့ အသံများမှ ဝေးရာသို့ ရောက်သွားသည်။ သူ့စိတ်အာရုံထဲ၌ သူ့ဘဝမှာ မပီပြင်ဘဲ မှုန်၍သာ နေသည်။ ရှက်စရာကောင်း၍ သူ မသိချင်ဘဲထားသော သူ့ဘဝ အသိသည်၊ ငုပ်ကွယ် နေရာက ခေါင်းပြူ၍ ထွက်လာပြန်သည်။

အမှန်စင်စစ် မောင်မောင်သည် သူ့ဘဝကို သူ ပီပြင်အောင် ရှိခဲ့ရသူ မဟုတ်ပေ။ သူ့အမေ သေဆုံးပြီးနောက် အခါလည် အရွယ်မတိုင်မီမှ ၅ နှစ်သား အထိ၊ သူ့ကို မွေးမြူခဲ့သည့် အဘိုးဦးဆိုင်ကို အဖေအရင်းပင် မှတ်ထင်ခဲ့သည်။ ၅ နှစ်သား အရွယ်၌ ဦးဆိုင် သေဆုံးသွားသဖြင့် ဦးဆိုင်လက်မှ ကိုထွန်းမောင်နှင့် သူ့ဇနီး မပွေးတို့ လက်ထဲသို့ ရောက်ရှိသွားသည်။

မပွေးနှင့် နေရသည့် အခါကျမှပင် 'နင့်အဖေက ဂျပန်ကြီး'ဟု မပွေးကရော၊ အများကပါ ပြောလာကြသည်။ ထိုအခါ မောင်မောင်က. . . 'ဟုတ်ဖဲနဲ့. . . ဟုတ်ဖဲနဲ့'ဟု ပြန်၍ ပြောတတ်သည်။

သူ့ကို ဒီအကြောင်းပြော၍ ကျီစယ်ကြလျှင် သူ့ထံမှ ဝါးခနဲ ငိုသံလျှင်လည်း ကြားရသည်။ သို့မဟုတ်. . . သူ့အဖေ ဂျပန်လို့ ပြောရမလား စိတ်ဆိုးကာ နဖူးနှင့် ကြမ်းနှင့် ဆောင့်၍လည်း ငိုပြတတ်၏။

နဖူးနှင့် ကြမ်းနှင့်ဆောင့်၍ ငိုပြမှာကို မြင်ချင်ကြတိုင်း တစ်ယောက်



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ပေါက် မောင်မောင့်ကို ဝိုင်းစကြကာ၊ တဝါးဝါး တဟားဟားဖြင့် ပွဲကျလျက် ရှိကြ၏။

သူ့ဘကြီးထွန်းမောင်က ကျိုက်စကောကျောင်းသို့ မပို့မီ. . . 'မင်း အဖေဟာ ဂျပန်၊ ဦးဆိုင်က မင်းအဘိုး'ဟု နှစ်ယောက်ချင်း ပြောပြဖူး၏။ ဓာတ်ပုံကို ထုတ်ပြ၍လည်း မြင်လိုက်ရ၏။ ဓာတ်ပုံထဲက လူကို အဖေဟု လည်း မမှတ်၊ လူဟုလည်း မထင်။ အရုပ်တစ်ရုပ်လိုပင် မှတ်ကာ ယုံကြည်မှုကိုလည်း မထား၊ စွဲလမ်းမှုလည်း မရှိ။

ကတုတ်ရွာတွင် ဦးဆိုင် သေဆုံးသွားပြီးသည့် နောက်ပိုင်း၌ မောင်မောင့် ဘဝကို မောင်မောင့်အား မည်သူမျှ ဂဃနဏ ပြောပြနိုင်သော သူကလည်း ထိုရွာ၌ တစ်ယောက်မှ မရှိ။ ဘုရားလေးရွာ၌ သူ့အဖေနှင့် သူ့အမေ ဂျပန်ခေတ်က မင်္ဂလာဆောင်၍ ယူကြမှန်းပင် ယုမိစ် သိရှိလာ သကဲ့သို့ မောင်မောင်က သိရသူ မဟုတ်ချေ။

ဦးသက်လွင် လက်ထဲရောက်၍ ကျောင်းနေရတော့မှ တစ်စတစ်စ ဂျပန်ခေတ်က ဂျပန်အကြောင်းကို ရေရေလည်လည် သိရသည်။

သူ့အတွေး သူ့အထင်သည် ငုပ်ရာက ပေါ်လာရာ၌၊ သူ့အမေ သင်္ချိုင်းမှာ သူ့လက်ကို လွတ်အောင် ရုန်းကန်လျက်ရှိသည်။ သူ့အမေကို အနိုင်ကျင့် ဆွဲခေါ်နေသည့် သူ့အဖေဖြစ်မည့် ဂျပန်က ဂျပန်စကားဖြင့် ဘာစကားတွေ ပြောမှန်းမသိ၊ အာလုပ်သံ လျှာလုပ်သံဖြင့် ပြောလျက် ရုန့်ရင်း ကြမ်းတမ်းစွာ ဆွဲခေါ်ကာ. . .။

မောင်မောင်၏ စိတ်အာရုံ၌ ထင်ရှေးမြင်လျက်ရှိသော ထိုသင်္ချိုင်း တို့ကို ရှေ့ဆက်၍ မမြင်ဝံ့အောင် မျက်လုံးတို့မှာ ပြာမှိုင်းလာသည်။ လေမုန် တိုင်း ကျလာသည့်အခါ ကမ်းပါး၌ လှိုင်းလုံးကြီးများ ပြင်းထန်စွာ ရိုက်ပုတ် နေသကဲ့သို၊ မောင်မောင်၏ အသည်းနှလုံးများသည် သူ့ရင်ကို ပြင်းထန်စွာ ရိုက်ပုတ်လာသည်။

မောင်မောင်သည် ထမင်းစားပွဲမှ တအားကျုံး၍ ထလိုက်ကာ မီးဖို ဆောင်ဘက်သို့ အသာ ထွက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင် နေရာမှ ထသွားသွားချင်း ယုမိစံက သူ့ကိုယ်လေးကို ရှေ့သို့ကိုင်း၍ လေသံဖြင့် ကပျာကယာ ပြောလိုက်သည်။

'ကျွန်မ နည်းနည်း စ ပြောထားတာ ကောင်းတယ် မဟုတ်လား ဆရာ'

'ကောင်းတယ် ဆရာမ၊ ကောင်းပါတယ်'

ဦးသက်လွင်က သဘောကျသဖြင့် ထောက်ခံလိုက်သည်။

မီးဖိုခန်းထဲ မောင်မောင် ရောက်လာ၍ ကိုမြဖေက မျက်နှာအိုအိုဖြင့် ဆီးဆိုလိုက်သည်။

'ငါ့ကိုပြောစမ်းပါ၊ ငရုတ်သီး ဘယ်နှတောင့် ထပ်ထည့်လိုက်သလဲ၊ ငါ ရေစိမ်ထားတာ သုံးတောင့်ပါကွ'

'ခုနစ်တောင့်. . .'

ဤအဖြေ ပေးရ၍ မောင်မောင် ကျေနပ်အားရ အူမြူးလာသည်။

'မင်းကွာ. . . သူ့ခမျာ သိပ်စပ်သွားရှာတယ်'

'ရှူးရှဲ. . . ရှူးရှဲ. . . ရှူးရှဲ'

ထမင်းစားပွဲ၌ ယုမိစံ မချိမဆံ၊ ထွန့်ထွန့်လူး စပ်နေဘိသကဲ့သို့ မောင်မောင်က ကိုမြဖေကို ရှုံ့မဲ့လျက် မချိမဆံ့ စပ်ပြနေလေသည်။

## ၁၀

ယုမိစံသည် နာရီကို တကြည့်ကြည့် လုပ်လျက် ချိန်းထားသည့် အချိန်ထက် တစ်နာရီ နောက်ကျနေခြင်းကြောင့် ဂနာမငြိမ် ဖြစ်နေသည်။ ပြတင်းခန်းဆီး ကို လှပ်ကာ အိမ်ပြင်သို့ ကြည့်ရသည်မှာ အမော. . .။

ထိုနေ့ည အိမ်ပြင်မှ လရောင်မှာ ထိန်ထိန်သာနေလေသည်။ ခြံထဲ၌ ပန်းဆုပ်ပန်းခိုင်များ ခဲနေသော တရုတ်စံကားပင်တို့သည် လရောင် တလက်

www.burmeseclassic.com



လက်ဖြင့် စိမ်းရွှက်တွေ လွှမ်းခြုံလျက် ရှိကြသည်။ ခြံစည်းရိုးလုပ်ထားသော စက္ကူပန်းတို့ကလည်း မရန်းရောင်၊ အဖြူရောင် ရောင်စုံအသွေးတို့ဖြင့် တစ်ဝင်းလုံး ဖွေးဖွေးလှုပ် ပွင့်လျက် ရှိကြသည်။

ယုမိစံသည် ဂျပန်ပြည်၌ သည်ရာသီ ပွင့်နေကြမည့် ချယ်ရီပန်းတို့ကို လွမ်းတမိသည်။ ချယ်ရီပင်တို့မှ ဖြာကိုင်းနေသည့် ရိုးတံကြီးတွေတွင် ပန်းရည်ဖျော့ဖျော့၊ ပန်းနုရောင်ပွင့်ချပ် လှလှကလေးတွေဖြင့် မြိုင်မြိုင်ဝေအောင် ပွင့်နေကြမည်ကို မြင်ယောင်မိလျက်ရှိစဉ်၊ အဘိုးနှင့် အဘွားတို့ကိုပါ သတိရစိတ်က နှလုံးသားထဲသို့ ဝင်ရောက်လာသည်။

'အိုဘားစံတို့ . . မောင်မောင့် ဓာတ်ပုံကို ခုချိန်ဆို မြင်ကြလောက်ပြီ . . .'

ယုမိစံသည် သက်ပြင်းကို ရှိုက်ချလိုက်သည်၊ ကားတစ်စီးသည် အရှိန်ပြင်းစွာဖြင့် အိမ်ရှေ့မှ ဖြတ်မောင်းသွားသည်။

ဦးသက်လွင်နှင့် မောင်မောင့်ကို ယနေ့ည အိမ်၌ ထမင်းစား ပြန်၍ ဖိတ်ထားခြင်းကြောင့် အားလုံး အသင့်ပြင်၍ စောင့်နေခြင်း ဖြစ်သည်။

ဒေါ်အောင်မေမှာ ယုမိစံမောင်လေး ပါလာမည်ဆို၍ ကျွေးချင်မွေးချင်လှသဖြင့်၊ ကောင်းပေ့ညွှန့်ပေ့ဆိုသော မြန်မာဟင်းလျာများဖြင့် လက်စွမ်းကုန် ချက်ပြုတ် ပြင်ဆင်ထားသည်။

ယုမိစံက ကားလွှတ်၍ အကြိုလွှတ်ထားပါလျက် ချိန်းသည့်အချိန်၌ ကားပြန်၍ မရောက်လာခြင်းကြောင့် ကားဘီးပေါက်သလား၊ ကားပျက်သလားနှင့် စိတ်တထင့်ထင့် စောင့်မျှော်ရင်း ပူပန် စိတ်မောနေသည်။

မောင်မောင်လာလျှင် ကြည့်ရန် အင်္ဂလိပ်-ဂျပန် ရုပ်စုံမဂ္ဂဇင်းမျိုးစုံ ရွေးချယ်၍လည်း ပုံထားသည်။ ဂျပန်ပြည်၏ ရှုခင်းဓာတ်ပုံများကို ကြည့်နိုင်ရန် အယ်လ်ဘန်ဓာတ်ပုံ စာအုပ်များလည်း အသင့်ထား၏။ ဂျပန်ပြည် ဓာတ်ပုံပေါင်းစုံထဲမှ အဘိုး အဘွားများ၏ ဓာတ်ပုံကို မောင်မောင် မြင်စေချင်သော ဆန္ဒကလည်း ကြီးမား၏။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်လာလျှင် သူ့အိမ်၌ မြန်မာဧည့်ခန်းကိုလည်း မြင်နိုင်မည်။ ဂျပန်ဧည့်ခန်းကိုလည်း ပြနိုင်မည်။ မောင်မောင် စိတ်ဝင်စားလိမ့်မည်၊ မောင်မောင် နှစ်သက်လိမ့်မည် ထင်သော ဂျပန်သီချင်း ဓာတ်ပြားများကို ဖွင့်ပြရန် စိတ်ကူးဖြင့် ရွေးချယ်၍လည်း မပြီးနိုင်အောင် ရှိ၏။

အိမ်သို့ ခြောက်နာရီအရောက် ချိန်းထားရာတွင် ခုနှစ်နာရီခွဲမှ ခြံထဲ သို့ ကားဝင်လာသည်။ ယုမိစံသည် ကားသံကြား၍ အိမ်တံခါးကို ကြိုဖွင့် ထားလိုက်သည်။

ဒေါ်အောင်မေမှာ ယုမိစံနောက်ပါးမှ ရပ်လျက် စောင့်ကြိုရင်း လျှင်မြန် ပြင်းပြစွာ အသက်ရှူလျက် ရှိသည်။

ကားပေါ်မှ ဆင်းလာသော ဦးသက်လွင် တစ်ယောက်တည်းကို မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း ယုမိစံသည် မှေးမှိန်သွားသော မျက်လုံး လေးဖြင့် ဦးသက်လွင်အား စောင့်ကြည့်၍ မေးလိုက်သည်။

'မောင်မောင်. . .'

ယုမိစံသည် ရှေ့သို့ဆက်၍ မမေးနိုင်တော့ပေ။

'သူ့ကို စောင့်နေရတာနဲ့ အချိန် နောက်ကျသွားပါတယ် ဆရာမ'

ဦးသက်လွင်က ပြောပြီး မျက်နှာပျက်ပျက်ဖြင့် တံခါးဝတွင် ရပ်ဆိုင်း နေသည်။

'ဝင်ပါ. . . ဆရာ'

ယုမိစံမှာ မောင်မောင် လိုက်မလာခြင်းအတွက် ရင်ထဲ၌ ဟာတာ တာကြီး ဟာသွားသောကြောင့်၊ ဧည့်သည်ကို ဂါရဝပြုရန် မေ့နေရာမှ ပြန်၍ သတိရလာဟန်ရှိလျက်၊ ရင်ဟာဟာဖြင့် သူ့ကိုယ်လေးကို ကိုင်းညွတ်၍ နှုတ်ဆက်ကာ ဧည့်ခန်းသို့ ခေါ်ဆောင်လာသည်။

မျက်နှာ မသာမယာဖြစ်နေသော ယုမိစံကိုကြည့်၍ ဦးသက်လွင်မှာ စိတ်မကောင်း ဖြစ်သွားသည်။

သပ်ရပ်စွာ ရှင်း၍ ရိုးရိုးကလေး ပြင်ထားသည့် ဧည့်ခန်းမှာ မြန်မာ များ အိမ်၌ မတွေ့ရသော ယုမိစံ၏ မြန်မာ့ဧည့်ခန်း ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဧည့်ခန်းသည် အခန်း ကျယ်သလောက် ပစ္စည်းများများ မထားရှိ၍ ပို၍ ကျယ်သည် ထင်ရသည်။ ဧည့်ခန်းထဲ၌ ခင်းကျင်းထားပုံမှာ တစ်ယောက်ထိုင် ကုလားထိုင် နှစ်လုံးနှင့် နှစ်ယောက်ထိုင် ကုလားထိုင် တစ်လုံး၊ အလယ်၌ စားပွဲနိမ့် တစ်ခုံ။

ကျွန်းကုလားထိုင်များသည် ရှေ့ဟောင်းပစ္စည်းကို ဖော်ကျူးထားသော ပုံစံ။ အထိုင်နိမ့်နိမ့်၊ အမှီမြင့်မြင့်၊ ခြေထောက်များက အဖြောင့်အတန်း မဟုတ်ဘဲ ကျွန်းသားထုဖြင့် သလွန်ညောင်စောင်းတို့၌ ထောက်ထားသည့် ခြေထောက်မျိုး။ ပွတ်လုံးပွတ်တိုင် အကုန်းအကွေ့ဖြင့် ဆင်းထားသော သဏ္ဌာန်။ မြင်လိုက်လျှင် ဘိုးတော်ဘုရားလက်ထက်က ပုံစံဟု ပြောရမည့် ရှေးဟောင်းကျကျ ပုံစံဖြစ်သည်။ ကုလားထိုင် ကျွန်းသားကို ဆေးသားအနက် သုတ်ထား၍ နက်ပြောင်နေသည်။

နှစ်ယောက်ထိုင်သဖွယ် ကုလားထိုင်မှာ ကုလားထိုင်မဟုတ်၊ လှဲ၍ ဆန့်နိုင်သော ညောင်စောင်းပုံ အရွယ်နီးနီးသဏ္ဌာန်၊ ကျောမှီ မရှိ၊ ထိပ်ဘက်၌ မြင့်ခုံးလိပ်သွားပြီးလျှင် ခေါင်းမှီနိုင်ရန် လိပ်ခေါက်ချထားသည့် ပုံစံ၊ သလွန်ခြေထောက်ပုံ ခြေထောက်ခြောက်ချောင်း တပ်ထားသည်။ ၎င်းအပေါ်၌ ထိုင်ပုံပျော့ပျော့၊ အလျားရှည်ရှည် ဖုံရှည်ခင်းထားပြီး၊ ထိုဖုံပေါ်၌ ကတ္တီပါ အနီရဲရဲ ကွပ်ထားသော သင်ဖြူးဖျာ ချောချောကလေးတစ်ချပ် ခင်း၍ ထားသည်။

အလယ် စားပွဲနိမ့်နိမ့်က ကျွန်းမြစ်ဆုံစားပွဲ။ စားပွဲပေါ်တွင် ငွေဖလား ငယ်လေးတစ်လုံး တင်၍ နှင်းဆီပန်းများ စိုက်ထားသည်။ ခုံတစ်ခုနှင့် အလှတင်ထားသော မြန်မာ့ သစ်သားပန်းပု၊ ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်၊ ခါးထောင်နှင့် မင်းသမီးအရုပ်လည်း ရှိသည်။ ယွန်းဆေးရေး ဆွမ်းအုပ်နီနီက တစ်နေရာ၌ သီးခြား တင်ထားသည်။

မြန်မာ့ရုပ်သေး မင်းသား၊ မင်းသမီး၊ ဇော်ဂျီ၊ ကြိုးဆွဲရုပ်များကို အခန်းနံရံ၌ လှပသပ်ရပ်စွာ သူ့နေရာနှင့်သူ ချိတ်ဆွဲပြထားသည်။ အခန်းနံရံ



BURMESE CLASSIC .com

www.burmeseclassic.com



ထောင့် အမြင့်၌ ကြိုးနီပန်းပွားတပ် ကြေးလင်းကွင်းနှစ်ခု ချိတ်လျက်။ ၎င်းမှ ပန်းဖွားနီနီ ကျနေသော အောက်၌ စားပွဲတစ်ခုပေါ်တွင် ပတ္တလား တင်ထားသည်။

ရှေးဟောင်း ထန်းဖူး ပေရွက်ပေချပ်များကို လက်ပံသားနှစ်ချပ်ဖြင့် အထက်အောက် ညှပ်၍ ကျိုက်ထီးရိုး ဝါးဆေးဆိုး အထောက်အလေး နှစ်ဖက်ပေါ်တွင်တင်ကာ၊ ယွန်းရွှေရေးရုပ်စုံ စားပွဲအနိမ့်ကလေးပေါ်၌ ထားရှိ ၍ အထူးပေါ်လွင်လျက် ရှိပေသည်။

မှန်ပြတင်းတံခါးကြီးများ၌ တပ်ထားသော မီးခိုးဖျော့ဖျော့ရောင် မုဒ္ဒံချည် အဖြူချိတ်ဆင် ခန်းဆီးရှည်ကြီးထိပ် နံရံ နှစ်ဖက်၌ ရွှေရေးပုဂံ ယွန်းပန်းချီကားများ၊ မယ်တော်မာယာ ဖွားတော်မူခန်း၊ တစ်ဖက်၌ လောက နတ်နှင့် တာရာဒေဝီ နှစ်ပါးပုံ။

ဦးသက်လွင်သည် ဧည့်ခန်းအဝင်၊ ရှင်းရှင်းရိုးရိုးလေးဖြင့် ပုံဟန် ထူးခြားထားသည့် မြန်မာ့အသွင်ကို ဖျတ်ခနဲ မြင်မိလျက်၊ ကုလားထိုင် တစ်လုံးတွင် ဖြည်းလေးစွာ ထိုင်ချလိုက်သည်။

'ကျွန်တော် မနက်က သူ ကျောင်းသွားခါနီး ဒီနေ့ညနေ ဆရာမအိမ် သွားဖို့အတွက် စောစောပြန်ခဲ့ဖို့ သတိပေးလိုက်သေးတယ်။ သူက မလိုက် ချင်ဘူး အတွင်ငြင်းတယ် ဆရာမ၊ ကျွန်တော်က မရမကပဲ ခေါ်တယ်၊ မင်းကို စောင့်နေမယ်လို့ပြောလိုက်တယ်။ ခုချိန်အထိ အိမ်ကို ပြန်မလာဘူး ဆရာမ'

ယုမိစံ၏ နှလုံးသည်းပွတ်၌ နာကျင်လျက်ရှိသော ခံစားမှုသည် ပြင်းထန်လွန်းရကား. . . စကားပြန်၍ မပြောနိုင်ရှာဘဲ ရင်ဆို့လျက် ရှိသည်။ ဦးသက်လွင် ရှေ့၌ပင် ချုံးပွဲချ၍ ငိုမိတော့မလို ဖြစ်နေသည်။

'ကျွန်တော်နဲ့ အတူနေတဲ့ ၁၂ နှစ်လုံးလုံး ကျွန်တော့်စကားကို ဒီတစ်ခါ ပထမဆုံးအကြိမ် မနာခံခြင်းကို ပြတာပဲ ဆရာမ'

ယုမိစံအပေါ်၌ မောင်မောင်၏ မုန်းတီးမှုသည် မည်မျှကြီးမားကြောင်း



BURMESE CLASSIC .com

www.burmeseclassic.com



ကို၊ စကားလုံးဖြင့် မောင်မောင့်နှုတ်မှ ထုတ်ဖော်၍ ပြောခြင်းသည်ပင်လျှင်၊ ဤမျှ ထင်ရှား၍ ဤမျှ သိသာလိမ့်မည် မဟုတ်သဖြင့်၊ မောင်မောင်၏ အမုန်းစိတ်ကို ယုမိစံ သိတန်ကောင်းပါပြီဟု ဦးသက်လွင်က ယူဆမိသည်။

'ဆရာမရယ်၊ ဒီလောက် စိတ်မကောင်းမဖြစ်ပါနဲ့၊ ဆရာမ အိမ်ကို တစ်နေ့ မောင်မောင် လာရပါစေ့မယ်။ နောက်တစ်ခါ ကျွန်တော် စောင့်ကို ခေါ်လာမယ်'

ယုမိစံ၏ ဝမ်းနည်းမှု အသွင်သည် ဦးသက်လွင် ရှေ့၌ ဟန်မဆောင်နိုင်လောက်အောင် ဝမ်းနည်းပက်လက်ဖြစ်လျက်၊ သူ့ခေါင်းကလေးကို ငုံ့ချထားခြင်းကြောင့် ဦးသက်လွင်က စိတ်ပြေအောင် ထပ်ပြောသည်။

ဦးသက်လွင်မှာ ယုမိစံ စိတ်ထိခိုက်ကာ ငြိမ်သက်နေမှုကို မကြည့်ရက်နိုင်အောင် ဖြစ်သည်။

'သူ ကျွန်တော့်ကို ဒီလိုလုပ်တာ မကောင်းဘူးဆိုတာ၊ ကျွန်တော် ပြန်သွားမှ ကောင်းကောင်း ပြောပြရမယ်'

ယုမိစံကား မလှုပ်။ ဘယ်ဝမ်းနည်းမှုမျိုး၊ ဘယ်ကြေကွဲမှုမျိုးနှင့်မှ မတူနိုင်၊ မနှိုင်းနိုင်သော ဝမ်းနည်းခြင်းမျိုးဖြင့် ရင်ထဲ ဆို့နစ်နေအောင် ခံစားလျက်ပင် ရှိသည်။

'ကျွန်တော် ကြိမ်းမှာတော့ သူ ကြောက်မှာပါ'

ယုမိစံ ခေါင်းကလေးမော့လာကာ စိုးရိမ်သံလေး ထွက်လာသည်။

'သူ့ကို မကြိမ်းပါနဲ့ ဆရာ၊ မောင်မောင့်ကို အပြစ်တင်ရင် မောင်မောင်က ကျွန်မကို ပိုပြီးမုန်းမယ် မဟုတ်လား။ ဒါကြောင့် သူ မလာတာ ကျွန်မ စိတ်မကောင်းဖြစ်တယ်ပဲ ပြောထားပါဦး ဆရာ'

ယုမိစံသည် ဧည့်သည် ရှေ့ထား၍ စိတ်မချမ်းမသာ ဖြစ်ရပုံကို၊ ဆက်လက်၍ မပြလိုတော့၍ သူ့စိတ်ကိုသူ ပြန်တင်းလိုက်ပုံရသည်။ သူ့မျက်နှာမှ ထင်ရှားနေသော ဝမ်းနည်းကြေကွဲမှုများကို ပြန်၍ ရုပ်သိမ်းပစ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ကျွန်မဟာ သူ့ရန်သူ မဟုတ်ပါဘူး၊ ကျွန်မဟာ လူ့အနွယ်ထဲက လူသား အစ်မတစ်ယောက်ပဲဆိုတာ သူ သိလာအောင်လုပ်ဖို့ ကျွန်မ လုပ်ရ တော့မှာပဲ။ သူ့ကို အပြစ်မတင်ပါနဲ့ ဆရာ'

ယုမိစံ စကား ပြောလာ၍ ဦးသက်လွင်သည် တင်းကျပ်နေသော သူ့စိတ်ကို လျှော့ချနိုင်လျက် သက်သာမှုကို ရယူလိုက်ရသည်။

'သူ မလိုက်လာတော့ ဆရာမရဲ့ အဖေ့ပုံကို ကျွန်တော် ကူးဆွဲ ထားတာ ယူခဲ့တယ်၊ ဒီပုံကို သူမမြင်အောင် ဝှက်ထားရတယ် ဆရာမ'

ဦးသက်လွင်သည် သူ ယူဆောင်လာသော စာအိတ်ကြီးထဲမှ ယုမိစံ ၏ ဖခင် ပန်းချီပုံကို ထုတ်၍ပြသည်။

ယုမိစံသည် တအံ့တဩ သူ့ဖခင်၏ ရုပ်ပုံ စိုက်ကြည့်နေသည်။ နူးညံ့ သိမ်မွေ့သော စိတ်ခံစားမှု ဖော်ပြသည့် မျက်နှာ အမူအရာသည်၊ ဖခင်၏ မျက်နှာ အမူအရာ အတိုင်းပင်ဖြစ်၍ ဦးသက်လွင်၏ ပုံတူဆွဲ စုတ်ချက်ကို ချီးကျူးမိ၏။

'ပုံတူဆွဲတာ ဆရာ သိပ်တော်ပါတယ်၊ ကျွန်မ ဂျပန် မပြန်ခင် ကျွန်မပုံကို တစ်ပုံလောက် ပုံတူဆွဲပေးပါလားဆရာ'

ယုမိစံ၏ မျက်နှာ၌ ချိုမြမြ ပြန်ဖြစ်လာ၍ ဦးသက်လွင်က ဝမ်းမြောက် ဝမ်းသာ ပြန်ပြောသည်။

'ဆွဲပေးပါမယ် ဆရာမ၊ ဆရာမကို မြန်မာအဝတ်အစားနဲ့ ဆွဲချင် တယ်။ မြန်မာအဝတ်အစား ဆိုတာတောင် ရိုးရိုး မြန်မာအဝတ်အစားနဲ့ မဆွဲချင်ဘူး၊ ထိုင်မသိမ်းနဲ့ ရှေးက နန်းမူနန်းဟန် အသွင်မျိုး ဆွဲပေးချင် တယ်။ ထိုင်မသိမ်းဆိုတာ ဆရာမ သိလား'

'သိတာပေါ့ ဆရာ၊ မင်္ဂလာဆောင်မှာ သတို့သမီး ဝတ်တာ'

'ဆရာမ မင်္ဂလာလက်ထပ်ပွဲကို ရောက်ဖူးပြီ ထင်တယ်'

ဦးသက်လွင်က ပြုံး၍မေးသည်။

'ကျောင်းက ကျွန်မတပည့် လက်ထပ်လို့ မင်္ဂလာပွဲကို ရောက်ပါ

www.burmeseclassic.com



တယ်။ မြန်မာပြည်မှာ လက်ထပ်မင်္ဂလာပွဲလည်း ရောက်ပြီးပြီ၊ ရှင်ပြုမင်္ဂလာ ပွဲလည်း ရောက်ဖူးပါပြီ'

ယုမိစံ မြန်မာပြည်မှာ မရောက်ဖူးတာများ ရှိသေးရဲ့ လားဟု ဦးသက်လွင်က တွေးလိုက်မိသည်။

'ကျွန်တော် ဒီဓာတ်ပုံ အပြတ်နှစ်ပိုင်းကို ဆက်ပြီး ဆွဲရတာ ဆရာမ'

ဦးသက်လွင်က စာအိတ်ထဲမှ နောက်ထပ် ဓာတ်ပုံကိုယူ၍ ထုတ်ပြ သည်။

ယုမိစံ၌ရှိသော ဓာတ်ပုံနှင့် ပုံတူပင်ဖြစ်၍ သူ့ကိုတစ်ပုံ၊ မောင်မောင်၏ မိခင်ကို တစ်ပုံ၊ သူ့ဖခင် ဝေးသွားကြောင်း နားလည်လိုက်သည်။ ဓာတ်ပုံ၏ ကျောဘက်မှာ ကပ်ထားသော စာရွက်ကိုကြည့်၍ ယုမိစံက ပြောလိုက်သည်။

'ဒါ. . . မောင်မောင် ဆုတ်ပစ်တာ မဟုတ်လား. . . ဆရာ'

'ဟုတ်ပါတယ်၊ ဒီပုံကို ပြန်ပြီး နောက်ဆုံးကူးဆွဲတဲ့နေ့က အဖြစ်အပျက်ကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါဘူး'

'ဘာကြောင့်လဲ ဆရာ၊ ကြားချင်ပါတယ် ဆရာ၊ ပြောပြပါ'

ယုမိစံသည် ကုလားထိုင်ပေါ်မှ သူ့ကိုယ်ကို ရှေ့သို့တိုး၍ ကြားလိုစိတ် ထက်သန်သော မျက်နှာဖြင့် နားစွင့်ထားသည်။

ဦးသက်လွင်သည် သူ မမေ့နိုင်သော အဖြစ်အပျက်ကို ပြန်ပြောင်း၍ ပြောပြသည်။

ကျွဲကျောင်းသားအုပ်က မောင်မောင်ကို ဝိုင်း၍ ထိုးကြပုံ၊ နှုတ်ခမ်းမှ သွေးတွေ ယိုစီးကျလျက် ရှိပုံ၊ မျက်လုံးများ ဖူးရောင်လျက်ရှိ၍ မောင်မောင့်အား ကြပ်ထုပ်ထိုး၍ ပေးရပုံ။ ထိုနေ့က အဖြစ်အပျက် အတ္ထုပ္ပတ္တိကို ဦးသက်လွင် ပြောပြရင်း ပြန်ပြောင်း၍ မြင်ယောင်နေသည့်အတိုင်း၊ ထိုအဖြစ်အပျက်ကို ယုမိစံပါ မြင်ယောင်လေလျက် ရှိသည်။

'သူ့အဖေ ဂျပန်မှုန်း ဘယ်သူမှ မသိတဲ့နေရာကို ထွက်ပြေးမယ်

www.burmeseclassic.com



ပြောတယ် ဆရာမ။ ကျွန်တော်သူ့ကို ဘယ်လို ကရုဏာဖြစ်မှန်း မသိဘူး။ မင်းအဖေ ဂျပန်ဆိုတာ ဘယ်သူ့ကိုမှ မပြောဘူးဆိုတဲ့ ကတိနဲ့ ခေါ်ခဲ့ရတယ်'

မောင်မောင့်ဘဝ၊ မောင်မောင်၏ အဖြစ်အပျက်ကို မောင့်မောင့် ကွယ်ရာ၌ ဦးသက်လွင်ထံမှ စုံလင်အောင် ကြားသိရတော့မှ မောင်မောင်၏ နာကြည်းမှု အချက်များကို ယုမိစံ နားလည် သိရှိသွားသည်။ သူ့ဘက်မှ မောင်မောင့်စိတ်ကို ဖြေရန် မည်မျှ သည်းခံရမည်၊ ကြိုးစားရမည်၊ စိတ်ရှည်ရမည်တို့ကို တစ်ပါတည်း စဉ်းစားမိလျက်သား ဖြစ်သည်။

'ဘုရားလေးရွာက အဘိုးကြီးနဲ့သာ ကျွန်မ မတွေ့ရရင် မောင်မောင့် ကို မြန်မာပြည်မှာ ကျွန်မ မတွေ့နိုင်ပါဘူး'

ယုမိစံက ဘုရားလေးရွာမှ အဘိုးကြီး ဦးစံအေးထံမှ သိရှိရသော မောင်မောင့် အတ္ထုပ္ပတ္တိကို ဦးသက်လွင်အား အကြောင်းစုံ ပြန်ပြောပြသည်။

ဦးသက်လွင်သည် သူ့ညီအဖြစ် ၁၂ နှစ်လုံးလုံး သူ မွေးမြူခဲ့သော မောင်မောင့် အကြောင်းကို ယုမိစံထံမှသာ သိရသူအဖြစ် မျက်နှာပူပူဖြင့် နားထောင်နေရသည်။

'ဘုရားလေးရွာမှ မောင်မောင့်အမေနဲ့ ကျွန်မအဖေ မင်္ဂလာဆောင် ယူတာ မောင်မောင် မသိဘူးလား ဆရာ'

ယုမိစံ၏ မေးခွန်းကို ဦးသက်လွင် အဖြေရ ကျပ်သွားသည်။

'မောင့်မောင့်အမေနဲ့ မောင်မောင့်အဖေ မင်္ဂလာဆောင်ယူတာ ကျွန်တော်တောင် အခု ဆရာမ ပြောလို့သာ သိတာ၊ မောင်မောင် ဘယ်သိ မလဲ။ သိမယ် မထင်ဘူး'

ယုမိစံက မျက်လုံးလေးစိုက်စိုက်ဖြင့် မေးလိုက်သည်။

'ဆရာနဲ့နေတဲ့ အချိန်အတွင်းမှာ သူ့အမေအကြောင်း၊ သူ့အမေနဲ့ ပတ်သက်ပြီး မောင်မောင် တစ်ခါမှ မပြောဘူးလား ဆရာ'

ဦးသက်လွင်က သူ့ခေါင်းကို တယမ်းယမ်းခါလျက် ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဒီမှာ ဆရာမ။ ကျွန်တော် သူ့ကို ခေါ်လာခဲ့တဲ့ နေ့ကစပြီး ဒီကနေ့ အထိပဲ ထားပါတော့။ သူ့အမေအကြောင်း. . . သူ့အကြောင်းကို ကျွန်တော့် ကိုများ တစ်ခွန်းတလေ သူက စပြောမလားလို့ ကျွန်တော် စောင့်ကြည့် နေတာ ၁၂ နှစ် ရှိပါပြီ၊ တစ်ခါမှ မပြောပါဘူး ဆရာမ'

ယုမိစံက မျက်တောင်လေး တဖျပ်ဖျပ်ခတ်၍ မေးပြန်သည်။

'ဆရာကကော စကားစပ်ပြီး မပြောကြည့်ဘူးလား'

ဦးသက်လွင်သည် ပင့်သက်ကို ရှိုက်ချလိုက်သည်။ သူ့အား မျက်တောင်မခတ် စိုက်လျက် ကြည့်နေသော ယုမိစံနှင့် အကြည့်ချင်း ပြိုင်လိုက်ကာ ခပ်လေးလေး ပြန်ပြောသည်။

'ကျွန်တော် သူ့ကို မမေးရက်ပါဘူး ဆရာမရယ်'

ဦးသက်လွင်နှင့် ယုမိစံတို့ နှစ်ယောက်စလုံး ခေါင်းငိုက်စိုက်ချလျက် တိတ်ဆိတ်နေကြသည်။ တစ်ခဏ ပြင်းထန်စွာ တိတ်ဆိတ်လျက်ရှိစဉ်၊ ဧည့်ခန်းထဲသို့ ဒေါ်အောင်မေ ရောက်လာသည်။

ဦးသက်လွင်သည် သူ့အနား၌ လိမ္မော်ရည် လာချပေးသော ဒေါ်အောင်မေကို မော့ကြည့်လိုက်သည်။

'သူပဲ ဆရာ၊ ကျွန်မပြောတဲ့ ဩဘားစံပါ။ မောင်မောင့်အကြောင်းကို ကျွန်မ ဘယ်သူမှ ပြောစရာ မရှိလို့ ဩဘားစံပဲ ပြောပြရတယ်။ ဒီနေ့ မောင်မောင် လာမယ်ဆိုလို့ ဩဘားစံ သိပ်ဝမ်းသာနေတယ်'

ဒေါ်အောင်မေသည် ယုမိစံ ပြောဆိုနေခိုက် တစ်ချိန်လုံး ပြုံးနေလျက်၊ ယုမိစံ စကားဆုံးမှ ဝင်ပြောလိုက်သည်။

'အဒေါ်လည်း ဒီအကြောင်းကို သိရတာ စိတ်မကောင်းပါဘူး။ ဒီနေ့ သူ့ကို တွေ့ရမှာပဲလို့ အားခဲမျှော်နေပါတယ်ရှင်။ သူ့မောင်လေး လာမယ် ဆိုပြီး ဆရာမလေးလည်း တစ်နေ့လုံး ရွှင်လို့ ပြုံးလို့'

ဒေါ်အောင်မေသည် မတ်တပ်ရပ်လျက်မှ ထိုစကားကို ထိုမျှသာ ပြောဆိုပြီး ရပ်လိုက်သည်။ သူ့နေရာနှင့်သူ ပြောရမည့်စကား ဤမျှလောက်



BURMESE CLASSIC .com

www.burmeseclassic.com



သာ ပြောရန် အရိပ်အခြည် သိရှိသူပီပီ၊ အလုပ်ရှိရာ ထမင်းစားခန်းဘက်သို့ ပြန်ထွက်လာသည်။

ဦးသက်လွင်သည် ယုမိစံ၏ ဧည့်ခန်းကို လိမ္မော်ရည်သောက်ရင်းမှ သေသေချာချာ ကြည့်လိုက်သည်။

'ဆရာမဧည့်ခန်းက တကယ့် မြန်မာ့အနုပညာ ကျက်သရေ မင်္ဂလာ ဧည့်ခန်းပဲ။ ပန်းချီရော၊ ပန်းပုရော၊ စာပေရော၊ ဂီတရော အဆင်အပြင် လှလှရှင်းရှင်း မြင်ရတာကိုက ဒီပစ္စည်းတွေ တန်ဖိုးသိပ်ရှိသွားလို့ ကျွန်တော် တော့ သွေးကြီးသွားတာပဲ။ ဟို့ . . ပေချပ်က ဘာပုရပိုက်လဲ ဆရာမ'

ယုမိစံမှာ သူ့အိမ်၌ မြန်မာအသုံးအဆောင် ပစ္စည်းများကို မြန်မာ ဆန်ဆန် ခံစားနိုင်အောင်၊ တန်ဖိုးရှိအောင်၊ ပိုမိုလှပအောင် ဖန်တီးနေထိုင်မှု အတွက် မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားသူအဖြစ် မြန်မာတစ်ယောက် ရှေ့၌ ဂုဏ်ယူမိသည်။

'ရှေးက မြန်မာ့ဆေးကျမ်း ပုရပိုက်တစ်စုံပါပဲ၊ ဩဘားစံအဘွား စစ်ကိုင်းက မယ်သီလရှင် ပုရပိုက်ပါ။ ကျွန်မကို ပေးပါတယ်'

ဦးသက်လွင်သည် ဧည့်ခန်းတစ်ခုလုံးရှိ ပစ္စည်းများကို မျက်လုံးဝင့်၍ အစုံအစေ့ လိုက်ကြည့်ပြီးမှ ပြုံး၍ ပြောလိုက်သည်။

'ဒီကုလားထိုင်တွေက ခံ့ညားလိုက်တာ၊ ဟိုးရှေးပဝေသဏီက ပုံစံ ဆရာမ၊ ဘယ်က ဝယ်ပါသလဲ'

ယုမိစံက ရယ်မောလိုက်သည်။

'ဝယ်တာ မဟုတ်ပါဘူး ဆရာ၊ ရှေးက မြန်မာ့ရာဇဝင် မြန်မာပြည် အကြောင်းရေးတဲ့ ပြင်သစ်စာအုပ်၊ အင်္ဂလိပ်စာအုပ်တွေလည်း ကြည့် ပါတယ်။ အီတလီစာအုပ်က ဓာတ်ပုံတစ်ခု တွေ့ပါတယ်၊ မင်းကြီးဦးကောင်း ရွှေစလွယ်နဲ့ ကုလားထိုင်နားမှာ ရပ်ပြီး ဓာတ်ပုံရိုက်ထားတဲ့ ဓာတ်ပုံက ကုလားထိုင် ပုံစံယူပြီး သူ့အတိုင်းမဟုတ်ဘဲ ကျွန်မစိတ်ကူးနဲ့ ပုံစံဆွဲပြီး တရုတ်လက်သမားကို ကျွန်းနဲ့ လုပ်ခိုင်းတာပါ။ ကုလားထိုင်ပြီးတာ မကြာ



BURMESE CLASSIC .com

www.burmeseclassic.com



သေးပါဘူး၊ ဒီဧည့်ခန်းအတွက် တစ်လမှာ တစ်ခုလုပ်၊ တစ်ခုဝယ်နဲ့ တစ်ခုစီ စုရပါတယ်။ ဂျပန်ပြန်ရင် ယူသွားပါ့မယ်'

'ဆင်စွယ်ပစ္စည်းကော မစုဘူးလား ဆရာမ'

'ဆင်စွယ်ပစ္စည်း ထမင်းစားခန်းမှာ တစ်ခု နှစ်ခု ရှိပါတယ်၊ အဖိုး သိပ်ကြီးပါတယ်၊ ဖြည်းဖြည်းမှ စုဝယ်ရပါ့မယ်'

ဦးသက်လွင် ဧည့်ခန်းကို ချီးကျူးပြီးမှ ယုမိစံက ထိုင်ရာမှထ၍ လက်ညှိုးထိုးကာ ပြောလိုက်သည်။

'ကျွန်မ ဆွဲတဲ့ ပန်းချီကားပါ'

ရွှေတိဂုံဘုရား ပန်းချီပုံကားကြီးမှာ ဦးသက်လွင်၏ နောက်ဘက် အပေါ် အမြင့်တွင် ချိတ်ထားသည်။

ဦးသက်လွင်သည် နေရာမှထ၍ ရပ်ကြည့်သည်။ ပန်းချီကားတွင် အရောင်တွေကို လျှော့နိုင်သမျှ လျှော့၍ စေတီပုံတော်ကိုသာ ရွှေရောင်များ တဝင်းဝင်း၊ တပြောင်ပြောင် ပေါ်လွင်အောင် အသားပေးထားကြောင်း၊ တွေ့ရှိရသည်။ ဦးသက်လွင် ပန်းချီကား ကြည့်နေခိုက် ယုမိစံသည် မြန်မာပြည်၌ သူ ဆွဲထားသော ပန်းချီကားများကို အခန်းထဲမှ ထုတ်ယူလာသည်။

ငပလီ ကမ်းခြေ၊ မြန်မာ့ရတနာ၊ လူ့တစ်ရပ်နီးပါးရှိမျှ ကား၌ တောင်ထိပ်တွင် စေတီလေးတစ်ဆူနှင့် တောင်စွယ် တောင်နှာမောင်း တောင်ထွတ် တောင်တန်းများ။

ဦးသက်လွင်သည် ယုမိစံ ထောင်၍ ကိုင်ပြထားသော တောင်တန်း ပေါ်မှ စေတီတစ်ဆူနှင့် ကားကို စိတ်ဝင်စားစွာ ကြည့်ရှုသည်။ ယုမိစံသည် ပန်းချီကားဘေး၌ ရပ်လျက် သူ့ပန်းချီကားများကို အင်္ဂလိပ် စကားလုံး တစ်ဝက်၊ မြန်မာစကားလုံးတစ်ဝက် ပေါင်းစပ်လျက် ရှင်းပြောပြသည်။ မြန်မာစကားလုံး အသံထဲ၌ ဂျပန်သံဝဲလျက်၊ အင်္ဂလိပ်စကားလုံး အသံထဲ၌ ဂျပန်သံ မဝဲပေ။

'ကျွန်မ ငပလီသွားတုန်းက ငပလီပင်လယ်ကို မမြင်ရခင် တောင်

www.burmeseclassic.com



တွေကို လေယာဉ်ပျံက ကျော်ဖြတ်သွားတယ် မဟုတ်လား ဆရာ၊ လေယာဉ် ပျံပေါ်က တောင်တွေကိုကြည့်ပြီး မူ့ဒ် (ခံစားမှု) ဝင်လာတယ်။ ရန်ကုန်ပြန် ရောက်လာတော့ ဒီတောင်တွေကို မျက်စိထဲ ပြန်ပေါ်လာတယ်။ ဒီမူ့ဒ်ကို မျက်စိထဲမှာ မှတ်ထားတယ်၊ အဲဒါပဲ အင်ပရက်ရှ်င် ဖြစ်နေတယ်။ တောင် တွေဟာ လှိုင်းလိုပဲ တလိပ်လိပ် ထနေတာ တွေ့ရတယ်၊ သိပ်လှပါတယ် ဆရာ'

ဦးသက်လွင်မှာ ယုမိစံ၏ ပန်းချီကားကို တစိမ့်စိမ့် ကြည့်လျက်မှ မြန်မာ့တောတောင်၊ မြန်မာ့ရှုခင်းကို ဂျပန်ပန်းချီ နည်းနိဿယပြောင်း၍ ဘာကြောင့် ဆွဲထားရသနည်းဟု မေးချင်လာသည်။

'မူလ အရောင်တွေကို ဘာကြောင့် ပြောင်းဆွဲသလဲ ဆရာမ'

ယုမိစံက ပြုံးပြုံးကလေး ဖြေသည်။

'မြန်မာနိုင်ငံက အပူပိုင်းဒေသ နိုင်ငံဖြစ်လို့ အဲဒါကို ကူးလ်ဖီလင် (အေးချမ်းမှု)ရအောင် ဘာဖြစ်လို့ မရေးရမလဲ ဆရာ။ အတွေးအခေါ် ဖရီးဟင်းဒ် (လွတ်လပ်မှု)နဲ့ ကျွန်မ စိတ်ကြိုက်ရေးပါတယ်။ ဖိုင်းအတ် (ပန်းချီအနုပညာ)ရဲ့ရူးလ် (စည်းကမ်းဥပဒေ)ကို သိရင် ဘယ်လိုပဲ အရိမ့်ချ် (အဆင်အပြင်) လုပ်လုပ် ဖြစ်တယ် မဟုတ်လား ဆရာ'

ဦးသက်လွင်သည် ယုမိစံ၌ အတုယူ ပြောင်းလဲ ကြိုးပမ်းမှုအရာတွင် ရဲရင့်မှုရှိသည့် သတ္တိကို ပန်းချီကားမှတစ်ဆင့် ပို၍ မြင်လာသည်။

'အရောင်တွေကို ကွန်ထရိုးလ် (ထိန်းထားခြင်း) လုပ်ထားတာက သစ်ပင်ကို အစိမ်းရောင်ရေးရင် တောနဲ့ရောနေတော့ ပိုစတာ ပိန်တင် (ပိုစတာပန်းချီ) သဘောဖြစ်သွားမှာ ကျွန်မ မလိုချင်ဘူး။ ကျွန်မ အစိမ်းမှာ အပြာပါတယ်၊ အပြာမှာလည်း မီးခိုးရောင်တိမ်ကို အပေါ်ပိုင်းမှာ ဖိုးကပ်စ် (အသားပေး) လုပ်ချင်တော့ တောတောင်ရဲ့ အရောင်ကို သိပ်ရင့်ရင့် မဆွဲ ချင်ဘူး၊ ထရန်စဖောင်း (ပုံပြောင်း)မှ လုပ်လို့ရမယ်။ အစိမ်းရောင် တောက် တောက်နဲ့ သစ်ပင်တွေ တောတောင်တွေကိုဆွဲရင် လိုချင်တဲ့ တိမ်အရောင်

www.burmeseclassic.com



ကို ထရန်စဖောင်းလုပ်လို့ရမှာ မဟုတ်ဘူး။ ပန်းချီမှာ အရောင်ဟာ ဟာမိုနီ (ပြေပြစ်မှု) ရှိရမယ် မဟုတ်လား ဆရာ'

တောင်ပေါ်ရှိ သစ်ပင်များ၏ နဂိုအရောင်များကို ရုပ်သိမ်း၍ ထား သော မှိုင်းမှိုင်းဖျော့ဖျော့ ခြောက်ခြောက် အရောင်များကို ကြည့်လျက် ဦးသက်လွင်က ပြန်ပြောသည်။

'ဂီတမှာ ရစ်သမ်ရှိသလိုပဲ ပန်းချီမှာ ရှိပါတယ် ဆရာမ၊ ဆရာမ ကားမှာ အရောင်ကူးပုံဟာ အရောင် ယူနီတီ (ညီညွတ်မှု) ရှိပါတယ်'

'ဒီကားကို ကျွန်မဆွဲတာ ဂျပန်ဆွဲနည်း၊ ဂျပန်အရောင်ပါပဲ ဆရာ။ ဒါပေမဲ့ ဖိုင်းအတ်သီအိုရီကို ယူထားပါတယ်၊ စေတီကို တောင်ပေါ်မှာ ထင်ထားတာ တွေ့တယ်မဟုတ်လား ဆရာ'

ယုမိစံက စေတီကလေးကို ထောက်၍ပြသည်။

'တောင်ရဲ့ အမြင့်ပေ ပမာဏကို ပြချင်လို့ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ ဒီကားမှာ ကျွန်မ သစ်ပင်ကို အသားပေး ချင်တော့ သစ်ပင် အများကြီး မဆွဲပါဘူး၊ တစ်ကားလုံး အရောင် ကွန်ထရိုး လုပ်ထားတော့ သစ်ပင်ဟာ ပုံထဲမှာ ကြွပေါ်လာတယ် မဟုတ်လား ဆရာ'

ပန်းချီကားထဲ၌ တောင်ကြော၊ တောင်ထိပ်၊ အနိမ့်အမြင့်၊ အကွေ့ အလှိုင်းများကို သစ်ပင်များ ပေါက်ရောက်ပုံဖြင့် အလိုက်သင့် ဖော်ပေးထား ခြင်းကြောင့်၊ တောင်ကို ဆီး၍ ကြည့်ရသကဲ့သို့ လှိုင်းလိပ်များလို တရိပ်ရိပ် ထ နေသော တောင်တန်းများကို သဘာဝအလှသည် ထင်ထင်ရှားရှား ဖြစ်နေ၏။

'ဆရာက ဖိုင်းအတ် အဆွဲများသလား၊ မော်ဒန်အတ် မဆွဲဘူးလား'

'ကျွန်တော်က ဖိုင်းအတ်ပဲ ဆွဲပါတယ်၊ ဖိုင်းအတ် အခြေခံကို မဆွဲ တတ်ဘဲနဲ့၊ ပုံတူ မဆွဲဘဲနဲ့ မော်ဒန်အတ် ဆွဲတာမျိုးတော့ ကျွန်တော် လက် မခံလိုဘူး ဆရာမ'

'မှန်ပါတယ် ဆရာ၊ ပီကာဆိုဟာ ဖိုင်းအတ်ကို အများကြီးဆွဲပြီးမှ ပန်းချီကို ဆန်းသစ်ပြီး မော်ဒန်အတ်ကို ဆွဲတယ် မဟုတ်လား'



BURMESE CLASSIC .com

www.burmeseclassic.com



'ကျွန်တော် ဖိုင်းအတ်ဆွဲတဲ့ အခါမှာ ပုံတူ ရေးဆွဲနည်း ကျွန်တော့် ဆရာက ပန်းချီဆရာကြီး ဦးငွေကိုင်ပဲ'

ယုမိစံက မျက်လုံးကလေး လှန်၍ စဉ်းစားလိုက်သည်။

'ပန်းချီပြပွဲတစ်ခုက ဦးငွေကိုင် ဆွဲခဲ့တဲ့ ပုံတစ်ပုံကို သံရုံးက ဝယ်ထား တာ ကျွန်မ မြင်ဖူးပါတယ် ဆရာ၊ သူ့လက်ရာ ပုံတူစုတ်ချက် အလွန် ကြိုက်ပါတယ်'

မြန်မာ့ရတနာ ပန်းချီကားကို ကြည့်ရခြင်းအားဖြင့် ယုမိစံ ပန်းချီ၌ အရောင်နိုင်နင်းပုံကို သိရှိရသည်။ မြေကြီးအောက်၌ရှိသော ကျောက်ရိုင်းတုံး များကို သွေးလိုက်လျှင် ဤမျှ လှပ၍ အဖိုးအနဂ္ဃ အလွန် ထိုက်တန်လှ ကြောင်း ပြချင်လှသော သူ့ခံစားချက်များကို၊ အရောင်များဖြင့် စကားပြော ထားသော ကားဖြစ်သည်။ အသွေးအကွက်ကျသော ပတ္တမြားတုံး နီနီ၊ နီလာတုံး ပြာပြာ၊ ကျောက်စိမ်းတုံး အဝါနု အစိမ်းတို့ထဲတွင် ရေအောက်မှ ပုလဲလုံးကိုပါ ဖြည့်စွက်ထားသည်။

ရတနာတုံးများ ဘေးပတ်လည် တစ်ဝိုက်၌ ဖော်ပြထားသည့် မရန်း စေ့ ရင့်ရင့်ရောင် ဆေးသားစုတ်ချက်သည် မြေအောက် မြေတွင်းကြီးထဲ၌ ရတနာတို့၏ အသွေးအလျှံများ တောက်လောင်ဘနန်း ရှိလေဟန်။

'မြန်မာပြည်မှာ ကျွန်မ သတိထားမိတယ်၊ များသောအားဖြင့် ပန်းချီ ဆရာတွေဟာ လွတ်လပ်စွာဆွဲဖို့ စိတ်မသန်ကြဘူး၊ ပရိသတ်များ မျက်စိ ကြိုက်မယ့် ကားမျိုးမှ ဆွဲကြတာ ဘာကြောင့်လဲ ဆရာ'

ယုမိစံ မေးပြီး စူးစမ်းသော အကြည့်ဖြင့် အဖြေကို စောင့်နေသည်။

'ဘယ်ပုံမျိုးကို ဆိုလိုတာလဲ ဆရာမ'

ဦးသက်လွင်သည် ပဝါဖြူနှင့် မျက်နှာကို ပွတ်သုတ်ရင်း မေးလိုက် သည်။

'ဥပမာ ဆိုပါတော့. . . ဆရာ။ ကုလားလူမျိုး ကုလားတစ်ယောက် ဆိုပါတော့၊ အင်မတန် ဆင်းရဲပြီး အဝတ်မဝတ်ထားတဲ့ ဆင်းရဲတဲ့ ကုလား လေး. . . အားရပါးရ ကြံစုတ်နေတဲ့ပုံမျိုး ဒါမျိုး. . .'

www.burmeseclassic.com



ဦးသက်လွင်က ရယ်မောလိုက်သည်။

'ကုလားလေး ကိုယ်တုံးလုံးနဲ့ ကြံစုတ်နေတဲ့ပုံမျိုးကို မြန်မာပြည်မှာ မြန်မာပရိသတ်က ပန်းချီ တန်ဖိုးထားတဲ့ မျက်စိနဲ့ ဆွဲဆောင်မှု မရှိဘူး ဆရာမ၊ ပန်းချီကားဆိုရင် လှမှ. . . ကျက်သရေရှိမှ၊ ခံစားရမှ ကြည့်နူးရမှ အကြိုက်များကြတယ်။ ပရိသတ်အကြိုက် ဆွဲရတာလည်း ပါတယ်၊ ဆရာမ ပြောတဲ့ ပုံမျိုးက ပန်းချီဆရာဆွဲပြီး သူ့အိမ်မှာ ချိတ်ထားမှ ဖြစ်မယ်'

ဧည့်ခန်းထဲသို့ ဒေါ်အောင်မေ ဝင်လာသည်။

ယုမိစံနှင့် ဦးသက်လွင်တို့ ပန်းချီအကြောင်း ပြောဆို ဆွေးနွေးနေကြသေး၍ စကားပြတ်အောင် စောင့်ဆိုင်းလိုက်သည်။ စကားအပြတ်တွင် ဒေါ်အောင်မေက ပြောသည်။

'ထမင်း အဆင်သင့် ရှိပါပြီ'

ဦးသက်လွင်နှင့် ယုမိစံတို့ နေရာမှ ထလာကြသည်။

ထမင်းစားခန်းထဲ၌ လေးထောင့် ထမင်းစားပွဲခုံရှေ့တွင် တစ်ဖက်မှ ကုလားထိုင် တစ်လုံးချလျက်၊ မျက်နှာချင်းဆိုင်ဘက်၌ ကုလားထိုင်နှစ်လုံး ချထားသည်။ စားပွဲပေါ်၌ ခုံခင်းမရှိ၊ ဖော်မိုင်ကာ အဖြူရောင် ဖုံးထားသည်။ ပန်းကန်ပြား ချထားသည့်အောက်၌ ပန်းရောင်ဇာပွင့် ပန်းကန် အကြီးအငယ် အလိုက် ဇာခင်းများကို ပန်းကန်အောက်က ခံထားသည်။

နံရံ၌ ကပ်ထားသော ပန်းကန်ဗီရိုပေါ်၌ လှပသော ကိန္နရာ ဆင်စွယ် ရုပ်ကလေး တစ်ရုပ် တင်ထားသည်။ ပန်းကန်ဗီရိုနှင့် မျက်နှာချင်းဆိုင်နံရံ တစ်ဖက်ရှိ စင်မြင့်ပေါ်၌၊ ဆင်စွယ် ခြင်္သေ့ရုပ်ကလေး နှစ်ရုပ်က စားပွဲတင် မှန်အုပ်ဆောင်းနာရီ တစ်ဖက်တစ်ချက်၌ရှိသည်။ အခန်းထောင့် တစ်ထောင့် ၌ ရေခဲသေတ္တာ။ ထမင်းစားခန်းမှာ ရှင်းရှင်းနှင့် သပ်ရပ်နေသည်။

ထမင်းစားပွဲတွင် ဦးသက်လွင်က တစ်ဖက်၊ သူတို့မောင်နှမ နှစ်ယောက်က တစ်ဖက်။ ဦးသက်လွင်နှင့် မျက်နှာချင်းဆိုင်၍ စားရန် ခင်းကျင်း ပြင်ဆင်ထားခြင်းကြောင့် ကုလားထိုင်တစ်လုံး လွတ်နေသည်။

www.burmeseclassic.com



မောင့်မောင့်နေရာ၌ မောင်မောင် မရှိဘဲ ထမင်းပန်းကန်ပြားသာရှိ၍ ယုမိစံ သည် ကုလားထိုင်၌ မထိုင်မီ မောင်မောင် စားမည့်ပန်းကန်ကို ကြည့်၍၊ ရင်ထဲက ဖြစ်ပေါ်လာသည့် ဝေဒနာ အစိုင်အခဲသည် မျက်လုံးထဲတွင် အရိပ် ထင်လျက် ရှိသည်။ ထိုကုလားထိုင် အလွတ်၌ မောင်မောင့်ကို ဖယ်ရှား ဖျောက်ဖျက်၍ မရအောင် မြင်နေမိသည်။

ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော ဟင်းလျာများကို လှပသော ဂျပန်ကြွေပန်းကန်များဖြင့် ခမ်းနားစွာ ပြင်ထားသည့် ထမင်းပွဲကြီးကို ဦးသက်လွင် ကြည့်၍၊ သူ့အိမ်က ကျွေးပုံမျိုးနှင့် ကွာခြားချင်တိုင်း ကွာခြားနေခြင်းကြောင့် မျက်နှာပူသလိုလို ရှိရသည်။

'ဒီမှာထိုင်ပါ ဆရာ၊ ကိုယ့်အိမ်လိုပဲ အမှတ်ထားပြီး မြိန်မြိန်စားပါ'

ဟင်းတွေက ဘာဟင်းတွေမှန်း မသိအောင် အမည် စုံလှသည်။ မြန်မာပြည်က မောင်လေးအတွက် သာမက၊ မြန်မာပြည်မှ အစ်ကိုကြီး တစ်ယောက်အတွက်ပါ ရည်စူးသည်လား မသိ။ စေတနာ ရေစီးကမ်းပြိုဖြင့် စီမံထားခြင်းမျိုး ဖြစ်သည်။

ဒေါ်အောင်မေက ဘီးတပ်ထားသော သံစားပွဲ ခုံနိမ့်ကလေးကို ဦးသက်လွင် အနားသို့ တွန်းယူလာသည်။ ခုံပေါ်တွင် ရေကရား၊ လက်ခံ ဆေးမည့် ဖန်လက်ဆေးခွက်နှင့် ဆပ်ပြာ။ ဦးသက်လွင် လက်ဆေးရန် ဒေါ်အောင်မေက ဦးသက်လွင်လက်ကို ကရားမှ ရေလောင်းပေးသည်။ ယုမိစံ ကိုလည်း ထို့အတူ။

'မောင်မောင့်ကို သိပ်သတိရတာပဲ ဆရာ၊ သူပါလာရင် ဘယ်လောက် ကောင်းမလဲ'

ယုမိစံသည် မောင်မောင့်ကို တမ်းတပြီးမှ လက်ဆေးသည်။ မပြည့်စုံ သောစိတ်၊ မပြည့်စုံသော လူ၊ လို၍ မရသော ဆင်းရဲမျိုးကို ဘယ်အရာနှင့်မျှ ဖြည့်စွက်၍ မရအောင် သူ့ရင်၌ လိုဟာနေသည်။

ယုမိစံ၏ တမ်းတသံ ကြားရ၍ ဦးသက်လွင်မှာ ရင်လေးသွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်နှမ ပြဿနာ မလွယ်ပါလား စဉ်းစားမိလိုက်သည်။ တအုံနွေးနွေး စိတ်က ရင်ကို တငွေ့ငွေ့ ဟပ်လျက်ရှိသည်။

'သူ ပါမလာတာ ဆရာမ ဘယ်လောက်များ ဝမ်းနည်းလိုက်မလဲ ဆိုတာ ကျွန်တော် လမ်းကတည်းက တွေးလာပါတယ်. . .'

ဦးသက်လွင်သည် ပြောပြီး ထမင်းဖြင့် စားမည် မကြံသေး၊ သူ့ရင်ထဲ ၌ ပြည့်မောက်၍ လာသည်။

'မောင်မောင့်အတွက် ဆွယ်တာအကျႌတွေ မှာလိုက်တာ ဒီနေ့ပဲ လူကြုံရောက်လာလို့၊ ဆရာမလေး ဝမ်းသာလိုက်တာ မပြောနဲ့တော့။ တစ်ယောက်က ချစ်သလောက်၊ တစ်ယောက်က မုန်းလေတော့ အဒေါ်တို့မှာ ကြားထဲက စိတ်မကောင်းပါဘူး'

ထမင်းအုပ်ထဲမှ ထမင်းများကို ခူးခပ်ထည့်ပေးရင်း ဒေါ်အောင်မေက ဝင်ပြောလိုက်သည်။

ယုမိစံသည် ရင်ထဲက အဆွေးကို အတတ်နိုင်ဆုံး ဖုံးဖိ၍ ပြုံးလိုက်သည်။

'ဂျပန် လူကြုံရှိလို့ မောင်မောင့်အတွက်နဲ့ ဆရာ့အတွက် ဆွယ်တာ နှစ်ထည် မှာလိုက်တာ ရောက်လာပါတယ် ဆရာ၊ ပေးဖို့ ထုပ်ထားပါတယ်။ သူ လက်ခံမလား. . . ဝတ်မလား. . . မဝတ်ဘူးလား'

ယုမိစံ၏ အသံသည် ဤနေရာတွင် ပျောက်သွားသည်။ လက်ကလေး နှစ်ဖက်ကို ရင်ညွန့်၌ချိုးလျက် ထမင်းပန်းကန်ကို အာရုံပြု၍ ရှိခိုး လိုက်သည်။

ယုမိစံ လက်ချလိုက်မှ ဦးသက်လွင်က ဆက်ပြောသည်။

'သူ့ကို ပေးရင်တော့ ဝတ်မှာပါပဲ ဆရာမ၊ အခု လူပျိုလူရွယ်လေး ဖြစ်လာတော့ လှလှပပ ဝတ်ချင်တဲ့စိတ် ရှိပါတယ်။ ဒါပေမဲ့ ဘယ်တော့မှ မပူဆာဘူး၊ ကျွန်တော် ဝယ်ပေးမှ သူ ဝတ်တယ်၊ သူ့အတွက် ဝယ်လာရင်လည်း အစ်ကိုကြီးဖို့ကောလို့ သူက အရင် မေးလိုက်သေးတာ'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် ထမင်းစားရင်း ဒီအကြောင်းကို ပြောရသဖြင့် ထမင်းထက်ပင် မြိန်သလားမသိ၊ တပြုံးပြုံးပြောလျက် စားသည်။

'ဒီလို သူမေးတတ်တာ ချစ်စရာပဲနော်. . . ဆရာ၊ ချစ်စရာ မကောင်း ဘူးလား. . . ဆရာ'

ယုမိစံသည် ဦးသက်လွင် ပန်းကန်ထဲသို့ ဘဲပေါင်းနှင့် မှိုပွင့်များကို ခပ်ထည့်ပေးရင်း ရွှင်ရွှင်လန်းလန်း မျက်နှာကလေးဖြင့် ပြောလိုက်သည်။

'ဟာ. . . ဆရာမ၊ သူ့မှာ ချစ်စရာအကွက်တွေ အများကြီး ရှိပါတယ်။ ကျွန်တော့်ကို ချစ်တဲ့ညာတဲ့ နေရာမှာ ကျွန်တော် ကြိုက်တဲ့ အစာဆိုရင် သူ မကြိုက်တော့ဘူး၊ ကျွန်တော် ဝအောင် စားစေချင်လို့ မကြိုက်ဘူး လုပ်တာ၊ ကျွန်တော့ ညီအရင်း ရှိရင်တောင် သူ့လို ကျွန်တော့်ကို ချစ်မယ်. . . ညာမယ်. . . မထင်ဘူး'

ဦးသက်လွင်သည် မောင်မောင့်ကို အမွှန်းတင်လျက် ပြောပြရသည့်အတွက် အာသွက်လျှာသွက် ဖြစ်လာသည်။ ထမင်းစား၍လည်း ကောင်းလာသည်။

'သူ လိမ္မာတာ၊ တစ်ကောင်ကြွက် ဘဝကို သူ နားလည်တယ်၊ သနားစရာ ကောင်းပါတယ် ဆရာ'

ဦးသက်လွင်သည် တစ်ကောင်ကြွက်ဆိုသည့် စကားတစ်ခွန်းကို ကြားရပြန်၍ သဘောကျသွားကာ၊ ရယ်မောရင်း အနား၌ ရပ်နေသော ဒေါ်အောင်မေကို လှမ်းပြောသည်။

'ဆရာမက အဒေါ်နဲ့နေရတော့ တစ်ကောင်ကြွက် စကားလည်း ပြောတတ်ပြီ'

ဒေါ်အောင်မေသည် ပီတိပြည့်လျှမ်းသွားသော မျက်နှာဖြင့် ပြုံးပြုံး ကြီး ပြောလိုက်သည်။

'ပြောတတ်တာက သင်တဲ့လူကြောင့်ချည်းလည်း မဟုတ်ပါဘူးရှင်။ တတ်ချင်တဲ့စိတ်၊ သူ့ကြိုးစားမှုက သူများနဲ့ကို မတူပါဘူး။ သာလိကာလေး

www.burmeseclassic.com



စကားသင်သလိုပဲ၊ တတွတ်တွတ်ပြော၊ တတွတ်တွတ်မေးပဲ။ ကျောင်းကို စာသင်သွားတဲ့ အချိန်ပိုင်းကလွဲပြီး အိမ်မှာ အငြိမ်ကို၊ အနားကို တစ်ချက် မနေပါဘူးရှင်။ သူသိချင်ရင် အတွင်မေး၊ သူကြည့်ချင်တာရှိရင် ချက်ချင်း သွားကြည့်တယ်၊ အချိန်ပို အချိန်အား မထားပါဘူး။ ကျောင်းက နေ့တစ်ဝက် အချိန်ရရင် နေ့တစ်ဝက်အချိန်ကို အသုံးချပြီး ဒလ-သန်လျင်-ကျောက် တန်း-တွံတေး တောရွာကလေးတွေလည်း လိုက်ပို့ရရဲ့။ မြန်မာပြည်မှာ နေခိုက် အဘက်ဘက်က ဗဟုသုတ အခုလိုရှာတာ တစ်နှစ်ပြည့်တော့မယ်၊ မတတ်ဘဲ ရှိပ့ါမလား ရှင်. . .'

ယုမိစံသည် မျက်တောင်ကလေး တဖျပ်ဖျပ် ခတ်လျက်၊ သူ့ အကြောင်းကို ချီးကျူးပြောဆိုနေသော ဒေါ်အောင်မေကို ပြုံးပြုံးလေး ကြည့်နေသည်။

'ကျွန်မ တစ်ခုခုကို သိချင်လို့ ဩဘားစံကိုမေးရင် ဩဘားစံဆီက ကျွန်မသိချင်တဲ့ တစ်ခုရယ်၊ ဒီတစ်ခုနောက်က နှစ်ခု သုံးခုတိုးပြီး တစ်ခါတည်း သိလိုက်ရတယ်။ နေရာမကျဘူးလား ဆရာ'

ရယ်သံတို့ဖြင့် ဖုံးလွှမ်းသွားသော ထမင်းဝိုင်းသည် စိုပြည်သွားလေသည်။

ဦးသက်လွင်သည် ဒေါ်အောင်မေ၏ သန့်ပြန့်သော ရုပ်ရည်ကို ကြည့်မိသည်။ အိမ်ဖော် အသွင်မျိုးချည်း မဟုတ်။ အိမ်ကို သူ့လက်သူ့ခြေ ထိန်းသိမ်း အုပ်ချုပ်နေသည့် အဆင့်အတန်းရှိသော အိမ်ရှိ လူကြီး တစ်ယောက် အသွင်မျိုးလည်း ပေါ်နေသည်။ ဒီအဒေါ်ကြီးနဲ့ ဆရာမနဲ့ တွေ့လည်း တွေ့တတ်တယ်ဟု. . . အောက်မေ့မိသည်။

ယုမိစံ လက်ဖြင့် စားပွဲသောက်ပုံ အမူအရာကို စောင့်ကြည့်လျက်၊ မြန်မာပီပီ ဟန်ကျပန်ကျ စားပြနိုင်ခြင်းကို မြင်ရ၍ ဒေါ်အောင်မေ ကျေနပ်လျက် ရှိသည်။

ယုမိစံသည် ဝက်သား၊ ကြက်သား၊ ဘဲသားဟင်းလျာများကို မစား



BURMESE CLASSIC .com

www.burmeseclassic.com



လှဘဲ၊ မုန်လာဥချဉ်ဖတ်နှင့် ငါးပေါင်းကြော်ကို တစ်လှည့်စီ စားနေပုံကို ဦးသက်လွင် သတိထားမိသည်။

ဦးသက်လွင် ပန်းကန်ထဲ၌ ယုမိစံ ခပ်ထည့်ပေးသော ဟင်းမျိုးပေါင်းစုံကို ဟိုဟင်းတို့တို့၊ ဒီဟင်းတို့တို့ဖြင့် လျှာပေါ်တွင် အရသာ အမျိုးမျိုး ရှုပ်ယှက်ခတ်လျက် ရှိလေ၏။

နေ့စဉ်နှင့် ရက်ဆက် မောင်မောင်နှင့်သာ နှစ်ယောက်ချင်း မျက်နှာချင်းဆိုင်ကာ ထမင်းစားခဲ့ရသည်။ ယခု မောင်မောင့်အစ်မနှင့် နှစ်ယောက်ချင်း မျက်နှာချင်းဆိုင်၍ စားရပုံကား ဦးသက်လွင်အဖို့ အိပ်မက်ပမာ ဖြစ်နေသည်။

မီးရောင်အောက်တွင် ယုမိစံ၏ အလှသည် မီးစားသဖြင့် ပို၍ လှနေသည့် အတိုင်းပင်။ ယုမိစံသည် အင်္ကျီလက်ရှည်အဖြူနှင့် ခါး၌ ကြက်သွေးရင့်ရင့် ချိတ်ဆင်လုံချည်ကလေး ဝတ်ထားသည်။ နားထဲက ကပ်နားကပ် စိန်ပွင့်ကလေးက အရောင် တဖျပ်ဖျပ်ဖြင့် မီးရောင်နှင့် ရောင်ပြန်ဟပ်လျက် ရှိသည်။ ဖြူညီသော သွားများသည် မီးရောင်ဖြင့် ပိုလက်ကာ ညီညီလေးတွေ ဖွေးနေသည်။ ခေါင်းနောက်၌ ဆံခွေကို ဝိုက်၍ ဆံထုံးအသွင် ပွံ့ပွံ့ကလေး ထုံးထားသည်။ ရှေ့က ဆံပင်ကို အပေါ်ဖြီးတင်ထားသဖြင့် မဟာနဖူးလေး ပေါ်နေသည်။ ဖြူဆွတ်နေသော မျက်နှာကလေးကို မော့လိုက်သည့်အခါ၌ ဖြူးပြန့်နေသော မဟာနဖူးကလေးက မို၍ထားသည်။

ပြုံးဟန် ရယ်ဟန်ကလေးတွေ ကွယ်၍သွားလျှင် တည်ငြိမ်နေသော မျက်နှာအသွင်ကလေး ပေါ်လာတတ်သည်။ ထိုတည်ငြိမ်သည့် မျက်နှာတွင် ရွှန်းနက်နေသည့် မျက်ခုံး မျက်တောင်၊ ထင်ရှားသော နှာတံနှင့် နှုတ်ခမ်း ပါးပါးတို့မှာ အလှတကာ အလှဆုံးထဲမှ တစ်ပုံစီရွေး၍ မျက်နှာပေါ်၌ တင်ထားဘိသကဲ့သို့ တွေ့ရှိရ၍၊ ယုမိစံမှာ ကျောက်သားကို ဆစ်၍ ထုထားသော ကျောက်ဆစ်ရုပ်တု အလှမျိုး လှပသူ ဖြစ်ကြောင်းကို ဒီညမှ ဦးသက်လွင် သေသေချာချာ ဂရုထားမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်အောင်မေက ဦးသက်လွင် ပန်းကန်ထဲ ထမင်းထပ်ထည့်ပေးရင်း ပြောလိုက်သည်။

'အခု. . . ဆရာမလေး ပတ္တလား စသင်နေပါပြီ ဆရာ'

'ဟုတ်လား'

ဦးသက်လွင်သည် ခေါင်းကိုမတ်ကာ အံ့အားသင့်သွားပြီးမှ ဆက်ပြောနိုင်သည်။

'ကျွန်တော်က ဧည့်ခန်းထဲမှာ ပတ္တလားကို အလှပြထားတယ် မှတ်လို့၊ တော်တော် တတ်နေပြီလား ဆရာမ'

ယုမိစံသည် မျက်နှာကလေး နီမြန်းသွားကာ မျက်လွှာကလေး ချလျက် ပြုံးစနဲ့နဲ့ဖြင့် ပြန်ပြောသည်။

'မတတ်သေးပါဘူး ဆရာ၊ ခုထိ ထံတျာ-ထံတျာပဲ ရှိပါသေးတယ်။ ကျွန်မအတွက် မြန်မာဂီတ တတ်ဖို့ သိပ်ခက်ပါတယ်'

'ဆရာမ. . . စန္ဒရား တီးတတ်သလား'

ယုမိစံက မျက်လွှာကလေး ပင့်၍ ဖြေလိုက်သည်။

'တီးတတ်ပါတယ် ဆရာ၊ ဂီတကို ဘယ်လူမျိုး ဂီတဖြစ်ဖြစ် ကျွန်မ ချစ်ပါတယ်။ ဒီပတ္တလားသံကို စပြီး ကြားကြားချင်းပဲ ဘယ်လိုဖြစ်တယ် မဆိုနိုင်ဘူး၊ ဒီအသံကို ကျွန်မ သိပ်ကြိုက်သွားပါတယ်။ ပတ္တလားဆရာက တစ်ပတ်မှာ နှစ်ရက်၊ နှစ်နာရီ သင်ပါတယ်'

'မြန်မာဂီတကို သင်ချင်ရင်တော့ ဆရာမ အချိန်ကြာကြာကြီးကို သင်မှ တတ်လိမ့်မယ် ထင်တယ်'

ဦးသက်လွင်က လေသံညည်းညည်းဖြင့် ပြန်ပြောသည်။

'ကိစ္စမရှိပါဘူး ဆရာ၊ ကျွန်မ အတွက် မြန်မာသီချင်းတစ်ပုဒ် တီးတတ်ပြီဆိုရင် ကျေနပ်ပါပြီ'

ဦးသက်လွင်သည် ထမင်းကို ဆက်မစားသေးဘဲ သူ့လက်ကို ထမင်း ပန်းကန်စောင်း၌ တင်လျက် ယုမိစံကို ငေးငေးကြည့်၍ ဆက်ပြောသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အမှန်တော့ ဆရာမ မြန်မာပြည်မှာနေဖို့ နှစ်နှစ်ဆိုတာ အချိန်နည်းပါတယ် ဆရာမ၊ ငါးနှစ်လောက်နေဖို့ လိုလိမ့်မယ်'

ယုမိစံသည် ဦးသက်လွင်နှင့် အကြည့်ချင်းဆိုင်လျက် ရှိသည်။ မျက်ရည်စို့၍ ညှိုးမှိန်သွားသော မျက်နှာကလေးဖြင့် ယုမိစံက ခပ်ဖြည်းဖြည်း ညည်းပြောလိုက်သည်။

'မြန်မာပြည်မှာ မောင်မောင်နဲ့ အတူတူများ ကျွန်မ နေရမယ်ဆိုရင် အကြာကြီး နေချင်ပါတယ် ဆရာ'

ယုမိစံသည် တောင့်တ မျှော်လင့်လျက်ရှိသော မျက်လုံးကလေးကို တော်တော်နှင့် မရုပ်သိမ်းဘဲ ဦးသက်လွင်ကို တွေကြည့်နေသည်။ ဦးသက်လွင်၏ ရင်ထဲ၌ ပူပြင်းသွားသည်။ စိုပြည်လျက်ရှိသော ထမင်းဝိုင်းတွင် မောင်မောင့်အကြောင်းက ကာဆီး၍မရ၊ တွန်းလှန်၍မရ။ ထိုးဖောက်ဝင်ရောက်လာပြန်သည်။ စောစောက ရွှင်ပြုံးနေသော သုံးဦးသော မျက်နှာတို့သည် မျက်နှာကိုယ်စီ ညှိုးဖျော့လျက် ရှိကြသည်။

ခဏကြာမှ ယုမိစံ အသံထွက်လာသည်။

'မောင်မောင် ဂီတ ဝါသနာပါလား ဆရာ'

'မပါပါဘူး'

'ပန်းချီကော. . . ဆရာ'

ဦးသက်လွင်က ခေါင်းခါပြသည်။

'သူ ဘာဝါသနာပါသလဲ ဆရာ၊ ချက် (စစ်တုရင်)ကော ကစားသလား'

'အဲဒီဘက်မှာ ဝါသနာ မရှိဘူး၊ သူက ဘော်လီဘော ပုတ်တယ်၊ သံကွင်းဘား ကစားတယ်၊ ရေကူးတယ်၊ အားကစားဘက်မှာ ဝါသနာကြီးတယ် ဆရာမ'

ယုမိစံ အာရုံထဲတွင် မောင်မောင့်မှာ တရစ်ဝဲဝဲ ပေါ်နေသည်။ မောင်မောင်နှင့် သူနှင့် အမြန်ဆုံး ရင်းနှီးနိုင်မည့် လမ်းစကို နည်းလမ်းအဖုံဖုံ ရှာကြံ စဉ်းစားလျက် နေပဟန်ပေါ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ယုက ရက်ကော့ချိန်ဂျာနဲ့ ခတ်ပြားတွေ သံရုံးမိတ်ဆွေဆီက သွားငှားထားပါတယ်။ မောင်. . . လာရင် ဖွင့်ပြမလို့တဲ့၊ သူ့မောင် သူ ချစ်လိုက်တာမှ တုန်နေတာပဲ'

ဒေါ်အောင်မေသည် ထမင်းစားပန်းကန်ပြားကို ကောက်ယူကာ သယ်မသွားပြီး ပြောသွားသည်။

ဦးသက်လွင်သည် အင်္ဂလိပ် အသံထွက်ကောင်းသော ဒေါ်အောင်မေ ကို အံ့သြသွားသည်။

'ဆရာမ အဘိုးအဘွားက ဂျပန်မှာ ဘာလုပ်ကြသလဲ. . .'

ဦးသက်လွင်က ယုမိစံ ငြိမ်သက်လျက်ပင် ရှိနေခြင်းကြောင့် စကား ပြောစေချင်သည်။

'အဘိုးက ဆရာဝန်ကြီးပါ။ ကိုဘီမှာ ဆေးခန်းဖွင့်ပါတယ်။ အဘိုး အဘွားက ကျွန်မအဖေရဲ့ အမေ အဖေပါ။ သူတို့မှာ ဒီသားတစ်ယောက်ပဲ ရှိပါတယ်။ သားမရှိတော့ ကျွန်မကို အဝေး မလွှတ်ချင်ပါဘူး၊ မောင်မောင့် အတွက် ခွင့်ပြုလိုက်တာပါ. . .'

ဦးသက်လွင်သည် မောင်မောင့်အကြောင်းကို မဆက်စေချင်တော့ သဖြင့် ယုမိစံကို အာရုံ လွှဲပစ်နေခြင်း ဖြစ်သည်။

'ဆရာမ ပုဂံသွားရင် ဟိုမှာ အသိရှိသလား. . . ဘယ်မှာ တည်းမလဲ'

'တည်းခိုတဲ့ အစိုးရမင်းတဲ ပုဂံမှာရှိတယ်လို့ သံရုံးက ပြောပါတယ်'

'ညောင်ဦးမှာ ကျွန်တော့်ဦးလေးတစ်ယောက် ရှိတယ်၊ မော်တော် ကားရော၊ အိမ်ရော အဆင်သင့် ရှိပါတယ်။ ဆရာမ တည်းခိုချင်ရင် ပြောပါ၊ ကျွန်တော် ကူညီနိုင်ပါတယ်'

ယုမိစံသည် မျက်မှောင်ကလေး ကြုတ်လျက် ကြည့်နေရာက ပြုံး၍ လာသည်။

'အဲဒီမှာတည်းရင် ဆရာ လိုက်နိုင်သလား၊ မောင်မောင်ပါ ခေါ်လို့ ရမလား'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ပြုံးပြုံးကလေး ဖြစ်နေသည်။ မောင်မောင့်ကို သူနှင့် အတူတကွ လိုက်စေချင်ရှာသည်။

ဦးသက်လွင်က ယဲ့ယဲ့ကလေး ပြုံးလျက် ပြန်ပြောသည်။

'မောင်မောင်က လိုက်နိုင်မှာ မဟုတ်ဘူး ဆရာမ၊ သူတို့ လေ့ကျင့်ရေး တပ်က ကျောင်းပိတ်ရင် ခရီးထွက်ရမှာ။ ကျွန်တော်ကတော့ အားပါတယ်၊ ဆရာမ လိုက်စေချင်ရင် လိုက်ပို့ပေးနိုင်ပါတယ်'

'ဆရာ လိုက်ပို့ပေးမယ် ဆိုရင်တော့ သိပ်ကျေးဇူးတင်ပါတယ်၊ ပုဂံအကြောင်းကို ကျွန်မ အစုံ သိချင်ပါတယ်'

မောင်မောင့်အကြောင်း စကားရပ်သွားသဖြင့် ဦးသက်လွင်က သက်ပြင်း ဖွဖွလေးချလျက် ကောက်မေးလိုက်သည်။

'ဆရာမ မြန်မာစာသင်တန်းက သမိုင်းသင်ခဲ့ရတယ် မဟုတ်လား'

'သင်ခဲ့ပါတယ်. . . ဆရာ။ အနော်ရထာ၊ ကျန်စစ်သား၊ စောလူး၊ အလောင်းစည်သူ သင်ခဲ့ပါတယ်'

'ဆရာမ ပုဂံရောက်ရင် အနော်ရထာမင်းနဲ့ တွေ့မယ်၊ ကျန်စစ်သားနဲ့ တွေ့မယ်။ နောက်ခံ ရာဇဝင်သမိုင်းကို ဆရာမ သိထားတော့ ပုဂံဟာ မြန်မာ့သမိုင်းမှာ ဘယ်လောက် ကြီးကျယ်ခဲ့တယ်ဆိုတာ ပုဂံက သက်သေခံ ပါလိမ့်မယ် ဆရာမ'

ဧည့်သည်ကို ထမင်းကျွေးပြီးနောက် ဧည့်ခန်းထဲသို့ ပြန်ရောက် ကြကာ ကော်ဖီ သောက်ကြသည်။

ဦးသက်လွင်သည် ကော်ဖီသောက်ရင်း ပုဂံ၏ ရှေးဟောင်း ယဉ်ကျေး မှုအကြောင်းကို ပြောပြသည်။ အာနန္ဒာဘုရား၊ ဘူးဘုရား၊ ရွှေဂူကြီး၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ နဂါးရုံ၊ မနူဟာ၊ ဓမ္မရံ၊ ဂူပြောက်ကြီး၊ ရွှေဖက်လိပ်၊ ငွေဖက်လိပ် စသည့် ဘုရား ဂူ ကျောင်းတို့၏ အတင့်အတယ် ရှိပုံတို့ကို ညဥ့်နက်သည့်အထိ ပုဂံ ရာဇဝင် ခင်း၍ပြနေ၏။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင် အိမ်ပြန်ရန် ဧည့်ခန်းက ထွက်အလာ ယုမိစံက သူ၏ ဂျပန် ဧည့်ခန်းကိုပြရန် ခေါ်သွားသည်။

ယုမိစံသည် ပိတ်ထားသော အခန်းတစ်ခန်း၏ တံခါးကို တွန်း၍ ဖွင့်လိုက်သည်။ အခန်းထဲ၌ လရောင်က ဝင်ရောက်လျက် ထိန်ထိန်သာနေသည်။ တစ်ခန်းလုံး နံရံတစ်ဖက်နှင့် တစ်ဖက်ထိအောင် တာတာမိ ဖျာများကို ခန်းပြည့်ခင်းထားသည်။ အခန်းအလယ်၌ ခပ်နိမ့်နိမ့် မဟော်ဂနီရောင် လေးထောင့်စားပွဲနိမ့် တစ်လုံး ချထားလျက်၊ ခုံပတ်လည်တွင် အစိမ်းရောင် ထိုင်ခုံကလေးများ ဝိုင်းချထားသည်။ အခန်းနံရံ၌ ဂျပန်နတ်သမီးပုံတော် ကားချပ်အရှည်ကြီးနှင့် ဂျပန်စာ ရေးထားသည့် စာတန်းရှည်ကြီး တစ်ချပ်ကို နံရံတစ်ဖက်စီ ချိတ်ဆွဲထားသည်။ အလယ်၌ ယွန်းဗန်းအဝိုင်းပေါ်၌ ဂျပန်စာလုံး အဖြူဆေးဖြင့် ရေးလျက် ကြိုးနီဖြင့် ချိတ်ထားသည်။ ကြိုးစပန်းဖွားအနီ နှစ်ခုမှာ စာတန်းပေါ်သို့ ကျနေသည်။

အပေါက်အဝိုင်း ဖောက်ထားသော တံခါးအပေါက်အောက်၌ ခုံနိမ့် ကလေးပေါ်တွင် ပန်းအိုးတစ်လုံးကို သပ်ရပ်စွာ တင်ထားသည်။ ပန်းစိုက် ထားသော ထိုပန်းအိုးကို အနုပညာမြောက် ပစ္စည်းတစ်ခုကဲ့သို့ အမြတ်တနိုး ထားရှိပုံ ပေါ်သည်။ ပန်းအိုးမှာ ဖန်ပန်းအိုး အဖြူ အမြင့် တစ်ပေခန့်၊ ပန်းအိုးအောက်၌ ဖန်လင်ပန်းအဖြူ ခံထားသည်။ ပန်းအိုးထဲ၌ ပွင့်လုဆဲဆဲ ရှိသည့် နှင်းဆီအဖြူကြီး တစ်ပွင့် တစ်ခက်တည်း ရှိသည်။

ထိန်းချုပ်ထားသော သဘောနှင့် နူးညံ့သိမ်မွေ့သော သဘောကို ပေါင်းစပ်၍ ပြထားသော အလှဖြစ်ကြောင်း ပန်းအိုးက အဓိပ္ပာယ် ဖော်ပြထားသည်။

ဦးသက်လွင်သည် လရောင်တည့်တည့် ထိုးနေသော ပန်းအိုးကို ငြိမ်သက်စွာ စိုက်၍ကြည့်သည်။ ပန်းကို စိုက်ကြည့်ရင်း ပန်းအိုးမှတစ်ပါး အခြားအာရုံ ဘယ်မှ မပျံ့လွင့်စေရန် ထိန်းချုပ်ထားသည့် စိတ်ဓာတ်သည် သူ့ရင်ထဲ၌ ပေါ်ပေါက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင် အိမ်ပြန်ရောက်တော့ အချိန်မှာ ည ၁၂ နာရီ ထိုးနေပြီ။ မောင်မောင် တံခါးဖွင့်ပေးလျက် တံခါးပေါက်၌ ကုပ်ကုပ်ကလေး ရပ်နေသည်။

ဦးသက်လွင်က ကြိမ်းတော့ မောင်းတော့မည်၊ ဆိုတော့ပြောတော့မည်များကို မျှော်လင့်ထားလျက် သူ့အပြစ်သူ သိဘိသကဲ့သို့ ကျောက်ရုပ်လို ဖြစ်နေသည်။

ဦးသက်လွင်သည် တံခါးပေါက်မှ အိမ်ထဲသို့ တန်းဝင်လာသည်။ ဦးသက်လွင် လွန်သွားမှ မောင်မောင် တံခါး ပြန်ပိတ်ခဲ့သည်။

ဦးသက်လွင်ထံမှ ဘာသံမှ မကြားရ၍ ဦးသက်လွင် အပြောကို စောင့်ရမည်လား၊ သူက စ၍ ပြောရမည်လား မဝေခွဲတတ်အောင် မောင်မောင် ခေါင်းခဲလာသည်။

လုပ်နေကျ ဝတ္တရားအတိုင်း မောင်မောင်က အင်္ကျီများ ချွတ်ပေးသည်။ ချွတ်လိုက်သော ပုဆိုးသစ်ကို ကောက်ယူကာ ခုတင်ခြေရင်း ဖြန့်လှန်းလိုက်သည်။ ရှပ်အင်္ကျီကိုလည်း လှမ်းယူ၍ အင်္ကျီချိတ်၌ ချိတ်ပေးသည်။

ယခုအချိန်ထိ ဦးသက်လွင်က စကားတစ်ခွန်းမှ မဟ၍ မောင်မောင် မနေတတ်အောင် ဖြစ်လာသည်။

'အစ်ကိုကြီး ကျွန်တော့်ကို စောင့်နေသေးတယ်ဆို'

မောင်မောင့်ထံမှ မရဲတရဲ အသံထွက်လာသည်။

ဦးသက်လွင်သည် မောင်မောင့်ကို စိုက်ကြည့်လိုက်သည်။ သူ့ရှေ့၌ ဆီးရွက်လောက် ငယ်နေသော မျက်နှာဖျော့ဖျော့ကို မြင်ရသည်။ သွေးမရှိသည့် မျက်နှာ။ မျက်လုံးများက သူ့အား ဝပ်စင်းခယ တောင်းပန်လျက် ရှိကြသည်။

ဦးသက်လွင်သည် မောင်မောင့်မျက်နှာကို စိုက်၍ကြည့်ရင်း ရင်မောသွားသည်။ မောင်မောင့်ကို အပြစ်တင်ရန် ပြောရမည့်စကားတွေ တစ်ပုံကြီး ရှိသည်၊ ယုမိစံအိမ်သို့ မလိုက်၍ မောင်မောင့်ကို အပြစ်ပြောမည်ဆိုလျှင်၊



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင့်ဘက်မှလည်း ဂျပန်ကို မုန်းကြောင်း ဖွင့်ဟ၍ ချေပရတော့မည့် အဖြစ်မျိုး ရောက်တော့မည်မှာ အမှန်။

မောင်မောင်၏ အတိတ်သည် ၁၂ နှစ်တိုင်တိုင် သံမဏိတံတိုင်းကြီး နှင့် အခိုင်အခံ့ ခြားထားခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် မလွှဲ မရှောင်သာ အပြန်အလှန် စကားအရှည်ကြီး ပြောကြရတော့မည်ဆိုက၊ သူက စတင်၍ ထိုသံမဏိတံတိုင်းကြီးကို ထွင်းဖောက်ပစ်ရာ ကျရတော့ မည် ဖြစ်ခြင်းကြောင့်၊ ညောင်မြစ်တူးခါမှ ပုတ်သင်ဥပေါ်မှာကို လန့်၍ ဦးသက်လွင် စိတ်တစ်မျိုး ပြောင်းသွားသည်။

'ညဥ့်နက်ပြီ မောင်မောင်၊ အိပ်တော့လေ'

ဦးသက်လွင်သည် မျက်နှာပျက်ပျက်ဖြင့် ပြောလျက် ရေချိုးခန်း ဘက်သို့ ထွက်သွားသည်။ မောင်မောင်က ဦးသက်လွင် ခုတင်မှ ခြင်ထောင် ကို ချ၍၊ အိပ်ရန် အသင့် ပြင်ဆင်ပေးနေစဉ် ဦးသက်လွင် အိပ်ခန်းထဲသို့ ပြန်ရောက်လာသည်။

'ဟိုအထုပ်ထဲမှာ ဆွယ်တာနှစ်ထည်၊ ဆရာမ ပေးလိုက်တာ၊ မင်း ကြိုက်တာယူ'

မောင်မောင်က ခုံပေါ်က အထုပ်ကို မျက်လုံးဖြင့်မျှ လှမ်းမကြည့်။ ဦးသက်လွင် ခြင်ထောင်ထဲ ဝင်သွားမှ မီးပိတ်လိုက်ပြီး မောင်မောင် သူ့ခုတင် ပေါ်သို့ ရောက်သွားသည်။ သူ့အား ဦးသက်လွင်က တစ်ခွန်းမှ အပြစ်မဆို သည့်အတွက် မောင်မောင့်စိတ်၌ ထိခိုက်သွားသည်။

မောင်မောင်သည် သူ့ခြင်ထောင်ကို မချတော့ဘဲ အိပ်ရာပေါ်၌ ဖြည်းညင်းစွာ အိပ်ချလိုက်သည်။

'အစ်ကိုကြီးစကားကို ကျွန်တော် နားမထောင်ချင်တာ မဟုတ်ပါ ဘူး၊ အစ်ကိုကြီးကို ပမာမခန့် လုပ်တာလည်း မဟုတ်ပါဘူး။ ဂျပန်ဆရာမကို မုန်းလွန်းလို့ မလိုက်ချင်တာပါ အစ်ကိုကြီးရယ်၊ စိတ်မရှိပါနဲ့နော်'

မောင်မောင်သည် ခြင်ထောင်အမိုးကို ကြည့်၍ အသံမထွက်ဘဲ တစ်ယောက်တည်း စကားပြောလျက် နေလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



# ၁၁

ဦးသက်လွင်နှင့် ယုမိစံ၏ ပုဂံခရီးကို မောင်မောင် ကြိုတင်၍ မသိပေ။ ဦးသက်လွင် မနက်လို သွားတော့မည်ဆိုမှ ညမှကပ်သိရသည်။ မောင်မောင်သည် ဦးသက်လွင် သွားမည့်နေ့၌ပင် စစ်စခန်းသို့ လေ့ကျင့်ရေးဆင်းရန် ခရီးထွက်ရေးအတွက် အထုပ်အပိုး ပြင်ဆင်၍ပင် ထားပြီးပြီ။

'အစ်ကိုကြီး ဂျပန်ဆရာမကို ပုဂံ လိုက်ပို့လိုက်ဦးမယ်၊ သုံးရက်ပဲကြာမယ်'

မောင်မောင်သည် မျက်လုံးများ ကျွတ်ကျတော့မတတ် ပြူးကျယ်၍ သွားကာ သူ့နားကိုပင် သူ မယုံနိုင်အောင် ဖြစ်မိသည်။

အစ်ကိုလူပျိုကြီးက အမျိုးသမီးတစ်ဦးနှင့် ခရီးအတူ သွားမည်တဲ့။ အမျိုးသမီးက ဂျပန်။ မောင်မောင်သည် သူ့ရင်တွင်း၌ နင့်ဆို့၍သွားသည်။

သူ့အစ်ကိုကြီး ဘယ်လိုစိတ်တွေ ပြောင်းလဲကုန်ပြီလဲဟု ရှက်လွန်လွန်း၍ ဝမ်းနည်းလာကာ မျက်နှာကို လွှဲထားလိုက်ရသည်။ ဦးသက်လွင်က မောင်မောင့်ခရီးအတွက် ဂရုတစိုက် မှာကြားပြောဆိုနေသော စကားများကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။ ဦးသက်လွင်နှင့် သူနှင့် စိမ်းသွားသော အသိကို ရင်ထဲ၌ စူးစူးမြက်မြက်ကလေး ခံစားလျက်ရှိသည်။

မောင်မောင် တစ်ညလုံး မအိပ်နိုင်။ ဦးသက်လွင်လည်း တလူးလူး တလွန့်လွန့် အိပ်ပျော်ပုံမရ။ တစ်ခန်းတည်း၌ ခုတင်ချင်း နီးပါလျက် လူချင်း ဝေးသွားကြသည်။

မောင်မောင်သည် လက်မောင်းပေါ်၌ ခေါင်းကိုမှောက်ကာ သူ့တစ်ကိုယ်လုံး တသိမ့်သိမ့် တုန်နေသည်။ လောကကြီး၌ သူတစ်ယောက်တည်းရှိသော အသိစိတ် ဝင်လာကာ အားငယ်သလိုလို ရှိလာသည်။ မောင်မောင်သည် အားငယ်စိတ်ဖြင့် ဟိုတွေး သည်တွေးမှ သူ့အမေကို ရမ်းဆ၍ တွေးတော တမ်းတမိသည်၊ အမေ့ မေတ္တာ၊ အမေ့ ကရုဏာကို



BURMESE CLASSIC .com

www.burmeseclassic.com



ဆာလောင် မွတ်သိပ်သော စိတ်ဆန္ဒဖြင့်၊ အမေ့ရုပ်ပုံကို မျက်ရည်စမ်းစမ်းဖြင့် မှန်းဆကြည့်သည်။ မှန်းဆကြည့်အောင်လည်း တစ်ခါမျှ မမြင်ဖူး၍ ရုပ်ဖမ်းမရ။ အမေနှင့် ပတ်သက်၍ ဒေါ်ပွေး ပြောဖူးသော အမေ့နာမည် တစ်ခွန်းကိုတော့ မှတ်မိယောင်ယောင် ရှိသည်။ မထွေးထွေး. . . ဟုတ် မဟုတ်တော့ မသိ။

နံနက် ၆ နာရီ၌ ယုမိစံက လေဆိပ်ဆင်းရန် ကားလွှတ်လိုက်သည်။ ဦးသက်လွင်က ကိုမြဖေကို အိမ့်အတွက် မှာကြားနေခိုက် မောင်မောင်သည် အိမ်ထဲတွင် နေစရာ မရှိအောင် ရုပ်ပျက်နေသည်။

'မောင်မောင်. . . အစ်ကိုကြီး ညက မှာတာတွေ မှတ်မိတယ်နော်၊ လေ့ကျင့်ရေးသွားတာ ကလေးကစားတဲ့ အလုပ် မဟုတ်ဘူး၊ ဂရုစိုက်'

ဦးသက်လွင်သည် မောင်မောင် မျက်နှာပျက်နေမှန်းသိ၍ ကတိုက် ကရိုက် မှာကြားရသည့် ဟန်မျိုးဖြင့် မှာကြား ပြောဆိုသည်။ သားရေအိတ် ဆွဲလျက် အိမ်ပေါ်မှ အပြေးအလွှား ဆင်းခဲ့၍ ကားပေါ် တက်လိုက်သွား သည်။

'ဘယ့်နှယ်ရှိစ ညီတော်မောင်၊ နောင်တော်ဘုရားတော့ ပါတော်မူသွားပြီ'

ကိုမြဖေသည် စွပ်ကျယ်အင်္ကျီ လည်ပိုက်၌ ပေါ်နေသော သူ့ရင်ညွန့် က အသားကို လက်ချောင်းများဖြင့် ကုတ်ခြစ်လျက်၊ မချိုမချဉ် စပ်ဖြဲဖြဲ မျက်နှာပေးဖြင့် မေးငေါ့၍ ပြောလိုက်သည်။

မောင်မောင်၏ ရင်ထဲ၌ ဒေါသများ ရဲရဲတောက်လာလျက် မီးပွင့်မတတ်သော မျက်လုံးအစုံဖြင့် ကိုမြဖေကို ပြန်အော်ပြောသည်။

'လိုက်သွားရုံမကလို့ အိမ်ကိုပဲ ပြန်မလာဘဲ နေနေဗျာ. . . အစ်ကိုကြီး အစား ကျွန်တော် ရှက်တယ်၊ ဒီဂျပန်မ တော်တော့်ကို ဂြိုလ်မွှေတယ်'

ကိုမြဖေသည် မောင်မောင့်ဒေသကို ထပ်၍ဆွပေးလိုက်ချင်သဖြင့် ကောက်ကာငင်ကာ အော်ဆိုလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မိန်းမကြိုက်တော့ မျှော်လိုက်တာ. . . ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ မိန်းမကြိုက်တော့. . .'

လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် သံချပ်တိုင်နေသော ကိုမြဖေကို၊ မောင်မောင်က အနားရှိ စာအုပ်နှင့် ကောက်ပေါက်မည်ဟန် ရွယ်လိုက်၍၊ မီးဖိုထဲသို့ ကိုမြဖေ တန်းပြေးဝင်သွားသည်။

ယုမိစံနှင့် ဦးသက်လွင်တို့ လေဆိပ်သို့ ရောက်လာကြသည်။

ယုမိစံက ဂါဝန်အဖြူ ဦးထုပ်အဖြူနှင့် နိုင်ငံခြားသူအသွင် ဝတ်ဆင် လာသည်။ ယုမိစံဘေးမှ သက္ကလတ်အပေါ်အင်္ကျီ၊ ပုဆိုးကွက်စိပ်၊ နေကာ မျက်မှန်ဖြင့် ဦးသက်လွင်မှာ စကားပြန်လိုလို။

ယုမိစံ ဂျပန်ပြန်သွား၍ ယုမိစံအကြောင်းကို နှစ်ပေါင်းကြာညောင်း လျှင် ဦးသက်လွင် မေ့ကောင်းမေ့မည်။ ယုမိစံနှင့် ပုဂံသို့ အတူတူ သွားလာ ရသော ခရီးကား၊ ဦးသက်လွင် တစ်သက်တာ၌ မေ့နိုင်လိမ့်မည် မဟုတ်သော ခရီးဖြစ်သည်။

ညောင်ဦးသို့ ရောက်ရောက်ချင်း ကြိုတင်၍ အကြောင်းကြား ထားသော ဦးလေး ဦးသန်းစောက လေဆိပ်မှ ဂျစ်ကားဖြင့် ကြိုသည်။ ဦးသန်းစောမှာ အသက် ၅၀ခန့်၊ ပိန်ပိန်ပါးပါး၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူ ဆံပင်ဖွေးဖွေးဖြင့် ပြုံးကြိုနေသည်။

ညောင်ဦးရှိ မြို့အုပ်ဦးသန်းစော အိမ်မှာ တစ်ထပ်လှချင်းအိမ် ဖြစ်သည်။ အိမ်ထဲအဝင် စိန်တစ်လုံးတည်း နားကပ် တဝင်းဝင်းနှင့် ဝဝဖိုင့်ဖိုင့် ဦးသန်းစော၏ ဇနီး ဒေါ်တင်တင်က ပြုံးရွှင်စွာ ဆီးကြိုသည်။

ဦးသက်လွင်က ယုမိစံနှင့် ဒေါ်တင်တင်ကို မိတ်ဖွဲ့၍ ပေးလိုက်ပုံက. . .

'ဒေါ်လေး. . . သူက နိုင်ငံခြားသိပ္ပံကျောင်းက ဂျပန်ကထိက၊ အိမ်က မောင်မောင့်အစ်မ'

'ဘာ. . .'



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်တင်တင်သည် ဝဖိုင့်သော သူ့ကိုယ်ကြီးကို ရှေ့ကိုင်းလျက် ပါးစပ် အဟောင်းသား ပွင့်နေသည်။

ဦးသန်းစောနှင့် ဒေါ်တင်တင်တို့ မျက်လုံးပြူးကြပုံ၊ တအံ့တသြ ဖြစ်ကြပုံကို ဦးသက်လွင်က ကြည့်၍ ပြုံးစိစိဖြင့် ယုမိစံဘက်သို့ လှည့်၍ ပြောလိုက်သည်။

'ဒါက ကျွန်တော့်အဒေါ်ပါ၊ မောင်မောင့်ကို ဘုန်းကြီးကျောင်းက ခေါ်ခဲ့ပြီး ကျွန်တော် မွေးစားထားတာလို့ပဲ သူတို့ သိကြတယ်။ မောင်မောင့် အဖေ ဂျပန်ဖြစ်မှန်း သူတို့ လုံးလုံး မသိကြဘူး ဆရာမ'

ဦးသန်းစောနှင့် ဒေါ်တင်တင်တို့ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

ယုမိစံက ပြုံးလျက် ခါးကလေး ကုန်းညွတ်၍ ဂါရဝပြုကာ နှုတ်ဆက် လိုက်သည်။ ဒေါ်တင်တင်မှာ ဦးသက်လွင်၏ မျက်နှာကို တစ်လှည့်၊ ယုမိစံ ကို တစ်လှည့်ကြည့်၍ ပဟေဠိမှ အနက်ဖော်၍ မရသော ပဟေဠိတစ်ပုဒ် ဖြစ်နေကြသည်။

'ဒီအကြောင်းကို ညမှ ကျွန်တော် ပြောပါမယ်၊ ကျွန်တော်တို့ ပုဂံမှာ တစ်ရက်ပဲ နေနိုင်တယ်၊ နက်ဖြန် ပုပ္ပားသွားရမယ်၊ အချိန်မရဘူး။ အခုပဲ ပုဂံ ဆက်သွားတော့မယ်၊ နေ့လယ် တစ်ချက်မှာ ထမင်းစား ပြန်လာမယ်'

ခရီးဆောင်မဆိုက် ပစ္စည်းများချ၍ ယုမိစံကို ကားပေါ်သို့ ပြန်တက် စေသည်။ အိမ်ထဲက သုတ်သီးသုတ်ပျာ ပြန်ထွက်လာကြသည်။ ကားမထွက် မီ ဦးသန်းစောတို့မှာ မဆတ်တငံ့ဖြစ်လျက် ကျန်ရစ်ခဲ့ကြကာ. . . 'သူ လုပ် လိုက်ရင် ဒီလိုချည်းပဲ'ဟု ဟစ်အောင်၍ ပြောလိုက်သော ဒေါ်တင်တင်ကို၊ ကားပေါ်မှ ဦးသက်လွင်က တဟားဟား. . . ရယ်လျက် အိမ်ရှေ့မှ ဝူးခနဲ မောင်းထွက်လာခဲ့သည်။

ဦးသက်လွင်က ယုမိစံကိုရွှေစည်းခုံစေတီ အရင်ဖူးစေရန်၊ ညောင်ဦး မြို့ပြင်ရှိ ပုဂံမြို့သွား လမ်းနံဘေး တောင်ဘက်မုခ်နား၌ ကားထိုးရပ်လိုက် သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ဂျစ်ကားပေါ်မှ မဆင်းမီ ကြိုးသိုင်းရှုးဖိနပ်ကို ကုန်း ချွတ်၍ ဝမ်းမြောက်စွာ ဟစ်ကြွေးလိုက်သည်။

'ဆရာ. . . နှစ်ပေါင်းတစ်ထောင်က မြန်မာပြည်ကြီးကို ကျွန်မ ရောက်လာပြီနော်'

ရွှေစည်းခုံမုခ်ဦးမှ ခြင်္သေ့ကြီးနှစ်ကောင်ကို ယုမိစံ စ၍တွေ့သည်။

ယုမိစံသည် ခြင်္သေ့ကြီးနှစ်ကောင်ကို ပြူးကျယ်သော မျက်လုံးဖြင့် စိုက်၍ ကြည့်သည်။ နောက်ဆုတ်၍ ပြန်ကြည့်သည်။ ဘေးပတ်၍ ကြည့် သည်။ ယုမိစံ တအံ့တသြ ကြည့်ရှု၍နေပုံကို ဦးသက်လွင် ရပ်စောင့်ကြည့် လျက် မျက်နှာက ပြုံးနေသည်။

'ဆရာ. . . ဒီခြင်္သေ့ကြီးတွေက ရွှေတိဂုံဘုရားက ခြင်္သေ့ကြီးတွေနဲ့ နည်းနည်းမှ မတူဘူး ဆရာ။ ခေါင်းမှာလည်း အချွန်အတက် သိပ်မရှိဘူး၊ ပါးစပ်က ပိုပြီးကျယ်တယ်၊ လည်ပင်းမှာလည်း ဆွဲကြိုးနဲ့၊ တစ်မျိုး. . . တစ်မျိုး'

ဦးသက်လွင်က ရယ်မောလျက်. . . 'ဆွဲကြိုးမဟုတ်ဘူး ဆရာမ၊ ချူဆွဲထားတာ'ဟု ပြောလိုက်သည်။

'ဒါ. . . သီဟဗာဟု အဖေပုံပဲနော်'

ဦးသက်လွင်သည် ယုမိစံနားသို့ အမြန်ချဉ်းကပ်သွားလျက် 'ဘယ်လို ဆရာမ၊ ဘယ်လို. . .'ဟု မေးလိုက်သည်။

'ရွှေတိဂုံဘုရားက ခြင်္သေ့ပုံပြင်ကို သြဘားစံ ပြောပြတယ် ဆရာ။ သီဟဗာဟု သူ့အမေနဲ့ တောထဲက ထွက်ပြေးလာတော့ သူ့အဖေ ခြင်္သေ့က သူတို့ကို အပြေးလိုက်ရှာတယ် မဟုတ်လား၊ လူတွေရှိတဲ့ မြို့ထဲရွာထဲ ရောက်လာရင် လူတွေကို ဒုက္ခပေးမှာစိုးလို့ မင်းသားက သူ့အဖေ ခြင်္သေ့ကို ပစ်သတ်လိုက်တယ်။ ဒါကြောင့် စိတ်ထိခိုက်ပြီး ဘုရားမှာ မိဘကို ရိုသေ ကိုးကွယ်တဲ့ အမှတ်အသား ထားတာဆို. . . ဒီပုံပြင် ဟုတ်သလား ဆရာ'

ဦးသက်လွင်သည် ခွက်ထိုးခွက်လန် ရယ်မောလျက် 'ဟုတ်တယ် ဆရာမ၊ ဒီပုံပြင် ရှိတယ်' ပြန်ပြောလိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ခြင်္သေ့ကြီးနှစ်ကောင်ကို မမှိန်မသုန် ပြန်၍ကြည့်ပြန်သည်။

'ဒီခြင်္သေ့က အသက်ဝင်တယ် ဆရာ၊ ခုန်ပြီး ကိုက်တော့မလိုပဲ'

နှစ်ယောက်သား ရယ်ရယ်မောမောဖြင့် ဘုရားပရဝုဏ် အတွင်းသို့ ဝင်လာကြသည်။ ဘုရားရင်ပြင်တော်၌ လူသူပရိသတ် မများလှဘဲ တိတ်ဆိတ် ရှင်းလင်းနေသည်။

ယုမိစံသည် ရွှေစည်းခုံ စေတီတော်ကြီးကို အားပါးတရ ကြည့်လိုက်သည်။ သူ့မျက်စိထဲ၌ အစဉ်စွဲနေသော ရွှေတိဂုံစေတီတော်နှင့်လည်း ယှဉ်၍ကြည့်မိသည်။ ရွှေတိဂုံစေတီပုံတော်၏ သဏ္ဍာန်ကား စိတ်ကြည်နူးစရာ။ ရွှေစည်းခုံပုံတော်က စိတ်အားမာန်အား တက်လာစရာ။

'လား. . . လား. . . ဆရာ၊ ဘုရားပုံတော်က ထူလိုက်တာ၊ ခံ့လိုက်တာ။ ကျန်စစ်သား တည်တယ်နော်'

'ရှင်အရဟံနဲ့ အနော်ရထာမင်းက စ တည်တာ၊ နောက်မှ ကျန်စစ်မင်းက ဆက်တည်တာ ဆရာမ'

ဦးသက်လွင် ဘုရားဝတ်ပြုနေခိုက် ယုမိစံက ဘုရားပုံတော်နှင့် ဦးသက်လွင်ကို ထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်လိုက်သည်။ ဓာတ်ပုံရိုက်ပြီး မတ်တပ်ရပ်လျက်က လက်နှစ်ဖက် နဖူးပေါ်၌ ယှက်၍ ရွှေစည်းခုံစေတီတော်ကြီးကို ရှိခိုးကြည်ညိုနေသည်။

ဦးသက်လွင်သည် ယုမိစံ မတ်တပ်ရပ်လျက် ရှိခိုးကြည်ညိုနေပုံကို ဓာတ်ပုံရိုက်ရင်း၊ ရှိခိုးတော့လည်း မတ်တတ်ပါလားဟု အမြင်ဆန်းနေသည်။

ယုမိစံသည် ရှိခိုးပြီး ပန်းတင်ခုံတစ်ဝိုက် ပတ်လည်၌ရှိသော စဉ့်ကွင်းရုပ်များကို တစ်ပုံစီ လိုက်ကြည့်သည်။ စိတ်ဝင်စားစရာ တွေ့လျှင် ဓာတ်ပုံတဖျပ်ဖျပ် ရိုက်သည်။ ရင်ပြင်တော်ပေါ်၌ မြင်မြင်သမျှ ယုမိစံ မျက်လုံးဖွင့်၍ ကြည့်လည်း ကြည့်၏။ မှတ်လည်း မှတ်၏။ အမေးအမြန်း ထူလွန်း၍ ဦးသက်လွင်မှာ မမောမပန်း ပြောပြလျက်ရှိ၏။ စဉ့်ကွင်းရုပ်ပုံများကို



BURMESE CLASSIC .com

www.burmeseclassic.com



ရုပ်ပုံကပ်လုပ်လျက် စဉ့်ရည်သွင်းထားသော အုတ်ချပ်ကို စဉ့်ကွင်းခေါ်ကြောင်း ရှင်းပြောပြသည်။

ရှေ့တွင် ပြစရာတွေ အများကြီးရှိ၍ ယုမိစံကို ရင်ပြင်တော်တစ်ပတ် ခပ်သွက်သွက်ပြပြီး၊ ရွှေစည်းခုံဘုရား အနောက်တောင်ဘက်ရှိ ကျန်စစ်သား ဥမင်ကို ခေါ်သွားသည်။ ဥမင်ထဲရှိ နံရံ၌ စိပ်ပုတီးစိပ်နေသော ရဟန်းပုံ နံရံပန်းချီကို ယုမိစံ မျက်စိစူးမိသည်။

'တရုတ်ဘုန်းကြီးပုံလား ဆရာ'

'ဟုတ်တယ် ဆရာမ၊ ကူဗလိုင်ခန့်တို့ ပုဂံပြည်ကို လာတိုက်တုန်းက ရေးတာဖြစ်လိမ့်မယ်။ တာတာတရုတ် စစ်သားပုံ၊ စစ်ဗိုလ်ပုံ နံရံပန်းချီပဲ'

ယုမိစံက မြန်မာသမိုင်းကို ပြန်၍ စဉ်းစားဟန်ဖြင့် တွေနေရာမှ ခေါင်းကလေး ညိတ်ပြလိုက်သည်။

ကျန်စစ်သား ဥမင်မှ အာနန္ဒာဘုရားသို့ ယုမိစံကို ခေါ်လာခဲ့သည်။

ကောင်းကင်၌ ဆီးနှင်းမြူတိမ်တို့ ရှင်းလျက်၊ နေဝန်းကြီးက မြင့်တက်နေသည်။ အညာဆောင်း၏ အေးမြမြလေကို ယုမိစံ တအားရှိုက်လိုက် သည်။ ညောင်ဦးကို ဖြတ်၍ မြို့စွန်သို့ ရောက်သောအခါ၊ ရှေ့မှ ဘွားခနဲ မြင်လိုက်ရသော ပုဂံရှုခင်းကြီးသည် ယုမိစံ မျက်စိထဲ၌ အံ့ဖွယ်လိလိ ရှိတော့ သည်။ နေရောင်ခြည်ထဲ၌ ထင်ထင်လင်းလင်း တွေ့လိုက်ရခြင်းကြောင့် ထိုပုံဂံရှုခင်းသည် စိတ်ကြည်နူး၍ မဆုံး၊ ဟိုမှသည်မှ စေတီပုထိုးများကို မြင်၍မဆုံး။

ရှုမြင်ကွင်းကြီးတစ်ခုလုံးရှိ စေတီဘုရား၊ ဂူပျက်ကြီးတို့၏ ရှေးဟောင်း သရုပ်သဏ္ဍာန်တို့သည် ကောင်းကင်မှ နေဝန်းနှင့်ပြိုင်ဆိုင်မာန်တင်းလျက် ရှိသေးရကား၊ ထိုမာန်အပေါင်းတို့သည် ဦးသက်လွင်၏ ရင်တွင်းသို့ စိမ့်ဝင်သွားသည်။

အာရုံ သိမြင် ခံစားမှု အတွေ့အကြုံတစ်ခု၍ စိတ်ပါဝင်စားခြင်းကို နက်နက်နဲနဲ နှစ်သက် မြတ်နိုးတတ်သည့် ဂျပန်လူမျိုးတို့၏ အလေ့အထ

www.burmeseclassic.com



အတိုင်း၊ ယုမိစံသည် အဝေးမှ ရှေးဟောင်းပစ္စည်းများဖြစ်သည့် အထု အထည် ကြီးလှသော ဂူကြီး ပုထိုးကြီးများကို လှမ်း၍ မြင်မြင်ချင်း၊ ပုဂံကို ရှိသေကိုင်းရှိုင်းမိသည်မှာ ပြောဖွယ်ရာမရှိ။ ညွတ်တွားသော စိတ်ဓာတ်ဖြင့် တစိမ့်စိမ့် ညွတ်တွားလျက် အလေးအမြတ် ပြုလိုက်သည်။

တစ်လမ်းလုံး ဘယ်ကြည့်ကြည့် ဘုရားဂူပုထိုးတို့ကား ယုမိစံ မျက်စိ နှင့် မလွတ်။ များလိုက်ပါဘိ စေတီ ဂူ ပုထိုးတွေ။

ပြောင်းခင်း နှမ်းခင်းတို့ စိမ်းစိုနေသော ယာခင်းများအလယ်ရှိ နန္ဒဂူ လိုဏ်ကြီးမှ အချွန်အထွတ်တို့သည်၊ မိုးထက်ထိလု ကြွံခိုင်လျက် သွင်ပြင် တင့်တယ် ကြည်ညိုဖွယ်ရာကြီး တွေ့ရသည်။

မြန်မာ့ယဉ်ကျေးမှု အုတ်မြစ်ချရာလည်းဖြစ်သည့် အနှစ်တစ်ထောင် က မြန်မာပြည်ကြီးကို ယုမိစံ ရောက်ရှိလာလေပြီ။ ရှေးဟောင်း ဘုရား ဂူ ကျောင်းပျက်တို့ကား ရွှေရောင် တဝင်းဝင်း စိန်ကြောင် နီလာတို့ ရောင်စုံဖြာ ပေါင်းလျက်၊ တလျှပ်လျှပ် တလက်လက်နှင့် ဘုံနန်းပြာသာဒ်တို့၏ ကြီး ကျယ်ခမ်းနားသော ရှေးရှေးက ပုံသဏ္ဌာန်အတိုင်း မြင်အောင် စိတ်ကူးကြည့် လျက် ကားပေါ်မှ ရင်သပ်ရှုမောရ၍ နေ၏။ တတွတ်တွတ် တည်သည် ပြောလာ သော ပါးစပ်ကလေးကို ပိတ်ကာ အထူးတိတ်ဆိတ်သွားသည်။

အာနန္ဒာ ဂူမုခ်ပေါက်က အရုပ်ကြီးနှစ်ရုပ်က ယုမိစံကို ဆီး၍ကြို သည်။ နတ်ရုပ်တို့ကား နတ်သွင်စံမြောက် အံ့လောက်စရာ အသက်ဝင် လျက် မျက်လုံးအစုံတွင် ပြုံးရယ်လျက် ရှိလေစွ။

ယုမိစံသည် အရုပ်ကြီးများကို တည့်တည့်ကြီးကြည့်၍ ဘာ စိတ်ကူး ပေါက်သွားသည်မသိ၊ ခါးကလေးကို ကုန်းညွတ်လျက် ဂါဝရပြုနေလေသည်။

ဦးသက်လွင်သည် အရုပ်ကြီးနှစ်ရုပ်နှင့် ယုမိစံကို ဓာတ်ပုံအမျိုးမျိုး ရိုက်ယူသည်။ မုခ်ဝမှ တန်ဆောင်းမ အတွင်းသို့ မဝင်မီ မုခ်အပေါက်အထက်ရှိ တုရင်၏ ကြီးမားခံ့ထည်ခြင်းကို ယုမိစံ အံ့သြစွာ တွေ့မြင်ရ၏။

ဦးသက်လွင်က တုရင် တစ်ဖက်တစ်ချက်၌ အင်္ဂတေဖြင့် ရုပ်လုံးဖော်



BURMESE CLASSIC .com

www.burmeseclassic.com



ပြထားသော မကန်းရုပ်ကြီးများကို ပြသည်။ ယုမိစံသည် ဓာတ်ပုံရိုက်ရန် ချိန်လိုက်ပြီးမှ မရိုက်သေးဘဲ တအံ့တသြ ပြောလိုက်သည်။

'ဆရာ သူ့ပါးစပ်ထဲမှာ ခြသေ့်ရုပ်နေတယ်၊ ဘာဖြစ်လို့လဲ'

ယုမိစံ မျက်စိရှင်ပုံကို ဦးသက်လွင်က စိတ်ထဲ၌ ချီးကျူးလိုက်သည်။

'မကန်းရုပ်ရဲ့ ပါးစပ်ခံတွင်းကို ခြသေ့်က နင်းထားတာ ထုပြထားတာပဲ ဆရာမ'

ယုမိစံသည် နားလည်သလို မလည်သလို ခေါင်းကလေး တလှုပ်လှုပ် ဖြင့် ဓာတ်ပုံ ရိုက်လိုက်သည်။ မုဒ်ကိုလည်း အနီးတစ်မျိုး၊ အဝေးတစ်မျိုး သူလိုချင်သလို အမျိုးမျိုး ပုံရိုက်ယူသည်။ ဓာတ်ပုံ ရိုက်ပြီး အာနန္ဒာဂူဘုရား ၏ နံရံကြီးကို လက်နှင့်သွားကိုင် စမ်းကြည့်သည်။

'ဒါဟာ. . . ဟိုရှေးရှေးက မြေအုတ်တွေနဲ့ တည်ဆောက်ထားတာ ဆရာမ'

ဂူဘုရားထဲကို ဝင်သွားကြသောအခါ အတွင်း၌ ဂန္ဓာကုဋိတိုက်ကို ဝန်းရံထားသော လူသွားလိုဏ်လမ်း နှစ်ထပ်ရှိသည်။ အပြင်လိုဏ်၏ နံရံများတွင်ရွှေချထားသော ဗုဒ္ဓဝင် ကျောက်ရုပ်ကြွမျိုးစုံကို တွေ့ရသည်။

'ဒီပုံက ဆရာမ. . . မယ်တော်မာယာကို ထမ်းစင်နဲ့ ထမ်းပြီး ဒေဝ ဒဟ ပြည်ကို ခေါ်သွားတဲ့ပုံ'

ထမ်းစင်ပေါ်၌ ဘေးစောင်းထိုင်နေသော မယ်တော်မာယာ၏ ဝတ်စားတန်ဆာကို ယုမိစံက ငေး၍ကြည့်သည်။

'ဆရာ. . . ဟောဒီမှာ ကျွန်မအိမ်က မတ်တော်မာယာ ယွန်းပန်းချီ ကားပုံ'

ယုမိစံ၏ မျက်လုံးသည် မယ်တော်မာယာ၏ပုံမှ တော်တော်နှင့် မခွာဘဲ ရှိတော့သည်။ ကျောက်ချပ်တံကဲ၌ ရုပ်ကြွ ထုလုပ်ထားသည့် လက်ရာများမှာ စိတ်ဝင်စားစရာ ကောင်းလွန်းသဖြင့် စိုက်၍ငေးနေ၏။ မယ်တော်မာယာ၏ ကိုယ်၌ ဆင်မြန်းထားသော ခါးစည်း၌ ဘီလူးပန်းဆွဲ၊ အမွှမ်း



BURMESE CLASSIC .com

www.burmeseclassic.com



အပြောက်တွေကို အံ့ဩစွာ မြင်မိ၏။ ဦးသက်လွင်သည် ယုမိစံကို ကြိုက်သလို လေ့လာပစေဟု စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေသည်။

မိထွေးတော် ဂေါတမီကို ဖက်လျက် လုပ်လဲ့ နွမ်းလျလျက် ရှိနေရှာသော မယ်တော်မာယာ၏ ကိုယ်ဟန်တော်ကို ယုမိစံ ကြည့်မဝ၊ ရှုမဝဘဲ မရောင့်ရဲ မတင်းတိမ်နိုင်အောင် ဖြစ်နေသည်။

'ဒီပုံဟာ. . . ပန်းချီမျက်စိ၊ ပန်းပုမျက်စိ၊ ပန်းရန်မျက်စိ၊ ရာဇဝင်မျက်စိ၊ ဗုဒ္ဓဘာသာမျက်စိ အများကြီး ကြည့်စရာတွေ ရှိတယ်ဆရာ။ ဘယ်မျက်စိနဲ့ ဘယ်နှယောက်ပဲ ကြည့်ကြည့်၊ ခံစားချက် အရသာဟာ တစ်ယောက်နဲ့တစ်ယောက် တစ်မျိုးစီ ရှိမှာပဲ၊ တူမှာ မဟုတ်ဘူး ဆရာ။ ရှေးက လက်ရာ ဘယ်လောက် တန်ဖိုးရှိသလဲ'

ယုမိစံကား ရင်သပ်အံ့ဩဖြစ်လျက် ပြောမပြီးနိုင်။ ပုံအမျိုးမျိုးရိုက်၍ အရုပ်နားက မခွာချင့်ခွာချင် ခွာလာခဲ့ရသည်။

အတွင်းသို့ ဝင်လိုက်ပြန်သောအခါ ဝန်းကျင်တစ်ခုလုံး၏ မှောင်ရိပ် ဝိုးဝါး သန်းသွားသော အမှောင်အတွေ့ကို ခံစားလိုက်ရသည်။ အမှောင် အတွေ့ဝယ် ဘာကြောင့်မှန်းမသိ၊ ယုမိစံ စိတ်ကို ဟိုဟိုဒီဒီ မပျံ့နိုင်အောင် ဆွဲထိန်းလိုက်သလိုပင်။ တည်ငြိမ်သွားခြင်း အားကောင်းမှုကို သတိပြုမိ လိုက်သည်။

ရှေ့တူရူက မတ်ရပ် ဆင်းတုတော်ဆီသို့ ဖြောင့်ဖြောင့်တန်းတန်းကြီး လျှောက်လာကြသောအခါ၊ အလင်းရောင် ပူဇော် ညွှတ်ခထား၍ အလင်းရောင်ကြောင့် ဝင်းလဲ့နေသော မျက်နှာတော်ကို ဖူးလိုက်ကြရသည်။ မျက်နှာတော်၏ အသရေတော်သည် မည်မျှ သပ္ပာယ်တော်မူမှန်း ယုမိစံအကြည့်၌ ထင်ရှားသည်ထက် ထင်ရှားလာခဲ့၏။

မညွတ်မကိုင်း၊ မရှိုင်းမတ်မတ်၊ ရပ်တော်မူထားသော တစ်ဆယ့်ရှစ်တောင် အမြင့်ရှိသည့် မတ်ရပ်တော်၏ ခြေတော်ရင်း၌၊ ယုမိစံသည် ဒူးတုပ် ဝပ်စင်းလျက် ညွှတ်တွားချ ဦးခိုက်လိုက်သည်။ ယုမိစံ ဝပ်စင်းလျက်



BURMESE CLASSIC .com

www.burmeseclassic.com



ဦးခိုက်လိုက်ခြင်းကို မြင်ရခြင်းသည် ဦးသက်လွင် တစ်သက်တာ၌ မေ့ပျောက် နိုင်ဖွယ်ရာ မရှိသည့် ပုဂံခရီး ဖြစ်၏။

ရပ်တော်မူ ခြေတော်ရင်း၌ ဒူးတုပ် ဝပ်စင်းလျက် ဦးခိုက်နေခြင်းဖြင့် ယုမိစံ၏ ဦးခေါင်းမှာ တော်တော်နှင့် ထောင်မလာ။ အရှေ့တိုင်းမှ ဂျပန်သူကလေးသည် ဗုဒ္ဓ၏ ခြေတော်ရင်း၌ ဝပ်လျှိုး ဦးခိုက်နေ၍၊ သူ့ကိုယ်မှ အောက်သို့ ပုံဝိုင်းကျနေသော ဂါဝန်အဖြူကလေးနှင့် ကြော့ကြော့ ဖွေးလျက် ရှိသည့် သဏ္ဌာန်ကလေးကို ဦးသက်လွင် ထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်ယူလိုက်သည်။

ရွှေစည်းခုံဘုရားရှေ့၌ မတ်တတ်ဦးညွှတ် ရှိခိုးသော ယုမိစံ၊ ယခု အာနန္ဒာ၌ကား ဒူးတုပ် ဝပ်စင်းလျက် ဖူးမြော် မာန်လျှော့၍ သဒ္ဓါထက်သန် ကန်တော့ခြင်းကို မြင်ရခြင်းဖြင့်၊ မတ်ရပ်တော်ရှေ့၌ မည်သူမဆို မာန်လျှော့ချ စေရန်၊ နှစ်ထောင်း ကြည်ညို၍ သဒ္ဓါပွားစေရန် လက်စွမ်းကုန် ဉာဏ်စွမ်း ကုန် ပြသွားခဲ့သော ပုဂံခေတ် ဗိသုကာပညာရှင်တို့ကို ဦးသက်လွင် အံ့ချီး၍ မကုန်နိုင်အောင် ဖြစ်တော့၏။

ရင်ညွှန့်တွင် လက်ကလေး နှစ်ဖက်ချီလျက် ယုမိစံမျက်နှာ ပင့်မော့ လာသည်။

မတ်ရပ်တော် တစ်ဆူလုံး၏ ပုံတော်ကို ထက်အောက် ပြန်လှန် သိမ်းရုံး စိုက်ကြည့်လျက် ကြည်နူးနေပြန်သည်။

ကြည်လင် သန့်ရှင်း ထွန်းပထားသော အလင်းရောင်ဝယ် အရပ်တော်နှင့်အမျှ ရှုပကာတော်သည် အစွန်းမထွက် ညီညွတ်ခြင်းရှိသော လက္ခဏာတော်ကို လည်းကောင်း၊ ပြေပြစ်ရှည်သွယ် သပ္ပာယ်နွဲ့ပျောင်းသည့် လက်နှစ်ဖက် ကိုင်ထိထားသော လက်ချောင်းတော်များကို လည်းကောင်း၊ ရပ်တော်မူ ကိုယ်တော်၏ ပခုံးစွန်းနှစ်ဖက် ပြည့်ဖြိုးလျက်ရှိခြင်းကို လည်းကောင်း၊ ရင်အုပ်တို့၏ တစ်ပြင်တည်း ပြည့်ဖြိုးထားပုံကို လည်းကောင်း၊ သောက်ရှူးကြယ်သို့ ကြည်လင် ဝင်းလဲ့သော မျက်နှာတော်၏ အသရေ



BURMESE CLASSIC .com

www.burmeseclassic.com



တော်ကို လည်းကောင်း ယုမိစံ ရုပ်တော်မူပုံကို အသည်းစွဲအောင် ကြည်ညို လျက် ရှိသည်။

ယုမိစံသည် ဘယ်ဆုကို ရည်၍ ဘယ်ဆုကို တောင်းနေသည် မသိ။ တစ်ကိုယ်လုံး အမူအရာသည် ကြည်လင် နှိမ့်ချသောစိတ်ဖြင့် မတ်ရုပ်တော် ကို စူးစိုက်လျက် ဆုတောင်းနေဟန်လည်း ပေါ်၏။

'ဆရာ၊ ဘုရားမျက်နှာပေါ်မှာ ရှိနေတဲ့ အလင်းရောင်ဟာ ဘယ်က လာတဲ့ အလင်းရောင်လဲ ဆရာ'

ယုမိစံသည် ဘုရားကြည်ညိုပြီးလျှင် အံ့သြဟန်ဖြင့် ထိုင်ရာမှ ထ၍ မေး၏။

'ဗိသုကာ ပညာရှင်က ဒီအလင်းကို ပုန်းပြီးပေးထားတယ်၊ ဂူလိုဏ်ကြီး ခေါင်မိုးပေါ်မှာရှိတဲ့ အထက်တုရင်ကနေပြီး မျက်နှာတော်ဆီ ရောက်အောင် အလင်းရောင် ပို့လိုက်တာ။ အလင်းရောင်ကို ပုန်းပြီး ပူဇော် ထားတာ ဆရာမ'

'ကျွန်မ နောက်ကို ဘယ်ဘုရားပဲ ရှိခိုး၊ ရှိခိုးတိုင်း ဒီဘုရားပဲ ကျွန်မ မျက်စိရှေ့မှာ ရှိနေမှာပဲ ဆရာ'

ဦးသက်လွင်သည် ယုမိစံ၏ သဒ္ဓါထက်သန်လျက် ရှိနေသော မျက်နှာကလေးကို စူးစိုက်လျက် ကြည့်၍ ပြောလိုက်သည်။

'သိပ်ကြည်ညိုစရာ ကောင်းတယ် ဆရာမ၊ ရှေးခေတ်က ဗိသုကာ အတတ်ပညာမှာ သံကိရိယာတွေ ဘာမှမသုံးဘဲ ဒါလောက် ကြီးမားတဲ့ အဆောက်အအုံကြီးကို အခုခေတ်ထိ နှစ်ပေါင်း ကိုးရာကျော် ခိုင်ခံ့နေတာ အံ့သြစရာ မကောင်းဘူးလား။ ရှေးက ဗိသုကာဟာ ဒီဂူဘုရားကို ဉာဏ်စွမ်း လက်စွမ်းနဲ့ချည်း တည်ဆောက်တယ်လို့ ကျွန်တော် မမြင်ဘူး၊ တည်ဆောက် တဲ့ နေရာမှာ ဗိသုကာရဲ့ စေတနာ သဒ္ဓါအဟုန်လည်း ပါတယ်လို့ ကျွန်တော် မြင်တယ်'

ယုမိစံက ခေါင်းလေးညိတ်ကာ ပြန်ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အာနန္ဒာဟာ. . . ကမ္ဘာ့စံချိန်မီ အင်မတန် ရှားပါးတဲ့ အနုပညာလက်ရာ ဂူဘုရားကြီးပါ ဆရာ'

'ဆရာမ ဒီဘုရားမှာ ဘာဆုတောင်းသလဲ'

'ဩဘားစံ သင်ပေးထားတဲ့အတိုင်း ဆုတောင်းပါတယ် ဆရာ'

'ဆိုစမ်းပါဦး ဆရာမ၊ ဩဘားစံက ဘယ်လိုများ သင်ပေးထားသလဲ၊ ကျွန်တော်များ မသိရဘူးလား'

'ပုဂံရောက်လို့ ပုဂံဘုရားရှိခိုးရင် "သံသရာ ဝဋ်ဆင်းရဲဒုက္ခက လွတ်ပါစေ ဘုရား. . ."လို့ ဆုတောင်း ရှိခိုးဖို့ သင်ပေးထားပါတယ်'

'သံသရာဆိုတာ ဆရာမ သိပြီပေါ့'

ဦးသက်လွင်က တအံ့တဩ မေးသည်။

'သံသရာဆိုတာ ဘဝတွေ မဆုံးမချင်း ထပ်ကာထပ်ကာဖြစ်တဲ့ ဘဝ၊ ဝဋ်ဆင်းရဲဆိုတာ ထပ်ကာထပ်ကာ ဖြစ်တဲ့ဘဝမှာ ထပ်ကာထပ်ကာ ဖြစ်တဲ့ ဒုက္ခ မဟုတ်လား'

ဦးသက်လွင်သည် ရယ်လည်းရယ်၏။ 'ဆရာမ ဂျပန်မပြန်ခင် သာသနာ့ရိပ်သာမှာ တရား ထိုင်သွားဦး'ဟု ပြောလည်း ပြော၏။

'မြန်မာပြည်မှာ ဗုဒ္ဓဘာသာ တရားထိုင်သော သမထထမ်းစဉ်ဆို၊ ဟုတ်လား ဆရာ'

'မြတ်စွာဘုရား. . . သမထလည်း ဆရာမ နားလည်သကိုး'

ဦးသက်လွင်က မျက်လုံးပြူး၍ ပြောလိုက်သည်။

'သမထ သိပါတယ် ဆရာ၊ သမထက ကျွန်မတို့ ဂျပန်က ဇန်ဗုဒ္ဓဘာသာ လမ်းစဉ်နဲ့ ခပ်ဆင်ဆင်ပဲ၊ ဂျပန် ဇန်ဗုဒ္ဓဘာသာ စိတ်ကို ထိန်းချုပ်ပြီး ဉာဏ်ရအောင် လုပ်တဲ့လမ်းစဉ်ပဲ။ စိတ်ကို ဟိုဟာ ဒီဟာ မရောက်အောင် ချုပ်ထားပြီး၊ တစ်ခုတည်း အာရုံစိုက်ထားပြီး ဒီတစ်ခုတည်းမှာ အေးချမ်းသိမ်မွေ့တာကို ရှာတာ။ ဒါကြောင့် ဂျပန်ပြည်မှာ ဂျပန်လက်ဖက်ရည်သောက်ပွဲလုပ်တာ၊ ဉယျာဉ်စိုက်တာ ကြည့်ပါ၊ ဇန်ပယောဂ ဇန်အငွေ့အသက်တွေ ရှိနေတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ဂန္ဓာကုဋိ လေးမျက်နှာတွင် ရှိသော မတ်ရပ်တော်သုံးဆူ ကျန်ရှိသေး ခြင်းကြောင့် လှည့်ပတ် ဖူးမြော်ကြသည်။ အနောက်မျက်နှာရှိ ကိုယ်တော်ကြီး ကို ပုဆစ်ဒူးတုပ်လျက် ဖူးမြော် ပူဇော်နေသော ရှင်အရဟံနှင့် ကျန်စစ်သား ရုပ်တုများကို ယုမိစံ တွေ့ရှိရသည်။ ယုမိစံသည် ရှင်အရဟံနှင့် ကျန်စစ်သားပုံ ကို ခါးကလေးကုန်းလျက် အရိုအသေပြုပုံသည် မပြီးနိုင်အောင် အခါခါ ဖြစ်သည်။ ကျန်စစ်သား ကိုယ်၌ရှိသော မင်းခြောက်တန်ဆာများကို လေ့လာ ၍ မှတ်စုစာအုပ်၌ ပုံကြမ်း ရေးမှတ်ထားလိုက်သည်။ ကျန်စစ်သားကို သူ တွေ့ရှိသည်ဆိုကာ ကြည်ကြည်နူးနူးဖြင့် ဓာတ်ပုံများလည်း ရိုက်သည်။

ထို့နောက် ဂူဘုရား အပြင်သို့ ထွက်လာ၍ အုတ်ခုံနံရံလေးဖက်၌ ရှိသော စဥ့်ကွင်းရုပ်များကို ကြည့်ကြသည်။ ဦးသက်လွင်က မာရ်နတ် စစ်တိုက်ခန်းဖြစ်ကြောင်း ရှင်းလင်း ပြောပြသည်။

ဦးသက်လွင်က ပြောလျှင် မျက်လုံးကလေး ဝိုင်းလျက် သူ့ခေါင်းထဲ၌ မှတ်သားနေသည်။ သူ နားမလည်လျှင် ဤနေရာ၌ မေးခွန်းပေါင်းစုံဖြင့် သူ နားလည်သွားမှ ကျေနပ်တတ်၍၊ နားလည်အောင် ပြောရသူမှာ အတော မသတ် အမောသား။

ထို့နောက် ဦးသက်လွင်သည် အာနန္ဒာဂူမှ သဗ္ဗညုဘုရားသို့ လိုက်ပို့ သည်။ ဘုရားပေါ်သို့ မတက်မီ ယုမိစံသည် ဂူဘုရားကြီး၏ ပုံသဏ္ဌာန်ကို တငေးတမော ကြည့်ရှုပြီး၊ ရှေးဟောင်းပစ္စည်းများကို ကိုင်းရှိုင်း ကိုးကွယ် စိတ်ဖြင့် အလေးအမြတ် ပြုပြီးမှ ဘုရားထဲသို့ ဝင်သည်။ ထို့နောက် တစ်ဖက် နံရံအတွင်း၌ ပြုလုပ်ထားသော အုတ်လှေကားဖြင့် ဂူအထပ်ထပ်သို့ တက်သွားကြသည်။

အထက်ထပ်တွင် ထက်ဝယ် ဖွဲ့ခွေနေသော ဗုဒ္ဓဂ ဆင်းတုတော် ကြီးကို ဖူးတွေ့ရ၍ ငြိမ်သက်စွာ ဦးညွှတ် ကြည်ညို ရှိခိုးကြသည်။

ဦးသက်လွင်က သဗ္ဗညုဘုရားပေါ်မှ မြင်ရသော ပုဂံရှုခင်းကို ပြလိုက် သည်။ ယုမိစံသည် ဦးသက်လွင် လက်ညှိုးထိုး၍ ပြနေသော နေရာများကို

www.burmeseclassic.com



ခေါင်းကလေး တရွေ့ရွေ့ဖြင့် လှည့်ပတ်ကာ မျက်တောင်မခတ် ငေးမော ကြည့်ရှုလျက် ရှိသည်။

ရာစုနှစ်ပေါင်း မြောက်မြားစွာမှ ရှေးဟောင်း ရှုခင်းဝန်းကျင် တစ်ခုလုံးကို ပန်းချီမျက်စိဖြင့် မြင်လျက်၊ မြတ်နိုးလှခြင်းမျိုးဖြင့် ရင်ဝယ်တသိမ့်သိမ့် ခံစားလျက် ရှိသည်။

'ဒီအရှေ့က တူရွင်းတောင် ဆရာမ၊ ဟိုမှာနရပတေ့မင်း တည်တဲ့ စူဠာမဏိ၊ ဟောဟိုက နရသူ တည်တဲ့ ဓမ္မရံကြီး'

ယုမိစံသည် ကျောက်ရုပ်ကဲ့သို့ တိတ်ဆိတ်လျက်ရှိသည်။

'ဟိုမှာ ရွှေစည်းခုံ၊ ကျွန်တော်တို့ ဖူးခဲ့တာ။ ဟိုဘက်က ရွှေဂူကြီး ဘေးက အနော်ရထာမင်းရဲ့ ပိဋကတ်တိုက်. . . တွေ့လား၊ ဟိုမြောက်စူးစူးက ကန်တော့ပလ္လင် ဘုရား'

'ကျွန်မတို့ ပုဂံမှာ လေ့လာစရာတွေက အများကြီးပါလား ဆရာ'

'တစ်ရက်နဲ့တော့ နှံ့ဖို့ခက်တယ် ဆရာမ'

'ပုပ္ပားတောင်ကို နောက်တစ်ခါမှ သွားမယ်၊ ဒီမှာ တစ်ရက် တိုးနေရင်ကော ဆရာ'

'ရတာပေါ့ ဆရာမ၊ နေပါ'

ယုမိစံသည် တသုန်သုန် တိုက်နေသော လေညင်းကလေးကို ရင်ပင့်၍ ရှူရှိုက်လျက်၊ ဘုရား ဂူ ကျောင်းတို့ကို လွန်၍ ဧရာဝတီ၏ မြစ်ပြင်ကြီးကို ငေးစိုက်လျက် ရှိသည်။ တစ်ဖက်မှ တန့်ကြည့်တောင်တန်းကြီး၏ ညို့ညို့မှိုင်းနေသော အသွင်သဏ္ဍာန်တို့သည် ယုမိစံ၏ ရင်ထဲမှ သိုသိပ်ထားသော အဆွေးကို ဆွပေးလျက် ရှိသည်။

'မောင်မောင် ပုဂံကို ဘယ်နှခါ ရောက်သလဲ. . . ဆရာ'

ယုမိစံက မောင်မောင့်ကို သတိတရရဖြင့် မေးလိုက်သည်။

'ကျွန်တော်သာ ပုဂံကို လေးငါးခေါက် ရောက်တာ. . . မောင်မောင် မရောက်ဖူးသေးဘူး. . . ဆရာမ'

www.burmeseclassic.com



ဦးသက်လွင် ခပ်ပေါ့ပေါ့ပင် ပြန်ပြောသည်။

'အို. . .'

ဦးသက်လွင် ပေါ့ပေါ့တန်တန် ပြောခြင်းကို ယုမိစံက မကျေနပ်ဟန်ဖြင့် မျက်မှောင်ကလေး ကြုတ်လျက် 'အို. . .' ဟု ဆိုလိုက်ခြင်း ဖြစ်သည်။

'ပုဂံကို မောင်မောင် ရောက်ဖူးဖို့ ကောင်းတာပေါ့ ဆရာ။ မောင်မောင်သာ မဟုတ်ဘူး၊ မြန်မာပြည်မှာရှိတဲ့ ပုဂံ မရောက်ဖူးတဲ့ ၁၀ တန်း ကျောင်းသားတိုင်း ပုဂံရောက်ဖူးဖို့ ကောင်းတယ်၊ ပုဂံကို မရောက်မနေရ အစိုးရက ကြပ်မတ် စီစဉ်ပေးသင့်တယ်။ ၁၀ တန်းကျောင်းသား ဒီပုဂံမှာ လေ့လာဖို့ မလိုဘူးလား ဆရာ၊ ကြည့်ဖို့မလိုဘူးလား ဆရာ။ ကျွန်မတို့ ဂျပန်မှာဆိုရင် ဒီလို နေရာမျိုးကို မောင်မောင့်အရွယ် ကျောင်းသား မပြောနဲ့ ဂျပန်ကလေးတွေတောင် အကုန် ရောက်ဖူးပြီးပြီ'

ဦးသက်လွင်က ယုမိစံကို ပြုံးပြီး ကြည့်နေသည်။

'ကျောင်းသားတွေ သူတို့ဘာသာ တစုတဝေးကြီး ဒီပုဂံကို လေ့လာ တာကော မရှိဘူးလား. . . ဆရာ'

'ရှိတော့ ရှိပါတယ်၊ တက္ကသိုလ် သမိုင်းအသင်းကတော့ တစ်ခါ တလေ လေ့လာရေး လာကြပါတယ်'

ယုမိစံက မျက်ခုံးကလေး ရှုံ့လျက် ခပ်သွက်သွက် ပြန်ပြောလိုက်သည်။

'ဆရာ့ဆီကို ဖုန်းဆက်ပေးတဲ့ တက္ကသိုလ် သမိုင်းနောက်ဆုံးနှစ်က နုနုက. . . ပုဂံ တစ်ခါမှ မရောက်ဖူးသေးဘူးတဲ့၊ ကျွန်မ အံ့သြတယ် ဆရာ။ သမိုင်းကျောင်းသားမှ မဟုတ်ပါဘူး၊ တက္ကသိုလ်သွားမယ့် ၁၀ တန်း ကျောင်း သားအားလုံး တက္ကသိုလ်မသွားခင် ပုဂံ အရင် လာကြည့်ဖို့ ကောင်းတာပေါ့။ ကျွန်မတို့ ဂျပန်မှာ စကားပုံရှိပါတယ်၊ အကြိမ် ၁၀၀ ပြောတာနဲ့ တစ်ခါ ကြည့်တာနဲ့ မတူပါဘူးတဲ့'



BURMESE CLASSIC .com

www.burmeseclassic.com



"တကယ့် ဆရာမ"ဟု ဦးသက်လွင်က မှတ်ချက်ချသည်။ ကျောင်း သားပေါ်တွင် သံယောဇဉ်ကြီးပုံရသည့် ဆရာမ။

'မြန်မာ့သမိုင်းကို ကျွန်မ စာအုပ်ထဲမှာ ဖတ်ရတာနဲ့ အခု မျက်စိနဲ့ မြင်ရတာနဲ့ မတူပါဘူး. . . ဆရာ၊ ဒီပုဂံ ရှေးဟောင်းနေရာကြီးဟာ အခု လူတွေအတွက် တန်ဖိုး ဘယ်လောက်ရှိသလဲ ဆရာ၊ နောက်လူတွေ အတွက် လည်း တန်ဖိုး ဘယ်လောက်ရှိဦးမလဲ မသိဘူး။ ပုဂံခေတ်ပြီးတော့ အင်းဝ ခေတ်လား၊ ပင်းယခေတ်လား ကျွန်မ မေ့နေတယ်'

ဦးသက်လွင်က ထောက်ပေးလိုက်သည်။

'ပုဂံပြီးရင်. . . ပင်းယ. . . အင်းဝ. . . တောင်ငူ. . . ညောင်ရမ်း အလောင်းဘုရားခေတ် ဆိုပါတော့ဆရာမ'

ယုမိစံက စိတ်အားထက်သန်စွာ ဆက်ပြောသည်။

'ပုဂံ မှီပြီး တည်ထောင်တဲ့ ပင်းယ၊ အင်းဝ၊ တောင်ငူခေတ်က လူတွေ ပုဂံဟာ သူတို့အတွက် ဘယ်လောက် တန်ဖိုးရှိခဲ့သလဲ ဆရာ၊ အဲဒီ ခေတ်က တိုင်းပြည်တွေကို ပုဂံက မွေးထုတ်ပေးတာ မဟုတ်လား'

'ပုဂံက မွေးထုတ်တာပေါ့ ဆရာမ၊ ပုဂံကို အခြေပြုပြီးမှ တိုင်းကြီး ပြည်ကြီးတွေ တည်ထောင်ရတာပေါ့'

ဦးသက်လွင်က ပြုံးပြုံး. . . ပြုံးပြုံးဖြင့် ယုမိစံ၏ အတွေးအခေါ်ကို သဘောအကျကြီး ကျနေသည်။

'တိုင်းပြည်မှာ သဒ္ဓါ၊ စေတနာ လွန်ကြရင် မကောင်းဘူး ဆရာ'

ယုမိစံ ဘာကို ရည်စူး၍ပြောမှန်း မသိသဖြင့် ဦးသက်လွင်က 'ဘယ်လို ဆရာမ' ထပ်မေးလိုက်သည်။

'မြန်မာပြည်က တချို့ဘုရားတွေကို ကျွန်မ သိပ်စိတ်ပျက်တယ်။ ကျွန်မ အင်းလေးဘုရားကို ရောက်တယ်၊ ဘုရားပုံတော်ကို မမြင်ရဘူး၊ ရွှေအလုံးကြီးပဲ မြင်ခဲ့ရတယ်၊ ဘုရား မျက်နှာကို ခွဲခြားသိဖို့ သိပ်ခဲယဉ်းတယ် ဆရာ၊ ဘုရားမျက်နှာမရှိတော့ဘူး၊ စောစောက ရွှေစည်းခုံမှာလည်း



BURMESE CLASSIC .com

www.burmeseclassic.com



ရှေးပစ္စည်း အရုပ်တွေ ထုံးသုတ်ထားတာ ကျွန်မ တွေ့ခဲ့တယ်၊ နှမြော လိုက်တာ ဆရာရယ်။ ကျွန်မတစ်ယောက် မဟုတ်ဘူး၊ ဘယ်နိုင်ငံခြားသားပဲ ဖြစ်ဖြစ် သူတို့လည်း အရမ်း နှမြောကြတော့မှာပဲ'

ဦးသက်လွင်သည် ယုမိစံ၏ နှမြောလျက် ရှိဟန်ကို စိတ်မကောင်း စွာဖြင့် ပြန်ပြောသည်။

'စေတနာ သဒ္ဓါတရား ထက်သန်ကြလွန်းလို့ ဒီလိုဖြစ်ကုန်ကြရတာ ဆရာမ၊ ရှေးဟောင်းလက်ရာ ရုပ်တုတွေ ပုံမပေါ်အောင် ရွှေနဲ့ ထုံးနဲ့ ဖုံး သွားတာတော့ နှမြောဖို့ သိပ်ကောင်းပါတယ်။ အာနန္ဒာမှာ ရှေးဟောင်း မွန်အက္ခရာနဲ့ ဘုရားနိကာယ်တွေ ရေးထားတာ ထုံးသုတ်ပစ်လိုက်တော့ မပေါ်တော့ဘူး ဆရာမ။ လေးမျက်နှာ ဘုရားမှာလည်း ဒီလိုပဲ၊ ထုံးသုတ်ပစ် လိုက်လို့ မမြင်ရတော့ဘူး။ အဝတ်ကလေး ရေညှစ်ပြီး ထုံးတွေကို တိုက်ပွတ် ကြည့်ရင် ပေါ်လာတယ်'

ယုမိစံကို ပြောပြီး ဦးသက်လွင်သည် နိုင်ငံခြားသားတို့ နှမြောတတ် ကြသလို မြန်မာလူထုကြီးကလည်း နှမြောတတ်ကြရန်၊ တန်ဖိုးထားတတ် ကြရန် သူ့စိတ်ထဲ၌ ကျိတ်၍ တောင့်တမိသည်။ အာနန္ဒာနှင့် သဗ္ဗညုဘုရား နှစ်ဆူနှင့်ပင် အချိန် အတော်ကုန်သွားကြသည်။

ယုမိစံကို ပြတိုက်နှင့် ကျောက်စာရုံသို့ ဝင်ပြလိုက်သည်။

ယုမိစံသည် ပြတိုက်ထဲမှ တော်တော်နှင့် မထွက်နိုင်။ များပြားလှ သော သစ်သားရုပ်လုံး၊ ကြေးရုပ်လုံး၊ ကျောက်ရုပ်လုံး ရုပ်တုများကို တွေ့ရ၍ သစ်သားဖြင့် ထုသည့် ပုံတော်သဏ္ဌာန်၊ ကြေးဖြင့် သွန်းသည့် ပုံတော် သဏ္ဌာန်၊ တစ်ရုပ်တုစီ လေ့လာကြည့်ရှုလျက် ရှိသည်။ မြစေတီ ကျောက်စာ တိုင်ကို တွေ့၍ ဦးသက်လွင်က မူလနေရာမှာ ရှိတယ် လိုက်ပြမယ် ပြောလိုက် သည်။ ထိုမှ ပိဋကတ်တိုက်သို့ ရောက်သည်။ ပိဋကတ်တိုက်ထဲမှ နံရံဆေးရေး ခြူးပန်းခြူးနွယ်များကို အထူးလေ့လာ ကြည့်ရှုခဲ့သည်။ ထိုနေ့ နံနက် ထမင်းကို နေ့လယ် ၂ နာရီမှ စားကြရသည်။

www.burmeseclassic.com



ထမင်းစားပြီး တည်းအိမ်၌ အနားနေ အပန်းဖြေရန် အချိန် မပေး နိုင်ကြဘဲ ချက်ချင်း ပြန်ထွက်လာကြသည်။

ရွှေဂူကြီးနှင့် သံတော်ကြား ဘုရား၊ နတ်လှော်င်ကျောင်း၊ ငါးကွဲ နားတောင်းသို့ ပို့ပေး၏။

သံတောင်ကြားဘုရား ဆင်းတုတော်ကြီး ရှေ့သို့ရောက်လျှင် ဦးသက်လွင်က. . . 'ဆရာမ သေသေချာချာ ဖူး၊ ဒီဘုရားမှာ ဘာထူးသလဲ ဟု မေးလိုက်သည်။'

ယုမိစံက မျက်စိ မဝေးပါ၊ ဘုရားပုံတော်ကြီးကို စိုက်ကြည့်ပြီး ဦးသက်လွင်၏ မေးခွန်းကို ဒက်ခနဲ ဖြေနိုင်လေသည်။

'ပါးစပ် ဆရာ၊ ပါးစပ် ထူးတယ်၊ စကား ပြောနေတယ်'

ဦးသက်လွင်က ရယ်မော၍ ပြန်ပြောသည်။

'စကား ပြောနေတာ မဟုတ်ဘူး၊ တရားဟောနေတာ။ မြတ်စွာ ဘုရား တရားဟောနေပုံကို တမော့ဆရာက ထုထားတာ၊ ဒါကြောင့် ဘုရား နာမည်က သံတော်ကြားတဲ့။ ဆရာမ သေသေချာချာ ဖူးကြည့်ရင် အသံတွေ ကြားရသလိုလို စိတ်က မထင်ရဘူးလား'

'တမော့ဆရာလို့ ခေါ်သလား ဆရာ၊ သိပ်တော်တဲ့ ဆရာပဲ၊ အသံ ကြားရသလို ထင်ရတယ်။ အုတ်ချပ်တွေနဲ့ ဘုရားရုပ်ပုံ ပေါ်အောင် စီပြ ထားတာ ဒီလက်ရာ မပျက်စီးဖို့ အရေးကြီးတယ်'

'ဒီအုတ်ချပ်တွေက မြေအုတ် မဟုတ်ဘူး ဆရာမ၊ ကျောက်အုတ်'

နတ်လှော်င်ကျောင်းကို ယုမိစံ မြင်မြင်ချင်း. . . 'ဒါ. . . ကုလားဘုရား ရှိခိုးကျောင်းလား'ဟု ပြောလိုက်သည်။ ယုမိစံသည် ရန်ကုန်မှ မဟာပိန္နဲ ကုလားဘုရား ရှိခိုးကျောင်းကြီးများ၌ တွေ့ရသော နတ်ရုပ်တွေကို မြင်ယောင် လိုက်မိသည်။

'ပုဂံမှာ ရှေးခေတ်က ဟိန္ဒူကုလားတွေ နေကြတယ် ဆရာမ၊ သူတို့ လည်း စီးပွားရေးကုန်သည်တွေ ဖြစ်မှာပဲ။ ဗိဿနိုး ကိုးကွယ်တဲ့ ကုလားတွေ ဆောက်လှူထားတာ ဖြစ်နိုင်တယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ထိုမှ စဥ့်ရည်အစိမ်းသုတ် အုတ်ချပ်နှင့် တည်ထားသော ငါးကွဲနားတောင်းကို လိုက်၍ပြသည်။ ငါးကွဲနားတောင်းမှ ပုထိုးသားများ ဂူဘုရား သို့ ရောက်ကြသည်။

ထို့နောက် နရပတေ့စည်သူ တည်ခဲ့သော ကန်တော့ပလ္လင်သို့ ရောက် ကြသည်။ ကန်တော့ပလ္လင်ဘုရား၊ မင်းနန်သူ၊ ဓမ္မရံမှ စူဠာမဏိဘုရား သို့ သွားကြသည်။

ထို့နောက် ဥပါလိသိမ်၊ ထီးလိုမင်းလို၊ မင်္ဂလာစေတီ ဘုရားတို့ကို လည်း လိုက်ပို့သည်။

မြင်းကပါဘက် ဂူပြောက်ကြီးသို့ ရောက်လာကြသောအခါ ဂူနံရံ တို့၌ တွေ့ရသော နံရံ ဆေးရေးပန်းချီကို ယုမိစံ ငေးစိုက်လျက် နေပြန် တော့၏။ ဗုဒ္ဓမြတ်စွာ မယ်တော်မာယာကို တရားဟောပြီး တာဝတိံသာမှ ဆင်းသက်လာ၍ နတ်အပေါင်းတို့က ခညောင်းလိုက်ပို့ဟန်၊ **မာရပ်နတ်စစ်ပွဲ၊** ရှေးကျသော လက်ရာပန်းချီ ဗုဒ္ဓဝင် နိပါတ်ရုပ်ပုံများနှင့် ဆေးရောင် ဆေးသားများကို ယခုထက်တိုင် မပျက်မပြိုန် တအံ့တသြ တွေကမြင်ရသည်။ ရှေးခေတ် အိန္ဒိယ ပန်းချီနည်းအတိုင်း တစ်ကြောင်းဆွဲမျဉ်းရေး နံရံပန်းချီ များကို တွေ့မြင်ရသည်။

'သိပ်ရှေးကျတဲ့ ဒီပန်းချီတွေရှိလို့ ဒီနံရံကြီး တစ်ဖက်ကိုပဲ တခြား နိုင်ငံမှာသာဆိုရင် ဒေါ်လာ သန်းပေါင်း အများကြီး တန်နေပြီ ဆရာ'

ယုမိစံသည် ရာစုနှစ်ပေါင်း မြောက်မြားစွာ ဖြတ်သန်းလာခဲ့သော ပုဂံ နံရံဆေးရေး ပန်းချီများကို မြန်မာပြည်ရောက် နိုင်ငံခြားသူ တစ်ယောက် ၏ မျက်စိဖြင့် အဖိုးတန်မှန်းသိ၍ အဖိုးဖြတ် ကြည့်မိသည်။

အရှေ့တောင်အာရှ၌ အနော်ရထာမင်းနှင့် ကျန်စစ်မင်းတို့ ပုဂံကို စွမ်းရည်၊ ဉာဏ်ရည် အစီအမံဖြင့် ခမ်းနားကြီးကျယ်အောင် ထူထောင်ကြကာ အသက်သွင်းခဲ့သော လက်စလက်န လက်ရာသည် ယခုတိုင် အရာထင် လျက်ပင် ရှိလေသေး၍ ယုမိစံ တန်ဖိုးမထားဘဲ မနေနိုင်။ အနော်ရထာမင်း



BURMESE CLASSIC .com

www.burmeseclassic.com



နှင့် ကျန်စစ်သားတို့၏ စွမ်းရည် ဆောင်ရွက်ချက်တို့သည် ယနေ့ မျက်မှောက်ခေတ်အထိ အားသစ်မာန်သစ် ပေးနိုင်ခြင်းကို ယုမိစံ မဆင်ခြင် မတွေးမိဘဲ မနေနိုင်။ ဂျပန်ပြည်၌ မြန်မာသမိုင်း သင်ကြားခဲ့စဉ်က အနော်ရထာ၏ ဂုဏ်ကျေးဇူး ကြီးမားကြောင်းကို ပုဂံရောက်မှ ကိုယ်တွေ့မျက်မြင် လက်ခံသွားသည်။

'နံရံပန်းချီတိုင်းမှာ အိန္ဒိယပန်းချီနည်းကို တွေ့ရတယ် ဆရာ'

ဦးသက်လွင်က ရှင်းပြော၏။

'မူလပင်မ အိန္ဒိယက ဗုဒ္ဓဘာသာ ဆင်းသက်လာတော့ ရှေးအကျဆုံး အိန္ဒိယ ပန်းချီနည်းဟာ ပုဂံခေတ် မတိုင်မီ သရေခေတ္တရာတို့ သထုံတို့ ဘက်ကို ရောက်လာတော့ ပုဂံကို တစုတဝေး ရောက်လာကြတယ်'

ယုမိစံသည် နံရံပန်းချီများသာမက မင်စာအက္ခရာများကိုပါ မျက်နှာ ကြက်အထိ မျက်စိတစ်ဆုံး မော့ကြည့်နေသည်။

ဂူပြောက်ကြီးမှ မြစေတီဘုရားနှင့် မြစေတီကျောက်တိုင်သို့ ရောက် သွားကြပြန်သည်။

ယုမိစံသည် မြစေတီကျောက်စာ မျက်နှာလေးဖက်စလုံးကို ဓာတ်ပုံရိုက်သည်။ ကျောက်စာတိုင်၌ ထိုးထားသော မန်ကျည်းစေ့ပုံ မြန်မာစာလုံး အက္ခရာများကို တစ်ကြောင်းစီ လိုက်ကြည့်သည်။ ကျောက်စာတိုင်၌ ပါဠိ၊ မွန်၊ ပျူ၊ မြန်မာဘာသာ လေးဘာသာဖြင့် ရာဇကုမာရ် ကမ္ပည်းရေးထိုး ထားခဲ့၏။ ယုမိစံက သူ ကြည့်ရှုဖြင့် အားမရ၍ ပြောလိုက်သည်။

'ဖတ်ပြပါ ဆရာ၊ နားထောင်ချင်တယ်'

မြန်မာစာ လက်ထောက်ကထိက ဆရာ ဦးသက်လွင်မှာ ဤကျောက်စာကို ကျောင်းသားများအား အကြိမ်ပေါင်းများစွာ သင်ကြားပေးခဲ့ရသူဖြစ်၍ ကျောက်စာကို မကြည့်ဘဲနှင့် နှုတ်တိုက် အာဂုံဆောင်နိုင်သလောက် ဖြစ်နေ၏။

ဦးသက်လွင်က ထိုကျောက်စာကို ကျန်စစ်သားမင်းကြီး နတ်ရွာစံ



BURMESE CLASSIC .com

www.burmeseclassic.com



ပြီးသည့်နောက်တစ်နှစ်တွင် သူ့သားတော် ရာဇကုမာရ်က ရေးထိုးခဲ့ကြောင်း ရှေးဦးစွာ ပြောပြသည်။ ထို့နောက် ကျောက်စာကို ဖြည်းဖြည်း ဖတ်ပြလျက် ကျောက်စာ၌ ရေးထိုးထားသော အကြောင်းအချက်များကို အနက် ပြန်ပြော ပြသည်။

'ကျောက်စာ အဓိပ္ပာယ်က ဒီလို ဆရာမ။ သာသနာနှစ် ၁၆၂၈ ခု လွန်သောအခါမှာ ပုဂံမှာ ကျန်စစ်သားမင်းကြီး မင်းပြုတယ်၊ ကျန်စစ်မင်းကြီး မှာ တိလောကဝဋံသကာ ဒေဝီ ဘွဲ့မည်ရှိတဲ့ မိဖုရားနဲ့ ဖွားမြင်တဲ့ သားတော် ရာဇကုမာရ် ရှိတယ်၊ ကျန်စစ်မင်းကြီးက မိဖုရားကို ကျွန်ရွာသုံးရွာနဲ့ အဖိုး တန်လှတဲ့ ကိုယ်ဝတ်တန်ဆာများ ပေးတယ်၊ မိဖုရား နတ်ရွာစံတဲ့အခါ ရွာသုံးရွာနဲ့ ကိုယ်ဝတ်တန်ဆာများကို ရာဇကုမာရ်ကို ပေးတော်မူတယ်။ ကျန်စစ်သားမင်းကြီး နှစ်ဆယ့်ရှစ်နှစ် မင်းပြုပြီးနောက် နာမကျန်းဖြစ်တဲ့ အခါ ခမည်းတော်အတွက် ရည်ရွယ်ပြီး ရာဇကုမာရ်ဟာ မယ်တော်ရဲ့ ကိုယ်ဝတ်တန်ဆာကို ရောင်းချပြီး ရွှေသားဆင်းတုကို သွန်းလုပ်ပြီး ခမည်း တော် ရှေ့မှောက်မှာ ရေစက်ချပြီး ဂူဘုရားမှာ ဌာပနာတယ်။ ကျွန်သုံးရွာကို ပါ လှူခဲ့တဲ့အကြောင်း ကျောက်စာ ရေးထိုးထားတာပါ'

ယုမိစံသည် စိတ်ဝင်စားစွာ နားထောင်လျက်ရှိရာ ဦးသက်လွင် စကားအဆုံးတွင်. . .'အဖေ သိပ်ချစ်တဲ့ သားပဲနော်'ဟု ယုမိစံက မှတ်ချက်ချလိုက်သည်။

'သူ့ခမည်းတော်ကို သူ သိပ်ချစ်တယ် ဆရာမ၊ ရာဇကုမာရ်ဟာ အင်မတန် သဘောထားကြီး တယ်။ ကျန်စစ်မင်းကြီးဟာ သားတော်အရင်း ရာဇကုမာရ် ရှိပါလျက်နဲ့ သားတော်ကို နန်းမွေမပေးဘဲ၊ မြေးတော်ကို နန်းမွေပေးတယ် မဟုတ်လား။ သူ့ခမည်းတော် ကျန်စစ်မင်းကြီးရဲ့ အစီအမံ ကို သဘောထားကြီးကြီးနဲ့ လိုက်လျောတယ်၊ ထီးနန်းကို သူ ရယူဖို့ လုံးဝ ကြံစည်ခြင်း မပြုဘူး ဆရာမ။ နိုင်ငံတော် တည်တံ့ရေးအတွက် သူ့ခမည်း တော် စီမံ ဆောင်ရွက်ချက်ကိုကျေနပ်မှုပြသွားနိုင်တဲ့ သားတစ်ယောက်ပဲ'

www.burmeseclassic.com



'အဲ့ဒီ ဂူဘုရားက ဘယ်မှာလဲ'

ယုမိစံက ကောက်မေးလိုက်သည်။

'အခုပဲ ကျွန်တော်တို့ ရောက်ခဲ့တဲ့ ဟိုက ဂူပြောက်ကြီးဘုရားလေ၊ ရာဇကုမာရ်တည်တာ။ ကျန်စစ်သား နတ်ရွာမစံမီ ဒီဘုရားကို တည်နေပြီး ကျန်စစ်သား နတ်ရွာစံတော့မှ ဂူထဲက လိုဏ်ထဲမှာ ရွှေဆင်းတုကို ဌာပနာပြီး အပြီးတည်တာ'

ယုမိစံသည် မျက်ခုံးရှုံ့လျက် မကျေနပ်ဟန်ဖြင့် မေးလိုက်ပြန်သည်။

'ကျောက်တိုင်က ဂူပြောက်ကြီးဘုရားမှာ မရှိဘဲ၊ ဒီမြစေတီဘုရားမှာ ဘာကြောင့်ရှိရတာလဲ ဆရာ။ ဘာကြောင့် မြစေတီကျောက်စာ ခေါ်ရတာလဲ'

ဦးသက်လွင်သည် ခေါင်းတညိတ်ညိတ်ဖြင့် ယုမိစံ မေးခွန်းကို ဖြေ၏။

'မြစေတီကျောက်တိုင် နာမည်တွင်ရတာက မြစေတီဘုရားနားမှာ ရှိလို့ မြစေတီကျောက်တိုင် ခေါ်ကြတာပဲ၊ အခုခေတ်တော့ ရာဇကုမာရ် ကျောက်စာလို့ ပြင်ခေါ်ကြပြီ။ ဂူပြောက်ကြီးဘုရားရဲ့ ပုရိဝုဏ်ကြီးက ရှေးက အကျယ်ကြီးပဲ ဆရာမ၊ ဒီမြစေတီဘုရားက ပုဂံခေတ်ကတည်တဲ့ ဘုရား မဟုတ်ဘူး။ ဂူပြောက်ကြီးနဲ့ မြစေတီ ယှဉ်ကြည့်လေ ဆရာမ၊ မြစေတီ ဘုရား တည်ပုံသဏ္ဌာန်ကြည့်ပြီး အင်းဝခေတ်လောက်က တည်တာလို့ ယူဆ လက်ခံနေကြတယ်။ ပုဂံမှာ ဘုရားဂူတွေတည်ရင် ဘုရားပရိဝုဏ် ဝင်းကြီးတွေက အကျယ်ကြီးတွေ၊ မဟာရံ တံတိုင်းနှစ်ထပ် ခတ်ထားတယ်။ ဒီကျောက်တိုင်က မူလ ဒီနေရာမှာ ရှိတဲ့အတိုင်းပဲ၊ ကျောက်တိုင် စိုက်ထား တဲ့ မြေက ဂူပြောက်ကြီးဘုရားရဲ့ ဝတ္တကမြေ၊ ဘုရားမြေ၊ မြစေတီမြေ မဟုတ်ဘူး။ ဒီကျောက်စာတိုင်ကို မဟာရံတံတိုင်း လေးဖက်လေးတန် စိုက်ထူထားခဲ့တယ်နဲ့ တူတယ်၊ မြေတူးလိုက်တော့ ဒီကျောက်စာတိုင် အတိုင်းပဲ ကျောက်တိုင် အကျိုးတစ်ခု ထပ်တွေ့ရတယ်။ စောစောက ပုဂံပြတိုက်ထဲမှာ ကျွန်တော် ပြခဲ့တာလေ'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ကျောက်တိုင်နားက မခွာသေးဘဲ တစ်ခုခုကို ပြောချင် ဟန် ခပ်ငိုင်ငိုင်ကလေး တွေးနေသည်။

'ကျောက်စာ အဓိပ္ပာယ်က ဆရာ၊ သိပ်ချစ်စရာကောင်းတဲ့ သားပဲ၊ သနားစရာလည်း ကောင်းတယ်။ ရာဇကုမာရ် သူ့အဖေကို အရမ်းချစ်ပြီး အရမ်း ကျေးဇူးတင်တာ သိပ်ပြီး သဘာဝကျတာပဲ။ မောင်မောင်ကတော့ ဆရာ၊ အဖေ့ကိုလည်း မတွေ့ဖူးဘူး၊ နာမည်လည်း မသိဘူး၊ ချစ်လည်း မချစ်ဘူး၊ မုန်းတယ်၊ သဘာဝမကျဘူး ဆရာ။ မောင်မောင်က ပိုပြီး သနား စရာ မကောင်းဘူးလား'

ယုမိစံ၏ ငိုမဲ့မဲ့ မျက်နှာကလေးကို ဦးသက်လွင် ကြည့်လျက်၊ မောင်မောင့်ကို ဤမျှ စွဲလမ်းပါကလားဟု ယုမိစံကို တိုး၍ သနားကြင်နာ လိုက်မိသည်။

'တစ်နေ့ မောင်မောင် သူ့အဖေကို သူ့မိဘအဖြစ် ချစ်လာရမှာပေါ့ ဆရာမရယ်'

ဦးသက်လွင်က သနားကြင်နာစိတ်တွေ ယိုဖိတ်လျက် ယုမိစံကို နှစ်သိမ့်စကား ပြောလိုက်ရသည်။

'ရာဇဝင်မှာ ရာဇကုမာရ်ရဲ့ အမေက တောထဲကလာတဲ့ တောသူနော်'

ဦးသက်လွင်က ပြုံး၍ ပြောသည်။

'တောထဲက ဆိုပါတော့၊ တောနာမည်ကို ဆရာမ သိတယ် မဟုတ် လား၊ သမ္ဘူလတဲ့။ သူ့သားနဲ့ လာကြတော့ ကျန်စစ်မင်းကြီးက မိဖုရား မြှောက်ပြီး တြိလောကသင်္ဂသကာဒေဝီဘွဲ့ ပေးတယ်၊ ဒီဘွဲ့ကို မြန်မာလို ပြန်ရင် ဒီမိဖုရား နာမည်က "သုံးလောက ဦးဆောက်ပန်း"တဲ့

'နာမည်အဓိပ္ပာယ် ဘာလဲ ဆရာ၊ သုံး-လော-က-ဦးဆောက်ပန်း'

ယုမိစံသည် အသံဝဲဝဲဖြင့် တစ်လုံးစီ ရွတ်ကြည့်သည်။

'သုံးလောကဆိုတဲ့ အဓိပ္ပာယ်က လူ့လောက၊ နတ်လောက၊ ဗြဟ္မာ လောကကို ဆိုလိုတာပါ။ ဦးဆောက်ပန်းဆိုတာ ဦးထိပ်ပေါ်မှာ စိုက်ထိုး



BURMESE CLASSIC .com

www.burmeseclassic.com



ထားတဲ့ ပန်းကို ဆိုတာပါ။ ဘုရင်က ဒီမိဖုရားကို အထူးဘွဲ့ပေးတာ ဆရာမ၊ လောကသုံးပါးရဲ့ အထွတ်အထိပ်ဘွဲ့ပေါ့'

'ဦးဆောက်ပန်းနာမည် သိပ်လှတယ် ဆရာ၊ ထိပ်တည့်တည့်မှာ ပန်တဲ့ပန်း'

ယုမိစံသည် ဦးဆောက်ပန်းအဓိပ္ပာယ်ကို ဦးသက်လွင် ပြောပြ၍ နှစ်သက်သွားသည်။ ဦးသက်လွင်အား ကျေးဇူးတင်ခြင်း၊ ခင်မင်ခြင်းဖြင့် သူ့စိတ်၌ ကြည်နူး၍လာကာ ဦးသက်လွင်ကို ရယ်စရာ ပြောလိုက်သည်။

'ကျွန်မနာမည် မြန်မာလို "ဦးဆောက်ပန်း"ခေါ်ရင် မကောင်းဘူးလား ဆရာ'

ယုမိစံ ရယ်မောလိုက်သံကလေးသည် ဂီတသံလေးတမျှ ဦးသက်လွင်၏ နားထဲ၌ တော်တော်နှင့် ပျောက်ကွယ်သွားခြင်း မရှိဘဲ စွဲ၍နေသည်။

ထိုနေ့အတွက် တည်းအိမ်သို့ နေဝင်လုမှ ပြန်ရောက်ကြသည်။ ထိုနေ့ည ယုမိစံမှာ ခရီးပန်းလာ၍ သူ့အတွက် ပြင်ပေးထားသော အခန်း၌ စောစောဝင်အိပ်သည်။ ဦးသက်လွင်က အိပ်ငိုက်ငိုက်ဖြင့် ဒေါ်တင်တင်တို့ကို မောင်မောင့် ရာဇဝင် ဇာတ်ရည်လည်အောင် ခင်းရသည်မှာ သန်းခေါင်းချဉ်း သွားလေ၏။

နောက်တစ်နေ့ ပုပ္ပားသွားကြမည့် အစီအစဉ်ကို ဖျက်ကာ ပုဂံကို အနှံ့လှည့်လည် ကြည့်ရှုကြပြန်သည်။ ပုဂံ၌ မဖူးရသေးသည့် များပြားစွာ ကြွင်းကျန်နေသေးသော စေတီ ဂူဘုရားတို့ကို နှံ့အောင် ဦးသက်လွင်က ပို့ပေးသည်။

မနူဟာ၊ နန်းဘုရား၊ နဂါးရုံ၊ အပယ်ရတနာ၊ စိုးမင်းကြီး၊ ငွေဖက်လိပ်၊ ရွှေဖက်လိပ်၊ နန္ဒာမညာ၊ ဘုရားသုံးဆူတို့သို့ ပို့ပေးသည်။

နန္ဒာမညာ ဘုရားထဲရှိ မိန်းမပျို မိန်းမအိုတစ်စု စီတန်း ကခုန်နေသော နံရံဆေးရေးပန်းချီကို အသေအချာ အနီးကပ် ကြည့်ကြသည်။

ယုမိစံကိုယ်၌ ဂါဝန်ဖြင့် မဟုတ်ဘဲ ယနေ့ မြန်မာအဝတ်အစား



BURMESE CLASSIC .com

www.burmeseclassic.com



ဝတ်လာသည်။ အင်္ကျီလက်ရှည် အဖြူ အဖြူခံ အနက်ချိတ်ဆင် ထဘီနှင့် ဆံထုံးကလေး ခေါင်းနောက်၌ ထုံးထားသည်။ ရွှေရောင်ဆွဲကြိုး အရှည်ကြီး တစ်ကုံးကို ချက်ထိအောင် ဆွဲချထားသည်။ ပုဂံပြည်၌ ယုမိစံအား မြန်မာ မလေးအသွင် တွေ့ရခြင်းကို ဦးသက်လွင်၏ မျက်စိထဲ၌ ပုဂံနှင့် လိုက်ဖက် လျက် ကျင်သရေ ရှိနေတော့သည်။ ဘုရားဖူးများက ယုမိစံတို့ကို စိုက်၍ ကြည့်သွားကြသည်။ နိုင်ငံခြားသူ မြန်မာအဝတ်အစား ဝတ်ထားသော ပုံပန်းကလေးကလည်း စိုက်ကြည့်ချင်စရာ။

ယုမိစံသည် နံရံမှ ပုဂံအမျိုးသမီး တစ်စု၏ အပျိုအအိုပုံ အသွယ်သွယ် ကို တစ်ပုံစီ ကြည့်ရင်း စိတ်ဝင်စားနေသည်။ နံရံပန်းချီရှိ အမျိုးသမီးတို့၏ ခေါင်း၌ ဆံထုံးဆံပင်ပုံ အမျိုးမျိုး၊ ရတနာအတိ မွမ်းထားသည့် ခေါင်းစည်း နားရွက်ဖုံး နှစ်ဖက်ချကို လည်းကောင်း၊ ခါးတို၊ လက်ပြတ်၊ ကိုယ်ကျပ်အင်္ကျီ၊ ရင်စည်း၊ ခါးစည်း၊ ခါးကြိုးတန်ဆာ၊ လက်ကောက်၊ လက်ကျပ်၊ လက်ကျပ်မှ အောက်သို့ တွဲလောင်းကျလျက်ရှိသည့် ရွှေမြိတ်စ ဖွာရရာ။ ရှေးခေတ် ဆင်ယင်ထုံးဖွဲ့မှုသည် စိတ်ဝင်စားစရာ ဖြစ်နေသည်။

ရုပ်ဆင်းသွင်ပြင်တို့ကား နဖူးကျယ်ကျယ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံး မျက်ဖန်လှလှ၊ မျက်လုံးအဝိုင်း၊ အချို့ မျက်လုံး အသွင်အလျား၊ မျက်ခုံး သေးသေး၊ အချို့မျက်လုံး အကော့အညွတ်၊ လည်တိုင် အလုံးအဝန်း၊ ရင်သား ဖွံ့ဖွံ့၊ ခါးသေးသေး၊ တင်ပြည့်တင်လုံး၊ ပေါင်တံသွယ်သွယ်။

'ဆရာ ဒီပုံတွေဟာ ပုဂံသူတွေပဲလား ဆရာ'

ဦးသက်လွင်က ပြောသည်။

'ဆရာမ ဘယ်လို ယူဆသလဲ'

'ပုဂံသူတွေပဲလို့ ကျွန်မတော့ ယူဆပါတယ်၊ ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်အစားတွေက ရှေးခေတ် အိန္ဒိယဆန်နေပေမယ့် အဝတ်အစားကို ကြည့်ပြီး လူမျိုးကို မဆုံးဖြတ်သင့်ပါဘူး ဆရာ။ ကျွန်မ ဂါဝန်ဝတ်တယ် မဟုတ်လား၊ ဂါဝန်ဝတ်တာနဲ့ ကျွန်မကို အနောက်နိုင်ငံ အမျိုးသမီးလို့



BURMESE CLASSIC .com

www.burmeseclassic.com



ခေါ်မလား။ ရှေးခေတ်က အိန္ဒိယယဉ်ကျေးမှု ထွန်းကားတော့ ပုဂံအမျိုးသမီး တွေဟာ ရှေးခေတ်က အိန္ဒိယ အမျိုးသမီးဆန်ဆန် ဝတ်ချင်ကြမှာ မထူးဆန်း ပါဘူး ဆရာ'

'အင်း. . . ဆရာမ ထင်မြင်ချက် မဆိုးဘူး၊ လက်ခံနိုင်ပါတယ်'

ထို့နောက် ယုမိစံသည် ဘုရားသုံးဆူ ဂူဘုရားထဲရှိ နံရံဆေးရေး ပန်းချီများကို ဓာတ်ပုံရိုက်ယူသည်။ သူ့ဧည့်ခန်း၌ ချိတ်ထားသော လောကနတ်နှင့် တာရာဒေဝီနှစ်ပါး ယွန်းပန်းချီကို မူလ နံရံပန်းချီအတိုင်း တွေ့ရခြင်း ကြောင့် ဝမ်းမြောက် ကြည်နူးသွားသည်။

ယနေ့ အစီအစဉ်၌ နံရံပန်းချီများကို ကိုယ်ကြိုက်ရာပုံ၊ ဦးသက်လွင် နှင့် အပျော်တမ်း ပန်းချီဆွဲရန် အစီအစဉ် လုပ်လာကြသည်။

ဦးသက်လွင်နှင့် ယုမိစံတို့ ပန်းချီဆွဲရန် နေရာရွေး၍ ထိုင်လိုက်ကြသည်။ နံရံပုံများကို ခဲဖြင့် အကြမ်းကူး၍ မျဉ်းတစ်ကြောင်းဆွဲ ပန်းချီ ရေးဆွဲကြသည်။ ပန်းချီဆွဲနေ၍ အသံများ တိတ်ဆိတ်နေကြသည်။

အတန်ကြာမှ ယုမိစံ အသံထွက်လာသည်။ ယုမိစံက ပန်းချီဆွဲရင်း ပြောသည်။

'ပုဂံ နံရံဆေးရေး ပန်းချီတွေမှာ အစိမ်းရောင်ဆေးကို ကျွန်မ သိပ်ကြိုက်တယ် ဆရာ။ နှစ်ပေါင်း ဒါလောက် ကြာပေမယ့် အခုအထိ အရောင်တောက်တုန်း၊ အရောင်စိမ်းတုန်း၊ စိမ်းတာလည်း စိုနေတာပဲ၊ အံ့သြ စရာ'

ယုမိစံ အသံ ပြန်ပျောက်သွားသည်။ ပန်းချီထဲ စိတ်ရောက်၍ တိတ်တိတ်ဆိတ်ဆိတ် ရေးဆွဲနေပြန်သည်။ နှစ်ယောက်သား ယှဉ်ထိုင်ကြရာတွင် ဦးသက်လွင်၏ ဘယ်ဘက်၌ ယုမိစံက ကွေးကွေးကလေး ဆန့်လျက် ဒူးပေါ်တွင် ပန်းချီကားကို တင်ပြီး ဆွဲနေသည်။ ယုမိစံသည် ပန်းချီဆွဲနေရင်း ဘာစိတ်ကူးပေါက်သည် မသိ၊ အသံ ထွက်လာပြန်သည်။

'ပုဂံလာရတာ စိတ်ကူးလို့ သိပ်ကောင်းတာပဲ ဆရာ'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်က ယုမိစံဘက်သို့ မျက်နှာလည့်လျက်. . .'ဘာများ စိတ်ကူးသလဲ ဆရာမ'ဟု မေးလိုက်သည်။

ယုမိစံက ငုံ့ဆွဲရင်းက ဖြေသည်။

'ကျွန်မ ပုဂံလာတာ ကိုယ့်နေရာဟောင်းကို ရောက်လာရတာလိုပဲ၊ ပုဂံက ကျွန်မကို နောက်ပြန်ဆွဲခေါ်သွားတယ် ဆရာ။ စိတ်ကူးလို့ သိပ်ကောင်းတာပဲ'

ယုမိစံက ပြောပြီး ရယ်မောလိုက်သည်။ ဦးသက်လွင်က ပြုံး၍ ရေးမြဲ ရေးဆွဲလျက်ရှိသည်။

'ဗုဒ္ဓဘာသာမှာ ဘဝတွေ ထပ်ကာထပ်ကာ ဖြစ်တယ် မဟုတ်လား ဆရာ။ ဒီတော့ ကျွန်မလည်း ပုဂံခေတ်တုန်းက ပုဂံမှာ "သုံးလောက ဦးဆောက်ပန်း" ဖြစ်ခဲ့တယ်၊ မဖြစ်ခဲ့ဘူး ဘယ်သူ ပြောနိုင်မလဲ. . . မဟုတ် ဘူးလား'

ယုမိစံသည် ပြောပြီး ပြုံးထေ့ထေ့ဖြင့် ဦးသက်လွင်ဘက်သို့ မျက်နှာ လှည့်၍ ကြည့်နေသည်။

ဦးသက်လွင်သည် ဘယ်လိုမှ မချုပ်တည်းနိုင်ဘဲ ဟားတိုက်၍ ရယ် လေသည်။ ရယ်မောရင်း အရယ်ကို ရပ်၍ ယုမိစံ၏ ကိုယ်ဟန်ကလေး ကိုလည်း သိမ်းကျုံး၍ ကြည့်လိုက်သေး၏။

ပုဂံသူ ယုမိစံသည် ချိတ်ထဘီဖြင့် မခို့တရို့ ခြေကလေး ကွေးဆင်း လျက် ကန္တဲ့ကလျ ပန်းချီရေးဆွဲနေဟန်၊ သူ့ဘက်သို့ လှည့်ထားသော ယုမိစံ ၏ ပြုံးထေ့ထေ့ မျက်နှာလေးကို ပြန်၍ကြည့်ကာ ဆက်လက်၍ ရယ်မော ပြန်သည်။

ဦးသက်လွင်မှာ ဂျပန်ဆရာမ၏ စိတ်ကူးကို သဘောကျလွန်း၍ အတောမသတ် ရယ်မောလျက် ရှိသည်။

ထိုအချိန်တွင် လေ့ကျင့်ရေး စစ်စခန်း၌ မောင်မောင်သည် နေပူကြီး ထဲတွင် အသက်ထွက်မတတ် ဟောဟဲဟောဟဲ ဖြစ်နေလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com



နေချစ်ချစ် ပူနေသော ကွင်းပြင်ကြီးထဲ၌ မြေပေါ်တွင် တွား၍ သွားရကာ၊ တပ်ကြပ်ကြီး၏ အမိန့်အတိုင်း ကြိုးကြိုးပမ်းပမ်း ချီတက်နေရ၏။ တစ်ဦးချင်းတိုက်ပွဲ ဝပ် တွားချိန်ပစ် အကြိမ်ကြိမ် လေ့ကျင့်နေရသည်။ ဆူးတော ချုံတော တိုးကြရသည်။ အမြင့်မှ အနိမ့်သို့ လှိမ့်ချကြရသည်။ သေနတ်ပစ်၊ လှံစွပ်ထိုး၊ တပ်စိတ်တိုက်ပွဲ။

တပ်စိတ်တိုက်ပွဲ လေ့ကျင့်ရာ၌ လေ့ကျင့်ရေးကျောင်းသား ၁၁ ယောက် သုံးဖွဲ့ခွဲ၍ တစ်ဖွဲ့က ကာပစ်၊ နှစ်ဖွဲ့က လှံစွပ်ထိုး။

မောင်မောင်မှာ နံနက် တန်းစီသည်မှ ညနေ တန်းဖြုတ်အထိ စစ်ပညာ သင်ကြားပြသည့် တပ်ကြပ်ကြီး၏ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာ လုပ်ရသည်။ တပ်ကြပ်ကြီးက သဘောမကျသေး၍ ရန်သူတွေ့ တယ်၊ ထပ်လုပ်ဦးဟု ခိုင်းပါက နှစ်ခါပြန် လေ့ကျင့်ရလျှင် ပက်လက်လန် အောင် မောသည်။

ဦးသက်လွင်နှင့် ယုမိစံကို သတိရဖို့ နေနေသာသာ ယား၍မှ မကုတ် အား။ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် မဟုတ်။ စစ်သားဘဝ အတော် ပင်ပန်းပါဘိ။ တပ်ကြပ်ကြီး၏ အမိန့်ပေးသံကလည်း ဗုံးပေါက်သလို နားကွဲမတတ်ပင်။

မောင်မောင်ကား မည်မျှ ပင်ပန်းပင်ပန်း ကျေနပ်လျက် ရှိသည်။ စစ်ပညာ တတ်မြောက်၍ စစ်သားကောင်းဖြစ်ပါမှ ကိုယ့်တိုင်းပြည် ကိုယ် ကာကွယ်နိုင်လိမ့်မည်။

တပ်စိတ်တိုက်ပွဲ လေ့ကျင့်ရေးတွင် မောင်မောင်သည် အခြား တပ်သားနှင့် မတူ။ ရှုပ်ရှုပ်ချုံချုံ၊ စွန့်စွန့်စားစား အရိုးကြေကြေ၊ အရေခန်းခန်း ဤဖွဲ့ ဤမာန်မျိုး မွေးထားသည်။ ရန်သူရှိရာဘက်သို့ တစ်ဖွဲ့က ကာပစ် ပစ်ပေးနေသည့်အခိုက်၊ ငုံ့ဝပ် ပြန်ပစ်နေကြသော တစ်ဖက်ရန်သူ ရှိရာသို့ မောင်မောင်တို့အဖွဲ့က လှံစွပ် တက်ထိုးရန် အချက်ပေး။ အုန်းခနဲ အသံပေး လိုက်သည်။

မောင်မောင်သည် သူ့စိတ်ထဲ၌ စစ်ပညာ လေ့ကျင့်နေသည် သဘော

www.burmeseclassic.com



မထား။ စစ်မြေပြင်၌ တကယ် စစ်တိုက်နေရသလိုပင်။ တစ်ဖက်က ရန်သူတွေကို ဂျပန်တပ်သားများ အမှတ်ထားသည်။ လှံစွပ်ထိုးရန် အပြေးသွား၍ ‘ကျား’ဟု အော်ဟစ်လိုက်သည့်မောင်မောင်၏ အသံသည် ရင်ပွင့်၍ ထွက်လာကာ မိုးယံထက်သို့ တက်ဟိန်းသွားလေ၏။

## ၁၂

ပုဂံမှ ယုမိစံ ပြန်ရောက်ပြီး တစ်နေ့နားကာ နောက်တစ်နေ့ ဒေါ်အောင်မေနှင့် မန္တလေးသို့ ထွက်သွားကြသည်။ ဒီဇင်ဘာကျောင်းပိတ်ရက်ကုန်မှ မန္တလေးမှ ပြန်ရောက်လာကြသည်။

ဂျပန်မှ အဘိုးအဘွားထံက စာများ ရောက်ရှိနေသည်။ စာနှစ်စောင် စလုံး ယုမိစံ မန္တလေးမှအပြန်ကို စောင့်မျှော်နေကြသည်။

ခရီးရောက်မဆိုက် ယုမိစံ စာများကို ဖွင့်ဖတ်လိုက်သည်။

အဘိုးစာတွင် ဂျပန်ပေါ်၌ နာကြည်း၍ ဂျပန်ကို မလိုလားမနှစ်သက် သော မြေးအတွက် သူ့လက်ရှိဘဝကို အနှောင့်အယှက်မဖြစ်စေရန်၊ ဖွင့်ဟ၍ မပြောသင့်လျှင် မပြောဘဲ လျစ်လျူရှုထားလိုက်ရန်။

အဘွားစာ၌ အဘိုးစာနှင့် လုံးလုံးမတူချေ။ သူ့မြေးကို အတတ်နိုင်ဆုံး ကြိုးစား၍ သိမ်းသွင်း ဖျောင်းဖျရန်၊ ဆွေမှန်းမျိုးမှန်း သိစေရန်၊ ယုမိစံ မောင်လေးကို ချစ်ခင်ရန်။

စာနှစ်စောင်၌ အဘိုးအဘွားတို့၏ သဘောထားသည် ဆန့်ကျင်ကွဲလွဲလျက် ရှိကြသည်။ အဘိုးနှင့်အဘွားတို့၏ သဘောထား ကွဲလွဲချက်ကို သိရှိရန် အဘိုး အကြံပေးချက်ကို လက်ခံမရလား၊ အဘွား၏ တိုက်တွန်းချက်ကို ဆက်၍ ဆောင်ရွက်ရမလား။ ယုမိစံ စိတ်ထွေသွားကာ အသက်ရှူမောမတတ် တင်းကျပ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် အဘွား၏စိတ်ဆန္ဒကို အရေးထား၍ ဦးသက်လွင်အိမ်သို့ ခါတိုင်းလို ကျောင်းပိတ် စနေ တစ်ရက်သာ မဟုတ်ဘဲ တနင်္ဂနွေ တစ်ရပ်ပါ တိုး၍ တစ်ပတ်ကို နှစ်ရက်သွားရန် ဆုံးဖြတ်လိုက်သည်။ မန္တလေးမှ ပြန်ရောက်မှ ယုမိစံ ဦးသက်လွင်အိမ်သို့ တစ်ပတ် နှစ်ခေါက် သွားသည်။

အိမ်သို့ အသွားအလာ အဝင်အထွက် များလာသော ယုမိစံကို မောင်မောင် မျက်ဆန်မွေး စူးသည်ထက် စူးလာသည်။

တနင်္ဂနွေနေ့တစ်နေ့ နံနက် ရှစ်နာရီ၌ မောင်မောင့်အိမ်သို့ ယုမိစံ ဒေါ်အောင်မေနှင့်အတူ ရောက်လာကြသည်။ ဦးသက်လွင်က အိမ်တံခါး ဖွင့်ပေးသည်။ ဒေါ်အောင်မေကို ဘယ်က မိန်းမကြီးပါလိမ့်ဟု မောင်မောင် က အိမ်ထဲမှ လှမ်းကြည့်လိုက်သည်။ ယုမိစံနှင့် အတူနေသော အဒေါ်ကြီး ဖြစ်ကြောင်း နောက်မှ တွေးမိသည်။

ယခုတလော ယုမိစံသည် မောင်မောင့်ကို မသိလိုက်ဘာသာ အမှတ် မထားဟန် ရောရောနှောနှော မလုပ်လှဘဲ၊ အမူအရာတစ်မျိုး ပြောင်း၍ ဝင်ထွက် သွားလာကြည့်နေသည်။ မောင်မောင်သည် ယုမိစံကို သူနှင့် မဆိုင် သော အစ်ကိုကြီးဧည့်သည်အဖြစ် ရှေးကထက် ခပ်စိမ်းစိမ်း၊ ခပ်ဖယ်ဖယ် နေခွင့်ရသည်။ ယုမိစံ အိမ်လာသည့်အခါ၌ အစ်ကိုကြီးနှင့်အတူ ဧည့်မခံ ရတော့ဘဲ၊ ကိုယ့်ဘာသာကိုယ်နေရ၍ စိတ်သက်သာမှု ရှိသည်။

ဒေါ်အောင်မေ လက်ထဲ၌ သားရေအိတ်ကြီး တစ်လုံးနှင့် ယွန်း ဆွမ်းအုပ်ကို ပိုက်ကာ ယုမိစံနောက်မှ ဝင်လိုက်လာသည်။

ယုမိစံက ဦးသက်လွင်ကို ခါးကုန်း၍ ဂါရဝပြုလျက် နှုတ်ဆက် နေခိုက်၊ ဒေါ်အောင်မေသည် မောင်မောင့်ကို လှမ်း၍ စိုက်ကြည့်နေသည်။

မောင်မောင့်ကို ဒေါ်အောင်မေ ခုမှ တွေ့ဖူးမြင်ဖူး၍ မျက်စိကျွတ် မတတ် ကြည့်လိုက်မိသည်။ မောင်မောင့်ကို မြင်မြင်ချင်းပင် ယုမိစံ၏သွေး အဖြစ် ချစ်ခင်သွားကာ သူ့ရင်ထဲ၌ တလှပ်လှပ် ဖြစ်သွားသည်။

www.burmeseclassic.com



ဒေါ်အောင်မေတို့ အိမ်ထဲအဝင် မောင်မောင်က ချာခနဲ မီးဖိုခန်းထဲသို့ လှည့်ဝင်သွားသည်။

'ဂျပန်ဆရာမက သူ့အိမ်က မိန်းမကြီးနဲ့ လာကြပြီ၊ ဘာလုပ်မလို့လဲ မသိဘူး၊ သားရေအိတ်ကြီးနဲ့ ဆွမ်းအုပ်နဲ့ဗျ'

မောင်မောင်က ကိုမြဖေကို မဲ့ရွဲ့၍ ခပ်တိုးတိုး ကပ်ပြောလိုက်သည်။ ကိုမြဖေသည် မောင်မောင့်ကို ပြုံး၍ကြည့်လိုက်ပြီးမှ စပ်ဖြဲဖြဲ ပြန်ပြောသည်။

'မင်း မသိသေးဘူးလား၊ မင်း မမ လှခေါင်မိုးကို ပန်းချီဆွဲမလို့ကွ။ နံနက်စောစောက ဆရာ ထလာပြီး ဆရာမ ပန်းချီဆွဲဖို့ လာလိမ့်မယ်၊ ကော်ဖီနှပ်ထားပါလို့ ပြောထားတယ်'

ယုမိစံသည် သူ့ကျောင်းက လက်ထပ်ပြီးစ တပည့်မလေးထံမှ ထိုင်မသိမ်း လက်ရှည်အင်္ကျီနှင့် ဗလာထဘီကို ခဏငှားလိုက်ကာ၊ ပန်းချီဆွဲရန်ရှိ၍ သူ့အိမ်၌ ပြင်ဆင်ဝတ်ကြည့်သည်။ အိမ်၌ တစ်နေ့ ဝတ်ကြည့်ပြီးမှ အဝတ်အစားများကို သားရေအိတ်ထဲ ထည့်ယူလာကာ၊ သူ့ကို ပြင်ဆင်ပေးရန်အတွက် ဒေါ်အောင်မေကိုပါ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

'ကျွန်မ အဝတ်လဲဖို့ အခန်းထဲမှာ ဝင်နိုင်သလား ဆရာ'

ယုမိစံက အခန်းထဲဝင်၍ အဝတ်လဲရန် ဝင်ခွင့်တောင်းသည်။ ဗရုတ် သုတ်ခ ပွချင်တိုင်း ရှုပ်ပွနေသော သူတို့အခန်းကို၊ ယုမိစံ မြင်မှာ အားနာနာ နှင့်ပင် ဦးသက်လွင်မှာ ဝင်ခွင့်ပြုလိုက်ရသည်။

'ဝင်ပါ ဆရာမ၊ လဲပါ'

ယုမိစံနှင့် ဒေါ်အောင်မေတို့ အိပ်ခန်းထဲသို့ ဝင်ကြသည်။

ဦးသက်လွင်၏ အိပ်ခန်းထဲ၌ တစ်ယောက်အိပ် ခုတင်နှစ်လုံး၊ စာအုပ်တွေ ပုံနေသော စာရေးစားပွဲတစ်လုံး၊ ဗီရိုနှစ်လုံး၊ သေတ္တာကြီးနှစ်လုံး၊ ကြမ်းပေါ်၌ ပုံထားသော စာအုပ်ပုံကြီးက ဟိုတစ်ပုံ၊ သည်တစ်ပုံ။ အိပ်ခန်းမှာ အိပ်ချင်စရာ မရှိအောင် ပွရောင်း ရှုပ်ထွေးလျက် မသပ်မရပ် ဖြစ်နေသည်။

ခုတင်ခြေရင်းဘက်၌ တစ်ထည်ပြီး တစ်ထည် ထပ်လွှားထားသော



BURMESE CLASSIC .com

www.burmeseclassic.com



ပုဆိုးရောင်စုံတို့မှာ ခုတင်နှစ်လုံးစလုံး၌ ရှိသည်။ ကြိုးတန်းပေါ်၌လည်း မျက်နှာသုတ်ပဝါ၊ ရှပ်အင်္ကျီ၊ စွပ်ကျယ် အဟောင်းရော တစ်ပတ်ရစ်ပါ တင်ချင်သလို ပစ်တင်ထားသည်။

ဦးသက်လွင်ပါ အခန်းထဲသို့ ဝင်လိုက်လာကာ. . .'ဆရာမ. . . မှန်လို သေးသလား'မေးလိုက်သည်။ စာအုပ်တွေ ပုံထားကာ စားပွဲခုံပေါ်၌ လက် တစ်ဝါးလောက်ရှိသော ထောက်မှန်ကလေးကို ယုမိစံက မြင်ပြီးဖြစ်သည်။

'မှန်ကြီးကြီး သေတ္တာထဲမှ ပါပါတယ် ဆရာ၊ ဘာမှ မလိုပါဘူး။ ပန်းချီဆွဲဖို့ ဆရာ အသင့် လုပ်ထားပါ၊ ကျွန်မ အဝတ်လဲပြီး ထွက်လာမယ်'

ဦးသက်လွင် ပြန်ထွက်သွားမှ ရှုပ်ပွနေသော အခန်းကို ယုမိစံက စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ဒေါ်အောင်မေသည် နှာခေါင်းကို ရှုံ့၍ မြင်မကောင်းအောင် ဖြစ်နေသော ကြိုးတန်းကို မေးထိုး၍ ပြလိုက်သည်။ နှစ်ယောက်သား ကျိတ်၍ ပြုံးကြသည်။

ယုမိစံသည် တစ်ပတ်လျှို ဆံမြိတ်ချဆံထုံးကို အိမ်က လာကတည်း က ထုံးလာခဲ့သည်။ အခန်းထဲ၌ အဝတ်လဲရန်သာ ရှိ၍ ဦးသက်လွင် ထွက်သွားသွားချင်း အခန်းတံခါးကို ဆွဲပိတ်လိုက်ကြသည်။

ကြိုးတန်းပေါ်၌ တင်ထားသော မောင်မောင် ဝတ်နေကျ အနက်နှင့် အနီရောင် လေးထောင့်ကွက်ကြား ရှပ်အင်္ကျီကလေးကို ယုမိစံ လှမ်းဆွဲ ယူလိုက်သည်။ သားရေအိတ်ထဲမှ ပေကြိုးကလေး ထုတ်၍ ရှပ်အင်္ကျီ ကိုယ်တိုင်းကို တိုင်းထွာကြည့်လိုက်သည်။ လက်ကိုင်အိတ်ထဲမှ ဖောင်တိန် ထုတ်လျက် အတိုင်းအထွာများကို အလျင်အမြန် ရေးမှတ်ယူနေသည်။ ခုတင်ခြေရင်းမှ မောင်မောင့် စစ်ဘောင်းဘီ၏ အတိုင်းအထွာကိုလည်း ထိုနည်းအတိုင်း ရေးယူသည်။

ဒေါ်အောင်မေသည် ယုမိစံ ကပျာကယာ လုပ်နေပုံကို ငေး၍ကြည့် လျက်. . . 'မေတ္တာ. . . မေတ္တာ'ဟု သူ့ရင်၌ သိမ့်သိမ့်ခါအောင် မြည်တမ်း လျက်ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အိပ်ခန်းထဲ ရောက်နေကြသော ယုမိစံတို့ကို မီးဖိုခန်းက မောင်မောင် ထွက်လာမှ သိရသည်။ အခန်းထဲ၌ စကားပြောနေကြသော အသံဗလံကို အပြင်ဘက်မှ အတိုင်းသား ကြားနေရသည်။

ကျူးကျူးကျော်ကျော် သူ့အိပ်ခန်းထဲသို့ ဝင်ရမလားဟု၊ မကျေမချမ်း စိတ်ဖြင့် မောင်မောင် မီးဖိုထဲသို့ ပြန်ရောက်သွားပြန်သည်။

'အိပ်ခန်းထဲ ရောက်နေပြီဗျ'

'ဟေ. . .'

ကိုမြဖေက ဘာမှန်းမသိ မျက်လုံးဝိုင်း၍ ကြည့်လိုက်သည်။

'မင်း အစ်ကိုကြီးနဲ့လား'

'တော်စမ်းပါ၊ ဘယ်က အစ်ကိုကြီးနဲ့ရမလဲ၊ သူ့အိမ်က ပါလာတဲ့ မိန်းမကြီးနဲ့ပေါ့၊ ပြင်ဆင်နေကြတယ်လေ'

'မင်း အစ်ကိုကြီးကကော. . .'

'သူလည်း ပြင်ဆင်နေတာပဲ၊ ပန်းချီဆွဲဖို့'

မောင်မောင်သည် မျက်နှာရှုံ့လျက် မှုန်ကုပ်ကုပ်ဖြင့် မီးဖိုစားပွဲ၌ ထိုင်ချလိုက်သည်။

'အပြင်မှာ သွားကူလုပ်ပေးလေ'

'အိပ်ခန်းထဲတောင် ရောက်နေကြမှ ဘာသွားကူရမှာလဲ'

မောင်မောင် ကျွဲမြီးတိုနေပုံကို ကြည့်လျက် ကိုမြဖေက တခစ်ခစ် ရယ်နေသည်။ ကော်ဖီဖျော်ရင်း ကော်ဖီအိုးနှင့် ပန်းကန်များကို မောင်မောင် သွားပို့ရန် ပြောလိုက်၍. . . 'ခင်ဗျားဟာ. . . ခင်ဗျားသွားပို့' မောင်မောင်က ငေါက်၍ ပြောလိုက်သည်။

ဒေါ်အောင်မေသည် ယုမိစံကို ပြင်ဆင်ပေးနေရင်း၊ ယုမိစံ နားနားသို့ ကပ်၍. . .'သူငယ်လေးက ချစ်စရာကလေး'ဟု လေသံကလေးနှင့် တိုးတိုး ပြောလိုက်သည်။

ယုမိစံက လက်ညှိုးကို ကွေး၍ မျက်ရိပ်မျက်ခြည်ဖြင့် ပြန်ပြလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'သိတယ်၊ မျက်နှာက ခပ်မာမာ၊ နှုတ်တောင် မဆက်ဘူးနော်'

ယုမိစံသည် ဒေါ်အောင်မေ မျက်နှာနားသို့ ကပ်၍ လေသံဖြင့် ပြန်ပြောလိုက်သည်။

'သူ့ကို စကားပြောမှ သူက ပြန်ပြောတယ်၊ ဘယ်တော့မှ ယုမိကို သူက စပြီး စကားမပြောဘူး၊ နှုတ်မဆက်ဘူး'

ယုမိစံကိုယ်၌ ရင်စည်းနှင့် ထိုင်မသိမ်းအင်္ကျီ ဝတ်ပေးပြီးသောအခါ၊ ဝတ်ပုံဝတ်နည်း အချိုးကျမကျကိုကြည့်ရန် ဒေါ်အောင်မေက ရှေ့က မှန်ကြီး တစ်ချပ်ကို ထောင်၍ပြသည်။

ယုမိစံသည် မှန်ထဲ၌ ကြည့်၍ ကြိုက်သွားမှ ဒေါ်အောင်မေက ပုလဲသွယ် သုံးတန်းကို လည်၌ဆင့်၍ ကပ်ဆွဲပေးသည်။ အင်္ကျီလက်ရှည်ဝတ်ပြီး ရှင်းနေသော လက်၌ဆရာမ မခင်ဝင်းမူ လာပို့ပေးသော ပုလဲလက်ကောက်၊ နီလာလက်ကောက်၊ ပတ္တမြား လက်ကောက်များကို ဆင့်၍ ဝတ်ပေးသည်။

ဆရာမ မခင်ဝင်းမူသည် ယုမိစံ ထိုင်မသိမ်းဝတ်၍ ပန်းချီဆွဲမည် ဆိုသဖြင့် လိုအပ်သမျှ ရှာဖွေ၍ အကူအညီ ပေးသည်။

မခင်ဝင်းမူ ရှာယူသော စိန်ဘီး၊ စိန်ဆံထိုး၊ စိန်လည်ကပ်၊ စိန်လည်တုံ၊ စိန်ကြိုးများကို ယုမိစံက မဝတ်ဘဲ ပြန်ပေးလိုက်သည်။

'ဒါတွေ အားလုံးဝတ်ရင် အခုခေတ် မင်္ဂလာဆောင် သတို့သမီးနဲ့ တူသွားမယ်၊ အားလုံးလျှော့မှ ထိုင်မသိမ်းအဝတ်ကိုပဲ အသားပေးမှ ရှေးခေတ်ပန်းချီနဲ့ တူမှာပေါ့'ဟု ယုမိစံ၏ အကြောင်းပြချက် ငြင်းဆန်မှုကို မခင်ဝင်းမူက ရယ်ရသေးသည်။

ဦးသက်လွင် အိမ်သို့ မလာမီ စနေနေ့နံနက်က ယုမိစံအိမ်၌ ယုမိစံကို ထိုင်မသိမ်း အစမ်း ဝတ်ခိုင်းကြည့်ကြသည်။ မခင်ဝင်းမူက ဓာတ်ပုံ အမျိုးမျိုး ရိုက်ပေးခဲ့သည်။ ဆရာမ ခင်ဝင်းမူမှာ ဦးသက်လွင်အိမ်၌ ယုမိစံ မောင်လေးရှိမှန်း မသိသေး။ ဒေါ်ထွေးထွေး သားကို တွေ့ရသည့်အကြောင်း ကိုတော့ ယုမိစံ ပြောပြ၍ သိရှိခဲ့ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်အောင်မေသည် ပန်းရောင် ငွေချည်ထိုး ချိတ်ထဘီကို ယုမိစံ ကိုယ်၌ ပုံပန်းကျအောင် ဝတ်ပေးလျက် ဘေးမှ ချိတ်များ တွယ်ထိုးပေးသည်။ ချိတ်ထဘီ အနားဌ် ကရစ် အဖြူစဖြင့် အနားတပ်ထား၍ ထဘီနားမှာ အောက်တွင် ဝိုက်ပုံကျနေသည်။

ယုမိစံသည် ချိတ်ထဘီ ဝတ်နေခိုက် ရင်ထဲ၌ တဆတ်ဆတ် ခုန်နေ သည်။ သူ့ဘဝတွင် အိပ်မက်မျှ မမက်ဖူးခဲ့သော ရှေးက မြန်မာနန်းဝတ် နန်းစားကို သူကိုယ်တိုင် ဝတ်ဆင်နေရသည့်အတွက် ရင်ခုန်ရကာ၊ ချွေးများ စို့ထွက်လာသည်။

ဒေါ်အောင်မေသည် ယုမိစံအား ထဘီအနားကို စွန်တောင်ဆွဲ၍ အခန်းထဲ၌ လမ်းလျှောက်ခိုင်းကြည့်သည်။ အပြင်ကျလျှင် လမ်းမလျှောက် တတ်မှာ ပူပန်နေသည်။ ယုမိစံက ထဘီ အောက်နားကို အထက်သို့ ပင့်ဆွဲ ၍ ကြည့်ရှုကောင်းအောင် ဟန်မပျက် လျှောက်ပြခြင်းကြောင့် ဒေါ်အောင်မေ စိတ်အေးသွားသည်။

ယုမိစံသည် မျက်နှာက မိတ်ကပ်ကို ပြန်၍ပြင်သည်။ တစ်ပတ်လျှို ဆံမြိတ်ချ ဆံထုံးဘေး၌ သဇင်ခက်ကလေးများကို သူ့စိတ်ကြိုက် လှလှပပ ပန်လိုက်သည်။

အပြင်ထွက်ရန် မရဲတရဲဖြင့် ရှက်စိတ်ကလေး ဖိုနေသည်။ အခန်း တံခါး မဖွင့်ခင် ယုမိစံကိုယ်၌ ပန်းနုရောင် ဇာပဝါ အရှည်ကြီးကို လွှမ်းခြုံ ပေးပြီးမှ တံခါးဖွင့်ပေးလိုက်သည်။

ယုမိစံသည် ထဘီအောက်နားစကို လက်တစ်ဖက်က စွန်တောင်ကိုင် ပင့်ဆွဲ၍၊ အခန်းထဲမှ ဆင်မယဉ်သာ ခြေလှမ်းကလေးဖြင့် လှမ်းထွက်လာ သည်။ ဒေါ်အောင်မေက ဇာပဝါ ဖုန်မပေအောင် နောက်က ပင့်ကိုင်ပေး လာသည်။

အိမ်ရှေ့ ဧည့်ခန်းစားပွဲခုံတွင် ကော်ဖီပွဲများပြင်ချပေးနေသော ကိုမြဖေသည်၊ အခန်းထဲမှ ထွက်လာသော ယုမိစံကို ကြည့်၍ ပါးစပ် အဟောင်းသားဖြင့် ကြွေပျက်လောက်အောင် ကြက်သေသေနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'လာ. . . လာ. . . ဆရာမ၊ လာ. . . လာ'

ဦးသက်လွင်က ဧည့်ခန်းမှ ဆီးခေါ်လိုက်သည်။

'ဆရာ. . . ကျွန်မ ကုတ်ဒရက်စ် (ထိုင်မသိမ်း)နဲ့ ကြည့်လို့ဖြစ်ရဲ့လား ဆရာ'

ယုမိစံ ရှက်ရှက်ဖြင့် ပြောပြီး ရယ်သည်။

ဦးသက်လွင်က ယုမိစံ၏ အလှကို ရှုစားလျက် ယစ်မူး မိန်းမောနေသည်။

မင်းတုန်းဆက်၊ သီပေါဆက် နန်းတော်ထဲတွင် ခစားကြသည့် နန်းတွင်းအပျိုတော်များကို သတိရကာ၊ ယုမိစံနဲ့ ဘယ်သူနဲ့များတူနေမည်လဲ ဟု အတွေး ရောက်သွားသည်။

'ဆရာမနဲ့ ဒီအဝတ်နဲ့ သိပ်ကြည့်ကောင်းတာပဲ ခင်ဗျ၊ တကယ့်ကိုကျက်သရေ ရှိတယ်၊ အခုမှ. . . "ဦးဆောက်ပန်းစံ"နဲ့ တူတယ်'

ဦးသက်လွင်နှင့် ယုမိစံတို့ ဝါးခနဲ ရယ်မောလိုက်ကြသည်။

ဒေါ်အောင်မေက ဆွမ်းအုပ်ကိုယူ၍ ယုမိစံသို့ ကမ်းပေးလိုက်သည်။

'ဆရာမ ဒီနားမှာ ရပ်ပါ၊ အဒေါ်က တစ်ဆိတ် ဆွမ်းအုပ်ပေါ်အောင်ပဝါကို ပခုံးတစ်ဖက်ပေါ်မှာပဲ ချပေးပါ'

ဦးသက်လွင်သည် ယုမိစံကို ပန်းချီမဆွဲမီ သူဆွဲမည့် ပုံဟန်ကို အမျိုးမျိုးပြောင်း၍ ရပ်ခိုင်းကြည့်နေသည်။ ဒေါ်အောင်မေက ပခုံးတစ်ဖက်ပေါ်၌ ပဝါအရှည်ကြီး ချပေးလိုက်သည်။ ထဘီအနားကို ဝှေ့ဝှေ့ဝိုက်ဝိုက်ကလေး ပုံကျနေဟန်၊ ပြင်ပြီးရင်း ထပ်ပြင်ရင်း ထပ်ပြင်နေသည်။

ယုမိစံမှာ ဆွမ်းအုပ်ကိုပိုက်လျက် ဟန်အမူအရာပြရ၍ မျက်နှာမထားတတ်အောင် ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

ကိုမြဖေသည် နတ်ကရာ ငေးမော၍ နေသည်။ နောက်ဖေး၌ အလုပ် ရှိသေးသည်ကို သတိရတော့မှ ဧည့်ခန်းထဲမှ ထွက်လာကာ မီးဖိုထဲသို့ ခပ်သုတ်သုတ် ဝင်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟော့. . . မောင်မောင်၊ မင်းကို ဆရာ ခေါ်နေတယ်'

ကိုမြဖေသည် မျက်နှာခပ်တည်တည်ဖြင့် ပြောလိုက်သည်။ မောင်မောင်သည် မီးဖိုစားပွဲ၌ထိုင်လျက် ကျောင်းစာ ကျက်နေသည်။ 'ဘာလုပ်မလို့လဲ'ဟု ကိုမြဖေ မျက်နှာကို မကြည့်ဘဲ မေးလိုက်သည်။

'မသိဘူးကွ၊ မောင်မောင် ပြောလိုက်စမ်းဆိုလို့'

မောင်မောင်က တုတ်တုတ်မျှမလှုပ်ချေ။

'ခေါ်နေတာ သွားကွာ၊ ဆရာ ဘာခိုင်းချင်လို့မှန်းမှ မသိဘဲ'

မောင်မောင်သည် မထချင် ထချင် မျက်နှာပုပ်ပုပ်ဖြင့် နေရာမှထ၍ မီးဖိုထဲမှ ထွက်သွားသည်။

အိမ်ရှေ့ဧည့်ခန်း၌ ယုမိစံ၏ ပုံပန်းကို မြင်လိုက်ရရုံဖြင့်ပင် မောင်မောင်မှာ ခါးသီးလွန်း၍ နတ်ကျသလို တုန်သွားသည်။ ဣဿာမစ္ဆရိယ စိတ်တွေ ထောင်းခနဲ မွှန်သွားကာ မာန်ထလာသည်။

'အောင်မယ်. . . ဒီအဝတ်အစားများ ဝတ်လို့'

အပြင်ထွက်မလာသော သူ့အသံသည် ရင်ခေါင်းထဲ၌ ပဲ့တင်ထပ်လျက် ဟိန်းညံသွားသည်။

သူ့မျက်စိထဲ၌ ယုမိစံကို ထိုင်မသိမ်း အဝတ်အစားဖြင့် အလွန်တရာ ကြည့်မရအောင် မျက်စိနောက်သွားသည်။ ဖြစ်နိုင်မည်ဆိုလျှင် ယုမိစံကိုယ်က ထိုင်မသိမ်းဝတ်စုံကို ဆွဲ၍ ချွတ်ပစ်ချင်သည့် ဒေါမနဿစိတ်တွေ ဆူဝေ ယိုစီးလျက်၊ ဣန္ဒြေမျှ မဆည်နိုင်ဘဲ မျက်နှာထားတင်းတင်း အသံပြတ်ပြတ် ဖြင့် မာဆတ်ဆတ် ပြောလိုက်သည်။

'အစ်ကိုကြီး. . . ကျွန်တော့်ကို ခေါ်တယ်ဆို'

ဦးသက်လွင်သည် မောင်မောင်၏ မျက်နှာပေါက် အချိုးကို ကြည့်၍ ခါးသီးမှန်းသိသဖြင့် လေသံအေးအေးဖြင့် ပြန်၍ပြောသည်။

'ဟင့်အင်း. . . အစ်ကိုကြီး မခေါ်ပါလား'

www.burmeseclassic.com



မောင်မောင်သည် ချာခနဲ ပြန်လှည့်သွားသည်။ ယုမိစံမှာ ဆွမ်းအုပ်ကို ပိုက်လျက်က မောင်မောင့်ကို ငေး၍ ကြည့်လိုက်သည်။ ဒေါ်အောင်မေသည် မောင်မောင့်ကို ပြုံး၍ စိုက်ကြည့်နေလျက် သူ့စိတ်ထဲ၌မူ မာကျောကျော ကြွပ်ဆတ်ဆတ် လုပ်သွားသော မောင်မောင့်ကို ဆွဲထုလိုက်ချင်သည်။

မောင်မောင် မီးဖိုထဲသို့ ရောက်ရောက်ချင်း မောင်မောင် မပြောခင် ကိုမြဖေက ဦးအောင်ပြောသည်။

'ဘယ့်နှယ်လဲ၊ အရှေ့နန်းမတော်ထိပ်ထား လှခေါင်မိုးကို ဖူးခဲ့ရတယ် မဟုတ်လား'

ကိုမြဖေကို မောင်မောင်က စားမတတ် ဝါးမတတ် ကြည့်သည်။ 'အစ်ကိုကြီးဖြင့် မခေါ်ဘဲနဲ့၊ ခင်ဗျား. . . ဘာ. . .' ရှေ့ဆက်၍ မောင်မောင် အသံထွက်၍ မရတော့ပေ။ ဒေါသအရှိန်ဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။

မောင်မောင် စိတ်ဆိုးနေမှန်းသိ၍ ကိုမြဖေက လေသံ လျှော့လိုက်သည်။

'စိတ်မဆိုးပါနဲ့ ညီလေးရာ၊ ငါက မင်းကို အိမ်ရှေ့က အရှေ့နန်းမတော် ဖုရားကို ပြချင်လို့ လွှတ်လိုက်မိတာပါကွာ'

ကိုမြဖေသည် လက်ဝါးနှစ်ဖက် ဖြန့်ကာ၍ မောင်မောင့်ကိုကျေရာ ကျေကြောင်း စပ်ဖြဲဖြဲမျက်နှာဖြင့် တောင်းပန်ပြီးမှ၊ သူ့နှုတ်က တောက်တစ်ချက် ပြင်းစွာ ခေါက်လိုက်သည်။

'တောက်. . . မင်းအစ်ကိုကြီးတော့ ခက်ပြီ မောင်မောင်'

မောင်မောင်က ခွေးခြေထိုင်ခုံကို ခပ်ပြင်းပြင်းဆွဲ၍ ထိုင်ချလိုက်သည်။ ဖွင့်ထားခဲ့သော ကျောင်းစာအုပ်ကို ပိတ်၍ စားပွဲပေါ်သို့ ပြန်ပေါက်ချလိုက်သည်။

'မျက်စိနောက်လိုက်တာဗျာ၊ ဒီအဝတ်နဲ့ ဒီဂျပန်ဆရာမနဲ့ ဘာဆိုင် လို့လဲ၊ ရှီး. . .'



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင် ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်နေ၍ မောင်မောင့်ဒေါသကို ကိုမြဖေက မီးထိုးပေးလိုက်သည်။

'မင်း မပြောနဲ့၊ ငါတောင် ကြည့်မရဘူး မောင်မောင်။ ဒီပန်းချီ မပြီးမချင်း မျက်စိနောက်ကြဦးပေါ့၊ ရိုးရိုးတန်းတန်း မြန်မာမလေးလိုပဲ ဝတ်ပြီး ပန်းချီဆွဲပါလားကွ၊ အခုတော့ ကြီးကြီးကျယ်ကျယ် ဒီအဝတ်က သူတို့ ဝတ်ရမယ့် အဝတ်လားကွ။ လှတော့ တော်တော့်ကို လှတယ်ဟေ့၊ ဂျပန်ရုပ်ကို ပျောက်သွားတာပဲ'

ကိုမြဖေက ရှုံ့ရှုံ့မဲ့မဲ့ ပြောနေခိုက် ဒေါ်အောင်မေ မီးဖိုဝသို့ ရောက်လာသည်။

ဒေါ်အောင်မေသည် မောင်မောင်တို့ကို မျက်လုံးတစ်ချက် ဝင့်ကြည့် လိုက်ရင်း ပြောလိုက်သည်။

'ရေကလေး တစ်ခွက်လောက်'

ကိုမြဖေ ချက်ချင်း မျက်နှာချိုလိုက်သည်။ ပါးစပ်ထဲက သွားတွေ အကုန်ဖော်၍ ပြုံးပြောလိုက်သည်။

'ရပါတယ်. . . အဒေါ်'

ကိုမြဖေသည် မီးဖိုထဲရှိ သောက်ရေအိုးက ရေတစ်ခွက် ခပ်ပေးလိုက်သည်။ ဒေါ်အောင်မေသည် မောင်မောင့်ကို မျက်စိကကြည့်လျက် ရေ တကျိုက်ကျိုက် မော့ချလိုက်သည်။

'အဒေါ် ဆရာမနဲ့ နေတာလား'

ကိုမြဖေက ရေခွက်ကို လှမ်းယူရင်း မေးလိုက်သည်။ မောင်မောင်သည် ခေါင်းမဖော်ဘဲ စာအုပ်ကိုဖွင့်၍ မျက်နှာရှစ်ခေါက်ချိုးဖြင့် မဲ့ကြည့်နေသည်။

ဒေါ်အောင်မေ့မျက်စိက မောင်မောင့်ကို ကြည့်၍ ကိုမြဖေကို ပြန် ပြောသည်။

'ဆရာမနဲ့ နေတာပါ။ ဆရာက ဆရာမလေးကို ထိုင်မသိမ်းနဲ့ ပန်းချီ



BURMESE CLASSIC .com

www.burmeseclassic.com



ဆွဲပေးချင်တယ် ပြောလို့ ဆရာမလေးက မဝတ်တတ်တော့ အဒေါ်က လိုက်ဝတ်ပေးရတာပါ'

ဒေါ်အောင်မေသည် မီးဖိုခန်းသို့ သူမ ရောက်ခင်၊ ကိုမြဖေတို့ နောက်ဖေး၌ အတင်းချနေကြမှန်း မျက်နှာရိပ် မျက်နှာကဲဖြင့်ပင် သိသူဖြစ်၍၊ ဖြေရှင်း ပြောပြကာ ပြန်ထွက်လာသည်။

ယုမိစံသည် ဆွမ်းအုပ်ကိုပိုက်လျက် တစ်ချိန်လုံး ရပ်နေသည်။ ဦးသက်လွင်ကား သူ့ရှေ့က ယုမိစံကို လှမ်း၍ကြည့်လိုက်၊ စုတ်ချက် ဆွဲလိုက်ဖြင့် အိမ်ရှေ့တွင် လူတစ်ယောက်မျှ မရှိသလို တိတ်ဆိတ်နေကြသည်။

ဧည့်ခန်းဝ ကုလားထိုင်၌ ဒေါ်အောင်မေက ထိုင်လျက် ယုမိစံတို့ကို ထိုင်ကြည့်ရင်း၊ နောက်ဖေး၌ တွေ့ခဲ့ရသော မောင်မောင်၏ သုန်သုန်မှုန်မှုန် မျက်နှာထားကို တစ်ချိန်လုံး မြင်ယောင်လျက် ရှိသည်။

ယုမိစံတို့ မပြန်မချင်း မောင်မောင် အိမ်ရှေ့ခန်းသို့ ထွက်မလာ။ ယုမိစံတို့ ပြန်၍ ကားထွက်သွားသံ ကြားမှ မောင်မောင် အိမ်ရှေ့သို့ ထွက် လာခဲ့သည်။

ဦးသက်လွင်က အပြုံးတဝင့်ဝင့်ဖြင့် မောင်မောင့်ကို ချိုချိုသာသာ ဆီးပြောသည်။

'ဒီမှာ ကြည့်စမ်း မောင်မောင်၊ အစ်ကိုကြီးဆွဲတာ တူရဲ့လားကွ ဆရာမက ထိုင်မသိမ်းနဲ့ တော်တော့်ကို လှတာပဲ'

မောင်မောင်က မအောင့်နိုင်၍ ခံပြင်းစွာ ပြန်ပြောလိုက်သည်။

'မလှပါဘူး အစ်ကိုကြီးရယ်၊ ဆရာမနဲ့ ဒီအဝတ်အစားနဲ့ ဘာဆိုင်လို့လဲ'

ဦးသက်လွင် ရင်ထဲ၌ အတော်အောင့်သွားသည်။ ပန်းချီကားချပ်ကို ပြန်ဖြုတ်၍သိမ်းရင်း လေအေးအေးဖြင့် ပြန်ပြောရသည်။

'ဆိုင်လို့ ဝတ်တာမှ မဟုတ်ဘဲကွာ၊ တမင် အလှဆွဲချင်လို့ ဆွဲတာပါ'

'ဒီပုံကို ဂျပန်ပြန်ရင် သူ ယူသွားမှာလား အစ်ကိုကြီး'



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်က သိချင်စိတ်ဖြင့် စပ်စပ်စုစု မေးလိုက်သည်။ ဦးသက် လွင်က မျက်နှာချိုချိုဖြင့် ဖြေသည်။

'ယူသွားမှာပေါ့ ငါ့ညီရ၊ ဒီပိတ်ကားနဲ့ ဒီဆေးတွေက သူ့ပစ္စည်းတွေပဲ။ သူ့နဖူးနဲ့ သူ့နှာခေါင်းက မဟာဆန်လွန်းလို့ အစ်ကိုကြီးက ထိုင်မသိမ်းနဲ့ တမင် ဆွဲပေးထာပဲ'

မဟာဆန်လွန်းလို့ဆိုသော စကားလုံးကို မောင်မောင်က စိတ်ထဲမှ မဲ့လိုက်မိသည်။ ပုံကြမ်းဆွဲထားသော ယုမိစံ၏ ပန်းချီကားကို မောင်မောင် မကြည့်ချင် ဖြစ်ရကား၊ သူ့စိတ်ဖြင့် ဓားဆွဲ၍ ပန်းချီကားကို အပိုင်းပိုင်း အပြတ်ပြတ် ခုတ်ထစ်နေမိသည်။

ဤသို့ဖြင့် မောင်မောင်ကလည်း ယုမိစံကို ကြည့်မရ။ ယုမိစံကလည်း မောင်မောင့်ကို မမြင်ရ မနေနိုင်။ ဒီဇင်ဘာလမှ နွေကျောင်းပိတ်ချိန် မတ်လသို့ ရောက်လာကြသည်။

ယုမိစံသည် နွေကျောင်းပိတ်လျှင် ဂျပန်သို့ ခဏ ပြန်ရမည်။ ဂျပန် မပြန်ခင် မောင်မောင်နှင့် ရင်းနှီးနိုင်သမျှ ရင်းနှီးစေရန်၊ မောင်မောင့် အိမ်သို့ အခေါက်ခေါက် ရောက်ပါသော်လည်း၊ မောင်မောင်နှင့် ရင်းနှီးရန် ရရှိဖို့ ဝေးစွ။ မောင်မောင့်ဘက်မှ မုန်းတီးမှုသာလျှင် တစ်ခေါက်ထက် တစ်ခေါက် ဆင့်ကဲ ဆင့်ကဲလျက် အမုန်းပွားနေသည်။

ကျောင်း၌ စာမေးပွဲများ ပြီးဆုံးသည့်နေ့က ယုမိစံ မြန်မာရုပ်ရှင်ကားကို သွားကြည့်သည်။ ရုပ်ရှင်ရုံမှအထွက် မောင်မောင့်ကို လူအုပ်ထဲတွင် တွေ့လိုက်ရသည်။ မောင်မောင်ကလည်း ယုမိစံကိုဂါဝန်အဝါနှင့် ရိပ်ခနဲ မြင်လိုက်သည်။ ယုမိစံသည် မောင်မောင့်ကို လှမ်းမြင်မြင်ချင်း ဒေါ်အောင်မေ ကို. . .'ဟိုမှာ မောင်မောင်'ဟု ဆိုကာ လူအုပ်ထဲသို့ အတင်းတိုးဝင်သွား လျက် မောင့်မောင့်ကို လိုက်၍ နှုတ်ဆက်သည်။ သူ့ကားနှင့် မောင်မောင့်ကို အိမ်ပြန်ပို့ပေးချင်သည်။

သူ့နောက်မှ မောင်မောင်ဟု ခေါ်လိုက်သံ ကြားသည်နှင့် မောင်မောင်

www.burmeseclassic.com



သည် ယုမိစံ၏ အသံကို မကြားချင်ယောင်ပြု၍၊ လှည့်၍မျှ မကြည့်ဘဲ လူတွေကြားထဲ အတင်း တိုးဝှေ့လျက် ရှောင်ထွက်သွားသည်။

ယုမိစံမှာ တံ့ရပ်သွားလျက် လူတွေကြားထဲတွင် မျက်ရည်တွေ ဝဲလျက် ရှိနေသည်။ ဒေါ်အောင်မေက ယုမိစံ အနားသို့ တိုးဝင်လာပြီး လက်ကလေးကို ဆွဲခေါ်လာလျက် ကားပေါ်သို့ တက်စေရသည်။

ကျောင်းပိတ်ခါနီး၍ ဂျပန်သို့ ပြန်ရမည့်ရက် နီးကပ်လာလေသည်။ ယုမိစံ၏ မျက်နှာမှာ တိမ်ဖုံးလျက် မကြည်သာပေ။ အိမ်၌လည်း ယုမိစံ ရွှင်ရွှင်လန်းလန်း မရှိ၊ မောင်မောင့် အိမ်၌လည်း ယုမိစံ မရွှင်လန်းဘဲ မျက်နှာကလေး ပျက်တက်တက်ဖြင့် မှိုင်တိုင်တိုင် ငေးတေးတေး ညှိုးညှိုး မှိန်မှိန်လေး ဖြစ်နေသည်။

'ဆရာမ ကျွန်တော်တို့ သူ့ကို ဖွင့်ပြောပြလိုက်ကြရင် မကောင်းဘူး လား' ဦးသက်လွင်က သက်မကြီးချ၍ ပြောကြည့်သည်။

ယုမိစံက ခေါင်းကလေးကို ယမ်းလျက် ညင်ညင်သာသာပင် ပြန် ပြောသည်။

'အခုအတိုင်း ပြောလို့ မဖြစ်သေးပါဘူး ဆရာ၊ နောက်တစ်နှစ် အချိန် ရှိပါသေးတယ်၊ ကျွန်မ ပြန်လာမှ အမျိုးမျိုး ကြိုးစားကြည့်ပါဦးမယ်'

ဦးသက်လွင် သက်ပြင်းရှည်ကြီးကို ပြန်၍ချသည်။ ယုမိစံ၏ မလျှော့ သော စိတ်ဓာတ်ကို ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ထဲက ချီးကျူးနေသည်။

'ကျွန်မ ဂျပန်ပြန်ခါနီးမှာ ဆရာတို့ကို အိမ်မှာ ထမင်းကျွေးချင် ပါတယ်၊ မောင်မောင့်ကို ဆရာ ရအောင်ခေါ်ပြီး လာလို့ မရဘူးလား ဆရာ'

ယုမိစံသည် မျက်ရည်စမ်းစမ်းဖြင့် ဦးသက်လွင်ကို တောင်းပန်၍ ပြောရှာသည်။

ဦးသက်လွင်က မချိတင်ကဲ ဖြစ်နေသော ယုမိစံ၏ အမူအရာ လေးကို ကြည့်လျက်၊ မချမ်းသာသောစိတ်ဖြင့် ယုမိစံကို နှစ်သိမ့်ချော့မော့ လိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မောင်မောင့်ကို မရ ရအောင် ကျွန်တော် ခေါ်ခဲ့ပါမယ် ဆရာမ၊ ဖိတ်မယ့်နေ့သာ တစ်ရက်ကြိုပြောပါ'

ယုမိစံကို အာမခံရတာ လွယ်ကူသလောက်၊ မောင်မောင့်ကို ခေါ်ရ ခြင်းက ဘယ်လောက် ခက်ခဲမှန်း ယုမိစံကတော့ မသိရှာပေ။

ယုမိစံအိမ်သို့ အတူသွားကြရန် မောင်မောင့်ကို အခါခါ အလီလီ နေ့စဉ်နှင့် ရက်ဆက် ကြိုတင်၍ ဖျောင်းဖျ ချော့မော့နေရသည်။

'အစ်ကိုကြီး မင်းကို နောက်ဆုံးပြောတာပဲ မောင်မောင်၊ နောက်ကို ဘယ်တော့မှ မလိုက်ချင်ရင် နေပေ့ါ။ အခုတစ်ခေါက်တော့ အစ်ကိုကြီးနဲ့ လိုက်ခဲ့ပါ၊ သူ ပြန်ခါနီး ဖိတ်တာမို့ အစ်ကိုကြီးက ကျွန်တော်တို့နှစ်ယောက် လာခဲ့ပါမယ်လို့ စကားလွန်သွားတယ်။ အစ်ကိုကြီး စကားလွန်တာကို မင်း ထောက်ထားပြီး အစ်ကိုကြီးနဲ့ လိုက်စေချင်တယ်'

မောင်မောင်သည် ယုမိစံ အိပ်ရိပ်ထဲသို့ ဝင်ရခြင်းထက် ကျားရှေ့၌ လှဲ၍သာ အိပ်လိုက်ချင်သည်။ သူ့စိတ်ထဲ၌ တူးတူးခါးခါး ရှိလှ၍ ဘာ အကြောင်းမှမပြဘဲ မလိုက်ချင်ကြောင်း တွင်တွင်ငြင်းသည်။ ဦးသက်လွင် ကလည်း ဘယ်အကြောင်းနှင့်မှ မစပ်စေရဘဲ လွတ်လွတ်ကင်းကင်း ဇွတ် အတင်းသာ တွင်တွင်ခေါ်သည်။ ဦးသက်လွင်ကလည်း မောင်မောင့်ကို ခယ တောင်းပန်၍ ခေါ်ရမည့် အခြေမျိုးသို့ ဆိုက်ရောက်လျက် ရှိနေသည်။

'အိမ်မှာ တို့ညီအစ်ကိုနှစ်ယောက်ရှိတာ၊ ညီအစ်ကိုနှစ်ယောက် ဖိတ်တာ၊ တစ်ယောက်တည်း သွားလို့ ကောင်းမလားကွာ။ မင်း ခေါင်းနဲ့ စဉ်းစားစမ်းပါ၊ တစ်ခါတုန်းကတော့ ထားပါတော့'

ဦးသက်လွင်၏ မျက်နှာမှာ ပြောရင်း မည်းသွားသည်။

မောင်မောင်သည် ဦးသက်လွင်ကို ပြန်၍ ငြင်းဆန်လျက် ရှိစဉ် မည်း၍ သွားသော ဦးသက်လွင်၏ မျက်နှာကို မကြည့်ရဲကာ ဝမ်းနည်း လာသည်။ ဝမ်းနည်းစိတ်ကို မချုပ်တည်းနိုင်ခြင်းကြောင့် သူ့အခန်းထဲသို့ ထ ဝင်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင် မျက်နှာ မည်းနေခြင်းအတွက် ဦးသက်လွင်၏ မျက်နှာကို ရှေ့ဆက်၍ မကြည့်ရက်။ လိုက်ပါမည်ဟုလည်း မပြောနိုင်။ အခန်းထဲ၌ မောင်မောင် နေမထိ ထိုင်မထိ ဖြစ်လျက် ရှိသည်။ အတန်ကြာမှ သက်မကြီး ချလျက် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ကာ၊ မလိုက်ချင်စိတ်ကို အံကြိတ်၍ မျိုသိပ်ပစ်လိုက်ပြီး အပြင်သို့ ပြန်ထွက်လာခဲ့သည်။

မောင်မောင် အခန်းထဲ ဝင်သွား၍ ဦးသက်လွင်သည် ပက်လက်ကုလားထိုင်ပေါ်၌ မျက်လုံးများ စုံမှိတ်၍ အကြံရခက်သဖြင့် စိတ်ပျက်နေသည်။ ဒီမောင်နှမ၏ ကုသိုလ်ကံ ဘယ်လို ဖန်သည်မသိ၍ ကြားထဲက သူပါ ဦးနှောက်ခြောက်ကာ ရင်ထဲ၌ ပူပြင်းလျက်ရှိသည်။

'အစ်ကိုကြီး ဒီတစ်ခါတော့ ကျွန်တော် လိုက်ခဲ့ပါ့မယ်'

ဦးသက်လွင်သည် မျက်လုံးကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။

ယုမိစံ အိမ်သို့ မလိုက်ချင်ပါဘဲလျက် သူ့စိတ်ချမ်းသာအောင် သူ့ အလိုသို့ လိုက်လျောသော မောင်မောင့်မျက်နှာကို ရင်ဆိုင်၍ ကြည့်ရမည် ပင် သူ့ဘက်မှ အားနည်းလျက် ရှိရသည်။ ဦးသက်လွင်သည် မျက်လုံးမှေး မှေးဖြင့် မောင်မောင့်ကို ငေး၍ကြည့်ကာ ပြုံးပြလေသည်။ သူ့အပြုံးမှာ မချိမဆံ့ ပြုံးရသည့် မချိပြုံးမျိုး ဖြစ်သည်။

'မောင်မောင် အစ်ကိုကြီးကို နားလည်ရဲ့လား၊ ဒီတစ်ခါ မကောင်းတတ်လွန်းလို့ မင်းကို ခေါ်တာပါ'

မောင်မောင်သည် မီးကဲ့သို့ ပူလောင်လှသော ရင်ဖြင့် ခေါင်းကလေးကို ငုံ့ထားသည်။

နောက်တစ်နေ့ ဦးသက်လွင်က တနင်္ဂနွေနေ့ မောင်မောင်နှင့် အတူ လာမည်ဟု ယုမိစံအိမ်သို့ ကျောင်းက ဖုန်းဆက်၍ ပြောလိုက်သည်။

'ကျေးဇူးတင်လိုက်တာ ဆရာ၊ ဝမ်းသာလိုက်တာ ဆရာ' ဆိုသော ယုမိစံ၏ တုန်တုန်ယင်ယင် အသံလေးကို ဖုန်းထဲမှ ကြားနေရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



## ၁၃

ဦးသက်လွင်နှင့် မောင်မောင့်ကို ထမင်းကျွေးမည့် နေ့၌ ယုမိစံ တစ်နေ့လုံး ပင်ပန်းလျက် အလုပ်များနေသည်။ ထိုနေ့ ညစာအတွက် ဒေါ်အောင်မေက မချက်ရ။ ယုမိစံကိုယ်တိုင် ဂျပန် ထမင်းဟင်းချက်၍ ဒေါ်အောင်မေမှာ ဘေးက ကူညီ၍ လုပ်ကိုင်ပေးရသည်။ ဘာစိတ်ကူးဖြင့် ဂျပန်လို ကျွေးချင်မှန်း မသိ၍၊ သိချင်ပါလျက် ဒေါ်အောင်မေက မေးရခက်နေသည်။

ညနေ လေးနာရီ၌ ဂျပန်သံရုံးမှ ယုမိစံသူငယ်ချင်း ဂျပန်မလေး ရောက်လာကာ၊ ယုမိစံ ဝတ်ဆင်သည့် ကီမိုနိုကို ကူညီ၍ ဝတ်ပေးနေသည်။ ဒေါ်အောင်မေက သူ့မျက်လုံးထဲက မျက်ရည်ဝဲဝဲဖြင့် 'လှလိုက်တာ မယုရယ်. . .'ဟု အသံတုန်တုန်ဖြင့် ပြောလိုက်သည်။

ယုမိစံသည် ပိုးအဖြူရောင် ငွေခြည်ပွင့် ကီမိုနိုကို ဝတ်ဆင်မြန်းလျက်၊ ရင်၌ ပတ်တားသော အုတ်ခဲရောင် ရင်စည်း၊ ကျော၌ ပိုးထားသော အဝတ်ခေါက် အုတ်ခဲရောင် "အိုဘီ"ဖြင့်၊ ဒေါ်အောင်မေ မမြင်စဖူး ရုပ်ပြောင်း သွား၍ တစိုက်စိုက် ငေးကြည့်ရသည်။

ကီမိုနိုဖြင့် ယုမိစံ၏ အရပ်အမောင်းမှာ ပိုမြင့်လာသည်။ ကီမိုနို ဝတ်ရုံ အဖြူလွလွထဲမှ သွယ်လျနေသော ကိုယ်ဟန်လေးသည် အချိုးအဆစ် ကျလှစွာ ရှုမငြီးနိုင်အောင် ချစ်စရာ ကောင်းနေသည်။ ခေါင်းပေါ်က ဂျပန် ဆံထုံး၌ ဆံထိုးလှလှ နီနီတစ်ချောင်း ထိုးစိုက်ထားသည်။

ပို၍ နုနယ်သွားသော မျက်နှာ၊ နူးညံ့ညင်သာ ပျော့ပျောင်းသွားသော အမူအရာ၊ ကီမိုနို အဝတ်ဖြင့် ကာယိန္ဒြေကို ထိန်းချုပ်၍ သိမ်မွေ့စွာ ဖော်ထုတ် ထားသော အလှ။

ထိုကီမိုနို အလှဖြင့် လိုက်ဖက်အောင် လှပလေသည့် ယုမိစံ၏ ရုပ်ဆင်းသွင်ပြင်ကို ဒေါ်အောင်မေသည် အနုလုံ ပဋိလုံ စိတ်ဖြာလျက် မဝနိုင်အောင် ရှုကြည့်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com



ညနေ ခုနစ်နာရီတိတိ ခြံထဲသို့ ကားဝင်လာသည်။ ဒေါ်အောင်မေသည် အိမ်တံခါးကို ဖွင့်လျက် အိမ်ဝမှ ဆီးကြိုသည်။

ဦးသက်လွင်၏ မျက်နှာက ရွှင်ရွှင်ပျပျ၊ ဦးသက်လွင် နံဘေးမှ လိုက်ပါလာသော မောင်မောင်သည် ကုပ်ချောင်းချောင်းဖြင့် မျက်နှာက ခပ်ညိုညို ခပ်မည်းမည်း။

'အထဲ ကြွကြပါရှင်၊ ဒီနေ့ ဆရာမလေး ဂျပန်ဧည့်ခန်းမှာ ဧည့်ခံပါလိမ့်မယ်'

ဦးသက်လွင်နှင့် မောင်မောင်ကို ယုမိစံရှိရာ ဂျပန်ဧည့်ခန်းသို့ ဒေါ်အောင်မေက လိုက်ပို့ပေးသည်။ ဧည့်ခန်းအဝသို့ ရောက်သည့်အခါ၌ ယုမိစံကို ကြည့်၍ ဦးသက်လွင်နှင့် မောင်မောင်တို့သည် ကြက်သေသေကာ ကြောင်ရပ်နေကြသည်။

တာတာမီ ဖျာပေါ်၌ အခန်းဝဘက်သို့ ယုမိစံ မျက်နှာပြု၍ ဒူးကို ခေါက်လျက် ပုံ့ပုံ့ပိပိလေးထိုင်ကာ၊ ဦးသက်လွင်တို့ အခန်းဝသို့ ရောက်လာလာချင်း လက်ညှိုးနှစ်ဖက်ထိပ်နှင့် လက်မနှစ်ဖက်ထိပ် လက်ချင်းထိ၍ သူ့လက်ကို ဖျာပေါ်၌ ဖြန့်ချကာ သူ့နဖူးနှင့်ထိလျက် ဂျပန်ထုံးစံအတိုင်း ဆီးကြိုလိုက်သည်။

ယုမိစံ၏ မျက်နှာကို မမြင်ကြရ။ ကီမိုနို အဝတ်ဖြူဖြူဖွေးဖွေးထဲတွင် ကျောမှ အုတ်နီရောင် အိုဘီနှင့်၊ ခြေအိတ်ဖြူ စွပ်ထားသော ခြေဖဝါးတစ်ဖက်ပေါ်တွင် ခြေဖဝါးတစ်ဖက်က မထိတထိ ထပ်တင်ထားပုံကလေးကို သူ့ကိုယ်ပေါ်မှ ဆီး၍ ကြည့်နေကြရသည်။

ဦးသက်လွင်မှာ ဘာပြန်လုပ်ရမှန်းမသိ၊ အလွန် နှိမ့်ချသော စိတ်ဖြင့် ဂျပန်ထုံးစံအတိုင်း နဖူးနှင့် ဖျာနှင့် ကုန်းထိ၍၊ ပြားပြားဝပ် ကြိုဆိုသမှု ပြုသော ဂျပန်ယဉ်ကျေးမှုကို မခံယူဖူးသောကြောင့် ကြောင်ကြည့်နေကြခြင်း ဖြစ်သည်။

ယုမိစံသည် ဝပ်ရာမှ သူ့ကိုယ်လေးကို ပြန်မတ်၍ ချိုသာစွာ ပြောလိုက်သည်။

www.burmeseclassic.com



'ဂျပန်ထမင်း အကြီးအကျယ် မဟုတ်ပါဘူး၊ ကျွေးချင်လွန်းလို့ ကျွန်မကိုယ်တိုင် ချက်ပါတယ်။ စားကောင်းပါစေ. . . ဆုတောင်းပါတယ်'

အချိုသာဆုံးသော စကားဖြင့် ဤစကားကို ဆိုပြီးလျှင် ခေါင်းနှင့် လက်ခုံနှင့် ပြန်၍ ထိကပ်လိုက်ပြန်သည်။ တစ်ဖက် ကိုယ်ကလေး ပြန်မတ် လာကာ ချိုသာစွာ ထပ်ပြောပြန်သည်။

'အရသာတွေ့မယ်. . . မတွေ့မယ် ကျွန်မ မသိပါဘူး'

ယုမိစံသည် သာလှသည့် အသံဖြင့်ပြောပြီး တာတာမီ ဖျာပေါ်၌ မှောက်ဖြန့်ချထားသော လက်ခုံပေါ်သို့ သူ့နဖူးကို ပြန်ချ ထိလိုက်ပြန်သည်။

ဂျပန်လူမျိုး ထုံးစံကို မောင်မောင် တစ်ခါမှ ကိုယ်တွေ့မျက်မြင် မကြုံဖူးသေး၍ သူတို့ကို ယုမိစံ ဆီး၍ ဦးချနေသလားဟု ရုတ်တရက် ကြောင်သွားသည်။

ယုမိစံနှုတ်က မည်သို့ပင် မြန်မာစကားဖြင့်ဆိုဆို၊ သူပြုလုပ်နေသော အမူအရာနှင့် မြန်မာစကားနှင့် မဟပ်၍ ဦးသက်လွင်၏ နား၌ မြန်မာစကား သံကို ဖျောက်လျက်၊ ဂျပန်အသံကလေးဖြင့် တီတီတာတာ ပြောလိုက်သဟန် ကြားယောင်လျက် ကြည့်နေလေသည်။

ယုမိစံ ခေါင်းထောင်လာတိုင်း ဦးသက်လွင်က သူ့ခါးကို ကုန်းညွတ် ၍ ပြုံးပြလိုက်သည်။

မောင်မောင်သည် ယုမိစံကို အနောက်တိုင်းဝတ်စုံ ဂါဝန်နှင့် တစ်မျိုး၊ မြန်မာဝတ်စုံ အကျႌ ထဘီနှင့် တစ်ဖုံ တွေ့မြင်ခဲ့ရသည်။ ထိုအဝတ်အစား များဖြင့် ယုမိစံကို ကြည့်မရ ရှုမရ ဖြစ်ခဲ့သော်လည်း၊ ယခု ကီမိုနိုဝတ်စုံဖြင့် တွေ့ရသော ယုမိစံ၏ ပုံဟန်ကိုမူ သူ့မျက်စိက ကြည့်၍ ရသွားကာ ငေးစိုက် ကြည့်နေသည်။ ယုမိစံနှင့် သူတို့နှင့် လူမျိုးတစ်မျိုးစီ ခြားထားသည့်အတွက် ကြိုက်သွားသည်။

ဦးသက်လွင်မှာ သူ့ပန်းချီမျက်စိဖြင့် အခါခါ ဖန်ဆင်းလျက်၊ ယုမိစံ



BURMESE CLASSIC .com

www.burmeseclassic.com



ကို ကီမိုနို တိုင်းရင်းဝတ်စုံဖြင့် ဂျပန်မအရုပ်ကလေး တစ်ရုပ်ကို မြင်ကြည့်ခဲ့သည်။ သူ၏ ဂျပန် အရုပ်ကလေးမှာ သူ့မျက်စိရှေ့၌ သက်ဝင် လှုပ်ရှားလျက် ရှိနေခြင်းကို ကြည့်၍၊ အသက်ရှူမေ့မတတ် ကြည်နူးလျက်ရှိသည်။

ယုမိစံက ဂျပန်ဓလေ့ ယဉ်ကျေးမှု နှိမ့်ချနူတ်ဆက် ကြိုဆိုပြီးမှ ချိုသာသော အပြုံးဖြင့် ပြောလိုက်သည်။

'ဆရာ. . . ဒီဖုံပေါ်မှာ ထိုင်ပါ ဆရာ၊ မောင်မောင်က ဒီဖုံပေါ်မှာ ထိုင်ပါ'

အခန်းအလယ် စားပွဲခုံနိမ့်ဘေး၌ ပတ်ပတ်လည် ခင်းထားသော ထိုင်ဖုံကလေးများပေါ်တွင် ဦးသက်လွင်တို့ ဝင်ထိုင်ကြသည်။ ဦးသက်လွင်သည် ကြမ်းပေါ်က ဖုံပေါ်၌ ဘယ်လိုထိုင်ရမှန်းမသိ ရှိပြီးမှ တင်ပျဉ်ခွေ ထိုင်ချသည်။ မောင်မောင်ကလည်း ဦးသက်လွင် ထိုင်ပုံအတိုင်း တင်ပျဉ်ခွေ ထိုင်လိုက်သည်။ ဦးသက်လွင်တို့ ထိုင်ပြီးကြမှ ယုမိစံသည် ဖုံကလေးပေါ်သို့ ဒူးခေါက် တက်ထိုင်ချလိုက်သည်။

စားပွဲခုံ၌ ဦးသက်လွင်နှင့် မောင်မောင် မျက်နှာချင်းဆိုင်၊ ယုမိစံက အလယ်၌ ဖြစ်သည်။ ယုမိစံ ကိုယ်ပေါ်၌ မီးရောင်က ကျလျက်ရှိသည်။ အခန်းထောင့် ခုံကလေးပေါ်ရှိ မှန်ဗီရိုကလေးဖြင့် ထည့်ထားသော ဂျပန် လုံမေပျို အရုပ်ကလေးက ယပ်တောင်ကလေး ရင်၌ ကပ်ဖြန့်လျက်၊ ယုမိစံ နှင့် သူနှင့် ဘယ်သူက လှသလဲ မေးနေဟန်၊ ခေါင်းကလေး ငိုက်စောင်း ကာ ကြည့်နေသည်။

'ဂျပန်ပြန်ခါနီး ကျွန်မ ဖိတ်ကြားချက်ကို လက်ခံပြီးလာတာ ကျေးဇူး တင်ပါတယ် ဆရာ၊ ကျေးဇူးတင်ပါတယ် မောင်မောင်'

ဦးသက်လွင်က ပြုံး၍ ကြည့်နေသည်။ မောင်မောင်သည် ကြွန္တေကြီး တစ်ခွဲသားနှင့် သူ့ကိုယ်သူ ဘယ်နေရာ ရောက်နေသလဲဟု တွေးနေဟန် ရှိသည်။

ဧည့်ခန်းထဲ၌ အလှစိုက်ထိုးထားသော ပန်းအိုးမှ ပန်းအလှသည် မကြည့်ဘဲ မနေနိုင်အောင် မောင်မောင့်စိတ်ကို ဆွဲဆောင်လျက် ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သစ်ခွပန်း အပွင့်ကျားကျားတို့ကို အပင်ပေါ်၌ လှသည်ဟု ဘယ်တုန်းကမှ မောင်မောင် မထင်ခဲ့။ ဤဖန်ပန်းအိုးထဲ၌ မြင်ရတော့မှ သူ့ကို ခြံရံထားသော အရွက်မရှိသည့် ရိုးတံတို့ကြားက သစ်ခွအကျား အလှကို မောင်မောင် မြင်ရတော့သည်။

စက္ကူမျှား ကပ်ထားသော နံရံ၌ ရွှေရောင်ငွေရောင် တလက်လက်နှင့် မင်အနက်ဖြင့် ရေးထားသော ဂျပန်စာတန်းကို ချိတ်ဆွဲထားသည်။ နံရံ အလယ်တွင် ယွန်းဗန်း အဝိုင်းကလေးပေါ်၌ အဖြူရောင် ဂျပန်စာလုံး ရေးလျက် ကြိုးနီဖြင့်သွယ်၍ ချိတ်ဆွဲထားသည်။ ကြိုးနီမှ နီနီရဲရဲ ပန်းဖွားနှစ်ခု က ဂျပန်စာလုံး အဖြူပေါ်သို့ တွဲလောင်းကျနေသည်။

တစ်ဖက်၌ ပိုးသားဖြင့် ရက်လုပ်ထားသော ဂျပန်နတ်သမီး ရုပ်ပုံ တော်။ နတ်သမီးခေါင်း၌ ပေါင်းထားသော ခေါင်းပေါင်းတွင် ဗုဒ္ဓရုပ်ပွားတော် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူနေသည်။ နတ်သမီးကိုယ်ပေါ်မှ အဝတ်တန်ဆာ တို့မှာ တရုတ်အသွင်လိုလို၊ ဂျပန်အသွင်လိုလို ခွဲခြား၍ မသိနိုင်။ ပိုးပဝါ အဖြူကလေးက လက်မောင်းနှစ်ဖက်ပေါ်တွင် တန်း၍ အမြိတ်အဖျား နှစ်ဖက်က အောက်သို့ တန်းလန်းကျနေသည်။ နတ်သမီး ရုပ်တု၏ ခြေရင်း၌ ဝဝကစ်ကစ် ကလေးရုပ်ကလေး တစ်ရုပ်ရှိသည်။ ထိုကလေးရုပ်ပုံပေါ်သို့ နတ်သမီးက ညာလက်ဖြင့် ပုလင်းစောင်း၍ ရေသွန်းလောင်းနေဟန်။ ဘယ် ဘက်လက်က သစ်ကိုင်း တစ်ကိုင်းကို ဆုပ်ကိုင်ထားသည်။

ဦးသက်လွင်သည် အခန်းနံရံ၌ ချိတ်ဆွဲထားသော နတ်သမီးရုပ်ပုံနှင့် စာတန်းကို လှမ်း၍ ကြည့်လိုက်ကာ အဓိပ္ပာယ် သိချင်မိသည်။

'ဆရာမ. . . ဟိုစာတန်းက ဂျပန်လို ရေးထားတာ ဘာအဓိပ္ပာယ် ရှိသလဲ'

ပုလဲသွယ်ကလေးကဲ့သို့ တညီတည်းရှိသော သွားများကိုဖော်၍ ယုမိစံက ပြုံးလိုက်သည်။ အမူအရာ ညင်သာစွာဖြင့် စာတန်းကို လှမ်း၍ ကြည့်လျက်၊ တစ်ဖန် မောင်မောင့်ကို ပြန်ကြည့်ပြီးမှ ဖြေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အဓိပ္ပာယ်က "တစ်နေ့တစ်ရက်နဲ့ တစ်နှစ်ကုန်သွားတဲ့ အချိန်ဟာ လေးကိုင်းက မြားလွှတ်လိုက်သလို အင်မတန် မြန်ပါတယ်"လို့ ရေးထား ပါတယ်'

'စာတန်းက အဓိပ္ပာယ် ရှိလိုက်တာ၊ သဘောကျစရာ ကောင်းတယ် ဆရာမ'

ဦးသက်လွင်က ချိတ်ဆွဲထားသော စာတန်းကိုကြည့်၍ သဘောကျ နေ၏။ ယုမိစံမှာ မျက်နှာကလေး ညှိုးလျက် တစ်နှစ် ကုန်ဆုံးသွားသည့် အချိန်အတွင်း မောင်မောင်နှင့် သူနှင့် ရင်းနှီးမှု မရရှိသေးခြင်းကို စဉ်းစား မိလျက်သား ဖြစ်နေလေသည်။

'အလယ်က ယွန်းဗန်းပေါ်က ဂျပန်စာလုံး အဓိပ္ပာယ်ကကော ဆရာမ. . .'

ဖုံပေါ်၌ ဒူးခေါက်ထိုင်လျက် ကိုယ်ကလေး ဆန့်ဆန့်ဖြင့် လက် နှစ်ဖက်ကို ပေါင်ပေါ်၌ချကာ မျက်လွှာချ၍ ငြိမ်သက်နေသော ယုမိစံသည် ဦးသက်လွင် မေးလိုက်မှ မျက်လွှာကလေး ပင့်၍ ဖြေလိုက်သည်။

'ဒီစာ အဓိပ္ပာယ်က တစ်လုံးတည်းပါ ဆရာ၊ "မေတ္တာ"'

ယုမိစံသည် ပြောပြီး အေးမြသော အပြုံးဖြင့် ဦးသက်လွင်နှင့် မောင်မောင့်ကို တစ်လှည့်စီ ကြည့်လိုက်သည်။

'ဒါလည်း ကျွန်တော် ကြိုက်တာပဲ ဆရာမ၊ ကျွန်တော်တို့ ဗုဒ္ဓ ဘာသာမှာ "မေတ္တာ"ဟာ အရေးကြီးတာပဲ။ မေတ္တာစိတ်ကို နေ့ညမပြတ် ပွားများရင် ဒေါသတရား၊ ဒေါသစိတ် ကိုယ်မှာ ပျောက်ရှင်းပြီး လွတ်ကင်း ပါတယ် ဆရာမ'

'မြန်မာစကားပုံမှာ တစ်ဦးမေတ္တာ တစ်ဦးမှာ ရှိတယ် မဟုတ်လား ဆရာ'

ယုမိစံက ပြုံးပြုံးကလေး မေးသည်။

'ရှိတာပေါ့ ဆရာမ၊ ကိုယ့်ကို ဘယ်လောက်မုန်းနေပါစေ၊ ကိုယ်က



BURMESE CLASSIC .com

www.burmeseclassic.com



မေတ္တာမပျက်ပါနဲ့၊ ဖြူစင်တဲ့မေတ္တာ ကိုင်စွဲထားပါ။ တစ်နေ့ကျရင် ဒီမေတ္တာရဲ့ အင်အားကို ဘယ်သူမှ မလှန်နိုင်ပါဘူး ဆရာမ'

မောင်မောင်သည် ငြိမ်သက်လျက်၊ သူ့အား ဂျပန်ကို မုန်းတီးသူအဖြစ် စောင်းချိတ်၍များ ပြောနေကြရော့သလားဟု မလုံမလဲ ထိုင်နေရသည်။

'ဟို. . . နတ်သမီးရုပ်ကကော ဆရာမ'

ဦးသက်လွင်သည် မေတ္တာအကြောင်း၊ မေတ္တာစကား၊ မောင်မောင့်ရှေ့၌ ပြောခွင့်ကြုံရခြင်းကို သူ့စိတ်ထဲ၌ ထူးထူးကဲကဲ ကြည်နူးသွားသည်။

'ဒီပုံက ဂျပန် "ကံနုံဆံမ" မယ်တော်နတ်သမီးပုံပါ၊ သူ့လက်တစ်ဖက်က ကိုင်ထားတဲ့ သစ်ခက်က မြန်မာလူမျိုး နားလည်အောင် ကျွန်မပြောရရင် "အောင်သပြေခက်" ဆိုပါတော့ ဆရာ။ တစ်ဖက်က ပုလင်း ကိုင်ပြီးအောက်က ကလေးပေါ်ကို ရေလောင်းချနေတဲ့ အဓိပ္ပာယ်က မေတ္တာ ရေစင်ဖျန်းပက်နေတဲ့ သဘောပါ။ ကလေးပုံက တင်စားထားတာပါ၊ ခုနစ် ရက်သားသမီးကို ဆိုလိုချင်တဲ့ အဓိပ္ပာယ်ပါ'

ဒေါ်အောင်မေသည် ဝါးဖြင့် ရက်ထားသော ခြင်းကလေးသုံးခုကို ဗန်းပေါ်တင်၍ လာပို့ပေးသည်။ ဒေါ်အောင်မေက ဦးသက်လွင်ကို မောင်မောင့် ကျောနောက်မှ မောင်မောင့်ကို မေးတစ်ချက်ထိုး၍ ပြုံးပြပြီးမှ ထွက်သွားသည်။ ခြင်းထဲ၌ ရောင်စုံမျက်နှာသုတ်ပဝါ အငယ်လေးများ လိပ်ခေါက်လျက် ထည့်ထားသည်။

'ဆရာ လက်သုတ်ပါ၊ မျက်နှာက ချွေးသုတ်ရင်းလည်း ရပါတယ်။ ဂျပန်ထုံးစံက အစားမစားခင် ဒီအဝတ်ကလေးနဲ့ ချွေးသုတ်လေ့ ရှိပါတယ်၊ ဂျပန်လို "အိုရှီးဘောရိ"လို့ ခေါ်ပါတယ် ဆရာ'

ယုမိစံက သူ့အတွက် ခြင်းထဲမှ လက်သုတ်ပဝါ ရေညှစ်လာသော အစိုအလိပ်ကလေးကို ဖြန့်၍ သူ့လက်ခုံကလေး ဟိုဘက်သည်ဘက် လှန်၍



BURMESE CLASSIC .com

www.burmeseclassic.com



သုတ်ပြလိုက်သည်။ လက်သုတ်ပဝါမှ အမွှေးနံ့သည် ထောင်းခနဲ ကြိုင်သွား သည်။

ဦးသက်လွင်က ယုမိစံ လုပ်သလို လိုက်၍လုပ်သည်။ မောင်မောင်က မသုတ်ဘဲ မပြုံးချင်ပြုံးချင် ပြုံး၍ ခေါင်းခါပြလိုက်သည်။

ဒေါ်အောင်မေ အခန်းထဲသို့ နောက်တစ်ခေါက် ရောက်လာသည်။ ဂျပန် ဆာကီး အရက်ပုလင်းများကို ဆာကီး အရက်သောက်ခွက်၊ ကြွေ ညောင်ရေအိုး အသေးစားပုံစံ အရက်ခွက် သုံးလုံး၊ ဗန်းဖြင့် ယူလာသည်။

ယုမိစံက ထိုင်ရာမှပင် လှမ်းယူကာ အသီးသီးရှေ့၌ နေရာချ ပေးသည်။

'ဆာကီး အရက်နည်းနည်းသောက်ပါ ဆရာ'

ယုမိစံသည် ပြောပြီး အရက်ပုလင်းကို ဖွင့်ရန် ကိုင်လိုက်သည်။

'ကျွန်တော် မသောက်တတ်ပါဘူး ဆရာမ။ အရက်မပြောနဲ့ ကျွန်တော်က ဆေးလိပ်တောင် အနံ့ခံလို့ မရပါဘူး ဆရာမ'

ဦးသက်လွင်က ပြုံး၍ ငြင်းသည်။

ယုမိစံက ဦးသက်လွင် အရက်ခွက်ထဲ၌ ငှဲ့ထည့်ပေးရင်း ပြုံးချိုစွာ တောင်းပန်လိုက်သည်။

'အရက်ဆိုလို့ ပြင်းတဲ့အရက် မဟုတ်ပါဘူး ဆရာ၊ ပေါ့ပေါ့လေးပါ။ နှုတ်ခမ်းဆွတ်ရုံ၊ ထိရုံပဲဖြစ်ဖြစ် သောက်ပါဆရာ'

'မသောက်တတ်လို့ပါ ဆရာမ'

ဦးသက်လွင်က အားနာနာဖြင့် ငြင်းရသည်။

'နှုတ်ခမ်းထိရုံပါ ဆရာ၊ ဂျပန်ထုံးစံရှိလို့ ကျွန်မ ဧည့်ခံတာပါ'

ယုမိစံ အရက်လောင်းငှဲ့နေသော ပုံသဏ္ဌာန်ကို ကြည့်လျက် မောင်မောင့် မျက်စိထဲ၌ အင်္ဂလိပ်ရုပ်ရှင်ကားကို သတိရမိသည်။ အင်္ဂလိပ် ရုပ်ရှင်ကားထဲ၌ ဂျပန်ထမင်းဝိုင်းတွင် ယောကျ်ားများကို ပြုစုနေသော ဂျပန်

www.burmeseclassic.com



ဂေရှာမလေး အရက်ငှဲ့ပေးနေပုံကို ဖျတ်ခနဲ သတိရ မြင်ယောင်လိုက်ခြင်းကြောင့်၊ ယုမိစံကို မောင်မောင့် မျက်စိအမြင်ထဲ၌ ဂေရှာအမြင်မျိုး ပြောင်းမြင်သွားသည်။

ဦးသက်လွင်သည် ယုမိစံ တောင်းပန်ခြင်းကို ထပ်ပြင်းရလျှင် ရိုင်း ရာ ကျတော့မည် စိုးသဖြင့်၊ အရက်ခွက်ကို ကောက်၍ကိုင်လိုက်ကာ နှုတ်ခမ်း ၌ တေ့လိုက်ပြီး ပြန်ချထားလိုက်သည်။

ဦးသက်လွင် အရက်ခွက် ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ မောင်မောင့် ရင်ထဲ၌ တစ်မျိုးတစ်မည်ကြီး ဖြစ်သွားသည်။ ဘယ်သူ့မျက်နှာမှ မကြည့်ချင်ဘဲ ဖြစ်နိုင်လျှင် အခန်းထဲမှ ထွက်သွားချင်လောက်အောင် စိတ် ကုန်သွားလေသည်။

'မောင်မောင်ကော. . .'

ယုမိစံက မောင်မောင့်ဘက်သို့ လှည့်၍ ပြုံးမေးလိုက်သည်။ အပြုံးက အလွန်ချိုသော အပြုံး။

ဦးသက်လွင် တစ်သက်လုံး အရက် မသောက်တတ်ပါဘဲနှင့် ဒီအထိ ယုမိစံကို လိုက်လျောရပါ့မလားဟု ဦးသက်လွင် အပေါ်၌ ရင်နာလို့မဆုံး ဖြစ်နေခိုက်၊ သူ့ဘက်သို့ လှည့်လာသော ယုမိစံကို နှုတ်ဖြင့် မဖြေဘဲ ခါးခါး တူးတူး အမဲ့ဖြင့် ခေါင်းယမ်းပြလိုက်သည်။

ဒေါ်အောင်မေ ယူလာသော အဖုံးပိတ် ယွန်းဟင်းချိုခွက်များကို ယုမိစံက လှမ်းယူ၍ ခုံပေါ်၌ သူ့နေရာနှင့်သူ ချလိုက်သည်။

ယုမိစံသည် သူ့ရှေ့၌ရှိသော ဟင်းချိုခွက်ကို လက်ကလေး ယှက်၍ ရှိခိုးပြီးမှ ပြောလိုက်သည်။

'အိုဇူရီမို့နို့ ဟင်းချိုပါ ဆရာ၊ သောက်ကြပါ'

ဟင်းချိုဆိုသော်လည်း ဇွန်းမတွေ့ဘဲ တူသာရှိ၍ ဦးသက်လွင်က တူနှင့် ဘယ်လို သောက်ရမှန်းမသိ ဖြစ်နေစဉ်၊ ယုမိစံက 'ဒီလိုပါ ဆရာ' ဆိုကာပြလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခွက်ကို လက်ဝါးပေါ်၌တင်ကာ လက်တစ်ဖက်က တူကိုင်လျက် ရေသောက်သလို ခပ်ဖြည်းဖြည်း သောက်ပြသည်။ အထဲက အဖတ်များကို တူဖြင့် ဆယ်ယူစားသည်။

ဦးသက်လွင်က ယုမိစံပြသည့် ပုံစံအတိုင်း ယူသောက်သည်။ မောင်မောင်က မသောက်ဘဲ နေသည်။ မောင်မောင့်ကို ဦးသက်လွင် လှမ်းကြည့်လိုက်မှ လက်နှစ်ဖက်ဖြင့် ခွက်ကို ချီပင့်၍ အနည်းငယ် သောက်သည်။

ပင်လယ်ငါး လတ်လတ်ဆတ်ဆတ်ကို အစိမ်းလိုက် ပါးပါးကလေး လှီး၍ ပန်းကန်၌ ကြည့်လှအောင် ထောင့်တန်းစီတန်း၍ တစ်ကန့်၊ ချင်းစိမ်း မှုန့်၊ ပူတီနာ၊ ဂျပန်ငံပြာရည် တစ်ပွဲစီ ချပေးသည်။

'ဆရာ ဒိုးစို့၊ မောင်မောင် ဒိုးစို့'

ယုမိစံက စားရန်ပြောသဖြင့် ဦးသက်လွင်က မသင်္ကာသော မျက်လုံး ဖြင့် 'ဒါ ငါးအစိမ်းလား ဆရာမ' မေးလိုက်သည်။

ယုမိစံက ရယ်မောလိုက်သည်။

'ဟုတ်တယ် ဆရာ၊ ပင်လယ်ငါးကို အစိမ်း ပါးပါးကလေး လှီးထားတာပါ၊ အိုဆာရှီမီး ခေါ်ပါတယ်။ ချင်းစိမ်းမှုန့်နဲ့ ငံပြာရည်နဲ့ တို့ပြီးစားရင် အရသာ ရှိပါတယ်'

ဦးသက်လွင်သည် စားရန် တွန့်သွား၏။ မောင်မောင်ကား ငါးကို အစိမ်းလိုက် ဝါးစားရန် ကြားရရုံဖြင့်ပင် အော်ဂလီ ဆန်သွားသည်။

ယုမိစံက အသားတစ်တုံး စားကြည့်ရန် အတင်း တိုက်တွန်းသည်။ ဦးသက်လွင်က လက်ကာ၍ တောင်းပန်၏။ မောင်မောင်က နှာခေါင်းရှုံ့၍ ခေါင်းခါနေ၏။

ငါးအစိမ်းတစ်လွှာကို ယုမိစံက တူဖြင့် ညှပ်ယူကာ ချင်းစိမ်းမှုန့်ရည်နှင့် ငံပြာရည်နှင့် လူး၍ စားပြလိုက်သည်။ သူ စားပြီး. . . 'နည်းနည်း မြည်းကြည့်ပါ ဆရာ' တောင်းပန်ပြန်သည်။

'ဒီချင်းမှုန့်က "ဝဆာဘီ"ခေါ်ပါတယ်၊ သိပ်ပြင်းပါတယ်၊ ရေ



BURMESE CLASSIC .com

www.burmeseclassic.com



တစ်စက် နှစ်စက်နဲ့ ဖျော်ရပါတယ်၊ ဘယ်လောက် ပြင်းသလဲဆိုရင် နှာခေါင်း ပိတ်နေတဲ့ လူက သူ့အနံ့ရရင် ချက်ချင်း နှာခေါင်းပွင့်သွားပါတယ်၊ အရမ်း ပူပါတယ်။ ငါးအသားက သူနဲ့ လူးလိုက်တော့ တစ်ခါတည်း ပူလွန်းလို့ ကျက်သွားပါတယ်။ ပန်းကန်ထဲမှာ မြင်ရတာ၊ အစိမ်းပါ၊ သူနဲ့ထိရင် အသားက ကျက်ပြီး ငံပြာရည်နဲ့ တို့လိုက်တော့ အရသာ ရှိလာပါတယ်။ နည်းနည်းစားပါ ဆရာ'

ဦးသက်လွင်တို့ ငါးအစိမ်း မစားရဲကြခြင်းကို ယုမိစံက စားရဲအောင် ရှင်းပြောပြလျက် စားရန် တိုက်တွန်းသည်။

ဦးသက်လွင်မှာ ပုစွန်ချဉ်၊ ငါးချဉ်တောင် စားသေးတာပဲဟု သူ့စိတ် ကို သူတင်းကာ၊ ငါးအသားတစ်ခုမှ လက်တစ်ဆစ်ခန့် တူဖြင့် ညှပ်ဖြတ် လျက် ချင်းမှုန့်၊ ငံပြာရည်နှင့် လူး၍ မဝါးဘဲ မျိုချလိုက်သည်။

နီမြန်းနေသော ငါးအစိမ်း အသား လတ်လတ်ဆတ်ဆတ်ကို ဦးသက်လွင် တူဖြင့် ညှပ်လိုက်ခြင်းကို မြင်ရရုံဖြင့် မောင်မောင် ပျို့တက် သွားကာ အန်ချင်လာသည်။

'မောင်မောင် နည်းနည်း စားပါ'

မောင်မောင်က ဦးသက်လွင်ကို အားနာစိတ်မပေါ်ဘဲ ခပ်ရိုင်းရိုင်း ပင် ပြောလိုက်သည်။

'ကျွန်တော်က သားစိမ်း ငါးစိမ်း မစားတတ်ဘူး ဆရာမ'

ယုမိစံက ရယ်မောလျက်. . . 'ကောင်းပြီ မောင်မောင်၊ အကျက် စားရမယ်'ဟု ဆိုလိုက်သည်။

မီးကင်ထားသော ငါးသလောက် အကောင်ကြီးတစ်ကောင် ပန်းကန် ကြီးထဲ၌ စန့်နေလျက် ထင်းရှူးပင်မှ ထင်းရှူးရွက်ကလေးများ အလှရံထား သည်က တစ်ပွဲ။ ပုစွန်ကောင်လုံးကြော်များကို အောက်က စက္ကူခေါက် ခံလျက် စက္ကူပေါ်၌ တင်ထားသော ပွဲကြီးက တစ်ပွဲ။ သခွားသီး၊ မုန်လာဥ အဖြူ မုန်လာဥအနီ၊ ရိပ်ရိပ်နုပ်နုပ် လှီး၍ ငံပြာရည်၊ ရှာလကာရည်၊ သကြား၊

www.burmeseclassic.com



အချိုမှုန့်တို့ ဖျော်ဆမ်းထားခြင်းက တစ်ပွဲ။ သခွား၊ မုန်လာ အဖြူရောင်ထဲ၌ သခွားခွံ အစိမ်း၊ မုန်လာဥ အနီ၊ အစိမ်းရောင် အနီရောင် ပြောက်တိပြောက်ကျား ရောလျက် မျက်စိကျအောင် ဆွဲဆောင်ထားသည်။

'ဟင်းပွဲတွေက စားဖို့ မကောင်းဘူး၊ ဒီအတိုင်း အလှထိုင်ကြည့်နေဖို့ ကောင်းတယ် ဆရာမ'

ဦးသက်လွင်သည် ဟင်းပန်းကန်များ လှပစွာ ပြင်ဆင်ထားပုံကို ကြည့်၍ ရယ်မောလိုက်သည်။

'ဂျပန်က စားတဲ့အစာမှာ ပထမ မျက်စိနဲ့ အရသာခံတတ်ပါတယ် ဆရာ၊ မျက်စိနဲ့ အရသာခံပြီးမှ လျှာနဲ့ အရသာ ခံပါတယ်'

ယုမိစံက ငါးသလောက်မှ အသားကို တူဖြင့် ဖဲ့ညှပ်ယူလျက်၊ ဦးသက်လွင်နှင့် မောင်မောင့် ပန်းကန်ထဲသို့ ထည့်ပုံပေးသည်။

'မောင်မောင် စားပါ၊ ဒါက ကင်ထားတဲ့ အကျက်ပါ။ မမတို့ ဂျပန်မှာတော့ ရွှေငါးလို ငါးမျိုးကို မီးကင်စားတယ်၊ "ယာကီဆာခါန" ခေါ်ပါတယ်၊ သိပ်ကောင်းတယ်။ မမတို့ ဂျပန်လူမျိုးက ငါးရဲ့ သဘာဝ အရသာ ထွက်အောင် အစိမ်းလည်း စားတယ်၊ မီးကင်ပြီးလည်း စားတယ်။ ငါးကို ငရုတ်သီးနဲ့၊ ဆီနဲ့၊ ကြက်သွန်နဲ့ ချက်စားတဲ့ အရသာထက် မီးကင်ပြီး စားတဲ့ အရသာက ငါးကြင်းဆို ငါးကြင်း သဘာဝအရသာ ပေါ်လာတယ်။ ငါးသလောက်ဆိုရင် ငါးသလောက် သဘာဝအရသာ ပေါ်လာတယ်။ မုန်လာဥ ချိုချဉ်နဲ့ စားပါ'

'ဆရာ. . . ဒိုးစို့'

ငါးသလောက်ကင်ကို အရသာ တွေ့ကြသည်။

ဝါးဖြင့်ညှပ်ပြီး အသားလွတ် ဆားနယ်၌ ကင်ပုံမျိုး မဟုတ်။ အရသာရှိအောင် ရှာလကာရည်၊ ငံပြာရည်ဖြင့် နယ်ပြီး ခပ်စိုစို ကင်ထားသည်။ ယုမိစံ ပြောသည့်အတိုင်း ချိုလေးနေသော ငါးသလောက် အရသာမှာ မွှေး၍ ပေါ်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ငါးသလောက်သာမက ပုဇွန်ကြော်ကလည်း အရသာရှိလှ၍ ဦးသက်လွင် တဝကြီး စားလိုက်သည်။ အရက်ပုလင်းများမှသာ သောက်မည့်သူ မရှိ၍ ခုံပေါ်၌ မျက်နှာငယ်၍ နေကြ၏။ ယုမိစံက မောင်မောင် မကြိုက်ဘူးထင်၍ အရက်သောက်ရန် ထပ်၍ မတိုက်တွန်းဘဲ နေလိုက်သည်။

သူ ကျွေးသည့် ထမင်းကို မောင်မောင် လာစား၍ ဝမ်းမြောက်ခြင်းက ယုမိစံ ရင်ထဲ ပြည့်မောက်နေခြင်းကြောင့် များများ မစားနိုင်။ မောင်မောင့် ကို ထည့်ပေးရလျှင် သူပါ စားရသလိုပင် ဝသွားသည်။

'ဒီပုဇွန်က ဂျပန်လို "တင်ပူရာ"ခေါ်ပါတယ်၊ ကြက်ဥနဲ့ လုပ်တာပါ၊ များများစားပါ မောင်မောင်'

မောင်မောင်သည် တို့ကနန်း ဆိတ်ကနန်း၊ မစားချင်သလိုလို စားနေ ရာတွင် ပုစွန်ကြော်ကိုတော့ စားသဖြင့် ယုမိစံ ဝမ်းသာနေသည်။ တူဖြင့် ကျင်ကျင်လည်လည် စားတတ်ပုံလည်း သဘောကျလှသည်။

ကြက်သား အတုံးကလေးများ နီရဲနေအောင် ကြော်ထားလျက် ခရမ်းချဉ်သီး အလုံးလိုက် ရံထားကာ တစ်ပွဲစီ ချပေးသည်။

ယုမိစံသည် ကြက်သားတစ်တုံးကို ဂျပန်ငံပြာရည် ခွက်ထဲ၌ နှစ်စိမ်လျက် စားလိုက်သည်။ မောင်မောင်သည် ယုမိစံ လုပ်သကဲ့သို့ ကြက်သားတစ်တုံးကို တူဖြင့် ယူ၍ ငံပြာရည် နှစ်လိုက်ကာ စားလိုက်သည်။

မောင်မောင့် စားပုံကိုကြည့်၍ ယုမိစံ ကြည်နူးလွန်းရသည့်အတွက်၊ ရင်ထဲ၌ ချမ်းမြေ့ ပေါ့ပါးသွားကာ သုခသည် အတိုင်းမသိ ဖြစ်ရသည်။

နောက်ထပ် တံစို့ထိုး၍ ကင်ထားသော အသားကင်များ တစ်ပွဲစီ ချပေးသည်။ တံစို့၌ အသားချည်း ကင်ထားခြင်း မဟုတ်ဘဲ ကြက်သွန်မြိတ်၊ တို့ဟူးများပါ တံစို့၌ ညှပ်ထားသည်။

'အမဲသားပါ ဆရာ၊ မီးနဲ့ မကင်ခင် ပဲငါးပိ၊ သကြား၊ သံပရာရည် သုတ်ပြီးမှ အကြိမ်ကြိမ် သုတ်လိုက်ကင်လိုက် လုပ်ထားတဲ့ အသားပါ'

ယုမိစံသည် ကီမိုနို အကျီလက်ကို လက်တစ်ဖက်က သိမ်းဖယ်၍



BURMESE CLASSIC .com

www.burmeseclassic.com



အသားကင်များကို လှမ်းယူထည့်ပေးသည်။ အကျီလက်ဖျားကို လက်တစ်ဖက်က သိမ်းဖယ်လျက် ကိုယ်ယူဟန် အမူအရာကလေးသည် ချစ်ဖွယ် ရာကောင်းအောင် သေသပ်လှပသည်။

'မောင်မောင် အမဲသား မကြိုက်ဘူးလား'

မောင်မောင်သည် အသားကင်ကို ဟုတ်တိပတ်တိ မစားဘဲ မြည်းရုံ လောက်သာ စားသည်။

'အမဲသား သိပ် မကြိုက်ပါဘူး'

မောင်မောင့်ကို တစ်ချိန်လုံး ဂရုစိုက်ကြည့်ရလွန်းသဖြင့် သူ စားရန် ပင် အာရုံမရောက်ဘဲ မေ့နေသည်။ မောင်မောင့် အဖြေနှင့် မျက်နှာချင်း ဆိုင်ခွင့်ရ၍ ရွှင်ပြုံး ချိုသာလျက်ရှိသည်။

ဦးသက်လွင်သာ အသားကင်ကို အားပါးတရ စားသည်။ မောင်မောင်က စားသည်ဆိုရုံမျှ၊ သိပ်မကြိုက်၊ ပုစွန်ကြော်မှတစ်ပါး အခြား ဂျပန်ဟင်းလျာများကို အရသာခံ၍ မရဘဲ အမြင်သာ လှတယ်၊ အရသာ မကောင်းဘူးဟု သူ့စိတ်ထဲ၌ မှတ်ချက်ချနေသည်။

မောင်မောင် အရယ်ချင်ဆုံးမှာ နောက်ပိတ်ဆုံး ထမင်းနှင့် မုန်လာချဉ်ဖတ်ပေးခြင်းကို ရယ်ချင်လှလေသည်။ ထမင်းနှင့်စားရန် အစိမ်းရောင် စက္ကူလို အချပ်ကလေးလည်း ပါ၏။

ဂျပန်လူမျိုးများ နောက်ဆုံးမှ ထမင်းအဖြူနှင့် ချဉ်ဖတ်စားခြင်းကို ယုမိစံက ရှင်းပြောပြသည်။

'သားတွေ၊ ငါးတွေ၊ အဆီတွေ စားပြီး နောက်ဆုံး ပါးစပ်ထဲမှာ ခံတွင်းရှင်းသွားအောင် ဒီထမင်းနဲ့ ချဉ်ဖတ်ကို စားပါတယ်။ ထမင်းက ဂျပန်ပြည်က ယူလာတဲ့ ဆန်နဲ့ ချက်တာပါ'

စောစောက ဟင်းရံတွေကို ဤထမင်းနှင့်သာ စားလိုက်ချင်တော့သည်။ ထမင်းမှာ ဖွေးဖြူလျက် ကောက်ညှင်းကဲ့သို့ စေးထွေးနေသော ဆန်မျိုးဖြစ်သည်။ ထမင်းအဖြူသက်သက်နှင့် ချဉ်ဖတ်ကို ဦးသက်လွင် မစားတတ်၍ ခွကျနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ရေညှိစိမ်းရောင် စက္ကူကဲ့သို့ အချပ်ကလေးကို ယူ၍ ဝါးသဖြင့်. . . 'ဒါ ဘာစက္ကူလဲ'ဟု ဦးသက်လွင်က မေးလိုက်သည်။

'ဒါ ပင်လယ်ရေညှိပါ ဆရာ၊ "ယာကိနိုရိ" ခေါ်ပါတယ်၊ စက္ကူလို လုပ်ထားတာပါ၊ ဝါးလို့ ကောင်းပါတယ်'

ဦးသက်လွင်သည် အရသာရှိသော ဂျပန်ဆန်ဖြင့် ချက်ထားသော ထမင်းကို ချဉ်ဖတ်နှင့် စားမဖြစ်ဘဲ၊ ထမင်းအဖြူသက်သက်ကို ပန်းကန်လုံး တစ်ဝက်ကုန်အောင် စားလိုက်သည်။

'စားကြည့်. . . မောင်မောင်၊ ဂျပန်ဆန် တော်တော် အရသာရှိတယ်'

ဦးသက်လွင်က မောင်မောင့်ကို စားကြည့်ရန် တိုက်တွန်းလိုက်သည်။ မောင်မောင်က ဂျပန်ပြည်က ယူခဲ့သော ဆန်ဆိုသဖြင့် စားကြည့်ရန်ပင် စိတ်မပါဘဲ. . .'ကျွန်တော် ဝပါပြီ'ဟု လှည့်ပြောလိုက်သည်။

ထမင်းအပြီး ဂျပန်နာနတ်သီးဘူးများ ဖောက်၍ အချိုကျွေးသည်။ ပြီးမှ ဂျပန် "ယိုကူရို" လက်ဖက်ရည်ကြမ်း တိုက်လေသည်။

လက်ဖက်ရည်ကြမ်းမှာ အထူးအရသာရှိ၍ နှစ်ခွက် သုံးခွက် ဆင့်သောက်ကြသည်။

ယုမိစံက မောင်မောင်ကြည့်ရန် ဂျပန်ပြည်ရှုခင်းများ၊ ဓာတ်ပုံများကို ပြသည်။ မောင်မောင်က စိတ်မပါ့တပါဖြင့် လှန်၍ ကြည့်နေခိုက်၊ ယုမိစံက ဓာတ်ပုံစာအုပ်၌ ညှပ်ထားသော ဓာတ်ပုံနှစ်ပုံကို ဆွဲထုတ်လျက် မောင်မောင့်ကို ပြလိုက်သည်။

'ဒီပုံက အဘိုးနဲ့ အဘွား ဓာတ်ပုံ'

မောင်မောင် ဓာတ်ပုံများကို ကြည့်နေခိုက် ယုမိစံနှင့် ဦးသက်လွင်တို့ တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်း စကားပြောလျက် ရှိကြသည်။

ဦးသက်လွင်က ဓာတ်ပုံများကို ယူကြည့်ရင်း. . . 'ဆရာမ အဘိုးအဘွားက ဆရာမ အပြန်ကို စောင့်နေကြမှာပဲ' ပြောလိုက်သည်။

ယုမိစံက ပြုံးမယောင် အပြုံးဖြင့်သာ ရင်ထဲက ဝေဒနာကို မျိုသိပ်လျက် ခပ်အေးအေး ပြောသည်။

www.burmeseclassic.com



'ကျွန်မ အဘိုး အဘွားက ကျွန်မနဲ့ မခွဲဖူးတော့ မျှော်လှပြီ ဆရာ'

'ဆရာမ ဘယ်တော့ ပြန်လာမလဲ. . . ကျောင်းဖွင့်ခါနီးမှလား'

ကျောင်းပိတ်လျှင် ဆရာမ ပြန်မည်ဆို၍ မောင်မောင် ကျိတ်ဝမ်းသာ နေသည်။ ယုမိစံ အိမ်မလာလျှင် မျက်စိနောက်စရာ မရှိ။ ပြန်လာမှပင် မလိုလားသည့် စိတ်များ တဖွားဖွား ပေါ်လာသည်။

'မေလမှာ ကျွန်မ ပြန်ခဲ့ပါမယ်။ မောင်မောင် ဂျပန်က ဘာလို ချင်သလဲ၊ လိုချင်တာရှိရင် ပြောပါ၊ မောင်မောင့်အတွက် မမ ဝယ်ခဲ့မယ်'

မောင်မောင်က ယုမိစံကို မကြည့်ဘဲ ဖြေလိုက်သည်။

'မလိုချင်ပါဘူး'

'ကင်မရာကော မလိုချင်ဘူးလား'

မောင်မောင်က ခေါင်းယမ်းလိုက်သည်။

'လက်ပတ်နာရီကော'

'ဘာမှ မလိုချင်ပါဘူး'

စကား အချီအချ ရှည်ရှည်ဝေးဝေး မပြောလိုသဖြင့် မောင်မောင်က အပိတ်ပြောသည်။

'ဆရာမ ကျောင်းမှာ စာသင်ရတာ စိတ်တိုင်းကျရဲ့လား၊ ကျေနပ် ကဲ့လား'

ဦးသက်လွင်က စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။

'ကျေနပ်ပါတယ် ဆရာ၊ ကျောင်းသူကျောင်းသားများ ဂျပန်စာကို လိုလိုချင်ချင်နဲ့ ကြိုးစားပြီး သင်ကြပါတယ်။ မြန်မာ ကျောင်းသူကျောင်းသာ တွေကို ဂျပန်စာ သင်ခွင့်ရတာ ကျွန်မ ဝမ်းသာပါတယ်'

'မန္တလေးကော ဆရာမ တော်တော် နှံ့ခဲ့ရဲ့လား'

ယုမိစံက သွက်သွက်လက်လက် ပြန်ပြောသည်။

'တော်တော်နှံ့ပါတယ် ဆရာ၊ ပုဂံသွားပြီးမှ မန္တလေးကို သွားတာ၊ ပုဂံက လွမ်းစရာကြီး။ ပုဂံ လွမ်းစရာ ကောင်းသလောက် မန္တလေးက

www.burmeseclassic.com



မနေ့ တစ်နေ့က အဖြစ်အပျက် တစ်ခုလိုပဲ စိတ်ထဲမှာ ပူပူနွေးနွေး ခံစားခဲ့ရ ပါတယ်။ ဖုန်ထူတာ နေပူတာတော့ ပုဂံထက် ဆိုးပါတယ်၊ ပြင်ဦးလွင် ရောက်မှ အေးသွားပါတယ်'

ယုမိစံတို့ စကားကောင်းနေခိုက် မောင်မောင်သည် သူကြည့်ရန် ချပေးထားသော မဂ္ဂဇင်းများကို ကောက်ကိုင်လျက်၊ တစ်ရွက်ပြီးတစ်ရွက် အရုပ်တွေ လှန်ကြည့်နေကာ အချိန်ဖြုန်းနေရသည်။

ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ နေမှုထိုင်မှု အဆင့်အတန်း မြင့်မားခြင်း စသော ယနေ့ မျက်မှောက်ခေတ် ဂျပန်ကို မောင်မောင် သိရှိရစေရန်၊ စိတ်ဝင်စားစေရန် မဂ္ဂဇင်းရုပ်စုံများက အထောက်အကူ ပေးလျက် ရှိသည်။

မောင်မောင်သည် အမြင်သာ နီးလျက်၊ စိတ်ကတော့ ဝေးလှသည်။ ဂျပန် အရှိန်အဝါ အငွေ့အသက်သည် မောင်မောင့်ကို ညွတ်ဖမ်း၍ မရ။ ဂျပန်လူမျိုးနှင့် သူနှင့် လူမျိုးတစ်မျိုးစီ ခြားထားသည့် ဝေးလံလှသော စိတ်ဖြင့် သာ တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်နေသည်။

ယုမိစံ တောင်းလိုက်၍ ဒေါ်အောင်မေက ရက်ကော့ချိန်ချာ "ဓာတ်စက်"နှင့် ဓာတ်ပြားများ လာပို့သည်။

'ဂျပန် တေးဂီတ နားထောင်ပါဦး ဆရာ၊ ဂျပန်မှာ ခေတ်သစ် ပေါ်ပြူလာ သီချင်း၊ ရှေးကျတဲ့ ကလပ်စစ်သီချင်း၊ တန်ဂို-ဂျပ်စ်-ရှန်ကိုး တေးဂီတ အစုံရှိပါတယ်'

ဓာတ်ပြားများကို ရွေးလျက် ယုမိစံက တစ်ချပ်ပြီး တစ်ချပ် ဖွင့်ပြသည်။ ခေတ်သစ်တေးသံတို့ကား ဂျပန်သီချင်း ဆိုလိုက်၍သာ ဂျပန်သီချင်း မှန်း သိရသည်။ ဂီတသံတို့သည် ကမ္ဘာ့ဂီတ သံစုံ တီးဝိုင်းကြီးများဖြင့် တီးသော ဂီတသံများ အတိုင်းပင် ဖြစ်သည်။

ဓာတ်ပြားတစ်ချပ် ဖွင့်ပြီးတိုင်း ယုမိစံက မောင်မောင့်ကို ကြိုက်သလား မေးရသည်မှာ အမော။ ခေတ်ဆန်သည့် တီးကွက်များကို မောင်



BURMESE CLASSIC .com

www.burmeseclassic.com



မောင် နားစိုက်လျက်။ အင်္ဂလိပ် ဂီတသံ၊ ပြင်သစ် ဂီတသံတို့နှင့် ထူးမခြားနား ရှိပုံကို မောင်မောင် တွေးမိသည်။

ယုမိစံက နောက်ဆုံး ဓာတ်ပြားတစ်ချပ်ကို ရွေးကာ ဖွင့်မပြခင်၊ လေးနက်သော အသွင်ဖြင့် ဖြည်းညင်းစွာ ပြောပြသည်။

'ဆရာ ဒီသီချင်းကို ပထမ နားထောင်ပါ၊ စိတ်မှာ ခံစားပြီး နားထောင်ပါ၊ ပြီးတော့မှ ကျွန်မ အဓိပ္ပာယ် ပြန်ပြပါမယ်။ အဓိပ္ပာယ် ပြန်ပြပြီးတော့ တစ်ခါ ဒါကိုထပ်ပြီး နားထောင်ပါ၊ ဘယ်လောက်ကောင်းသလဲ ဆိုတာ ဆရာ သိပါလိမ့်မယ်'

ဦးသက်လွင်သည် ယုမိစံ၏ စကားချီးကြောင့် သူ့နားကို ပို၍ စွင့်ထားသည်။ ခံစားမှု ရှိသည်ဆို၍ နှလုံးသား၌ ခံစားရန် အသင့်ပြင်ထားသည်။

ယုမိစံက ဖွင့်လိုက်သည်။

ဂီတသံတွေထဲ၌ ကြားရသော ဂျပန် တေးသီချင်းနှင့် ဂီတသည် အသံ အလွန်အေးလျက်၊ ကရုဏာရသ မြောက်အောင် လွမ်းဆွတ်ဖွယ်ရာ ကောင်းလှသည့် ဆိုသံမျိုးနှင့် တီးသံမျိုး ဖြစ်သည်။

ဘာတွေဆိုနေမှန်း မသိကြရသော်လည်း သီဆိုနေသော အမျိုးသမီး၏ တေးသံမှာ ကြားရသူ၏ နားကို ပထမ အေးမြသွားစေပြီးမှ ဂီတနှင့် ပင်လယ်လှိုင်းသံများ တွဲဖက် ပေါ်လာကာ တဖြည်းဖြည်း ကြားရသူ၏ အသည်းနှလုံးကို ကိုင်လှုပ်လိုက်သကဲ့သို့ ခံစားရအောင် တစိမ့်စိမ့် ကြေကွဲ၍ လာကြရသည်။ ပင်လယ်ပြင်မှ လှိုင်းလုံးကြီးတို့သည် ဂီတသံများကို ဖုံးလွှမ်းကာ အရှိန်ပြင်းစွာဖြင့် ကမ်းသို့ လိမ့်တက်လာသော အသံ၊ ကမ်းကို တဝုန်းဝုန်း ရိုက်ပုတ်သွားကြပြီးမှ အရှိန်ကြီးစွာဖြင့် ကမ်းမှ ပြန်စီးကျသွားသော ပကတိ လှိုင်းသံတို့သည်၊ လွမ်းဆွတ်ဖွယ်ကောင်းသည့် ဂီတသံနှင့် ပေါင်းစပ်ထားမှုကြောင့် ဘာမှန်းမသိဘဲဖြင့် ရင်ခိုက်အောင် လွမ်းဖွယ်ရာ ကောင်းနေတော့၏။

www.burmeseclassic.com



'ကောင်းလိုက်တာ ဆရာမရယ်၊ ဂီတထဲမှာ ပင်လယ်လှိုင်းပုတ်နေတဲ့ အသံတွေပါ ဖမ်းပြီး ဂီတနဲ့ ထည့်သွင်းပေါင်းစပ်ထားတာ ပိုပြီး အရသာ လေးနက်နေတယ်၊ ဘာသီချင်းတုံး ဆရာမ'

ဦးသက်လွင် တစ်ဦးတည်း မဟုတ်။ မောင်မောင်ပါ ခေါင်းစိုက်လျက် ဘယ်လိုသီချင်းများလဲဟု သိချင်စိတ် ရှိနေသည်။

မောင်မောင့်ကို ယုမိစံ မျက်တောင်မခတ် ငေးစိုက်လျက် ကြည့်နေ စဉ်၊ ဦးသက်လွင်၏ အသံကြားမှ မျက်လုံးတို့ကို လွှဲလိုက်သည်။ မျက်ရည် များ ဝေ့လည်နေသလိုလိုရှိသော မျက်လုံးဖြင့် ဦးသက်လွင်ကို ဆွေးဆွေး မြည့်မြည့်ကလေး ကြည့်၍ ပြောသည်။

'ဒီဇာတ်ပြား သီချင်းနာမည်က ဂျပန်လို "တိုကီနိဝဟာဟနော နိုင့်ကိုနို့ ယိုးနိ"ခေါ်ပါတယ်၊ မြန်မာလို ဘာသာပြန်ရင် အမေမရှိတဲ့ ကလေး ဘဝ၊ မိဘမဲ့ကလေးက အမေကို တချင်တဲ့ဆန္ဒပေါ်လာတဲ့ တေးသီချင်းပါ'

ယုမိစံသည် ခဏဆိုင်း၍ ဖြည်းလေးစွာ ပင့်သက်ရှိုက်လိုက်ပြီးမှ ဆက်ပြောနိုင်သည်။

'သီချင်းရဲ့ ပထမပိုဒ် အဓိပ္ပာယ်က. . .'

'လှိုင်းတွေ အင်မတန်မှပဲ ပြင်းထန်နေတဲ့ ပင်လယ်ကြီးကို အမေ မရှိတဲ့ ကလေးက တိတ်တိတ်ဆိတ်ဆိတ် ထိုင်ပြီး ငေးစိုက်ကြည့်နေတယ်တဲ့'

'ပင်လယ်ကြီးကို ငေးကြည့်နေရာက သူ့မှာ တစ်ယောက်တည်း ဘယ်ရောက်ရောက် ရောက်ရာပေါက်ရာ လျှောက်သွားချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ စိတ်က ဂနာမငြိမ် ဖြစ်လာတယ်တဲ့။ ဟာ. . . ဒီလို ထွက်ပြေးလို့ ဘယ်ကို ပြေးရမလဲဆိုပြီး သူ့စိတ်ကို သူ ပြန်ချုပ်ထားရတယ်တဲ့။'

'အမေ မရှိတဲ့ ကလေး ဖြစ်ကြည့်စမ်းပါတဲ့။ အမေ မရှိတဲ့ ကလေး ဟာ မေတ္တာရဲ့ အရသာ ခံစားမှု လုံးဝ မရရှိတော့၊ သူများ မေတ္တာလည်း မခံယူတတ်ဘူးတဲ့၊ သူများနဲ့လည်း မေတ္တာစကား ပြောလို့မရပါဘူးတဲ့'

ခေါင်းစိုက်နေသော မောင်မောင်၏ မျက်လုံးများသည် တစ်ချိန်လုံး



BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်မှ မရွှေ့ဘဲ စိုက်ထားသည်။ ဦးသက်လွင်က ယုမိစံ၏ ဘာသာပြန် ချက်ကို ပါးစပ် မဟတဟဖြင့် နားစိုက်လျက် ရှိသည်။

ဤခေတ်ပြားကို ဖွင့်ပြသော ယုမိစံ၏ အစီအစဉ်ကို ရိပ်မိလိုက်ကာ၊ စိတ်မကောင်းလွန်း၍ ရင်ထဲ၌ တနင့်တပိုး နင့်လာလျက် လူပါ ထိုင်းထိုင်း မှိုင်းမှိုင်းကြီး လေးသွားသည်။

ယုမိစံ တောင့်တသော ဆန္ဒအတိုင်း ဤဓာတ်ပြား ဖွင့်ပြခြင်းဖြင့် ထိရောက်ပါစေဟု ကျိတ်၍လည်း ဆုတောင်းမိ၏။

'နောက်တစ်ပိုဒ်က ဆရာ'

ယုမိစံက အသံလေး မပွင့်တပွင့်ဖြင့် ရပ်လိုက်သည်။

တိမ်ဝင်သွားသည့် အသံကလေးကို ထွက်အောင် အားထုတ်လျက် ရှိနေရသည်။

'တစ်ခါတစ်ခါမှာ ဘယ်သူ့ဆီကို ပေးရမှန်းမသိတဲ့ စာအရှည်ကြီး တစ်စောင် သူ ရေးချင်ပါတယ်. . . တဲ့၊ တစ်ခါတစ်ခါလည်း သည်ဘက် ပင်လယ်ဘက်ကမ်းကနေပြီး ဟိုဘက်ပင်လယ်ကမ်းကို ရောက်လောက် အောင် "အမေရေ. . . အမေ. . . အမေ"လို့ အသံကုန် ကြုံးဟစ် ခေါ်လိုက် ချင်ပါတယ်. . . တဲ့။ ဒီလို သူ့စိတ်မှာ ဖြစ်ပျက်နေတာတွေကို သူ့ကို အပြစ် မတင်ကြပါနဲ့. . . တဲ့၊ အမေမရှိတဲ့ ကလေးဟာ မေတ္တာကို ဘယ်ပုံဘယ်လို ခံစားရမှာလဲ. . . တဲ့'

ယုမိစံသည် ဘာသာပြန်ချက် ပြီးဆုံးသွားသဖြင့် မျက်လွှာကလေး ချလိုက်ကာ၊ ကြေကွဲဝမ်းနည်းစိတ်ဖြင့် ခေတ္တ ငြိမ်သက်လျက် ရှိသည်။

"မောင်မောင်၊ မောင်မောင့်ဘဝနဲ့ မမဘဝ အတူတူပါပဲ မောင်မောင်။ မမတို့ နှစ်ယောက်စလုံး မိဘမရှိကြပါဘူး၊ မိခင်မေတ္တာ ဘာမှန်း မမတို့ မခံစားခဲ့ကြရပါဘူး။ ဒါပေမဲ့မောင်မောင် မောင်မောင့်ကိုချစ်တဲ့ မမမေတ္တာ ဟာ မောင်မောင့်အမေ မေတ္တာနဲ့ တစ်ထပ်တည်းပဲလို့ မှတ်ပါ မောင်မောင်"

ယုမိစံသည် သူ့မောင်လေးကို နှုတ်က မပြောနိုင်၍ သူ့နှလုံးသား

www.burmeseclassic.com



ထဲ၌ ဖုံးဖိ၍ ထားရသော ထိုစကားတို့သည် သူ့နှုတ်ခမ်းမှ ခုန်ထွက်လုမတတ် တဆတ်ဆတ်လှုပ်လို့ နေသည်။

ယုမိစံသည် မပြောနိုင်တာကို ချန်၍ ပြောနိုင်သလောက်ကလေးကိုတော့ သူ့နှုတ်က ပြောမိအောင် ပြောပြလိုက်သေးသည်။

'ကျွန်မဘဝဟာ အမေကို မမြင်ဖူးပါဘူး၊ ဒီဓာတ်ပြား ဖွင့်တိုင်း ကျွန်မ ဘယ်လို ခံစားမလဲ ဆိုတာ ဆရာ တွေးကြည့်စမ်းပါ'

ယုမိစံသည် ပြောပြောဆိုဆို ဓာတ်ပြားကို တစ်ခေါက် ပြန်ဖွင့်လိုက်သည်။ မောင်မောင်သည် သူ ကြားနေရသော တေးသံနှင့် ဂီတသံများကို နားပိတ်ထားချင်လောက်အောင် သူ့ရင်ထဲ၌ ဆို့လာလေ၏။ ယုမိစံ ဘာသာပြန် ပေးထားသော အဓိပ္ပာယ်များနှင့် တေးသံမှာ ဟပ်မိလျက် ရှိသည်။

အမေ ခေါ်စရာ မရှိသော သူ့ဘဝကို သတိမရဘဲ မနေနိုင်အောင် ဖြစ်လာသည်။ အမေ ခေါ်စရာ မရှိသော သူ့ဘဝကို ရင်နာလာသည်။ ဓာတ်ပြားထဲမှ လှိုင်းပုတ်သံတွေ ကျယ်လောင်စွာ မြည်ဟိန်းလာသောအခါ၊ မောင်မောင်သည် အမေ့အတွက် ဂျပန်ကို နာထားသော နာကျင်လွန်လွန်းသည့် စိတ်ဖြင့် သူ့လက်ကို တအား ဆုပ်လိုက်မိသည်။ ဓာတ်ပြားထဲမှ လိမ့်လာသော လှိုင်းတို့သည် သူ့ရင်ထဲ လိမ့်ဝင်၍ နှလုံးသားကို တဝုန်းဝုန်း ရိုက်ပုတ်နေသည်။ ပြင်းထန်လှသည့် လှိုင်းချက်များကို အောင့်နာနေအောင် မောင်မောင် ခံစားရသဖြင့်၊ ပါးစပ်ထဲ၌ သွားတွေကို ကျွတ်ထွက်ကုန်မတတ် ကြိတ်ထားမိတော့သည်။

## ၁၄

ယနေ့ ညနေပိုင်း ကောင်းကင်၌ မကြည်လင်ပေ။ တိမ်ထုတိမ်တိုက်တွေ ခဲလျက် မိုးတစ်ခွင်လုံး ညို့၍လာသည်။

ညနေကျောင်းဆင်း ကောင်းကင်ကို မောင်မောင် မော့ကြည့်လိုက်

www.burmeseclassic.com



သည်။ မှုန်ရီ မှိုင်းမှောင်လာသော မိုးသားများက ရေကုန် လွှမ်းမည့်ပုံ။ မိုးမှ လွတ်ပါ့မလားဟု ထီးမပါ၍ စိတ်တထင့်ထင့်ဖြင့် မီရာကားကို အပြေးလု တက်လိုက်ရသည်။

မကြာပါချေ။ လေပွေမွှေ့ လာကာ မိုးဖွဲမိုးသားများ မှိုင်းမည်းလာရာမှ ထစ်ချုန်းလျက် ရှိသည်။ မိုးစက်များ ကားထဲသို့ စဉ်ပက်လာသည်။ မောင်မောင်က ရွာတော့မှာပဲဟု သက်မကြီး ချလိုက်သည်။

ဟီးနိုးကားကြီးသည် ဝွတ္တလစ်လမ်းဘက်သို့ ချိုးကွေ့လာသည်။ လမ်းချိုးနား မရောက်ခင် ကားမှတ်တိုင်၌ ထိုးရပ်လိုက်သည်။

ကားပေါ်မှ မောင်မောင် ခုန်၍အဆင်း၊ မောင်မောင့်ကိုယ်ပေါ်သို့ သွန်းချလိုက်သော မိုးသည် နားကွဲအောင် အော်မြည်လျက် ရွှဲနစ်သွားသည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည့်အတိုင်း မောင်မောင်မှာ သူ့ခြေထောက်ကို မမြင်ရချေ။ ခြေမျက်စိ မြုပ်နေသော ရေထဲ၌ သူ့ခြေထောက်ကို ဆွဲယူ လျှောက်ရသည်။ မိုးနှင့်အတူ လေကလည်း တွန်းဖိတိုက်နေသည်။

မောင်မောင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုရုံမက ရင်၌ ပိုက်လာသော စာအုပ် လွယ်အိတ်မှာလည်း အကုန်စို၊ အကုန်ရွှဲ။ ရေနစ်ထားသော ကြွက်စုပ်ပမာ ရုပ်ပျက်ဆင်းပျက်ဖြင့် ခပ်သုတ်သုတ် လျှောက်လာကာ လမ်းချိုးထဲသို့ ကွေ့ချိုးသွားသည်။

ခြံထဲ၌ မြင်လိုက်ရပါပြီ။ ယုမိစံ၏ ကားဖြူကလေး. . .

ဂျပန်မှ ယုမိစံ ပြန်၍ရောက်လာသည်မှာ သုံးလခန့် ရှိပြီ။

ဂျပန်က ပြန်လာမှ ယုမိစံ အချိန်ပြောင်းသွားသည်။ ယခင်က အိမ်လာလျှင် စနေနှင့် တနင်္ဂနွေ။ ယခုတော့ စနေ၊ တနင်္ဂနွေသာ မဟုတ်။ ကျောင်း၌ သူ့အလှည့်မကျသော ညနေအချိန်တွင် အိမ်သို့ ရောက်ချင်ရောက်နေခြင်းကြောင့်၊ ယုမိစံ လာတတ်သည့် ရက်ကို ရှေးကလို သတ်မှတ် ထား၍ မရတော့ပေ။

ယုမိစံ၏ ကားဖြူထဲ၌ မှန်တံခါးများ အလုံပိတ်လျက် ကုပ်ထိုင်



BURMESE CLASSIC .com

www.burmeseclassic.com



နေသော ဆာမိကို မောင်မောင် မျက်စောင်းခဲ၍ ကြည့်သွားကာ နောက်ဖေး ဘက်သို့ ကွေ့ချိုးသွားသည်။

မီးဖိုခန်းထဲ၌ ကိုမြဖေကို မတွေ့ရ၍ ရေစိုကြီးဖြင့် အပေါက်ဝ တံစက် မြိတ်အောက်၌ ခဏ ရပ်လိုက်သည်။

'ကိုမြဖေ. . . ကိုမြဖေ'

မောင်မောင်၏ အသံသည် မိုးသံထဲတွင် လုံးထွေးနေသည်။

'ကိုမြဖေ. . . ကိုမြဖေ'

မောင်မောင်သည် လွယ်အိတ်ကို ပိုက်လျက် တဆတ်ဆတ် တုန်နေ သည်။ ကိုမြဖေ အိမ်ရှေ့ထွက်၍ ဧည့်သည်ကို ကော်ဖီများ သွားပို့နေသလား ထင်ကာ တစ်ခဏ ရပ်စောင့်နေလိုက်သည်။ ကိုမြဖေ ရုတ်တရက် ပေါ် မလာ၍ ရေစိုလွယ်အိတ်ကို အခန်းထောင့်တွင် ရေစစ်ရန် ထောင်သွင်း ထားလိုက်ကာ၊ ကိုမြဖေကို စောင့်ရင်း တံစက်မြိတ်အောက်၌ ခိုက်ခိုက်တုန် အောင် ချမ်းနေသည်။

မိုးအတန်ငယ် စဲသွား၍ မောင်မောင်၏ နောက်ထပ် ခေါ်သံကို ကြားရတော့မှ၊ မောင်မောင်တို့ အိမ်ခန်း မီးဖိုဘက်ရှိ ခြေရင်းတံခါးမှ ကိုမြဖေ ထွက်ပေါ်လာသည်။

ကိုမြဖေသည် ပြုံးစိစိမျက်နှာဖြင့် မောင်မောင့်ဆီသို့ အပြေး လှမ်း လာသည်။ နောက်ဖေး တံခါးထောင့်၌ ကပ်ထောင်ထားသော ရေစို လွယ်အိတ်မှ စီးဆင်းနေသည့် ရေစီးကြောင်းကြီးကို ကျော်လွှား၍ ကြိုးတန်းမှ လုံချည်တစ်ထည် ဆွဲယူကာ ပစ်ပေးလိုက်သည်။

တံစက်မြိတ်အောက်၌ အစိုများကိုချွတ်ကာ လုံချည်အခြောက်လဲပြီး မီးဖိုထဲသို့ မောင်မောင် ရောက်လာသည်။

စာအုပ်အစိုများကို လွယ်အိတ်ထဲမှ ထုတ်ယူ ဖြန့်လှမ်းနေစဉ် ကို မြဖေက မောင်မောင့်ကို လက်ပြခေါ်သည်။ ချွတ်နင်း နင်းသော ခြေလှမ်း မျိုးဖြင့် အခန်းထဲသို့ လှမ်းဝင်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်သည် မျက်လုံးပြူးလျက် ကိုမြဖေ၏ အမူအရာကို နားမလည်၍ လှည့်ကြည့်နေသည်။

'လာစမ်းပါ'

ကိုမြဖေသည် အခန်းတံခါး အပြင်သို့ သူ့ခေါင်းကို ပြန်ထုတ်လျက် လေသံဖြင့် မောင်မောင့်ကို လက်ပြခေါ်လိုက်ကာ၊ အခန်းထဲသို့ ပြန်ဝင်သွားသည်။ ဘုမသိ ဘမသိဖြင့် အခန်းထဲသို့ မောင်မောင် လိုက်ဝင်သွားသည်။

ကိုမြဖေသည် အခန်းနံရံကို သူ့မျက်နှာနှင့် ဘေးတိုက်ထိလျက် နားနှင့် ကပ်ထားသည်။ မောင်မောင့်ကိုလည်း သူကဲ့သို့ လုပ်စေရန် လက်ရိပ်ပြ၍ အချက်ပေးလိုက်သည်။ မောင်မောင်သည် နံရံနားသို့ တိုးသွားကာ နားဖြင့် ကပ်ထားလိုက်သည်။

အိမ်ရှေ့ ဧည့်ခန်းထဲ၌ ဦးသက်လွင်က ယုမိစံကို ကဗျာ သင်ပြနေသည်။ ကဗျာတစ်ပုဒ် ပြီးသွားသွား၍ နောက်တစ်ပုဒ် ဆက်တက်ပေးနေသည်။

**'ချာလည်ချာလည်၊ ရွှေကြေးစည်လည်း**
**သာကြည်ချိုအေး၊ နိဗ္ဗာန်တေးကို**
**ကြော်ကြွေးရာမှ ဆိတ်ခဲ့ပြီ။'**

ဦးသက်လွင်သည် သံနေသံထားဖြင့် ကဗျာကို အသံခပ်ကျယ်ကျယ် ရွတ်ဖတ် ပြလျက်ရှိသည်။ မိုးသံထဲ၌ ကောင်းကောင်းကြားနိုင်အောင် မောင်မောင်တို့ နားစွင့်ထားရသည်။

ယုမိစံသည် ကုလားထိုင် လက်ရန်းပေါ်၌ မေးထောက်၍ ကျုံ့ကျုံ့ကလေး ထိုင်နေသည်။

ထိုကဗျာအပိုဒ်ကို ဦးသက်လွင်က အဓိပ္ပာယ်ရှင်းပြရန် ဟန်ပြင်လိုက်သည်။ ယုမိစံက လက်တစ်ဖက်ပြ၍တားလျက် လှမ်းပြောလိုက်သည်။

'အရသာ ပျက်သွားပါ့မယ် ဆရာ၊ ကျွန်မ အဓိပ္ပာယ် နားလည်ပါတယ်၊ ရှေ့ဆက်ပြီး ဖတ်ပါ'



BURMESE CLASSIC .com

www.burmeseclassic.com



နံရံ၌ကပ်၍ တိတ်တိတ် ခိုးနားထောင်နေသော ကိုမြဖေသည် လျှာတစ်လစ် ထုတ်လိုက်ကာ စပ်ဖြီးဖြီး မျက်နှာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ကိုယ်တုံးလုံးနှင့် မောင်မောင်က နံရံမှခွာခဲ့ကာ စွပ်ကျယ် အင်္ကျီ ထုတ်ယူရန် ဗီရိုကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲ ဖွင့်လိုက်သည်။

ကဗျာနောက်တစ်ပိုဒ်သို့ မဆက်မီ အခန်းထဲမှ အသံက ကြမ်းလွန်း၍ ဦးသက်လွင်သည် သူ့ခေါင်းကို အခန်းဘက်သို့ သမင်လည်ပြန် လှည့်ကြည့်သည်။ ထိုအသံကြောင့် မောင်မောင် ကျောင်းမှ ပြန်လာမှန်း ယုမိစံ သိလိုက်သည်။

**‘ထွန်းတောက်ကြည်လင်၊ ဆီမီးရှင်လည်း**
**စက်ခွင်စပ်လျှို၊ မာန်ထွက်ချိုးလျက်**
**ရှိခိုးဦးနှိမ် မှိတ်ခဲ့ပြီ။’**

သံနေသံထားဖြင့် ဦးသက်လွင် ရွတ်ဖတ်ပြနေခိုက်၊ ယုမိစံသည် ဦးသက်လွင်ကို ငေးငေးလေး ကြည့်လျက် ငြိမ်သက်နေသည်။

‘ထွန်းတောက်ကြည်လင်၊ ဆီမီးရှင်လည်းဆိုတာက. . . ကြည်လင်စွာ ထွန်းတောက်နေတဲ့ ဆီမီးတိုင်ကိုပြောတာ ဆရာမ. . . နားလည်တယ်နော်’

ယုမိစံက ခေါင်းညိတ်ပြသည်။

‘စက်ခွင်ဝပ်လျှို၊ မာန်ထွက်ချိုးလျက်၊ ရှိခိုးဦးနှိမ် မှိတ်ခဲ့ပြီဆိုတဲ့ အဓိပ္ပာယ်က. . . စက်ခွင်ဆိုတာက ဘုရားခြေတော်ရင်းကို ပြောချင်တာ။ ဘုရား ခြေတော်ရင်းမှာ မီးပူဇော်ထားတဲ့ ဆီမီးတိုင်လေးက ဘုရားကို ဝပ်လျှိုး ရှိခိုး ဦးနှိမ်လိုက်သလို၊ သူ့ရဲ့ မီးစွယ် မာန်စွယ် ထွက်နေတာကို ချိုး၊ မှိတ်သွားတာ မီးငြိမ်းသွားတာဆိုတဲ့ အဓိပ္ပာယ်ကို ဆိုလိုတာ။ သဘောပေါက် ကဲ့လား ဆရာမ’

ယုမိစံသည် မေးကလေး ထောက်လျက်က စိတ်ဝင်စားစွာဖြင့် ‘ပေါက်ပါတယ် ဆရာ’ဟု ပြန်ပြောလိုက်သည်။

ဦးသက်လွင်က ရှေ့ဆက်ဖတ်သည်။

www.burmeseclassic.com



**'ထုံတကြုကြု၊ တလူလူလျှင်**
**နိဗ္ဗူချမ်းကြည်၊ ဘေးမဲ့ပြည်ကို**
**ရှာမည်အကဲ၊ အားအန်ခဲလျက်**
**မိုးထဲတိမ်ဆီ၊ တပ်ဦးချီသည့်**
**ပြာရိလျှံဖြိုး၊ နံ့သာခိုးကား. . .'**

'ကဲ. . . ဆရာမ၊ ဒီစာပိုဒ်ကိုကြည့်ပါ။ ဘယ်စာလုံးကို နားမလည်ဘူးလဲ'

ယုမိစံက စာအုပ်ကို လှမ်းယူ၍ ကြည့်သည်။ အသံမထွက်တထွက် ဖတ်ကြည့်နေသည်။ ဦးသက်လွင်က အနားရခိုက် ယုမိစံကို စိုက်လျက် ကြည့်မိသည်။

ယုမိစံ ဂျပန်က ပြန်လာပြီးမှ တစ်နေ့တခြား ပို၍ လှလာသည်ဟု ထင်မိသည်။ မြန်မာအဝတ်အစား ဝတ်ထားရာတွင် အဆင်ဆန်း၊ အသွေးဆန်းတို့ဖြင့် တစ်ခေါက်တစ်မျိုး ဝတ်လာတတ်သည်။ အင်္ကျီနှင့် ထဘီ အရောင်ကို ညီညွတ်မှုရှိအောင် ပန်းချီမျက်စိဖြင့် ရွေးလည်း ရွေးတတ်ပေသည်။ ဝတ်လည်း ဝတ်တတ်ပေသည်။ အင်္ကျီနှင့် ထဘီကို နက်ပြာရောင်ဆင်တူဝတ်လာသည်။ ယနေ့ ယုမိစံ မျက်နှာ၌ မိတ်ကပ်မတင်ဘဲ ထားခြင်းကြောင့် ဆွတ်ဆွတ်ဖြူနုနေသော အသားလေးသည် နက်ပြာရောင်တွေထဲ၌ ဝင်းပ ချောမွတ်နေသည်။ စာအုပ်ကြည့်နေသော မျက်နှာကလေးမှာ ပို၍ ပြည့်တင်းနေသလိုပင် ထင်ရသည်။

'ဒီအပိုဒ်မှာ ဆရာ အားလုံး နားလည်ပါတယ်၊ တစ်ခုပဲ၊ "နံ့သာခိုး" ဆိုတဲ့ အဓိပ္ပာယ်ကို စဉ်းစားလို့ မရသေးပါဘူး'

ယုမိစံသည် သူ့ကို ကြည့်နေသော ဦးသက်လွင်၏ မျက်လုံးကို ပြန်စိုက်ကြည့်ရင်း ပြောလိုက်သည်။

'နံ့သာဆိုတဲ့ အဓိပ္ပာယ်က မွှေးကြိုင်တာကို ပြောတဲ့စကား၊ ခိုးဆိုတာက. . . အခိုး၊ မီးခိုး. . . ဒီမီးခိုးက ဘယ်လို မီးခိုးလဲဆိုရင်၊ အမွှေးနံ့သာ

www.burmeseclassic.com



ထွက်တဲ့ မီးခိုး၊ ဒါကြောင့် နံ့သာခိုး ဆိုတာပါ။ ကဲ. . . ဒီတစ်ပိုဒ်ကို ဆရာမ နားလည်သလို ပြန်ပြောပြစမ်းပါ'

ယုမိစံသည် စာအုပ်ကို ပြန်ကြည့်ရင်း. . . သူ နားလည်သလို အဓိပ္ပာယ် ပြန်ပြောပြသည်။

'ဆီမီးတိုင်က မီးငြိမ်းသွားပေမယ့် အမွှေးနံ့သာ ကြိုင်နေတဲ့. . . အပြာရောင်ရှိတဲ့. . . မီးခိုးကလေးက ဘေးမဲ့နိဗ္ဗာန်ကို တွေ့အောင် အားခဲပြီး ရှာဖို့ အတွက် မိုးပေါ်ကို တလူလူ လွင့်တက်နေတယ်၊ ဟုတ်သလား. . . ဆရာ'

'ဟုတ်ပြီ. . . ဆရာမ၊ မျက်စိထဲမှာ မြင်အောင် ခံစားကြည့်စမ်းပါ'

'ကျွန်မ ကဗျာကို ကောင်းကောင်း ခံစားတတ်ပါတယ် ဆရာ။ ဒီကဗျာရေးတဲ့ ကဗျာဆရာရဲ့ ကဗျာများနဲ့၊ ကဗျာဆရာ ဇော်ဂျီ ရေးတဲ့ ကဗျာများကို ကျွန်မ အထူးကြိုက်ပါတယ်၊ ကောင်းကောင်း အရသာ ခံစားတတ်ပါတယ်'

'ဆရာဇော်ဂျီကဗျာ ဘယ်ကဗျာလဲ ဆရာမ'

ခပ်သွက်သွက်ကလေး ယုမိစံက ပြန်ပြောသည်။

'ဗေဒါပန်းကဗျာ. . . ဆရာ'

'ဗေဒါပင်ကို ဆရာမ မြင်ဖူးသလား'

ဦးသက်လွင်သည် ပြုံးလျက် ယုမိစံအဖြေကို ကြားလိုနေသည်။

'မြင်ဖူးပါတယ် ဆရာ၊ တွံတေးသွားတုန်းက မြစ်ထဲမှာ ဗေဒါပင်တွေ မျောနေတာ သြဘားစံပြလို့ မြင်ဖူးပါတယ်'

'ရေထဲမှာ မျောနေတဲ့ ဒီအပင်နဲ့ ဒီပန်းကို မြင်ဖူးမှ ကဗျာရဲ့ အရသာ ကို ပိုခံစားနိုင်တယ် ဆရာမ'

'မြန်မာကဗျာသမိုင်းမှာ မြေပေါ်က ပန်းတွေအကြောင်း ကဗျာရေး ကြတာ အများကြီးပဲ၊ ရေထဲက ဗေဒါပန်းကို ကဗျာစပ်တာ ဒီဆရာ တစ်ယောက်ပဲ ရှိတယ်ဆို'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် ယုမိစံ အမေးကို သဘောကျ၍ ရယ်ရသည်။

'ဒီဆရာတစ်ယောက်ပဲ ရှိတယ် ဆရာမ၊ ဗေဒါပန်းကဗျာက တစ်ပုဒ် တည်း မဟုတ်ဘူး၊ ဗေဒါကဗျာတွေ တော်တော်များများ ရေးပါတယ်'

'မြန်မာစာပေသမိုင်းမှာ ခေတ်စမ်းကဗျာကို ရှေ့ဆောင်တာ ဇော်ဂျီ ဖြစ်တယ်လို့ အိုစကာ တက္ကသိုလ်မှာ ကျွန်မ သင်ခဲ့ရပါတယ်၊ ဗေဒါကဗျာ အားလုံး ဖတ်ချင်ပါတယ်၊ သင်ပေးပါ ဆရာ'

'ကျွန်တော် သင်ပေးပါ့မယ်၊ မြစ်ထဲချောင်းထဲမှာ စုန်ရေဆန်ရေ မျောနေရတဲ့ ဗေဒါပင်လေးရဲ့ ဘဝ၊ ချစ်စရာ နှစ်သက်စရာ သနားစရာတင် မကပါဘူး၊ လှိုင်းထန်လေထန် မလွတ်တမ်း ကြုံကြုံခံရတဲ့ ဗေဒါပင်ရဲ့ ဖွဲ့လုံ့လစွမ်းရည် အားမာန်ကို ချီးကျူးထားပြီး ဗေဒါပင်ကလေးကို စံနမူနာ ယူတတ်ဖို့၊ လူ့လောကမှာ အားတင်းနိုင်တတ်ဖို့၊ သူ့ဆန္ဒ သူ့စေတနာနဲ့ လူ့လောကကို နှစ်သိမ့်ခြင်း ပေးထားတဲ့ ကဗျာတွေ ဆရာမ'

'သိပ်စိတ်ဝင်စားပါတယ် ဆရာ၊ ဗေဒါကဗျာတွေ သင်ပေးပါ' ဦးသက်လွင်က 'ကိုင်း နားထောင်ဦး'ဟု ဆက်လိုက်သည်။

**'မွေးမျိုးစုဆိုင်၊ အမွေးတိုင်မှ**
**ကြိုင်လှိုင်မဆုံး၊ ကြိုင်လှိုင်တုန်းတည့်။'**

'ဆရာမ ခုနက နံ့သာခိုးဟာ ဒီအပိုဒ်နဲ့ ဆက်တွဲလိုက်ရင် ပိုပြီး လေးနက်သွားတယ်၊ အဓိပ္ပာယ်ပေါက်ကဲ့လား'

'သိပ်ပေါက်တာပေါ့ ဆရာ၊ နှာခေါင်းထဲမှာတောင် အမွေးအနံ့ ရလာတယ်၊ "စုဆိုင်"ဆိုတဲ့ အဓိပ္ပာယ်ဟာ အမွေးအနံ့ မျိုးစုံ စုပေါင်းပြီး အမွေးတိုင် လုပ်ထားတာ မဟုတ်လား'

ဦးသက်လွင်က ရယ်ပြန်လေသည်။ ရယ်ပြီးမှ ခေါင်းညိတ်ပြလိုက်သည်။

**'ဝဲခွင် ဖြတ်ကျော်၊ ခရီးဖော်နှင့်**
**တူပျော် ပြုံးချို၊ နီးရလိုဟု**



BURMESE CLASSIC .com

www.burmeseclassic.com



**ဆုကို ဖန်ဖန်၊ တောင်းမိပဟန်ကား**
**ထက်ယံကိုတိုး၊ နံ့သာမျိုးသို့**
**မီးခိုးမဆုံး၊ မိုးမဆုံးသည့်**
**တွက်ကျုံးမနိုင် စိပ်ခဲ့ပြီ။'**

ကဗျာ ရွတ်ဖတ်ပြနေသော ဦးသက်လွင်၏ မျက်နှာသည် သွေးရောင် လျှမ်းကာ ပြုံးရိပ်ကလေးသန်းလျက် ရှိသည်။ ကဗျာအဆုံးတွင် လဲ့ရီနေသော မျက်လုံးဖြင့် ယုမိစံကို ကြည့်လိုက်သည်။

ယုမိစံမှာ ဦးသက်လွင်၏ အကြည့်ဆန်းကြောင့် ကြည်စင် ဖြူဆွတ် နေသည့် မျက်နှာကလေးသည် ရုတ်ခြည်း အမ်းညိုသွားလျက်၊ ဦးသက်လွင် ကို မှုန်မှုန်ငေးငေးကလေး ပြန်စိုက်ကြည့်လိုက်သည်။

ဤတွင် ဦးသက်လွင်သည် သတိလက်လွတ် ဖြစ်မိသည့် သူ့အမူ အရာများကို အမြန်ရုပ်သိမ်းပစ်လိုက်သည်။ အသံကိုလည်း အတည်ငြိမ်ဆုံး ထားလျက် ပြောသည်။

'ရော့. . . ဆရာမ ကြည့်၊ ဒီအပိုဒ်မှာ ဆရာမ နားမလည်တာ ရှိသလား'

ဦးသက်လွင်သည် ဤကဗျာပိုဒ်ကို ယုမိစံအား အဓိပ္ပာယ် ရှင်းပြရန် ဝန်လေးသွားလျက် စာအုပ်ကို ထိုးပေးလိုက်သည်။

ယုမိစံသည် ဤအပိုဒ်ကို အတန်ကြာအောင် စိုက်ဖတ်ကြည့်နေ လေသည်။

'ဒီအပိုဒ်မှာ ခရီးဖော်ရဲ့ အဓိပ္ပာယ်ကို ကျွန်မ နားလည်ပါတယ် ဆရာ၊ ဖြတ်ကျော်ချင်တဲ့ ဝဲခွင်က ဘယ်လိုဝဲခွင်ကို ပြောချင်တာလဲ ဆရာ'

ဦးသက်လွင်သည် ယုမိစံကို မကြည့်တော့ပေ။ ရှေ့တူရူသို့ ကြည့် လျက် တည်ကြည် ရှင်းလင်းသော မျက်နှာဖြင့် အဖြေပေးသည်။

'ဒီဝဲခွင်က သံသရာဝဲတစ်ခွင်၊ ဖြစ်လေရာ ဘဝတိုင်းမှာကို ဆိုလို ချင်တဲ့ အဓိပ္ပာယ်ပါ ဆရာမ၊ နောက်ကော'

www.burmeseclassic.com



'တွက်ကျိုးမနိုင်၊ စိပ်ခဲ့ပြီ. . . ဆိုတာ သိပ်မရှင်းသေးဘူး ဆရာ'

'ဒီစိပ်က ပသတ်ထားတာ တွေ့လား ဆရာမ၊ စိပ်စိပ်ကလေး ဆိုတဲ့ စကားအသုံးအနှုန်းဟာ ကြားမှာ အကျယ်ကြီးနဲ့ ခြားမနေဘူး၊ ကွာမနေဘူး၊ နီးနေတယ်၊ ကပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်၊ တွက်ကျိုးမနိုင်. . . ဆိုတာက ရေတွက်လို့ မရနိုင်အောင် ခရီးဖော်နဲ့ နီးဖို့ရာ ဆုတောင်းမိတဲ့ အကြိမ်ဟာ ကျဲမနေဘူး၊ စိပ်နေတယ်၊ ထပ်ကာထပ်ကာ ဆုတောင်းမိတဲ့ အဓိပ္ပာယ်ကို ဆိုတာပါ'

ယုမိစံသည် ပြုံး၍လာသည်။ သိပ်ကောင်းတဲ့ အချစ်ကဗျာလေးပဲ ဟု လွှတ်ခနဲ ပြောချလိုက်သည်။ ဦးသက်လွင်မှာ အတော်ကြီး ကျေနပ်သွားဟန်တူသည်။ ကျေနပ်ဖြင့် သူ့ခေါင်းကို ညိတ်ပြလိုက်သည်။

'ကျွန်မအဖေရဲ့ "မင်္ဂလာဒုံမှ"ကဗျာကို ကဗျာစပ်ပြီးပြီလား ဆရာ'

ယုမိစံသည် ရှေ့တစ်ပုဒ်သို့ ဆက်မသင်ခင် ကြားဖြတ်၍ မေးကြည့်လိုက်သည်။

ဦးသက်လွင်က ပြုံး၍ ပြော၏။

'ညကမှ ရေးရတယ် ဆရာမ၊ ကျွန်တော်က ကဗျာဆရာ မဟုတ်တော့ ကဗျာတစ်ပုဒ်ကို အတော်စပ်ယူရတယ်'

'ပြပါ. . . ဆရာ ကြည့်ချင်တယ်'

ဦးသက်လွင်သည် နေရာမှထ၍ အခန်းထဲသို့ ဝင်သွားသည်။ ခုတင်ပေါ်တွင် စောင်ခြုံထဲ၌ ကွေးအိပ်နေသော မောင်မောင့်ကို တွေ့ရသည်။ ချမ်းချမ်းနှင့် ကွေးအိပ်နေသည်ထင်ကာ စားပွဲအံဆွဲကို အသံမမြည်အောင် အသာလေး ဆွဲဖွင့်လိုက်သည်။ အံဆွဲထဲမှ စာရွက်များ ယူထုတ်လာသည်။

ယုမိစံသည် လေးလုံးစပ် မြန်မာကဗျာကို အသံထွက်၍ လေးလေးမှန်မှန် ဖတ်ကြည့်သည်။

**'သမီးချစ်၏**

**ငါးနှစ်ပြည့်မြောက်၊ မွေးနေ့ရောက်သော်**



BURMESE CLASSIC .com

www.burmeseclassic.com



ပျော်ရွှင်ရွယ်နု၊ ယုမိစံ၏
ဟန်ပန်နွဲ့လျ၊ ယိမ်းက ယပ်တောင်
မြင်ယောင်လာသည်၊ ဤချစ်စရာ
ရုပ်ပုံလွှာလေး၊ ပန်းချီရေးရန်
ခံစားပြင်းပြ၊ စိတ်လှုပ်ရှားမိ
တကယ်မှုကား၊ စစ်သားငါလျှင်
လက်တွင်စုတ်တံ၊ ကိုင်ရန်မရှိ
ရှိသည်မှာတော့၊
သြော်. . . သေနတ်သာလျှင်ပါတကား။'

ယုမိစံ၏ ကဗျာဖတ်သံသည် ဦးသက်လွင်၏ နားမှတစ်ဆင့် နှလုံးသား အတွင်းသို့ သာယာစွာ စိမ့်ဝင်သွားသည်။

ယုမိစံသည် ကြည်နူး ထက်သန်လျက်ရှိ၍ ရွှင်လန်းစွာဖြင့် 'ကြိုက်ပြီ ဆရာ'ဟု ဆိုလိုက်သည်။

'ကျွန်မ ပါမောက္ခလည်း ကြိုက်မှာပဲ ဆရာ' ရွှင်လန်းအားရ ထပ်၍ ပြောပြန်သည်။

ဦးသက်လွင်သည် သူ့ကဗျာကို နှစ်သက်သည်ဆို၍ ဝမ်းသာရသည်။

'ကျွန်တော် အတတ်နိုင်ဆုံး ရေးတာပဲ ဆရာမ၊ မူလ ဆရာမ ပြောပြ တဲ့ မြန်မာဘာသာပြန်လောက်တော့ စကားလုံး မစုံဘူး၊ လူ့ဘဝ လူ့သရုပ် အသက်သွင်းတဲ့ စကားလုံးတွေ မပါနိုင်ဘူး'

'ဒါကို ပိုကြိုက်ပါတယ်၊ ကျွန်မ အဖေကဗျာနဲ့ ဒီကဗျာနဲ့ အဓိပ္ပာယ် ထပ်တူ ထပ်မျှလောက် နီးစပ်ပါတယ် ဆရာ

ယုမိစံသည် ပြုံးရွှင်၍နေသည်။'

'ဆရာမတို့ ဂျပန်ကဗျာစပ်တော့ မြန်မာမှာ လေးလုံးစပ်ရှိသလို၊ ဆရာမတို့က ဘယ်နှလုံးစပ် ရှိသလဲ'

ဦးသက်လွင်က ဣန္ဒြေကြီးဖြင့် မေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဂျပန်မှာ ငါးလုံး. . . ခုနစ်လုံး. . . ငါးလုံးစပ်တာမျိုးရှိပါတယ်၊ ဒီစပ်ပုံကို "ဟိုက်အိကု" ခေါ်ပါတယ်။ နောက်တစ်မျိုးက ငါးလုံး. . . ခုနစ်လုံး၊ ငါးလုံး. . . ခုနစ်လုံး၊ ငါးလုံး-ခုနစ်လုံး-ခုနစ်လုံး စပ်တာကို "ဝါက" ခေါ်ပါတယ်။ "ဟိုက်အိကု"နည်းကို စပ်တာ ခက်ပါတယ် ဆရာ၊ စာလုံး နည်းနည်းကလေးနဲ့ အကုန်ရပါတယ်။ "ဝါက" စပ်နည်းက ငါးလုံး. . . ခုနစ်လုံး. . . ငါးလုံး. . . ခုနစ်လုံး ဆိုတော့ နည်းနည်း အပိုထည့်လို့ရတော့ လွယ်ပါတယ်'

ယုမိစံနှင့် ဦးသက်လွင်တို့ စကားကောင်းနေကြခိုက် ကိုမြဖေ ဧည့်ခန်းထဲသို့ ရောက်လာသည်။

'ဆရာ. . . မောင်မောင် သိပ်ဖျားနေတယ်'

'ဟေ. . .'

'စောစောက မိုးတွေ မိလာတယ်၊ မီးဖိုထဲမှာ ဆေးနဲ့ ရေနွေးနဲ့ လာသောက်ပြီး အခန်းထဲက ပြန်ထွက်မလာလို့ ကျွန်တော် သွားကြည့်တော့ အဖျားတက်နေတယ်၊ စောင်တွေ ထပ်ခြုံပေးပြီး ထားခဲ့တယ်၊ အခု ဝင်ကြည့် တော့ ခေါ်မရဘူး'

'ဟို အိုး. . .'

ယုမိစံသည် တုန်ယင်နေသော အသံကလေးဖြင့် အော်၍ ထရပ်လိုက်သည်။ ဦးသက်လွင်လည်း နေရာမှ ထလိုက်သည်။ ဦးသက်လွင်က ရှေ့မှ၊ ယုမိစံက နောက်မှ အခန်းထဲသို့ ရောက်လာကြသည်။

'မောင်မောင်. . .'

ဦးသက်လွင်သည် တစ်ဖက်သို့ စောင်းနေသော မောင်မောင်၏ ကျောဘက်မှ ငုံ့၍ ခေါ်လိုက်သည်။

မောင်မောင်သည် လူမှန်းမသိ တုန်တက်နေသည်။

ယုမိစံသည် မောင်မောင်၏ ခါးအောက်မှ သူ့ကိုယ်ကို ကိုင်းလျက် မောင်မောင့်မျက်နှာကို ကုန်း၍ ကြည့်သည်။ လူမှန်းမသိ ဖြစ်နေသော မောင်မောင့်မျက်နှာကို ကြည့်၍ ယုမိစံ ရင်ခုန်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်က မောင်မောင်၏ နဖူးကို စမ်းကိုင်လိုက်သည်။ ယုမိစံက မောင်မောင်၏ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

မောင်မောင့် အသားတွေမှာ မီးလို ပူနေသည်။

မောင်မောင့် လက်ကလေးကို ဆုပ်ကိုင်ရခြင်းဖြင့် အားမရနိုင်၍၊ ဦးသက်လွင်ဘေးသို့ ပြောင်းရွှေ့သွားကာ မောင်မောင်၏ မျက်နှာနှင့် ထိလု မတတ် ငုံ့ကြည့်သည်။ နဖူးလေးကို စမ်းကြည့်သည်။ ဆံပင်ကလေးပါ သပ်မိလျက်သား ဖြစ်သည်။ စိုးရိမ် ပူပန်ကြီးစွာဖြင့် ယုမိစံ မျက်နှာကလေး သည် ဖြူဖျော့လျက် မျက်စိမျက်နှာ ပျက်နေသည်။ မျက်နှာပျက်ပျက်ဖြင့် ဦးသက်လွင်ကို လှည့်ပြောသည်။

'ဆရာ. . . ကျွန်မ ကား ရှိပါတယ်၊ ဒေါက်တာ ခေါ်ပါ'

ဦးသက်လွင်သည် ကမန်းကတန်း အခန်းထဲမှ ထွက်သွားကာ အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ ကိုမြဖေက နောက်ကလိုက်၍ အိမ်တံခါး လိုက်ပိတ်သည်။

ကိုမြဖေ အခန်းထဲ ပြန်ရောက်လာကာ၊ မောင်မောင့်ကိုယ်ပေါ်၌ ဖိပေးထားသည်။

'ဒီလိုပဲ မောင်မောင် ဖျားတတ်သလား'

ယုမိစံသည် ခုတင်ခြေရင်း၌ ရပ်လျက် စိတ်ပူစွာဖြင့် မေးသည်။

'ဖျားတော့ ဖျားပါတယ်၊ ဒီလိုတော့ အဖျားမကြီးဖူးဘူး၊ ခုအဖျားက ငှက်ဖျား ဖြစ်မယ်'

ယုမိစံသည် ကိုမြဖေကိုယ်စား သူကိုယ်တိုင် မောင်မောင့်ကို ဖိပေး ထားချင်သည်။ အခန်းထဲ၌ ကိုမြဖေ ရှိနေခြင်းသည် မောင်မောင်နှင့် သူ့ကို ကမ္ဘာခြားထားသကဲ့သို့ မှတ်ထင်မိသည်။ မီးရောင်ထဲ၌ တွေ့ရသော မောင်မောင်၏ သတိကင်းမဲ့လျက်ရှိသည့် မျက်နှာကလေးကို သူ့မျက်စိဖြင့် မခွာတော့ဘဲ ပူပန်ကြီးစွာဖြင့် ရပ်ကြည့်နေသည်။

မကြာမီ ခြံထဲသို့ ကားဝင်လာသံ ကြားလိုက်ရသည်။ ဟာမစ်တစ်



BURMESE CLASSIC .com

www.burmeseclassic.com



(သာသနာ့ရိပ်သာ)လမ်းမှ ဦးသက်လွင်၏ သူငယ်ချင်း ဒေါက်တာကြည်စိုး လိုက်ပါလာသည်။ ကိုမြဖေက နေရာမှထ၍ တံခါးဖွင့်ပေးရန် အခန်းထဲမှ ထွက်သွားသည်။

ယုမိစံသည် လူအလစ်တွင် ဘယ်လို အဟန်မျိုးဖြင့် မောင်မောင့် နားသို့ ချဉ်းကပ်ရောက်သွားမှန်းပင် သူ့ကိုယ်သူ မသိ။ မောင်မောင်၏ နဖူးကို သူ့ပါးကလေးတစ်ဖက်ဖြင့် ဖျတ်ခနဲ အပ်ထိလိုက်သည်။ မောင်မောင့် နဖူးမှ အပူရှိန်သည် သူ့ပါးတစ်ဖက်ကို တရှိန်ရှိန် ကူးစက် မြိုက်လောင် သွားသည်။ အမြန်ပြန်၍ ခွာရုပ်လိုက်သော သူ့ပါးလေးမှ တစ်ဆင့်၊ သူ့ အသည်းနှလုံးကိုပါ ပူလောင်သွားသည်။

လူတွေ အခန်းထဲသို့ မရောက်လာမီ ခုတင်ခြေရင်းသို့ အမြန် ပြောင်းရွှေ့ ရပ်လိုက်သည်။ ရွှေ့ပြောင်းလိုက်သော အဟုန်မှာ မည်မျှ လျှင်မြန် သည် မသိ။ ရင်ထဲ၌ တဆတ်ဆတ် ခုန်လျက် မောလာသည်။

ဆရာဝန်က မောင်မောင့်ကို ဆေးထိုးပြီး အဖျားကျအောင် ထိုင်၍ စောင့်နေပြီးမှ ပြန်သွားသည်။ ဦးသက်လွင် လိုက်မသွားတော့ဘဲ ယုမိစံ ကားဖြင့် ပြန်ပို့ပေးသည်။ ယုမိစံက ဆာမိကို ထမင်းစားပြီးမှ ပြန်လာရန် ထွက်မှာလိုက်သည်။

ဦးသက်လွင်နှင့် ယုမိစံတို့ အိပ်ခန်းထဲ၌ မောင်မောင့်ကို စောင့်ကြည့် နေကြသည်။ မောင်မောင့်ကို ဖိပေးနေသော ကိုမြဖေကို ကော်ဖီဖျော်ခိုင်း ကာ ဦးသက်လွင်နှင့် လူချင်း ပြောင်းလိုက်ကြသည်။

ယုမိစံသည် စောစောက လူအလစ်တွင် ခိုး၍ မောင်မောင့်နဖူးကို သူ့ပါးဖြင့် အပ်ကြည့်စဉ်က ပူသွားသည့် အပူရှိန်မှာ၊ ယခုထက်တိုင် သူ့ပါးပြင်၌ ပြယ်၍မသွားဘဲ ကွက်ကွက်ကလေး ပူချစ်လျက် ရှိနေဆဲပင် ခံစားမိသည်။

ခုတင်ပေါ်၌ ထိုင်နေသော ဦးသက်လွင်၏ ကျောဘက်၌ ရပ်လျက် မောင်မောင့် မျက်နှာကလေးကို တစ်ချိန်လုံး မမိုတ်မသုန် ကြည့်မဝနိုင် အောင် စောင့်ကြည့်နေသည်။

www.burmeseclassic.com



မောင်မောင်သတိရ၍ မျက်လုံးကိုဖွင့်လိုက်သောအခါ သူ့ကိုယ်ပေါ်၌ ဖိထားသည့် ဦးသက်လွင်၏ မျက်နှာကို မှုန်ဝါးဝါး စတွေ့ရသည်။ တစ်ခန်း လုံး မီးရောင်များ ထိန်လင်းလျက် ရှိသည်။ ဦးသက်လွင် အနောက်မှ ရပ်နေ သော သူ၏မျက်နှာကို ဘယ်သူ ဘယ်ဝါ သိရန် အားစိုက်၍ ကြည့်လိုက် သည်။

ထိုမျက်နှာကား သဲသဲကွဲကွဲ မြင်တွေ့လာသော ယုမိစံ၏ မျက်နှာ။

'မောင်မောင်. . . သတိရပြီလား'

မောင်မောင့်ပခုံးကို ဦးသက်လွင်က လှုပ်၍ ငုံ့ကပ်မေးလိုက်သည်။

မောင်မောင်သည် သူ မြင်ရသော မျက်နှာကို မကြည့်ချင်လွန်း၍ မျက်လုံးအစုံကို တအားကျုံး၍ ပြန်မှိတ်ထားလိုက်သည်။

'မောင်မောင်'

ဦးသက်လွင်က ထပ်ခေါ်ကြည့်သည်။

'ဟုတ်ကဲ့'

မောင်မောင်က မျက်စိကို မဖွင့်ဘဲ ပြောသည်။

မောင်မောင်သည် ရင်ထဲ၌ တဆတ်ဆတ် ခုန်သော သူ့ရင်ခုန်သံကို ကျယ်လောင်စွာ ပြန်ကြားနေရသည်။ သူ့အဖျား တက်စက အပြင်မှ တစ်လုံး ချင်း ကြားလိုက်ရသော "တူပျော်ပြုံးချိုနီးရလို"ဆိုသော ဦးသက်လွင်၏ အသံတို့သည် တသဲ့သဲ့ ပြန်ရောက်လာကြမှ သူ ဖျားနေမှန်း ပြန်၍ သတိ ရသည်။

သူ့အခန်းထဲ၌ ယုမိစံ ရောက်ရှိနေခြင်းကို မကြိုက်လွန်း၍ မောင်မောင်က သူ့စိတ်ဖြင့် အတွင် မောင်းနှင်ထုတ်လေသည်။

'ခင်ဗျား ဘာလို့ဝင်လာတာလဲ. . . ခင်ဗျား. . . ထွက်သွား. . . သွား. . .'

မောင်မောင့်ကိုယ်၌ ဒေါသချွေးတွေ တပြိုက်ပြိုက် ယိုကျလာသည်။

'ချွေးတွေကလည်း ရွှဲလို့၊ အဖျားတော့ ကျပါပြီ'



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် မောင်မောင်၏ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို ကြည့်၍ ပြောသည်။ မောင်မောင်ကား မျက်လုံးကို စုံမှိတ်ထားသည်။

'မောင်မောင့်ကို အင်္ကျီလဲပေးပါ ဆရာ'

ယုမိစံ၏ အသံလေးသည် မောင်မောင်၏ နားထဲ၌ သံပူရည်လောင်းချလိုက်သကဲ့သို့ မခံချိအောင် ပူပြင်းသွားသည်။

'မြဖေရေ. . .'

ကိုမြဖေကို လှမ်းခေါ်လိုက်၍ ကိုမြဖေ နောက်ဖေးမှ အခန်းဝသို့ ပြေးလာသည်။

'ချွေးတွေသုတ်ပြီး အဝတ်လဲပေးစမ်းကွယ်'

ကိုမြဖေက မောင်မောင့် ကိုယ်ပေါ်မှ စောင်များကို ခွာချသည်။ မောင်မောင်က အခွာမခံဘဲ အတင်းဆွဲထား၍ ကိုမြဖေက လှည့်ပြောလိုက်သည်။

'ကိုင်း. . . ဆရာတို့ အပြင်ထွက်ကြဦး၊ ကျွန်တော် လဲပေးလိုက်မယ်'

ကိုမြဖေ ပြောတော့မှ ဦးသက်လွင်နှင့် ယုမိစံတို့ အပြင်ခန်းသို့ ထွက်လာကြသည်။

အဖျားကျပြီဆိုသော်လည်း မောင်မောင် မျက်လုံးပြန်မဖွင့်၍ ယုမိစံ စိုးရိမ်စိတ် ရှိနေတုန်းပင်။ သူ့မောင်လေးကို သူကိုယ်တိုင် ချွေးသုတ်၍ အဝတ်လဲပေးချင်သည်။ သူကိုယ်တိုင် ဆေးတိုက်ချင်သည်။ သူကိုယ်တိုင် မောင်မောင့်အနား၌ တစ်ညလုံး ထိုင်စောင့်နေချင်သည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သော သူတို့ဘဝ၊ သူတို့အကြောင်း၊ သူတို့အဖြစ်သည် မကောင်း လေခြင်းဟုတွေး၍ ယုမိစံ ရင်နာလာသည်။

ထိုနေ့ည ယုမိစံ မပြန်ချင့် ပြန်ချင်ဖြင့် မောင်မောင်တို့ အိမ်က ပြန်ခဲ့ရသည်။ ပြန်ခါနီး မောင်မောင့်ကို နို့မှုန့်ပူပူ ဖျော်တိုက်ရန် ဦးသက်လွင် ကို အထပ်ထပ် မှာကြားနေသည်။

စိုးရိမ်လွန်ကဲနေသော ယုမိစံ၏ မျက်နှာကလေးကို ကြည့်၍ ဦးသက်လွင်မှာ လေးလံလှသော ရင်ဖြင့် စိတ်ချ၍ပြန်ရန် ပြောလိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လယ် ၁၂ နာရီ၌ ယုမိစံ ကျောင်းက ပြန်လာကာ၊ သူ့အိမ်တွင် အကျႌထဘီ ဝင်လဲပြီး မောင်မောင်တို့ အိမ်သို့ ထွက်လာသည်။

နံနက် ၁၀ နာရီက ကျောင်းမှ ဦးသက်လွင်ထံသို့ မောင်မောင့် အခြေအနေကို ဖုန်းဆက် မေးကြည့်သည်။ ဦးသက်လွင်က သူလာသည့်အချိန်၌ အဖျားမတက်သေးကြောင်း၊ ကိုယ်ပူ အေးသွားကြောင်း ပြန်ကြားသော်လည်း ယုမိစံ စိတ်မချနိုင်။ ညနေပိုင်း အဖျားတက်မှာကို စိုးရိမ်တကြီးဖြင့် လာခဲ့သည်။

ခုတင်ပေါ်၌ ခေါင်းအုံးများ ဆင့်မှီထိုင်လျက် မောင်မောင် ဆန်ပြုတ် သောက်နေခိုက်၊ အိမ်ရှေ့မှ တံခါးခေါက်သံ ကြားလိုက်ရသည်။ ခြံထဲသို့ ကားဝင်လာသံကို သတိမထားလိုက်သော်လည်း၊ တံခါးခေါက်သံကိုမူ ယုမိစံပဲ ထင်လိုက်သည်။

'ဆရာမနဲ့တူတယ်'

ကိုမြဖေက ပြောပြီး သူ့ခေါင်းကိုလှည့်၍ အသံလာရာသို့ နားစွင့်ကြည့်သည်။

မောင်မောင်သည် ဇွန်းဖြင့် ခပ်သောက်နေသော နို့ဆန်ပြုတ် ပန်းကန်ကို ပန်းကန်လိုက် မော့ချလိုက်သည်။ မော့ချလိုက်ပြီး ကိုမြဖေကို ခပ်သွက်သွက် ပြောသည်။

'သွားဗျာ. . . သွားပြော၊ အစ်ကိုကြီး မရှိဘူးလို့ ပြော၊ ကျွန်တော့်ကို မေးရင် အိပ်ပျော်နေတယ်ပြော၊ တံခါး ဖွင့်မပေးနဲ့နော်'

မောင်မောင်သည် ပြောပြီး အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ ကိုမြဖေသည် ဆန်ပြုတ်ပန်းကန်ကို မီးဖိုဘက်သို့ ထွက်နိုင်သော အိပ်ခန်းနောက်ဘက် အပေါက်မှ ယူသွားကာ မီးဖိုထဲမှ အပြင်သို့ ထွက်လာသည်။

ယုမိစံသည် တံခါးဝ၌ အထုပ်အပိုးများပိုက်လျက် ရပ်စောင့်နေသည်။ ကိုမြဖေ တံခါးနားသို့ ရောက်လာသည်နှင့် ပြုံး၍ နှုတ်ဆက်လိုက်သည်။

'မောင်မောင် ဖျားနေသလား'



BURMESE CLASSIC .com

www.burmeseclassic.com



လက်နှစ်ဖက်ဖြင့် အထုပ်အပိုးများကို ပွေ့ပိုက်ထားသော ယုမိစံအား တံခါးမဖွင့်ပေးဘဲ ရှိုင်းရှိုင်းပျပျ ပြောလွှတ်ရန် ဘယ်လိုမှ မဖြစ်နိုင်ခြင်း ကြောင့်၊ ကိုမြဖေသည် ပါးစပ်က ပြန်ပြောရင်းမှ သူ့လက်က တံခါးမင်းတုပ် ချက်ကို ဆွဲဖွင့်ပေးမိလျက်သား ဖြစ်သည်။

'အဖျားမရှိပါဘူး ဆရာမ၊ မောင်မောင် အိပ်ပျော်နေပါတယ်'

အိမ်ရှေ့မှ တံခါးဖွင့်သံကို အခန်းထဲမှ အတိုင်းသား ကြားရ၍၊ မောင်မောင်သည် ကိုမြဖေကို ဆွဲထိုးချင်မတတ် စိတ်ဆိုးသွားသည်။

ယုမိစံနှင့် မျက်နှာချင်း မဆိုင်ချင်၊ မျက်နှာချင်း မဆိုင်ချင်၍ အခန်းတံခါး ထပိတ်ရန်လည်း အချိန်မရ။ မောင်မောင်သည် ခြေရင်းက သက္ကလတ်စောင်ကြီးကို ကပျာကယာ ဆွဲယူ၍ ခေါင်းမြီး ခြုံထားလိုက်သည်။

ယုမိစံသည် ဧည့်ခန်းထဲ၌ မထိုင်ဘဲ သူ့လက်တွင် ပိုက်ထားသော ဟောလစ်ပုလင်းနှင့် နို့မှုန့်ဘူး၊ မုန့်သေတ္တာဘူးများကို ထမင်းစားပွဲခုံပေါ်တွင် လာချသည်။ မောင်မောင့် အခန်းတံခါး ပွင့်နေ၍ ထမင်းစားပွဲမှ တစ်ဆင့် မောင်မောင့် ကို ခုတင်ပေါ်၌ အတိုင်းသား မြင်ရသည်။

'အို. . . ဘာကြောင့် စောင်ကြီး ခြုံထားသလဲ၊ အဖျားတက်နေသလား ဟင်. . .'

ကိုမြဖေက ယုမိစံကို အခန်းထဲမဝင်ရန် အပေါက်ဝမှရပ်၍ ကာဆီး ကာဆီးဖြင့် ကြည့်ကောင်းအောင် ပြန်ပြောရသည်။

'အဖျားမတက်ပါဘူး ဆရာမ၊ ချွေးရအောင် ချွေးထုတ်တာပါ'

ကိုမြဖေက အသံ မထွက်တထွက်ဖြင့် လေသံတိုးတိုး ပြောသည်။ ယုမိစံက လေသံပြင်းပြင်းဖြင့် ပြန်ပြောသည်။

'ဘယ်လို အသက်ရှူမလဲ ကိုမြဖေ၊ စောင်က သိပ်ထူတယ်၊ ဖွင့်ကြည့်ပါဦး။ ဒီလို နေနိုင်တာ အဖျားတက်နေသလား၊ သတိလစ်နေသလား မဆိုနိုင်ဘူး'



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင် မွန်းလည်း မွန်းလှပြီ။ ဒေါလည်း ပွလှပြီ။ သို့သော် ဘာမျှမတတ်နိုင်။ ခေါင်းမြီးခြုံထဲ၌ အံကြိတ်လျက် သူ့လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်နေသည်။

စိုးရိမ်လွန်ကဲသော ယုမိစံမျက်နှာကို ကြည့်၍ ကိုမြဖေမှာ မကြံတတ်အောင် ဖြစ်နေသည်။ သူမှ စောင် မဖွင့်လျှင် ယုမိစံကိုယ်တိုင်ပင် ဖွင့်ကြည့်တော့မည့် အခြေအနေမျိုး ရောက်နေသည်။

ကိုမြဖေသည် အခြေအနေရ အခန်းထဲဝင်၍ မျက်နှာပေါ်မှ စောင်ကို အသာလှပ်ရန် ဆွဲကိုင်လိုက်သည်။ အခန်းဝမှ ယုမိစံသည် အခန်းထဲကို တစ်ပြိုင်တည်း ဝင်လိုက်လာသည်။

ယုမိစံ အခန်းထဲ ရောက်လာမှန်းကို စောင်ခြုံထဲမှ မောင်မောင်က သိလိုက်သည်။ အခန်းထဲမှ ယုမိစံ မြန်မြန် ထွက်သွားစေရန်၊ အိပ်ချင်ယောင် ဆောင်ပြမှဟု အကြံရကာ အဖွင့်ခံလိုက်ရသည်။

'အိပ်ပျော်နေတယ်'

ကိုမြဖေက လေသံကလေးဖြင့် ပြောသည်။ မောင်မောင်သည် ပါးစပ် မပွင့်တပွင့်ဖြင့် ထွက်လေဝင်လေကို မှန်မှန်ရှုလျက် မျက်လုံးမှိတ်ကာ၊ အိပ်ပျော်နေဟန် အိပ်ချင်ယောင်ဆောင်ပြလျက် ရှိသည်။

ယုမိစံသည် ခုတင်ခြေရင်းမှ ရပ်ကြည့်လျက်. . .'ချွေး အများကြီးပဲ' လေသံဖြင့်ပင် ပြောသည်။

ကိုမြဖေက မောင်မောင့်မျက်နှာပေါ်သို့ စောင်ပြန်အုပ်လိုက်သည်။ ယုမိစံ အနားသို့ တိုးကပ်သွားကာ. . .'ညက မအိပ်ရဘူး၊ အိပ်ပါစေ' လေသံ ထွက်ရုံမျှ ပြောလျက် ခြေဖျားထောက်၍ အပြင်သို့ ထွက်သည်။ ယုမိစံပါ မနေသာဘဲ နောက်က လိုက်ထွက်ခဲ့ရသည်။

'စောင်အုပ်ထားတော့ သူ ဘယ်လို အသက်ရှုနိုင်မလဲ'

ဧည့်ခန်းထဲ၌ ယုမိစံက မျက်မှောင်ကလေး ကြုတ်လျက် ကိုမြဖေကို မနှစ်သက်သလို ပြောဆိုသည်။

www.burmeseclassic.com



'ကျွန်တော်တို့ မြန်မာ အလေ့အထက ဖျားရင် ဒီလိုပဲ မျက်နှာကို စောင်အုပ်ပြီး ချွေးထုတ်တယ် ဆရာမ'

ယုမိစံသည် နာရီကို ငုံ့ကြည့်လိုက်သည်။ ဦးသက်လွင် ပြန်လာရန် အချိန်က အများကြီး လိုသေးသည်။ အိမ်တွင် ဦးသက်လွင် မရှိခိုက် မောင်မောင် အဖျားတက်လာလျှင် ဆရာဝန်ခေါ်ရန် မော်တော်ကား လိုလိမ့်မည်ဟု တွေးကာ ကားကို အဆင်သင့် ရှိချင်သည်။

ယုမိစံကို ဧည့်ခန်းထဲ၌ ထားခဲ့ကာ မောင်မောင့် အခန်းထဲသို့ ကိုမြဖေ ပြန်ဝင်လာသည်။ မောင်မောင်က စောင်ကိုလှပ်ကာ ကိုမြဖေကို ဒေါသရဲရဲ ဖြင့် စိတ်ဆိုးမာန်ဆိုး ကြည့်လိုက်သည်။

'ဘယ့်နှယ် လုပ်မလဲကွ၊ ဟောလစ်ဘူးတွေ၊ မုန့်ဘူးတွေ ပိုက်လာတော့ တံခါးဖွင့်ပေးရတာပေ့ါ'

ကိုမြဖေသည် မောင်မောင်ကြားအောင် နားနားသို့ ငုံ့ကပ်၍ လေသံ ဖြင့် ပြောသည်။

အခန်းတံခါး ပိတ်လိုက်ရန် မောင်မောင်က လက်ဖြင့် အချက်ပြသည်။ ကိုမြဖေသည် သူ့ခေါင်းကို သွက်သွက်ခါ၍ မောင်မောင့်အနားသို့ တိုးကပ်ပြီး လေသံဖြင့် တောင်းပန်ရသည်။

'အခုချက်ချင်း ပိတ်လို့ မကောင်းသေးဘူးကွ၊ အိပ်နေတယ်ပေ့ါ။ သူ မလာပါဘူး'

'တစ်ချိန်လုံး ဒီစောင်ကြီး အုပ်ထားရမှာလား'

မောင်မောင်၏ လေသံက ပြင်းသည်။

ယုမိစံ အပြင်ဘက်မှ ကြားသွားမည်ကို စိုးလှ၍ ကိုမြဖေသည် သူ့နှုတ်ခမ်းကို စုလျက် လက်ညှိုးဖြင့်ဖိကာ တိုးတိုးပြောရန် အချက်ပြ သတိပေးလိုက်ရသည်။

'ငါ ဒီမှာ ထိုင်စောင့်နေပေ့ါမယ်ကွ၊ သူ ထလာမှ မျက်နှာကို အုပ်ပေ့ါ'

ယုမိစံ သူ့ကိုလာ၍ နှောင့်ယှက်ရမလားဟု မောင်မောင် စိတ်ဆိုး



BURMESE CLASSIC .com

www.burmeseclassic.com



လွန်း၍ အဖျားပင် လန့်ပြေးရော့သလား မသိ။ ချွေးတွေ မနိုင်မနင်း ထွက်လျက် တစ်ကိုယ်လုံး အေးစက်နေသည်။

ယုမိစံသည် ကုလားထိုင်ပေါ် ငြိမ်သက်စွာထိုင်လျက် မနေ့က အဖြစ်အပျက်ကို ပြန်၍ မြင်ယောင်လျက် ရှိသည်။ အကယ်၍ မောင်မောင်သာ သတိမလစ်ပါက မောင်မောင်၏ အသားကို သူ ထိကိုင်ခွင့်ရမည် မဟုတ်မှန်းကို တွေးမိသည်။ သူ ကိုင်လိုက်လျှင် တအား ပုတ်ချလိုက်မည်ကို မြင်ယောင်မိလိုက်သဖြင့် လန့်တုန်သွားသည်။

မောင်နှမအဖြစ် အသိပေး၍ ကိုယ်ဖိရင်ဖိ ပြုစုခွင့် မရရှိခြင်းကြောင့် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလျက် ရှိသည်။

အပြင်၌ ထိုင်သာ နေရသော်လည်း ယုမိစံ စိတ်မဖြောင့်။ မောင်မောင် နိုးလောက်မည့် အချိန်ကို စောင့်မျှော်လျက်ရှိသည်။

နံနက်က ကိုမြဖေ ပြောပြ၍ မနေ့က ယုမိစံ သူ့လက်ကို စမ်းမှန်း၊ သူ့နဖူးကို စမ်းမှန်း မောင်မောင် သိရသည်။ ဘာဆိုင်လို့ သူ့အသားကို ထိရသလဲဟု မောင်မောင် ဆတ်ဆတ်ခါ နာကြည်းလိုက်သည်။

မောင်မောင်သည် အခန်းထဲသို့ ယုမိစံ ဝင်လာမှာကို တစ်ချိန်လုံး စိုးရိမ်နေသည်။ စိတ်မအေးနိုင်ခြင်းကြောင့် အခန်းထဲသို့ မဝင်နိုင်ရန် အခန်း တံခါးကို ပိတ်ချင်နေသည်။

ကိုမြဖေကို လက်ရိပ်ပြ၍ မောင်မောင်က ရေတစ်ခွက် တောင်းလိုက်သည်။ ကိုမြဖေသည် ထမင်းစားခန်းသို့ထွက်သော တံခါးပေါက်မှ ထွက် မည်ပြုပြီးမှ မထွက်ဘဲ မီးဖိုဘက်သို့ထွက်သော တံခါးမှ ထွက်သွားသည်။

ကိုမြဖေ ရေသွားခပ်နေခိုက် မောင်မောင်သည် ခုတင်ပေါ်မှ ကျုံးထလျက် အခန်းတံခါးကို သွားဆွဲပိတ်လိုက်သည်။ ကိုမြဖေ ရေခပ်ပြီး အခန်းထဲသို့ ယူလာရာ မောင်မောင် တံခါး ထ ပိတ်နေခြင်းကို တွေ့ရသည်။

ကိုမြဖေက. . . "တံခါး ဘာကြောင့်ပိတ်သလဲ"ဟု မျက်နှာရိပ် မျက်နှာကဲဖြင့် မောင်မောင့်ကို အပြစ်တင်နေသည်။

www.burmeseclassic.com



တံခါးပိတ်သံ ကြား၍ ယုမိစံ ဧည့်ခန်းမှ ထလာကာ ထမင်းစားပွဲခုံနားသို့ ရောက်လာသည်။ တံခါးပိတ်ထားခြင်းကို မြင်၍ မောင်မောင် နိုးပြီး ချွေးသုတ်ပေးနေပြီ ထင်လိုက်သည်။

ယုမိစံသည် ဧည့်ခန်းထဲသို့ ပြန်မသွားတော့ဘဲ ထမင်းစားပွဲနားတွင် ခြေသံ မကြားအောင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ထမင်းစားပွဲခုံပေါ်၌ ယင်ကောင်များ အုံနားကာ စားပွဲ တစ်ခုလုံး မည်းနေသည်။ ဘယ်နေရာကြည့်ကြည့် မသပ်မရပ် ရှုပ်ပွနေသော အိမ်ခန်းကို ကြည့်လျက်၊ ကျန်းမာရေးနှင့် မညီညွတ်ခြင်းကြောင့် ငှက်ဖျားဖျားခြင်း ထင်မိသည်။ မောင်မောင် နေကောင်းလျှင် ဒီအိမ်ကိုလာ၍ သန့်ရှင်းပေးရန် သူ့ခေါင်းထဲ၌ မှတ်ထားလိုက်သည်။

ကိုမြဖေ မီးဖိုဘက်မှ ကွေ့၍ ထွက်လာသည်။ ယုမိစံက ကိုမြဖေကို ဆီးမေးသည်။

'အဝတ်လဲသလား ကိုမြဖေ'

'ဟုတ်. . . ဟုတ်ကဲ့. . . ဆရာမ၊ ချွေးသုတ်ပြီး အဝတ်လဲပါတယ်။ လေစိမ်းတိုက် သူ မခံချင်ဘူးဆိုလို့ တံခါးပိတ် ပေးထားပါတယ်၊ အဖျား မရှိတော့ပါဘူး'

ကိုမြဖေ ပြောသောစကားနှင့် ကိုမြဖေ မျက်နှာမှာ မကိုက်ညီဘဲ တခြားစီ ဖြစ်နေသည်။ ယုမိစံသည် အခန်းထဲသို့ သူ မဝင်စေရန် မောင်မောင် တံခါးပိတ်ခိုင်းမှန်းကို သိလိုက်သည်။

ဧည့်ခန်းထဲသို့ ယုမိစံ သွား၍ထိုင်သည်။ သူ့အား ဤမျှမုန်းတီးသော မောင်လေးကို ဘာကြောင့် သူ ချစ်ခင်ရသနည်းဟု၊ သူ့ကိုယ်သူ သုံးသပ် ဝေဖန်လျက် ကြည့်နေမိသည်။

ဤကမ္ဘာမြေပြင် လူ့လောကကြီးထဲ၌ သွေးရင်းသားရင်းဆို၍ သူနှင့် မောင်မောင် နှစ်ယောက်တည်းမှအပ၊ အခြားသူ မရှိကြောင်းကို မောင်မောင် သိစေချင်လှသည်။

www.burmeseclassic.com



မောင်မောင် မြန်မာပြည်၌ ရှိသည်ဟု သိရသည့်နေ့ကစ၍ သူမှာ လူကသာ ဂျပန်ပြည်၌ရှိသော်လည်း သူ့စိတ်မှာ နေ့စဉ်နှင့် ရက်ဆက် မြန်မာ ပြည်သို့ ရောက်ရှိစွဲလမ်းလျက်ရှိပုံ၊ မြန်မာစာပေ မြန်မာမှုတွေကို မြန်မာပြည် သို့ မလာခင် သိရှိနားလည်အောင် မည်မျှ ကြိုးပမ်းအားထုတ် ဆည်းပူးခဲ့ ရပုံများကို တစိမ့်စိမ့် တွေးမိလျက် ရှိသည်။

မောင်မောင့်ကို ဤမျှ မေတ္တာထား၍ သံယောဇဉ်ရှိရှိဖြင့်ဤမျှ ကြိုးစားပမ်းစား မြန်မာပြည်သို့ လာခဲ့သော သူ့အဖြစ်သည်၊ အချည်းအနှီး ဖြစ်ရတော့မည်လောဟု အတွေးများ ဝင်လာသည်။

ထိုအတွေးသည် ယုမိစံအတွက် ထိတ်လန့်ဖွယ်ရာ ကောင်းသော အတွေး ဖြစ်သည်။ ထိုထိတ်လန့်ဖွယ်ရာ ကောင်းသော အတွေးများနှင့် ယုမိစံသည်၊ အပြင်၌ တစ်ယောက်တည်း နပန်းလုံးလျက် ရှိသည်။

တစ်ချိန်လုံး ကုလားထိုင်ပေါ်၌ ကျုံ့ကျုံ့ကလေး ထိုင်နေရာမှ သူ့ လက်ချောင်းကလေးများကို ချိုးလိုက်ဆန့်လိုက်၊ ကြည့်မိကြည့်ရာ ကြည့် လိုက် ဆွေ့မြည့်ကြေကွဲ တုန်လှုပ်ချောက်ချားလျက် အမျိုးမျိုး ဖြစ်နေသော စိတ်တို့ကို လုပ်မိလုပ်ရာဖြင့် ဖြေဖျောက်လျက် ရှိသည်။

ညနေ ၄ နာရီ မထိုးမီ ဦးသက်လွင် ပြန်ရောက်လာသည်။ ယုမိစံ တံခါးဖွင့်ပေးကာ အိမ်ဝမှ ဆီးကြိုလျက် သူ့ခါးကို ကုန်းညွတ်၍ နှုတ်ဆက် သည်။

ဦးသက်လွင်သည် ဧည့်ခန်း၌ မထိုင်သေးဘဲ မောင်မောင်၏ အိပ်ခန်း သို့ တန်းသွားကာ အိပ်ခန်းအပြင်ဘက်မှ တံခါးခေါက်၍ အသံပြုလိုက်သည်။

'မောင်မောင်. . . ဒီညနေ အဖျားတက်သေးသလား'

အခန်းထဲမှ မောင်မောင်၏ အသံကို ပြန်မကြားရပေ။ ကိုမြဖေသည် မီးဖိုခန်းမှ ထွက်လာကာ မောင်မောင် အိမ်သာ သွားကြောင်း လာပြောသည်။

အိမ်ရှေ့မှ ဦးသက်လွင်ကို ယုမိစံ တံခါးဖွင့်ပေးသံ ကြားသည်နှင့်၊ မောင်မောင် အိမ်သာထဲသို့ တစ်ချိုးတည်း ပြေးဝင်သွားခြင်း ဖြစ်ပေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ကျောင်းတွင် ညနေပိုင်း စာသင်ရန် အချိန်နီးကပ်လာခြင်းကြောင့်၊ မောင်မောင် အိမ်သာက အထွက်ကို မစောင့်ဆိုင်းနိုင်တော့ဘဲ ဦးသက်လွင်ကို နှုတ်ဆက်လျက်၊ မသာယာသော မျက်နှာလေးဖြင့် ပြန်ထွက်ခဲ့သည်။

## ၁၅

တစ်မိုးကုန်၍ တစ်ဆောင်းသို့ ကူးလာသော်လည်း ရာသီဥတုကသာ ပြောင်းသည်။ မောင်မောင်၏ စိတ်ဓာတ်ကတော့ မပြောင်း။ မောင်မောင်နှင့် ယုမိစံတို့၏ ဆက်ဆံမှုသည် ကြာလေ ဆိုးလေသော အခြေအနေသို့ ရောက် လို့နေသည်။

မောင်မောင်နှင့် မျက်လုံးချင်း ဆိုင်မိကြသည်နှင့် တစ်ပြိုင်နက်၊ မောင်မောင်၏ မျက်လုံးများသည် ရက်စက် မုန်းတီးသော အရောင်တို့ဖြင့် တဖျပ်ဖျပ် တောက်သွားသည်ချည်း ဖြစ်သည်။

ထိုမျက်လုံးကို မြင်ရတိုင်း ယုမိစံ၏ ရင်တွင်း၌ မြှုပ်၍ထားရသော မောင်နှမစိတ်ကို ထိခိုက်ခြင်းကြောင့်၊ အသည်းခိုက်အောင် နာကျင်ခြင်း ဖြစ်ရသည်။

မောင်မောင်၏ စိမ်းကားမုန်းတီးမှုသည် ယုမိစံကို အမြဲလိုပင် ခြောက်လှန့်လျက် ရှိခြင်းကြောင့်၊ ကြာလေကြာလေ အဖြစ်မှန်ကို ဖွင့်ပြောပြ ရန်ပင် မစဉ်းစားရဲအောင် ဖြစ်လျက် ရှိရသည်။

မောင်မောင်၏ မုန်းတီးမှုက နှောင့်ယှက် ဟန့်တားလျက် ရှိခြင်းကြောင့် ဖွင့်ပြောဖို့ နေနေသာသာ၊ မောင်မောင် ရိပ်မိ သိရှိသွားမှာပင် စိုးရိမ်လာရသော အခြေသို့ ရောက်လာသည်။ မောင်မောင် မရိပ်မိရန်ကိုပင် အလွန် သတိထား၍ ရှောင်ကြဉ်ခြင်း ပြုရသည်။

www.burmeseclassic.com



မောင်မောင်နှင့် ဘာမှမသက်ဆိုင်ဘဲ ဦးသက်လွင်နှင့် ခင်မင် ရင်းနှီးမှု ရှိ၍သာ ဝင်ထွက်သွားလာနေကြောင်း ပြချင်၍ မောင်မောင်နှင့် စကားပင် မပြောကြရတော့ပေ။ ပြောသည်ဆိုလျှင်လည်း နေကောင်းသလား၊ ကျောင်းက ပြန်လာပြီလား စသည့် အရေးမကြီးသော စကားကိုသာ ပြောကြရသည်။

နွေကျောင်းပိတ် ယုမိစံ ဂျပန်ပြည်သို့ ပြန်တုန်းက အဘိုးအဘွား များက မောင်မောင့်အတွက် ပေးလိုက်ကြသော ပစ္စည်းများသည် မောင်မောင့် ကို မပေးနိုင်သေးဘဲ အချိန်အခါ စောင့်၍ အိမ်၌ပင် ထားရသေးသည်။

အဘိုးက မောင်မောင့်အတွက် ကက်ဆက်ရက်ကော်ဒါ တစ်လုံး ပေးလိုက်သည်။ အဘွားက မောင်မောင့်အတွက် ကင်နွန် ကင်မရာတစ်လုံး နှင့် လက်ပတ်နာရီ ချုပ်ပြီး ရှပ်အင်္ကျီများ၊ ဘောင်းဘီများ၊ အပေါ်အင်္ကျီများ ပေးလိုက်သည်။ ဂျပန်က ပြန်လာမှ မောင်မောင့်ကို ပေးစရာရှိသည့် ပစ္စည်း များသည် တစ်ပုံတစ်ခေါင်းကြီး အထုပ်အတိုင်းပင် အိမ်၌ရှိသည်။

အဘိုးက သူ ပေးလိုက်သော ပစ္စည်းကို ဂျပန်ပြည်ရှိ မောင်မောင့် အဘိုးက မောင်မောင့်ကို ပေးကြောင်းပြော၍ ပေးရန်မှာ၏။ အဘွားကလည်း သူ မမြင်ဖူးသေးသော မြေးကလေးအတွက်၊ အဘွားက ပစ္စည်းတွေ ပေးလိုက် ကြောင်း မောင်မောင်ကို ပြော၍ ပေးရန် မှာ၏။

ယုမိစံသည် အဘိုးအဘွားများ အလိုကျအတိုင်း မောင်မောင့်ကို ပြော၍ မပေးနိုင်ခြင်းအတွက်၊ အချိန်အခါကို စောင့်ဆိုင်းနေရခြင်းကြောင့် မပေးနိုင်သေးခြင်း ဖြစ်သည်။

အဘိုးအဘွားထံသို့ စာရေးရန်ပင် တစ်နေ့တခြား ခက်လာသည်။ အခြေအနေ ကောင်းအောင် သိမ်းသွင်းလျက် ရှိသည်ဟု ရေးရသော စာသည်၊ အစောင်စောင် ထပ်နေခြင်းကြောင့် စာရေးရန်ပင် စိတ်ပျက်နေသည်။

ယခုတလော ဦးသက်လွင်နှင့် ယုမိစံတို့ ရုပ်ရှင်သွားလည်း တွဲတွဲ၊ ပန်းချီပြပွဲသွားလည်း တတွဲတွဲ၊ တန်ဆောင်တိုင် မီးထွန်းပွဲ သွားကြည့်လည်း တတွဲတွဲ၊ တရုတ် ဟိုတယ်ဆိုင်၌ ထမင်းသွားစားကြလည်း တတွဲတွဲ။ ဤသို့



BURMESE CLASSIC .com

www.burmeseclassic.com



အိမ်ပြင်ပါ ထွက်၍ အတူတွဲကာ သွားလာနေခြင်းကြောင့် မောင်မောင်၏ ရင်ထဲတွင် အလုံးလိုက် တက်လာသော မနာလိုစိတ်၊ မုန်းတီးစိတ်တို့ဖြင့် မောင်မောင်၏ မျက်နှာသည် တစ်နေ့တခြား မှုန်သိုးသိုး ဖြစ်လာသည်။

မျက်လုံး၌လည်း စက်ဆုပ်ရွံရှာသော အရိပ်အရောင်တွေ ဖုံးနေလျက်၊ ဦးသက်လွင် အပေါ်၌ပင် မကျေချမ်းစိတ် ဖြစ်ပေါ်လာသည်။

ယုမိစံအိမ်မှ တစ်ခါတစ်ရံ သန်းခေါင်ချဉ်းမှ ပြန်တတ်သည့်အတွက်၊ တံခါး ထဖွင့်ပေးရသော ညပေါင်းကလည်း များလှပြီ။ ထိုညမျိုး၌ ဦးသက်လွင်သည် သူ့အပေါ်၌ အချစ်အကြင်နာ လျော့ပါး၍ သွားပြီလားဟု ထင်မိသည့်အတွက် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာတတ်သည်။

ဦးသက်လွင်က ယုမိစံကို ဖွင့်ပြောပြရန် အတန်တန် ဆွေးနွေး တိုက်တွန်းလျက် ရှိသည်။ ယုမိစံ တအုံနွေးနွေး ပူဆွေးနေရမည့်အစား၊ ဖွင့်ပြော၍ အဖြေထွက်လာမည့် အကောင်းနှင့်အဆိုး တစ်ခုခုကို ပြတ်ပြတ် သားသား ရင်ဆိုင်ရန် တိုက်တွန်း၍သာ နေသည်။ ဖွင့်ပြောမှ ပိုဆိုးမည့် အဖြစ်ကို ယုမိစံ ရင်မဆိုင်ရဲအောင် ရှိသည်။

ရန်ကုန်တက္ကသိုလ် ပထမ ၆ လပတ် စာမေးပွဲများ နီးကပ်၍လာပြီ။ ယုမိစံတို့ နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းတွင်လည်း စာမေးပွဲအတွက် မေးခွန်းလွှာများ ထုတ်ရန် အလုပ်များနေသည်။

မေးခွန်းလွှာများ ထုတ်ပေးပြီး အလုပ် အားလပ်သွားသော တစ်နေ့ နံနက် ကျောင်းကအပြန် မောင်မောင်တို့ အိမ်သို့ဝင်သည်။ မောင်မောင်တို့ အိမ်၌ ဤအချိန်တွင် ဦးသက်လွင်လည်း မရှိ၊ မောင်မောင်လည်း မရှိမှန်း သိသည်။ သူတို့ မရှိကြသည့်အချိန်၌ လာရသည့်ကိစ္စမှာ ရှုပ်ပွနေသော မောင်မောင်တို့ အိမ်ကို ကျန်းမာရေးအတွက် သန့်ရှင်းပေးချင်၍ ဖြစ်သည်။ သန့်ရှင်းပေးရန် အမှတ်ထားခဲ့သော်လည်း စာမေးပွဲကိစ္စကြောင့် မအားလပ် နိုင်၍၊ ယနေ့တော့ ဖြစ်မြောက်အောင် လုပ်မည်ဟု လာခဲ့လေသည်။

နံနက် ၁၀ နာရီအချိန် ကိုမြဖေ အိမ်ရှေ့တံခါး ပိတ်ပြီး မီးဖိုထဲ၌

www.burmeseclassic.com



ထမင်းစားနေသည်။ ယုမိစံသည် နောက်ဖေးဘက်သို့ လျှောက်သွားကာ ကိုမြဖေကို အိမ်ရှေ့တံခါး အဖွင့်ခိုင်းရသည်။

'သူတို့ မရှိကြဘူး ဆရာမ'

အိမ်ရှေ့တံခါး ဖွင့်ပေးရင်း ကိုမြဖေက ပြုံးပြောလိုက်သည်။ ယုမိစံသည် အိမ်ထဲ မဝင်ခင် သူကားမောင်းသမား ဆာမိကို လှမ်းခေါ်လိုက်သည်။

'ဆာမိ ဩဘားစံကို ပြောပါ၊ ဆရာမ တစ်နာရီမှ ထမင်း ပြန်စားမယ်၊ ဆာမိလည်း ထမင်းစားပြီး တစ်နာရီမှ ဒီကို လာခေါ်ပါ'

အိမ်၌ ဘယ်သူမှ မရှိကြဘဲ ဘာကိစ္စ တစ်နာရီထိ နေမည်ကို ကိုမြဖေ မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ဆာမိ ထွက်သွား၍ ယုမိစံ အိမ်ထဲဝင်လာမှ အိမ်ရှေ့တံခါး ပိတ်လိုက်သည်။

ကိုမြဖေသည် ယုမိစံကို ဧည့်ခန်းထဲ၌ ထားခဲ့လျက် မီးဖိုခန်းထဲသို့ ပြန်ဝင်လာကာ ထမင်းဆက်စားသည်။

ယုမိစံသည် သူ့ခြင်းထဲ၌ နံနက်စောစောက ထည့်ထားသော အဝတ် နှစ်ခုကို ဆွဲထုတ် ယူလိုက်သည်။ အဝတ်ဖြူတစ်စကို သူ့ခေါင်း၌ အုပ်သိုင်း၍ ပတ်ချည်လိုက်သည်။ အခြား အဝတ်တစ်ပိုင်းကို သူ့ခါးရှေ့၌ ပတ်ချလျက်၊ အဝတ်ကြိုးကို သူ့ခါးနောက်၌ ချည်လိုက်သည်။

ယုမိစံသည် အိမ်ရှေ့ထွက်လာမည့် ကိုမြဖေကို ခဏ ထိုင်စောင့်သည်။ ကိုမြဖေ ထွက်လာမှ ဖုန်သုတ်ရန် အဝတ်တောင်းလိုက်သည်။ ကိုမြဖေသည် ယုမိစံကိုယ်မှ ခါးဝတ်နှင့် ခေါင်းအုပ်အဝတ်ကို ကြည့်လျက် နားမလည် လှသေးဘဲ ဖုန်သုတ်အဝတ် ယူလာသည်။

'ကိုမြဖေ ဒီအိမ်ကို သန့်ရှင်းပေးစေချင်ပါတယ်၊ ဒါကြောင့် အမှိုက် လှည်းဖို့ တံမြက်စည်းပါ ပေးပါ'

ကိုမြဖေသည် အကြောင်းကိစ္စ သိသွားမှ သွားတွေ အကုန်ပေါ်အောင် သူ့ပါးစပ်ကို ဖြဲ၍ အားတုံ့အားနာစွာဖြင့် ပြန်ပြောသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟာ. . နေပါစေ ဆရာမ၊ ကျွန်တော် လှည်းပါ့မယ်'

'ကိုမြဖေ လုပ်စရာရှိတဲ့ အလုပ်ကို လုပ်ပါ။ သန့်ရှင်းရေး အလုပ်ကို ကျွန်မ လုပ်ပါ့မယ်'

'ဟာ. . . မဟုတ်တာ၊ ကျွန်တော် လှည်းပေးပါ့မယ် ဆရာမ'

ယုမိစံသည် ရှေးဦးစွာ အိမ်ရှေ့ခန်းကို ရှင်းသည်။ အခန်းမျက်နှာကြက်နှင့် နံရံတို့၌ ပင့်ကူအိမ်များ ဖွဲ့တွယ်လျက်၊ ကြမ်းပေါ်၌ ဖုန်များ ဖွေးနေခြင်းကို ယုမိစံ အိမ်သို့လာတိုင်း မျက်စိက ကြည့်မရပေ။ သန့်ရှင်းပေး မည်ဟု အမှတ်ထားခဲ့ရာ ယနေ့မှပင် လုပ်ဖြစ်တော့သည်။

ကိုမြဖေက အတင်းဝင်ပြီး လှည်းပေးသည်။ ကိုမြဖေ မျက်နှာကြက် နှင့် နံရံတို့ကို လှည်းကျင်းနေခိုက်၊ စားပွဲပေါ်မှ စာအုပ်များကိုအောက်သို့ ပုံချပြီး တစ်အုပ်စီ ဖုန်ခါ၍ သုတ်သည်။

မျက်နှာကြက်နှင့် နံရံတို့၌ ပင်ကူကျပ်ခိုးများ စင်သွားမှ၊ ဧည့်ခန်း စားပွဲ ကုလားထိုင်များကို ဖုန်သုတ်ကြသည်။

ကိုမြဖေသည် နံနက်စာ စားပြီး အိမ်တံခါးပိတ်ကာ သူ့အိမ်ရှိရာ ဗဟန်းသို့ ပြန်နေကျ မပြန်နိုင်တော့ဘဲ၊ ယုမိစံ အလိုရှိသည့်အတိုင်း ကြမ်းခင်း ကို ရေဆွတ်ဖျန်းကာ အုန်းဆံဖတ်ဖြင့် ပွတ်တိုက်ပေးနေသည်။

'ဆရာမ ဘာမှ မလုပ်ပါနဲ့ နေပါ၊ ဆရာမ ဂါဝန်တွေ စိုကုန်မယ်၊ ကျွန်တော့်ကို ခိုင်းပါ၊ ကျွန်တော် လုပ်ပါ့မယ်'

ယုမိစံက မြန်မြန်ပြီးအောင် သူပါ ကူညီလုပ်ရန် ဟန်ပြင်လိုက်၍ မလုပ်ရန် အတင်း တားမြစ်ရ၏။ မမျှော်လင့်ဘဲ ယုမိစံ အိမ်လာရှင်းပေးခြင်း ကို အံ့လည်း အံ့ဩသွားသည်။ ကထိက ဆရာမ ရင့်မကြီးတစ်ယောက်က ဖုန်သုတ်၊ ကြမ်းလှည်း၊ မဖွယ်မရာ လုပ်ကိုင်နေသည့်အတွက် ရယ်လည်း ရယ်ချင်၏။ မောင်မောင်များရှိရင် ဘယ်လိုနေမည်လဲဟု မောင်မောင့်ကို အထူး သတိရနေသည်။

'ကြမ်းကို အဝတ်ခြောက်နဲ့ တစ်ခါ တိုက်ပေးပါ'

www.burmeseclassic.com



မောင်မောင့် ရေလဲလုံချည် အစုတ်ကို ဖြဲ၍ ကိုမြဖေက ကြမ်းများကို အချောပြန်ပွတ် သုတ်ပေးသည်။ ကြမ်းပြောင်သွားမှ ယုမိစံသည် ဧည့်ခန်း ကလေးကို နေရာ ရွှေ့ချယ်ရွှေ့ပြောင်းလျက်၊ သပ်ရပ်လှပအောင် ခင်းကျင်း ပြင်ဆင်ပေးသည်။

ပက်လက် ကုလားထိုင်နှစ်လုံးနှင့် စားပွဲခုံက တစ်နေရာ၊ ဧည့်ခန်း ကုလားထိုင် စားပွဲများက တစ်နေရာ၊ တစ်နေရာစီ ခွဲခြားလျက် ပြင်ပေးလိုက် ခြင်းကြောင့် အိမ်ရှေ့ခန်းသည် ကျယ်သွားလျက် မျက်စိ အေးစရာ သန့်ပြန့် ရှင်းလင်းသွားသည်။

အိမ်ရှေ့ခန်းအပြီး ထမင်းစားခန်း နေရာကို ရှင်းကြပြန်သည်။ အမိုးနှင့် ချောင်ကြိုချောင်ကြားမှ ရှိရှိသမျှ အမှိုက်သရိုက်များကို ယုမိစံ ကိုယ်တိုင် လှည်းကျင်း ထုတ်ပစ်လိုက်သည်။ ကိုမြဖေက ကြမ်းတိုက်ပေး သည်။

'ကိုမြဖေ၊ ကျွန်မ ဒီမှာ ဒီလို လာသန့်ရှင်းတဲ့အတွက် ကိုမြဖေ အလုပ်များရတာ စိတ်မဆိုးပါနဲ့၊ ဒီအိမ်က လူတွေကို ကျွန်မအစ်ကို၊ ကျွန်မ မောင်လေး. . . ကျွန်မ ဆွေမျိုးလို သဘောထားပြီး လုပ်ပေးတာပါ'

ယုမိစံက ပြုံးပြုံးကလေး တောင်းပန်နေသည်။

'မဆိုးပါဘူး ဆရာမ၊ ညနေ ဆရာ ပြန်လာရင် ဆရာမကို ဆရာက အလွန် အားနာတော့မှာပဲ။ ဒီအိမ်မှာ ကျွန်တော်တို့ ယောကျ်ားတွေချည်း နေတော့ ဆရာမ မြင်တဲ့အတိုင်းပဲ၊ ကိုးရိုးကားရား နေကြတာပဲ။ ကျွန်တော် က နံနက် ထမင်း လာချက်ပြီး နေ့ခင်း အိမ်ပြန်၊ ညနေတစ်ခေါက် ပြန်လာ ဆိုတော့ အိမ်အလုပ်လုပ်ဖို့ သိပ် အချိန်မရပါဘူး'

'ကိုမြဖေ ဒီမှာ မနေဘူးလား'

ယုမိစံက မျက်လုံးလေး ဝိုင်းလျက် မေးသည်။

'မနေပါဘူး၊ ကျွန်တော့်မိန်းမနဲ့ ကလေးက ဗဟန်းမှာ ရှိတယ်'

'ကိုမြဖေ ဆရာနဲ့ နေတာ ကြာပြီလား'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် စူးစမ်းသော စိတ်ဖြင့် သိချင်၍ မေးကြည့်၏။

'ဆရာ ရန်ကုန် ပြောင်းလာမှ နေတာပါ ဆရာမ၊ အစက ဆရာက မန္တလေးမှာ နေပါတယ်။ ဆရာနဲ့ သိတာက ရန်ကုန်ပြောင်းလာမှ သိတာပါ၊ ဆရာ မိန်းမ မယူမချင်းတော့ ကျွန်တော်ပဲ လာလုပ်နေရမှာပဲ'

ကိုမြဖေက ပြုံးစိစိဖြင့် စကားမရှိ စကားရှာကာ ခပ်ချိုတ်ချိုတ် ပြောသည်။

'ဆရာ မိန်းမယူရင် ကိုမြဖေ မနေတော့ဘူးလား'

ယုမိစံက မျက်လုံးကလေး ပြူးလျက် မေးပြန်သည်။

ကိုမြဖေက ပြုံးလိုက်သည်.

'ဆရာက မိန်းမယူမှာ မဟုတ်ပါဘူး ဆရာမ၊ သူ့ညီလေးကို အတော် သံယောဇဉ်ရှိတယ်။ မိန်းမရရင် ညီလေးနဲ့ စိတ်ဝမ်းကွဲရမှာစိုးလို့ မယူ သလားမှ မသိဘဲ ဆရာမ'

ကိုမြဖေ ရယ်လားမောလားဖြင့် အလွန်အာသွက်ကာ လေကောင်း နေသည်။ အလုပ်လည်း တွင်၏။

ယုမိစံသည် အိမ်သန့်ရှင်းရေး အလုပ်ကို အလုပ်ကြီး အကိုင်ကြီးလို လုပ်မနေရဘဲ၊ သူ့မျက်စိက ဘာပြီး ဘာလုပ်ရန် မြင်ပြီးသား ဖြစ်သည်။ မျက်လှည့် ပြသလိုပင် အချိန် မကြန့်ကြာဘဲ စောစောက ထမင်းစားခန်းနှင့် မတူသော ပုံစံအသစ်ဖြင့် သပ်သပ်ရပ်ရပ် ဖြစ်သွားသည်။

'အိပ်ခန်းထဲကို ရှင်းချင်ပါတယ်၊ သော့ရှိသလား ကိုမြဖေ'

ယုမိစံ အိပ်ခန်းထဲ ဝင်ရှင်းမှာကိုတော့ ကိုမြဖေ စိတ်ထဲက မကြိုက် လှပေ။ သို့ရာတွင် ယုမိစံသည် ဦးသက်လွင်၏ ဧည့်သည် မဟုတ်တော့ဘဲ၊ အိမ်သည် တစ်ပိုင်းလောက် ရင်းနှီးနေမှုကြောင့် မကန့်ကွက်ဝံ့ဘဲ အခန်းသော့ ဖွင့်ပေးလိုက်သည်။

အိပ်ခန်းထဲ၌ ကိုမြဖေပါ ကူ၍ ရှင်းရသည်။ ယုမိစံသည် အိပ်ရာခင်း၊ ခေါင်းအုံးစွပ်များကို အကုန် ချွတ်ပစ်လိုက်သည်။ ဗီရိုထဲမှ အိပ်ရာခင်း၊



BURMESE CLASSIC .com

www.burmeseclassic.com



ခေါင်းအုံးစွပ် အသစ် ထုတ်ယူပေးရသည်။ ခုတင်ပေါ်မှ မွေ့ရာများကို လှန်ခါကြသောအခါ မောင်မောင်၏ မွေ့ရာအောက်မှ ကရာတေး အဝတ် ဟောင်း ထွက်လာသည်။

ကိုမြဖေသည် ကရာတေးအဝတ်ကို ဖြန့်ကြည့်လျက် လေးစိတ် လေးမြွာ ဆုတ်ဖြဲထားခြင်းကို တွေ့ရသဖြင့်၊ မောင်မောင် လုပ်ပုံကို အံ့သြ ခြင်းမက အံ့သြမိသည်။

ညနေတိုင်း အိမ်၌ ကရာတေး အဝတ်ဖြင့် လေ့ကျင့်နေကျ။ မောင်မောင့်ကို ကရာတေး အဝတ်ဖြင့် မမြင်ရသည်မှာ ကြာပြီဖြစ်သည်။ ယခု ဆုတ်ဖြဲထားခြင်းကို တွေ့ရမှ ဘာကြောင့် ဆုတ်ဖြဲထားမှန်း အဖြေပေါ် သည်။ ယုမိစံ မမြင်ရအောင် လုံးထွေး၍ ရေချိုးခန်းထဲ၌ သွားပုံထားလိုက် ရသည်။

ယုမိစံ လုပ်ပုံကိုင်ပုံ လျင်မြန် ဖျတ်လတ်လွန်းသည့်အတွက်၊ ဂျပန် အမျိုးသမီးတွေ အိမ်သန့်ရှင်းရေးလုပ်တာ အတော်မြန်ဆန်တာပဲဟု၊ စိတ် ထဲက မချီးကျူးဘဲ မနေနိုင် ဖြစ်မိသည်။

မောင်မောင်တို့ အိပ်ခန်းထဲ၌ ကြမ်းပြင်ပေါ်တွင် ပုံထားသော စာအုပ် ပုံကြီးလည်း မရှိတော့ပြီ။

ကြိုးတန်းပေါ်၌လည်း ဘာမျှ မတွေ့ရတော့ပြီ။ အဟောင်းနေရာ အဟောင်း၊ အသစ်နေရာ အသစ်၊ သူ့နေရာနှင့်သူ ရောက်သွားကြသည်။ တစ်ခန်းလုံး ပွရောင်းလျက်ရှိသော အခန်းသည် အိပ်ခန်းနှင့်တူကာ အိပ်ချင် စဖွယ် လှပ သန့်ရှင်းသွားသည်။

'ဆရာမ နားပါဦး၊ ကော်ဖီသောက်ပါ'

'အလုပ်ပြီးပြီ၊ မသောက်ဘူး အခုပဲ ထမင်း ပြန်စားမယ်။ ညနေမှ ကျွန်မအိမ်က ပန်းအိုးတစ်လုံး ယူလာမယ်'

ခြံထဲ၌ ဆာမိကား ပြန်ရောက်လာသည်မှာ နာရီဝက်ခန့် ရှိသွားပြီ။ ယုမိစံသည် ခေါင်း၌ ဖုန်မတက်အောင် ပတ်ထားသော အဝတ်ကို ချွတ်

www.burmeseclassic.com



ခေါက်လိုက်သည်။ သူ့ခါးတွင် ဂါဝန် ဖုန်မပေအောင် ပတ်ချည်ထားသော အဝတ်ကိုလည်း ဖြုတ်ခေါက်သည်။

'အိမ်သန့်ရှင်းသွားတာ ကြိုက်တယ် မဟုတ်လား. . . ကိုမြဖေ'

ယုမိစံသည် အိမ်ပေါ်မှ မဆင်းရခင် ရယ်မောလျက် ပြောသည်။

'ကြိုက်ပါတယ် ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ။ ဆရာတို့ ပြန်လာရင် အိမ်မှားပြီး ဝင်လာသလားလို့ ထင်ကြလိမ့်မယ် ဆရာမ'

ယုမိစံ ကားထွက်သွားမှ ကိုမြဖေ တံခါးပိတ်လိုက်သည်။ ကိုမြဖေမှာ အိမ်ပြန်ရန် အချိန်မရတော့ပေ။ အိမ်ရှေ့၌ သပ်သပ်ရပ်ရပ်ကလေး ဖြစ်နေပုံကို ကြည့်လျက်၊ မြင်မကောင်းအောင် ပွရှုပ်နေသော နောက်ဖေးမီးဖိုဆောင်ကို ရှင်းမှ ဖြစ်တော့မည်ဟု အတွေးဝင်လာသည်။ မီးဖိုဆောင် တစ်ဆောင်လုံး ချေးချွတ်သည့်အလုပ်ကို မလုပ်စဖူး တစ်နေ့ခင်းလုံး လုပ်ကိုင်နေသည်။

ညနေ ၃ နာရီခွဲ၍ နောက်ဖေးဘက်မှ မောင်မောင်၏ လေချွန်သံကို ကြားလိုက်ရသည်။ ကိုမြဖေသည် လေချွန်သံကြား၍ ပြုံးလိုက်မိသည်။

ကိုမြဖေ တစ်ကိုယ်လုံး ပေမည်း ညစ်နွမ်းလျက် ရုပ်မပေါ်အောင် ဖြစ်နေပုံကို မြင်ရ၍၊ မောင်မောင် အံ့အားသင့်သွားသည်။

'ကိုမြဖေ ခင်ဗျား ဘာလုပ်နေလို့လဲ'

မောင်မောင်သည် ရှင်းလင်း သပ်ရပ်သော မီးဖိုဆောင်ကို မမြင်စဖူး မြင်ရသည်။ မောင်မောင့်မှာ အထူးအဆန်းဖြစ်လျက် စူးစမ်းသော မျက်စိဖြင့် ကိုမြဖေကို ထပ်ကြည့်လိုက်သည်။

'အိမ်ထဲဝင်ရင် ကိုယ်တော်လေး ခြေထောက်ကို ဖုန်စင်အောင် သုတ်ပြီးမှ ဝင်ပါ၊ မမဖုရား တစ်အိမ်လုံးကို လာရှင်းထားပြီ'

'ဘာ. . . ဗျ'

မောင်မောင်၏ ကျယ်လောင်လှသည့် အသံ။

ကိုမြဖေသည် နွမ်းနယ်ပင်ပန်းနေသော အမူအရာများဖြင့်ပင်၊ မောင်မောင့်ကို ကလိချင်၍ စပ်ဖြဲဖြဲ စိုက်ကြည့်နေလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထမင်းစားခန်းထဲသို့ မောင်မောင် ရောက်သွားသည်။ ထမင်းစားခန်းမှ ဧည့်ခန်း၊ ထို့နောက် အိပ်ခန်း။

ထမင်းစားခန်း၊ ဧည့်ခန်း၊ အိပ်ခန်းတို့သည် ယခင်ပုံစံနှင့် ခြားနားလျက် ပုံစံသစ် ပြောင်းသွားလေပြီ။ ပုံစံသစ်ပြောင်းလျက် ယခင်နှင့် ခြားနားသွားကာ မည်မျှသန့်ရှင်း၍ မည်မျှသပ်ရပ်ခြင်း ရှိကြသည်ကိုတော့ မောင်မောင် မြင်သည်။ သို့သော် သန့်ရှင်းသပ်ရပ်ထားသော ယုမိစံ၏ လက်ရာသည် မောင်မောင်၏ မျက်စိကို ပသာဒမဖြစ်စေဘဲ မောင်မောင်၏ မျက်စိ၌ စူးအောင့်လျက် မောင်မောင့်ရင်ကို ဆောင့်သွားသည်။

သူနှင့် သူ့အစ်ကိုကြီးတို့နှစ်ယောက် နေထိုင်ခဲ့သော အိမ်ဟောင်းသည် ပျောက်ကွယ်သွားလျက်၊ ယုမိစံ အပါအဝင် သုံးယောက် သက်ဆိုင်သော အိမ်သစ်ပမာ ခြားနားပြောင်းလဲမှုက ဖမ်းစားလိုက်ခြင်းကြောင့် ခံပြင်းလှကာ၊ တင်းမာခက်ထန်လှသည့် မျက်နှာဖြင့် မီးဖိုဝသို့ မောင်မောင် ရောက်လာသည်။

ကိုမြဖေသည် လက်ဆွဲချိုင့်မှ ချေးများကို တဂျစ်ဂျစ် တိုက်လျက်နေရာက၊ မောင်မောင့်ကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။

'တွေ့ခဲ့လား၊ မင်း မမ လှခေါင်မိုးရဲ့ အိမ်ရှင်မလက်ရာ။ ပထမတန်းပဲကွ'

ကိုမြဖေသည် ပြောပြီးမှ ရယ်ကျဲကျဲ မျက်နှာဖြင့် မောင်မောင့်ကို လှည့်ကြည့်သည်။ မီးတဝင်းဝင်း တောက်နေသော မောင်မောင်၏ မျက်လုံးကို မြင်၍ အမ်းသွားသည်။

'ဘာဆိုင်လို့ သူက ဒီအိမ်မှလာပြီး ခြယ်လှယ်ရတာလဲ. . . သူ့အိမ်လားဗျ'

'သူ့အိမ်လိုပဲ သူ သဘောထားလို့ပေါ့ကွာ'

မောင်မောင်၏ ဒေါသကို အသိအမှတ် မထားဟန်ဖြင့်၊ ကိုမြဖေက လေအေးဖြင့် ပြောပြီး လက်ဆွဲချိုင့်ကို ရေတဖွားဖွား လောင်းဆေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ကိုင်းဗျာ. . . သူ့အိမ်လား. . . ဘယ်သူ့အိမ်လဲ သိကြရအောင်'

အိမ်ရှေ့ခန်းသို့ ဒေါ်နှင့် မောနှင့် မောင်မောင် ပြန်ထွက်သွားသည်။ မကြာမီ အိမ်ရှေ့မှာ ဒုန်းဒုန်းဒိုင်းဒိုင်း အသံတွေ ကြားရသဖြင့် ကိုမြဖေ အိမ်ရှေ့သို့ ပြေးထွက်ကြည့်သည်။

ကိုမြဖေ မျက်လုံး ပြူးသွားလေ၏။

မောင်မောင်သည် စားပွဲပေါ်၌ သပ်ရပ်စွာ တင်ထားသော စာအုပ်များကို ကြမ်းပေါ်၌ ပစ်ချထားကာ၊ စားပွဲခုံကို ပထမ နေရာအတိုင်း၌ရှိရန် ပြန်တွန်းရွှေ့နေသည်။

'ဟော့. . . ဟော့. . . မောင်မောင်၊ မင်း ဘာလုပ်တာလဲ'

ဒေါသကြီးနေသော မောင်မောင်သည် မာန်ဖီနေသော ကျားအသွင် ကဲ့သို့ ဟိန်းဟောက် ကြုံးဝါးလျက် ကြမ်းကြုတ် ခက်ထန်လာသည်။

ယုမိစံ သန့်ရှင်းထားသော လက်ရာများကို အားလုံး ဖျက်ပစ်သည်။ ရှင်းလင်းထားသော ပစ္စည်းမှန်သမျှ မရှုပ်ရှုပ်အောင် ဖွပစ်သည်။ ဧည့်ခန်း ကုလားထိုင်များကို တောင်တစ်လုံး၊ မြောက်တစ်လုံး ရောက်အောင် ဆွဲရွှေ့ ပစ်လိုက်သည်။

ကိုမြဖေသည် ပထမ မောင်မောင့်ကို ဝင်ဆွဲမည် ကြံသေးသည်။ သို့ရာတွင် မောင်မောင်၏ မသေးလှသော ဒေါသကိုလန့်၍ ဝင်မတားဝံ့ဘဲ လေအေးအေးဖြင့် ချော့ပြောရသည်။

'မလုပ်ပါနဲ့ ငါ့ညီရာ၊ ငါ တောင်းပန်ပါတယ်၊ သူ လာရှင်းလည်း ရှင်းပေစေပေါ့ကွာ၊ မင်းတို့ စတိုင်နဲ့တောင် နေရသေးတယ်၊ တော်ပါကွာ. . . တော်. . . တော်'

ကိုမြဖေ၏ စကားများသည် မောင်မောင်၏ နားထဲသို့ တစ်လုံးမျှ



BURMESE CLASSIC .com

www.burmeseclassic.com



မဝင်ပေ။ မွှန်နေသော ဒေသကြောင့် ကိုမြဖေ သူ့အနားၙ ရှိလေသည်ဟူ၍ ပင် အမှတ်မထားတော့ပေ။ နံနက်က သူ ကျောင်းမသွားခင် အိမ်ရှေ့ဧည့်ခန်း ၏ ဖရိုဖရဲ ပုံစံအတိုင်း ပြန်ဖြစ်အောင်၊ ကြိုးစားပမ်းစား ရှုပ်ဖွလျက် ပြန်ဆွဲ ရွှေ့နေသည်။

'ငါပြောတာ နားထောင်ပါဦး မောင်မောင်၊ သူ့ခမျာ တစ်မနက်လုံး လာလုပ်တာပါကွ၊ သူ လာတော့ ဒီလိုပွနေရင် ကောင်းပါ့မလားကွာ'

'သူလာရင် မြင်အောင် တမင်လုပ်တာဗျ၊ မြင်စမ်းပါစေ၊ ခင်ဗျား အပူ တစ်ပြားသားမှ မပါဘူး'

တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသော မောင်မောင်က အော်ကာငေါက်ကာဖြင့် ပြန်ပြောသည်။

ကိုမြဖေသည် မောင်မောင့်ကို ပြောမရ၍ စိတ်ပျက်ပျက်ဖြင့် ညည်း တွားလိုက်သည်။

'ခက်တယ်၊ ဒီအိမ်တော့ ဗြိုဟ်ကျပြီ'

ထမင်းစားခန်းကိုလည်း ယခင်က ရှိရိုးရှိစဉ် ပုံစံအတိုင်း စားပွဲခုံနှင့် ကုလားထိုင်များကို အကုန်ပြန်ရွှေ့၊ အကုန်ပြန်ရှုပ်၊ အကုန်ပြန်ဖွ။

ထို့နောက် အိပ်ခန်းထဲသို့ ဝင်သွားသည်။ သူတို့ အိပ်ကြရမည့် အိပ်ခန်း၏ အပြင်အဆင် အသွင်သစ်ကို ကြည့်ကာ စက်ဆုပ်သော နှလုံးဖြင့် မျက်နှာမဲ့ရှုံ့လိုက်သည်။ သူ့အစ်ကိုကြီး အိပ်သော ခုတင်ကိုယုမိစံ ပြင်ဆင် ထိကိုင်မှုသည် ဒေါသတကြီးဖြစ်နေသော နှလုံးသားကို အညာမှဆွဲကိုင်၍ ခြေနယ်ပစ်လိုက်သည့်နှယ် မခံရပ်နိုင်အောင် နာအောင့်သွားလေသည်။

မောင်မောင်သည် ယုမိစံကို မုန်းတီး တူးခါးလွန်း၍ သူ့စိတ်မှာ နဂိုစိတ်ပျောက်လျက်၊ ရိုင်းစိုင်း ကြမ်းကြုတ်သော စိတ်မိုက်စိတ်ရိုင်းများ ဝင်လာကာ၊ သူ ဘာလုပ်၍ ဘာကိုင်နေမှန်းပင် သူ့ကိုယ်သူ သိချင်မှ သိမည်။

အိပ်ခန်းထဲတွင် ကြမ်းပေါ်သို့ စာအုပ်များ ပစ်ချနေခိုက် ခြံထဲသို့ ယုမိစံ ကား ဝင်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် မောင်မောင်တို့ အိမ်သို့ ပြန်မရောက်ကြခင် ဧည့်ခန်း၌ ထားရှိရန်၊ ပန်းလှလှ ထိုးထားသော ပန်းအိုးတစ်လုံးကို တစ်ခေါက် ပြန်လာပို့ခြင်း ဖြစ်သည်။

ပန်းအိုးကလေးကို လက်တစ်ဖက်က ကိုင်လျက် တံခါးဝ၌ ရပ်လိုက်သည်။ တံခါး လာဖွင့်ပေးသော ကိုမြဖေသည် ယုမိစံ၏ မျက်နှာကို မကြည့်ရဲဘဲ ခေါင်းတငုံ့ငုံ့ဖြင့် တံခါးဖွင့်သည်။

'အို. . .'

ယုမိစံသည် ဧည့်ခန်းကို မြင်မြင်ချင်း ကြက်သေကြီး သေသွားကာ၊ ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရပ်နေသည်။

မောင်မောင်တို့ အိပ်ခန်းထဲ၌ စာအုပ်များ ကြမ်းပေါ်သို့ ပုံချနေသည့် အသံဗလံများမှာ ယုမိစံ၏ နားထဲ၌ ပြင်းထန်လှစွာ တအုန်းအုန်း တဒုန်းဒုန်း ဆောင့်မြည်လျက် ရှိသည်။

ကိုမြဖေမှာ မျက်နှာကြီးပျက်လျက် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ နှုတ်ခမ်းများသာ လှုပ်လျက်ရှိသည်။

'ကိုမြဖေ. . . ဒါ မောင်မောင် လုပ်တာပေါ့'

ယုမိစံသည် ရှုပ်ပွနေသော ဧည့်ခန်းကို လက်ညှိုးကလေး ထိုး၍ ကိုမြဖေဘက်သို့ ခေါင်းကလေး လှည့်ကာ ညင်သာစွာ မေးလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော် လုပ်တယ်'

မောင်မောင်သည် အခန်းထဲမှ တစ်ရှိန်ထိုး ပြေးထွက်လာကာ ခါးထောက်လျက် ယုမိစံ၏ မျက်နှာကို ပမာမခန့်ကြည့်၍ ပြောလိုက်သည်။

ယုမိစံသည် မျက်နှာကလေး ဖျော့သွားလျက် မောင်မောင့်ကို စိုက်ကြည့်လိုက်သည်။ သူ့လက်က ပန်းအိုးကလေးကို စားပွဲပေါ်၌ညင်သာစွာ ချလိုက်သည်။ ပြီးမှ ပမာမခန့် သူ့အား ကြည့်နေသော မောင်မောင့်ကို ဖြည်းလေးစွာ ပြန်ကြည့်လိုက်သည်။

'မောင်မောင် ဘာဖြစ်လို့ ဒီလိုစိတ်မျိုး ရှိသလဲ၊ အိမ်ကို သန့်ရှင်းအောင် မမ ရှင်းပေးတာ မဟုတ်လား'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် သူ့အသံကို တည်ငြိမ်အောင် ထိန်းထားလျက် ညင်သာစွာပင် ပြောသည်။

'ဒီအိမ်က ခင်ဗျားအိမ်လား'

ယုမိစံ၏ရင်မှာ ကျဉ်ခနဲ ဖြစ်သွားသည်။ ယုမိစံသည် ရင်ထဲ၌ ဖြစ်သမျှ အခြင်းအရာကို ပြင်ပသို့ ထုတ်ဖော် မပြဘဲ ပြုံး၍ အေးဆေးစွာပင် ပြန်ပြောသည်။

'မမအိမ် မဟုတ်ပါဘူး မောင်မောင်၊ ဒါပေမဲ့ မမ အင်မတန် ခင်လှတဲ့ အိမ်တစ်အိမ်ကို လုပ်ပေးခွင့်ရှိတယ် မဟုတ်လား'

ရင်ထဲ၌ ကျဉ်လှ နာလှသော်လည်း ယုမိစံသည် သူ့မျက်နှာကလေးကို ချိုမြချိုထားသည်။

'ဘာခင်မင်တာလဲ၊ ဘယ်သူတွေက ခင်ဗျားကို ခင်ကြလို့လဲ။ ခင်ဗျား ဘာသာ ခင်ဗျား အတင်း လာခင်နေတာ မဟုတ်လား'

မောင်မောင်သည် နဂိုရုပ် ပျောက်ကွယ်လျက် ကြည့်မကောင်းအောင် အကျည်းတန် အရုပ်ဆိုးသော မျက်နှာပေါက်ဖြင့် ထန်ထန်မာမာ ပြန်ပြောသည်။

'ဟော့. . . ဟော့. . . မောင်မောင်'

ယုမိစံသည် ကိုမြဖေကို ဝင်၍ မပြောစေရန် လက်ပြတားလိုက်သည်။

'မမကို ဒီအိမ်က ဘယ်သူမှ မခင်ဘူးလို့ မောင်မောင် ပြောချင် သလား'

ယုမိစံက အေးစက်သော အကြည့်၊ အေးစက်သော အသံဖြင့် တစ်လုံးချင်း တစ်လုံးချင်း ခပ်လေးလေး ပြောသည်။

'ဒါတော့. . . ခင်ဗျားဘာသာ နားလည်မှပေါ့၊ ဒီအိမ်က လူတွေက ခင်ဗျားကို ဧည့်သည် သူတစိမ်းလိုပဲ သဘောထားတယ်ဆိုတာ ခင်ဗျား မသိဘူးလား'

မောင်မောင်၏ စကားသံထဲတွင် ခင်ဗျားချင်း မိုးမွှန်သွားလေ၏။

www.burmeseclassic.com



မောင်မောင့်ကို စိုက်ကြည့်နေသော ယုမိစံ၏ မျက်နှာသည် တစ်ချိန်ထက် တစ်ချိန် ပို၍ တည်ငြိမ်လျက် ရှိသည်။ မောင်မောင် ဘာပြောပြော မည်သို့မျှ မတုန်လှုပ်သော အမူအရာကို ပြချင်ခြင်းကြောင့်၊ အားတင်းထားကာ အေးချမ်းသော အမူအရာ အသွင်ဆောင်ထားသည်။

'မမကို ဧည့်သည် သူတစိမ်းတစ်ယောက်လို သဘောထားတာ မောင်မောင့် သဘောထားပဲဖြစ်မယ်ထင်တယ်။ ဆရာက မမကို ဧည့်သည် သူတစိမ်း သဘောမထားပါဘူး၊ မမ ဒီအိမ်ကို လာနေတာလည်း ဧည့်သည် သူတစိမ်း လာသလို လာနေတာ မဟုတ်ပါဘူး'

မောင်မောင်က မဲ့လိုက်သည်။ မဲ့ပြပြီးမှ ပမာမခန့်လုပ်ကာ သရော် လိုက်သည်။

'နို့ . . ဘယ်လိုအဖြစ်နဲ့ လာနေတာလဲ'

'မမ ဘယ်လိုအဖြစ်နဲ့ လာတယ်၊ ဘယ်လို စိတ်ထားရှိတဲ့အတွက် အိမ်ကို သန့်ရှင်းပေးတယ်ဆိုတာ မောင်မောင့်မှာ စဉ်းစားတဲ့ဉာဏ် မရှိဘူးလား'

ယုမိစံ၏ အမူအရာသည် အလွန် ညင်သာ၏။ အပြောက ပြတ်၏။ ကျောင်းသူကျောင်းသားတစ်ယောက်ကို ဆိုဆုံးမသော ကျောင်းဆရာမ အသွင်မျိုးလည်း ပေါက်၏။ ထိုအမူအရာအပေါင်းကို မောင်မောင် မြင်ရ၍ မောင်မောင့်ဒေါသမှာ တဟုန်းဟုန်း တောက်သွားသည်။

'ဉာဏ်ရှိတာမှ သိပ်ရှိပေါ့ ဆရာမ၊ ဘာကြောင့် ဒီလောက် လာခင် နေတယ်ဆိုတာ စဉ်းစားမိပါတယ်၊ ကျွန်တော်က ငတုံး မဟုတ်ပါဘူးဗျ'

မောင်မောင်၏ စကားအသွားအလာ အဓိပ္ပာယ် ဘယ်ရောက်မှန်းကို ယုမိစံ သိသည်။ လွဲမှားနေသော အဓိပ္ပာယ်ကို အမှန်ရောက်စေအောင် တည့်ပေးချင်သည့် ဆန္ဒရှိ၍ တည့်ပေးလိုက်သည်။

'မောင်မောင် သိတယ်ဆိုရင် မမ သိပ်ဝမ်းသာပါတယ်၊ မမက ဒီအိမ်က ဆရာကို မမအစ်ကိုအရင်း အောက်မေ့တယ်၊ မောင်မောင့်ကို မမ မောင်လေးအရင်း သဘောထားတာ မောင်မောင် သိတယ်ပေါ့'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟား. . . ဟား. . . ဟား. . . ဟား. . . '

ယုမိစံ၏ မျက်နှာကလေးသည် ဖြန်းခနဲ နီရဲသွားသည်။ သရော်ပြောင်လှောင်သော မခိုးမခန့် ရယ်သံကြောင့် ယုမိစံ မျက်နှာ မထားတတ်အောင် ရှက်မိသည်။ ရှက်ပင်ရှက်ငြား ယုမိစံသည် သူ့စိတ်ကိုသူ တင်းလျက် မောင်မောင့်ကို ဖြည်းညင်းစွာ ကြည့်လိုက်သည်။

'ခင်ဗျား ဒီအိမ်မှာလာပြီး ဆွေမျိုးစပ်စရာ ဘာမှမရှိဘူး၊ ဧည့်သည် ဘာသာ ဧည့်သည်အနေနဲ့ ဧည့်သည်လို ဝင်ရင်ထွက်ရင် ကောင်းမယ်။ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို နေတဲ့အိမ်မှာ ဘာမှ လာမလုပ်ပါနဲ့၊ လုပ်စရာ မလိုပါဘူး။ ကျွန်တော့်အိမ်က ပစ္စည်းကို သူများလာကိုင်တာ မကြိုက်ပါဘူး'

မောင်မောင်သည် ချဉ်ချဉ်တူးတူးဖြင့် ဖြစ်ချင်ရာဖြစ် အဆုံးစွန်သော စိတ်ကိုထား၍ ရင်ဖွင့်ကာ၊ သူ့ရင်ထဲက ရွံလုံးမုန်းလုံးကြီးကို အတုံးလိုက်၊ အလုံးလိုက် လှစ်ဟ ပြလိုက်သည်။

ယုမိစံသည် တစ်ကိုယ်လုံး အေးစက်လျက် ရှိသည်။

ရင်ထဲက ဆို့တက်လာသော အလုံးကြီးသည် လည်ချောင်း၌ လာ၍ ဆို့တစ်နေသည်။ မောင်မောင်၏ ဒေါသအကြည့်၊ မောင်မောင်၏ ဒေါသအသံ၊ တစ်ကိုယ်လုံး ဒေါသတွေ ဖုံးလျက်ရှိသော မောင်မောင့်ကို မျက်လုံးကလေးများ စင်းလျက်၊ ဝမ်းနည်းမှုကို ချုပ်တည်း၍ ဖြည်းညင်းစွာ ကြည့်လျက်ပင် ရှိသည်။

မောင်မောင် မည်မျှ ဒေါသကြီးနေနေ၊ မောင်မောင်၏ ရင်ထဲက နာကြည်းစိတ်ကို ဖောက်ထွင်း၍ မြင်နေရသည်။ နာကြည်းစိတ်မှ ပေါ်ထွက်လာသော ဒေါသမှန်းလည်း သိသည်။ ထိုဒေါသသည် သူတစ်ဦးတည်း မဟုတ်ဘဲ၊ ဂျပန်တစ်မျိုးလုံး အပေါ်၌ အခဲမကျေနိုင်အောင် ဒေါသဟု ခွဲခြား၍ သိရှိသည်။

မောင်မောင့်ကို စတွေ့ရသည့် နေ့ရက်မှ ယနေ့အထိ၊ မောင်မောင်နှင့် သူနှင့် ခွန်းတုံ့ခွန်းပြန် ဤကဲ့သို့ စကားကြာရှည် မပြောခဲ့ရဘဲ ယခုမှ



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ဦးနှင့် တစ်ဦး အပြန်အလှန် စကားကြာရှည် ပြောခွင့်ရခြင်းကို စဉ်းစားလိုက်မိသည်။ ပြောမည့် ပြောတော့လည်း ရန်စကား။

ယုမိစံသည် ရန်ထောင်နေသော မောင်မောင်နှင့် မျက်နှာချင်းဆိုင်၍ စကားကြာရှည် ဖက်ပြိုင်ပြောကြားရလျက် ရှိခြင်းကြောင့်၊ စိတ်ဖြေသိမ့် ရာကို ရှာဖွေလျက် ရှိသော်လည်း ဖြေသိမ့်ရာကို ရှာမတွေ့နိုင်အောင် ဖြစ်မိ သည်။

'နောက်ကို မောင်မောင် မကြိုက်ရင် မမ မလုပ်ပါဘူး၊ မောင်မောင်လည်း နောက်ကို ဘယ်သူ့ကိုမှ အခုပြောတဲ့ ရိုင်းတဲ့စကားမျိုး မပြောပါနဲ့'

မောင်မောင် မဲ့ပြုလိုက်ပြန်သည်။

'လူတိုင်းအပေါ်မှာ ကျွန်တော်ရိုင်းတာ မဟုတ်ဘူး၊ ဆရာမ သိဖို့ ကျွန်တော်က မရိုင်းသင့်ရင် မရိုင်းဘူး၊ ရိုင်းသင့်ရင် ရိုင်းတယ်၊ အဲဒါ မှတ်ထားပါ'

မောင်မောင်သည် ပြောပြီး ချာခနဲလှည့်ကာ သူ့အခန်းထဲသို့ ပြန်ဝင်သွားသည်။

ယုမိစံသည် ကျောခိုင်းသွားသော မောင်မောင့်ကို လှမ်း၍ တစိမ့်စိမ့် ကြည့်လိုက်သည်။ မောင်မောင် ကျောခိုင်းသွားမှ မောင်နှမမှန်း လုံးဝ မသိရှာဘဲ မုန်းတီး နာကြည်းလျက်ရှိသော မောင်မောင့်အဖြစ်၊ မောင်မောင့် ဘဝကို သနားကြင်နာလွန်း၍ ယုမိစံ မျက်ရည်များ ဝဲလာသည်။

ယုမိစံသည် ကိုမြဖေရှေ့တွင် ယိုစီးကျတော့မည့် မျက်ရည်များကို ထိန်းချုပ်လိုက်ကာ၊ နက်ရှိုင်း နူးညံ့သည့် မျက်နှာကလေးဖြင့် အိမ်ပေါ်မှ ဖြည်းညင်းစွာ ပြန်ဆင်းလာခဲ့သည်။

ယုမိစံ အိမ်ပေါ်မှအဆင်း ဦးသက်လွင် ခြံထဲသို့ ဝင်လာသည်။ ယုမိစံသည် ကားရှိရာသို့ မသွားသေးဘဲ အိမ်အတက်အဆင်း လှေကားရင်း၌ပင် ရပ်စောင့်နေလိုက်သည်။

'ဆရာမ ဘယ်တုန်းက ရောက်သလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် မျက်ရည်များ ဝဲနေသော မျက်လုံးများဖြင့် ဦးသက်လွင်ကို တစ်စုံတစ်ရာ မပြောဘဲ ပြုံး၍ ကြည့်နေသည်။

ယုမိစံ၏ မျက်လုံးထဲ၌ မျက်ရည်များကို တွေ့ရ၍ ဦးသက်လွင် ဘာမှန်းမသိ ခေါင်းကြီးသွားသည်။

'ဘာဖြစ်သလဲ. . . ဆရာမ၊ ပြန်တော့မလား ဆရာမ'

'မနက်ဖြန် တယ်လီဖုန်း ဆက်ပါမယ် ဆရာ'

ယုမိစံသည် ကြာရှည်ရပ်နေခြင်းငှာ သူ့စိတ်ကို မချုပ်တည်းနိုင်တော့သဖြင့် ကားဆီသို့ မြန်မြန်လျှောက်သွားလျက် ကားပေါ်သို့ တက်လိုက်သည်။ ဦးသက်လွင်သည် ကားထဲမှ ခေါင်းကလေးငုံ့၍ အရိုအသေ ပေးသွားသော ယုမိစံကို လက်ပြကာ ရင်လေးလေးဖြင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။

ကိုမြဖေ၏ ပျက်နေသော မျက်နှာကို ဒက်ခနဲ မြင်လိုက်ရသည်။ အခန်းထဲမှ မီးဖိုဘက်သို့ ထွက်သွားသော မောင်မောင်၏ တင်းမာသည့် မျက်နှာထားကိုလည်း လှမ်းမြင်လိုက်သည်။

'ဆရာမ မျက်နှာမကောင်းဘူး၊ မြဖေ၊ ဘာဖြစ်ကြသလဲ'

ကိုမြဖေသည် ထမင်းစားပွဲခုံကို လက်ထောက်ကာ သူ့ခေါင်းမှာ ငုံ့သွားလေသည်။

ကိုမြဖေအနားသို့ ဦးသက်လွင် ရောက်လာကာ 'မေးတာ ပြောစမ်းပါ' ထပ်မေးလိုက်သည်။

'ဆရာမနဲ့ မောင်မောင်နဲ့ စကားများကြတယ်'

ကိုမြဖေက ခေါင်းမဖော်ဘဲ ပြောသည်။

'ဘယ်လိုများတာလဲ'

ဦးသက်လွင်သည် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားကာ ယုမိစံ ဖွင့်ပြောပြီလားဟု တင်မှတ်လိုက်သည်။

'နေ့ခင်းက ဆရာမ လာပြီး တစ်အိမ်လုံး သန့်ရှင်းရေး လုပ်ပေးတယ်၊ မောင်မောင် ပြန်လာတော့ အိမ်မှာ ဆရာမ လာလုပ်တာ မကြိုက်လို့



BURMESE CLASSIC .com

www.burmeseclassic.com



ပြန်ဖွပစ်တယ်။ ဆရာမက ပန်းအိုးတစ်ခေါက် လာပို့တော့ ရှုပ်ဖွထားတာ မြင်သွားပြီး မောင်မောင်နဲ့ စကားများကြတယ်'

'မောင်မောင်'

ဦးသက်လွင်သည် မောင်မောင့်ကို လှမ်းခေါ်လိုက်သည်။

မောင်မောင် မီးဖိုထဲမှ ထွက်လာသည်။ မောင်မောင့် မျက်နှာ၌ အမျက်မပြေသေးဘဲ တင်းမာဆဲ၊ နီမြန်းဆဲပင် ဖြစ်သည်။

'ဆရာမနဲ့ ဘာဖြစ်သလဲ၊ အစ်ကိုကြီးကို ပြောစမ်းကွာ'

ဦးသက်လွင် အသံက ပျော့သော်လည်း မျက်နှာက တင်းနေသည်။

'အိမ်ရှင်တွေကို ဘာမှ မပြောမဆို ခွင့်မတောင်းဘဲနဲ့ သူ့သဘောနဲ့ သူလာပြီး အိမ်ကို ရှင်းလား လင်းလား လုပ်လို့ မုန်းမုန်းနဲ့ ကျွန်တော် ပြောပစ်လိုက်တယ်'

ဦးသက်လွင်သည် မျက်နှာထားကို လျှော့လိုက်ကာ မပြုံးချင်ဘဲ ပြုံး၍ ပြောသည်။

'နေပါဦးကွ၊ ဆရာမက မင်းအိမ်ကို လာဖွတာလား၊ လာရှင်းပေးတာလား။ လာဖွတာဆိုရင်တော့ မင်း မကြိုက်ရင် ပြောနိုင်ပါတယ်၊ လာရှင်းပေးတာ စိတ်ဆိုးစရာလားကွ။ ကထိက ဆရာမ ရင့်မကြီး တစ်ယောက်က တို့အိမ်လာပြီး ရှင်းပေးတာ ကျေးဇူးတင်ရကောင်းမှန်း မင်း မသိဘူးလား မောင်မောင်၊ အားနာရကောင်းမှန်းကော မင်း မသိဘူးလား မောင်မောင်'

ဦးသက်လွင်က သာသာကလေး နှက်ပြောနေသည်။

'ကျေးဇူးလည်း မတင်ဘူး၊ အားလည်း မနာဘူး၊ ကျွန်တော် သူ့ကို ကြည့်လို့ကို မရဘူး အစ်ကိုကြီး'

မောင်မောင်၏ မာကျောသော အသံသည် ပြောရင်း ထန်လာသည်။

'ဘာဖြစ်လို့ ကြည့်မရတာလဲ'

ဦးသက်လွင်၏ နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။

မောင်မောင်က မျက်နှာအိုအိုဖြင့် ဖြေလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ယောက်ျားရှိတဲ့ အိမ်ကို ဒါလောက် အတင့်ရဲပြီး အချိန်မရွေး လာနေတဲ့ မိန်းမကို ကျွန်တော် ကြည့်လို့မရဘူး အစ်ကိုကြီး. . .'

ဦးသက်လွင်သည် စိတ်လှုပ်ရှားသွားသော်လည်း ဣန္ဒြေကို ထိန်းချုပ်ကာ ခပ်အေးအေး ပြောသည်။

'မြန်မာမ မဟုတ်လို့ လာတာပေါ့ကွ၊ သူတို့ နိုင်ငံခြားက ယောက်ျားမိန်းမ ခွဲခြားမထားဘူး၊ ခင်မင်ရင် ခင်မင်တဲ့စိတ်နဲ့ ရိုးရိုးတန်းတန်း ဝင်တာထွက်တာ။ ဆန်းဆန်းပြားပြား မဟုတ်ဘူးကွ၊ မင်းနှယ်ကွာ. . . အတွက်လွဲလိုက်ပါဘိ'

မောင်မောင်က တဖျပ်ဖျပ် တောက်နေသော မျက်လုံးနှင့် မျက်နှာပျက်ပျက် ပြန်ပြောသည်။

'ဒီဆရာမ လာနေတာ ရိုးရိုးမဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို ကြိုက်လို့ လာနေတာ ကျွန်တော် မရိပ်မိတာ မှတ်လို့၊ ရိပ်မိပါတယ် အစ်ကိုကြီးရ'

ဦးသက်လွင်ကို မကြည့်ဘဲ မျက်နှာလွှဲ၍ မောင်မောင်က စွတ်တင်လိုက်သည်။

'ဟေ့. . . မောင်မောင်၊ တော်. . . တော်၊ မင်း ဘာကြောင့် ဒီစကားမျိုး ပြောရသလဲ၊ ဒီလို စွပ်စွဲတာ သူ ကြားသွားရင် ဘယ်လောက် အားနာစရာ ကောင်းသလဲ။ သူလာတာ ရိုးရိုးလာတာ၊ နားလည်လား။ မင်းစကားကို မင်း ပြန်ရုပ်သိမ်း'

ဦးသက်လွင်၏ အသံသည် ခပ်ထန်မာကျောသွား၏။ မောင်မောင်သည် အသံမာမာဖြင့် အပြောခံရ၍ သူ့စိတ်ထဲ၌ ခံပြင်းသွားသည်။ နာကြည်းမှု၊ ခံပြင်းမှုတို့ကြောင့် ရုပ်သိမ်းခိုင်းသော စကားကို မရုပ်သိမ်းနိုင်ကြောင်း၊ မှန်ကန်ကြောင်း ထပ်၍ အခိုင်အမာ ပြန်ပြောလိုက်သည်။

'ကျွန်တော် ချာတိတ် မဟုတ်ပါဘူး အစ်ကိုကြီးရ၊ ကျွန်တော် မသိချင်ယောင် ဆောင်နေတာ ကြာပြီ။ အစ်ကိုကြီးကို သူလာပြီး အမဲဖမ်းနေတာ ကျွန်တော် သိပါတယ်လို့ သူ သိအောင် ပြောလိုက်ပြီးပြီ'

www.burmeseclassic.com



'ဘာ. . .'

ဦးသက်လွင် ဆတ်ဆတ်တုန်အောင် ဒေါသ ထွက်လာသည်။

မောင်မောင့်အနားသို့ ခုန်ရောက်သွားကာ မောင်မောင့်ပခုံးကို ဆွဲလျက်၊ မချုပ်တည်းနိုင်သော ဒေါသကြောင့် စကားလုံးများသည် ပါးစပ်ထဲတွင် အဆင်သင့် ရောက်နေသည့်နှယ်၊ အစီအရီ ထွက်သွားလေ၏။

'မင်း ဘာစကားပြောတာလဲ မောင်မောင်၊ ဆရာမဟာ. . . တခြားလူ မဟုတ်ဘူး၊ မင်း အစ်မကွ၊ ကိုင်း. . . သိပြီလား၊ မင်း အစ်မ'

မောင်မောင်သည် မျက်လုံးများ ပြူးဝိုင်းသွားလျက်၊ သူ့ပခုံးကို ဆွဲထားသော ဦးသက်လွင်၏လက် ပြုတ်သွားအောင် နောက်သို့ ရုန်းထွက်လိုက်သည်။ မောင်မောင့် တစ်ကိုယ်လုံး နတ်ကျသလို တုန်နေသည်။ ဦးသက်လွင်ကို ပြန်ပြောချင်သည့် စကားလုံးတို့သည် တော်တော်နှင့် ထွက်မရပေ။ ရင်ထဲ၌ မခံမရပ်နိုင်သော ရှက်စိတ်၊ ဝမ်းနည်းစိတ်တို့ဖြင့် နာဆို့လျက် ရှိသည်။

ဦးသက်လွင်သည် အံကြိတ်လျက် မောင်မောင့်ကို တင်းမာစွာ စိုက် ကြည့်နေ၏။ ကိုမြဖေ၏ ငုံ့ချထားသော ခေါင်းသည် ထောင်လာကာ ပါးစပ် ဟောင်းလောင်း ပွင့်နေသည်။

'အစ်ကိုကြီးက ဒီလို ပြောတယ်လား၊ ဒီဆရာမကို အစ်ကိုကြီး ကြိုက်နေတာနဲ့ပဲ ကျွန်တော့်အစ်မ လုပ်ပစ်လိုက်ပြီပေါ့၊ ကျွန်တော့် အကြောင်းတွေ ပြောလိုက်ပြီပေါ့။ ကျွန်တော့်ကို ဘယ်. . . ဘယ်. . . ဘယ် တော့မှ ဂျပန်သား မ. . . မ. . . ပြော. . .'

မောင်မောင်သည် ဆို့၍ဆို့၍သွားကာ စကားကို ထစ်ထစ်အအနှင့် ပြီးဆုံးအောင် မပြောနိုင်ရှာဘဲ၊ သူ့မျက်နှာကို လက်ဝါးဖြင့် ပိတ်လျက် သည်းထန်စွာ ရှိုက်ငိုချလိုက်သည်။

ဦးသက်လွင်သည် သူ့ရှေ့ ရှိုက်ငိုလျက်ရှိသော မောင်မောင့်ကို မကြည့်ရက်နိုင်အောင် ဖြစ်လာသည်။ သူ့ရင်ထဲသို့ မီးစကြီး ထိုးသွင်းလိုက်



BURMESE CLASSIC .com

www.burmeseclassic.com



သကဲ့သို့ မချိမဆံ့ ပူလောင် ပြင်းပြသွားသည်။ ပြောမိလက်စဖြင့် မထူး တော့ဘူးဟု သူ့ရင်ကို နာကျင်စွာ ခွဲချလိုက်သည်။

'ဆရာမကို အစ်ကိုကြီးက ဖွင့်ပြောတာ မဟုတ်ဘူး၊ ဆရာမ အဖေ မသေခင်က ပေးသွားတဲ့ လိပ်စာအတိုင်း ဆရာမဘာသာ ဆရာမ မင်းကို လိုက်ရှာတာ။ ဘုရားလေးရွာကို ရောက်တယ်၊ ဘုရားလေးရွာက ညွှန်ပြလိုက် လို့ ကျိုက်စကော ရောက်သွားတော့ ဆရာတော်က ငါ့ဆီမှာရှိတယ် ညွှန် လိုက်လို့ လိုက်လာတာ။ ငါက မင်းကို ဖြုန်းခနဲ ဖွင့်မပြောပါနဲ့ဆိုလို့ ဒီအချိန် အထိ သူ ဖုံးနေရတယ်'

'အစ်ကိုကြီးတော်ပါတော့၊ ဆက်မပြောပါနဲ့၊ မယုံဘူး၊ ကျွန်တော် မယုံဘူး'

မောင်မောင်သည် သူ့မျက်နှာကိုဖွင့်ကာ ငိုသံပါကြီးဖြင့် ဗလုံးဗထွေး ပြောလျက် မီးဖိုဘက် ပြေးထွက်သွားသည်။

ဦးသက်လွင်ကား အသက်ကို ပြင်းစွာရှူလျက် ထိုနေရာ၌ပင် မရွေ့ဘဲ ရပ်နေသည်။ ကိုမြဖေသည် မမျှော်လင့်သော မောင်မောင့် ဇာတ်ထုပ် ကို ကြားသိရ၍ အံ့သြခြင်းမက အံ့သြလျက် ကျောက်ရုပ် ဖြစ်နေသည်။

အတန်ကြာမှ ကိုမြဖေ အသိဝင်လာသည်။ ဦးသက်လွင်နားသို့ သွားကာ သူ့ကိုယ်ကို ကိုင်းလျက်၊ တောင်းပန်သံဖြင့် ပြောလိုက်သည်။

'ဆရာ. . . ထိုင်ပါ ဆရာ'

ဦးသက်လွင်သည် ကိုမြဖေ ပြောတော့မှ သတိဝင်လာကာ ကိုမြဖေ ဆွဲရွှေ့ပေးထားသော ထမင်းစားပွဲ ကုလားထိုင်၌ ထိုင်ချလိုက်သည်။ ထမင်း စားပွဲ ခုံပေါ်၌ သူ့လက်နှစ်ဖက်ကို ထောက်ကာ ခေါင်းက ဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွလိုက်သည်။ ညိုမည်းနေသော မျက်နှာဖြင့် ထမင်းစားပွဲခုံပေါ်သို့ ဦးခေါင်း ငိုက်စိုက်ကျသွားသည်။

'ရေ. . . ဆရာ ရေ သောက်လိုက်ပါ'

ကိုမြဖေသည် ထမင်းစားခန်း ရေစစ်ထဲမှ ရေငှဲ့လာပေးသည်။

www.burmeseclassic.com



ဦးသက်လွင်သည် ရေဆိုမှ ရေသောက်ရန် အလိုရှိလာလျှက် ဖန်ခွက်ကို လှမ်းယူကာ မော့ချလိုက်သည်။ ရေသောက်ပြီး စားပွဲမှ ထသွားကာ ဧည့်ခန်း ထဲမှ ပက်လက် ကုလားထိုင်ပေါ်တွင် ပစ်လှဲထိုင်ချလိုက်သည်။

ပက်လက်ကုလားထိုင်ပေါ်၌ မျက်လုံးများပိတ်၍ ဦးသက်လွင် ငြိမ်သက်နေသဖြင့် ကိုမြဖေသည် မောင်မောင်ရှိရာ မီးဖိုထဲသို့ ဝင်သွားသည်။

မီးဖိုထဲ၌ မောင်မောင့်ကိုမတွေ့၍ အိမ်သာထဲ ဝင်နေသည်ဟု သိလိုက်သည်။

ညစာထမင်း မချက်ရသေးသဖြင့် ကိုမြဖေသည် အိုးထဲသို့ ဆန်ခပ် ထည့်လျက် ဘုံဘိုင်ဖွင့်ချကာ ဆန်ဆေးနေသည်။ ဆန်ဆေးနေခိုက် စိတ်ထဲက သံသယ ရှိလာသည်နှင့် နေရာမှ ထခဲ့ကာ အိမ်သာတံခါးကို အပြင်မှ ဆွဲဖွင့်လိုက်သည်။

အိမ်သာထဲ၌ မောင်မောင် မရှိချေ။ မောင်မောင် မရှိမှန်း သိ၍ ကိုမြဖေ မျက်လုံးပြူးသွားသည်။ မီးဖိုပေါက်မှ ခြံထဲသို့ ပြေးဆင်းသွားသည်။ ခြံထဲ၌လည်း ရှာမတွေ့။ ခြံထဲမှ အိမ်ပေါ်သို့ ပြန်ပြေးတက်လာသည်။

'ဆရာ. . . မောင်မောင် မရှိတော့ဘူး'

ဦးသက်လွင်သည် ဆတ်ခနဲ ထထိုင်လျှက် မျက်ဆန်ပြူးပြူးဖြင့် မေးလေသည်။

'ဘယ်ထွက်သွားသလဲ. . . ဘယ်သွားသလဲ'

'ကျွန်တော်က အိမ်သာထဲ ဝင်နေတယ်. . . မှတ်တာ၊ သွားဖွင့်ကြည့် တော့ မရှိတော့ဘူး'

ဦးသက်လွင်သည် မျက်လုံးများ ပြာသွားလျှက် ကုလားထိုင်မှ ကတုန် ကယင် ထရပ်လိုက်သည်။ အိပ်ခန်းထဲသို့ ဝင်ကြည့်သည်။ မီးဖိုထဲသို့ သွား ကြည့်သည်။ မောင်မောင် အိမ်၌ မရှိတော့ကြောင်း အသိဖြင့်၊ သူ့ခေါင်းမှာ ချာချာလည်အောင် မူးနောက်သွားသည်။ စောစောက မလှုပ်မယှက် ရပ်နေ ဘိသကဲ့သို့ ထမင်းစားပွဲ ခုံနား၌ မလှုပ်မယှက် သတိလက်လွတ် ရပ်နေ ပြန်၏။

www.burmeseclassic.com



'ပြန်လာမှာပေါ့ ဆရာ. . .ကျောင်းက အဝတ်အစားနဲ့ပဲ ထွက်သွား တာ၊ ပြန်လာမှာပါ'

ကိုမြဖေသည် ဦးသက်လွင် စိတ်သက်သာရာရအောင် တဖွဖွ ပြောလျက်၊ ရေစိမ်ထားခဲ့သော ဆန်များ ပွကုန်မည်စိုး၍ မီးဖိုထဲသို့ ပြန်ပြေး ဝင်သွားသည်။

ဦးသက်လွင်သည် ပက်လက်ကုလားထိုင်ပေါ်သို့ ပြန်ရောက်သွား ကာ မျက်လုံးများကို စုံမှိတ်လျက် ရင်ထဲ၌ တလှပ်လှပ် ဖြစ်လွန်း၍၊ လက် နှစ်ဖက်ကို ယှက်ကာ တအားဆုပ်လျက် ရင်နင့်အောင် ဆို့လျက်ရှိသည်။

ကိုမြဖေရှေ့၌ ဖွင့်ပြောမိ၍ မောင်မောင် ရှက်သွားလေသည်ဟု တွေးမိသည်။ တစ်သက်လုံး ဖုံးခဲ့သမျှ မဆင်မခြင် ဖွင့်ပြောလိုက်မိခြင်း အတွက်၊ သူ့အမှားကို သူ ပြန်သတိရကာ ယူကျုံးမရ ဖြစ်နေသည်။ ဘယ်များ သွားသလဲ. . .ပြန်မှ လာပါတော့မလား တွေးလိုက်မိသည့်အတွက် ကုလား ထိုင်မှ ပြန်ထပြန်သည်။

အိမ်ရှေ့တံခါးဝ၌ ရပ်ကာ ခြံပေါက်ဝသို့ လှမ်းကြည့်သည်။ ထို့နောက် မီးဖိုထဲသို့ ရောက်နေလိုရောက်နေငြား အထင်ဖြင့် မီးဖိုထဲသို့ ရောက်သွားပြန်သည်။ ကိုမြဖေက ဆီးပြောသည်။

'တော်ကြာ ပြန်လာမှာပါ ဆရာ၊ ပူမနေပါနဲ့'

ဦးသက်လွင်သည် မီးဖိုတံခါးမှ အပြင်သို့ လှမ်းမျှော်လျက် ရင်ပူ လွန်း၍ သက်မကြီး ချလိုက်သည်။

'ငါမှားတယ် မြဖေ၊ မင်းရှေ့မှာ သူ့ကို ဂျပန့်သားမှန်း သိအောင် ဖွင့်ပြောလိုက်သလို ဖြစ်သွားတယ်၊ ဆရာမဟာ သူ့အစ်မ၊ အဖေတူ မအေ ကွဲ။ သူ့ကို ငယ်ငယ်ကလေးက ငါ မွေးစားလာတာ၊ သူ့အဖေ ဂျပန်ဆိုတာ ကို ဘယ်သူ့ကိုမှ ငါ မပြောပါဘူးလို့ သူ့ကို ကတိပေးပြီးမှ ငါ ခေါ်ခဲ့တာ။ ငါ့ကတိ ပျက်ရပြီ'

ဦးသက်လွင်၏ အသံသည် တုန်ခါနေသည်။ လေယူလေသိမ်း



BURMESE CLASSIC .com

www.burmeseclassic.com



အတက်အကျ အသံတို့သည် ဆို့လည်းဆို့၍၊ ကိုမြဖေမှာ ဦးသက်လွင် ပြောပြနေသော စကားများကို စကားလုံးကွဲအောင် သဲသဲမဲမဲ စိုက်နားထောင် နေရသည်။ ဦးသက်လွင် စကားဆုံးသွားမှ ကိုမြဖေက မျက်နှာငံ့၍ စိတ် မကောင်းသံဖြင့် ပြန်ပြောသည်။

'ကျွန်တော်က ဆရာ့ညီလေး အရင်းပဲ ထင်နေတာ၊ ကျွန်တော့မှာ ယုံတောင် မယုံနိုင်ဘူး ဆရာ။ ဆရာမလေးလည်း သနားပါတယ်၊ သူ့ မောင်လေး ဖြစ်လို့ သူ ဒီကိုလာနေတာ. . . ကျွန်တော် အခုမှပဲ သိရတော့ တယ်။ မောင်မောင်ကတော့ သူ့အစ်မလို့ ပြောတာကို ယုံပုံမရဘူး ဆရာ'

ဦးသက်လွင်သည် နောက်ကျိုလာသော စိတ်တို့ဖြင့် ရှေ့ဆက်၍ မပြောတော့ဘဲ အိမ်ရှေ့သို့ ပြန်ထွက်လာသည်။

ညနေမှ ည၊ ညမှ ညရှစ်နာရီ၊ ရှစ်နာရီမှ ဆယ်နာရီအထိ မောင်မောင် အိမ်သို့ ပြန်မလာ။ ကိုမြဖေသည် မောင်မောင့်ကို ဆယ်နာရီအထိ ထိုင်စောင့် နေပြီးမှ မစောင့်နိုင်တော့၍ သူ့ အိမ်ရှိရာသို့ ပြန်သွားသည်။

မောင်မောင် တံခါးလာခေါက်လျှင် ချက်ချင်း ကြားနိုင်အောင် ဦးသက်လွင်သည် အိပ်ခန်းထဲသို့ မဝင်ဘဲ ညသန်းခေါင်ကျော်အထိ ပက်လက်ကုလားထိုင်၌ ထိုင်၍ ထိုင်စောင့်နေ၏။

သန်းခေါင်ကျော်သွား၍ ဦးသက်လွင် ခေါင်းကြီးလာသည်။ ခုအချိန် မှ ပြန်မလာလျှင် ယနေ့ည ပြန်မလာတော့မှန်း သိလိုက်သည်။ ထိုအသိ ဖြင့် ဦးသက်လွင်မှာ နေစရာထိုင်စရာ မရှိအောင် ဖျပ်ဖျပ်လူး ပူပန်ကြောင့်ကြ လျက် ရှိသည်။

ယုမိစံ ဤသတင်းကို သိလျှင် ဘယ်လိုဖြစ်မည်လဲကို မတွေးဝံ့အောင် ဖြစ်သည်။ တုန်လှုပ် ချောက်ချားလာသော စိတ်တို့ဖြင့် အိမ်၌ မောင်မောင် မရှိခြင်းသည် သူ့ ရင်ထဲက နှလုံးသည်းခြေများ မရှိတော့သကဲ့သို့ ဟာလာ ဟင်းလင်းဖြစ်လျက် နေမဖြစ်အောင် စိတ်ဆင်းရဲလာသည်။

မောင်မောင့်ကို မြင်ယောင်လာသည်။ မောင်မောင် မရှိမှ မောင်မောင့်

www.burmeseclassic.com



ကို မြင်ယောင်လျက် ရှိရခြင်းသည် သူ့စိတ်ကို ပိုမို၍ ထိခိုက်စေသည်။ သနားစရာကောင်းသော မောင်မောင်။ ချစ်စရာကောင်းသော မောင်မောင်။ သနားစရာ ကောင်းပါလျက် သူ့ဘက်မှ သနားရာ ချစ်ရာ မရောက်တော့ဘဲ ရက်စက်ရာ ရောက်ရခြင်းအတွက်၊ သူ့ကိုယ်သူ ပြန်၍ ခွင့်မလွှတ်နိုင်အောင် နောင်တကြီးစွာ ဖြစ်မိသည်။

ဘယ်သွားမလဲ၊ သူငယ်ချင်းအိမ် သွားမလား၊ ဒီည ဘယ်မှာ အိပ်မလဲ၊ အိတ်ထဲမှာ ပိုက်ဆံရှိချင်မှ ရှိမည်၊ ဒီည ထမင်း ဘယ်မှာ စားမလဲ၊ ဆာများ နေမလား၊ ဘယ်သူ့အိမ်မှာများ ရောက်နေမလဲ. . .

ဦးသက်လွင်သည် ပူပန်ကြောင့်ကြစိတ်ဖြင့် ရှည်လျားစွာ အတော မသတ်သော အတွေးတို့ဖြင့် မိုးလင်းသွားသည်။

ယနေ့နံနက် ဦးသက်လွင် ကျောင်းမတက်နိုင်တော့ပေ။ နံနက် စောစောက ကိုမြဖေ ရောက်လာပြီးနောက် ဦးသက်လွင်သည် မောင်မောင် သွားမည်ထင်သော အိမ် နှစ်အိမ် သုံးအိမ်သို့ သွားရှာကြည့်သည်။

ယုမိစံသည် နံနက် ကိုးနာရီတွင် ဦးသက်လွင်ဆီသို့ ဖုန်းဆက် လိုက်သည်။ ဦးသက်လွင် နေမကောင်း၍ ကျောင်းမလာကြောင်း သိရသော အခါ၊ ယုမစံမှာ ဘာမှန်းမသိ ရင်ထဲ၌ လေးလံသွားသည်။

နံနက် အချိန်ပိုင်း စာသင်ပြီး၍ ဆယ့်နှစ်နာရီအထိ မနေတော့ဘဲ ကျောင်းအုပ်ကြီးကို ခွင့်တိုင်ကာ အိမ်ပြန်လာသည်။ အိမ်၌ အဝတ်လဲလျက် ဦးသက်လွင် အိမ်သို့ ပြန်ထွက်သွားသည်။

ဦးသက်လွင်သည် ဘယ်မှာမှ ရှာမရ၍ အိမ်သို့ပြန်လာကာ စိတ် မောမောဖြင့် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်လျက် ခြေပစ်လက်ပစ် ဖြစ်နေ သည်။ ကိုမြဖေက ယုမိစံကို အိမ်တံခါး ဖွင့်ပေးသည်။ ယုမိစံသည် ပက်လက် ကုလားထိုင်ပေါ်မှ ဦးသက်လွင်ကို မြင်၍၊ တံခါးပေါက်မှပင် ခါးကလေး ကုန်းညွတ်ကာ နှုတ်ဆက်ပြီးနောက်. . .

'ဆရာ နေမကောင်းဘူးလား'



BURMESE CLASSIC .com

www.burmeseclassic.com



မေးလိုက်သည်။

'ထိုင်ပါ. . . ဆရာမ'

ကိုမြဖေသည် ဦးသက်လွင်နားသို့ ကုလားထိုင်တစ်လုံး ဆွဲရွှေ့ပေးလိုက်သည်။ ယုမိစံ ထိုင်ထိုင်ချင်း ဦးသက်လွင်က ပြောပြသည်။

'မောင်မောင် မရှိတော့ဘူး ဆရာမ'

'အို. . . အမလေး၊ ဘယ်. . . ဘယ်သွားသလဲ ဆရာ'

ယုမိစံသည် အထိတ်တလန့်ဖြစ်လျက် မျက်စိမျက်နှာပျက်ကာ ရင်တဒိတ်ဒိတ် ခုန်လာသည်။

'မနေ့ညနေက တိတ်တိတ်ကလေး အိမ်က ထွက်သွားတယ် ဆရာမ. . .'

ဦးသက်လွင်သည် ယုမိစံနှင့် မျက်နှာချင်းမဆိုင်ဘဲ၊ မျက်နှာကို အောက်ချကာ အသံအက်အက်ဖြင့် ပြောလိုက်သည်။

'ဘယ်လိုကြောင့် အိမ်က တိတ်တိတ်ထွက်သွားတာလဲ ဆရာ. . . ပြောပါ ဆရာ. . . ဘယ်သွားတာလဲ ဆရာ. . .'

ဦးသက်လွင်သည် ငြိမ်သက်လျက် ရှိသည်။

ယုမိစံ၏ ပူပန်မှု၊ ကြောင့်ကြမှုတို့ကို ကြိုတင်၍ မြင်ယောင်ထားကာ၊ သနား ကြင်နာစိတ်တွေ ယိုဖိတ်လျက် နှုတ်ကထွက်ရန် ဆုတ်ဆိုင်းဖင့်လေးလျက် ရှိလေသည်။

'ဆရာနဲ့ စိတ်ဆိုးသွားသလား ဆရာ. . .'

ပုံပန်း ပျက်နေသော ယုမိစံ၏ မျက်နှာကလေးကို မကြည့်ရက်ရက် ကြည့်လျက်၊ သူ့အမှားကို အရင် တောင်းပန်လိုက်သည်။

'ကျွန်တော့အမှားပါပဲ ဆရာမ၊ ဆရာမကို ရိုင်းရိုင်းစိုင်းစိုင်း သူ ပြန်လုပ်တာ သိရတော့. . . မြဖေ ရှေ့မှာ ကျွန်တော် စိတ်မထိန်းနိုင်လွန်းလို့ ဆရာမဟာ မင်းအစ်မလို့ ဖွင့်ပြောလိုက်မိတယ်။ သူ့အဖေ ဂျပန်ဖြစ်မှန်း မြဖေ သိသွားတယ်'

'အို. . . ဆရာ၊ အို. . . အို. . .'

www.burmeseclassic.com



ယုမိစံသည် ရင်ထဲ၌ လှိုင်းထလျက် ပြင်းထန်သော ပူဆွေး ဝမ်းနည်းမှုကို ခံစားလိုက်ရကာ၊ မျက်ရည်များ တပေါက်ပေါက် ကျလာသည်။ ဦးသက်လွင်မှာ မျက်ရည် ပေါက်ပေါက်ကျနေသော ယုမိစံကို မကြည့်ရက်ကာ မျက်နှာလွှဲလိုက်ရသည်။ ယုမိစံသည် စိတ်ကို မထိန်းနိုင်၍ ကျစီးလာသော မျက်ရည်ပေါက်များကို လက်ကိုင်ပဝါဖြင့် သုတ်ရင်းမှ မေးသည်။

'ဆရာ. . . သူ့ကို မင်းအစ်မလို့ ပြောတော့ သူ ဘာပြောသလဲ ဆရာ'

'မယုံဘူး. . . ဆရာမ'

ဦးသက်လွင်သည် ပြောပြီး သူ့သွားများကို ကြိတ်မှန်းမသိ ကြိတ် လျက် ပြင်းပြစွာ သက်ပြင်းရှူလျက် ရှိသည်။

'မယုံဘူးတဲ့လား ဆရာ. . . မယုံဘူးဆိုတာ ကျွန်မ ဝမ်းနည်းပါ တယ်။ ဂျပန်နဲ့ သွေးမစပ်ချင်တာ သိပ်ထင်ရှားပါတယ်၊ ဂျပန်ကို နာကြည်း တာလည်း သိပ်ထင်ရှားပါတယ်။ မယုံတာ နာကြည်းတာ ထားပါဦး. . . သူ့ စာမေးပွဲက ဘယ်တော့လဲ ဆရာ'

'စာမေးပွဲက သုံးရက်ပဲ လိုတော့တယ် ဆရာမ'

ယုမိစံသည် ခေါင်းကိုယမ်းလျက် ရှိသည်။ ထို့နောက် သူ့စိတ်ကို မချုပ်တည်းနိုင်ဘဲ မျက်ရည်များ ပြန်ကျလာသည်။ ဦးသက်လွင်မှာ ဆို့နေလျက်က ကြိုးစား၍ ယုမိစံကို နှစ်သိမ့်စကား၊ အားပေးစကား ပြောရသည်။

'ပြန်လာမယ်လို့ ထင်ပါတယ် ဆရာမ၊ သူ့အဝတ်အစားလည်း ဘာမှ ယူသွားတာ မဟုတ်ဘူး၊ မနေ့ကညနေ ကျောင်းက ပြန်လာတဲ့ အဝတ် အစားနဲ့ ထွက်သွားတာ'

'ကျွန်မတော့ ပြန်လာမယ် မထင်ဘူး ဆရာ၊ ဒါကြောင့် သူ့ကို ကျွန်မ ဖွင့်မပြောရဲတာပါ။ သူ့အတွက် အရေးကြီးတာက စာမေးပွဲပါ၊ ကျောင်းသားဟာ စာမေးပွဲ အရေးအကြီးဆုံး မဟုတ်လား ဆရာ'

ယုမိစံ၏ ရှိုက်ပြောသံလေးသည် ဦးသက်လွင်၏ နှလုံးသားထဲ၌ ပွဲ့တင်ထပ်ကာ သိမ့်သိမ့်ခါ၍ နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အရေးကြီးတာပေါ့ ဆရာမ၊ ပထမ စာမေးပွဲကို သူ မဖြေရင် ဒီနှစ် သူ စာမေးပွဲအောင်ဖို့ မျှော်လင့်စရာ မရှိဘူး'

'မဖြစ်ပါဘူး ဆရာ၊ သူ့ကို မတွေ့တွေ့အောင် လိုက်ရှာရမယ်. . . မတွေ့တွေ့အောင် လိုက်ရှာပါ ဆရာ'

'ကျွန်တော် နံနက်က လိုက်ရှာတယ်၊ ညနေကျရင် သူ့သူငယ်ချင်း တစ်ယောက်နေတဲ့ အင်းစိန်ကို ကျွန်တော် လိုက်သွားမယ်'

ယုမိစံသည် မောင်မောင် စာမေးပွဲ မဖြေဖြစ်မှာကို တကြောင့်ကြကြ စိုးရိမ် ပူပန်လျက် ရှိသည်။ တစ်နှစ်လုံးအတွက် ဆုံးရှုံး ထိခိုက်နစ်နာသွား လျှင်၊ သူ့အတွက်ကြောင့် မောင်မောင် ဆုံးရှုံးနစ်နာခြင်းသာ ဖြစ်သည်ဟု တွေးမိသည်။

မောင်မောင့် ပညာရေးအတွက် ဆုံးရှုံးနစ်နာမှု မဖြစ်စေရန် သူ ဘယ်ပုံ ကူညီ ဆောင်ရွက်ပေးရမည်နည်းဟု နည်းလမ်း ရှာဖွေရာ မကြံတတ်အောင် ဖြစ်ခြင်းကြောင့် ဖော်ပြနိုင်စွမ်းမရှိသော စိတ်ထိခိုက်မှုကို ခံစားရသည်။

မောင်မောင့်အပေါ်၌ ချစ်သောစိတ်၊ ပူပန်သောစိတ်၊ စိုးရိမ်သော စိတ်တို့ အားပြိုင် ကြီးမားခြင်းဖြင့်၊ သူ့ဘက်မှ မောင်မောင့်အတွက် ဆိုလျှင် အသားကိုလည်း ပေးရန် အဆင်သင့်၊ အသွေးကိုလည်း ပေးရန် အဆင်သင့်၊ အသက်ကိုလည်း အပ်ရန် အဆင်သင့် သူ့ကိုယ်သူ စွန့်လွှတ်နိုင်သူဖြစ်ခြင်း အထိ၊ ဘာမဆို လုပ်ပေးမည့် စိတ်များ တဖွားဖွား ဖြစ်ပေါ်လျက် ရှိသည်။

## ၁၆

နံနက် ဝေလီဝေလင်း နှင်းစက်တွေ ဖျန်းဆွတ်ထားသော ကတ္တရာလမ်းသည် ဖိတ်ဖိတ်လက်နေသည်။ မြူနှင်းတွေကြားမှ တိုးဝှေ့လာသော မြောက်ပြန်လေ သည် အေးမြလျက်ရှိ၍၊ နှင်းမှုန်နှင်းစက်ကလေးများ၏ အားသစ်အင်သစ်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်စေသော လန်းဆတ်ခြင်းနှင့် ပေါင်းစပ်လိုက်သော အခါတွင်၊ ထိုအအေးဓာတ်သည် စိမ့်မြမြဖြင့် နှစ်လိုဖွယ်ရာ ကောင်းလှသည်။

အဝေးတစ်နေရာ၌ သစ်ရိပ်တို့ဖြင့် ဆိုင်းကာ အုပ်မှိုင်းလျက်ရှိသော လှည်းကူးရွာ။ လှည်းကူးရွာမှ ဘုန်းကြီးကျောင်း၏ အမိုးဘုံပြာသာဒ် အထွတ်တို့သည် ပါးလွှာသော နှင်းထုထဲတွင် ကောက်ကြောင်း ခြစ်ထားသည့်နှယ် ပီပီပြင်ပြင် ပေါ်လွင်လျက် ရှိသည်။ အနီးအဝေး မြင်မြင်သမျှသော အရာဝတ္ထု များသည် ကြည်စင် ဝင်းပသော အလင်းရောင်၌ တည်ငြိမ်သော အလှကို ဆောင်လျက် ရှိကြသည်။ တရိပ်ရိပ် ပြေးနေသော ကားသည် လှည်းကူးရွာကို ကျော်ဖြတ်လာခဲ့သည်။

ကျိုက်စကောသို့ ထွက်လာသော ယုမိစံသည် ယခင်တစ်ခေါက်က လာခဲ့သော ဤခရီး၏ နံနက်ဦးကို ပြန်၍ အမှတ်ရကာ တစိမ့်စိမ့် ကြေကွဲလာသည်။

ညက တစ်ညလုံး ခံစားချက် ပြင်းပြစွာဖြင့် တစ်ရေးမျှ မအိပ်ခဲ့ရ။ မောင်မောင် ရန်ကုန်၌ မရှိလျှင် ကျိုက်စကောသို့ ပြေးရမည် တွက်ကာ၊ သူ့အတွက်အချက်နှင့်သူ ဦးသက်လွင်ကိုပင် အသိမပေးနိုင်တော့ဘဲ၊ သူ့စိတ်နှင့် သူ့ကိုယ် တစ်ယောက်တည်း ထွက်လာခဲ့သော ခရီး ဖြစ်သည်။

မောင်မောင်သည် အခြားနေရာသို့ သွားဦးမည် မဟုတ်။ ကျိုက်စကော ဘုန်းကြီးကျောင်းသို့သာ မုချ အရင်သွားရမည်ဟု ယုမိစံ ကျိန်းသေ တွက်လာခဲ့သည်။

အစ်ကိုကြီး စကားကို မယုံဘူးဆိုကာ အိမ်မှ ထွက်သွားသော မောင်မောင်သည် သူ့အစ်ကိုကြီး၏ စကား မှန် မမှန် နောက်ဆုံး အနေအားဖြင့် စုံစမ်းလိမ့်ဦးမည်။ စုံစမ်းပြီး၍ မဟုတ် မမှန်မှန်း သိမှသာ သူ့အစ်ကိုကြီးကို သံယောဇဉ်ဖြတ်၍ ပြတ်ပြတ်တောက်တောက် လုပ်နိုင်လိမ့်မည်ဟု ယုမိစံ တွက်မိသည်။

ကျိုက်စကောမှ တစ်ပါး မောင်မောင် အခြား ဘယ်သွားမည်ကို

www.burmeseclassic.com



ယုမိစံ အနေဖြင့် တွေးတတ်စရာ မရှိ။ အခြားတစ်နေရာ သွားမည်ဆိုလျှင် ရှာတတ်မည် မဟုတ်။ သူ ထင်သောနေရာသို့ လိုက်ရှာရန် ထွက်လာခြင်း ဖြစ်သည်။

မောင်မောင့်အတွက် အရေးကြီးသည်မှာ စာမေးပွဲဟု ယုမိစံ စိတ်က စွဲနေသည်။ ကျောင်းသားသည် စာမေးပွဲဖြေရန် ပျက်ကွက်ခဲ့သော်၊ ကျောင်းသား၏ ဆုံးရှုံးမှုသည် မည်သည့် ဆုံးရှုံးမှုနှင့်မျှ မတူသော နစ်နာဆုံးရှုံးခြင်း ဖြစ်ကြောင်းကို ယုမိစံ စိတ်၌ အလေးအနက်ထားသည်။

နွေကျောင်းပိတ် နောက်ဆုံး စာမေးပွဲကြီး ပြီးမှ ဂျပန်သို့ မပြန်ခင် မောင်မောင့်ကို သူကိုယ်တိုင် ဖွင့်ဟရန် ကျိတ်၍ စိတ်ကူးနေဆဲ၊ ဦးသက်လွင်က ကြိုတင်၍ ဖွင့်ပြောလိုက်ခြင်းကြောင့်၊ ပထမပတ် စာမေးပွဲနှင့် မောင်မောင် လွဲရမည့် အခြေသို့ ဆိုက်ရောက်နေသည်။ ယုမိစံသည် မောင်မောင်၏ ပညာရေးအတွက် နစ်နာမည်ကို နှမြော ပူပန်ကာ စိတ်သောက ရောက်လာရသည်။

ကျိုက်စကော ဘုန်းကြီးကျောင်း၌ မောင်မောင့်ကို တွေ့ပါရစေ ဆိုသော ဆုတောင်းသည်။ ကျိုက်စကော ရောက်မှပင် အကြိမ်မည်မျှ ပေါင်းကြည့်နိုင်မည့် မဆုံးနိုင်သော အရေအတွက် ဖြစ်သည်။

မောင်မောင်သည် ညနေပိုင်း အိမ်က ထွက်သွားပြီး နောက်တစ်နေ့ နံနက်မှ ယုမိစံ သိရသည်။ ထိုနေ့ကလည်း မောင်မောင် ပြန်မလာ၊ နောက်တစ်နေ့၌လည်း မောင်မောင် ပြန်မလာပေ။ မောင်မောင် ပြန်မလာသည်မှာ နှစ်ရက် ရှိလာသည်။ မောင်မောင်တို့ ဖြေဆိုရမည့် စာမေးပွဲက နက်ဖြန် စဖြေရမည် ဖြစ်ခြင်းကြောင့်၊ ယုမိစံ စိတ်ပူကြီးစွာဖြင့် အိမ်မှ ယနေ့ ဝေလီဝေလင်း ထွက်လာခဲ့ခြင်း ဖြစ်သည်။

မောင်မောင့်ကို ဘုန်းကြီးကျောင်း၌ တွေ့ခဲ့လျှင်၊ ဘုန်းတော်ကြီး အကူအညီဖြင့် မောင်မောင့်ကို မရမက ခေါ်ခဲ့ကာ၊ စာမေးပွဲဖြေခိုင်းရန် ကြံစည်တွေးတောလာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဆာမိသည် ယုမိစံ စိတ်ကြိုက် မီးကုန်ယမ်းကုန် မောင်းချလာသည်။ နံနက် ခြောက်နာရီမခွဲခင် ပဲခူးသို့ ရောက်သည်။

နံနက် လင်းရောင်ပျိုးစ ကြည်စင်ဝင်းပသော အလင်းရောင်ထဲ၌ ရွှေမော်ဓော စေတီတော်ကို ဖူးတွေ့လိုက်ရသည်။ ယုမိစံသည် လက်ကလေး နှစ်ဖက်ယှက်ကာ ကျိုက်စကော၌ မောင်မောင့်ကို တွေ့ရန် ဆုတောင်း ရှိခိုးလိုက်သည်။

နံနက် ရှစ်နာရီ၌ ကျိုက်စကောကို ရောက်ကြသည်။ ယုမိစံသည် သူ့ကားကို ဘုန်းကြီးကျောင်းရှိရာ ဘုရားကုန်းပေါ်သို့ မတက်စေဘဲ လှည်း လမ်းကြောင်းသို့သာ မောင်းချခိုင်းသည်။ စေတီပျက်ကြီးနှင့် ခပ်လှမ်းလှမ်း သစ်ပင်ရိပ်အောက်၌ ရပ်ခိုင်းလိုက်သည်။

ကားသံကြား၍ ကားမြင်လျှင် သူ လိုက်လာမှန်း သိကာ၊ မောင်မောင် ပြေးမှာကို ကြိုတင်၍ ပူပန်လျက်၊ ကားကို အစဖျောက်ထားလိုက်သည်။ သူ့ကို ရုတ်တရက် ကြည့်လျှင် မြန်မာအမျိုးသမီး ထင်ရအောင် မြန်မာ အဝတ်အစား ဝတ်ခဲ့သည်။ ဒေါ်အောင်မေ၏ မုဒ့်အကွက် ခြုံစောင်ကလေးကို ယူခဲ့လျက် ခေါင်းကိုအုပ်ကာ လည်တွင်ပတ်၍ ကိုယ်တစ်ပိုင်း ခြုံပြီးမှ ကားပေါ်မှ ဆင်းလိုက်သည်။

ယုမိစံသည် ရင်တထိတ်ထိတ်ဖြင့် ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့ သည်။ ဘုရားကုန်းမြင့်ပေါ်၌ မည်သူ့ကိုမျှ မတွေ့ရ။ ယခင် ရောက်ဖူးသော ဘုန်းကြီးကျောင်းဝင်း အတွင်းသို့ ကွေ့ဝင်သွားသည်။ ကျောင်းဝင်းထဲ၌ မောင်မောင့်ကိုတွေ့လိုတွေ့ငြား ဟိုဟိုသည်သည် ကြည့်ပြီးမှ ကျောင်းပေါ်သို့ တက်ခဲ့သည်။

ကျောင်းအပေါ်ထပ်တွင် ကျိုက်စကောဆရာတော်ကို ကုလားထိုင် ပေါ်၌ ဆိုက်ဆိုက်မြိုက်မြိုက် ဖူးတွေ့ရသည်။ ဆရာတော်သည် ကျောင်းပေါ် သို့ ဒါယိကာမတစ်ဦး တက်လာမှန်းသာ သိသည်။ မည်သူမည်ဝါမှန်း မသိသေးပေ။ ယုမိစံသည် ခေါင်းပတ်ခြုံလာသော စောင်ကလေးကို ဆွဲ



BURMESE CLASSIC .com

www.burmeseclassic.com



ခွာလိုက်သည်။ စောင်ကို ပခုံးပေါ်၌ တင်ပြီးမှ ဆရာတော်ကို ဦးချလိုက် သည်။

ယုမိစံ စောင်ဖယ်လိုက်၍ မျက်နှာပေါ်လာမှ ဆရာတော်က မြန်မာ မဟုတ်မှန်း သိသည်။ တစ်ခါက သူ့ကျောင်းသို့လာသော ဂျပန်ဆရာမ လေးလားဆိုသော အကြည့်ဖြင့် စိုက်ငေးကြည့်လိုက်သည်။

'တပည့်တော်မကို မှတ်မိပါသလား ဘုရား၊ မနှစ်က ဒီကျောင်းကို လာတဲ့ ဂျပန်ဆရာမပါ'

ဆရာတော်သည် ပြုံးလျက် ယုမိစံကို ရွှန်းရွှန်းစားစားကြီး ကြည့်ကာ ပြောလိုက်သည်။

'အေး. . . အေး. . . မှတ်မိပါတယ်ကွယ်၊ မောင်မောင်နဲ့တွေ့ခဲ့ပြီလား'

ယုမိစံ၏ မျက်နှာကလေးသည် လင်းထိန်သွားကာ မျက်လုံးများပါ တောက်ပ ရွှန်းလက်လာသည်။

'မောင်မောင် ဒီမှာရှိသလား ဘုရား'

ဆရာတော်သည် ယုမိစံ၏ အကဲကိုကြည့်လျက် ခပ်ဆိုင်းဆိုင်း ရှိပြီးမှ ပြန်ပြောသည်။

'ကျောင်းအောက်မှာ မတွေ့ခဲ့ဘူးလား၊ မောင်မောင် ဒီမှာ ရှိတယ် လေ။ ဒီရောက်တာ နှစ်ရက်ရှိပြီ၊ အိမ်က ပြေးလာတယ် ပြောတယ်။ ဘုန်းကြီး ကလည်း သူ့ကို ပြန်သွားဖို့ နေ့စဉ် တိုက်တွန်း ဆုံးမနေတာပဲ'

ယုမိစံသည် မောင်မောင် ကျောင်း၌ ရှိသည်ဆို၍ ရင်ပေါ့သွားကာ ရွှင်လန်းအားတက်လာသည်။

'သူ ဘာပြောသလဲ ဘုရား၊ တပည့်တော် အကြောင်းကို မမေး ဘူးလား ဘုရား'

ဆရာတော်သည် ယုမိစံ၏ စကားသံဝဲဝဲကို အထူး အာရုံစိုက် လျက် နားထောင်ရသည်။

'မေးတာပေါ့၊ ဂျပန် ဆရာမ လာသလားမေးလို့ လာကြောင်း

www.burmeseclassic.com



ဘုန်းကြီး သူ့ကို ပြောပြတယ်။ ဂျပန်ဆရာမက သူ့ကို သူ့မောင်တော်တယ်လို့ ပြောသွားသလား မေးတယ်၊ ဒီတော့ ဘုန်းကြီးက သူ့မောင်လို့ မပြောပါဘူး၊ မိတ်ဆွေသားလို့ ပြောသွားကြကြောင်း ပြောလိုက်တယ်'

ယုမိစံသည် ပြုံးမဲ့မဲ့လေးဖြင့် ပြန်၍ လျှောက်လိုက်သည်။

'တပည့်တော် မိတ်ဆွေသား မဟုတ်ပါဘူး ဘုရား၊ မောင်မောင်က တပည့်တော်အဖေရဲ့ သားပါ။ ဂျပန်မှာ တပည့်တော်အမေ တပည့်တော်ကို မွေးဖွားပြီး သေဆုံးသွားတော့ မြန်မာပြည်မှာ အဖေက နောက်ထပ် အိမ်ထောင်ပြုပါတယ်၊ တပည့်တော်နဲ့ မောင်မောင်နဲ့ မောင်နှမပါပဲ။ မြန်မာပြည် ရောက်စက သူ့ကို ရှာတဲ့အခါမှာ တပည့်တော်နဲ့ သူနဲ့ အဖေတူ အမေကွဲ မောင်နှမတော်တာ ဘယ်သူ့ကိုမှ မပြောဘဲနဲ့ ရှာပါတယ်။ နောက်ဆုံး သူရှိတဲ့ ကျောင်းဆရာဆီကို ရောက်တော့မှပဲ တပည့်တော်နဲ့ မောင် တော်ကြောင်း တစ်ခါတည်း ဖွင့်ပြောပါတယ်'

ဆရာတော်က ဖြတ်မေးလိုက်သည်။

'ဘာဖြစ်လို့ မောင်တော်ကြောင်း သူ့ကို မပြောကြသတုံး'

ယုမိစံ၏ မျက်နှာကလေးသည် စိတ်မကောင်းသော အမူအရာသို့ ရုတ်ခြည်းပြောင်း၍ ညှိုးသွားလျက် ရင်ထဲ၌ ဆို့သွားသည်။

'တပည့်တော် သူ့ကို တွေ့တွေ့ချင်းမှာ ပြောချင်ပါတယ်။ ဆရာက ချက်ချင်း မပြောပါနဲ့ဦး၊ စောင့်ကြည့်ပါဦး၊ ဂျပန်ကို မောင်မောင် သိပ်မုန်းတယ်၊ တဖြည်းဖြည်းမှ ပြောပါဆိုတဲ့အတွက် ခုထိ မပြောဘဲ ထားရပါတယ်'

ဆရာတော်သည် ငြိမ်ကျသွားသည်။ ယုမိစံကို ကရုဏာမကင်းသော မျက်လုံးတို့ဖြင့် ကြည့်နေလျက် စိတ်မကောင်းဖြစ်လျက် ရှိသည်။

'မောင်သက်လွင်ပြောတာ မှန်တယ် ဒကာမလေး၊ ဂျပန်ကို မုန်းရုံ မကဘူး သိပ်နာကြည်းတယ်။ ဒီကျောင်းမှာ နေကတည်းက သူ့အဖေ ဂျပန်လို့ ပြောတဲ့လူကို လက်သီးနဲ့ ထိုးထာပဲ။ မောင်သက်လွင်က ညီအရင်းလို မွေးပါ့မယ်၊ ဂျပန့်သားမှန်း ဘယ်သူ့ကိုမှ မပြောဘူးဆိုလို့ လိုက်သွားတာ။



BURMESE CLASSIC .com

www.burmeseclassic.com



အခုတော့ သူ့ကို မောင်သက်လွင် ပါးစပ်က ဂျပန့်သားလို့ သူ့တပည့်ရှေ့မှာ ဖွင့်ပြောတဲ့ အတွက် ရှက်ပြီး နာပြီး အိမ်က ထွက်လာတယ် ပြောတယ်။ အိမ်ကို မပြန်ဘူးတဲ့၊ မန္တလေးသွားမယ် ပြောနေတယ်'

မောင်မောင် အိမ်မပြန်ဘူး ကြားရ၍ ယုမိစံ ထိတ်ပူသွားသည်။

'အခုမောင်မောင် ဘယ်မှာလဲဘုရား၊ စာမေးပွဲ မနက်ဖြန် ရှိပါတယ်၊ ဒီစာမေးပွဲကို သူ မဖြေရင် ဒီနှစ်အတွက် ဆုံးရှုံးမယ်။ ဒါကြောင့် တပည့်တော် လိုက်ခေါ်ပါတယ်၊ သူ့ကို လိုက်အောင် ပြောပေးပါ'

ဆရာတော်သည် မောင်မောင့်ကို ယုမိစံ လိုက်ခေါ်မှသာ မောင်နှမ ဖြစ်ကြောင်း ဇာတ်ရည်လည်သွားသည်။ မောင်မောင့်အပေါ်၌ တွယ်တာသော ယုမိစံ၏ မေတ္တာ၊ စေတနာ ကြီးမားမှုကို သိရှိရ၍ အလွန်ကြင်နာ သနား သွားသည်။

မောင်မောင်သည် အိမ်မှ ထွက်ခဲ့ပြီး ပဲခူးကားဖြင့် ကျိုက်စကောသို့ တန်းလာခဲ့ခြင်း ဖြစ်သည်။ ဦးသက်လွင်စကားကို မယုံနိုင်ခြင်းကြောင့် ဆရာတော့်ထံသို့ စုံစမ်းမေးမြန်းရန် လာခဲ့ခြင်း ဖြစ်သည်။ ဆရာတော်က မောင်နှမ တော်သည်ဟု မပြောကြောင်း၊ မိတ်ဆွေသားဟု ပြောသွားကြောင်း သိရသည့်အခါ၌ ယုမိစံနှင့် မောင်နှမ မတော်ဘဲ ညဏ်ဆင်၍ ပြောကြခြင်းကို ထပ်၍ နာကြည်းကာ၊ အိမ်ပြန်ချင်စိတ် မရှိတော့ဘဲ ကျောင်းတွင် သောင်တင် နေ၏။ သူ့ဘဝ အနာဂတ်ခရီးကို ဖန်တီးရန် မန္တလေး၌ အလုပ်ရှာမည်ဟု ကြံစည်နေဆဲပင် ဖြစ်သည်။

ဆရာတော်သည် သူ့အနားကို ခေါင်းလောင်းကလေးကို ကိုင်လှုပ် လိုက်သည်။ ကျောင်းသားလေးတစ်ယောက် ကျောင်းပေါ်သို့ အပြေး ရောက် လာကာ ဘုန်းတော်ကြီးကို ဦးချလိုက်သည်။

'မောင်မောင် ဘယ်မှာလဲ'

'ဆွမ်းစားကျောင်းမှာ ရှိတယ်ဘုရာ့'

'အေး. . . သွားခေါ်စမ်း၊ ဆရာတော် ခေါ်တယ် ပြောလိုက်'



BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းသားလေးသည် ဝတ်ချကာ ကျောင်းပေါ်က ပြန်ပြေးဆင်းသွားသည်။

ယုမိစံ ကျောင်းသို့ မရောက်ခင် မောင်မောင်သည် ဆွမ်းစားကျောင်းမှ မီးရထားဘူတာရုံ သံလမ်းဘက်ကို ဆင်းလာခဲ့သည်။ ကုန်းမြင့်နိမ့်လျှော တစ်နေရာ၌ ထိုင်ကာ ရန်ကုန်မှ ဝင်လာသော မီးရထားကို ငေးမော၍ ကြည့်နေသည်။ ထိုအခိုက် မောင်မောင့်နားသို့ လူရွယ်နှစ်ယောက် ရောက်လာ ကြသည်။

'ဟေ့. . . ဂျပန်၊ မင်း အခုကျောင်းမှာ ပြန်ကပ်နေတယ်ဆို'

မောင်မောင်သည် သူ့နောက်မှ သူ့ပခုံးကို ပုတ်၍ ပြောလိုက်သော သူများကို လှည့်မော့ကြည့်သည်။

'ငါပါကွ. . . ငါ့ကိုမှ မမှတ်မိဘူးလား၊ ထွန်းရှိန်လေ။ မင်း ကျောင်း ရောက်နေတယ် ကြားတယ်၊ ဘယ့်နှယ်လဲ။ မင်းအဖေ ဂျပန်က မင်းကို ဘာတွေ ပေးလိုက်သလဲ၊ ငါ ကြားပါတယ်ကွ. . .'

ကပ္ပိယကြီး ဦးစ၏မြေး ထွန်းရှိန်သည် အသက်အစိတ် အရွယ် ရှိနေသည်။ မတွေ့ရတာ နှစ်ပေါင်းကြာ၍ မောင်မောင် အတော်ကြီး ရုပ်ဖမ်းယူရသည်။ ထွန်းရှိန်၏ မျက်နှာမှာ စောစောစီးစီး အရက်မူးထားသည့် မျက်နှာ။ မျက်လုံးများမှာ အရက်ခိုးတွေဝေလျက် နီကြင်နေသည်။ အသံကလည်း ခပ်သြသြ မူးသံ။ သူ့ကိုယ်၌ အောက်ခံဘောင်းဘီအနက် တစ်ပိုင်းပေါ်အောင် သူ့လုံချည်ကို အထက်လှန်၍ ပတ်ဝတ်ထားသည်။

ထွန်းရှိန်နှင့် ရွယ်တူတစ်ယောက်မှာလည်း ထွန်းရှိန်ကဲ့သို့ပင် ကဇော်မူးနေဟန် ရှိသည်။ ပုဆိုးတစ်ထည် ခေါင်းပတ်လျက်၊ အင်္ကျီမရှိ လုံချည်တိုတို ဝတ်ထားသည်။ ဗလကောင်းကောင်း၊ အသားမည်းမည်း၊ အလုပ်ကြမ်း လုပ်သည့် ရုပ်မျိုး။

မောင်မောင်သည် ထွန်းရှိန်ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ ထွန်းရှိန်တို့ မူးနေကြမှန်း သိ၍ လွှဲရှောင်ရန် အခြေအနေ သုံးသပ်ပြီးမှ ပြန်ပြောသည်။

www.burmeseclassic.com



'ငါ့ကို ဒီစကားမျိုး လာမပြောနဲ့ ထွန်းရှိန်၊ မင်းတို့ သွားမှာသာ အေးအေးဆေးဆေး သွားကြ'

ထွန်းရှိန်သည် ဟားတိုက်၍ ရယ်လိုက်ပြီးမှ မောင်မောင်၏ ကျောကို ခြေထောက်နှင့် လှမ်းကန်လိုက်သည်။ မောင်မောင်က ဝုန်းခနဲ ထရပ်လိုက်သည်။

'ဘာကွ ဂျပန်စုတ်၊ ငါက အကောင်းမေးတာ။ ရန်ကုန်မှာ နေရတာနဲ့ မင်းကိုယ်မင်း ဘာများ ထင်နေသလဲ။ ကျိုက်စကောမှာ ထွန်းရှိန် တစ်ရှိန် တည်း ရှိတယ်၊ နားလည်လား ငပုသားရ'

ထွန်းရှိန်၏ မျက်နှာပေါ်တွင် မောက်မာဝင့်ကြွား၍ ကြမ်းကြုတ် ရိုင်းစိုင်းသော အမူအရာသည် ပေါ်လွင်လာ၏။

မောင်မောင်သည် အရှိန် လျှင်မြန်စွာဖြင့် ထွန်းရှိန်၏ခါးကို သူ့ဒူးနှင့် ဆောင့်တိုက်လိုက်၍ မြေပေါ်၌ ထွန်းရှိန် ပုံလျက် လဲကျသွားသည်။ ထွန်းရှိန် လဲလဲချင်း ထွန်းရှိန်အဖော်က မောင်မောင့်ကို ဝင်၍ လုံးသည်။

ကျောင်းသားလေးသည် မောင်မောင့်ကို ဆွမ်းစားကျောင်း၌ မတွေ့၍ ဘုရားကုန်းပေါ်မှ ပြေးလာကာ မောင်မောင်တို့ ရန်ပွဲကို တစ်ခဏ ရပ်ကြည့် လိုက်သည်။ ထို့နောက် ကျောင်းဘက်သို့ ပြန်ပြေးကာ ကျောင်းပေါ်သို့ ပြေးတက်သွားသည်။

ကျောင်းသားလေးသည် ဆရာတော်ကို မောကြီးပန်းကြီးဖြင့် လျှောက်လိုက်သည်။

'ရန်ကုန်က ကိုမောင်မောင်နဲ့ ရွာက ကိုထွန်းရှိန်တို့ ရန်ဖြစ်ပြီး သတ်နေကြတယ် ဘုရား့'

ယုမိစံသည် သူ့ဒူးကိုကြွကာ မတ်တတ်ထလျက် မေးလိုက်သည်။

'ဘယ်မှာလဲ၊ ဘယ်မှာ ရန်ဖြစ်သလဲ'

ဆရာတော်ကလည်း မေး၏။

'ဟေ ငမူးသမား ထွန်းရှိန်လား၊ ဘယ်မှာတုံး'

'တင်ပါ၊ သံလမ်းနားမှာ'



BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းသားလေးသည် ပြောပြီး ကျောင်းပေါ်မှ ပြန်ပြေးဆင်းသွားသည်။ ယုမိစံသည်လည်း ကျောင်းသားလေး နောက်မှ ထက်ကြပ်ပြေးဆင်းလိုက်သွားသည်။ ကျောင်းအောက်၌ စူးလိုက်သည့် ခဲတွေ၊ ခြေဖဝါးကွဲမတတ် စူးရှ ကျိန်းနာလှသော်လည်း ကျောင်းသားလေးကို မီအောင် ကုန်းမြင့်ပေါ်သို့ အပြေးလိုက်ရသည်။

ယုမိစံ ကုန်းပေါ်မှဆီး၍ မြင်လိုက်ရသော မြင်ကွင်းကား၊ မောင်မောင် သည် ထွန်းရှိန်အဖော်နှင့် ထိုးရင်း မြေပေါ်၌ ပက်လက်လန်၍ ကျသွားသည်။ ယုမိစံက မောင်မောင်တို့ အနားသို့ ပြေးဆင်းသွားသည်။

မောင်မောင်က ထွန်းရှိန်အဖော်ကို ဆောင့်ကန်လိုက်သည်။ ဆောင့်ကန်လိုက်၍ လဲသွားသောအခါ အပေါ်၌ထပ်လျက် ထွန်းရှိန် အဖော်၏ လက်နှစ်ဖက်ကို ချုပ်နေစဉ်. . . 'မောင်မောင်. . . မောင်မောင်'ဟု သူ့နောက်မှ ငယ်သံပါအောင် ဟစ်ခေါ်လိုက်သော ယုမိစံ၏ အသံလေးကို ကြားလိုက် သလို ရှိသည်။

မြေပေါ်၌ ပုံလဲနေသော ထွန်းရှိန်သည် ကုန်းကွ၍ ထလာကာ အနား ရှိ တုတ်တိုတစ်ချောင်းကို ဆွဲယူ၍ မောင်မောင့်နောက်မှ မောင်မောင်၏ ခေါင်းကို တအား လွှဲချလိုက်သည်။

ထွန်းရှိန် တအားလွှဲ၍ ချလိုက်သော တုတ်ချက်သည် ထွန်းရှိန် လိုရာသို့ မရောက်နိုင်ဘဲ၊ သူ့နောက်မှ ယုမိစံက တုတ်ကို တအား ဝင်လုဆွဲခြင်းကြောင့်၊ ထွန်းရှိန်၏ ကိုယ်မှာ တစ်ပတ်လည်သွားသည်။ ထွန်းရှိန်သည် တုတ်ကို တအား ပြန်ဆွဲကာ မျက်စိတွေ ပြာဝေလျက် ဘာမှ မမြင်ရတော့ဘဲ၊ သူ့တုတ်ကို အတင်း ဝင်လုဆွဲသော ယုမိစံ၏ ခေါင်းကို ရိုက်ချလိုက်သည်။

'ဟဲ့ကောင်. . . ထွန်းရှိန်. . . ထွန်းရှိန်'

ဆရာတော်၏ အော်ဟစ် တားမြစ်သော အသံဗလံတို့သည် ကုန်းမြင့်ပေါ်၌ သောသော ညံသွားလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထွန်းရှိန်၏ တုတ်ချက်သည် ယုမိစံ၏ နားအုံအထက်နားသို့ ဝေါက်ခနဲ ကျလာ၍ ယုမိစံမှာ မပဟန်နိုင်တော့ဘဲ မိုက်ခနဲ ဖြစ်သွားကာ မြေပေါ်သို့ ပုံလျက်ကလေး ကျသွားသည်။

မောင်မောင်သည် ထွန်းရှိန်အဖော်၏ ကိုယ်ပေါ်၌ဖိလျက် အောက်က လူ၏ လက်ကို လိမ်ချိုးနေရာမှ လှည့်ကြည့်လိုက်၍ ယုမိစံ ပုံလျက်လဲသွားခြင်းကို လျှပ်တစ်ပြက်အတွင်း မြင်လိုက်ရသည်။ လိမ်ထားသော ထွန်းရှိန်အဖော်၏ လက်ကို လွှတ်ပစ်ကာ၊ ယုမိစံ လဲနေရာသို့ အပြေးရောက်သွားသည်။

ဆရာတော် ပြေးဆင်းလာသည်ကို မြင်ကြ၍ ထွန်းရှိန်နှင့် ထွန်းရှိန်အဖော်သည်တို့သည် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကပ်အောင် ဒုန်းချ၍ ထွက်ပြေးသွားကြသည်။

နားသယ်မှ သွေးများ စီးကျလျက်ရှိသော ယုမိစံ၏ မျက်နှာကလေးကို မောင်မောင် ငုံ့၍ကြည့်သည်။

'ဆရာမ. . . ဆရာမ'

မောင်မောင်သည် ထူပူနေကာ ဘာလုပ်ရမှန်း မသိတော့ဘဲ ယုမိစံကို နှစ်ခွန်း သုံးခွန်း ဆင့်ခေါ်မိသည်။

မောင်မောင်တို့ အနားသို့ ရောက်လာသော ဆရာတော်က ထိတ်ထိတ်ပျာပျာ ပြောလိုက်သည်။

'ဟကောင်. . . သွေးတွေ မနည်းပါလား၊ ဒကာ်ရာကြည့်စမ်း၊ များသလား၊ ငမိုက်သားတွေ မူးမူးနဲ့ ရမ်းသွားကြပြီ'

ဆရာတော်သည် သွေးများကို မြင်၍ များစွာ စိတ်ပူသွားသည်။ ကျောင်းသားတွေ အုံလာကြသဖြင့် ဆရာတော်က 'သွေးဆေး. . . . သွေးဆေး' ဟုကျောင်းသားတစ်ယောက်ကို လှမ်းအော် ယူခိုင်းလိုက်သည်။

ယုမိစံ၏ ခေါင်းကို မောင်မောင် မ၍ သူ့ပေါင်ပေါ်၌ မှေးတင်ကာ၊ ကွဲပြဲသွားသော နားအုံအထက်မှ ဒဏ်ရာကို ဆံပင်များ ဖယ်၍ ကြည့်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'လက်နှစ်ဆစ်လောက် ကွဲသွားတယ် ဘုရား'

ဆရာတော်သည် ဆောင့်ကြောင့် ထိုင်ချလျက် 'သွေးတွေ သုတ်စမ်း' ဟု ခိုင်းလိုက်သည်။ မောင်မောင်က သူ့ရှပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲယူလျက်၊ ယုမိစံ မျက်နှာပေါ်မှ သွေးများကို သုတ်ပေးနေသည်။

'သူ့ခမျာ စောစောက ရောက်လာတာ၊ မင်း စာမေးပွဲက မနက်ဖြန် ရှိလို့ မဖြေရမှာ စိတ်ပူပြီး မင်းကိုခေါ်ဖို့ လိုက်လာတာ။ လက်စသတ်တော့ သူဟာ မင်း အစ်မကွ. . . မင်းအစ်မ၊ သက်သက်မဲ့ မင်းအတွက်နဲ့ ခမျာ ခံရရှာတယ်'

ဆရာတော်သည် ဒဏ်ရာကို ငုံ့ကြည့်ရင်း၊ နှုတ်က တတွတ်တွတ် ပြောလျက် ရှိသည်။

မောင်မောင်မှာ ထူပူ မွန်နေသည်။ ယုမိစံ တစ်စုံတစ်ခု ဖြစ်လျှင် သူ့တာဝန်ရှိ၍ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လျက်ရှိသည်။

ကျောင်းသားလေး ယူလာသော သွေးဆေးကို ယုမိစံ ဒဏ်ရာ၌ သိပ်ပေးကြသည်။ ယုမိစံမှာ လုံးဝ သတိမရဘဲ ဖြစ်နေသည်။ ကျောင်းအောက်သို့ ရွှေ့ယူရန် ဆရာတော်က ပြော၍ မောင်မောင်သည် ယုမိစံကို ပွေ့လျက် ကျောင်းအောက်ထပ်သို့ ယူလာခဲ့သည်။ ကျောင်းအောက်ထပ်ရှိ ဖျာပေါ်၌ ယုမိစံကို ချလိုက်သည်။

'ဒဏ်ရာက သွေးမတိတ်ဘူး၊ ချုပ်ရမယ် ဘုရား'

မျက်စိမျက်နှာပျက်ကာ စိတ်ပူကြီးစွာဖြင့် မောင်မောင် ပြောလိုက်သည်။

'ရွာမှာ ချုပ်လို့ ဘယ်ရမတုံး၊ ပဲခူးဆေးရုံ ခေါ်သွားမလား'

ဆရာတော်က မျက်မှောင်ကြုတ်၍ ပြန်ပြောသည်။

'ပဲခူးမှာ ချုပ်လို့ မဖြစ်ဘူး ဘုရား၊ ရန်ကုန် တိုက်ရိုက်ခေါ်မှ ဖြစ်တော့မယ်'

ဆရာတော်သည် ခေါင်းကို ယမ်းခါလျက် ပင့်သက်ချ၍ ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ရန်ကုန် ခေါ်ဖို့က ကားလည်း မတွေ့ပါလား'

'ကားရှိတယ်၊ ကားက ဟို တာလမ်းစပ်မှာ. . .'

ကျောင်းသားလေး တစ်ယောက်က ဝင်ပြောသည်။

'တပည့်တော် သူ့ကားသမား သွားခေါ်မယ်'

မောင်မောင်သည် ပြောပြောဆိုဆို ကျောင်းဝင်းထဲမှ ဒုန်းစိုင်း ပြေးထွက်သွားလေသည်။ ဆာမိသည် ကားပေါ်၌ ငိုက်မျဉ်းလျက် နေ၏။ ဆာမိ ပခုံးကို ပုတ်၍ မောင်မောင်က ပြောလိုက်သည်။

'ဒီမှာဗျာ. . . ဆရာမ ခေါင်းကွဲသွားတယ်၊ လာပါဦး'

'ဟင်. . . ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ကွဲသလဲ'

မျက်လုံးပြူး၍ ဆာမိက မေးနေသည်။

မောင်မောင့်ကို မမျှော်လင့်ဘဲ ဤရွာ၌ တွေ့ရ၍ အံ့ဩသွားသည်။ မောင်မောင်က အဖြေပေးရန် ကျပ်သွားပြီးမှ ဖွင့်ပြောလိုက်သည်။

'အရက်မူးသမား တစ်ယောက်က ဆရာမကို လူမှားပြီး ရိုက်သွားတယ်'

ဆာမိနှင့် မောင်မောင်တို့သည် ကုန်းပေါ်သို့ ပြေးတက်လာကြသည်။

'ဆရာမ. . . ဆရာမ'

ဆာမိသည် ယုမိစံဘေး၌ ဒူးထောက်လျက် ယုမိစံကို ကုန်းခေါ်ကြည့်သည်။ ယုမိစံနား၌ ကျောင်းသားတွေ အုံနေခြင်းကြောင့် ဆရာတော်က မောင်းထုတ်လိုက်သည်။ မျက်နှာသုတ်ပဝါကို ရေဆွတ်စေကာ ယုမိစံ သတိရစေအောင် မျက်နှာကို အုပ်ခိုင်းသည်။ မောင်မောင်သည် ဆရာတော် ခိုင်းသည့်အတိုင်း ယုမိစံ၏ မျက်နှာကို ရေသဘက် အုပ်ပေးသည်။

'မဖြစ်ဘူး. . . . ရန်ကုန် အမြန်သွားမယ်'

ဆာမိသည် စိတ်ပူစွာဖြင့် ပြောသည်။ ရန်ကုန်သို့ ယူသွားမှ ဖြစ်မည်ကိုလည်း မောင်မောင် သိသည်။ မောင်မောင်သည် ယုမိစံကို ကုန်းပွေ့လိုက်ကာ ကျောင်းပေါ်မှ ဆင်းလိုက်သည်။ ကျောင်းပေါ်မှ အဆင်း မောင်မောင်



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်တည်း မချီနိုင်သဖြင့်၊ ဆာမိပါ နှစ်ယောက် ဝိုင်းကူမချီ သယ်လာကြသည်။

ကားပေါ်တွင် မောင်မောင့်ကို နောက်ဘက်၌ ထိုင်ခိုင်းကာ မောင်မောင့် ပေါင်ပေါ်၌ ယုမိစံ၏ ခေါင်းကို ဖေးချလျက် ကွေးကွေးကလေး တင်လိုက်သည်။ ကားပေါ်ရောက်မှ ယုမိစံ၏ ညည်းသံကလေး ထွက်လာခြင်းကြောင့်၊ သတိရပြီလားဟု မောင်မောင်နှင့် ဆာမိတို့ ခေါ်ကြည့်ကြသည်။

ယုမိစံသည် တစ်ချက်သာ အသံထွက်ကာ တွန့်လျက် ပြန်၍ငြိမ်သက်သွားသည်။

ယုမိစံ၏ မုဒ့်ုစောင်ကလေးနှင့် လက်ကိုင်အိတ်ကို ဆရာတော်က ကျောင်းပေါ်မှ ယူခိုင်းကာ လာပေးသည်။ မောင်မောင်က ယုမိစံခေါင်း၌ စောင်ကို တင်းတင်းပတ်ချည် ပေးလိုက်သည်။

'စာမေးပွဲကို ဆက်ဆက်ဖြေဖြစ်အောင် ဖြေနော်'

ကားမထွက်ခင် ဆရာတော်၏ ကတိုက်ကရိုက် နောက်ဆုံး မိန့်မှာချက်ဖြင့် ကားထွက်လာခဲ့ကြသည်။

ဆာမိသည် ကားကို မိုင်ငါးဆယ် အရှိန်တင်၍ မောင်းရသည်ပင် သူ့စိတ်၌ မမြန်သေးဘူး ထင်နေသည်။ ယုမိစံ မလှုပ်၍ အသက်မှ ရှိသေးရဲ့လားဟုမောင်မောင် စိတ်ပူလာသည်။ လက်ကိုကိုင်ကာ သွေးစမ်းကြည့်သည်။ နှာခေါင်းဝ၌ သူ့လက်ဖြင့် တေ့ကာ အသက်ရှူမရှူ စမ်းကြည့်သည်။

မောင်မောင်သည် ယုမိစံ၏ မျက်နှာကလေးကို ခဏခဏ ငုံ့၍ကြည့် သည်။ ယုမိစံ၏ မျက်နှာလေးမှာ ဖျော့ဖြူလျက်၊ ဘယ်လိုမှ မတတ်နိုင်သော ကံစီမံရာကို ခံရသည့် မျက်နှာလေးမျိုး နွမ်းဖျော့စွာ သတိကင်းမဲ့လျက် ရှိသည်။

သူ့အစ်ကိုကြီးက သူ့နောက်ကို လိုက်မလာဘဲ ယုမိစံ လိုက်လာခြင်းကို မောင်မောင် အံ့သြမိသည်။ ယုမိစံ သူ့ကိုယ်စား ဝင်၍ ခံရခြင်းကြောင့် အလွန်တရာ စိတ်မကောင်း ဖြစ်မိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူနှင့် ဘာမျှ သွေးသားမတော်ကြောင်း၊ မိတ်ဆွေ၏ သား ဖြစ်ကြောင်း ဆရာတော့်ထံမှ သိရစဉ်က ယုမိစံ ဘာအကြံအစည်ဖြင့် သူ့ကို မောင်လုပ်ကာ သူ့အစ်ကိုကြီးကို လိမ်ညာရသနည်းဟု ယုမိစံကို မုန်း လိုက်သည်မှာ ပြောစရာမရှိ။ ယခုတော့လည်း ဆရာတော်က 'မင်း အစ်မကွ' ဟု ဆိုလိုက်သည့်အတွက် အစ်မများ ဖြစ်နေရော့သလားဟု စိတ်ထဲ၌ ဖြစ်လျက် ရှိသည်။

မျက်နှာ မကြည့်ချင်လောက်အောင် မုန်းတီးခဲ့သော ယုမိစံသည် သူ့ပေါင်ပေါ်၌ ခွေခွေကလေး သတိလစ်လျက် ရှိခြင်းဖြင့် မောင်မောင်၏ စိတ်များသည် ချောက်ချားလာသည်။ ယုမိစံကို ယခင်က မျက်နှာချင်းဆိုင် မရ၍ ယုမိစံနှင့် သူနှင့် ဝေးကွာလွန်းလှသည်ဟုထင်မိ၏။ သွေးစပ်သည်ဟု မသိခဲ့။ ယခုကားယုမိစံသည် သူနှင့် နီးကပ်လျက် ရှိလေပြီ။ သူ့ပေါင်ပေါ် ၌ပင် ရောက်လျက် ရှိချေပြီ။ သူ့အစ်မ ဖြစ်ခြင်းက စိတ်ကို ပိုမို၍ ချောက် ချား စေသည်။

ယုမိစံနှင့် သွေးသားတော်စပ်ကြောင်း သူ့စိတ်၌သွင်း၍ သူ့အစ်မ အဖြစ် လက်ခံ ဝင်စားကြည့်သည်။ သူ့အစ်မအဖြစ် လုံးလုံး ဝင်စား၍လည်း မရပါချေ။

ယုမိစံကားဂျပန်၊ သူက မြန်မာ၊ သွေးခြင်းခြားပြသည့် သာဓက တစ်ခုပမာ ချစ်ခင်၍ မရအောင် သူ့စိတ်၌ ဖြစ်နေလေသည်။ ယုမိစံ အဖေ ဂျပန်ကို သူ့အဖေ ဂျပန်အဖြစ် ဘယ်လိုနည်းနှင့်မျှ လက်ခံဝင်စား၍ မရနိုင် သော သူ့စိတ်ကို၊ သူ ပို၍ ပြတ်ပြတ်သားသား သိလာသည်။ ယုမိစံ၏ အဖေသည် သူ့အဖေပင် ဖြစ်စေဦးတော့ ဂျပန်ကို အဖေအဖြစ် လက်ခံလို သော စိတ်သည် သူနှင့် အလှမ်းဝေးလျက် ရှိတော့သည်။

ဆာမိသည် ကားကို ဖြောင့်အောင်ပင် မမောင်းနိုင်ဘဲ ခဏခဏ လှည့်ကြည့်ကာ သတိရသလား မေးနေသည်။

'ဆေးရုံကြီးရောက်ရင် အမူးသမား လူမှား ရိုက်သွားတယ်လို့ ပြော လို့ ဖြစ်မလား'



BURMESE CLASSIC .com

www.burmeseclassic.com



ဆာမိသည် မောင်မောင့်ကို လေးနက်သော အကြည့်ဖြင့် လှည့်ပြော လိုက်သည်။

'ဘယ်လို ပြောမလဲ'

မောင်မောင်က ပြန်မေးသည်။

'အမူးသမား ရိုက်တယ်ပြောရင် ဆရာမ ကြိုက်မှာ မဟုတ်ဘူး။ လဲကျတယ်၊ ဆောင့်မိတယ် ပြောမှ ကောင်းမယ်'

ပဲခူး လွန်သည့်အခါ မောင်မောင်သည် သူ့အစ်ကိုကြီးကို အထူး သတိရလိုက်သည်။

ယုမိစံက သူနှင့် မောင်တော်ကြောင်း ပြော၍သာ အစ်ကိုကြီးက ယုမိစံအား ဤမျှ လိုက်လျော အရေးပေးရကြောင်းကို ရှင်းလင်း သိမြင် လာသည်။ အစ်ကိုကြီး အပေါ်၌ ယုမိစံနှင့် အထင်အမြင် မှားကာ စွပ်စွဲ မိခဲ့သမျှ ရှက်အားနာလျက် မောင်မောင်သည် စိတ်ထဲ၌ အစ်ကိုကြီးကို ဝန်ချ တောင်းပန်လျက် ရှိသည်။

လောကကြီး၌ မိ မရှိ ဖ မရှိ၊ ဘုန်းကြီးကျောင်း၌ ကပ်နေသော သူ့ကို ကယ်တင်သွားသော အစ်ကိုကြီး။ ညီကဲ့သို့ မွေးမြူလာသော အစ်ကို ကြီး။ တက္ကသိုလ်ရောက်သည်အထိ ပညာ သင်ကြားပေးသော အစ်ကိုကြီး။ မောင်မောင်သည် ယုမိစံကို ပိုက်လျက် သူ့အစ်ကိုကြီး၏ ကျေးဇူးတရားကို တစိမ့်စိမ့် စဉ်းစားမိလျက်ရှိသည်။ ကိုမြဖေရှေ့၌ သူ့ဇာတိကို ထုတ်ပြော ရက်သည့် အစ်ကိုကြီးဟု မောင်မောင်၏ စိတ်အနာသည် ဤအတွေးတို့ဖြင့် ကျက်သွားလေသည်။

ယုမိစံ တစ်ချက်လှုပ်လိုက်၍ မောင်မောင့်အတွေးများ ရပ်ကာ ငုံ့ကြည့်လိုက်သည်။ နားသယ်ဆံစမှ စီးကျနေသော သွေးစများကို စောစော က သူ သုတ်ထားသော လက်ကိုင်ပဝါဖြင့် သာသာညင်ညင်ကလေး တို့ သုတ်ပေးနေသည်။

သွေးစများ သုတ်ပေးရင်း ယုမိစံ၏ မျက်နှာကို ငုံ့စိုက်ကာ ကြည့်နေ



BURMESE CLASSIC .com

www.burmeseclassic.com



မိပြန်သည်။ ဂျပန်ပြည်မှ ကျိုက်စကောရောက်အောင် သူ့ကို မတွေ့ တွေ့အောင် လိုက်ရှာပုံ၊ စာမေးပွဲ မဖြေမှာကို စိုးရိမ်ပူပန်ရှာပုံ၊ သူနှင့် သွေးသား တော်စပ်၍ သူ့ကို မောင်လေးတစ်ယောက်အဖြစ် သံယောဇဉ် ထားရှိပုံ၊ သူနှင့် စတွေ့ တွေ့ချင်း သူ့ကိုယ်သူ မမဟု စပြောပုံ ဆိုပုံ။

မောင်မောင်သည် ယုမိစံအကြောင်းကို အစက စ၍ တရေးရေး ပြန်ပြောင်းလျက် တွေး၏။ ဘယ်လိုပင် တွေး၍ သူ့ကို ဘယ်လောက်ပင် ချစ်ခင်နေမှန်း သိသိ၊ သူ့အစ်ကိုကြီးသာ သူ ချစ်တတ်သည်။ ယုမိစံကို အစ်မအဖြစ် ဘယ်လို ပြန်ချစ်ရမှန်း သူ မသိ။ ယုမိစံမှာ အိပ်မက်ထဲ၌ တွေ့ရသော အစ်မကဲ့သို့ သူစိတ်က မနီးစပ်ဘဲ စိမ်းနေ၏။ သူ့အစ်ကိုကြီးနှင့် ယုမိစံကို ယှဉ်၍ ကြည့်လိုက်သောအခါ၌ သူ့စိတ်ထဲတွင် သူ့အစ်ကိုကြီးက လွဲ၍ အခြား ဘယ်သူမှ အရေးမကြီးသကဲ့သို့ ဖြစ်နေလေသည်။

ယုမိစံ အပေါ်၌ အထင်အမြင် လွဲ၍ ပြောမှား ဆိုမှားဖြင့် ရိုင်းရိုင်း စိုင်းစိုင်း လုပ်ခဲ့မိသမျှကို မြင်ယောင်မိကာ မောင်မောင်သည် သူ့ကိုယ်သူ ပြန်၍ အရှက်ကြီး ရှက်လျက် ယုမိစံ၏ မျက်နှာကို မကြည့်ဝံ့အောင် အားနာ လှသည်။ မျက်နှာပူလှသည်။

ရန်ကုန်ဆေးရုံကြီးသို့ နေ့လယ် တစ်ချက်၌ ရောက်ကြသည်။ အရေးပေါ် အခန်း၌ မောင်မောင်နှင့် ယုမိစံကို ထားခဲ့ကာ ဆာမိက ဒေါ်အောင်မေကို သွားခေါ်သည်။ ယုမိစံကို လက်တွန်းလှည်းကလေးပေါ် တင်လျက် ဦးခေါင်းဒဏ်ရာဘက်ဆိုင်ရာ ၃ နှင့် ၄ သို့ ခေါ်သွားကာ ဒဏ်ရာ ကို ချုပ်ပေးနေခိုက်၊ မောင်မောင်သည် သူ့အိမ်နှင့် ကပ်လျက်ရှိသော တယ်လီဖုန်း ရှိသည့် အိမ်ကို ဖုန်းဆက်ကာ သူ့အစ်ကိုကြီးကို ခေါ်ပေးရန် ပြောလိုက်သည်။

ထိုနေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည်။ တစ်ဖက်အိမ်က ဦးသက်လွင်ကို မောင်မောင့်ထံမှ တယ်လီဖုန်း ဖြစ်ကြောင်း အရေးတကြီး လာခေါ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်သည် မောင်မောင့်ထံမှ ဆိုသည်နှင့် တစ်ဖက်အိမ်သို့ ပြေးသွားကာ တယ်လီဖုန်း ကောက်ကိုင်လိုက်သည်။

'ဟဲလို. . . အစ်ကိုကြီးလား' တယ်လီဖုန်းမှ မောင်မောင့်အသံကို ကြားလိုက်ရခြင်းဖြင့်၊ ဦးသက်လွင် ရင်မှာ အေးမြသွားသည်။

'မောင်မောင်လား. . . အစ်ကိုကြီးလေ. . . အစ်ကိုကြီး'

ဝမ်းမြောက် တုန်ယင်သော အသံဖြင့်ဦးသက်လွင်က ပြန်ပြော၏။

'ဆရာမက နံနက်က ကျိုက်စကောကို လိုက်လာတယ်။ ကျောင်းမှာ ဘကြီးစ မြေး ထွန်းရှိန်နဲ့ ကျွန်တော် ရန်ဖြစ်နေတုန်း ဆရာမက ဝင်ဖျဉ်ပြီး တုတ်ကို ဝင်လုလို့ ထွန်းရှိန်က ဆရာမကို တုတ်နဲ့ ပြန်ရိုက်လိုက်တယ်'

'ဟေ. . . အမလေး၊ ဘယ်များ ထိသွားသလဲ၊ အခု ဘယ်မှာလဲ'

စောစောက အေးမြသွားသော ဦးသက်လွင်၏ ရင်မှာ ပြောင်းဆန်အောင် တုန်လှုပ် ထိတ်ပူသွားလျက် ရင်ထဲ၌ တဒိုင်းဒိုင်း ဆောင့်မြည်လာသည်။

'ခေါင်းထိသွားတယ် အစ်ကိုကြီး၊ ကျွန်တော် ဆေးရုံကြီးမှာ အခု တင်ထားတယ်'

'တော်တော်များသလား'

'နည်းနည်းများတယ် အစ်ကိုကြီး'

'အေး. . . ငါ အခု လာခဲ့မယ်'

ဦးသက်လွင် ယုမိစံ ကျိုက်စကော လိုက်သွားခြင်းကို မသိ လိုက်၍ အံ့မှအံ့လျက်၊ ယုမိစံအတွက် စိတ်ပူလွန်းကာ ငယ်ထိပ်သို့ သွေးရောက်သွားသည်။

မောင်မောင့်ကို ကျိုက်စကော သွားမည်မထင်၊ ရန်ကုန်ထဲ၌ရှိရမည်ဟု တွက်သည်။ မနေ့ညနေကပင် ယုမိစံ လာမေး၍ မောင်မောင့် သူငယ်ချင်းက မောင်မောင့်ကို သိမ်ကြီးဈေးနား၌ မြင်လိုက်သည်ဟု အင်းစိန် လိုက်သွားစဉ် သတင်းရခဲ့ကြောင်း ပြောလိုက်သေးသည်။

သီတာရတနာစာပေ

www.burmeseclassic.com



ယုမိစံ ကိုကျက်စကော လိုက်ခြင်းသည် မနေ့ညကမှ စိတ်ကူးပေါက်၍ လိုက်ခြင်း ဖြစ်ရမည်ဟု တွေးလိုက်သည်။ ဒဏ်ရာများတယ် ဆို၍ စိတ်တပူပူဖြင့် ဆေးရုံသို့ အလျင်အမြန် ထွက်လာသည်။

မောင်မောင်သည် ဆေးရုံဝမှနေ၍ ဦးသက်လွင်ကို စောင့်နေသည်။ ဦးသက်လွင် မရောက်ခင် ဒေါ်အောင်မေ အရင် ရောက်လာသည်။ မောင်မောင့်ကို တွေ့တွေ့ချင်း ဒေါ်အောင်မေ၏ မျက်နှာသည် အို၍ မှုန်သွားသည်။

'အင်း. . . ဘယ်လို ဖြစ်လာကြတာလဲ၊ ပြောစမ်းပါဦး'

ဒေါ်အောင်မေက မကျေမချမ်းသံဖြင့် မျက်နှာထား တင်းတင်း စမေးလိုက်သည်။ မောင်မောင်ထံသို့ ယုမိစံ လိုက်သွားခြင်းကို ဒေါ်အောင်မေ တစ်ယောက်တည်းပင် သိသည်။

ဒေါ်အောင်မေ၏ မျက်နှာထားကိုကြည့်၍ မောင်မောင် အမ်းသွားကာ၊ အသံပြတ်ပြတ် ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။

'ကျွန်တော် ရန်ဖြစ်နေတဲ့ အနားလာပြီး တုတ်ဝင်လုတော့ ဟိုလူက လူမှန်းမသိအောင် အရက်မူးနေတာ၊ ဆရာမကို ရိုက်ချလိုက်တယ်'

ဒေါ်အောင်မေသည် နှုတ်ခမ်းဖျားကို မဲ့လိုက်သည်။ အရုပ်ဆိုးသော အရေးအတွန့်များသည် နှုတ်ခမ်း ပတ်ဝန်းကျင်တွင် ပေါ်ထင်လျက်၊ မောင်မောင့်ကို အမုန်းမျက်စိဖြင့် ထပ်ကြည့်လိုက်သည်။

'ကောင်းတာပေါ့လေ. . . ခံစားခံရတာပေါ့၊ ညက ဆယ်နာရီမှ မင်းဆီကို လိုက်ဖို့ အကြံပေါ်တယ်။ ကျုပ်က မသွားစေချင်လို့ တားသေးတယ်၊ ပြောမရဘူး။ မင်းလောက်ရိုင်းတာ မတွေ့ဖူးပါဘူး၊ မင်းကသာ အဖက်မလုပ်တယ်၊ မင်းအစ်မက မင်းအပေါ်မှာ သံယောဇဉ်ကို ကြီးလွန်းပါတယ်၊ အခု ဘယ်မှာတုံး'

"မင်းအစ်မ"ဆိုသော ဒေါ်အောင်မေ၏ စကားဖြင့် မောင်မောင့် မျက်နှာမှာ ဖြန်းခနဲ ပူသွားသည်။ ရင့်သီးလှသော စကားလုံးတို့ဖြင့် ပက်ပက်စက်စက် ပြောကာ မျက်စောင်းခဲထားသည့် ဒေါ်အောင်မေကိုမောင်မောင်

www.burmeseclassic.com



ရှုံမှုန်းသွားသည်။ မောင်မောင် အောက်နှုတ်ခမ်းကို တင်းတင်းကြီး ကိုက်ကာ သူ့စိတ်ကို မျိုသိပ် ချုပ်တည်းရလျက် ၃ နှင့် ၄ တွင် ရှိကြောင်း ပြောလိုက်သည်။

မောင်မောင့်ကို စိတ်ဆိုးဆိုးဖြင့် မုန်းတီးခြင်း၊ ဒေါသထွက်ခြင်းတို့ ရောပြွမ်းသော ခံစားမှုကြောင့် ဒေါ်အောင်မေသည် စိတ်မထိန်းနိုင်အောင် ပြောမိဆိုမိကာ မောင်မောင် ညွှန်လိုက်သော ၃ နှင့် ၄ သို့ လိုက်သွားသည်။

ဦးသက်လွင်မှာ သုံးဘီးကား ငှားမရ၍ ဘတ်စ်ကားများကို အတန်တန် စီးခဲ့ရသည့်အတွက်၊ ဒေါ်အောင်မေ ရောက်ပြီး အတန်ကြာမှ ရောက်လာသည်။ ဦးသက်လွင်ကို မြင်မြင်ချင်း မောင်မောင်သည် သူ့အပြစ်ကို သူ သိဘိသကဲ့သို့ မျက်နှာညိုးညိုးဖြင့် ယုမိစံရှိရာ ၃ နှင့် ၄ သို့ လိုက်ပို့သည်။

ယုမိစံ၏ ဒဏ်ရာများကို ချုပ်ပေးပြီးနောက် ဆေးရုံနောက်ဘက်ရှိ နှစ်ထပ်အဆောက်အအုံ အထူးခန်းထဲ ပို့လိုက်သဖြင့် ဦးသက်လွင်တို့ လိုက်သွားကြသည်။ လူနာကြည့်ရန် ခွင့်ပြုသောအချိန် မဟုတ်၍ တစ်ယောက်သာ တက်ခွင့်ရသည့်အတွက် ဦးသက်လွင် တက်လိုက်သွားသည်။

ယုမိစံသည် သတိရသော်လည်း ဦးခေါင်းတွင် ပတ်တီး တင်းတင်းကျပ်ကျပ် စည်းထားသော အနာက နာကျင်၍ မျက်လုံးကလေး မှေးနေသည်။ ဦးသက်လွင် လိုက်လာကြောင်း ဒေါ်အောင်မေက ပြောမှ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

ဖြူရော်လျက်ရှိသည့် ဦးသက်လွင်၏ စိုးရိမ် ပူပန်သော မျက်နှာကို တွေ့လိုက်ရသည်။

'စိတ်မကောင်းလိုက်တာ ဆရာမရယ်၊ မောင်မောင် ဖုန်းဆက်တော့ ကျွန်တော် အတော်ကြီး အံ့အားသင့်သွားတယ်။ ဆရာမ ကျိုက်စကော သွားလိမ့်မယ်လို့ ကျွန်တော်မှ မသိတာဘဲ၊ သိပ်အံ့ဩတာပေါ့။ ဒဏ်ရာ တော်တော်များသလား ဆရာမ၊ ခံသာရဲ့လား ဆရာမရယ်'

ဦးသက်လွင်၏ နာပျော်ဖွယ်ရာ ကောင်းလှသော အသံထဲ၌ သနား



BURMESE CLASSIC .com

www.burmeseclassic.com



ကြင်နာခြင်း၊ ပူပန်ခြင်း၊ သောကရောက်ခြင်း၊ စိုးရိမ်ခြင်း စသော မေတ္တာကရုဏာတို့သည် လျှမ်းလျှမ်းပြည့်လျက် ရှိလေရာ ယုမိစံသည် စကားပြန်ဖို့ ကြိုးစားသော်လည်း နှုတ်ခမ်းတွေ တုန်လာကာ မျက်ရည်များ ဝဲလာသည်။

'ဒဏ်ရာက နှစ်ချက် ချုပ်ရတယ်' ဒေါ်အောင်မေက ဝင်ပြော၏။

ယုမိစံသည် လေသံသဲ့သဲ့ဖြင့် မေးလိုက်သည်။

'မောင်မောင်ကော'

'မောင်မောင် အောက်မှာရှိတယ် ဆရာမ၊ တစ်ယောက်တည်းပဲ တက်ခွင့်ရသေးလို့ ကျွန်တော် တက်လာခဲ့တယ်။ သက်သာသလို နေပါဦး၊ ဆရာမ စကားမပြောပါနဲ့ဦး'

ယုမိစံသည် မျက်လုံးကလေးကို ပြန်၍ မှိတ်ထားလိုက်သည်။ မျက်လုံးမှိတ်လိုက်မှ စီးကျလာသော မျက်ရည်စကိုဒေါ်အောင်မေက ယုယုယယ သုတ်ပေးသည်။

'အမှု ရှည်မနေအောင်လို့ ဆာမိက အရေးပေါ်မှာ လဲကျတယ်၊ ဆောင့်မိတယ် ပြောထားသတဲ့။ ဆရာမလေးကလည်း အမှု မလုပ်ချင်ဘူး၊ သတိရရချင်း ပြောပြတော့ ဒီလိုပြောတာ သဘောကျသွားတယ်'

ဒေါ်အောင်မေနှင့် ဦးသက်လွင်တို့ ခေါင်းချင်းဆိုင်ကာ တိုးတိုး ပြောဆိုနေကြစဉ် ဆရာဝန် ဆေးထိုးရန် ရောက်လာသည်။ ဒေါ်အောင်မေသည် ယုမိစံနှင့် သက်ဆိုင်ရာတို့အား ဆာမိနှင့် အကြောင်းကြားခိုင်းရန် ဦးသက်လွင်နှင့် တိုင်ပင် စီစဉ်လိုက်သည်။

ယုမိစံအတွက် အသုံးပြုရန် အရေးတကြီး ရေခဲထည့်သည့် ဓာတ်ဘူးလို၍ ဒေါ်အောင်မေက ဦးသက်လွင်ပါ ကားနှင့်လိုက်၍ အိမ်၌ ဝင်ယူပေးရန် တောင်းပန်လျက် အိမ်သော့ ပေးလိုက်သည်။ ဆရာဝန်နှင့် ဒေါ်အောင်မေတို့ စကားပြောနေတုန်း ဦးသက်လွင် ဆေးရုံပေါ်မှ ပြန်ဆင်းလာခဲ့သည်။

'ဆရာမ သတိရသွားပြီ၊ မင်းကို မေးတယ်၊ စကားတော့ ကောင်းကောင်း မပြောနိုင်သေးဘူး'

www.burmeseclassic.com



ဦးသက်လွင်သည် ပြောပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်လာသော မောင်မောင့် ပုံပန်းကို ကြည့်လျက် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ ယုမိစံ သတိရလာပြီဆို၍မောင်မောင်၏ မျက်လုံးကလေးများ တောက် သွားသည်။ မျက်နှာကလေးပါ လန်းဆန်းသွားခြင်းကို ဦးသက်လွင် ဂရုပြု မိသည်။

'အစ်ကိုကြီး ဆရာမအိမ် သွားဦးမယ်၊ မင်း ဒီမှာ ခဏစောင့်နေဦး'

'ကျွန်တော် အိမ်ပြန်ချင်သေးတယ် အစ်ကိုကြီးရယ်၊ တစ်ကိုယ်လုံး လည်း ပေလို့'

'အေး အေး. . . ပြန်. . . ညနေ လာခဲ့၊ အစ်ကိုကြီး ဒီမှာပဲ ရှိမယ်'

ဦးသက်လွင်သည် ပေါ့ပါးသော အဟုန်ဖြင့် ကားပေါ်သို့ တက်သွားကာ၊ မောင်မောင်နှင့် လူချင်းခွဲလိုက်ကြသည်။

ညနေ ဆေးရုံဖွင့်၍ ဆေးရုံပေါ်သို့ လူတွေ တက်လာကြသည်။ ယုမိစံတို့ ကျောင်းမှ ပါမောက္ခနှင့် ကျောင်းအုပ်ကြီးတို့ လာကြသည်။ မောင်မောင် ပေါ်မလာ။ ပါမောက္ခတို့ ပြန်သွားသည့် အချိန်အထိ မောင်မောင် မလာ၍ ယုမိစံ စိတ်ပူကာ မေးလိုက်ပြန်သည်။

'မောင်မောင်. . . '

'သူ့ကိုယ်မှာ သွေးတွေ ပေနေလို့ အိမ်ပြန်မယ် ပြောပါတယ်. . . ဆရာမ၊ ဘယ်မှ သွားမှာ မဟုတ်ပါဘူး၊ အိမ်ကို သွားတာပါ'

ဦးသက်လွင်က ယုမိစံ စိတ်အေးရန် ပြောရသည်။

'နက်ဖြန် စာမေးပွဲ'

ယုမိစံသည် လေသံ မပွင့်တပွင့်ကလေးဖြင့် ပြောကာ ပြန်၍ မှိန်းသွားလေသည်။ ဦးသက်လွင်သည် မောင်မောင် လာနိုးနိုးဖြင့် တစောင့်စောင့် တမျှော်မျှော် ဖြစ်လျက် ရှိသည်။ သူ့အစ်မဆီ သူလာမှာပဲဟု ယုံကြည် ကိုးစားခြင်းပြုသော မျက်လုံးများဖြင့် တံခါးဝသို့ ခဏခဏ လှည့်ကြည့် သည်။

www.burmeseclassic.com



အချိန်စေ့၍ ဦးသက်လွင်မှာ ယုမိစံကို ပြန်ရန် နှုတ်ဆက်ရသည်။ နှုတ်ဆက်လိုက်သောအခါ ယုမိစံ၏ ရင်ထဲမှ အလုံးကြီးသည် လည်ချောင်းဝသို့ ဆောင့်တက်လာသည်ဟု ထင်လိုက်ရသည်။ မျက်လုံးတွင် ရစ်ဝဲလာသော မျက်ရည်များဖြင့် ခေါင်းကလေး လှုပ်နိုင်ရုံမျှ ညိတ်ပြလိုက်သည်။

ဦးသက်လွင် ဆေးရုံမှ အိမ်သို့ ပြန်ရောက်လာသော အခါ၌ မောင်မောင် တံခါးဖွင့်ပေး၍ စိတ်အေးသွားသည်။ မောင်မောင် ဆေးရုံသို့ လိုက်မလာခြင်းအတွက် မောင်မောင့်ကို မမေးခင် ပထမ အကဲခတ်ကြည့်သည်။

မောင်မောင်၏ အမူအရာမှာ ကျိုက်စကောက ပြန်ရောက်လာသော အူအရာ မပေါက်ဘဲ၊ ခါတိုင်း အိမ်၌ရှိသလို နဂိုပုံမှန် အမူအရာအတိုင်း ဖြစ်နေ၍ မေးရမှာပင် ခပ်ခက်ခက် ဖြစ်သွားသည်။ ယုမိစံသတင်းကိုမမေးသည့်အတွက် စဉ်းစားရ ကျပ်သလိုလည်း ရှိသွားသည်။

ဦးသက်လွင်က စ ပြောသည်။

'ဆရာမ. . . ကောင်းကောင်းစကား မပြောနိုင်သေးဘူး၊ ဦးနှောက်ကို ထိ မထိ ဓာတ်မှန်ရိုက်ရမယ် ပြောတယ်။ မင်းလာမလားလို့ မျှော်နေကြတယ်၊ ဘာဖြစ်လို့ မလာတာလဲ. . . မောင်မောင်'

မောင်မောင်သည် ယုမိစံကို သွား၍တွေ့ရန် ဝတ္တရားရှိမှန်း သိပင်သိငြား၊ အလွန် ဝန်လေးနေသည်။ ယခင်က ယုမိစံအပေါ်၌ ရက်စက်မုန်းတီး ခဲ့ခြင်း၊ မနာလို ဝန်တိုခြင်း၊ မျက်နှာ မကြည့်ချင်ခြင်း၊ အစ်ကိုကြီးနှင့် ပုတ်ခတ်၍ လှောင်ပြောင်ခဲ့ခြင်း စသော ရိုင်းပျ စော်ကားထားမှုတို့ကြောင့် သူ့မျက်နှာကို မပြဝံ့အောင် ဖြစ်နေသည်။

ယုမိစံနှင့်လည်း သွား၍ မျက်နှာချင်း မဆိုင်ဝံ့၊ ဒေါ်အောင်မေနှင့်လည်း မဆုံချင်၊ မတွေ့ချင်။ ဆေးရုံတင်ပေးခဲ့ပြီးဖြစ်၍ သွားကြည့်စရာ မလိုတော့သကဲ့သို့ မသွားဝံ့သော စိတ်ကြောင့် လိုက်မသွားဘဲနေခြင်း ဖြစ်သည်။

မောင်မောင်သည် ဦးသက်လွင်နှင့် မျက်လုံးချင်း မဆိုင်ရဲသလို



BURMESE CLASSIC .com

www.burmeseclassic.com



မျက်လုံး လွှဲသွားသည်။ ဦးသက်လွင်ရှေ့၌ မျက်နှာ မထားတတ်အောင် ရှက်သလိုလို၊ ရွံ့သလိုလို အမူအရာတစ်မျိုး ပြောင်းသွားခြင်းကြောင့် အသိရခက်ကာ၊ ဦးသက်လွင်သည် မောင်မောင့်စိတ်ကို မသိ၍ စဉ်းစားရ ကျပ်သွားသည်။

ယုမိစံ အရိုက်ခံရပုံကို ဦးသက်လွင် မေး၍တော့ အဖြစ်အပျက်ကို ပြောပြသည်။ ကိုမြဖေက စုတ်တသပ်သပ်နှင့် စွန့်စွန့်စားစား ယုမိစံ တုတ်ဝင် လုခြင်းကို ထောက်ခြင်းအားဖြင့်. . . 'တော်တော် ချစ်ရှာတာပဲ'ဟု မှတ်ချက် ဝင်ချသည်။ မောင်မောင်သည် ဦးသက်လွင်နှင့် ကိုမြဖေတို့ရှေ့၌ သူ့ခေါင်းကို မဖော်ဝံ့သလို ငုံ့ချထားလိုက်သည်။

မောင်မောင် ခေါင်းမထောင်ဘဲ ခေါင်းကြီးငုံ့ကာ မျက်နှာနီမြန်း လျက် ရှိနေခြင်းကြောင့် ဦးသက်လွင်ကို ကိုမြဖေကမောင်မောင့် အမူအရာ ကို မေးထိုးပြသည်။ ဦးသက်လွင်သည် မောင်မောင် ရှက်နေသည်ထင်၍ ကိုမြဖေ ရှေ့ဆက်မပြောရန် မျက်လုံးမှိတ်ကာ အချက်ပြ၍ တားလိုက် သည်။

နံနက် ကိုးနာရီ၌ ဆေးရုံသွားမည့် ဒေါ်အောင်မေကို မောင်မောင် စာမေးပွဲဖြေကြောင်း၊ ယုမိစံကို သတင်းကောင်းပြောနှင့်ရန် ဦးသက်လွင်က ကျောင်းမှ ကြိုတင်၍ ဖုန်းဆက်ပြောသည်။

ညနေပိုင်း ယုမိစံသည် ဦးသက်လွင်နှင့် မောင်မောင့်ကို ဆေးရုံမှ မျှော်နေသည်။ မောင်မောင့်ကို မြင်ချင်လှပြီ။ မောင်မောင် လာလျှင် မောင်မောင့်မျက်နှာကလေး ဘယ်လိုရှိမလဲဟု စိတ်ကူးနှင့် အမျိုးမျိုးပြောင်း ၍ မြင်ယောင်ကြည့်သည်။ မောင်မောင်၏ ဝမ်းနည်းနေသော မျက်နှာ၊ စိုးရိမ် ပူပန်သော မျက်နှာ၊ သူ့အတွက်ဖြင့် ဝင်ခံရ၍ အားနာနေသော မျက်နှာ။ ယုမိစံ ခုတင်ခြေရင်း၌ ထိုမျက်နှာ အမျိုးမျိုးတို့ဖြင့် ရပ်ကာ၊ သူ့အား ဝမ်းနည်းကြေကွဲစွာ လာတွေ့နေသော မောင်မောင့် ပုံသဏ္ဌာန်ကို ပုံအမျိုးမျိုး ဖမ်းကာ တစ်နေ့လုံး မြင်ယောင်လျက် ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခေါင်းမှ အနာက လှုပ်လိုက်လျှင် နာလာတိုင်း၊ ထိုနာကျင်မှုများကို မောင်မောင် စာမေးပွဲ ဖြေဖြစ်ခြင်းဖြင့် ကုစား ဖြေဖျောက်ပစ်သည်။

ညနေချိန် မစေ့ခင်ကပင် ယုမိစံ ရင်ခုန်လျက်ရှိသည်။ သူ့မောင်လေး၏ ကြင်နာမှု၊ ယုယမှု၊ ချစ်ခင်မှုကို သူ ရရှိတော့မည်ဟု ဝမ်းမြောက်လှိုက်ဖိုလျက် ရှိသည်။

ထွန်းရှိန်၏ တုတ်ချက်သည် မောင်မောင်နှင့် သူ့ကို နီးစပ်အောင် ဖန်တီး ကူညီလိုက်သော တုတ်ချက်ဟုပင် အောက်မေ့မိသည်။ မောင်မောင်နှင့် သူနှင့် နီးစပ်ပြီ၊ သူ့ကြိုးပမ်းချက်များ အောင်မြင်ပြီဟု ဒဏ်ရာရခဲ့ခြင်းကို ကျေနပ်သည့် ပီတိတွေ စိမ့်ဖြာလျက် မောင်လေးကို မျှော်စောင့်နေလေသည်။

အချိန်ရောက်၍ ဦးသက်လွင်သာ ပေါက်လာလျက်၊ မောင်မောင် မပါ၍ ယုမိစံ မျက်နှာပျက်သွားသည်။ မောင်မောင် စာမေးပွဲ ဖြေဆိုနိုင်ခြင်း ရှိ မရှိ ယုမိစံက ဆီးမေးသည်။

'လူချင်း မတွေ့ရသေးဘူး ဆရာမ၊ ကျောင်းက ကျွန်တော် ဆေးရုံကို တန်းလာတာ။ စာမေးပွဲ ဖြေနိုင်ပါလိမ့်မယ်၊ ညက တစ်ညလုံး စာကြည့်တယ်၊ မအိပ်ဘူး'

မောင်မောင် သူ့ထံသို့ လာ၍ သတင်းမမေးခြင်းကြောင့် မောင်မောင် သူ့ကို အစ်မအဖြစ် လက်မခံကြောင်း ယူဆလိုက်သည်။ ထိုယူဆချက် ကြောင့် စောစောက ဖြစ်နိုင်လိမ့်မည်ဟု ထင်ခဲ့သော အချက်၊ နီးစပ်လာလိမ့် မည်ဟု ထင်ခဲ့သော အချက်၊ အောင်မြင်လိမ့်မည်ဟု ထင်ခဲ့သော အချက်တို့ သည် မဖြစ်နိုင်ကြောင်း၊ မနီးစပ်ကြောင်း၊ အောင်မြင်မည် မဟုတ်ကြောင်း အဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားကြကုန်သည်။

ယုမိစံ၏ မျက်နှာတွင် သွေးဆုတ်သွားကာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

ဦးသက်လွင်က ယုမိစံကို စိုက်ကြည့်လိုက်၏။ ယုမိစံသည် ရှေ့တည့် တည့်သို့ ငေးလျက်ကြည့်ကာ နူးညံ့သိမ်မွေ့သော မျက်နှာပေါ်တွင် ဝမ်းနည်း သော အရိပ်အယောင်များ ဖုံးအုပ်လျက် ရှိသည်။

www.burmeseclassic.com



'ကျွန်မ. . . သွေးအစ်မဖြစ်တာ မယုံဘူးတဲ့လား ဆရာ'

ယုမိစံ အသံ ယဲ့ယဲ့လေးဖြင့် မေးသည်။

'မယုံတာ မဟုတ်တော့ဘူး ဆရာမ၊ ကျိုက်စကောက ပြန်လာမှ သွေးအစ်မမှန်း သူ သိပါပြီ။ နံနက်ကပဲ ကျွန်တော် "ဆေးရုံကို တန်းသွားမယ်၊ ဆေးရုံကို လိုက်ခဲ့"လို့ ပြောခဲ့ပါတယ်. . . လာပါလိမ့်မယ် ဆရာမ'

ယုမိစံသည် သက်ပြင်းကလေး မှုတ်ချကာ ပြန်၍ ငြိမ်သက်သွားသည်။

'ဆရာမ. . . ဘယ်လို နေပါသေးလဲ'

ဦးသက်လွင်သည် မောင်မောင် မလာ၍ ယုမိစံ စိတ်မကောင်းဖြစ်နေခြင်းကို သိရှိသည့်အတွက်၊ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'ဓာတ်မှန် ရိုက်ပါတယ်၊ ဦးနှောက်ကို မထိခိုက်ရင် လေးငါးရက်အတွင်း ဆေးရုံက ဆင်းနိုင်တယ် ပြောပါတယ်'

ယုမိစံ စကားပြောနိုင်လာ၍ ဦးသက်လွင် စိတ်အေးသွားသည်။ ယုမိစံ စိတ်ချမ်းသာစေရန် မနေ့က မောင်မောင် မျက်နှာပျက်နေပုံ၊ ယုမိစံ သတိရကြောင်း သိရသည့်အခါ၌ မျက်နှာကလေး ရွှင်လန်းသွားပုံများကို ပြောပြသည်။ ယုမိစံကို ရိုက်သော ထွန်းရှိန်မှာ ယခင်က မောင်မောင့်ကို ပါးစပ်ထဲမှ သွေးကျအောင် ထိုးခဲ့ဖူးသော ထွန်းရှိန်ဖြစ်ကြောင်း၊ ယခုလည်း မောင်မောင့်ကို ဂျပန်စုတ်ခေါ်လျက် ခြေနှင့်ကန်ကာ မခံချင်အောင် ရန်စ၍ ဖြစ်ရကြောင်း မောင်မောင် ပြောပြသည့်အတိုင်း ယုမိစံကို ပြန်ပြောပြလိုက်သည်။

ယုမိစံသည် ထွန်းရှိန်၏ လက်ထဲက တုတ်ကို သူသာ ဝင်၍ မဆွဲနိုင်လျှင် ဤဆေးရုံ၌ ဤအချိန်တွင် မောင်မောင့်ကို သတင်းမေးရန် သူရောက်ရှိ၍ နေချေပြီဟု တွေးမိသော သွေးအတွေးသည် အသည်းခိုက်အောင် ရင်ထဲ၌ ဆို့နင့်လာသည်။

ယုမိစံ ဆေးရုံ၌ တစ်ပတ်ကြာခဲ့သည်။ ဆေးရုံသို့ မောင်မောင်

www.burmeseclassic.com



တစ်ခေါက်မျှ မသွားချေ။ ဦးသက်လွင်က မောင်မောင့်ကို ဆေးရုံသွား၍ ယုမိစံကို ကြည့်ရန် ပြောသည်။ မောင်မောင်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ခေါင်းကိုသာ ငုံ့ချထားသည်။ ဦးသက်လွင်က အတင်းအကျပ် ခေါ်သွားရန် စိတ်ကူးလိုက်သေးသည်။ သို့သော် မောင်မောင့်ကို အတင်းအကျပ် လုပ်ရန် ခက်သဖြင့် ဖျောင်းဖျလျက် ပြောသည်။

'ဘာပဲဖြစ်ဖြစ် မောင်မောင်. . .၊ မင်းအစ်မတစ်ယောက် အနေနဲ့ ဆေးရုံကို မင်းသွားကြည့်ဖို့ တာဝန်ရှိတယ်၊ မင်းအတွက် ဓားစာဝင်ခံရတာကို မင်းဘက်က မရိုင်းသင့်ဘူး'

ဦးသက်လွင်သည် သူ့ရှေ့၌ ခေါင်းငုံ့ချလျက် ရှိသော မောင်မောင့် အကဲကို ကြည့်လျက် ဆက်ပြောသည်။

'သူ့ခမျာမှာတော့ မင်းကို မမြင်ဖူးခင် ကတည်းက မင်းကို တွေ့အောင်ရှာမယ်လို့ အားခဲပြီး မြန်မာပြည်ကို လိုက်လာတယ်။ မတွေ့တွေ့အောင်လည်း ရှာတယ်၊ မင်းဘဝ ဇာတ်ကြောင်းကို သူက မင်းထက် ပိုပြီး စုံစုံသိသေးတယ်။ သူ့အဖေက သူ့အမေဆုံးပြီးမှ မြန်မာပြည် ရောက်လာတာ၊ ဘုရားလေးရွာမှာ မင်းအမေနဲ့ မင်္ဂလာဆောင်ယူတာ၊ ဘုရားလေးက အဘိုးကြီး သူ့ကိုပြောလိုက်ကြောင်း၊ သူ ပြောပြမှ အစ်ကိုကြီး သိရတယ်။ သူ့အဖေ နောက်အိမ်ထောင်က မွေးတဲ့သားကို မောင်အရင်းအချာလိုပဲ အမှတ်ထားပြီး မင်းအပေါ်မှာ ချစ်ခင်တာ ဘယ်လောက် လေးနက်တဲ့ မေတ္တာ လဲ၊ စဉ်းစားကြည့်စမ်း မောင်မောင်'

မောင်မောင့်ကို နားဝင်အောင် ဖျောင်းဖျပြောကာမှ မောင်မောင်၏ ခေါင်းသည် ငုံ့သည်ထက် ငုံ့သွားလေသည်။

ဂျပန်စစ်ဗိုလ်က သူ့အမေကို အတင်းအဓမ္မ သိမ်းပိုက်ခဲ့ခြင်းဟု သူ့အတွေး အထင်နှင့် ဘဝတစ်လျှောက်လုံး ကျိတ်၍ နာကြည်း အရှက်ရခဲ့ခြင်းမှာ၊ ဂျပန်စစ်ဗိုလ်နှင့် သူ့အမေနှင့် မင်္ဂလာဆောင်ယူကြကြောင်း ကြားလိုက်ရ၍ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသော်လည်း၊ ထို ပြောင်းလဲ



BURMESE CLASSIC .com

www.burmeseclassic.com



သွားသော တစ်မျိုးတစ်ဖုံသည် ပထမ နာကြည်း၍ ရှက်ရခြင်းထက်ပင် ယခုကမှ ပို၍ ရှက်ဖွယ်ရာ ကောင်းသလို ခံစားမိသည်။

"စိန်ကြည်နော် စိန်ကြည် . . . လင်ယူ ပက်စက်သည်၊ မာစတာကြီး တိုက်ျိုပြန် . . . ဗိုက်တစ်လုံးနဲ့ကျန်၊ ကျန်တဲ့ ဗိုက်က ဂျပန်မွေး၊ ကျောင်းကပ် နေတဲ့ ငပုလေး . . ."ဆိုသော သေရာပါအောင် မမေ့နိုင်သည့် သံချပ်ကို ဖျတ်ခနဲ အမှတ်ရ၍ မျက်နှာ ပူရှိန်းသွားသည်။

ဦးသက်လွင်သည် မောင်မောင် သဘောပေါက်စေရန် ထပ်၍ ရှင်းပြောကာမှ အင်းမလှုပ် အဲမလှုပ် တစ်ချိန်လုံး ခေါင်းကြီးငုံ့လျက် ရှိသော မောင်မောင့်အဖြစ်ကို အတန်ကြာ စိုက်ကြည့်နေပြီးနောက် သက်ပြင်းကြီး ရှိုက်လျက် ခေါ်လိုက်သည်။

'မောင်မောင် . . .'

မောင်မောင်ကား တုဏှိဘာဝေလုပ်၍ ခေါင်းငုံ့လျက်ပင်။

'မောင်မောင် ဘယ်လိုလဲ၊ ပြောပါဦး၊ ညနေ ဆေးရုံသွားမယ် မဟုတ်လား'

မောင်မောင်သည် ခေါင်းမထောင်ဘဲ သူ့ခေါင်းကို ဖြည်းလေးစွာ ယမ်းပြသည်။ ကြေကွဲလျက်ရှိသော သူ့မျက်နှာကို ဦးသက်လွင် မမြင်စေရန် ငုံ့သထက် ငုံ့သွားသည်။

ဦးသက်လွင်သည် မောင်မောင်၏ အမူအရာကိုကြည့်ကာ စိတ်ကုန်သွား၍ မပြောလိုတော့ဘဲ လက်လျှော့လိုက်သည်။

ယုမိစံ ဆေးရုံက ဆင်းသွားပြီးနောက် မောင်မောင်တို့အိမ်သို့ မလာ တော့ပေ။ သူ မလာခြင်းကို ဦးသက်လွင် သိစေရန် တယ်လီဖုန်းဖြင့် အကျိုး အကြောင်း ရှင်းပြောပြသည်။

'ဆရာတို့ အိမ်ကို ကျွန်မ မလာတော့ဘူး ဆရာ၊ မောင်မောင့်ကို ကျွန်မ လာတွေ့ဖို့ မသင့်တော်ပါဘူး။ ကျွန်မ သူ့အစ်မဖြစ်မှန်း သူ သိပြီ မဟုတ်လား ဆရာ၊ သူ့ကြောင့် အနာဒဏ်ရာလည်း ကျွန်မ ရခဲ့ပြီ မဟုတ်



BURMESE CLASSIC .com

www.burmeseclassic.com



လား။ ဒါပေမဲ့ ကျွန်မကို သူ မတွေ့ဆုံချင်ဘူး၊ အစ်မအဖြစ်လည်း အမှတ်မထားချင်ဘူး၊ ဒါကို ကျွန်မ သိပြီ။ ဘယ်လောက် ဂျပန်ပေါ်မှာ သူ နာကြည်း မယ် ဆိုတာလည်း၊ ကျွန်မကိုယ်တိုင် အရိုက်ခံရပြီး ခေါင်းကွဲသွားလို့ ကျွန်မ ကောင်းကောင်း နားလည်သွားပါပြီ။ ကျွန်မဆီကို သူလာဖို့ ဆရာ မတိုက် တွန်းပါနဲ့၊ သူ့ဟာသူ ကျွန်မဆီ လာချင်တဲ့စိတ်ပေါက်ပြီး လာတာမျိုးကို ဖြစ်စေချင်ပါတယ် ဆရာ'

တယ်လီဖုန်းမှ အလျဉ်မပြတ် ပြောနေသော ယုမိစံ၏ အသံလေးကို နားထောင်လျက်၊ ဦးသက်လွင်သည် တစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ သက်ပြင်း ကို လေးလံစွာ ချလိုက်သည်။

'ကျွန်မအိမ်ကို တစ်ပတ်တစ်ခါ ဆရာ လာပါနော်၊ ကျွန်မ သူ့ကို မတွေ့ရပေမယ့် ဆရာနဲ့ သူ့အကြောင်း ပြောရရင် သူနဲ့တွေ့ရသလိုပါပဲ ဆရာ'

ဦးသက်လွင်ဘက်မှ အသံပျောက်နေသဖြင့် ယုမိစံသည် မျက်ရည် များ ဝဲလာကာ တယ်လီဖုန်းကို အသာ ပြန်ချလိုက်သည်။

## ၁၇

ဦးသက်လွင် စနေနေ့ညနေတိုင်း အိမ်၌ မရှိခြင်းကို မောင်မောင် သတိထားမိသည်။ တစ်ခါတစ်ရံ အကြောင်းမဲ့ မှိုင်ငေးနေတတ်သော မောင်မောင် ကိုလည်း ဦးသက်လွင်က သတိထားမိသည်။

မင်းမမ လှခေါင်မိုးဟု အမြဲနောက်ပြောင် ကျီစယ်နေကျဖြစ်သော ကိုမြဖေသည် ယုမိစံ မောင်မောင့်အစ်မဖြစ်မှန်း သိပြီးနောက်ပိုင်း၌ တစ်ချိန်က ဦးသက်လွင်နှင့် နောက်ပြောင် ကျီစယ်ခဲ့သမျှ မောင်မောင့်ကို မျက်နှာပူမိကာ၊ သူ့ဘက်မှ ယုမိစံအကြောင်းကို မောင်မောင်က စ၍ မပြောဘဲနှင့်

www.burmeseclassic.com



သူက စကားစရန် လေသံမှ မသလပ်ရဲဘဲ ပါးစပ်ပိတ်ထားသလို ဝန်လေးလျှာလေးလျက် ရှိသည်။

တနင်္ဂနွေနေ့မျိုးတွင် အိမ်ရှေ့မှ ဖြတ်မောင်းသွားသော ဘောက်စ်ဝယ်ဂင် ကားသံမျိုး ကြားရလျှင်၊ မောင်မောင်သည် အမှတ်တမဲ့ မနေဘဲ ခြံဝသို့ လှမ်းကြည့်တတ်သည်။

တနင်္ဂနွေနေ့တိုင်း မောင်မောင်၏ အမူအရာသည် ယခင် အမူအရာ များနှင့် မတူတော့ချေ။

သီချင်းလည်း အော်ဆိုတတ်လာသည်။ လေတချွန်ချွန်ဖြင့် အလုပ် မရှိ အလုပ်ရှာလုပ်သည်။ ရယ်မောခြင်းသည်ပင်လျှင် ခါတိုင်းထက် ပို၍ အသံကျယ်နေလေသည်။

တနင်္ဂနွေ တစ်ပတ်ပြီးတစ်ပတ် ထပ်သွားသည်။

ယုမိစံ ဆေးရုံက ဆင်းလာပြီးကတည်းက အိမ်သို့ တစ်ခေါက်မှ မလာခြင်းသည် ကြာမြင့်လာ၍ မောင်မောင့်အဖို့ ထူးခြားလာသည်။

ယုမိစံအကြောင်းကို သူ့ရှေ့၌ ဦးသက်လွင် မပြောဘဲနေခြင်း၊ ရှောင်ခြင်းများကို မောင်မောင် ရိပ်မိလာသည်။ ဦးသက်လွင်သာမဟုတ်၊ ကိုမြဖေပါ ယုမိစံနှင့် ပတ်သက်၍ နှုတ်ပိတ်လျက်နေခြင်းကို တွေ့ရှိရသည်။

ဤထူးခြားချက်သည် တနင်္ဂနွေ အပတ်ပေါင်း ကျော်လွန်လာသည်။ တစ်ပတ်မှ တစ်လပြီးတစ်လ ကျော်လွန်လာသောအခါ၌ ထို ထူးခြားချက်သည် မောင်မောင့်စိတ်ကို ထိခိုက်အောင် ထူးခြားမှု ဖြစ်လာသည်။

ယုမိစံကို သူ မချစ်ခင်မှန်း သိ၍ အိမ်က မပြောကြမှန်း ရိပ်မိသိရှိလာသော်လည်း ဤမျှ ဆိတ်ဆိတ် နေကြလေခြင်းကိုတော့ အံ့သြလာသည်။ အိမ်၌ သူ့မှာ လူဆိုးတစ်ယောက် ဖြစ်နေဘိသကဲ့သို့ စိတ်ကျဉ်း ကျပ်ရသည်။ သူ့မှာ သူစိမ်းတစ်ရံစာသဖွယ် ဤအိမ်၌ ဖြစ်နေသည်ဟု ခံစားမိသည်။

ယုမိစံ မလာခြင်းအကြောင်းကို ဦးသက်လွင်က မပြောဘဲထားခြင်း



BURMESE CLASSIC .com

www.burmeseclassic.com



ကြောင့် မောင်မောင် စိတ်ထဲ၌ အကြောင်းသိချင်မိသော်လည်း အမေးခက်နေ၍ မလာချင်လည်း နေပေစေတော့ဟု ယုမိစံ အိမ်မလာတော့ခြင်းကို ဥပေက္ခာ ပြုထားလိုက်သည်။ ဥပေက္ခာ ပြုထားလိုက်သော်လည်း ကြာမြင့်လာသော အခါ၌ သူ၏ ခံစားချက်ကို ဦးသက်လွင်နှင့် ကိုမြဖေတို့ သူ့နောက်ကွယ်၌ လျှောင်ပြောင်လျက် ရှိနေကြသလားဟု သူ့စိတ်၌ မလုံမလဲ ထင်မှတ်လာခဲ့သည်။

ကိုမြဖေသည် မောင်မောင်၏ နေနိုင်လွန်းသော စိတ်ကို ယုမိစံ အပေါ်၌ တကယ် စိမ်းကားတာလား၊ ဟန်လုပ်နေတာများလားဟု မဝေခွဲနိုင်အောင် ဖြစ်မိသည်။

ထို့ကြောင့် မောင်မောင်ကို မသိမသာ အကဲစမ်းကြည့်ဖူးသည်။

"မောင်မောင် ကျောင်းအိမ်ထဲက မုန့်ထုပ်ကော. . . ဘယ်ရောက်သွားသလဲ၊ မတွေ့ပါလား"

ယုမိစံ ပေးလိုက်သော မုန့်ထုပ် မတွေ့၍ ကိုမြဖေက တမင် အစဖော်ပြောကြည့်သည်။ ကိုမြဖေမှာ ထိုမေးခွန်းကို မောင်မောင်နှင့် မျက်နှာချင်းဆိုင်၍မ မေးရဲဘဲ၊ အလုပ်တစ်ခုခု လုပ်ကိုင်နေရာမှ သတိရ၍ ကောက်ကာငင်ကာ မေးလိုက်သလို၊ မောင်မောင့်ကို ကျောခိုင်းပြီးမေးသည်။

'ကျွန်တော် စားလိုက်တယ်'

ကိုမြဖေသည် မောင်မောင်၏ အဖြေကို ကြိုက်သွားကာ၊ မျက်လုံးများ မှိတ်၍ မျက်နှာတစ်ပြင်လုံး ကျေနပ်အားရစွာ ပြုံးလိုက်ပြီးမှ ဆက်၍ ပြောရဲသည်။

'အဲဒီ ဂျပန်မုန့်ဟာ အရင်မုန့်မျိုး မဟုတ်ဘူးကွ၊ ထုပ်ထားပုံကလှက လှနဲ့ အရသာ တော်တော် ရှိသလား'

ကိုမြဖေ၏ ပါးစပ်မှာ မပိတ်ဘဲ ဟ၍ထားသည်။ မျက်လုံးများမှာ စိုက်လျက် သူ့ကျောနောက်မှ မောင်မောင် ဖြေမည့်အဖြေကို အသက်မရှူနိုင်ဘဲ စောင့်ဆိုင်းလျက် ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်သည် ကိုမြဖေ၏ နောက်ကျောကို ငေးကြည့်နေသည်။ သူ ပေးရမည့် အဖြေကို ဘယ်အဖြေမျိုးပေးရန် ရွေးချယ်နေဟန်ဖြင့် နှောင့်နှေး ကြန့်ကြာနေပြီးမှ ခပ်လေးလေး အသံထွက်လာသည်။

'ဒါလောက်ကြီးလည်း မဟုတ်ပါဘူးဗျာ၊ ငနိတယ်'

ကိုမြဖေသည် မောင်မောင် ဖြေလိုက်သောအသံကို ဂရုစိုက်ကာ နားထောင်လျက် ရှိသည်။

ကိုမြဖေမှာ ရှေ့ဆက်ချင်သေးလျက် မောင်မောင်၏ စကားရိပ် စကားလာ အာလေး လျှာလေးနေပုံကို ကြည့်ကာ မဆက်တော့ဘဲ ရပ်စပ်လိုက်သည်။ မောင်မောင်သည် ယုမိစံနှင့် ပတ်သက်လာသော အကြောင်းအရာကို ဆက်၍ ကြားချင်နေသေးပုံဖြင့်၊ ကိုမြဖေထံမှ စကားဆက်လာဦးမလားဟု စောင့်ဆိုင်း နားစွင့်နေသည်။ ကိုမြဖေ၏အသံ တိတ်နေခြင်းကြောင့် ချာခနဲ အိမ်ရှေ့ဘက်သို့ လှည့်ထွက်လာခဲ့သည်။

စနေနေ့တိုင်း ယုမိစံအိမ်၌လည်း ဦးသက်လွင်နှင့် ယုမိစံတို့ တွေ့ဆုံကြသည်။ မောင်မောင့်ကို မတွေ့ရသော်လည်း ဦးသက်လွင်ကို တွေ့ရခြင်းဖြင့် စိတ်သက်သာမှု ရရှိသည်။ ဦးသက်လွင်မှာ ယုမိစံ အိမ်မလာသော အကြောင်းပြချက် ခိုင်မာနေမှုကြောင့် အိမ်သို့ခေါ်ရန် အခွင့်မသာဘဲ ခက်နေ သည်။ ယုမိစံ အိမ်မလာ၍ မောင်မောင့်ကို ယုမိစံ အိမ်သို့ မလိုက်လိုက် အောင် ခေါ်ရန်မှာလည်း လွယ်ကူသောကိစ္စ မဟုတ်ပေ။ ဆေးရုံသို့ လိုက် ကြည့်ရန်ပင် ခေါ်မရခဲ့ဘဲနှင့် ယုမိစံအိမ်သို့ အတင်းခေါ်လာရန်ကို စိတ်ကူး ၍ပင် မရပေ။ မောင်နှမ နှစ်ယောက်ကြား၌ သူဝင်၍ ရင်ကြားစေ့ မပေး နိုင်သော အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

ယုမိစံ ပေးလိုက်သော စားစရာများကို ယခင်ကလို မဟုတ်ဘဲ မောင်မောင် စားသောက်ကြောင်း ဦးသက်လွင်က တမင် ပြောပြသည်။ ထိုအခါတွင် ယုမိစံ၏ မျက်နှာကလေးသည် လန်းဆန်း ကြည်လင်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံ၏ ရွှင်လန်းသွားသော မျက်နှာကလေးကို ကြည့်၍ အခွင့်သာသဖြင့်၊ အိမ်သို့ တစ်ခေါက်လောက် လာရန် ထပ်၍ တောင်းပန် ပြောဆိုကြည့်ချင်သောစိတ် ဖြစ်ပေါ်လာသည်။

'ဆရာမကို လာတွေ့ရမှာ မောင်မောင် ရှက်နေကြောက်နေသလားလို့လည်း ကျွန်တော်တို့ ထင်မိတယ် ဆရာမ။ သူ့စိတ်ကို ကျွန်တော်တို့ သိချင်လို့ ကျွန်တော်ရော မြဖေပါ ဆရာမ အကြောင်းကို မပြောကြဘဲ သူ့အကဲကို စောင့်ကြည့်နေကြတယ်။ တစ်ခါတလေတော့လည်း ငိုင်နေတယ်၊ ကျွန်တော်တို့ မပြောတော့ သူက ပြောမလားလို့ စောင့်ကြည့်ကြတယ်။ ဆရာမကို တကယ်ပဲ မတွေ့ချင်တာလား၊ တွေ့ချင်လျက်နဲ့ မတွေ့ဘဲ နေတာလားဆိုတာ စဉ်းစားရတော့ အတော်ကျပ်တာပဲ ဆရာမ။ အိမ်ကို တစ်ခါလောက် လာကြည့်ပါဦး ဆရာမရယ်၊ သူ့စိတ်ကိုပိုသိရတာပေါ့'

ယုမိစံ၏ မျက်နှာကလေးသည် သိသိသာသာကြီး ညှိုးမှိန်ကာ ဖျော့သွားလေသည်။ တစ်ခဏ ငြိမ်သက်လျက် ရှိနေပြီးမှ မျက်နှာပျက်ပျက်၊ အသံပျက်ပျက်ဖြင့် ပြန်ပြောသည်။

'မဖြစ်ပါဘူး ဆရာ၊ သူ့ဘာသာသူ အေးအေး နေပါစေ။ ကျွန်မ အဘိုးက ကျွန်မဆီကို စာရေးဖူးပါတယ်။ သူ့ဘဝကို မဖျက်ဆီးပါနဲ့ မနှောင့်ယှက်ပါနဲ့၊ ဒီအတိုင်းပဲ နေပါစေတဲ့။ ဆေးရုံကို သူမလာဘဲ နေကတည်းက ကျွန်မကို သူ့အစ်မအဖြစ် လက်မခံလိုဘူးဆိုတာ ကျွန်မ နားလည်သွားပြီ။ ကျွန်မကို သူ့အစ်မမှန်း သူ သိဦးတော့၊ သူ့ဘဝမှာ ဆရာကလွဲပြီး ဘယ်သူ့ကိုမှ သံယောဇဉ် မရှိဘူးဆိုတာ ပြတာပဲ၊ ဒါလည်း သူ့အတွက် မကောင်းဘူးလား ဆရာ။ ကျွန်မကနွေကျောင်းပိတ်ရင် ဂျပန်ကို အပြီးပဲပြန်တော့မှာ'

မျက်ရည်ဝဲဝဲဖြင့် ပြောဆိုနေသော ယုမိစံ၏ မျက်နှာလေးကို မကြည့်ရက်၍ ဦးသက်လွင် မျက်နှာလွှဲလိုက်ရသည်။ ယုမိစံ မည်မျှ ချုပ်တည်းကာ အိမ်သို့ မလာဘဲနေခြင်း ဖြစ်ကြောင်း အစဉ်းသိဖြစ်၍ သနားမိသည်။

ဦးသက်လွင်သည် ဆက်၍ မတိုက်တွန်းတော့ဘဲ တိတ်ဆိတ်

www.burmeseclassic.com



ငြိမ်သက်သွားသည်။ ယုမိစံ ယူဆသည့်အတိုင်း မောင်မောင်သည် ယုမိစံကို အစ်မမှန်း သိသော်လည်း သံယောဇဉ်ဖြတ်ခြင်းများလားဟု တွေးလိုက်မိသည်။

ဤအတွေးသည် ဦးသက်လွင် တစ်ကိုယ်လုံး စိမ့်ခနဲ ကျဉ်အေးသွားသော အတွေးဖြစ်သည်။

မောင်မောင့်ကို ဆေးရုံသွားရန် တိုက်တွန်းစဉ်က ခေါင်းကြီးငုံ့ချကာ အင်းမလှုပ် အဲမလှုပ် တစ်ချိန်လုံး ပင်ပန်းကြီးစွာ ခေါင်းမထောင်ဘဲ ဖြစ်နေပုံကို မြင်ယောင်လိုက်မိခြင်းကြောင့်၊ သံယောဇဉ် ဖြတ်တာများလား ဟူသော အတွေးဖြင့် ဦးသက်လွင်၏ ရင်ထဲ၌ တသက်သက် ကြေကွဲလာသည်။ ယုမိစံကိုလည်း လှိုက်လှိုက်လှဲလှဲ သနားသည်။ မောင်မောင့်ကိုလည်း လှိုက်လှိုက်လှဲလှဲ သနားသည်။ မောင်နှမနှစ်ယောက်ကို သနားစိတ်ဝင်ရာမှ မောင်နှမနှစ်ယောက်၏ ကြေကွဲစရာဖြစ်ရပ်ကို ဖန်တီးခဲ့ခြင်းသည် မည်သူ့လက်ချက်များနည်းဟု အတွေးပေါ်လာသည်။

မည်သူ့လက်ချက်မှ မဟုတ်ဘဲ ပြီးခဲ့သော စစ်ကြီး၏ လက်ချက်သာလျှင် ဖြစ်သည်ဟူသော အတွေးသည် ဦးသက်လွင်၏ ခေါင်းထဲသို့ စိမ့်ဝင်လာကာ ရင်ထဲ၌ တနှံ့နှံ့ နာကျင်၍ နေတော့သည်။

နောက်ဆုံး အတန်းတင် စာမေးပွဲကြီးများ နီးစပ်လာသောအခါ၌ မောင်မောင်သည် စားပွဲမှ မထတော့ဘဲ စာကျက်ခြင်းဖြင့် အချိန်ကုန်သည်။ ဦးသက်လွင်မှာလည်း စာမေးပွဲကြီး နီးကပ်နေ၍ ယုမိစံအိမ်သို့ အပတ်စဉ် မှန်မှန် မလာနိုင်အောင် အလုပ်များနေသည်။

တစ်နေ့ နေ့လယ်ပိုင်း ယုမိစံ ကျောင်းမှ ပြန်လာချိန်တွင် အိမ်သို့ မမျှော်လင့်ဘဲ နုနု ပေါက်လာသည်။

ယုမိစံသည် နုနုကို ဝမ်းသာအားရ ကြိုဆိုကာ ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

နုနုက ထိုင်ထိုင်ချင်း ပြောသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဆရာမ. . . ဘုရားလေးရွာက ကိုဖိုးသိုက်ကို မှတ်မိသလား'

'မှတ်မိတာပေါ့ နုနုစံ၊ ကိုဖိုးသိုက် ဘာဖြစ်သလဲ'

ယုမိစံသည် ပြောပြီး နှုတ်ခမ်းကလေးက ပြုံးနေသော်လည်း မျက်မှောင်ကလေး ကုတ်နေသည်။ နုနုသည် လွယ်အိတ်ထဲမှ စာအိတ်ကြီး ထစ်အိတ်ကို ဆွဲထုတ်လိုက်သည်။

'နုနု မနေ့က ပဲခူးပြန်တော့ ကိုဖိုးသိုက် အိမ်လာတာနဲ့ သွားဆုံတယ် ဆရာမ၊ ကိုဖိုးသိုက်ဟာ ပျဉ်ပုံကြီးရွာကို တစ်နေ့သွားလည်တော့ သူ့အသိ အိမ်မှာ ဓာတ်ပုံတစ်ပုံ ထရံမှာ ညပ်ထားတယ်တဲ့၊ ဓာတ်ပုံက ဂျပန်စစ်ဗိုလ်နဲ့ မြန်မာမ တွဲရိုက်ထားတဲ့ပုံ။ သူက ဘယ်သူ့ပုံလဲ မေးတော့ အိမ်ရှင်က ဓာတ်ပုံ ကို ဖြုတ်ပြီး သူတို့အသိ သူကြီးဦးဆိုင်သမီး မထွေးထွေး၊ ဂျပန်နဲ့ မင်္ဂလာ ဆောင်တုန်းက ရိုက်ထားတဲ့ပုံတဲ့။ ဒါနဲ့ ကိုဖိုးသိုက်က သူ့ပေးပါတောင်းတော့ လိုချင်ရင် ယူသွားဆိုပြီး ဖြုတ်ပေးလိုက်သတဲ့၊ အဲဒါကို ကိုဖိုးသိုက် ဒီဓာတ်ပုံ ယူလာပြီး လာပေးတယ် ဆရာမရယ်'

ယုမိစံသည် အသက်ပင် မရှူနိုင်ဘဲ မျက်လုံးကလေးပြူး၍ နေသည်။ နုနုသည် ပြောပြီး စာအိတ်ထဲမှ ဓာတ်ပုံကို ဆွဲထုတ်ကာ ယုမိစံကို လှမ်းပေး လိုက်သည်။

'အံ့သြစရာ ကောင်းလိုက်တာ နုနုရယ်'

ယုမိစံ ဓာတ်ပုံကို ကြည့်လိုက်သည်။ မှန်ပေါင်မရှိသော ဓာတ်ပုံမှာ ဟောင်းညစ်နေသည်။ ယုမိစံ အဖေက မတ်တတ်ရပ်လျက်၊ ယုမိစံအဖေနှင့် ယှဉ်၍ မောင်မောင့်အမေက ကုလားထိုင်နှင့် ထိုင်နေသောပုံ။ ယုမိစံသည် မောင်မောင့် အမေ့ပုံကို စိုက်ကြည့်လျက် မျက်လုံးများ ပြာနှမ်းသွားသည်။

မထွေးထွေးသည် အသက် အစိတ်ခန့်ရှိမည်။ မောင်မောင့် မျက်လုံး မျိုး၊ မောင်မောင့် နှာခေါင်းမျိုး။ နှာတံပေါ်ပေါ်၊ မျက်နှာလုံးလုံး၊ ဆံပင်ကို နောက်၌ထုံးလျက် ငယ်ထိပ်၌ ရွှေဘီးကလေး စိုက်ထားသည်။ လည်၌ ပုလဲကုံးဆွဲကာ ပဝါခြုံထားသည်။ လက်ပတ်ကြိုးအနက်နှင့် လက်တစ်ဖက်

www.burmeseclassic.com



တွင် နာရီပတ်ထားသည်။ လက်တစ်ဖက်က ရွှေလက်ကောက် လေးငါး ခြောက်ကွင်း ဆင့်ဝတ်ထားသည်။ ပိုးတွန့်လုံချည်မှ ပန်းပွင့်အဆုပ်တို့သည် ထင်းပေါ်နေသေးသည်။ ခြေတွင် ကတ္တီပါ ပိန်းတန်းဖိနပ် စီးထားသည်။

သူ့အဖေပုံ၌ ခေါ်လွယ်ကိုချိတ်လျက် စစ်ဝတ်စစ်စားဖြင့် မျက်နှာတွင် နှစ်သိမ့် ကြည်နူးနေဟန် ပြုံးနေလေသည်။ ယုမိစံသည် နုနုရှေ့၌ ဣန္ဒြေ မပျက်အောင် စိတ်တင်း၍ ချုပ်ထားသည်။ သို့ရာတွင် မျက်လုံးထဲ၌ လက်နေသော မျက်ရည်စကို မသိမ်းနိုင်ဘဲ ပြုံးချိုလျက် ပြောသည်။

'မထွေးထွေးက လှတယ်နော်၊ ချစ်စရာလေး၊ ဒါ. . . ဆရာမကို ပေးမှာလား'

'ဆရာမ ကြည့်ဖို့ နုနု ယူလာတာ၊ ဆရာမ လိုချင်ရင် ယူပေါ့။ ဆရာဦးသက်လွင်ဆီမှာရှိတဲ့ မထွေးထွေးသားလေးကိုလည်း ဆရာမ ပေးချင် ပေးလိုက်ပေါ့'

နုနုက ခပ်အေးအေး ပြန်၍ပြောသည်။

ယုမိစံသည် ပိုမို၍ ဟန်ဆောင်ပြုံးကာ မျက်နှာချိုချိုဖြင့် ပြန်၍ ပြောသည်။

'ဟုတ်တယ် နုနု. . . ဆရာဦးသက်လွင် လာရင် မထွေးထွေး သားလေး ကြည့်ဖို့ ပေးလိုက်မယ်။ ကိုဖိုးသိုက်ကို ကျေးဇူးတင်ပါတယ်နော်၊ ဆရာမ ကျေးဇူးတင်တဲ့အကြောင်း ပြောပါ။ ဆရာမကို သတိရပြီး ယူဆောင် ပေးတဲ့ ကိုဖိုးသိုက်အတွက် ထီးတစ်ချောင်း လက်ဆောင် ပေးလိုက်ပါ ရစေ. . .'

ယုမိစံသည် မောင်မောင့်အဘွားက မောင်မောင့်အတွက် ပေးလိုက် သော ယောက်ျားဆောင်း နိုင်လွန်ထီးတစ်လက်ကို နုနုအပြန်တွင် ပေးလိုက် သည်။

ထိုနေ့ည ကျောင်း၌ ကျောင်းသားများကို စာသင်ကြားရန် မရှိဘဲ၊ နံနက်ပိုင်းမှ သူ သင်ကြားထားသော ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှု



BURMESE CLASSIC .com

www.burmeseclassic.com



လက်ဖက်ရည်သောက်ပွဲ၊ လက်ထပ်ပွဲ၊ ကီမိုနိုအဝတ် ရက်လုပ်ပုံ၊ ဝတ်ဆင်ပုံ များကို ကျောင်းသူကျောင်းသားများ မျက်ဝါးထင်ထင် တွေ့မြင်လေအောင် စာသင်ခန်းထဲ၌ မှောင်ချ၍ ရုပ်ရှင်ပြသည်။

ယုမိစံသည် ပိတ်ကားပေါ်မှ အရုပ်များကို မကြည့်မိဘဲ မှောင်ထဲတွင် ထိုင်ကာ၊ မျက်လုံး၌ စီးကျလာသော မျက်ရည်တို့ကို မသိမ်းနိုင်အောင် ဖြစ်လျက်ရှိသည်။

မိထွေးဖြစ်သူ ဒေါ်ထွေးထွေး၏ မျက်နှာကို တမြင်တည်း မြင်မိသည်။ မောင်မောင့်ကို သတိရမိခြင်းကား သူ့စိတ်ကိုသူ မထိန်းနိုင်အောင် တွေ့ချင်မြင်ချင် စိတ်တွေ တဖွားဖွား ပေါက်လာမိသည်။

မောင်မောင့်ဘဝ၊ မောင်မောင်၏ မိခင်ကို မောင်မောင် မမြင်ဖူးခင် သူက မောင်မောင့် အရင် မြင်ဖူးရခြင်းကြောင့် မောင်မောင့်အတွက် စိတ်ထိခိုက်သွားသည်။

ဤပုံကို မောင်မောင် မြင်ရလျှင် မည်သို့ ခံစားရမည်နည်း။ ဂျပန်စစ်ဗိုလ်ကို လက်ထပ် ထိမ်းမြားသော မိခင်အပေါ်၌ ကျေနပ်နိုင်မှု ရှိမရှိ ခွင့်လွှတ်နိုင်မှု ရှိမရှိ။ သို့လော သို့လော စသော အတွေးအထင်တို့သည် ယုမိစံ ခေါင်းထဲတွင် ရှုပ်ထွေးနေလျက် ခေါင်းထဲ၌ အုံခဲ၍ နောက်လာသည်။

ယုမိစံ ကျောင်းမှ ပြန်ရောက်သောအခါ၌ ဂျပန်ပြည်မှ လူကြုံဖြင့် ပါးလိုက်သော စာတစ်စောင် အိမ်လာပို့ထားခြင်းကို ဒေါ်အောင်မေက ဆီးပေးသည်။

ယုမိစံသည် စာအိတ်ကို ကြည့်ပြီး အဘွား၏လက်ရေးကို မြင်၍ ခရီးရောက်မဆိုက် ချက်ချင်း စာဖွင့် ဖောက်ကြည့်သည်။

စာထိုင်ဖတ်ရင်း မျက်ရည် တပေါက်ပေါက် ကျနေသော ယုမိစံကို မြင်၍ ဒေါ်အောင်မေသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်အောင် ထိတ်ပူ ဗျာများသွားသည်။

'မယု. . . ဘာဖြစ်လို့လဲဟင်၊ ဘယ်က စာလဲ၊ ဘာအကြောင်းများလဲ။ ဩဘားစံ ထိတ်လိုက်တာ၊ ပြောစမ်းပါ မယုရယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ပါးပေါ်၌ မျက်ရည်နှစ်ပေါက်ဖြင့် ဒေါ်အောင်မေကို ငေး၍ ကြည့်နေပြီးမှ ရှိုက်သံဖြင့် လုံးထွေးနေသော အသံများ ထွက်လာသည်။

'မယုအဖေ မသေခင် အိပ်ရာထဲမှာ သူရေးထားတဲ့ ကဗျာကို အဘွားက တွေ့လို့ ပို့လိုက်တယ်'

ယုမိစံသည် သူ့လက်ထဲ၌ရှိသော စာရွက်ကလေး နှစ်ရွက်ကို ထောင်ပြကာ ပြောလိုက်သည်။

'ဟင်. . . ဘာကဗျာများလဲ၊ ဘယ်လို အကြောင်းများလဲ'

ဒေါ်အောင်မေသည် ဂျပန်စာဖြင့် ရေးထားသော စာရွက်ကလေး နှစ်ရွက်ကို ဘာမှန်းမသိ ဆွဲယူကြည့်ကာ ပြန်ကမ်းပေးရင်း မေးလိုက်သည်။

'အဖေ ရေးခဲ့တာ ကဗျာနှစ်ပုဒ် ဩဘားစံ၊ တစ်ပုဒ်က မောင်မောင့် အမေနဲ့ မောင်မောင့်အကြောင်း ရေးထားတယ်၊ တစ်ပုဒ်ကတော့ မောင်မောင့် တစ်ယောက်တည်းအကြောင်း။ အဘွားက အိမ်ရှင်းတော့ အဖေ ဖတ်ခဲ့တဲ့ စာအုပ်ကြားမှာ သွားတွေ့လို့ မောင်မောင့်ကိုပြဖို့ ထည့်ပေးလိုက်တယ်'

'အောင်မယ်. . . ပြမနေနဲ့ မယု၊ ဆုတ်သာ ပစ်လိုက်။ ကိုယ့်အစ်မကို အစ်မမှန်း သိလျက်နဲ့ ဒါလောက် စိမ်းကားတာမျိုး မတွေ့ဖူးပါဘူးရှင့်'

ဒေါ်အောင်မေသည် မောင်မောင့်ကို စိတ်နာလှကာ စိတ်ဆိုးဆိုးဖြင့် မဲ့ရွဲ့ပြော၏။

'အဘွားက သူ့ကိုပြဖို့ ပေးလိုက်တော့ သူ့ကိုတော့ ပေးရမှာပဲ'

'ပေးလည်း ပိုနေမှာပဲ၊ ဆုတ်သာပစ်လိုက်ပါ၊ ဘယ်လိုဟာလေး မှန်းလည်း မသိပါဘူး။ သူ့အမေ ရုပ်ပုံကြည့်ရတာ ဒီလောက် ရိုင်းတဲ့ ရုပ်မျိုး လည်း မဟုတ်ပါဘူး၊ သူ့မှာ ချစ်တတ်ခင်တတ်တဲ့ စိတ်မျိုးမရှိတာ အံ့ပါရဲ့'

ယုမိစံသည် ဒေါ်အောင်မေ၏ ဒေါသ အမူအရာကို ကြည့်လျက်၊ သက်ပြင်းကို လေးလံစွာ ရှိုက်ချလိုက်သည်။

'အမေ မရှိတဲ့ ကလေးစိတ်ဟာဒီလိုပဲ ဩဘားစံ၊ အမေရဲ့ ချစ်ခြင်း

www.burmeseclassic.com



မေတ္တာကို တစ်ခါမှ မခံရဖူးတော့ သူများ ချစ်တာလည်း နားမလည်ဘူး၊ သူလည်း မချစ်တတ်ဘူး’

ဒေါ်အောင်မေသည် မောင်မောင့်ဘက်မှလိုက်၍ မျက်ရည်စမ်းစမ်းဖြင့် ဖြေရှင်းပြောပြနေသော ယုမိစံ၏ အမူအရာကလေးကို ကြည့်ကာ၊ သူ၏ ဒေါသစိတ်များသည် လွင့်ပြယ်သွားလျက် ကရုဏာစိတ်များ တဖွားဖွား ဝင်ရောက်လာသည်။ ယုမိစံကို ကရုဏာဖြစ်လွန်း၍ သူပါ မျက်ရည်ကျချင်လုလု ဖြစ်သွားသည်။

နောက်တစ်နေ့ ကျောင်းကနေ၍ ယုမိစံသည် ဦးသက်လွင်ထံသို့ တယ်လီဖုန်း ဆက်လိုက်သည်။ ယနေ့ည ညကျောင်းမရှိ၍ ဦးသက်လွင် ညနေ ကျောင်းဆင်းလျှင် သူ့ထံသို့ ခဏဝင်ရန် မှာကြားလိုက်သည်။

ယုမိစံ၏ မှာကြားချက်အရ ဦးသက်လွင် ကျောင်းမှတန်း၍ ယုမိစံ အိမ်သို့ ရောက်သွားသည်။

အိမ်ဝ၌ ခါးကလေး ကုန်းညွတ်လျက် နှုတ်ဆက်နေသော ယုမိစံ၏ မျက်နှာ၌၊ မျက်လုံးကလေးမို့ကာ ငိုထားသယောင် တွေ့ရခြင်းကြောင့် ဦးသက်လွင်သည် အိမ်ထဲမဝင်ခင် ရင်ထဲ၌ လေးလံသွားသည်။

ဦးသက်လွင်ကို ဧည့်ခန်းထဲသို့ ခေါ်သွားကာ ထိုင်စေပြီးမှ ဧည့်ခန်းထဲမှ ယုမိစံ ခဏ ပြန်ထွက်သွားသည်။ မကြာပါချေ။ ယုမိစံ စာအိတ်ကြီး တစ်အိတ်နှင့် ဧည့်ခန်းထဲသို့ ပြန်ရောက်လာသည်။

‘မောင်မောင်တို့ စာမေးပွဲ ဘယ်တော့လဲ ဆရာ’

ယုမိစံသည် ပြောစရာရှိရာကို မပြောခင် မောင်မောင့်အကြောင်းကို အရင် စမေးသည်။

‘ရှေ့အပတ်ထဲမှာပဲ ဆရာမ’

‘စာမေးပွဲ ပြီးတာနဲ့ ကျောင်းပိတ်မှာပဲနော်’

ယုမိစံသည် ပြောပြီး မျက်နှာကလေး မှိုန်မည်းသွားကာ စာအိတ်ကို ဖွင့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'စာမေးပွဲပြီးတာနဲ့ ကျောင်းပိတ်မှာပဲ ဆရာမ'

ဦးသက်လွင်သည် စာအိတ်ကို တစ်လှည့်၊ ယုမိစံကို တစ်လှည့် ကြည့်၍ ပြန်ပြောပြီး စိတ်လေးလေးဖြင့် မေးလိုက်သည်။

'အကြောင်းထူးသလား ဆရာမ'

'အကြောင်းထူးပါတယ် ဆရာ၊ ဆရာ့ဆီကို ဖုန်းဆက်ပေးတဲ့ နုနုက မနေ့က မောင်မောင့်အဖေနဲ့ အမေ့ဓာတ်ပုံကို လာပေးပါတယ်။ ဘုရားလေး ရွာက ကိုဖိုးသိုက်ပေးလို့ လာပေးပါတယ်'

ဦးသက်လွင်၏ မျက်လုံးတို့သည် ဝိုင်းလည်သွားသည်။

ယုမိစံသည် စက္ကူအိတ်ထဲမှ မှန်ပေါင်မရှိသော ဓာတ်ပုံကို ဦးသက် လွင်သို့ လှမ်းပေးလိုက်သည်။ ဦးသက်လွင် ဓာတ်ပုံကို ကြည့်ကာ ငြိမ်သက် နေသည်။ ယုမိစံ၏ အဖေ့ပုံကို မြင်ဖူးစဉ်ကထက် မောင်မောင့်မိခင်ပုံကို မြင်လိုက်ရခြင်းက သူ့စိတ်ကို အလွန်ထိခိုက်သွားသည်။ မောင်မောင့်အမေ့ပုံ ကို မောင်မောင် မြင်ဖူးမှာ မဟုတ်ခြင်းကို သိသည်။ ဤပုံကို မောင်မောင် မြင်ရလျှင် ဘယ်လို ခံစားရမည်လဲဟူသော အတွေးတို့ဖြင့် ငေးစိုက်ကြည့်နေ ကာ၊ ယုမိစံ အနား၌ ရှိနေသည်ကိုပင် တဒင်္ဂ မေ့နေသည်။

'ဆရာမ မောင်မောင့်ကို ဒီပုံပြမယ် မဟုတ်လား'

'မောင်မောင့်ကို ကျွန်မ ပေးမှာပေါ့ ဆရာ၊ ကျွန်မ ဂျပန် မပြန်ခင် ပေးခဲ့ပါမယ်။ မောင်မောင့်အမေက လှတယ်နော်၊ ငယ်ငယ်ပဲ ရှိသေးတယ်'

ဦးသက်လွင်သည် ဓာတ်ပုံကို ပြန်ငုံ့ကြည့်ကာ. . . 'မောင်မောင်နဲ့ ဆင်သလိုလိုပဲ ဆရာမ' ပြောလိုက်သည်။

'မျက်လုံးနဲ့ နှာခေါင်းက အမေနဲ့ တူတယ်၊ နဖူးနဲ့ ပါးစပ်က အဖေနဲ့ တူတယ်။ မောင်မောင့်မျက်နှာက အဖေတစ်ဝက် အမေတစ်ဝက် နှစ်မျိုး စပ်ထားတယ် ဆရာ'

ယုမိစံသည် ပြောရင်း မျက်ရည်တွေ ဝိုင်းလာကာ. . . 'ဒီ့အပြင် ထူးတာ ရှိသေးတယ်. . . ဆရာ'ဟု ဆက်ပြန်သည်။ ၎င်းစာအိတ်ထဲမှာပင်



BURMESE CLASSIC .com

www.burmeseclassic.com



စာရွက်နှစ်ရွက်ကို ဆွဲထုတ်ကာ ဦးသက်လွင် အနားသို့ ထလာသည်။ ဦးသက်လွင်နှင့် နီးကပ်အောင် ကုလားထိုင်ကို ဆွဲရွှေ့ပြီးမှ ဂျပန် လက်ရေးဖြင့် ရေးခြစ်ထားသော စာရွက်ဟောင်းဟောင်း နှစ်ရွက်ကို လှမ်းပေးလိုက်သည်။

ဦးသက်လွင်သည် ဂျပန်လက်ရေးဖြင့် ရေးထားသော စာရွက်ကို တစ်ရွက်စီကြည့်ကာ ဂျပန်လက်ရေးသာ မြင်လျက် အကြောင်းဘာမှန်း မသိပေ။

'ကျွန်မအဖေ လက်ရေးနဲ့ ရေးထားတဲ့ ကဗျာပါ ဆရာ၊ မောင်မောင်နဲ့ မောင်မောင့်အမေ အကြောင်းရယ်၊ နောက်သတ်သတ် မောင်မောင့် အကြောင်းပါ။ နှစ်ကြာလို့ စာလုံးမှိန်နေပါပြီ။ ကျွန်မအဘွားက အိမ်ရှင်းတော့ စာအုပ်တွေ ကြားထဲမှာတွေ့လို့ ပို့လိုက်တာ မနေ့က ရောက်လာပါတယ်။ ကျွန်မ ဖတ်ပြမယ်၊ အဓိပ္ပာယ်လည်း ပြန်ပြမယ်'

ယုမိစံသည် ဂျပန်ကဗျာ ရွတ်သည့်အခါ၌ ရွတ်ဆိုသော သံနေသံထားမျိုးဖြင့်၊ တစ်ကြောင်းပြီး တစ်ကြောင်း ခပ်လေးလေး ရွတ်ဖတ်ပြသည်။

'ဆူမကိုဘိုရှီ
ကိုအိတေမကူရာအို့
နူရာဆူယိုနို့
အိကုတို့ဆေ့နရုက
ယာမအိဖူးဆုမိနို'

ယုမိစံ၏ ကဗျာရွတ်ဆိုသံသည် ချိုအေးလှကာ နားထောင် ၍ ကောင်းလှသည်။

ဦးသက်လွင်သည် နားတစိုက်စိုက်ဖြင့် အသံနောက်သို့ လိုက်ပါ နားထောင်လျက်၊ ဘာအကြောင်းများလဲဟု ရင်ထဲ၌ လှုပ်ရှားနေသည်။

'ကျွန်မ ဒီကဗျာကို အဓိပ္ပာယ် မပြန်ခင် အသံထွက်ကို ဆရာ မှတ်မိအောင် အင်္ဂလိပ်အသံထွက် ရေးလိုက်ဦးမယ်. . . ဆရာ. . .'

ယုမိစံသည် အကျီ၌ ချိတ်ထားသော ဖောင်တိန်ကို ဖြုတ်ယူ၍



BURMESE CLASSIC .com

www.burmeseclassic.com



ကဗျာစာရွက်ကလေး၏ နောက်ဘက်၌ ကဗျာအသံထွက်ကို အင်္ဂလိပ် စာလုံးဖြင့် ရေးပြလိုက်သည်။

TSU MAKO BO SHI
KO I TE MA KU RA O
NU RA SU YO NO
I KU TO SE NA RU KA
YA MAIFU SU MI NI

'ပထမအကြောင်း "ဆူမကိုဘိုရှီ"ဆိုတဲ့ အဓိပ္ပာယ်က "မိန်းမ၊ သား၊ ကြယ်"ဒါပဲ ဆရာ။ ဂျပန်ကဗျာ သဘောက စာလုံးချည်း တစ်လုံးစီ သီးခြားကြည့်ရင် ဘာမှ အဓိပ္ပာယ် မရှိသလို ထင်ရမယ်၊ ဒါပေမဲ့ ဆုံးအောင် နားထောင်ပါဦး'

ယုမိစံသည် ကဗျာကို ဆက်ရွတ်ကာ ဘာသာပြန်ပြသည်။

'ဒုတိယစာကြောင်း "ကိုအိတေမကုရာအို" အဓိပ္ပာယ်က "လွမ်းဆွတ်ပြီး စိုနေတဲ့ခေါင်းအုံး"၊ နောက်တစ်ကြောင်း "နူရာဆူယိုနို"က "စိုတဲ့ည"'

ဦးသက်လွင်သည် ယုမိစံ ဘာသာပြန်သော စကားလုံးများကို (၁) မိန်းမ၊ သား၊ ကြယ်။ (၂) လွမ်းဆွတ်ပြီး စိုနေတဲ့ ခေါင်းအုံး။ (၃) စိုတဲ့ည။ အစီအစဉ်လိုက် ခေါင်းထဲ၌ နံပါတ်စဉ် အဓိပ္ပာယ် မှတ်ထားသည်။

'နောက် စာကြောင်း "အိကုတို့ဆေ့နရုက" အဓိပ္ပာယ်က "ဘယ်နှလ၊ ဘယ်နှနှစ်၊ ဘယ်နှညများ ရှိပြီလဲ"တဲ့ဆရာ။ နောက်ဆုံး စာကြောင်း "ယာမအိဖူးဆုမိနိ" အဓိပ္ပာယ်က နေမကောင်းလို့ လဲနေရတဲ့ ငါ့ဘဝရယ်" တဲ့'

ဦးသက်လွင်သည် ဂျပန်ကဗျာ၏ အဓိပ္ပာယ်ကို တွေးလျက် ရှိသည်။

'အားလုံး အဓိပ္ပာယ်ကို ခြုံပြီးပြောရရင် "အိပ်ရာထဲမှာ မထနိုင်ဘဲ လဲနေတဲ့ သူ့ဘဝမှာ မိုးပေါ်က ကြယ်ကို စိုက်ကြည့်ပြီး သူ့မိန်းမနဲ့ သူ့သားကို

www.burmeseclassic.com



လွမ်းဆွတ်အောက်မေ့ရလွန်းလို့ ခေါင်းအုံးတွေ စိုရွှဲကုန်တာ ဘယ်နှလ၊ ဘယ်နှနှစ်၊ ဘယ်နှည ရှိပြီလဲ”ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဂျပန်ကဗျာက မျက်ရည်ကျတာကို မဖော်ပြဘဲ မျက်ရည်ကို မြင်ရပါတယ် ဆရာ’

စကားလုံးချည်း သီးခြား၍ကြည့်လျှင် ဘာမျှအဓိပ္ပာယ်မရှိဟု ထင်ရသော်လည်း စကားလုံးများ ဆက်စပ်လျက် သူ့နေရာနှင့်သူ ဆီလျော်သွားသောအခါတွင် အလွန် လေးနက်သော အဓိပ္ပာယ်ကို ဆောင်လာကြသည်။

ယုမိစံသည် ဒုတိယကဗျာ စာရွက်၏ နောက်ဘက်၌ အင်္ဂလိပ်အသံထွက် စကားလုံးများကို ရေးလိုက်သည်။ ရေးပြီးမှ ကဗျာရွတ်သံဖြင့် ရွတ်ဖတ်ပြသည်။

**TSU KU ZU KU TO**
**WA GA KO NO SU GA TA**
**E GA KI TA RU**
**TSU MA NI NI SE MI TA**
**KO KO RO KA NA SHI KU**

‘ဆူကုဇူကုတို
ဝဂကိုနိုဆုဂတ
အေဂကိတရု
ဆူမနိနိဆေမိတ
ကိုကိုရို့ကနရှိကု’

ဦးသက်လွင်သည် စိတ်လှုပ်ရှားစွာဖြင့် နားစွင့်နေသည်။

‘ဒီကဗျာ အဓိပ္ပာယ်က “ဆူကုဇူကုတို”ဆိုတာ “ပီပီသသဖြစ်အောင်၊ ထင်ရှားအောင် အမျိုးမျိုး အဖုံဖုံပြောင်းပြီး ထပ်ကာထပ်ကာ” အဲဒီလိုမျိုး အဓိပ္ပာယ်ပါ၊ “ဝဂကိုနိုဆုဂတ”ရဲ့ အဓိပ္ပာယ်က “ကိုယ့်သားရဲ့ ရုပ်ပုံသဏ္ဌာန်” အဲဒီအဓိပ္ပာယ်။ “အေဂတိတရု” အဓိပ္ပာယ်က “ရုပ်ပုံဖော်ကြည့်တယ်”။ “ဆုမနိနိဆေမိတ” အဓိပ္ပာယ်ကတော့ “ဘယ်လိုပဲ ရုပ်ပုံ ဖော်ပြီး ကြည့်ကြည့်၊ ကိုယ့်မိန်းမမျက်နှာနဲ့ပဲ သွားသွားဆင်နေတယ်”။ “ကိုကိုရို့



BURMESE CLASSIC .com

www.burmeseclassic.com



ကနရှိကု” အဓိပ္ပာယ်က “ဒီလိုဖြစ်ရတဲ့ အဖြစ်မျိုးဟာ အခံရခက်လွန်းလို့ တကယ် ရင်နာတယ်”’

ယုမိစံသည် တတ်နိုင်သမျှ ကြိုးစား၍ အဓိပ္ပယ် ရှင်းပြရင်း ဦးသက်လွင် အဓိပ္ပာယ်ပေါက်မပေါက်၊ သူ့မျက်လုံးဖြင့် တစ်ချက်တစ်ချက် စိုက်ကြည့်လျက် နားလည်အောင် ရှင်းပြောသွားသည်။

ဦးသက်လွင် အဓိပ္ပာယ် မပေါက်တစ်ပေါက် ဖြစ်နေဟန် ထင်၍၊ အားမရဟန်ဖြင့် ယုမိစံက ပြန်၍ ရှင်းပြောပြန်သည်။

‘ဒီကဗျာရဲ့ အာဘော်က ဒီလိုပါ ဆရာ။ သူ့သားရဲ့ ရုပ်ပုံကလေးကို ဘယ်လို ရုပ်ကလေးမျှား ဖြစ်မလဲလို့ ပီပီသသဖြစ်အောင် စဉ်းစားကြည့်တယ်၊ မျက်နှာ ဘယ်လိုနေမလဲ မျက်လုံး ဘယ်လိုနေမလဲ၊ နှာခေါင်းက ဘယ်လို နေမလဲ၊ဒီလို စဉ်းစားနည်းမျိုး စဉ်းစားတဲ့ အဓိပ္ပယ်မျိုးပါ။ အဲဒီလို သားရဲ့ မျက်နှာ၊ သားရဲ့ရုပ်ကို မြင်ချင်လွန်းလို့ အမျိုးမျိုးအဖုံဖုံ ပြောင်းပြီး ရုပ်ပုံ ဖော်ကြည့်တယ်၊ ဘယ်လိုပဲ ပုံဖော်ကြည့်ကြည့် သူ့သားရဲ့ ရုပ်ပုံဟာ ပီပီသသ ပုံမျိုးမဟုတ်ဘဲ သူ့မိန်းမရဲ့ မျက်နှာနဲ့ပဲ သွားသွား ဆင်တူနေတယ်တဲ့။ ဒါကြောင့် ဒီအဖြစ်ဟာ တကယ် ရင်နာစရာ ကောင်းပါတယ်တဲ့။ အဓိပ္ပာယ် ပေါက်ပြီလား ဆရာ၊ မမြင်ဖူးတဲ့ သားရုပ်ပုံကို အရမ်းစဉ်းစားပြီး ခံစားချက် ကို ကဗျာစပ်ထားတာပါ’

ဦးသက်လွင်သည် အဓိပ္ပာယ် ပေါက်သွားရုံမက၊ ယုမိစံဖခင်၏ ခံစားမှုကို သူ၏ ခံစားမှုကဲ့သို့ ခံစားကြည့်မိသည်။

ကဗျာ၏ အဓိပ္ပာယ်သည် ဦးသက်လွင်အား စကားမပြောနိုင်လောက်အောင် ရင်ထဲ၌ တစိမ့်စိမ့် လေးနက်လာလျက်က တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

အိပ်ရာပေါ်၌ လဲလျောင်းကာ မျက်ရည်တွေတွေ ကျလျက်ရှိသော မေဂျာ ယူရှီးဒါး၏ ရုပ်သဏ္ဍာန်ကို တရေးရေး မြင်မိသည်။ မောင်မောင်သည် မေဂျာ ယူရှီးဒါး၏ မျက်စိအောက်၌ သားအဖြစ် မကြီးပြင်းခဲ့ရဘဲ၊ မဆီမဆိုင်



BURMESE CLASSIC .com

www.burmeseclassic.com



သူ့လက်ပေါ်၌ လာ၍ ကြီးပြင်းရကာ လူလားမြောက်လာရပုံတို့ကို တွေးမိခြင်းဖြင့်၊ မေဂျာ ယူရှီးဒါး၏ ကဗျာထဲမှ ရင်နာနည်းအတိုင်း သူလည်း မေဂျာ ယူရှီးဒါးအတွက် ရင်နာလျက် ရှိသည်။

'ဒီဓာတ်ပုံနဲ့ ဒီကဗျာပါ ကျွန်မ မပြန်ခင် မောင်မောင့်ကို ပေးခဲ့မယ် ဆရာ'

ယုမိစံက ငိုသံပါပါလေးဖြင့် ထပ်ပြောလိုက်သည်။

ဦးသက်လွင်သည် ရင်နင့်နင့်ဖြင့် ယုမိစံကို ဖြည်းလေးစွာကြည့်လျက် ရှိသည်။ "ဆရာမ ကိုယ်တိုင် ပေးမှာလား၊ ဘယ်လိုပေးမှာလဲ"

ဤမေးခွန်းများသည် ဦးသက်လွင်၏ နှုတ်မှ ထွက်နိုင်အား မရှိ၍ လည်ချောင်း၌ပင် တစ်ဆို့လျက် ရှိသည်။

## ၁၈

ဤနေ့ကား မတ်လ ၂၇ရက်၊ တော်လှန်ရေးနေ့။

မောင်မောင်သည် စာမေးပွဲကြီးဖြေပြီး ကျောင်းပိတ်လိုက်ပြီဖြစ်၍ နံနက်ဘက် ကိုမြဖေ ဈေးမှ မရောက်ခင် ရေနွေးတည်၊ လက်ဖက်ရည်ဖျော် စသော နံနက်စောစော ဝေယျာဝစ္စ အလုပ်များကို အိပ်ရာမှ စောစောထ၍ လုပ်ထားသည်။

ယနေ့နံနက် လက်ဖက်ရည်စားပွဲ ပြင်နေစဉ် အိမ်ရှေ့၌ သတင်းစာများ လာပို့၍ ထွက်ယူလိုက်သည်။

မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် မတ်လ ၂၇ ရက်နေ့သို့ ရောက်လေတိုင်း၊ သတင်းစာများသည် တော်လှန်ရေးနေ့ အထူးထုတ် ထုတ်ဝေကြသည်။

ဂျပန်ခေတ် ဂျပန်တော်လှန်ရေးမှ စစ်၏ အနိဋ္ဌာရုံများကို ပြန်လည်၍



BURMESE CLASSIC .com

www.burmeseclassic.com



ဖော်ပြကြသည်။ နယ်ချဲ့ဖက်စစ်တို့ကို တော်လှန်ခဲ့ကြပုံ၊ ဗိုလ်ချုပ်အောင်ဆန်း နှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့၏ တော်လှန်ရေး ဆောင်ရွက်ချက် အခန်းကဏ္ဍများ၊ မိန့်ခွန်းများ၊ ထိုခေါင်းဆောင်ကြီးနှစ်ဦးတို့ အတူယှဉ်တွဲ၍ ရိုက်ကူးထားသော ဓာတ်ပုံ၊ တိုင်ဝမ်ကျွန်းတွင် စစ်ပညာ သင်ကြားခဲ့စဉ်က စုပေါင်းရိုက်ထားသော ရဲဘော်သုံးကျိပ်တို့၏ သမိုင်းဝင်ဓာတ်ပုံများ စသည့် မတ်လ တော်လှန်ရေး အကြောင်းအရာ၊ တော်လှန်ရေး အတွေ့အကြုံ ဆောင်းပါးများ၊ ဓာတ်ပုံများဖြင့် ထုတ်ဝေသော အထူးထုတ် သတင်းစာများ ဖြစ်သည်။

မောင်မောင်သည် တော်လှန်ရေး သရုပ်ပါသော သတင်းစာ အထူးထုတ် မျက်နှာဖုံးပန်းချီကို ကြည့်လိုက်သည်။ အနှစ် ၂၀ ကျော်ပြီ ဖြစ်သော်လည်း မတ်လ ၂၇ ရက် တော်လှန်ရေးနေ့ ရောက်လျှင် ဂျပန်ခေတ် တော်လှန်ရေးသမိုင်း၊ တော်လှန်ရေးအတွေ့အကြုံများနှင့် ရှားပါးသော တော်လှန်ရေး ဓာတ်ပုံများကို တွေ့ရှိရတတ်သည့်အတွက် သတင်းစာ တစ်စောင်ပြီး တစ်စောင် ဆွဲ၍ စိတ်ဝင်တစား ကြည့်ရှုနေသည်။

နောက်ဆုံး မောင်မောင် ဆွဲလှန် ကြည့်လိုက်သော လမ်းစဉ်ပါတီ သတင်းစဉ်၌ **တော်လှန်ရေးနေ့ ဆုတောင်း** ဆိုသော ကဗျာတစ်ပုဒ်ကို သွားမြင်မိသည်။

ထိုကဗျာရေးသော ပုဂ္ဂိုလ်သည် ကဗျာဆရာ ဆရာဇော်ဂျီဖြစ်၍ သူ့စိတ်၌ ထူးခြားသွားသည်။ တော်လှန်ရေးနေ့ အထူးထုတ်တွင် ဆရာ ဇော်ဂျီ ဘယ်လိုကဗျာမျိုး ရေးပါလိမ့်ဟု သိလိုစိတ် ထက်သန်စွာဖြင့် ဖတ်ကြည့်လိုက်သည်။

**တော်လှန်ရေးနေ့ဆုတောင်း**

ငှဲညီ ပြောင်ဝင်း၊ မောင်သစ်ဆင်း
သင်းတို့ စိတ်ပြောင်း၊ တို့လည်း ပြောင်း၏
မကောင်း အစ၊ နှောင်းမလှ
အကြောင်းပြကြ၊ တပေါင်းလ
ကဖောင်းက ထ၊ ခတောင်းမ။

**သီတာရတနာစာပေ**

www.burmeseclassic.com



ထိုသတင်းကြောင့်
မြို့တွင်း တပ်စွဲ၊ နိပွန်ရဲတို့
မြို့ထဲ သူ့တပ်၊ မြို့ကို ပတ်၍
လှုံ့စွပ်နေရောင်၊ တပြောင်ပြောင်နှင့်
အာပေါင် အားရင်း၊ အသံပြင်းနှင့်
နင်းမှ နှိပ်မှ၊ စစ်မာန်ပြ၏။
“အာရှလူငယ်၊ လူမမည်တို့
အံ့ဖွယ်နေနီ၊ တို့စစ်သည်ကို
ရုံးရည် ဖက်ပြိုင်၊ ဘယ်ခံနိုင်အံ့”
လှန့်လည်း လှန့်၍
မခန့်စတောင်း၊ အဟန့်ကောင်းတို့
ကဖောင်းရွှာဆီ၊ တိုက်မည် ချီသော်
မြို့ပေါ်ကျန်ရှိ၊ မိရင်း ဖရင်း
သားချင်းဘဝ၊ ကြင်နာစတို့
ညှိုးလျှမျက်နှာ၊ မသာယာကို
ငါလည်း မြင်မိ မခံချိ။
တစ်ရက်နှစ်ရက်၊ သုံးလေးရက်တည့်
ငါးရက်ကကျွံ၊ ခြောက်ရက်လွန်တည့်
နိပွန်တပ်ခေါက်၊ ပြန်မရောက်ခဲ့
နောက်ထပ်တစ်ဖန်၊ ဆယ်ရက်လွန်လည်း
နိပွန်ခြေရာ၊ တက်မလာခဲ့။
“ကြားပါလေစ၊ အို မမတို့
မိုးကျလက်နက်*၊ လူငယ့်လက်တွင်

*မဟာမိတ်တပ်မှ လေယာဉ်ပျံဖြင့် ချပေးသည့် စတင်းဂန်း သေနတ်။



BURMESE CLASSIC .com

www.burmeseclassic.com



စကြာနေနီ၊ ကဇောင်းဆီဝယ်
ချီသမ္မုမြုပ်၊ တပ်မရုပ်ဘဲ
အပြုတ်ခံကြ၊ ဇာနေယျ” ဟု
ချီးပ စကား၊ ကြားလိုက်ရသော်
မြို့တော်တိုကျို၊ မြို့ထိုထိုက
အိုအိုမင်းမင်း၊ မိရင်းဖရင်း
သားချင်းကစ၊ အိမ်ရှင်မတို့
ညှိုးလျှမျက်နှာ၊ မသာယာကို
ငါ့မှာတွေးကြည့် ကြေကွဲမိ။
ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
သင်းတို့စိတ်ဝယ်၊ နယ်ချဲ့စိုးမိုး
မုဆိုးစင်စစ်၊ မဖြစ်စေချင်
ငါတို့တွင်လည်း
ဘဝင်မကျ၊ ဘဝမပြောင်
သားကောင်စင်စစ်၊ မဖြစ်စေလို
ကွင်းရလို၏။
ကြာညိုငါးခိုင်၊ အမွေးတိုင်နှင့်
ညွတ်ယိုင်ဆုခြွေ၊ အမျှဝေသည်
မွေတော်တိဂုံရိပ်မှာတည်း။

မောင်မောင်သည် ကဗျာကို အစအဆုံး ဖတ်ပြီးမှ စိတ်လှုပ်ရှားစွာဖြင့် တစ်ခေါက်ထပ်၍ ဖတ်ပြန်သည်။

နောက်တစ်ကြိမ် ပြန်ဖတ်ရာတွင် ကဗျာ၏ သရုပ်ကို ရုပ်လုံးပေါ်အောင် တွေ့မြင်ခံစားလျက် ရှိသည်။ မောင်မောင်သည် ဖတ်ပြီး ထိုကဗျာကို စိုက်ကြည့်လျက် ရှိ၏။ ကဗျာထဲ၌ *နယ်ချဲ့စိုးမိုး၊ မုဆိုးလည်း မဖြစ်စေချင်၊ သားကောင်လည်း မဖြစ်စေလို၊ ကွင်းရလို၏* ဆိုသော အပိုဒ်သည် မောင်မောင့် ရင်ကို ခိုက်အောင် ပြင်းပြစွာ ခံစားလိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မြို့တိုကိုက *အိုအိုမင်းမင်း၊ မိရင်းဖရင်း၊ သားချင်းကစ၊ အိမ်ရှင်မတို့၊ ညှိုးလှျမျက်နှာ၊ မသာယာကို၊ ငါမှာတွေးကြည့်၊ ကြေကွဲမိ၏။* ဤအပိုဒ်၌ ကဗျာဆရာ၏ နှလုံးသားတွင် ထိခိုက်ကြေကွဲ သွားလေသည့် အချက်ကို အဓိပ္ပာယ် တွေးမိလျက် သူ့ရင်ထဲ၌ များစွာ လှုပ်ရှားသွားပြန်၏။

မောင်မောင်သည် ကဗျာကို ဖတ်ရင်း ဖြစ်ပေါ်လာသော ခံစားမှုကြောင့်၊ တစ်ခါမှ တွေးတောခြင်း မပြုဖူးခဲ့သော အသိသည် သူ့ခေါင်းထဲသို့ ဝင်ရောက်လာသည်။

ထိုအသိကြောင့် စစ်ကြီး ပေါ်ပေါက်ခဲ့ပုံ အကြောင်းရင်း အမှန်ကို၊ သူ့ခေါင်းထဲ၌ တွေးတော ဆင်ခြင် သုံးသပ်လျက် ရှိသည်။

ကမ္ဘာပေါ်ဝယ် စစ်ဖြစ်ရခြင်းသည် သဘောတရားအားဖြင့် နယ်ချဲ့စိုးမိုးလို၍၊ အာဏာ လက်ကိုင်ရှိသူ တစ်စု၏ ဆောင်ရွက်ချက်များကြောင့် သာလျှင် စစ်ကြီး ဖြစ်ရသည်ဟု၊ မောင်မောင် ဤသို့ မြင်လာသည်။

ဂျပန်များ မြန်မာပြည်သို့ မဝင်ခင်က လွတ်လပ်ရေး ပေးမည်ဟု ကတိပေးခဲ့ပြီး၊ မြန်မာပြည်သို့ ရောက်ကြမှ စိတ်ပြောင်းသွားကြသည်။ စိတ်ပြောင်းကြခြင်းသည် နယ်ချဲ့စိုးမိုးလိုသော ထိပ်ဆုံးမှ အာဏာပိုင်တို့ ကြောင့်သာ ဖြစ်သည်။ ကဖောင်းရွာဆီ၌ တစ်တပ်လုံး အပြုတ်၊ အတုံးအရုံး သေကြရရှာသော စစ်သားများကြောင့် မဟုတ်ကြောင်းကို၊ ကဗျာ၏ ခံစားမှု အသိဖြင့် မောင်မောင် ထင်ရှားစွာ သိမြင်လာသည်။

စစ်၏ စည်းကမ်းကို လိုက်နာရန် လေ့ကျင့်သားရနေသော ဂျပန်စစ်သားတို့မှာ၊ အထက်အာဏာပိုင်တို့၏ အမိန့်ကို အမြဲလိုက်နာရကြသူ များ ဖြစ်သည်။ အထက်အာဏာပိုင် အမိန့်အရ သေနတ်ကိုင်၍ စစ်တိုက်ကြရ၏။ သတ်ဖြတ်ကြရ၏။ ပုံးကြဲကြ၏။ မီးရှို့ကြ၏။ စစ်မာန်ပြကြ၏။

ဤသို့ စစ်၏ ကြမ်းကြုတ်မှုအပေါင်းကို ဂျပန်စစ်သားများ ကိုယ်တိုင် ကိုယ်ကျ ကျူးလွန်ကြရသည်။ ထိုသို့ ကိုယ်တိုင် ကျူးလွန်ပြုလုပ် ကြခြင်းမှာ ဂျပန်စစ်သားများသည် စိတ်ဆန္ဒ၏ တိုက်တွန်းချက်ကြောင့်



BURMESE CLASSIC .com

www.burmeseclassic.com



မဟုတ်ဘဲ၊ အထက်အာဏာပိုင် အမိန့်အတိုင်း မရှောင်သာ၍ ပြုလုပ်ကြရသူတွေ ဖြစ်ကြောင်း၊ ကဗျာ၏ ခံစားမှု အသိဖြင့် မောင်မောင်သည် ခွဲခြားစိတ်ဖြာ မြင်၍လာသည်။

ဘဝတစ်လျှောက်လုံး ဂျပန်ဆိုလျှင် တီကို ဆားနှင့်ပက်သကဲ့သို့ ဖျပ်ဖျပ်လူး ဖြစ်ခဲ့သည့် နာကြည်းခါးသီးစိတ်များဖြင့်၊ ဂျပန်တစ်မျိုးသားလုံးကို မောင်မောင် သိမ်းကျုံးလျက် မုန်းတီးထားသော စိတ်တို့သည်၊ ထိုကဗျာ၏ ခံစားမှုအသိကြောင့် ဂျပန်တစ်မျိုးလုံး အပေါ်မှ နယ်ချဲ့ဝါဒဘက်သို့ ဦးလှည့်သွားကာ၊ နယ်ချဲ့စနစ်ကို ခါးသီးရွံမုန်းသွားသည်။

လူ့လောက၌ အကြောင်းမလှ၊ ဘဝ မပြောင်ခဲ့ရသော သူ့ဘဝ၊ သူ့အဖြစ်၊ သူသည်ပင်လျှင် နယ်ချဲ့မုဆိုးတို့၏ ပယောဂနှင့် မကင်းသည် ဖြစ်ကြောင်းကို မောင်မောင် မြင်ရခြင်းသည်၊ ကဗျာတစ်ပုဒ်လုံး၏ ရုပ်လုံးကို မြင်ခြင်းထက်ပင် ထင်ရှားလျက် ရှိသည်။

မောင်မောင်သည် ကဗျာဆရာ ကြေကွဲသည့်အတိုင်း၊ အပြန်ပြန် အလှန်လှန် တွေးလျက် သူ့ရင်ထဲ၌ ကြေကွဲလာသည်။ စိတ်ထိခိုက် ကြေကွဲလွန်းသဖြင့် ကဗျာဆရာနှင့်အတူ ရောလျက်၊ ရှေ့တွင် ဤအဖြစ်မျိုးကဲ့သို့ ပြန်၍ မဖြစ်ကြပါစေရန် တလှိုက်လှိုက် ရှိုက်၍ ဆုတောင်းလျက် ရှိသည်။

ထို့နောက် မောင်မောင်သည် ရင်တလှိုက်လှိုက်ဖြင့် ဂျပန်ခေတ်၌ လူ့ဘဝထဲသို့ ရောက်လာရသော သူ့ဘဝ၊ သူ့အကြောင်းကံ ဖန်လာပုံတို့ကို တစ်ဆက်တည်း တသက်သက် တွေးနေပြန်၏။

တစ်ယောက်တည်း ထိုင်လျက် တသက်သက် တွေးနေစဉ် သူ့စိတ်ထဲ၌ သူ့အနီးတွင် ယုမိစံ ရောက်ရှိနေသကဲ့သို့ပင် ထင်မိသည်။

မောင်မောင်သည် ယုမိစံ၏ မျက်နှာကို မြင်မိ၏။ ယုမိစံ၏ အသံကိုလည်း ကြားမိ၏။ မိမိတို့နှစ်ဦး အချေအတင် ပြောဆိုခဲ့ကြသော စကားများကို ပြန်၍ ကြားယောင်လာသည်။

ယုမိစံ သန့်ရှင်း ပြင်ဆင်ပေးထားသော လက်ရာများကို အားလုံး

www.burmeseclassic.com



ဖျက်ပစ်လျက် 'ခင်ဗျားအိမ်လား ခင်ဗျားကို ဘယ်သူက ခင်လို့လဲ' စသည့် ရန်စကားများကို ပြောစဉ်က မြင်ကွင်းကို အမှတ်ရလာသည်။

ထိုစကားကို ပြောစဉ်က ဝမ်းနည်း ကြေကွဲသည့်အသွင်ကို ဆောင်လျက်ရှိသော ယုမိစံ၏ မျက်နှာကလေးကို မြင်ယောင်လာသည်။ မိမိက ရမ်းရမ်း ကားကား စွပ်စွဲသမုတ်၍ တစ်ချိန်လုံး ရိုင်းပျနေသော်လည်း ယုမိစံ၏ တည်ငြိမ်သော မျက်နှာမှ ဖော်ပြလျက်ရှိသော သည်းခံခြင်း၏ ပမာဏနှင့်၊ သူ့အတွက်ကြောင့် ခေါင်းကွဲ၍ မြေပေါ်၌ ပုံလျက်ကလေး ခွေကျသွားရသည့် မေတ္တာ၏ ပမာဏတို့သည်၊ မည်မျှ ကြီးမားမှုန်းကို မောင်မောင် နားလည်လာလေသည်။

သွေးအလိမ်းလိမ်း ပေကျံလျက် သတိကင်းမဲ့နေသော ယုမိစံ၏ မျက်နှာကလေးကို တရေးရေး မြင်ရပြန်သည်။ ဆေးရုံသို့ တစ်ခေါက်မျှ မရောက်နိုင်လိုက်၍ သူ့ဘက်မှ ရိုင်းစိုင်းမှုတို့သည်၊ အနိုင်းအရှည် မတိုင်းတာနိုင်လောက်အောင် ရိုင်းစိုင်းမှု ဖြစ်ကြောင်းကို မောင်မောင် အသိတရားဝင်လာသည်။

မောင်မောင်သည် လက်နှစ်ဖက်ကို ဖျစ်ညှစ်ကာ အံကြိတ်၍ ဆို၏။

'ကျွန်တော် ရိုင်းမိပါတယ်. . . ခင်ဗျာ၊ အင်မတန့်ကို ရိုင်းမိပါတယ်'

မောင်မောင်သည် ဤစကားကိုပြောမိပြီးမှ ဤစကားကို မည်သူ့အား ပြောနေသနည်း၊ ယုမိစံသည် ဤအိမ်သို့ မလာတော့ပြီ မဟုတ်လောဟု သတိဝင်လာကာ၊ ယုမိစံ လာတတ်သည့် လမ်းဘက်သို့ မျက်နှာမူ၍ ငေးစိုက်ကြည့်နေမိလေသည်။

ထိုအခိုက် မောင်မောင် ထိုင်နေသော ဧည့်ခန်းထဲသို့ ဦးသက်လွင် ရောက်လာသည်။ မောင်မောင်သည် ဖျတ်ခနဲ မျက်နှာနှင့် အမူအရာတို့ကို ပြောင်းပစ်လိုက်ကာ၊ လက်က သတင်းစာကို ဖတ်ဟန်ပြုနေသည်။

ထိုနေ့တွင် မောင်မောင်၏ အမူအရာသည် ခါတိုင်းနှင့်မတူဘဲ အထူးညင်သာ သိမ်မွေ့လျက် ရှိသည်။ စကားလည်း အပြောနည်း၏။ နံနက်

www.burmeseclassic.com



ထမင်းစားကြပြီးနောက် ကိုမြဖေလည်း သူ့အိမ်သို့ ပြန်သွား၏။ ဦးသက်လွင် လည်း ယုမိစံအိမ်သို့ ထွက်သွား၏။

မောင်မောင်သည် အိမ်၌ တစ်နေ့ခင်းလုံး သန့်ရှင်းရေးအလုပ်ကို တစ်ယောက်တည်း မလုပ်စဖူး လုပ်ကိုင်နေပေသည်။

ယုမိစံ ပြင်ဆင်ပေးဖူးသော ပုံစံအတိုင်း ဧည့်ခန်းကို ပုံစံပြောင်းကာ ခင်းကျင်း သန့်ရှင်းသည်။ ထမင်းစားခန်းကိုလည်း ရှင်းလင်း သန့်ရှင်းလျက် သူ မြင်လိုက်ရသော ယုမိစံ၏ လက်ရာအတိုင်း ပုံစံ မတူ တူအောင် ပြန်လုပ်ထားသည်။

ကိုမြဖေသည် ညနေ ၄ နာရီမှ ပြန်ရောက်လာ၏။ မောင်မောင် ဘာစိတ်များပေါက်၍ အိမ်ရှင်းထားသနည်းဟု ပထမ အံ့သြသွားသည်။

ဧည့်ခန်းနှင့် ထမင်းစားခန်းတို့၌ ယုမိစံ၏ လက်ရာပုံစံအတိုင်း ပြန်၍ မြင်တွေ့လိုက်ရသောအခါ၌ ကိုမြဖေမှာ မျက်လုံးပြူးကာ သူ့ရင်ကို လက်ဖြင့်ဖိလျက် အသက်ရှူမှားအောင် ရင်ထဲ၌ လွန်လွန်မင်းမင်း လှုပ်ရှား သွားသည်။ လှုပ်ရှားလှသော ရင်ကြောင့် မောင်မောင်နှင့် မျက်နှာချင်း မဆိုင်ရက်အောင် ရှောင်ဖယ်ကာ၊ ယုမိစံလက်ရာကို လုံး၀ အမှတ်မရတော့ သကဲ့သို့ အမှတ်တမဲ့ နေပြလိုက်ရသည်။

ညနေစောင်း ယုမိစံအိမ်မှ ပြန်ရောက်လာသော ဦးသက်လွင်ကို ကိုမြဖေက ဆီးပြောသည်။

'ကြည့်တော့ ဆရာ၊ ဒီနေ့ မောင်မောင် တော်တော့်ကို ထူးတယ်၊ ဘာစိတ်ကူးပေါက်သလဲ မသိဘူး။ ကျွန်တော် မရှိတုန်း တစ်နေ့ခင်းလုံး မောင်မောင် အိမ်ရှင်းနေတယ်၊ သူ့အစ်မ လက်ရာအတိုင်းမှ သူ့အစ်မ လက်ရာအတိုင်းပဲ၊ ကျွန်တော် စိတ်မကောင်းလွန်းလို့ မသိချင်ယောင် ဆောင်နေရတယ်'

ဦးသက်လွင်သည် အိမ်၌ ပုံစံသစ်ပြောင်းကာ သန့်ရှင်းသပ်ရပ် သွားသော ဧည့်ခန်းနှင့် ထမင်းစားခန်းကို မျက်လုံးစင်းစင်းဖြင့် စိုက်လျက် ကြည့်နေပြီးမှ လှမ်းမေးလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'သူ့အစ်မလက်ရာ သူ ပြန်လုပ်ထားပြီး မင်းကိုဘာမှမပြောဘူးလား'

ကိုမြဖေက မျက်နှာပျက်ပျက်နှင့် ပြန်ပြောသည်။

'ကျွန်တော်လာတော့ စကားဆိုလို့ တစ်ခွန်းမှ မပြောဘူး ဆရာ၊ လုပ်ကိုင်ပြီး ခပ်တည်တည်ပဲ ရေသွားချိုးတယ်။ ရေချိုး အဝတ်လဲပြီး သူငယ်ချင်းနဲ့ တော်လှန်ရေးပန်းခြံမှာ မီးထွန်းပွဲ ကြည့်ဖို့ ချိန်းထားတယ်ဆိုပြီး ထွက်သွားတာပဲ'

ဦးသက်လွင်သည် ဧည့်ခန်းကို တစ်ဖန် ပြန်စိုက်ကြည့်လျက်-

"မောင်မောင်. . . မင်းအစ်မတော့ မြင်တော့မှာ မဟုတ်ဘူး၊ မင်းအစ်မ ပြန်တော့မယ်"ဟု အသံမထွက်လာသော စကားလုံးတို့ဖြင့် ရင်ထဲ၌ တင်းကျပ်လျက် ရှိလေ၏။

## ၁၉

အိပ်ခန်းခေါင်းရင်း ပြတင်းပေါက်မှ ဝင်လာသော လတ်ဆတ် သင်းပျံ့သည့် နံနက်လေပြည်လေညင်း၏ အထိအတွေ့ဖြင့် မောင်မောင် အိပ်ရာမှ နိုးလာသည်။ အရှေ့မှ နေဝန်းကြီးသည် မြင့်တက်နေလျက် အိပ်ခန်းထဲသို့ နေရောင်များ ဝင်နေက၊ အိပ်ခန်းထဲရှိ အရာအားလုံးတို့သည် တဖျပ်ဖျပ် တောက်ပလျက် ရှိကြသည်။

မောင်မောင်သည် အိပ်ရာမှ ထလာသည်။ မီးဖိုထဲ၌ ကိုမြဖေ ဈေးမှ ပြန်ရောက်နေသည်။ အိပ်ရာထ နေမြင့်သွားခြင်းကြောင့် ကပျာကယာ မျက်နှာသစ်နေခိုက်၊ တစ်ဖက်အိမ် ရေဒီယိုမှ မြူးကြွသော တေးသံများ ထွက်ပေါ်လာသည်။

'ဟိုက်. . . ရှစ်နာရီတောင် ခွဲပြီ'

မောင်မောင်သည် နှုတ်ကပြောလျက် အိမ်ရှေ့သို့ တန်းထွက်လာ



BURMESE CLASSIC .com

www.burmeseclassic.com



လေသည်။ အိမ်ရှေ့၌ ဦးသက်လွင်ကို မတွေ့ရခြင်းကြောင့် မောင်မောင် မီးဖိုခန်းသို့ ပြန်လှည့်လာသည်။

'ကိုမြဖေ. . . အစ်ကိုကြီးကော'

ကိုမြဖေသည် ငရုတ်သီး ထောင်းနေရင်း မောင်မောင့်ကို လှည့်ကြည့်သည်။

'ငါ ဈေးက ပြန်တော့ ဆရာ အပြင်ထွက်သွားတယ်'

'စားပွဲပေါ်က ကော်ဖီက ခင်ဗျား ဖျော်ပေးတာလား'

'မင်း အစ်ကိုကြီးဘာသာ ငါမလာခင် အစောကြီးက ရေနွေးအိုး ထ တည်ပြီး ဖျော်သောက်သွားတာ'

မောင်မောင်သည် အိပ်ရာထ နောက်ကျသွားခြင်းကြောင့် အစ်ကိုကြီး ကိုယ်တိုင် ရေနွေးအိုး တည်ရခြင်းကို စိတ်မကောင်း ဖြစ်မိသည်။

'အစ်ကိုကြီးကလည်းဗျာ၊ စောစောစီးစီး သွားစရာရှိတယ်လို့ ညက ပြောထားရင် ကျွန်တော် ထ လုပ်ပေးမှာပေါ့။ ညက ဝတ္ထု ထိုင်ဖတ်တာ မိုးလင်းခါနီးမှ ပြီးတယ်'

မောင်မောင်သည် ပြောပြောဆိုဆို ထမင်းစားခန်းဘက်သို့ ထွက်လာကာ စားပွဲ၌ ထိုင်လိုက်သည်။ သူ့အတွက်ပါ ကရားထဲ၌ ဖျော်ထားခဲ့သော ကော်ဖီကို ငှဲ့သောက်နေခိုက်၊ အိမ်ရှေ့မှ ကားသံကြားလိုက်ရ၏။

ဤကားသံသည် ငါးလခန့် အိမ်ရှေ့၌ ပျောက်ကွယ်လျက် မကြားရသော ယုမိစံ၏ ကားသံ။ မောင်မောင်သည် ယုမိစံ၏ ကားသံကို ချက်ချင်း မှတ်မိသည်။

ခြံထဲသို့ ဝင်လာသော ကားကို မောင်မောင် ထ၍ မကြည့်ရဲပေ။ ယုမိစံနှင့် မျက်နှာချင်းဆိုင်ရန် မဝံ့သော မျက်နှာ၊ ထိတ်လန့်သော မျက်နှာ ဖြင့် ရင်တဆတ်ဆတ် ခုန်လာ၏။ ကားထိုးရပ်လိုက်သော စက်သံကြောင့် မောင်မောင်၏ ကျောပြင်တစ်လျှောက်လုံး ဖြန်းခနဲ တက်လာသော ကြက်သီး မွေးညင်းများသည် ငယ်ထိပ်သို့ ရောက်လာကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဘာလုပ်ရ ကိုင်ရမှန်း မသိအောင် မွှန်ထူသွားသော စိတ်တို့ဖြင့် မီးဖိုဆောင်သို့ မောင်မောင် ထ ပြေးသွားသည်။

'ကိုမြဖေ အိမ်ရှေ့မှာ ကား. . . ကား. . . သွားဖွင့်ပေးပါ'

ကိုမြဖေသည် မောင်မောင်၏ ပြူးတူးပြဲတဲ အမူအရာများကို ကြည့်လျက် အံ့အားကြီးသင့်သွားသည်။

'ဘယ်က ကားလဲ၊ ဆရာမ ကားလား၊ ဟုတ်လားဟင်. . . ဟုတ်လား'

မောင်မောင်က ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။ မောင်မောင်သည် ကျိုးကန်းတောင်းမှောက် မျက်လုံးတို့ဖြင့် နေစရာ မရှိ ကွယ်စရာ မရှိ ဘာလုပ်ရမှန်း မသိအောင် တုန်လှုပ်နေ၏။

'ဟေ. . . ဟုတ်သလား'

ကိုမြဖေသည် အားရွှင်လန်းစွာ အောင်ဟစ်ရင်း အိမ်ရှေ့သို့ တစ်ဟုန် တည်း ပြေးထွက်သွားလေသည်။

မောင်မောင်သည် မီးဖိုခန်းထဲ၌ မရွေ့ဘဲ ဤအတိုင်း ရပ်နေ၏။ တံခါးဖွင့်သံကို ကြားလိုက်ရ၏။ မောင်မောင်သည် လျင်မြန်ပြင်းပြစွာ အသက်ရှူလျက် အောက်နှုတ်ခမ်းမှာ တုန်ယင်လျက်ရှိသည်။

'မောင်မောင်. . . '

အိမ်ရှေ့မှ ကိုမြဖေ၏ ခေါ်သံ၊ ကိုမြဖေ၏ အော်ခေါ်သံသည် မိုးကြိုး ထစ်ချုန်းသည့်နှယ် မောင်မောင် ကြားလိုက်ရကာ ရင်တုန်၍ လာသည်။ မောင်မောင်သည် သူ့ခေါင်းကို အသံလာရာသို့ လှည့်ထားလိုက်သည်။

'မောင်မောင်ရေ. . . ခဏဟေ့၊ ဒီမှာ. . . ဒီမှာ. . . လာပါဦး'

ကိုမြဖေ၏ အသံသည် တိုး၍ ကျယ်လောင်လာသည်။ ကိုမြဖေ၏ အသံနောက်တွင် ဆာမိ၏ အသံကို မသဲမကွဲ ဗလုံးဗထွေး ကြားလိုက်ရ၏။

မောင်မောင်သည် အိမ်ရှေ့သို့ မရဲတရဲ ထွက်ခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



အိမ်ရှေ့၌ ယုမိစံကို မတွေ့ရချေ။ ဆာမိသာလျှင် ကားထဲမှ ပစ္စည်း အထုပ်အပိုးများကို အိမ်ပေါ်သို့ ဆွဲယူလာနေသည်။

'ဆရာမက မင်းအတွက် စာတစ်စောင်နဲ့ ပစ္စည်းတွေ ပေးလိုက် သတဲ့'

မောင်မောင် အနားသို့ ရောက်မလာမီ ကိုမြဖေက လှမ်းပြောလိုက် သည်။

ဆာမိသည် ပစ္စည်းများကိုချကာ မောင်မောင့်ကို အပြုံးမျက်နှာဖြင့် စာအိတ်ကြီးတစ်အိတ် လှမ်းပေးလိုက်သည်။ စာအိတ်မှာ ချိပ်ပိတ်ထားလျက် စာအိတ်ပေါ်၌ **မောင်မောင်**ဟု မြန်မာလို ရေးထားသည်။

'ဆရာမ ပေးလိုက်တယ်၊ ခင်ဗျား လက်ထဲမှာ ပေးဖို့ မှာလိုက်တယ်။ ဒီပစ္စည်းတွေလည်း ခင်ဗျားအတွက်ပဲ ပြောလိုက်တယ်'

မောင်မောင်သည် တုန်ယင်သောလက်ဖြင့် စာအိတ်ကို လှမ်းယူ လျက် ကျီးကြည့် ကြောင်ကြည့်ဖြင့် ကြမ်းပေါ်၌ ပုံကျထားသော အထုပ်အပိုး များကို ကြည့်လိုက်သည်။

'သွားမယ်. . . ဆရာမက ဂျပန် ပြန်တော့မယ်၊ ၁၀ နာရီမှာ လေဆိပ် လိုက်ပို့ရမယ်'

မောင်မောင်သည် ဆတ်ခနဲ ဆာမိမျက်နှာကို မော့ကြည့်လိုက်သည်။ မောင်မောင်၏ မျက်လုံးများမှာ အဆမတန် ပြူးဝိုင်းလျက် ရှိသည်။ ကိုမြဖေက မျက်စိမျက်နှာပျက်ပျက်ဖြင့် ဖြတ်ပြောသည်။

'ဟင်. . . ဆရာမ ပြန်မယ်လား၊ ဒီနေ့ ပြန်တော့မယ်လား. . . ဟုတ်လား. . . အပြီး ပြန်တာလားဟင်'

ကိုမြဖေသည် ကယောင်ကတမ်း ပြောဆိုနေသည့်ပမာ အသံ ကတုန် ကယင်ဖြင့် ပြောဆိုလျက် ရှိသည်။ မောင်မောင်မူကား မျက်လုံးများကို ပြူးပြူးပြဲပြဲ ထုလုပ်ထားသော အရုပ်တစ်ရုပ်နှင့် မခြား အသက်ကင်းမဲ့ နေသည်။

ဆာမိလည်း ခေါင်းညိတ်ကာ အိမ်ပေါ်မှ ပြန်ဆင်းသွားသည်။

www.burmeseclassic.com



ထို့နောက် ကားထွက်သွားသည်။ မောင်မောင်နှင့် ကိုမြဖေတို့သည် ဤအချိန်ထိ မလှုပ်မယှက် ငိုင်နေကြလျက်၊ ကားထွက်သွားသံ ကြားမှသာလျှင် အသက်ဝင်လာကြသည်။

'ဘာတွေလဲကွ. . .'

ကိုမြဖေသည် စက္ကူသေတ္တာဘူးကြီးကို ပထမ ဆွဲဖွင့်လိုက်သည်။ မောင်မောင်သည် ကြောင်အမ်းအမ်းဖြင့် ငိုင်ကြည့်နေသည်။

'ရက်ကော်ဒါကွ'

ကိုမြဖေသည် ဘူးထဲမှ ရက်ကော်ဒါကို ဆွဲထုတ်ကာ နောက်တစ်ထုပ် ဖွင့်ပြန်၏။

'ကင်မရာဟေ့. . . ကင်နွန်. . . ကင်နွန်'

ကိုမြဖေသည် ဆက်လက်၍ အထုပ်တွေကို တစ်ထုပ်ပြီး တစ်ထုပ် သုတ်သီးသုတ်ပျာ ဖြေဖောက်လျက်၊ သူ့နှုတ်မှ ပေါက်ပေါက်ဖောက်သလို တရစပ် ဟစ်အောင်ပြောနေသည်။

'ရှပ်အင်္ကျီတွေကွ၊ ဟာ. . . ဘောင်းဘီတွေ၊ ဟော. . . လက်ပတ်နာရီ၊ ဒါက ဖောင်တိန်. . . ဖောင်တိန်'

မောင်မောင်သည် အထုပ်ထဲမှ တစ်မျိုးပြီးတစ်မျိုး ထွက်လာသော ပစ္စည်းများကို မျက်တောင်မခတ် ငေးစိုက် ကြည့်နေမိသည်။

ပစ္စည်းများ အားလုံး ဖြေဖောက်ကြည့်ပြီးမှ သတိလစ်သကဲ့သို့ ငိုင်ကြောက်နေသော မောင်မောင့်ကို ကိုမြဖေက လှမ်းပြောလိုက်သည်။

'မင်းလက်ထဲက စာအိတ်ကြီးက ဘာများလဲကွ၊ ဖွင့်ကြည့်စမ်းပါဦး'

ဤတွင်မောင်မောင် အသက်ဝင်သလို လှုပ်ရှားလာသည်။ မောင်မောင်သည် နီးရာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ စာအိတ်မှ ချိပ်တွေကို ခွာလျက် တုန်ခါနေသော လက်ဖြင့် စာအိတ်ကို ဖွင့်နေသည်။ စာအိတ်ထဲမှ ပထမဆုံး စာခေါက်ကို ဆွဲထုတ်ယူသည်။ ထို့နောက် ထွက်လာသည်က ခြောက်လက်မအရွယ်ရှိ ဓာတ်ပုံ တစ်ပုံ။



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်သည် စာခေါက်ကို ဖွင့်မကြည့်ခင် ဓာတ်ပုံကို စူးစိုက်၍ ကြည့်လိုက်သည်။ ဂျပန်စစ်ဗိုလ်နှင့် မြန်မာအမျိုးသမီးပုံကို မြင်ရခြင်းအားဖြင့်၊ ဤပုံသည် သူ့အဖေနှင့် သူ့အမေပုံပဲဟု မောင်မောင်စိတ်က ထင်လိုက် သည်။ ဓာတ်ပုံကို ကိုင်ကြည့်နေသော မောင်မောင်၏ လက်များမှာ ပိုမို၍ တုန်ခါနေသည်။ မောင်မောင်၏ ကုလားထိုင်နောက်မှ ရပ်လျက် မောင်မောင့်ကိုယ်ပေါ်မှ မှီး၍ ဓာတ်ပုံကို လှမ်းကြည့်နေသော ကိုမြဖေက မေးသည်။

'ဘယ်သူ့ပုံလဲ မောင်မောင်. . . မောင်မောင့် အဖေနဲ့ အမေပုံလား'

မောင်မောင်သည် နှုတ်ဖြင့် မဖြေဘဲ ခေါင်းညိတ်ကာ သူ့မိခင်၏ ပုံကို မျက်လုံးကျွတ်ကျမတတ် စူးစိုက်လျက် ကြည့်နေသည်။ မောင်မောင် သည် ဓာတ်ပုံ အကြောင်းအရာကို သိချင်လွန်း၍ ဓာတ်ပုံကို စားပွဲခုံပေါ်သို့ ခဏချကာ စာခေါက်ကို လျင်မြန်စွာ ဖွင့်ဖတ်လိုက်သည်။ ကိုမြဖေ၏ မျက်လုံးများသည် စားပွဲခုံပေါ်သို့ ချလိုက်သော ဓာတ်ပုံမှ မခွာနိုင်သေးဘဲ တအံ့တသြ ငေးမောကြည့်နေလျက်ပင် ရှိသည်။

ယုမိစံ၏ မြန်မာလက်ရေးများသည် ဝိုင်းဝိုင်းစက်စက်ဖြင့် သေသပ် ပီသစွာ ရေးထားခြင်းကို မောင်မောင် တွေ့ရှိရသည်။

မောင်လေး မောင်မောင်

မမနဲ့ မောင်မောင် အဖေတူကြတဲ့ မောင်နှမဆိုတာ မောင်မောင် သိခဲ့ပြီးပြီ။ မောင်မောင်က မမကို အစ်မဖြစ်တာ လက်မခံချင်တာ လည်း မမ နားလည်သွားပါပြီ မောင်မောင်။ မမ ပေးပို့လိုက်တဲ့ ဓာတ်ပုံကို ကြည့်ပါ။ ဘုရားလေးရွာမှာ မမ အဖေနဲ့ မောင်မောင့် အမေနဲ့ လက်ထပ် ထိမ်းမြားတုန်းက ရိုက်ထားတဲ့ ပုံဖြစ်တယ်။ မကြာသေးမီက ဘုရားလေးရွာနေ ကိုဖိုးသိုက်က သူ့မိတ်ဆွေ နေတဲ့ ပျဉ်ပုံကြီးရွာက အိမ်တစ်အိမ်မှာ ဒီဓာတ်ပုံကို တွေ့ခဲ့လို့ တောင်း ယူပြီး မမဆီကို လူကြုံနဲ့ ပို့ပေးပါတယ်. . .



BURMESE CLASSIC .com

www.burmeseclassic.com



ဤတွင် မောင်မောင်၏ မျက်လုံးတို့သည် ပြုံးကျယ်သွားကာ စာကို ဆက်မဖတ်နိုင်သေးဘဲ ဓာတ်ပုံကို ကောက်ယူကာ စိုက်ကြည့်နေပြန်၏။ လူဖြစ်မှ ပထမဆုံးအကြိမ် မိခင်၏ ရုပ်ပုံလွှာကို မြင်ဖူးရခြင်းကြောင့်၊ မောင်မောင်၏ နှလုံးသည်းပွတ်တို့မှာ ကြေပြုန်းမတတ် နာကျင်သွားသည်။

"အမေ ပါလား. . . အမေ. . . အမေ. . . အမေ. . ."ဟု တသသ မြည်တမ်းလိုက်သော အသံတို့သည် မောင်မောင်၏ ရင်ထဲ၌ သည်းသည်းညံ့ သွားသည်။ အမေ၏ နုပျိုချောမွေ့သော မျက်နှာတွင် ရိုးသားလျက် စိတ် သဘော ကောင်းသော အတွင်းသဏ္ဌာန်တို့သည် မျက်နှာပြင်တွင် အထင်း သား ပေါ်လွင်လျက် ရှိသည်။

ဘဝတစ်လျှောက်လုံး အားငယ်သောစိတ်တွေ ဝင်တိုင်း မိခင်ကို အခါခါ သတိတရ တသခဲ့သည်။ လွမ်းဆွတ်ခဲ့သည်။ မိခင်၏ ရုပ်ပုံကို မမြင်ဖူးဘဲ အခါခါ တသ လွမ်းဆွတ်ရခြင်းထက်၊ မိခင်၏ ရုပ်ပုံသဏ္ဌာန်ကို မျက်ဝါးထင်ထင် တွေ့မြင်၍ တသရခြင်းသည် ရင်ကွဲမတတ် ခံစားရသည်။

မိခင်ပုံကို တဝကြီး ကြည့်ပြီးမှ မိခင်ဘေးမှ ရပ်နေသော သူ့ဖခင်ပုံ ဘက်သို့ မျက်လုံးများက ခပ်လေးလေး ရွေ့လျားရောက်သွားသည်။

နူးညံ့စွာ ပြုံးထားသော မျက်နှာပိုင်ရှင်သည် ဓာတ်ပုံထဲမှ လှမ်း၍ ချစ်လှသောသားကို နှုတ်ဆက်၍ နေသယောင်ယောင်။ ကြွေခြေသိကွာ ရှိလှ သော စစ်ဗိုလ်တို့၏ ဟန်အပြည့်ဖြင့် နူးညံ့သိမ်မွေ့သော အပြုံးကို ဆောင် လျက် ကိုယ်ကို မတ်မတ်ထား၍ ရပ်နေသည်။

နူးညံ့ခြင်း၊ ကြင်နာတတ်ခြင်း၊ မေတ္တာတရားရှိခြင်း စသည်တို့သည် ၎င်း၏ မျက်လုံး၌လည်းကောင်း၊ အပြုံး၌လည်းကောင်း ချိုသာကြည်လင် သော မျက်နှာပေါ်၌ အရောင်လင်းဟပ်လျက် ရှိသည်။

မောင်မောင်သည် လူ့လောကထဲ၌ မရှိကြသော မိဘနှစ်ပါးပုံကို စိုက်ကြည့်ရင်း ကွယ်လွန်သွားကြသော မိဘနှစ်ပါး၏ အဆက်အနွယ်အဖြစ် သူနှင့် ယုမိစံမှတစ်ပါး အခြား သွေးသားရင်းချာသောသူ မရှိ။ သူတို့နှစ်ဦးသာ



BURMESE CLASSIC .com

www.burmeseclassic.com



လျှင် သွေးသားအရင်းအချာအဖြစ် လူ့လောကထဲ၌ ကျန်ရစ်ကြခြင်းကို သိမြင်လာသည်။ ဤအသိကြောင့် ရင်ဆို့သွား၍ စာကို အတော်ကြိုးစား၍ ဆက်ဖတ်ရသည်။

မောင်မောင့်အမေ ဒေါ်ထွေးထွေးကို မောင်မောင် မမြင်ဖူးဘူး မဟုတ်လား။ မောင်မောင် မြင်ဖူးအောင် မမ ပေးခဲ့ပါတယ်။ မောင်မောင့်အမေ ဘေးနားမှာ ရပ်နေတဲ့ မောင်မောင့်အဖေပုံကို ကြည့်တဲ့အခါမှာ အဖေပေါ်မှာ မုန်းတဲ့စိတ်ကိုခဏလောက် ခွာထားပါလို့ မမ တောင်းပန်ပါတယ်။

ဒီစာနဲ့ အတူ ဂျပန်လိုရေးထားတဲ့ စာရွက်နှစ်ရွက်ဟာ အခြား မဟုတ်ပါဘူး။ မောင်မောင့်အဖေ ဂျပန်ပြန်ရောက်လို့ အိပ်ရာထဲမှာ လဲပြီး လူမမာကြီးဖြစ်နေတဲ့ အချိန်မှာ မောင်မောင်နဲ့ မောင်မောင့် အမေ့ကို လွမ်းဆွတ်ပြီး ရေးစပ်ထားခဲ့တဲ့ ကဗျာတစ်ရွက်နဲ့ အခြား တစ်ရွက်က သူ့သားကို မမြင်ဖူးတဲ့အတွက် မြင်ဖူးချင်စိတ်ပေါက်လို့ မောင်မောင့် အကြောင်းကို ရေးစပ်ထားတာ ဖြစ်တယ်။

ဒီကဗျာရဲ့ အသံထွက်ကို မောင်မောင် သိရအောင် အင်္ဂလိပ်စာနဲ့ နောက်မှာ ရေးထားတယ်. . .

မောင်မောင်သည် သူ့ဖခင် ဂျပန်စာဖြင့် ရေးထားသော စာရွက် နှစ်ရွက်ကို ဆွဲယူကြည့်ပြီး၊ ယုမိစံ ရေးထားသော အင်္ဂလိပ်စာလုံးများကိုလည်း အပြေးအလွှား လှန်ကြည့်လိုက်ပြီးနောက် စာကို ဆက်ဖတ်သွားသည်။

နံပါတ် ၁ ကဗျာရဲ့ အဓိပ္ပာယ်က ကောင်းကင်က ကြယ်ကို ကြည့်ပြီး မိန်းမနှင့်သားကို အောက်မေ့ လွမ်းဆွတ်လွန်းလို့ ခေါင်းအုံး စိုရွှဲရသော ညပေါင်းဟာ ဘယ်နှနှစ်၊ ဘယ်နှလ၊ ဘယ်နှည ရှိပြီလဲ။ အိပ်ရာထဲမှာ လဲနေရတဲ့ သူ့ဘဝတဲ့။ ဒီကဗျာရဲ့ အဓိပ္ပာယ်ကို မောင်မောင် ခံစား နားလည်စေချင်ပါတယ် မောင်မောင်. . . ။

နောက်ကဗျာရဲ့ အဓိပ္ပာယ်ကတော့ မောင်မောင့်ရုပ်ကို ဘယ်လို



BURMESE CLASSIC .com

www.burmeseclassic.com



နေမလဲဆိုတာ သူ စဉ်းစားတယ်။ သူ စဉ်းစားလိုက်တိုင်း မောင် မောင့် အမေ မျက်နှာနဲ့ပဲ သွားတူနေတယ်။ စဉ်းစားလို့ မရဘူး။ ဒီအဖြစ်ဟာ သူ့ရင်မှာ အင်မတန် ထိခိုက်ပါတယ်တဲ့. . . ။

ဒီကဗျာ စာရွက်နှစ်ရွက်ကို အဖေ မသေခင်မှာ ရေးသွားတာ ဘယ်သူမှ မသိကြဘူး။ အိမ်မှာရှိတဲ့ အဘွားက စာအုပ်တစ်အုပ် ကြားမှာ ညပ်ထားတာ သွားတွေ့လို့ မောင်မောင့်ကို ပေးလိုက်ဖို့ အတွက် မကြာသေးဘူး၊ ဂျပန်က ပို့လိုက်တယ်။

ယခု ဆာမိနဲ့ ပေးလိုက်တဲ့ အထုပ်တွေဟာလည်း မမ ဂျပန် ပြန်တုန်းက အဘိုးနဲ့အဘွားက မောင်မောင့်အတွက် ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းများ ဖြစ်တယ်။ အဘိုးနဲ့အဘွားက သူတို့မှာ သားတစ်ယောက်တည်းရှိလို့ သားကို အလွန်ချစ်ကြတော့၊ သားက မွေးတဲ့ မြေးယောက်ျားလေး မောင်မောင့်ကို မမထက်တောင် အချစ် ပိုချင်ကြတယ်ပဲ ပြောနိုင်ပါတယ်မောင်မောင်။

မောင်မောင့်စိတ်မှာ ဘယ်သူ့အပေါ်မှာ မှ မေတ္တာစိတ် မထား နိုင်လို့ ဒီဓာတ်ပုံကို အရင်တစ်ခေါက်တုန်းကလို အဖေ့ ဓာတ်ပုံပါနေလို့ ဆုတ်ပစ်ချင်တယ်ဆိုရင် မဆုတ်ခင် မမ နောက်ဆုံးထပ်ပြီး မောင်မောင့်ကို တောင်းပန်လိုပါတယ် မောင်မောင်။

မောင်မောင့်အဖေ့ပုံကို မဆုတ်ခင် ခဏဆိုင်းပြီးတော့ ဒီဓာတ်ပုံ နဲ့ ကဗျာစာရွက်ကို ယူဆောင်ပြီး ရွှေတိဂုံဘုရားကို သွားပါ မောင်မောင်။ ရွှေတိဂုံဘုရား ရောက်ရင် ဘုရားရှေ့မှာ ခြင်္သေ့ကြီးကို မောင်မောင် တွေ့ပါလိမ့်မယ်. . . ။

သီဟဗာဟုဆိုတဲ့ ရိုးရာပုံပြင်ထဲမှာ သီဟဗာဟုရဲ့အဖေ ခြင်္သေ့ ဟာ လူသားဖြစ်တဲ့ သူ့မယားနဲ့ သူ့သား ပျောက်လို့ သူ့မယားနဲ့ သားနောက်ကို အပြေးလိုက်ရှာတယ် မဟုတ်လား မောင်မောင်. . . ။

ခြင်္သေ့ တိရစ္ဆာန်မှာ ချစ်ခင်တဲ့ နှလုံးသားရှိသလို ပါပဲ၊ လူသား



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်ဖြစ်တဲ့ မောင်မောင့်အဖေမှာလည်း မယားနဲ့သားကို ချစ်ခင်တဲ့နှလုံးသား ရှိပါတယ် မောင်မောင်။ မောင်မောင်တို့ သား အမိကို ဘယ်လောက် သံယောဇဉ်ရှိပြီး စွဲလမ်း ချစ်ခင်သွားတယ် ဆိုတာ ဒီကဗျာနှစ်ပုဒ်က သက်သေအရာ တည်ပါစေ. . .။

ရွှေတိဂုံဘုရားရှေ့က ခြင်္သေ့ရုပ်ကြီးကို ကြည့်ပြီး ဒီဓာတ်ပုံနဲ့ ဒီကဗျာကို တစ်ခေါက် ပြန်ကြည့်စမ်းပါ။ ဒီလို ကြည့်တဲ့အခါမှာ မောင်မောင့်အဖေပုံနဲ့ ခြင်္သေ့ရုပ်ကြီးကို နှိုင်းယှဉ်၍ ကြည့်ပါ။ နှိုင်းယှဉ်၍ ကြည့်တဲ့အခါမှာ. . . မောင်မောင့်အဖေဟာ တောထဲက ခြင်္သေ့တိရစ္ဆာန် မဟုတ်ဘဲ လူသားတစ်ယောက်ပါလား ဆိုတဲ့ အသိ စိတ်များ မောင်မောင့်မှာ ရှိလာပါစေလို့ မမ အများကြီး ဆုတောင်း ခဲ့ပါတယ်။

သူတို့ သားအမိနောက်ကို လိုက်ရှာတဲ့ အဖေခြင်္သေ့ကို လူသား တွေ ဒုက္ခမပေးစေဖို့အတွက် သတ်ခဲ့ရတယ် မဟုတ်လား။ ဒီအပြစ် ကြောင့် သူ့အဖေခြင်္သေ့ကို ဘုရားရှေ့မှာ ဘုရားနဲ့ တစ်ဂိုဏ်းတည်း ကိုးကွယ် ဖော်ပြထားတဲ့ ခြင်္သေ့ရုပ်လို့ မမ ဒီပုံပြင်ကို သိရှိ နားလည် ခဲ့ရပါတယ်. . .။

သားရဲတိရစ္ဆာန်ကိုတောင် ဖခင်ဖြစ်တဲ့အတွက် အထွက်အမြတ် ဖြစ်တဲ့ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး ဖော်ထုတ်ပြသနိုင်တဲ့ စိတ်၊ မြတ်နိုးကိုးကွယ်တဲ့စိတ် ရှိနိုင်သေးတာ၊ မောင်မောင်လည်း မောင်မောင့်အဖေ လူသားတစ်ယောက်ကို မိဘအဖြစ် ချစ်ခင်မြတ်နိုး နိုင်တဲ့စိတ် ရှိနိုင်ပါစေလို့ မြန်မာပြည်မှာ ဘုရားတွေရှေ့က ခြင်္သေ့ ရုပ်ပုံတွေ မြင်ရတိုင်း မမ မလွတ်တမ်း ဆုတောင်းမိခဲ့ပါတယ်. . .။

မမ ဆုတောင်းတဲ့အတိုင်း မောင်မောင့် ရင်ထဲမှာ မောင်မောင့် အဖေကို မေတ္တာစိတ်များ သက်ဝင်လာနိုင်ခဲ့မယ်ဆိုရင် မောင်လေး တစ်ယောက်ကို မြန်မာပြည်မှာ မမ လာရှာရကျိုး နပ်ပါပြီ မောင်လေး. . .။

**သီတာရတနာစာပေ**

www.burmeseclassic.com



မြန်မာပြည်မှာ မောင်မောင့်ကို မမ လိုက်ရှာတွေ့ပြီးတဲ့နောက် မမ ခံစားခဲ့ရတဲ့ စိတ်ဆင်းရဲမှု အပေါင်းဟာ မောင်မောင့်ကြောင့် ဖြစ်ရတယ်လို့ မမ မယူဆပါဘူး။ အဖေ ဖန်တီးထားခဲ့တာကြောင့်၊ အဖေ့ကြောင့် ဖြစ်ရတယ်လို့လည်း မမ မယူဆပါဘူး. . .။

မောင်မောင်နဲ့ မမကို သွေးခွဲပြီး နာကြည်း ကြေကွဲကြစေအောင် ဖန်ဆင်းထားခဲ့တဲ့ ကမ္ဘာစစ်ကြီးပါပဲ. . . မောင်မောင်. . .။ ဒီစစ်ကြီး ကြောင့် မောင်မောင် ကံဆိုးရသလို၊ မမလည်း ကံကောင်းတဲ့သူ မဟုတ်ပါဘူး. . .။

မမ အမေဟာ မမကို မွေးပြီးပြီးချင်း သေသွားပါတယ်၊ အဖေကိုလည်း စစ်ကြီး ပြီးဆုံးသွားပြီးတဲ့နောက် တော်တော်နဲ့ မတွေ့ဖူးသေးပါဘူး. . .။ မမ ၁၅ နှစ်သမီးကျမှ စစ်ထောင်က လွတ်လာတဲ့ အဖေကို မြင်ဖူးပါတယ်. . .။ နှစ်နှစ်နီးပါး အဖေနဲ့အတူ နေရပြီး မမကို လူ့လောကမှာ မောင်မောင်နဲ့ ထားခဲ့ပြီး အဖေ သေသွားပါတယ်။ အဖေ မသေခင် ပြောသွားတဲ့မောင်လေးကို မမ လာရှာပြီး တွေ့ရပြန်တော့ မောင်လေးက မမ မျက်နှာကို မကြည့်ချင်တဲ့ မောင်လေး ဖြစ်နေလို့ မမလည်း ကံကောင်းတဲ့သူ မဟုတ်ဘူးလို့ ပြောချင်တာပါ မောင်မောင်. . .။

အမှန်မှာ မောင်မောင်နဲ့ မမတို့နှစ်ယောက်ဟာ. . . ပြီးဆုံးခဲ့တဲ့ စစ်ကြီးရဲ့ အဆိပ်အတောက် သင့်ကြရတဲ့ မောင်နှမ နှစ်ယောက်ပါပဲ. . .။ ဒီအချက် မှန် မမှန် မောင်မောင့်ခေါင်းနဲ့ လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်. . .။

လေးလေးနက်နက် စဉ်းစားပြီး ကိုယ့်အဖေကို အဖေပဲလို့ လက်ခံနိုင်တဲ့စိတ် ဝင်လာမယ်ဆိုရင်၊ မောင်လေးကို ကြိုးစားပမ်းစား လာရှာဖွေတဲ့ မမလည်း မမအဖြစ် အမှတ်ထားနိုင်ပြီဆိုရင်

www.burmeseclassic.com



မောင်မောင့်ထံမှ မမ နောက်ဆုံး တောင်းဆိုချင်တဲ့ အချက်တစ်ခု ရှိပါတယ်။

ဒီအချက်က ဒီစာကို ဖတ်ပြီးရင် မမ နားနှစ်ဖက်က မကြားနိုင်ပေသည့် မောင်မောင့်ပါးစပ်က မမကို "မမ"လို့ တစ်ခွန်းခေါ်လိုက်စေချင်ပါတယ် မောင်မောင်။ မမလို့ တစ်ခွန်း ခေါ်စမ်းပါ. . .'

များစွာ ချစ်ခဲ့ရသော
မောင်မောင့်
**မမ**

မောင်မောင်သည် ကိုမြဖေ အနား၌ ရှိသည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ၊ စာဖတ်ရင်း မျက်ရည်များ စီးကျလျက် ဖတ်နေသည်။

မျက်ရည်ကျနေသော မောင်မောင့်ကို ကိုမြဖေ မြင်ရ၍၊ သူပါ မျက်ရည်လည်လာသည်။

စာဆုံးသွားသည်နှင့် တစ်ပြိုင်နက် မောင်မောင်သည် စာရွက်ခေါက်ကို ခုံပေါ်၌ ပစ်ချလိုက်ကာ၊ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ အခန်းထဲသို့ မောင်မောင် ပြေးဝင်သွားသည်။ ကိုမြဖေမှာ ကြောင်တက်တက်နှင့် မေးရန်ပင် ဆွံ့အနေသည်။

မောင်မောင်သည် အိပ်ခန်းထဲသို့ ပြေးဝင်သွားကာ၊ အံဆွဲထဲမှ ငွေတစ်ဆယ် နှိုက်ယူ၍ ပြန်ပြေးထွက်လာလျက်၊ အိမ်ပေါ်မှ ဒရောသောပါး ပြေးဆင်းသွားသည်။

'ဟော့. . . မောင်မောင်. . . မောင်မောင်. . . ဘယ်လဲ. . . ဘယ်လဲ'

ကိုမြဖေ အသံကို ကြားတော့မှ ခြံဝမှ မောင်မောင် လှည့်၍ ကြည့်ကာ. . .'လေဆိပ်ကို. . . လေဆိပ်'ဆိုလျက် လမ်းဘက်သို့ ပြေးထွက်သွားသည်။

မောင်မောင်သည် လမ်းထိပ်၌ ခဏရပ်လျက် သုံးဘီးကားကို စောင့်သည်။ စိတ် အလျင်လိုလွန်း၍ သုံးဘီးကားကို ရပ်စောင့်နေရန် အချိန်မဖြုန်း



BURMESE CLASSIC .com

www.burmeseclassic.com



နိုင်ခြင်းကြောင့်၊ ကမ္ဘာအေးလမ်းထိပ်သို့ အရောက် ခြေကုန်သုတ်၍ ပြေးလေ၏။

လေးဘီးကားတစ်စီးသည် ဓာတ်ဆီဆိုင်မှ ဆီထည့်ပြီး ထွက်  အလာ၊ မောင်မောင်နှင့် လမ်းထိပ်၌ သွားဆုံ၍ မောင်မောင်က လက်ပြတားလိုက်သည်။

'ဒီမှာ နောင်ကြီးရယ်. . . သိပ်အရေးကြီးလို့ပါ၊ ကျွန်တော့်ကို လေဆိပ်ကို အမီပို့ပေးပါ ခင်ဗျာ တောင်းသလောက် ပေးပါ့မယ်'

မျက်ရည်စမ်းစမ်းဖြင့် အသက်မရှူဘဲ ကမူးရှူးထိုး ပြောဆိုတောင်းပန်နေသော မောင်မောင့် အမူအရာကို ကြည့်လျက်၊ ကားဆရာ သည် မောင့်မောင့်အပေါ်၌ ကရုဏာစိတ်ကလေး ပေါက်သွားသည်။

'လာ. . . လာ. . . တက်'ဆို၍ တံခါး ဖွင့်ပေးလိုက်သည်။

'မြန်မြန်ပါ နောင်ကြီးရယ်. . . မြန်မြန်ကလေး မောင်းပေးပါ'

'စိတ်ချ. . . စိတ်ချ'

မောင်မောင်သည် သေဘေးနှင့် ရင်ဆိုင်နေရသည်နှင့် မခြားပေ။ အရှိန်ပြင်းစွာ အမြန်မောင်းနှင်နေသော ကားပေါ်၌ သွက်သွက်ခါနေလျက်၊ တစ်ချီတစ်ချီ၌ ကားဘီးတွေပင် ကျွတ်ထွက်ကုန်တော့မလား ထင်လိုက် သည်။ ရှေ့က ကားတွေကို အရမ်းပွတ်တိုး ကျော်တက်သွားသည့် အခါမျိုး၌ တိုက်ပြီဟု အသည်းအေးသွားကာ မျက်လုံးများကို ပိတ်လိုက်မိသည်။ လမ်းကွေ့များကို ချိုးလျှင်လည်း အရှိန်မသတ်နိုင်ဘဲ တရကြမ်း ကွေ့ချိုး မောင်းချသွား၍ မှောက်ပြီဟုပင် အလန့်တကြား ဖြစ်လိုက်မိသည်။

မောင်မောင်သည် စက်ကုန်ချလာသော ကားကလေးပေါ်၌ အသက်စွန့်၍ စီးနေရသည့်နှယ် ဖိုလိုက်. . . ထိတ်လိုက်. . . အသည်းအေးလိုက်. . . အသည်းယားလိုက်ဖြင့် အသက်ရှူမှား၍ နေလေသည်။ လေယာဉ်ကို မီပါ့မလားဟု တွေးပူလိုက်သည့် အခါတွင် တိုက်လို တိုက်၊ မှောက်လိုမှောက် ယခုထက်မြန်အောင် မောင်းပေးရန် စိတ်ဆန္ဒ စောလာပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



## ၂၀

မောင်မောင် အိမ်မှ မထွက်ခင် မောင်မောင်တို့အိမ်မှ ဆာမိကား ပြန်ရောက်ရောက်ချင်း၊ ယုမိစံသည် ဒေါ်အောင်မေနှင့် လေဆိပ်သို့ ထွက်လာကြသည်။ မောင်မောင့်လက်ထဲသို့ ပစ္စည်းများ အပ်ခဲ့သည်ဆို၍၊ ယုမိစံသည် တစ်လမ်းလုံး မျက်ရည်အဝဲသားနှင့် ကားပေါ်၌ ပါလာသည်။

ဦးသက်လွင်သည် အိမ်မှ အစောကြီးထလျက် လေဆိပ်သို့ စောစောစီးစီး ရောက်နှင့်နေသည်။ ယုမိစံ၏ အစီအစဉ်အရ မောင်မောင့်အတွက် ပစ္စည်းများ အိမ်သို့ အပို့လွှတ်မည်ကို ကြိုတင်၍ သိထားသည့်အတိုင်း၊ ယုမိစံထံမှ နောက်ဆုံးပို့မည့် ပစ္စည်းများနှင့် မောင်မောင် လက်ခံယူမည့် မြင်ကွင်းကို မကြည့်ရက် မမြင်ရက်၍ အိမ်မှ အစောကြီး ထွက်ခဲ့ခြင်း ဖြစ်သည်။

ယုမိစံ လေဆိပ် အဆောက်အအုံထဲသို့ ဝင်လာသောအခါ ဦးသက်လွင်ကို မြင်လိုက်ရ၍ ဦးသက်လွင် ရပ်နေရာသို့ တန်းသွားသည်။ မချိပြုံးလေးဖြင့် ပြုံးလျက် ကိုယ်ကို ညွတ်ကာ နှုတ်ဆက်လိုက်သည်။

ယုမိစံကိုယ်၌ ဂါဝန်ပန်းရောင်၊ ဒေါက်မြင့်ဖိနပ်အဖြူ ဝတ်ဆင်ထားခြင်းကြောင့်၊ ဦးသက်လွင်သည် သူ့အိမ်ကို ပထမဦးဆုံးအခေါက် ယုမိစံ လာစဉ်က ဝတ်ဆင်ထားသော ထိုအဝတ်အစားနှင့် ထိုနေ့ကို ပြန်၍ အသေးစိတ် မြင်ယောင်လိုက်မိသည်။

'ဘယ်အချိန်က ရောက်ပါသလဲ ဆရာ'

ယနေ့ မြန်မာပြည်နှင့် ခွဲခွာရတော့မည်ထက်၊ မောင်မောင်နှင့် ဦးသက်လွင်ကို ခွဲခွာရတော့မည့် အသိက အသည်းကိုလာ၍ ဆွဲဆွလျက် ရှိခြင်းကြောင့်၊ ဘယ်လိုပင် ယုမိစံ ဟန်ဆည်လျက် မျက်နှာရေ အသံပါ ချိထားစေကာမူ ယုမိစံ၏ မျက်လုံးမှာ ဟန်ဆည်၍မရသော ကြေကွဲပူဆွေးခြင်းကို အထင်းသား ဖော်ပြလျက် ရှိသည်။

www.burmeseclassic.com



'ကျွန်တော် အိမ်က မောင်မောင် မနိုးခင် နံနက် အစောကြီးက ထွက်လာပါတယ် ဆရာမ'

ဦးသက်လွင်၏ နှုတ်မှ ဤစကားသာ ထွက်လာသည်။ ဤစကားထက် တိုး၍ ပို၍ ပြောနိုင်စွမ်း မရှိသလောက် ရင်ထဲ၌ တင်းကျပ်နေ၏။

ယုမိစံသည် ဦးသက်လွင်နှင့် မျက်နှာလွှဲ၍ ခေါင်းကလေး ငုံ့လိုက်ကာ ခေါင်းငုံ့ငုံ့ဖြင့် ပြောသည်။

'မောင်မောင့်ပစ္စည်းတွေ ပို့လိုက်ပါပြီ ဆရာ၊ မနေ့က ဆရာ့ကိုပြတဲ့ ကျွန်မရေးတဲ့ စာလည်း ဆာမိက မောင်မောင့် လက်ထဲကို ပေးခဲ့ပါတယ်တဲ့။ မောင်မောင် ကျွန်မစာ ဖတ်ပြီးရင် ဓာတ်ပုံ ဆုတ်တယ်၊ မဆုတ်ဘူး ကျွန်မဆီကို စာရေးပေါ ဆရာ'

ဦးသက်လွင်၏ ရင်၌လေးလံ တင်းကျပ်လျက် ရှိနေရာမှ၊ လေးလံ တင်းကျပ်လျက်ရှိသော ရင်ကို လှံဖြင့် ထပ်စိုက်သည့်နှယ် ခံပြင်းစွာ စူးအောင့်နာကျင်သွားသည်။

ဦးသက်လွင်သည် မောင်မောင့်ထံသို့ ပို့လိုက်သော ယုမိစံ၏ စာကို ယုမိစံ မနေ့က ပြ၍ ဖတ်ပြီး ဖြစ်သည်။

ပုဂံသို့ နှစ်ယောက်သွားကြစဉ်က ရွှေစည်းခုံစေတီကြီး မုခ်ဝက ခြင်္သေ့ကြီးကို ကြည့်၍ 'ဒါ. . . သီဟဗာဟု အဖေ မဟုတ်ဘူးလား'ဟုမေးပြီး၊ ပုံပြင်ကို ပြောပြသော ယုမိစံ၏ အမူအရာကလေးကို ပြန်၍ အမှတ်ရမိသည်။ ထိုစဉ်က သူ့မှာ ခွက်ထိုးခွက်လန် ရယ်မောမိခဲ့သမျှ ယခုတော့ ထိုစာမှာ မရယ်မောနိုင်ဘဲ ရင်ထဲ၌ စူးရှုနာကျင် သွားရသောစာ ဖြစ်သည်။

ဦးသက်လွင်သည် ပြန်၍ နှုတ်ဖြင့် စကားမဆိုနိုင်တော့ဘဲ၊ မျက်လုံးများဖြင့်သာလျှင် ပြောဆိုလျက် ရှိနေသည်။

ထိုအခိုက် လေဆိပ် အဆောက်အအုံထဲသို့ ယုမိစံတို့ ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ကျောင်းသူကျောင်းသားများ၊ ယုမိစံ အသိမိတ်ဆွေ ဂျပန်သံရုံးမှ အမျိုးသမီး အမျိုးသားများ တဖွဲဖွဲ ရောက်လာကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ဦးသက်လွင် အနားမှ ခွာခဲ့ကာ၊ လာရောက် တွေ့ဆုံ နှုတ်ဆက်ကြသော သူများကို တစ်ဦးစီ လိုက်လံနှုတ်ဆက်နေရခြင်းကြောင့်၊ ဦးသက်လွင် အနားသို့ ပြန်လှည့် မလာနိုင်အောင် ဖြစ်နေသည်။

ဒေါ်အောင်မေနှင့် ဆာမိတို့သည် တစ်နေရာ၌ ယုမိစံ၏ ပစ္စည်းများကို စောင့်ကြပ် ကြည့်နေကြသည်။ ဒေါ်အောင်မေသည် ငိုထား၍ မျက်လုံးကြီး မို့အစ်လျက် မျက်နှာမှာ ညှိုးငယ်နေသည်။ ဦးသက်လွင်ကို ဝမ်းနည်းစွာ လှမ်းပြုံးပြရုံမှ တစ်ပါး စိတ်ထိခိုက်ခြင်းကြောင့်၊ ဦးသက်လွင်နားသို့ မလာ ဘဲ အဝေးကပင် နေ၏။

ဦးသက်လွင်သည် တစ်စက္ကန့်မှ တစ်စက္ကန့်သို့ ရွေ့ပြောင်းနေသော အချိန်ကို သတိမူမိနေလျက်၊ ရင်ထဲ၌ စက္ကန့်မခြား အရှိန်ပြင်းစွာ တဆတ်ဆတ် ခုန်နေသော နှလုံးခုန်သံကို၊ သူ့နားတွင် အတိုင်းသား ပြန်ကြားနေရ၏။

မိတ်ဆွေသင်္ဂဟများကို လိုက်လံ နှုတ်ဆက်လျက်ရှိသော ယုမိစံအား၊ နောက်ဆုံး မြင်ရသောနေ့အဖြစ် ဦးသက်လွင်၏ မျက်လုံးများက လှမ်း၍ ကြည့်နေလိုသော်လည်း ဦးသက်လွင်၏ နှလုံးသားသည် ကြေကွဲလွန်းလှ၍ ကြေမွမတတ် ရှိနေခြင်းကြောင့်၊ မျက်လုံးများကို မကြည့်မိအောင် တစ်နေရာသို့ လွှဲဖယ်နေရသည်။

နိုင်ငံခြားသွား လေဆိပ် ခန်းမဆောင်ထဲသို့ ယုမိစံ ဝင်ရန် အချိန် နီးကပ်လာလေပြီ။ ယုမိစံသည် ခန်းမထဲသို့ မဝင်ခင် အားလုံးကို အပြီး နှုတ်ဆက်ပြီးမှ၊ ဦးသက်လွင်နားသို့ နောက်ဆုံးလာခဲ့သည်။ သူ့အနားသို့ လျှောက်လာသော ယုမိစံ၏ တဒေါက်ဒေါက် ဖိနပ်သံတို့သည် လူချင်း ခွဲရတော့မည်ဖြစ်ကြောင်း ကြိုတင်၍ အချက်ပေးနေသည့်နှယ် ခံစားလိုက်မိသည်။

ယုမိစံ၏ လမ်းလျှောက်ပုံ၊ မျက်နှာ အမူအရာတို့သည် ဦးသက်လွင်



BURMESE CLASSIC .com

www.burmeseclassic.com



အနားသို့ နီးကပ်လာသည်နှင့် ထိုလမ်းလျှောက်ပုံ၊ ထိုမျက်နှာ၊ ထိုအမူအရာတို့ မဟုတ်ဘဲ တစ်မူဟုတ်ချင်း ပြောင်းသွားကြသည်။

မြန်မာပြည်သို့ လာခဲ့သော သူ၏ ရည်ရွယ်ချက်၊ သူ၏ မျှော်လင့်ချက်တို့သည် သူထင်သည့်အတိုင်း မကိုက်ညီဘဲ အချည်းနှီး ဖြစ်ရလေသည် ဆိုသော အချက်သည်၊ ယုမိစံ၏ မျက်နှာပြင်ထက်သို့ တက်လာကာ အမူ အရာအားလုံး ပြောင်းသွားခြင်း ဖြစ်သည်။

ယုမိစံသည် စိတ်ကို တအား ပြန်တင်းလျက်၊ မျက်နှာကိုလည်း ပြန်ပြင်လျက် ဦးသက်လွင်နှင့် မျက်လုံးချင်းဆိုင်ကာ ပြုံးလိုက်သည်။ ယုမိစံ ပြုံးခဲ့သမျှ ဤအပြုံးလောက် သနားစရာကောင်းခြင်းကို ဦးသက်လွင် မတွေ့ဖူးခဲ့သေးချေ။

ဦးသက်လွင်သည် သူ့နှုတ်ခမ်းကို လှုပ်သွားရုံမျှ အားယူ၍ ပြန်ပြုံးပြသည်။

'အခန်းထဲကို ဝင်ရတော့မယ် ဆရာ၊ ကျွန်မ သွားရတော့မယ်'

ယုမိစံသည် ဝဲလာသော မျက်ရည်တို့ကို မကျစေရန် ချုပ်ထားလို၍ အပြောရပ်လိုက်ကာ၊ မျက်တောင်ကလေးများ တဖျပ်ဖျပ် ခတ်ပြီးမှ မျက်လုံး ချင်း ပြန်ဆိုင်သည်။

ဦးသက်လွင်၏ ဝမ်းနည်း ကြေကွဲမှုသည် နောက်ဘဝသို့ ကူးသည့်အထိ မေ့ပျောက်နိုင်စရာ မရှိ။ ယုမိစံ မြန်မာပြည်မှ မထွက်ခင် သူချစ်လှသော သူ့မောင်ကလေးကို လူချင်းတွေ့ဆိုင်ကာ နှုတ်ဆက်ခွဲခွာသွားရခြင်းမျိုး မဟုတ်ဘဲ ယုမိစံ၏ မျှော်လင့်ချက်၊ ကြိုးပမ်းချက်များ အရာမထင် အချည်း နှီး ဖြစ်ရခြင်းကြောင့်၊ ယုမိစံအတွက် ဦးသက်လွင်မှာ ဝမ်းနည်းလိုက်ပါဘိ။ ဝမ်းနည်းလိုက်ပါဘိ။

ယုမိစံသည် ကျမည့် မျက်ရည်ကို မျက်တောင်များဖြင့် တဖျပ်ဖျပ် ခတ်၍ ဖျောက်ဖျက်လိုက်ပြီးမှ နောက်ဆုံး ပြောချင်သော စကားတစ်ခွန်းကို ရယ်မောသံကလေးဖြင့် ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မောင်မောင့်အပေါ်မှာ ကျွန်မ ချစ်ခဲ့တဲ့ အချစ်မေတ္တာ အားလုံးကို ဂျပန်ရောက်ရင် ဖူဂျီယားမား တောင်ကြီးဘက်ကို ပစ်လိုက်ရမှာပဲ ဆရာ'

ယုမိစံသည် ဤစကားကို စကားအဖြစ် ပြောလျှင် ရှိုက်ငိုမိမည် ဖြစ်၍ မငိုမိစေရန် ရယ်မောသံကလေးဖက်လျက်၊ ငိုမလို ရယ်မလို ပြောရခြင်း ဖြစ်သည်။

ရင်၌ အဆို့ကြီးဆို့ကာ တစ်စုံတစ်ရာ ဘာမျှမပြောနိုင်ဘဲ ဖြစ်နေသော ဦးသက်လွင်၏ မျက်နှာကို၊ မျက်လုံးလက်လက်ဖြင့် နောက်ဆုံး တစ်ချက် စိုက်ကြည့်ပြီးလျှင် ခေါင်းငုံ့လျက် ခါးညွတ်လိုက်သည်။

'အလွန် ကျေးဇူးကြီးလှပါတယ်. . . ဆရာ'

ယုမိစံသည် ပြောပြီး ခေါင်းငုံ့ကာ ကိုယ်ကလေးကို ကိုင်းညွတ်လိုက်ပြန်သည်။

မနေ့က တစ်နေ့လုံး အိမ်၌ ဦးသက်လွင်ကို ကျေးဇူးတင်ကြောင်း စကားတွေ တစ်ဝကြီး ပြောကြားပြီးပြီ ဖြစ်သည့်တိုင် အားမရ၍ ထပ်တလဲလဲ ပြောရှာသည်။

'မောင်မောင့်ကို ချစ်ခင် ကြင်နာတဲ့အတိုင်း၊ ကျွန်မကိုလည်း အမြဲ ချစ်ခင် ကြင်နာ အမှတ်ရပါ. . . ဆရာ'

ယုမိစံသည် ပြောပြီး နောက်တစ်ကြိမ် ခေါင်းငုံ့လျက် ခါးညွတ်ကိုင်းလိုက်ပြန်သည်။

လူချင်းခွဲခါနီး ယုမိစံ နောက်ဆုံး နှုတ်ဆက်ပြောဆိုနေခြင်းများကို ကြည့်လျက်၊ ဦးသက်လွင်သည် သူနှင့် ယုမိစံတို့ လေဆိပ် အဆောက်အအုံ ထဲမှ ပျောက်ကွယ်သွားကြကာ၊ ကြေကွဲမှုကြီးသာလျှင် လေဆိပ် အဆောက် အအုံထဲ၌ ကျန်ရစ်ခဲ့သည်ဟု ဦးသက်လွင် စိတ်၌ ထင်လိုက်မိသည်။

'ဆိုင်ယိုနားရာ. . . '

ဤတွင် ဦးသက်လွင်သည် နောက်ဆုံးအဖြစ် သတိဝင်လာကာ၊ တည်ကြည် နက်ရှိုင်းသော အကြည့်ဖြင့် ယုမိစံကို ကြည့်လျက် သူ့ခေါင်းကို ပြန်ညွတ်ပြလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဦးသက်လွင်ကို နောက်ဆုံး ဂါရဝပြုလျက် ခါးညွတ် နှုတ်ဆက်ပြီးနောက်၊ ထွက်ခွာမည်လုပ်ပြီးမှ ယုမိစံသည် ပြန်၍တန့်ကာ သူ့လက်ကလေးကို ဦးသက်လွင်အား ဆန့်ကာ ပေးလိုက်သည်။

ယုမိစံ လက်ထိုးပေး၍ ဦးသက်လွင်၏ မျက်လုံးတို့သည် အသက်ဝင်လာသကဲ့သို့ လင်းလဲ့သွားကာ လက်ကလေးကို အသာ ဆွဲကိုင်လိုက်သည်။

ယုမိစံ၏ နူးညံ့ပျော့ပျောင်းသော လက်တစ်ဖက်ကို ဦးသက်လွင် ဆွဲကိုင်၍ နှုတ်ဆက်သည့်အခါ၌၊ ဦးသက်လွင်သည် ရုတ်တရက် ပြန်မလွှတ်သေးဘဲ တစ်ခဏ ဆုပ်ကိုင်ထားမိသည်။

ဦးသက်လွင် လွှတ်လိုက်မှ ယုမိစံသည် သူ့လက်ကလေးကို ပြန်ရုပ်ကာ၊ တစ်ရှိန်တည်း နောက်လှည့်လျက် လေဆိပ်ခန်းမဆောင်ထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်သွားလေသည်။

ယုမိစံနှင့် တစ်ခါဖူးမျှ လက်ဆွဲ နှုတ်ဆက်ခြင်း မရှိခဲ့ဖူးကြဘဲ၊ ယုမိစံ နောက်ဆုံး လက်ဆွဲနှုတ်ဆက် သွားခြင်းကြောင့်၊ ဦးသက်လွင် လက်ထဲ၌ ထိုလက်ကလေး တစ်ဖက်မှာ ပြုတ်၍ ကျန်ရစ်ခဲ့သည့်ပမာ၊ ဦးသက်လွင်သည် သူ့လက်ကို တင်းတင်းဆုပ်၍ ထားမိသည်။

စိတ်တွေက ကယောင်ချောက်ချားဖြင့် ဦးသက်လွင်သည် လက်ကလေးတစ်ဖက်ကို လက်ထဲ၌ ဆုပ်ထားလျက်၊ လေယာဉ်အဆောက်အအုံ အပေါ်ထပ်သို့ သွားရာ လှေကားဆီသို့ လှမ်းလျှောက်လာသည်။

လှေကား လေးငါးထစ် နင်းတက်ပြီးမှ သူ့မျက်စိက လှေကားအောက်ရှိ မှန်ပေါက်ကြီးနား၌ ယုမိစံ ကွင်းထဲသို့ ထွက်လာမည်ကို စောင့်ရပ်ကြည့်နေရှာသော ဒေါ်အောင်မေကို လှမ်းမြင်လိုက်သည်။

တစ်ခဏ တန့်ရပ်ကြည့်လျက် စိတ်ထိခိုက်သွားပြီးမှ အပေါ်ထပ်သို့ တက်လာသည်။

အပေါ်ထပ် ဝရန်တာ လူချောင်သည့် အစွန်းထောင့်ဘက်၌ ရပ်လျက် လေယာဉ်ပျံရှိရာ ကွင်းထဲသို့ ထွက်လာမည့် ယုမိစံကို စောင့်ကြည့်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယုမိစံသည် ခရီးသည်များနှင့် အတူ ကွင်းထဲသို့ ထွက်လာသည်။ ခရီးသည်များနှင့်အတူ ခပ်သုတ်သုတ် လှမ်းလျှောက်သွားသော ယုမိစံကို အပေါ်မှ ဆီးကြည့်နေသော ဦးသက်လွင်၏ မျက်လုံးတို့တွင် မျက်ရည်များ ဝေနေသည်။ ထိုအချိန်တွင် မောင်မောင်သည် လေဆိပ် အဆောက်အအုံထဲသို့ အပြေး ဝင်ရောက်လာသည်။

အဆောက်အအုံထဲ၌ ဘယ်မှ ရှာကြည့်မနေတော့ဘဲ နိုင်ငံခြားသွား လေဆိပ် ခန်းမဆောင်ဘက်သို့ ကွေ့ပြေးသွားကာ တံခါးကို တွန်းဖွင့် လိုက်သည်။ အထဲမှ တံခါးစောင့်မှူးက ဝင်ခွင့်မရှိကြောင်း ပြောဆိုမှုပင်၊ မောင်မောင် သတိရကာ ပြန်လှည့်လာလျက် လှေကားပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားလေသည်။

အပေါ်ထပ် ဝရန်တာ လူဝင်လူထွက် မှန်တံခါးပေါက်ကြီးမှ ကွင်းထဲ၌ ထိုးဆိုက်ထားသော လေယာဉ်ပျံကြီးကို ဆီးမြင်လိုက်၍ ကိုယ်ရှိန် တန့်သွားသည်။ လူအုပ်ကြီးထဲသို့ တိုးဝှေ့ဝင်သွားကာ ဝရန်တာ လက်တန်း၌ လက်ထောက်လျက် အပေါ်မှ ဆီးကြည့်လိုက်သည်။

ကွင်းလယ်ကောင်နားသို့ ရောက်လုနီးနီး ရှိနေသော ယုမိစံကို မြင်မြင်ချင်း မောင်မောင်၏ မျက်လုံးများသည် ပြာမိုက်သွားသည်။

မောင်မောင်သည် သွေ့နှုတ်ခမ်းကို လက်ဝါးနှစ်ဖက်ဖြင့်ကာ၍ စိတ်ရှိ လက်ရှိ ငယ်သံပါအောင် တအားကြုံး၍ ဟစ်အော်လိုက်သည်။

'မမ. . . မမ. . . မမ'

ချစ်မေတ္တာ အပြည့်အဝဖြင့် လေးလေးပင်ပင် လှိုက်လှဲစွာ ခေါ်လိုက် သော အသံ။

မောင်မောင်၏ ရင်ခေါင်းထဲမှ လှိုက်လှဲစွာ ထွက်လာသော ခေါ်သံ တို့သည် ဘဝင်သို့ တက်သွားသည်။ ပတ်ဝန်းကျင် လူအပေါင်းတို့ နားကွဲလု မတတ် စူးပေါက်သွားသော အသံလည်း ဖြစ်သည်။

ယုမိစံကို မျက်ခြည်မပြတ် မျှော်ကြည့်လျက်နေသော ဦးသက်လွင်



BURMESE CLASSIC .com

www.burmeseclassic.com



သည် မောင်မောင့် အသံကြောင့် တစ်ကိုယ်လုံး သိမ့်သိမ့်ခါသွားကာ အသံထွက်ရာဘက်သို့ မျက်လုံးများက ရှာကြည့်လိုက်သည်။

မောင်မောင်မှ. . . မောင်မောင်. . .။ တစ်ကွင်းလုံး ပေါက်လောက်အောင် ကြုံးဟစ်နေသော မောင်မောင်. . .။

'မမ. . . မမ. . . မမ'

ဤတစ်ကြိမ်ကား သူ၏ ရက်စက်မှု၊ ရိုင်းစိုင်းမှုများကို ခွင့်လွှတ်ပါရန် လှိုက်လှဲစွာ ဝန်ချ တောင်းပန်စိတ်ဖြင့် ထပ်အောင်ခေါ်လိုက်သောအသံ။

ကွင်းထဲ၌ ဒေါက်မြင့်ဖိနပ်ဖြင့် လျင်မြန်စွာ တဒေါက်ဒေါက်လျှောက်နေသော ယုမိစံသည် တစ်ဦးတစ်ယောက် နောက်မှ လှမ်းဆွဲလိုက်သလိုပင် တန့်ရပ်သွား၏။

'မမ. . . မမ'

ဤတစ်ကြိမ်ခေါ်သံတွင် "မမဟာ. . . ကျွန်တော့် မမပါ. . . မမအဖေဟာလည်း ကျွန်တော့်အဖေ ပါပဲ'ဟု သူ့စိတ်၌ နောက်ဆုံး ဝန်ချဝန်ခံခြင်း တုန်အက် ကွဲထွက်သွားသော အသံ။

ယုမိစံ တုံ့ရပ်သွား၏။

မောင်မောင်သည် အားတက်သရောဖြင့် ဆင့်ကာဆင့်ကာ ကြုံးဟစ် လျက် ခေါ်နေသော မမ ခေါ်သံများသည် လေယာဉ်ကွင်းတစ်ကွင်းလုံး ဖုံးလွှမ်း ဆူညံလျက် ရှိသည်။

"မမ. . . တဲ့. . . မမ. . . တဲ့"

ယုမိစံသည် ရင်တဖျပ်ဖျပ် ခုန်သွားလျက် သူ့နား၌ ကြားရသောအဝေးမှ ဟစ်နေသည့် မမ ခေါ်သံများကို ဟုတ်မှ ဟုတ်ပါလေစဟု လေဆိပ်အဆောက်အအုံဘက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

လူအုပ်ထဲမှ မောင်မောင် ဝတ်နေကျ အနက်နှင့် အနီရောင်



BURMESE CLASSIC .com

www.burmeseclassic.com



လေးထောင့်ကွက်ကြား ရှပ်အင်္ကျီဝတ်ထားသော မောင်မောင့်ကို အလှမ်းဝေးဝေးမှပင် မောင်မောင်ပဲ ထင်လိုက်သည်။

ယုမိစံ လှည့်အကြည့်တွင် မောင်မောင်သည် သူ့ကို လူအုပ်ထဲ၌ မြင်သာအောင်၊ သူမှန်းသိအောင် 'မောင်မောင်. . . မောင်မောင်'ဟု သူ့နှုတ်က တအားကြုံး အော်ပြောလျက် လက်ကိုမြှောက်ကာ ဝှေ့ယမ်းပြနေသည်။

'အို. . . အို. . . မောင်မောင်. . . မောင်မောင်. . . '

ယုမိစံသည် မောင်မောင့်ကို သဲသဲကွဲကွဲ မြင်မြင်ချင်း နှုတ်မှ တသ မြည်တမ်းလျက် တစ်ကိုယ်လုံး လှည့်လိုက်သည်။ မောင်မောင်ရှိရာ လေဆိပ်ဝရန်တာသို့ ပြန်လှည့် ပြေးလာလေသည်။ တစ်လံလောက် ပြေးလာပြီးမှ တုံ့ရပ်လိုက်သည်။

သူရောက်နေသည့် နေရာနှင့် လေဆိပ် အဆောက်အအုံ အကွာအဝေးကို တဒင်္ဂအတွင်း အလျင်အမြန် မှန်းဆ ကြည့်လိုက်သည်။

တစ်ချိန်တည်းတွင် ထိုးဆိုက်ထားသော လေယာဉ်ပျံကြီးဘက်သို့လည်း အလျင်အမြန် လှည့်ကြည့်သည်။ သူနှင့်အတူ ကွင်းထဲသို့ ထွက်လာကြသော ခရီးသည်အားလုံး လေယာဉ် လှေကားနားသို့ပင် ရောက်လုလု ရှိနေကြပြီ။ မောင်မောင်ရှိရာသို့ အရောက် ပြန်ပြေးလာရန် မဖြစ်နိုင်တော့။

ဤတွင် ပြန့်ပြူး ရှည်လျားသော သူ့ရှေ့မှ ကွင်းမြေပြင်ကြီးသည် သူ ရပ်လိုက်သည့် နေရာနှင့် တစ်ကန့်စီ ခြားသွားလေလျက်၊ ယုမိစံ ပြေး မလာခဲ့ရန် ပင်လယ်ကြီးပမာ သူ့ရှေ့မှ ကာဆီး၍ ထားလေသည်။

ယုမိစံသည် စိတ်ကို လျှော့ရလျက် မျက်ရည်များ ပေါက်ပေါက် ကျလာသည်။ မောင်မောင် ခေါ်လိုက်သော "မမ"အသံကို သူ ကြားပါကြောင်း မောင်မောင် သိစေချင်၍ မတ်မတ် စုံရပ်လျက် သူ့ခေါင်းကလေးကို တဆတ်ဆတ် ညိတ်ပြ၏။ နောက်ဆုတ် နောက်ဆုတ်နှင့် ခြေနောက်ပြန် လှမ်းသွားလျက်၊ တစ်ဖန် ခုန်လိုက်ကာ သူ့လက်ကို မြှောက်ယမ်းပြသည်။

ယုမိစံ အချိန်ကို ဆွဲထား၍မရ၊ သွားရတော့မည်။ ယုမိစံသည်



BURMESE CLASSIC .com

www.burmeseclassic.com



စက္ကန့်ပိုင်းကလေးပင် ရရ၊ တန့်ရပ်၍ နေလိုက်ချင်သေးသဖြင့် လေယာဉ်ပျံဘက်သို့ လှည့်ကြည့်လိုက်သည်။ ခရီးသည်အပေါင်းတို့ လေယာဉ်လှေကားပေါ်သို့ တက်နေကြလေပြီ။ မဖြစ်တော့ချေ။ သူ့တစ်ယောက်တည်း ကွင်းလယ်တွင် ကျန်ရစ်နေ၍ မဖြစ်တော့ချေ။

'ဆိုင်ယိုနားရား. . . ဆိုင်ယိုနားရား. . .'

ယုမိစံသည် မောင်မောင် ကြားနိုင်မည် မဟုတ်မှန်း သိပင်သိငြား၊ ပြာနှမ်းနေသော အသံလေးနှင့် သံကုန်ဟစ်၍ နှုတ်ဆက်ကာ လေယာဉ်ဘက်သို့ ပြန်ပြေးလေသည်။

လေယာဉ်ဘက်သို့ ပြန်ပြေးလျက်မှ ခဏရပ်ပြန်ကာ ကိုယ်လှည့်၍ လက်ကို တစ်ချက် မြှောက်ဝှေ့ပြပြီးနောက် တစ်ရှိန်ထိုး ပြေးရပြန်လေ၏။

ဝရန်တာပေါ်မှ လူအုပ်ကြီးသည် မောင်မောင် ကြုံး၍အော်ခေါ်ခြင်း၊ မောင်မောင် ခုန်၍ခုန်၍ လက်ပြလျက်ရှိခြင်းကို တစ်လှည့်၊ ကွင်းလယ်ကောင်မှ ဂျပန်မလေးကို တစ်လှည့်၊ ပွဲကြီးပွဲကောင်း ကြည့်နေကြဘိသကဲ့ ဘာမှန်းမသိ တစ်ကျော့စီ တစ်လှည့်စီ ခဲအုံကြည့်နေကြသည်။

ဦးသက်လွင်မှာ အသက်ရှူမှားလျက် ရင်ကွဲနာ ကျတော့မတတ် ဆွေးမြည့်ကြေကွဲလျက် ရှိသည်။ ကွင်းထဲ၌ ဟိုဘက် ပြေးရတော့မလိုလို၊ ဒီဘက် ပြေးလာရတော့ မလိုလို၊ ယုမိစံ ဒေါင်းတောက်ဗျာများလျက် အရူးမီးဝိုင်း ဖြစ်နေရှာပုံကို မကြည့်ရက်အောင် ဖြစ်နေသည်။ မောင်မောင် ကုန်းဟစ်နေသည့် အသံအက်အက်ကြီးကိုလည်း မကြားရက်အောင် ဖြစ်နေသည်။ ဦးသက်လွင် ငြိမ်းသတ်၍ မရတော့သော စိတ်ဒုက္ခမီးကြီး တောက်လောင်လျက် ရှိသည်။

တစ်ရှိန်ထိုး ပြေးသွားကာ ယုမိစံသည် လှေကားအနားသို့ ရောက်သွားသည်။ လေယာဉ်လှေကားကို လှမ်းမတက်ခင် နောက်ပြန်လှည့်ကာ သူ့လက်တစ်ဖက်ကို မြှောက်၍ ဝှေ့ယမ်းလိုက်သည်။ ခရီးသည်များအနက် သူတစ်ဦးတည်း နောက်ကျခြင်းကြောင့်၊ လေဆိပ်အရာရှိများကို မျက်နှာ



BURMESE CLASSIC .com

www.burmeseclassic.com



ပူပူ အားနာနာဖြင့် ကပျာကယာ လေယာဉ်လှေကားကို လှမ်းတက်သွားရသည်။

လေယာဉ်မယ်သည် တံခါးပိတ်ရန် သူ့ကို တံခါးပေါက်ဝကရပ်စောင့်လျက် ရှိသည်။

လှေကားထစ် အဆုံး၌ လေယာဉ်ပေါက်ထဲ မဝင်မီ၊ နောက်ဆုံးအနေအားဖြင့် သူချစ်လှသော သူ့မောင်လေး မြင်ပါစေရန်၊ လက်တစ်ချက်ဝှေ့ပြပြီးမှ လေယာဉ်ပေါက်ထဲသို့ ဝင်သွားသည်။

လေယာဉ်တံခါး ပိတ်သွားချေပြီ။

မောင်မောင်၏ မျက်လုံးတို့လည်း မှိတ်သွားလေပြီ။ မောင်မောင် သည် လက်ရန်းဝရန်တာပေါ်၌ လက်ထောက်လျက် ခေါင်းကြီး ငုံ့ချလိုက် ကာ၊ မှိတ်ထားသည့် မျက်လုံးမှ မျက်ရည်သွင်သွင် စီးကျလျက် ရှိသည်။

လေယာဉ်စက်နိုးလေပြီ။

ကောင်းကင်သို့ မတက်မီ စက်ကုန်ဖွင့်၍ နိုးနေသော ကျယ်လောင်ပြင်းထန်သည့် အသံကြီးသည်၊ မြေပြင်ကြီး အက်ကွဲမတတ်ပင် သိမ့်သိမ့်တုန်နေသည်။ ထိုအသံတို့သည် မောင်မောင့်ရင်ထဲရှိ နှလုံးသည်းပွတ်များကို စိစိညက်ညက် ကြေအောင် ခြေလျက် ရှိကြသည်။

'မမရေ သွားတော့. . . သွားတော့. . . ဘုရားရှေ့က ခြင်္သေ့ရုပ်ကြီးတွေကို ကျွန်တော် မကြည့်ဝံ့တော့ပါဘူး'

မောင်မောင်သည် သည်းထန်စွာ ရှိုက်၍ ငိုလေ၏။

မောင်မောင် မရှက်နိုင်။ မည်သူ့ကိုမျှ မရှက်နိုင်။ ခေါင်းမထောင်ဘဲ ရှိုက်၍ရှိုက်၍သာ ချုံးပွဲချ ငိုလျက်ရှိ၏။

ကောင်းကင်သို့ ထိုးတက်သွားသော လေယာဉ်ပျံကြီးကို မျက်စိရှေ့၌ ပျောက်ကွယ်၍ မသွားမချင်း၊ ဦးသက်လွင်သည် ရင်တလှပ်လှပ်ဖြင့် လှမ်းစိုက်ကြည့်ရင်း၊ လေယာဉ်ထဲ၌ မျက်ရည်ယိုရွဲနေမည့် ယုမိစံကို မြင်လျက်ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



လေယာဉ်ထဲ၌ မျက်ရည်မစဲ ဖြစ်နေသည့် ယုမိစံအား 'မီလိုက်ပါသေးတယ် ဆရာမရယ်၊ ဆရာမမေတ္တာ အချည်းနှီး မဖြစ်ပါဘူး၊ မီလိုက်ပါသေးတယ်'ဟု ကောင်းကင်သို့ လှမ်း၍ နှစ်သိမ့်စကား ပြောဆိုလျက်ရှိသည်။

လေယာဉ်ပျံကြီး ကွယ်ပျောက်သွားသောအခါ၌ မောင်မောင့် အနားပတ်ဝန်းကျင်ရှိ လူအုပ်ကြီး၏ မျက်စိအပေါင်းတို့သည် တရှိုက်မက်မက်ငိုနေသော မောင်မောင့်ကို တစ်ယောက်မကျန် စောင့်ငဲ့ကြည့်သွားကြကာ အောက်ထပ်သို့ ပြန်ဆင်းသွားကြသည်။

ဝရန်တာ၌ တဖြည်းဖြည်း လူရှင်းသွားသည်။ လူတစ်ယောက်မှ မရှိတော့ဘဲ တိတ်ဆိတ်သွားသည်။ တိတ်ဆိတ်လျက် ရှိတော့မှ မောင်မောင်သည် အငိုစဲလေသည်။ မျက်ရည်သုတ်လေသည်။ သူ့ခေါင်းကို အသာအယာ စောင်းလျက် နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ မောင်မောင့်ကို ဖိစီးနှိပ်စက်နေသော သောက အပူမီးကို ကိုယ်စားဝင်၍ ယူလိုဟန်၊ ကြင်နာ သနားသော စိတ်တို့ဖြင့် ငြိမ်သက်စွာ စောင့်ရပ်လျက် ကြည့်နေသော ဦးသက်လွင်ကို တွေ့မြင်ရသည်။

မောင်မောင်သည် မျက်ရည်ပြည့်လျှမ်းသော မျက်လုံးအစုံဖြင့် ဦးသက်လွင်ကို ကြည့်၏။ ထို့နောက် ဦးသက်လွင်အနားသို့ တစ်လှမ်းချင်း၊ တစ်လှမ်းချင်း ဖြည်းလေးစွာ လာနေသည်။

'အစ်ကိုကြီး'

မောင်မောင်သည် သူ့၌ မိဘမရှိ၊ သွေးသားတော်စပ်သော အစ်မလည်း မရှိတော့၊ အစ်ကိုကြီးသာလျှင် တစ်ယောက်တည်း ရှိသည်ဟု ယခင်ကထက် ဆထက်တိုး၍ ချစ်ခင် အားကိုးသော အသံမျိုးဖြင့် ရှိုက်၍ခေါ်လိုက်ပြီးနောက် သူ့ခေါင်းကို ဦးသက်လွင်၏ ရင်ခွင်ထဲသို့ ထိုးထည့်လိုက်သည်။

www.burmeseclassic.com



ဦးသက်လွင်သည် တစ်ချိန်လုံး ဆုပ်၍ ထားမိသော သူ့လက်ကို ဖြန့်လျက်၊ မောင်မောင့်ကျောကို ညင်သာစွာ ပုတ်၍ ရှိုရှိုသမျှ ချစ်စိတ်၊ သနားစိတ်တို့ဖြင့် အားပေး နှစ်သိမ့်လိုက်သည်။

'တိတ်ပါ ငါ့ညီရယ်. . . တိတ်ပါ။ မင်းမမ မနေပါဘူး၊ တစ်နေ့ ပြန်ရောက်လာမှာပါ'

ဦးသက်လွင်သည်ပြောပြီး မောင်မောင့်ကိုသိုင်းဖက်ထားလိုက်သည်။ ဦးသက်လွင်၏ ရင်ခွင်ထဲ၌ မောင်မောင် တစ်ယောက်တည်း မဟုတ်ဘဲ၊ မောင်နှမ နှစ်ယောက်စလုံးကို ဦးသက်လွင် သိုင်းဖက်၍ ကြင်နာ ယုယစွာ ပိုက်ထွေး ထားရဘိသကဲ့သို့ ခံစားလျက် ရှိတော့သည်။

**ဂျာနယ်ကျော်မမလေး**

❐



BURMESE CLASSIC .com

www.burmeseclassic.com

